International Labour Organization

VISION ZERO FUND

မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ၏ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်အတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးအတွက် မောင်းနှင်အားများနှင့် အဟန့်အတားများကို လေ့လာသုံးသပ်မှု အစီရင်ခံစာ



ဒီဇင်ဘာလ ၂၀၂၁

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့
ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာ

မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ၏ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်အတွင်း လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးအတွက်မောင်းနှင်အားများနှင့် အဟန့်အတားများကို လေ့လာသုံးသပ်မှု အစီရင်ခံစာ

ဒီဇင်ဘာလ ၂၀၂၁

International Labour Organization
Liaison Office in Myanmar

မူပိုင်ခွင့် ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (၂၀၂၁) ခုနှစ်

ပထမအကြိမ် ပုံနှိပ်ထုတ်ဝေမှု (၂၀၂၁) ခုနှစ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သည် ပုံနှိပ်ထုတ်ဝေရာတွင် အပြည်ပြည်ဆိုင်ရာမူပိုင်ခွင့် သဘောတူညီချက်၏ လုပ်ငန်းစဉ် (၂) အောက်ရှိ မူပိုင်ခွင့်ကို ကျင့်သုံးပါသည်။ သို့သော်လည်း ၎င်းတို့ထဲမှ ကောက်နှုတ်ချက် အတိုများအား မူရင်း ဇစ်မြစ်ကို ဖော်ပြခြင်းဖြင့် ခွင့်ပြုချက် တောင်းခံရန် မလိုအပ်ဘဲ ပြန်လည်ကူးယူ အသုံးပြုနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပုံနှိပ်ထုတ်ဝေမှုများကို ပြန်လည်ထုတ်ဝေခြင်း (သို့မဟုတ်) ဘာသာပြန်ဆိုခြင်းဆိုင်ရာ မူပိုင်ခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အမှတ် (CH 1211)၊ ဂျီနီဗာ (22)၊ ဆွစ်ဇာလန်နိုင်ငံ(သို့မဟုတ်) အီးမေးလ် rights@ilo.org သို့ လျှောက်ထားရယူသင့်ပါသည်။ ဤသို့သောလျှောက်ထားရယူမှုများအပေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ လက်ခံကြိုဆိုပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းများ၊ ပြန်လည်ထုတ်လုပ်ခွင့်ရှိသည့် အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ထားသူများအနေဖြင့်လည်း ၎င်းတို့ရရှိထားသည့် ပြန်လည်ထုတ်လုပ်ခွင့်ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်များနှင့်အညီ စာစောင်များ ကူးယူဖြန့်ချိနိုင်ပါသည်။ ဤသို့ပြန်လည်ထုတ်ဝေသူများအနေဖြင့် www.ifrro.org သို့ ဝင်ရောက်၍ ၎င်းတို့နိုင်ငံနှင့်သက်ဆိုင်သည့် ပြန်လည်ထုတ်ဝေခွင့်ဆိုင်ရာ အချက်အလက်များကို ကြည့်ရှုလေ့လာနိုင်ပါသည်။

ISBN: 9789220350812 (web PDF)

ကုလသမဂ္ဂကျင့်ဝတ်များနှင့်အညီ လုပ်ဆောင်ထားသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေမှုများတွင် ပါဝင်သည့် ရာထူးအဆင့်များ၊ ၎င်းပုံနှိပ်ထုတ်ဝေမှုများတွင် တင်ပြထားသည့် အကြောင်းအရာများ သည် မည်သည့်နိုင်ငံတစ်နိုင်ငံ၏ ဥပဒေကြောင်းရာ အနေအထား၊ ၎င်းနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု (သို့မဟုတ်) နယ်ခြား (နယ်နမိတ်) သတ်မှတ်ချက် အကြောင်းအရာများ အပေါ်တွင်မျှ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ထင်မြင်ယူဆချက်များကို ထင်ဟပ်စေခြင်း အလျဉ်းမရှိပါ။

သက်ဆိုင်ရာ ဆောင်းပါး၊ စာတမ်း၊ အခြားထုတ်ဝေသည့် စာရွက်စာတမ်းပါ အကြောင်းအရာ၊ ထင်မြင်ချက်များသည် စာရေးသူတို့၏ တာဝန်သာဖြစ်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အနေဖြင့် ဤထုတ်ဝေမှုတွင် ဖော်ပြပါရှိသည့် ထင်မြင်ယူဆချက်များအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့က တရားဝင်ထောက်ခံပေးလိုက်သည်ဟု သဘောမသက်ရောက်ပါ။

စီးပွားရေးအဖွဲ့အစည်းများ၏ အမည်၊ စီးပွားဖြစ်ထုတ်ကုန်နှင့် လုပ်ငန်းစဉ်များအား မှီငြမ်းမှုသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ထောက်ခံမှုကို သွယ်ဝိုက်ညွှန်ပြခြင်းမပြုပါ။ ထို့အပြင် စီးပွားရေး အဖွဲ့အစည်း တစ်ခုခု၊ စီးပွားဖြစ်ထုတ်ကုန်နှင့် လုပ်ငန်းစဉ်များအား ဖော်ပြရန် ပျက်ကွက်မှုသည် သဘောမတူသည့်သဘော မသက်ရောက်ပါ။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ ထုတ်ဝေသည့် အကြောင်းအရာ၊ အချက်အလက်များကို အင်တာနက်စာမျက်နှာ (www.ilo.org/publns) သို့ ဝင်ရောက်ကြည့်ရှု၊ ရယူနိုင်ပါသည်။

▶ စကားချီး

ဆောက်လုပ်ရေးကဏ္ဍမှ ထုတ်ကုန်ပစ္စည်းမြောက်အများကို ထုတ်လုပ်ပေးလျက်ရှိသည့်အပြင် ကမ္ဘာတစ်လွှားရှိ နည်းပညာကျွမ်းကျင်မှုအားနည်းသော အလုပ်သမား (အထွေထွေလုပ်သား) အများစုပါဝင်သည့် လုပ်သားထုကို အလုပ်အကိုင်အခွင့်အလမ်းများ အထူးသိသာထင်ရှားစွာ ဖန်တီးပေးလျက်ရှိပါသည်။ သို့ရာတွင် အခြားသော အသက်မွေးအလုပ်အကိုင်များနှင့်နှိုင်းယှဉ်ပါက လုပ်ငန်းခွင်ဘေးအန္တရာယ် ပိုမိုများပြားမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်အပေါ်တွင် အများ၏ သတိထားစောင့်ကြည့်မှု ပိုမိုများပြားပါသည်။ (အခြားသော လုပ်ငန်းများနည်းတူ) ဆောက်လုပ်ရေးလုပ်ငန်းများတွင်လည်း ထုတ်လုပ်မှုလုပ်ငန်းစဉ်အတွက် လိုအပ်သည့်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများကို ပြင်ပပေးသွင်းသူများထံမှ ရယူနေရသည့် သဘောသဘာဝက ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် (ကုန်ပစ္စည်း၊ ဝန်ဆောင်မှု ရယူအသုံးပြုရာ) လုပ်ငန်းကွန်ယက် (ကွင်းဆက်) တစ်ခုလုံးအတွက် ထိရောက်သည့် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုများ ကိုင်တွယ်ဆောင်ရွက်ရာတွင် အခက်အခဲ စိန်ခေါ်မှုများကို ထပ်လောင်းပေါ်ပေါက်စေပါသည်။ မြန်မာနိုင်ငံသည်လည်း အဆိုပါဖြစ်စဉ်များမှ မရှောင်လွှဲနိုင်သည့် အလျောက် မိမိတို့နိုင်ငံ၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကိုအသုံးချကာ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အားနည်းလိုအပ်ချက်များကို ဖြေရှင်းကျော်လွှားနိုင်စေရန်အတွက် အထူးလိုအပ်သည့် လေ့လာဆန်းစစ်ချက်တစ်ရပ်ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

ဆောက်လုပ်ရေးကဏ္ဍရှိ လုပ်သားများအပေါ် ကာကွယ်စောင့်ရှောက်ရေးသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ အစဉ်သဖြင့် အထူးအလေးပေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ “ဆောက်လုပ်ရေးကဏ္ဍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ သဘောတူညီချက် (၁၉၈၈)” နှင့် “ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အကြံပြုတိုက်တွန်းချက် (၁၉၈၈) (အမှတ် ၁၇၅)” အပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ သီးသန့်ဥပဒေများ၊ စာချုပ်စာတမ်းများ ပြဋ္ဌာန်းထားပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အနေဖြင့် ဖော်ပြပါ ဥပဒေများနှင့် အခြားသက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို အဖွဲ့ဝင်နိုင်ငံများက လိုက်နာကျင့်သုံး၊ ဖော်ဆောင်ရာတွင် Vision Zero Fund ကဲ့သို့သော စီမံကိန်းများမှတစ်ဆင့် ပံ့ပိုးပေးခြင်းဖြင့် ဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် လုပ်ငန်းခွင်ဘေးအန္တရာယ်များပြားသည့် လုပ်ငန်းကဏ္ဍများရှိ လုပ်သားထု၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို တက်ကြွစွာ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။ အချိန်နှင့်တစ်ပြေးညီ ပြုစုထားသော ဤလေ့လာသုံးသပ်မှု အစီရင်ခံစာတွင် အလားအလာရှိသော ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများကို ဖော်ထုတ်အကြံပြုထားခြင်းအပြင် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်အတွင်းရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ လှုပ်ရှားတိုးတက်မှုများ၊ တွန်းအားပေးမောင်းနှင်သည့် အင်အားစုများနှင့် အကန့်အသတ်၊ အတားအဆီးများကို လေ့လာတင်ပြထားပါသည်။

ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ ဖော်ထုတ်ပြုစုရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ရေးသားပြင်ဆင်ပေးခဲ့ကြသော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ Vision Zero Fund မြန်မာ စီမံကိန်းမှ Mariana Infante Villarroel (Senior Technical Officer)၊ ခင်ဇေရီတာ (National Project Coordinator)၊ နည်းပညာဆိုင်ရာ အကြံဉာဏ်နှင့် လုပ်ငန်းခွင်အချက်အလက်များကို မြေပြင်တွင် ကွင်းဆင်းရယူပေးခဲ့ကြသည့် Asper Consulting Ltd Team၊ Sebastien Moineau၊ သီတာဝင်း နှင့်အောင်မျိုးသန့်တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း ကျွန်တော့်အနေဖြင့် ပြောကြားလိုပါသည်။ ထို့အပြင် Ockert Dupper နှင့် Andrew Christian (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ အလုပ်သမားစီမံအုပ်ချုပ်ရေး၊ အလုပ်သမားစစ်ဆေးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကျန်းမာရေးဌာနခွဲ)၊ Yuka Ujita (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ သင့်တော်ကောင်းမွန်သော လုပ်ငန်းခွင်ဆိုင်ရာအဖွဲ့ခွဲ၊ ဘန်ကောက်)၊ Patricia MacDonald နှင့် Steve Hartritch (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး)နှင့် ကျွန်ုပ်တို့၏ သုတေသနအဖွဲ့ကိုလက်ခံကြိုဆို၍ ၎င်းတို့၏ အတွေ့အကြုံများကို မျှဝေခဲ့ကြသော မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးကဏ္ဍ၏ ကမ္ဘာလုံးဆိုင်ရာထုတ်လုပ်မှုကွင်းဆက်တွင် ပါဝင်ဖော်ဆောင်

ပတ်သက်နေကြသူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ကျွန်ုပ်တို့၏ သုတေသနအဖွဲ့အား ဆောက်လုပ်ရေးကဏ္ဍတွင် အဓိကပါဝင်ပတ်သက် ဆောင်ရွက်နေကြသူများနှင့် ဆက်သွယ်ချိတ်ဆက်ပေးသော Myanmar Centre For Responsible Business မှ Vicky Bowman ကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြလိုပါသည်။



Donglin Li
ဆက်သွယ်ညှိနှိုင်းရေးအရာရှိ/ဌာနေကိုယ်စားလှယ်
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့
ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံး၊ မြန်မာ

▶ မာတိကာ

▶ စကားချီး ၅

▶ မာတိကာ ၇

▶ အချက်အလက်ပြ ဇယားများ ၁၀

▶ အချက်အလက်ပြ ရုပ်ပုံများ ၁၁

▶ အတိုကောက်စာလုံးများ ၁၃

▶ အကျဉ်းချုပ် ၁၆

▶ ၁. နိဒါန်း ၂၉

၁.၁ Vision Zero Fund ၂၉

၁.၂ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မောင်းနှင်အားများနှင့် အဟန့်အတားများကို ဆန်းစစ်မှု ၃၀

၁.၂.၁ ရည်ရွယ်ချက်များ ၃၀

၁.၂.၂ ဆန်းစစ်မှုဆောင်ရွက်ပုံ နည်းလမ်း ၃၀

၁.၂.၃ ဒေတာအချက်အလက် စုဆောင်းခြင်း ၃၅

၁.၂.၄ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း လုပ်ငန်းခွင်လေ့လာမှုပြုလုပ်ရန် တိကျစွာသတ်မှတ်ထားသော ဆောင်ရွက်ပုံ ၃၇

၁.၂.၅ ကန့်သတ်ချက်များ ၃၉

▶ ၂. ဆောက်လုပ်ရေးတန်ဖိုးအားကွင်းဆက် ၄၁

၂.၁ ဆောက်လုပ်ရေးကဏ္ဍကို ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်တစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ခြင်းနှင့် မြန်မာနိုင်ငံ၏ ပေါင်းစည်းပါဝင်မှု ၄၁

၂.၂ အဆင့် (၁) ရွေးချယ်ခြင်း – အခြေခံအဆောက်အအုံနှင့် အဆောက်အအုံလုပ်ငန်းများအပေါ် ယှဉ်တွဲလေ့လာခြင်း ၄၃

၂.၃ အဆင့် (၂) ဆောက်လုပ်ရေးတန်ဖိုးအားကွင်းဆက်အတွင်း အဓိကအချက်အလက်များကို ဖော်ထုတ်သတ်မှတ် စီစဉ်ခြင်း ၄၅

၂.၃.၁ တန်ဖိုးအားကွင်းဆက် ဖွဲ့စည်းတည်ဆောက်ပုံ ၄၈

၂.၃.၂ ဈေးကွက်စီးဆင်းရာ လမ်းကြောင်းများ ၅၀

၂.၄ တန်ဖိုးအားကွင်းဆက်တွင် ပါဝင်ပတ်သက် ဆောင်ရွက်နေသူများ ၅၃

၂.၄.၁ ဈေးကွက်တွင် ပါဝင်ဆောင်ရွက်နေကြသူများ ၅၃

၂.၄.၂ တန်ဖိုးအားကွင်းဆက်အတွင်း ပံ့ပိုးပေးသည့်အခန်းကဏ္ဍရှိ ပါဝင်ပက်သက်သူများ ၆၀

၂.၄.၃ မြန်မာနိုင်ငံ တန်ဖိုးအားကွင်းဆက်အတွင်းရှိ ဥပဒေမူဘောင် ၆၇

၃. လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မောင်းနှင်အားများနှင့် အဟန့်အတားများကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း ၉၁

၃.၁ နိုင်ငံရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများ၏ သက်ရောက်မှုကို အကြီးအကျယ်ကြုံတွေ့နေရသည့် မြန်မာနိုင်ငံ စျေးကွက်အရွယ်အစားနှင့် တိုးတက်ဖြစ်ထွန်းမှု ၉၁

၃.၁.၁ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၉၃

၃.၁.၂ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၉၅

၃.၁.၃ အခြားရင်းနှီးမြှုပ်နှံသူများ ၉၇

၃.၁.၄ အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း ၉၈

၃.၂ စျေးကွက် အခွင့်အလမ်းများ ၁၀၀

၃.၃ အခြေခံအဆောက်အအုံ ၁၀၁

၃.၃.၁ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် ၁၀၁

၃.၃.၂ တရားဝင် ဖွံ့ဖြိုးတိုးတက်မှု အကူအညီ ၁၀၂

၃.၃.၃ အထူးစီးပွားရေးဇုန်များ ၁၀၅

၃.၃.၄ စက်မှုဇုန်များ ၁၀၆

၃.၄ အဆောက်အအုံများ ၁၀၇

၃.၄.၁ လူဦးရေနှင့် မြို့ပြ (လူနေမှု) ပုံစံပေါ်ထွန်းရေး ၁၀၇

၃.၄.၂ အိမ်ရာလိုအပ်ချက်များ ၁၀၈

၃.၄.၃ ရန်ကုန်မြို့ (တိုက်တာ) အိမ်ရာ အရေအတွက် ၁၀၉

၃.၄.၄ အဖွဲ့အစည်း (အသင်းအဖွဲ့) ဆိုင်ရာ အဆောက်အအုံများ ၁၁၂

၃.၄.၅ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ၁၁၂

၃.၅ အလုပ်အကိုင်အခြေအနေ ၁၁၂

၃.၅.၁ ကလေးအလုပ်သမားနှင့် လူငယ်အလုပ်သမား (အသက် ၁၀နှစ်–၁၇နှစ်) ၁၁၄

၃.၅.၂ အလုပ်သမားများအကြောင်းတစ်စေ့တစ်စောင်း/အလုပ်သမားများနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များ ၁၁၄

▶ **၄. လုပ်ငန်းခွင်ဆိုင်ရာလေ့လာတွေ့ရှိချက်များ** ၁၁၆

၄.၁ သွားရောက်လေ့လာခဲ့သော လုပ်ငန်းခွင်များ ၁၁၆

၄.၂ ဒေတာ အချက်အလက် ကောက်ယူစုဆောင်းရေး နည်းလမ်းများ ၁၁၇

၄.၃ လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ အလားအလာရှိသော ဘေးအန္တရာယ်များနှင့် ထိန်းချုပ်ရေးစီမံချက်များ ဖော်ထုတ်သတ်မှတ်ခြင်း ၁၁၈

၄.၃.၁ လုပ်ငန်းခွင်နယ်နမိတ်များ ၁၁၈

၄.၃.၂ အလုပ်သမားများအတွက် ဘေးကင်းကျန်းမာလုံခြုံမှုရှိစေရန် ထားရှိပေးမှုများ ၁၁၉

၄.၃.၃ လုပ်ငန်းခွင်ကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်း ၁၂၂

၄.၃.၄ တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ ၁၂၆

၄.၃.၅ အမြင့်တွင် အလုပ်လုပ်ကိုင်ခြင်း ၁၃၁

၄.၃.၆ (စက်တပ်) ယာဉ်များဖြင့် အလုပ်လုပ်ကိုင်ခြင်း ၁၃၅

၄.၃.၇ မြေပြင်လုပ်ငန်းများ ၁၃၈

၄.၃.၈ အရာဝတ္ထုများနှင့် ကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူရွှေ့ပြောင်းခြင်း ၁၄၀

၄.၃.၉ လျှပ်စစ်အန္တရာယ် ၁၄၂
၄.၃.၁၀ မီးဘေးအန္တရာယ် ၁၄၄
၄.၃.၁၁ အခြား စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ ၁၄၅
၄.၃.၁၂ လုပ်ငန်းခွင်ဝန်းကျင်အနေအထား ၁၄၅
၄.၃.၁၃ ခလုတ်တိုက်ခြင်းနှင့် ထိခိုက်လဲပြိုခြင်းများ ၁၄၅
၄.၃.၁၄ စီမံအုပ်ချုပ်ရေးပိုင်းဆိုင်ရာ လိုအပ်ချက်များ ၁၄၈
၄.၄ လုပ်ငန်းခွင်လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေ စီမံထိန်းချုပ်မှုစနစ်များကို အကဲဖြတ်၊ ကောက်ချက်ချခြင်း ၁၄၉
၄.၅ ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ ၁၅၁

▶ ၅. ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်များတိုးတက်လာစေရန်အတွက် အလားအလာရှိသော ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုနည်းလမ်းပုံစံများ ၁၆၁

▶ ရည်ညွှန်းကိုးကားသည့် စာအုပ်စာတမ်းများ ၁၇၃

▶ အချက်အလက်ပြ ဇယားများ

ဇယား (၁)	ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်၊ OSH ဆိုင်ရာ အခြေအနေများကို အကဲဖြတ်ဆန်းစစ်ရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် ချဉ်းကပ်မှုပုံစံ	၃၄
ဇယား (၂)	ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသအဖြစ် သွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သူများ	၃၆
ဇယား (၃)	ဆောက်လုပ်ရေးစီမံကိန်း နမူနာများ၊ ဖော်ပြချက်များနှင့် ၎င်းစီမံကိန်းများပါဝင်ရာ လုပ်ငန်းကဏ္ဍ နယ်ပယ်၊ လုပ်ငန်းအမျိုးအစား၊ ဧရိယာ	၄၄
ဇယား (၄)	ဆောက်လုပ်ရေးလုပ်ငန်းဧရိယာ ပင်မလမ်းကြောင်းများ	၅၀
ဇယား (၅)	အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍရှိ အဓိက စီမံကိန်းဖော်ဆောင်သည့် ကုမ္ပဏီများ	၆၀
ဇယား (၆)	အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းနယ်ပယ်အတွင်းရှိ သတ်မှတ်ရွေးချယ်ထားသည့် ဧရိယာများတွင် အဓိက လုပ်ငန်းဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံ စီးပွားရေးလုပ်ငန်းစု ကော်ပိုရေးရှင်းကြီးများ	၆၄
ဇယား (၇)	မြန်မာနိုင်ငံတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ထိပ်ဆုံးပြုလုပ်သည့်နိုင်ငံများ (၁၉၈၈/၈၉) မှ (၂၀၁၄/၂၀၁၅) အတွင်း တိုးတက်လာသောပမာဏ/နှုန်းထား	၉၄
ဇယား (၈)	တန်ဖိုးကြီးဝယ်ယူမှုဆိုင်ရာ သဘောတူစာချုပ်များ	၉၉
ဇယား (၉)	ရန်ကုန်တိုင်းဒေသကြီး အိမ်ရာ၊ တိုက်တာဝယ်လိုအား စုစုပေါင်း	၁၁၀
ဇယား (၁၀)	မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၀–၂၀၁၈) အတွင်း ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်း အိမ်ရာ၊ တိုက်တာ စီမံကိန်းများ	၁၁၁
ဇယား (၁၁)	OSH ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သွားရောက်လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ယေဘုယျလွှမ်းခြုံဖော်ပြချက်	၁၁၇
ဇယား (၁၂)	တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများစာရင်း	၁၂၇
ဇယား (၁၃)	ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို စီမံကိန်းအမျိုးအစားနှင့် လုပ်ငန်းခွင်အရွယ်အစား (အကြီး၊ အလတ်၊ အငယ်) အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်တန်စွမ်းနှင့် ဘေးအန္တရာယ် သက်ရောက် ပြင်းထန်နိုင်စွမ်းတို့ကို အကဲဖြတ်တွက်ချက်ခြင်း	၁၅၀
ဇယား (၁၄)	လေ့လာကြည့်ရှုခဲ့သည့် လုပ်ငန်းခွင်များအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် သက်ရောက်နိုင်ချေရှိသည့် အဆင့်များကို ခန့်မှန်းတွက်ချက်ခြင်း	၁၅၆
ဇယား (၁၅)	မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ OSH စီမံခန့်ခွဲမှုဆိုင်ရာစနစ်များ၊ အလေ့အထများ၊ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်ရှိ အဟန့်အတားများကို ကိုင်တွယ်နိုင်မည့် ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများ	၁၆၁

▶ အချက်အလက်ပြ ရုပ်ပုံများ

ပုံ (၁) ဆန်းစစ်သုံးသပ်မှုဆောင်ရွက်ပုံ နည်းလမ်း – Vision Zero Fund ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက် အစပြုသည့် နည်းစနစ်အစု ၃၂

ပုံ (၂) ချဉ်းကပ်ဆောင်ရွက်ပုံ နည်းစနစ်များ ၃၅

ပုံ (၃) လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေအဆင့်များအလိုက် ထိန်းချုပ်မှုအစီအမံများ ၃၈

ပုံ (၄) ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွင်း အဓိကအဆင့်များကို ဖော်ထုတ်သတ်မှတ်ထားခြင်း ၄၆

ပုံ (၅) ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာအကဲဖြတ်သုံးသပ်မှု ပြုလုပ်ရာတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည့် ဆောက်လုပ်ရေးလုပ်ငန်းစဉ် အဆင့်များ ၄၇

ပုံ (၆) တန်ဖိုးအားကွင်းဆက် ဖွဲ့စည်းတည်ဆောက်ပုံ ၄၉

ပုံ (၇) မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက် ၅၃

ပုံ (၈) ၂၀၂၀ ခုနှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပေးခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် တရားဝင် ခွင့်ပြုချက်အရေအတွက် ၆၂

ပုံ(၉) ၂၀၂၁ ခုနှစ် ဒုတိယ (၃) လပတ်အတွင်း သက်ရောက်မှု မြင့်မားစွာခံရသည့် လုပ်ငန်းကဏ္ဍများရှိ အလုပ်အကိုင်နှင့် အလုပ်ချိန်နာရီ လျော့နည်းကျဆင်းမှု (၂၀၂၀ ခုနှစ် စတုတ္ထ (၃) လပတ်နှင့် နှိုင်းယှဉ်ထားသည့် ပြောင်းလဲကျဆင်းလာသည့် ရာခိုင်နှုန်း) ၆၃

ပုံ (၁၀) ပိုးလမ်းမ စီမံကိန်းပြမြေပုံ ၆၇

ပုံ (၁၁) ၂၀၁၆–၂၀၄၀ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အခြေခံအဆောက်အအုံကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် GDP ၏ရာခိုင်နှုန်း ၁၀၁

ပုံ(၁၂) ၂၀၁၆–၂၀၄၀ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အခြေခံအဆောက်အအုံကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနယ်ပယ် အလိုက် ဦးတည်ရာအလားအလာများ ၁၀၂

ပုံ (၁၃) JICA ၏ ODA ခွင့်ပြုမှုပမာဏ (အမေရိကန်ဒေါ်လာသန်းပေါင်း) ၁၀၃

ပုံ (၁၄) ADB ၏ မြန်မာနိုင်ငံတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ (၂၀၂၀ ဒီဇင်ဘာအထိ) ၁၀၄

ပုံ (၁၅) ရန်ကုန်မြို့ရှိ စက်မှုဇုန်များ ၁၀၆

ပုံ (၁၆) မြို့ပြတွင် အခြေချနေထိုင်ပုံများအလိုက် အမျိုးအစားခွဲခြားထားသည့် လူဦးရေ ၁၀၇

ပုံ (၁၇) ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်သားများ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ခရိုင်နယ်မြေများအလိုက် ပျံနှံ့တည်ရှိနေပုံ (၂၀၁၄) ၁၁၃

ပုံ (၁၈) ထိပ်တန်း လုပ်ငန်းကဏ္ဍ(၁၀) ခုအတွင်းရှိ ကျား/မ လုပ်သား အချိုးအစား ၁၁၃

ပုံ (၁၉) ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများအတွင်းရှိ သတ်မှတ်နယ်မြေများသို့ ဝင်ရောက်ရာနေရာများကို အကန့်အသတ်ဖြင့်သာထားရှိ၍ အဝင်၊ အထွက် ထိန်းချုပ်မှုစနစ်များ စီစဉ်ထားရှိပုံ ၁၁၈

ပုံ (၂၀) အလုပ်သမားများ စားသောက်၊ အပန်းဖြေရာ နေရာများကို လုပ်ငန်းခွင်အကြီးများတွင် (ဘယ်ဘက်)၊ အလတ်များတွင် (အလယ်ဗဟို) နှင့် အငယ်များတွင် (ညာဘက်) တို့၌ စီစဉ်ထားရှိပုံ ၁၁၉

ပုံ (၂၁) လက်ဆေးကြောရာနေရာများကို လုပ်ငန်းခွင်အကြီးများ (ဘယ်ဖက်) နှင့် ရေပိုက်ခေါင်းများကို လုပ်ငန်းခွင်အငယ်များတွင် (ညာဘက်) တို့၌ စီစဉ်ထားရှိပုံ ၁၂၀

ပုံ (၂၂) ကိုဗစ် (၁၉) ကမ္ဘာ့ကူးစက်ကပ်ရောဂါ ကာလအတွင်း လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများနေထိုင်သည့် မီးရထားလမ်းအနီးရှိ ယာယီရွှေ့ပြောင်းတဲ/မိုးကာတဲများ ၁၂၀

ပုံ (၂၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်အမျိုးမျိုးတွင် သောက်သုံးရေ စီစဉ်ထားရှိပေးရာနေရာများ ၁၂၁

ပုံ (၂၄) ယာယီသုံး ရေအိမ်များကို လုပ်ငန်းခွင်အကြီးများတွင် (ဘယ်ဘက်)၊ အလတ်များတွင် (အလယ်ဗဟို) နှင့် အငယ်များတွင် (ညာဘက်) တို့၌ စီစဉ်ထားရှိပုံ ၁၂၂

ပုံ (၂၅) ဆောက်လုပ်ရေးလုပ်ငန်းကြီး (၂) ခုရှိ ကုန်ပစ္စည်းလက်ခံရယူရာနေရာများ (တံတားတည်ဆောက်ရေး လုပ်ငန်းခွင် – ဝဲဘက်၊ ဆေးရုံ – ယာဘက်) ၁၂၃
ပုံ (၂၆) ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များရှိ သန့်ရှင်းသပ်ရပ်မှုအားနည်းသည့် နေရာများ ၁၂၃
ပုံ (၂၇) သစ်ပင်ခုတ်ဖြတ်ရာနှင့် အဆောက်အဦးဖြိုဖျက်ရာမှ ထွက်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်ပုံ ၁၂၄
ပုံ (၂၈) ဆောက်လုပ်ရေးလုပ်ငန်းကြီး တစ်ခုအတွင်းရှိ ပြန်လည်အသုံးပြုရန် ပြင်ဆင်ထားသောစည်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု ၁၂၅
ပုံ (၂၉) ဆောက်လုပ်ရေးလုပ်ငန်းကြီး တစ်ခုအတွင်းရှိ 3R စနစ် (ဝဲဘက်နှင့် အလယ်ဗဟို) စွန့်ပစ်ပစ္စည်းထားရှိရာ နေရာ (ယာဘက်) ၁၂၅
ပုံ (၃၀) လုပ်ငန်းခွင်အငယ်ရှိ စွန့်ပစ်ပစ္စည်းများ ၁၂၆
ပုံ (၃၁) လုပ်ငန်းခွင်အကြီး (ဝဲ) တွင် PPE ဝတ်ဆင်၍ အလုပ်လုပ်ကိုင်နေပုံနှင့် လုပ်ငန်းခွင်အငယ် (ယာ) တွင် PPE ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေပုံ ၁၂၈
ပုံ (၃၂) လုပ်ငန်းခွင်အကြီးတွင် မျက်လုံးနှင့် လက်အကာအကွယ် ဝတ်ဆင်ခြင်းမရှိဘဲဖြတ်တောက်သည့် ကိရိယာများနှင့် လျှပ်စစ်ဓါတ်အားသုံးကိရိယာများ ကိုင်တွယ်အသုံးပြုနေသည့် အလုပ်သမားများ ၁၂၈
ပုံ (၃၃) ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များရှိ အသက်ရှူလမ်းကြောင်း အကာအကွယ်ပြု ပစ္စည်းကိရိယာများ ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေကြသည့် ပန်းရံနှင့် ကွန်ကရစ် (အင်္ဂတေ) ဖျော်သည့် လုပ်သားများ ၁၂၉
ပုံ (၃၄) လုပ်ငန်းခွင်အကြီးအတွင်းရှိ အကြားအာရုံ (နား) အကာအကွယ်ပြု ပစ္စည်းကိရိယာများ ဝတ်ဆင်ခြင်းမရှိဘဲ ကျောက်ဖြတ်စက် ကိုင်တွယ်အသုံးပြုနေသည့် အလုပ်သမားများ ၁၃၀
ပုံ (၃၅) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အထပ်မြင့်ငြမ်းစင်ပေါ်တွင် အမြင့်မှပြုတ်ကျနိုင်သည့် အန္တရာယ်ဖြင့် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ ၁၃၂
ပုံ (၃၆) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ခန္ဓာကိုယ်သိုင်းကြိုးဝတ်ဆင်၍ အမြင့်တွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ ၁၃၃
ပုံ (၃၇) ဆေးရုံဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုအတွင်းရှိ အန္တရာယ်ဖြစ်နိုင်ခြေရှိသော ငြမ်းစင် ၁၃၃
ပုံ (၃၈) ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင် အန္တရာယ်ဖြစ်နိုင်ခြေရှိသော ငြမ်းစင်တစ်ခု တပ်ဆင်နေပုံ ၁၃၄
ပုံ (၃၉) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်များအတွင်း အမြင့်တွင် ဘေးကင်းလုံခြုံမှုမရှိသော ပုံစံဖြင့် အလုပ်လုပ်ကိုင်နေပုံ (ဝဲ) လှေကားပေါ်တွင် အလုပ်လုပ်ကိုင်နေပုံ (အလယ်နှင့် ယာပုံ) ၁၃၅
ပုံ (၄၀) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ ခြေလျင်သွားသူများနှင့် မော်တော်ယာဉ်သွားရာ လမ်းကြောင်းများ ၁၃၆
ပုံ (၄၁) ရထားလမ်းဘေးရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လူနှင့် ယာဉ်အသွားအလာ စီမံထိန်းချုပ်ပုံ (ယာ) ရထားလမ်းဆောက်လုပ်ရေး လုပ်ငန်းခွင်တွင် ရထားလမ်းဖြတ်ကူးရန် ယာယီ ပြုလုပ်ထားသည့် လမ်းလွှဲများ (ဝဲ)၊ တံတားဆောက်လုပ်ရေးတွင် လူနှင့် ယာဉ်အသွားအလာ စီမံထိန်းချုပ်ပုံ (အောက်ဖက်) ၁၃၇
ပုံ (၄၂) ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင် (ဝဲ) နှင့် တံတားဆောက်လုပ်ရေးလုပ်ငန်းခွင် (အလယ် နှင့် ယာ) အတွင်းရှိ မြေတူးလုပ်ငန်းများ ၁၃၈
ပုံ (၄၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုရှိ မြေတူးလုပ်ငန်းများ ၁၃၉
ပုံ (၄၄) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်တစ်ခုတွင် မှန်ချပ်များ သယ်ယူနေသည့် အလုပ်သမားများ(ဝဲ) နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီး တစ်ခုတွင် လူအားသုံးသယ်ယူနေသည့် အလုပ်သမားများ (ယာ) ၁၄၁
ပုံ (၄၅) ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား ယာယီဖြန့်ဖြူးရာ အရင်းမြစ်၊ ပင်မလျှပ်စစ်ခလုတ်ခုံ၊ လျှပ်စစ်ဖြန့်ဝေရာ ခလုတ်ခုံနှင့် မီးစက် ၁၄၃
ပုံ (၄၆) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်နှင့် အငယ်များအတွင်း ယာယီလျှပ်စစ်ဓာတ်အားလိုင်း စိုက်ထူခြင်း နှင့် လျှပ်စစ်အန္တရာယ်စီမံထိန်းချုပ်ရေး အစီအစဉ်များ ၁၄၃
ပုံ (၄၇) ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများရှိ မီးဘေးအန္တရာယ် ထိန်းချုပ်ရေး အစီအမံများ ၁၄၄
ပုံ (၄၈) ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်းရှိ လေထုအတွင်းသို့ အခိုးအငွေ့များစွန့်ထုတ်သည့် အဆင့် ၁၄၆
ပုံ (၄၉) တံတားဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင်တွေ့ရသည့် လစဉ် OSH ဆု အသိပေးကြေညာချက်နှင့် OSH ပိုစတာများ ၁၄၈

▶ အတိုကောက်စာလုံးများ ဖွင့်ဆိုချက်

3Rs	စွန့်ပစ်ပစ္စည်းပမာဏ လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ထပ်မံအသုံးပြုနိုင်စေရန်ဆောင်ရွက်ခြင်း
5Ss	လုပ်ငန်းခွင်အတွင်းစီမံခန့်ခွဲမှုစနစ် (အမျိုးအစား ခွဲခြားခြင်း၊ အစီအစဉ်တကျထားရှိခြင်း၊ သန့်ရှင်းတောက်ပြောင်အောင် ပြုလုပ်ခြင်း၊ စံသတ်မှတ်ချက်ထားရှိခြင်း၊ စံနှင့်အညီထိန်းသိမ်းထားရှိခြင်း)
ADB	အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ်
ASEAN	အရှေ့တောင်အာရှနိုင်ငံများအသင်း
AWPT	အေးရှားဝေါလ် ဆိပ်ကမ်း
BCIMEC	ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယ၊ မြန်မာ စီးပွားရေးစကြံ့
BOT	ပုဂ္ဂလိကလုပ်ငန်းများမှ ငွေကြေးထည့်ဝင်၊ ပုံစံရေးဆွဲတည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ငန်းလည်ပတ်ခွင့်ရှိသည့် BOT ပုံစံ စီမံကိန်း
BRI	ခါးပတ်တစ်ကွင်း လမ်းတစ်စင်း စီမံကိန်း (ပိုးလမ်းမ စီမံကိန်း)
BWFM	မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်
CMC	ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲမှု အကြံပေး
CNPC	တရုတ် အမျိုးသားရေနံကော်ပိုရေးရှင်း
COC	ကုမ္ပဏီများနှင့် အဖွဲ့အစည်းများ ကော်မတီ
CPIC	တရုတ် စွမ်းအင်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ကော်ပိုရေးရှင်း
CTUM	မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်
DFI	ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးစိုက်ထုပေးသည့် အဖွဲ့အစည်းများ/အစီအစဉ်များ
DICA	ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
DUHD	DUHD မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ECD	ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
EII	အလုပ်ခွင် ထိခိုက်ဒဏ်ရာရရှိမှု အာမခံ (အကာအကွယ်)
ESIA	ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှု အကဲဖြတ်ဆန်းစစ်ချက်
EU	ဥရောပသမဂ္ဂ
FDI	နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု
Fed. MES	မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်

FGD	အုပ်စုလိုက် ဆွေးနွေးပွဲ
FGLLID	အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
GDP	စုစုပေါင်းပြည်တွင်းထုတ်ကုန်
GSC	ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်
HIA	အန္တရာယ်သက်ရောက်နိုင်ခြေ အကဲဖြတ်ဆန်းစစ်ချက်
HSCF	ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေး ရန်ပုံငွေ
ICT	သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ
IFI	အပြည်ပြည်ဆိုင်ရာ ငွေကြေးအဖွဲ့
ILO	အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့
IOM	ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း
JICA	ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့
JV	ဖက်စပ်လုပ်ငန်း
MCDC	မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ
MCEF	မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်
MEAA	မြန်မာနိုင်ငံ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးအသင်း
MEC	မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ
MoEE	လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန
MIA	မြန်မာနိုင်ငံ စက်မှုထုတ်လုပ်သူများအသင်း
MIC	မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
MICS	မြန်မာနိုင်ငံ သတင်းအချက်အလက် စီမံခန့်ခွဲရေးဌာန
MNBC	မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ
MoC	ဆောက်လုပ်ရေးဝန်ကြီးဌာန
MoHS	ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

MoLIP	အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
MoNREC	သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
MoTC	ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
MoU	နားလည်မှုစာချွန်လွှာ
NPTDC	နေပြည်တော် စည်ပင်သာယာရေး ကော်မတီ
ODA	တရားဝင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီ
ODI	ပင်လယ်ရပ်ခြား ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အဖွဲ့အစည်း
OEHD	လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင် ကျန်းမာရေးဌာနခွဲ
OSH	လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး
OSHL	လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေ
PEFA	အများပြည်သူအသုံးစရိတ်နှင့် ဘဏ္ဍာရေး/ငွေကြေးဆိုင်ရာ တာဝန်ခံယူမှု
PPE	တစ်ကိုယ်ရေသုံးအကာကွယ်ပစ္စည်းများ
PPP	အစိုးရ – ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု
SEZ	အထူးစီးပွားရေးဇုန်
SOE	နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း
SSB	လူမှုဖူလုံရေးအဖွဲ့
SSL	လူမှုဖူလုံရေးဥပဒေ
UK	ဗြိတိန်နိုင်ငံ
UMEH	မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်
UN	ကုလသမဂ္ဂ
UMFCCI	ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်
US	အမေရိကန်ပြည်ထောင်စု
WSH	အလုပ်ခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး
YCDC	ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

▶ အကျဉ်းချုပ်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ၊ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (GSCs) တစ်ခုလုံးရှိ တွန်းအားပေးမောင်းနှင်သည့် အကြောင်းအရာများ၊ အဟန့်အတားအကန့်အသတ်များကို အကဲဖြတ်သုံးသပ်ခြင်းဖြင့် ဆောက်လုပ်ရေးစျေးကွက်၊ စျေးကွက်အခွင့်အလမ်းများနှင့် စျေးကွက် နယ်ပယ် ဝန်းကျင်၊ ကုန်စည်နှင့်ဝန်ဆောင်မှု ထုတ်လုပ်ဖြန့်ဖြူးရေး လုပ်ငန်းတာဝန်များတွင် အဓိကပါဝင်ပတ်သက် ဖော်ဆောင်နေကြသူများ၊ ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ချို့ယွင်းအားနည်းချက်များ၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေးအပေါ်တွင် သက်ရောက်နေသည့် တွန်းအားများ၊ အဟန့်အတား အကန့်အသတ်များ စသည်တို့နှင့်စပ်လျဉ်း၍ပိုမိုခြုံငုံသိရှိနားလည်နိုင်စေရန် ဤလေ့လာသုံးသပ်မှုကရည်ရွယ်ပါသည်။ထို့အပြင်ဆောက်လုပ်ရေးကဏ္ဍအတွင်းရှိ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ချို့ယွင်းအားနည်းချက်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အလားအလာရှိသော ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက်လည်း ဤလေ့လာသုံးသပ်မှုအစီရင်ခံစာက အထောက်အကူပြုနိုင်ပါလိမ့်မည်။

ဤလေ့လာသုံးသပ်မှုတွင် လုပ်ငန်းနယ်ပယ် တိုင်းတာသတ်မှတ်ခြင်း၊ တန်ဖိုးအားကွင်းဆက်ကို ဆန်းစစ်သုံးသပ်မှုများပြုလုပ်ခြင်း၊ လုပ်ငန်းခွင်လေ့လာမှုများ ပြုလုပ်ခြင်း နှင့် အလားအလာရှိသော စီမံကိန်းလုပ်ဆောင်နိုင်ဖွယ်ရှိသည့် ပုံစံများကို ဖော်ထုတ်သတ်မှတ်ခြင်းဟူ၍ လုပ်ငန်းစဉ် အဆင့် (၃) ဆင့် ဖော်ပြပါဝင်ပါသည်။ ဤသို့ လေ့လာသုံးသပ်ရာတွင် အခြေခံအဆောက်အအုံဆောက်လုပ်ရေး နှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ် နှစ်ရပ်လုံးကို ပါဝင်ဆောင်ရွက်ထားပါသည်။ ရှိနေပြီးဖြစ်သော သတင်းအချက်အလက်အရင်းအမြစ်များကို လေ့လာခြင်းသည် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကျန်းမာရေးနှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍတို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာ၊ အချက်အလက်များကို သိရှိစေခဲ့ပြီး ပိုမိုကောင်းမွန်ပြည့်စုံသည့် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာအလေ့အထများ ပေါ်ပေါက်လာစေရန် တွန်းအားပေးနိုင်မည့် မောင်းနှင်အားများ၊ အခွင့်အလမ်းများသာမက အဟန့်အတား၊ အကန့်အသတ်များကိုပါ ဖော်ထုတ်နိုင်ရန်အတွက်များစွာ အထောက်အပံ့ဖြစ်စေခဲ့ပါသည်။ ဤလေ့လာသုံးသပ်မှုအစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းခွင်လေ့လာစောင့်ကြည့်မှုဆိုင်ရာ အချက်အလက်များသည် ၂၀၂၀ နိုဝင်ဘာလ နှင့် ဒီဇင်ဘာလများအတွင်း ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် (၁၁) ခုသို့ သွားရောက်လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံ၍ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်တစ်ချိန်တည်းကြုံတွေ့ရင်ဆိုင်နေရသည့် “အကျပ်အတည်းနှစ်ရပ်” (ကိုဗစ်၁၉နှင့် ဖေဖော်ဝါရီ၁) က ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ ပြုစုမှုလုပ်ငန်းစဉ်အပေါ် အကြီးအကျယ် ဂယက်ရိုက်ခတ်ခဲ့ပါသည်။ လုပ်ငန်းခွင်လေ့လာရေးအစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီးအတွင်း၌သာ ပြုလုပ်ခဲ့ရသည့်အပြင် သွားရောက်လေ့လာသည့် လုပ်ငန်းခွင်များတွင်လည်း အများအားဖြင့် လုပ်သားအင်အားထက်ဝက်ခန့်ဖြင့်သာ လည် ပတ်ဆောင်ရွက်နေရသည်ကို တွေ့ရှိခဲ့ရပါသည်။ လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများ (အထူးသဖြင့် အလုပ်သမားသမဂ္ဂ) အနေဖြင့် တိုင်ပင်ဆွေးနွေးပွဲများတွင် တက်ကြွစွာပါဝင်နိုင်ခဲ့ခြင်း မရှိသောကြောင့် အလားအလာရှိသော ဖြစ်နိုင်သည့်ပါဝင်ဆောင်ရွက်မှုပုံစံများကို ဖော်ထုတ်သတ်မှတ်နိုင်ရန်အတွက် အပြီးသတ်ညှိနှိုင်းမှုများ ပြုလုပ်နိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် အပိုင်း (၅) တွင် ဖော်ပြထားသည့် အလားအလာရှိသော ဖြစ်နိုင်သည့်ပါဝင်ဆောင်ရွက်မှုပုံစံများသည် ကနဦးရေးဆွဲထားသည့် ဒီဇိုင်း/ပုံစံများသာဖြစ်၍ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ချိန်တွင် အလုပ်ရှင်၊ အလုပ်သမားအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများအနေဖြင့် ဖြည့်စွက်၊ မွမ်းမံမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ပါသည်။


▶ မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက် (Value Chain)

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (Global Supply Chain) ကို အစိုးရ၊ အများပိုင် အဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုဌာနများနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ (မြန်မာနိုင်ငံနှင့် နိုင်ငံတကာ အကျိုးတူ ပူးပေါင်းထားသည့် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစု ကော်ပိုရေးရှင်းကြီးများ နှင့် ဖက်စပ်လုပ်ငန်းများ) အသုံးပြုဖော်ဆောင်ရမည့် ကမ္ဘာလုံးဆိုင်ရာ စနစ်ဟု သတ်မှတ်ဖွင့်ဆိုနိုင်ပါသည်။

- အခြေခံအဆောက်အအုံများ – လျှပ်စစ်စွမ်းအင်ထုတ်လုပ်ဖြန့်ဖြူးခြင်း ၊ သယ်ယူပို့ဆောင်ရေးကွန်ယက်များ၊ ကုန်စည်နှင့်ပစ္စည်းများ (အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ စသည်)၊ သောက်သုံးရေ (ဆည်မြောင်းများနှင့် အခြားရေအသုံးချမှုများစသည်)၊ ဓွန့်ပစ်ပစ္စည်း စီမံထိန်းချုပ်မှု၊ သတင်းနှင့်ဆက်သွယ်မှုနည်းပညာ (ICT) စသည်တို့ပြုလုပ်ရန်
- လူနေအဆောက်အအုံများနှင့် စီးပွားရေးအဆောက်အအုံများ

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍကို စီမံကိန်းအမျိုးအစားအပေါ်မူတည်၍ စီးပွားရေး/ကုန်သွယ်ရေး လုပ်ငန်းဆိုင်ရာ၊ စက်မှုလုပ်ငန်းဆိုင်ရာ၊ အခြေခံအဆောက်အအုံဆိုင်ရာ၊ ဓွန်းအင်နှင့် ဝန်ဆောင်မှုဆိုင်ရာ၊ အဖွဲ့အစည်းနှင့် လူနေအဆောက်အဦးဆိုင်ရာ လုပ်ငန်းနယ်များအဖြစ် သတ်မှတ်ခွဲခြား ထားလေ့ရှိပါသည်။[၁] ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ ဖော်ထုတ်ပြုစုရာတွင်သက်ဆိုင်ရာ စီမံကိန်းနှင့် စေ့းကွက်အသီးသီးရှိ အလားသဏ္ဌာန်တူ လှုပ်ရှားတိုးတက်မှုများ၊ အဓိကပါဝင်ဆောင်ရွက်နေကြသူများနှင့်စပ်လျဉ်း၍ ထဲထဲဝင်ဝင် သိရှိနားလည်နိုင်စေရန်အတွက် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာလုပ်ငန်း[၂] ဟူ၍ အမျိုးအစား (၂) ရပ် ခွဲခြားလေ့လာခဲ့ပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်



မူရင်း – စာရေးသူများ (၂၀၂၁)

[၁] ASD အစီရင်ခံစာများ (၂၀၂၁) ၊ “မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၊ (၂၀၂၅၊ ဇွန်လ) ထိတိုင် အဓိကလမ်းကြောင်းများနှင့် အခွင့်အလမ်းများ” https://www.asdreports.com/market-research-report-585698/construction-myanmar-key-trends-opportunities-h

[၂] ဤအစီရင်ခံစာတွင် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းနှစ်ရပ်လုံးကို အတူတကွပေါင်းစည်း၍ “ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ” ဟု ရည်ညွှန်းခေါ်ဆိုထားပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်တွင် မတူကွဲပြားသည့် အကျိုးစီးပွားပတ်သက်ပါဝင်သူ၊ သက်ဆိုင်သူ အမျိုးမျိုးတို့ ချိတ်ဆက်ပါဝင် လုပ်ဆောင်လျက်ရှိကြပါသည်။ ၎င်းတို့ကို အထက်ဖော်ပြပါ တန်ဖိုးအားကွင်းဆက်အတွင်းရှိ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များအလိုက် အုပ်စုခွဲခြား ဖော်ပြထားပါသည်။ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းများတွင်အစိုးရ၊ စီးပွားရေးလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် မြန်မာကုမ္ပဏီများ စသည်တို့ ပါဝင်ချိတ်ဆက် ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ၏အစိုးရဌာနများ (အထူးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန) တွင် တစ်မူထူးခြားသည့် (လုပ်ငန်းဆောင်ရွက်ပုံဆိုင်ရာ) ဝိသေသလက္ခဏာတစ်ရပ် ရှိနေပါသည်။ စီမံကိန်းဆိုင်ရာ အစီအစဉ်ချမှတ်ခြင်း၊ ဒီဇိုင်းပုံစံ ရေးဆွဲသတ်မှတ်ခြင်း၊ စီမံကိန်းပြီးစီးအပ်နှံခြင်းတို့ကို အစိုးရဌာနတစ်ခုတည်းမှသာ တာဝန်ခံဆောင်ရွက်သည့်အတွက် စီမံကိန်းလုပ်ငန်းအပ်နှံသူနှင့်စီမံကိန်းဖော်ဆောင်သူ၊ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းကြပ်မတ်သူ၊ လုပ်ငန်းဆောင်ရွက်သူ၊ ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်ဆောင်ရွက်သူ အားလုံးတို့မှာလည်း အဆိုပါဌာနမှပင်ဖြစ်သောကြောင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုဆိုင်ရာ ရှုထောင့်မှကြည့်လျှင် ကိုင်တွယ်ဆောင်ရွက်ရန် အထူးခက်ခဲကြောင်း တွေ့ရှိရပါသည်။ အဆိုပါအခြေအနေကို ဆောက်လုပ်ရေးဝန်ကြီးဌာနအပြင် ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာကော်မတီ ဌာနများတွင်လည်း တွေ့ရှိရပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာကော်မတီနှစ်ခုလုံးတွင် အလုပ်ရှင်(လုပ်ငန်းအပ်နှံသူ)၊ လုပ်ငန်းလက်ခံဆောင်ရွက်သူ (ကန်ထရိုက်တာ)၊ ကန်ထရိုက်သဘောတူစာချုပ် စီစဉ်ညွှန်ကြားသူ၊ အစီအစဉ်ချမှတ်သူ၊ စည်းမျဉ်းစည်းကမ်းသတ်မှတ်သူနှင့် ထိန်းသိမ်းကြပ်မတ်သူ အခန်းကဏ္ဍအားလုံးကို ဌာနတစ်ခုတည်းမှသာ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (OSH) သည် “တရားဝင်ဖွံ့ဖြိုးတိုးတက်မှုအကူအညီ” အစီအစဉ် (ODA) မှ ငွေကြေးထောက်ပံ့ပေးသည့်စီမံကိန်းများတွင် အစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပါဝင်သော်လည်း အစိုးရစီမံကိန်းများတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အသုံးစရိတ် သတ်မှတ်ချထားပေးခြင်း မရှိသေးပါ။ ဧရိယာ (တင်ဒါစနစ်) ခေါ်ယူမှု လုပ်ငန်းစဉ်များတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစား၍ (နည်းပညာနှင့် ငွေကြေးအသုံးပြုမှုအပေါ် မူတည်၍) အကဲဖြတ်အမှတ်ပေးခြင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစီမံခန့်ခွဲမှု ဆိုင်ရာအစီအစဉ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်အကြံပြုတိုက်တွန်းခြင်းများ ပြုလုပ်နိုင်ရေးတို့အတွက် အစိုးရနှင့် ပဂ္ဂလိက ကုမ္ပဏီများ/အကျိုးတူအဖွဲ့အစည်းများ၏ (ပစ္စည်းနှင့်ဝန်ဆောင်မှု) ဝယ်ယူရေးနည်းလမ်းများတွင် OSH ဆိုင်ရာလိုအပ်ချက်များကို အသေးစိတ်ပြန်လည်သုံးသပ်နိုင်ပါသည်။ အစိုးရဌာနများနှင့် အဖွဲ့အစည်းများအနေဖြင့် သင့်တော်ထိရောက်မှုအရှိဆုံး လုပ်ငန်းဆိုင်ရာ အလေ့အထကောင်းများ၊ စံချိန်စံညွှန်းများ သတ်မှတ်ရာနှင့် အဖွဲ့အစည်း/ဌာန အသီးသီးအကြား ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ရာတွင် ဖော်ပြပါနည်းလမ်းသည် အထူးအသုံးဝင်နိုင်ပါလိမ့်မည်။

မြန်မာနိုင်ငံ၏အကြီးဆုံး ဆောက်လုပ်သူ/ဆောက်လုပ်ရေးလုပ်ငန်းများသည် ရန်ကုန် (တိုင်းဒေသကြီး) တွင်ရှိ၍ လုပ်ငန်းကဏ္ဍအများအပြားတွင် လည်ပတ်လုပ်ဆောင် လျက်ရှိပါသည်။ အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းကြီးအများစုသည် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် မြန်မာပိုင် စီးပွားရေးလုပ်ငန်းစုများ ဖြစ်ကြပါသည်။ အဆိုပါဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် အလုပ်သမားဦးရေမှာ (၁၀၀) အောက် Green Vision မှ (၇၀၀၀) ကျော် (ရွှေတောင် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် နှင့် Capital ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်) အထိ ရှိနေပါသည်။ ရန်ကုန်တွင်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းကြီးများအပြင် အသေးစားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းများလည်း ရှိနေပါ သည်။ သို့ရာတွင် အဆိုပါ ပဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်း စုစုပေါင်းအရေအတွက်သည် ထင်ရှားသိသာစွာ မြင့်တက်လာခြင်းမရှိသေးပါ။

ဆောက်လုပ်ရေးကုမ္ပဏီကြီးများသည် OSH မန်နေဂျာများ ပုံမှန်ခန့်ထားလေ့ရှိပြီး နိုင်ငံရပ်ခြားအတွေ့ အကြုံများကို တန်ဖိုးထားကြပါသည်။ ထိုင်းနိုင်ငံ (သို့မဟုတ်) မလေးရှားနိုင်ငံတို့တွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် OSH အရာရှိများနှင့် မန်နေဂျာများသည် မြန်မာပြည်တွင်းလုပ်ငန်းအတွေ့အကြုံသာရှိသည့် ၎င်းတို့နှင့်အဆင့်တူ ဝန်ထမ်းများထက် ပိုမိုမြင့်မားသည့်လစာရရှိကြောင်း ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သည့် ကန်ထရိုက်တာများက အတည်ပြုပြောကြားခဲ့ပါသည်။ အကြောင်းမှာအဆိုပါ နိုင်ငံရပ်ခြားအတွေ့အကြုံရှိသူများတွင် ပိုမိုကောင်းမွန် ပြည့်စုံသည့် OSH စီမံခန့်ခွဲမှုဆိုင်ရာ စာတွေ့နှင့် လက်တွေ့ အရည်အသွေးများ တွေ့ရှိရသောကြောင့် ဖြစ်ပါသည်။ စီမံကိန်းလုပ်ငန်းအမျိုးအစား၊ တည်နေရာ၊ လုပ်ငန်းခွင်အခြေအနေများ၊ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) အတွင်းရှိ လုပ်ငန်းဆောင်တာများနှင့် အလုပ်ရှင် (လုပ်ငန်းကုမ္ပဏီ) ၏ အနေအထား (ဥပမာ

အားဖြင့် ကန်ထရိုက်တာ၊ တစ်ဆင့်ခံ ကန်ထရိုက်တာ အဆင့် ၁၊ ၂၊ ၃၊ ၄ စသည်) တို့သည် OSH ဝန်ထမ်းများ၊ မန်နေဂျာများ ရွေးချယ်ခန့်ထားရာတွင် အဓိကအဆုံးအဖြတ်ပေးသည့် အချက်များဖြစ်ပါသည်။ ဥပမာအားဖြင့် ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်နေသည့် ကန်ထရိုက်တာများ (ကန်ထရိုက်ကုမ္ပဏီများ) အနေဖြင့် ပိုမိုမြင့်မားသည့် OSH စံချိန်စံညွှန်းများ ထားရှိရန်လိုအပ်ပါ သည်။

ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ၊ ပုတ်ပြတ်အလုပ်သမားများ၊ ပစ္စည်းပေးသွင်းသူများနှင့် ဝန်ဆောင်မှုပေးသူများအကြား လုပ်ငန်းသဘောတူစာချုပ် (ကန်ထရိုက်စာချုပ်) တွင်ပါဝင်သည့် လုပ်ထုံးလုပ်နည်း များနှင့် စည်းကြပ်ဆောင်ရွက်မှု (ပုံစံ) များသည် OSH ဆိုင်ရာ အလားအလာရှိသော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်မှု၏ အကြောင်းရင်း (တွန်းအား/မောင်းနှင်အား) တစ်ရပ်အဖြစ် တွေ့ရှိရပါသည်။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကဲ့သို့သော ဖြစ်ရပ်မျိုးတွင် OSH ဆိုင်ရာ သတ်မှတ်ချက်များသည် လုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသည့် ထိပ်ဆုံးကန်ထရိုက်ကုမ္ပဏီမှတစ်ဆင့် ဒုတိယနှင့် တတိယအဆင့် ကန်ထရိုက်တာများ၊ ပစ္စည်းနှင့် ဝန်ဆောင်မှု ပေးသွင်းသူများထံသို့ အဆင့်ဆင့် စီးဆင်းလာသည့်အတွက် OSH ဆိုင်ရာ လိုအပ်ချက်များကို ကိုင်တွယ်ဆောင်ရွက်ရန် ပြည့်စုံစွာ ပြင်ဆင်ထားခြင်းမရှိသည့် ကုမ္ပဏီများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေအပေါ် အလေးထားရန်ပျက်ကွက်မှုနှင့် လျော့ရဲသော တာဝန်ယူမှု၊ တာဝန်ခံမှုများထံသို့ ဦးတည်နိုင်စေပါသည်။ ကန်ထရိုက်စာချုပ်များ အံဝင်ခွင်ကျမဖြစ်သည့်အခါ တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့် OSH ဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပုံမှန်တာဝန်ဝတ္တရားများပင် မရှိသည့်အပြင် ကန်ထရိုက်တာအနေဖြင့်လည်း OSH စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အကောင်ဖော်ဆောင်ပုံများကို စောင့်ကြည့်စစ်ဆေးရန် အခွင့်မသာဖြစ်ရပါသည်။ အဆိုပါဖြစ်စဉ်များမှ အားနည်းသော OSH အလေ့အထများထံသို့ ဦးတည်စေပါသည်။

ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ လျှပ်စစ်အားသုံး ကိရိယာများနှင့် စက်ပစ္စည်းများ တင်သွင်းရောင်းချသည့် ဦးဆောင်ကုမ္ပဏီများအနေဖြင့် OSH စံချိန်စံညွှန်းများကို ပိုမိုကောင်းမွန်တိုးတက်စေ၍ ၎င်းတို့၏ တီထွင်ဖန်တီးမှုအကျိုးကျေးဇူးများကို ဖောက်သည် (ဝယ်ယူသူ) များထံလက်ဆင့်ကမ်းပေးရန် စိတ်အားထက်သန်ပါသည်။ သို့ရာတွင် ၎င်းတို့ရောင်းချသည့်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုရာမှ ပေါ်ပေါက်လာနိုင်သည့် အလားအလာရှိသော ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးမှုပြုလုပ်ရာတွင် (အဆိုပါ ပစ္စည်းတင်သွင်းရောင်းချသည့် ဦးဆောင်ကုမ္ပဏီများ၏) ပါဝင်ပတ်သက်နိုင်မှုမှာအကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။

ဆောက်လုပ်ရေးကဏ္ဍတွင် OSH သင်တန်းများ၊ လေ့ကျင့်သင်ကြားရေးအစီအစဉ်များ အထူးမြင့်မားစွာ လိုအပ်နေပြီး ပြည်တွင်းပြည်ပကုမ္ပဏီအချို့က သီးသန့်အကြောင်းအရာများကို သင်ကြားပေးလျက်ရှိပါသည်။ သို့ရာတွင်မြန်မာနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ဥပဒေ (OSHL) သည် သင်တန်း လေ့ကျင့်သင်ကြားရေးအစီအစဉ် နှင့် အသိအမှတ်ပြုလက်ခံရေးမူဘောင်တို့ကို သတ်မှတ်ဖော်ပြထားရာတွင် ရှင်းလင်းပြတ်သားမှု မရှိလှသည့်အတွက် အဆိုပါ ဥပဒေနှင့်အတူ ပေါ်ထွက်လာမည့် OSH စည်းမျဉ်းစည်းကမ်း /နည်းဥပဒေက OSH ဝန်ဆောင်မှု ပေးသူများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပိုမိုရှင်းလင်းပြတ်သားစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထိုအပြင် အဆိုပါ OSHL တွင် သင်တန်းဆင်း (သင်တန်းပြီးစီးကြောင်း) လက်မှတ်ထုတ်ပေးရန်အတွက် လိုအပ်သည့် လုပ်ငန်းခွင်အတွေ့အကြုံနှင့်စပ်လျဉ်း၍ အတိအကျဖော်ပြထားခြင်းမရှိပါ။ အလုပ်ရှင်များသည် လုပ်ငန်းခွင်အတွင်းလက်တွေ့ပြုလုပ်သည့် သင်တန်းများ(on-the-job training) နှင့် ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်တန်းများဖြစ်သော ငြမ်းဆင်ခြင်း၊ ဝန်ချိုစက် ထိန်းသိမ်းမောင်းနှင်ခြင်း၊ အမြင့်နေရာများတွင် အလုပ်လုပ်ခြင်းနှင့် ဘေးအန္တရာယ် ရှိသောလုပ်ငန်းစဉ်များ လုပ်ဆောင်ခြင်းစသည်တို့ကို ဦးစားပေးဆောင်ရွက်နေကြကြောင်း တိုင်ပင်မေးမြန်းဆွေးနွေးမှုများမှတစ်ဆင့် လေ့လာသိရှိရပါသည်။ ဆောက်လုပ်ရေးကဏ္ဍအတွက် သင်တန်းလေ့ကျင့်သင်ကြားမှုဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များနှင့်အတူ အသိအမှတ်ပြုလက်ခံရေးမူဘောင်အပါအဝင် OSH လမ်းညွှန်ချက်များပါဝင်သော စနစ်တစ်ရပ် ပေါ်ထွက်လာရန် လိုအပ်နေပါသေးသည်။

စီးပွားရေးလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများ၏ အဆိုအရဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာငွေကြေးစိုက်ထူသည့် အဖွဲ့များ/စိုက်ထူမှုများ (DFIs) သည် ဆောက်လုပ်ရေးကဏ္ဍ ဈေးကွက်အတွင်း OSH ဆိုင်ရာ တိုးတက်ဖြစ်ထွန်းလာမှုများ အပေါ် အဓိကမောင်းနှင်ပေးနေသည့် အင်အားစုများတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော အဖွဲ့အစည်းများက စိုက်ထူပြုလုပ်သော စီမံကိန်းများတွင် ဖြစ်နိုင်ခြေကြိုတင်စစ်ဆေးခြင်းလုပ်ငန်းကို အများအားဖြင့် ဦးစွာပြုလုပ်ကြသည်။ ဖြစ်နိုင်ခြေကြိုတင်စစ်ဆေးခြင်းတွင် ဖြစ်နိုင်ခြေလေ့လာမှု (ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် လူမှုနှင့်သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (ESIA))၊ လိုအပ်သည့် ပစ္စည်းနှင့် ဝန်ဆောင်မှုတို့ ရှာဖွေဝယ်ယူခြင်း၊ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့်လုပ်ငန်းအပ်နှံနိုင်ရန် အပြီးသတ်ပြင်ဆင်ခြင်း စသည်တို့ပါဝင်လေ့ရှိကြပါသည်။ အဆိုပါ လုပ်ငန်း

သဘောတူစာချုပ်များတွင် သတ်မှတ်ဖော်ပြထားချက်များအရ ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲမှု အကြံပေး (CMC) တစ်ဦးခန့်ထား၍ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းမှုဆိုင်ရာ ဆောင်ရွက်ချက်များကို အနီးကပ် စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပါသည်။ ထိုသို့ ဆောက်လုပ်ရေးလုပ်ငန်းစီမံခန့်ခွဲမှု အကြံပေးများခန့်ထားရာတွင် အဆိုပါ အကြံပေးများ၏ လုပ်ငန်းခွင် OSH လုပ်ငန်းစဉ်များ အပေါ် ကြီးကြပ်ကွပ်ကဲမှုအတိုင်းအတာ၊ ပါဝင်လာနိုင်ဖွယ်ရှိသည့် အကျိုးစီးပွားဆိုင်ရာပဋိပက္ခများ၊ ပင်မကန်ထရိုက်တာကုမ္ပဏီ၏ OSH စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ချက်များအပေါ် ထိုအကြံပေးတို့၏ ထိန်းချုပ် ဆောင်ရွက်နိုင်မှု အနေအထားတို့ကို ကောင်းစွာသိရှိနားလည်နိုင်ရန် အထူးအရေးကြီးပါသည်။ ဖွဲ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးစိုက်ထူသည့် အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးကုမ္ပဏီများသည် သက်ဆိုင်ရာစီမံကိန်းများအတွက် OSH စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ စနစ်တကျလုပ်ဆောင်ပေးရန် တာဝန်ရှိသော်လည်း ထိုကဲ့သို့အဖွဲ့အစည်းများမှ ငွေကြေးစိုက်ထူမှုမရှိသည့် စီမံကိန်းများတွင်မူ တူညီသည့် OSH စီမံခန့်ခွဲမှု စံချိန်စံညွှန်းများကို အသုံးပြုနိုင်ဖွယ်မရှိပါ။ သို့ဖြစ်၍ ဖွဲ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးစိုက်ထူသည့် အဖွဲ့အစည်းနှင့် လုပ်ငန်းသဘောတူ စာချုပ်များတွင်ပါဝင်သည့် ဆွဲဆောင်မှုမက်လုံးများ၏ ထိရောက်အလုပ်ဖြစ်မှု၊ ဆောက်လုပ်ရေးကဏ္ဍရှိ အခြားလုပ်ငန်းစာချုပ်များတွင်လည်း အဆိုပါမက်လုံးများကို အလားတူသတ်မှတ်ထည့်သွင်းပေးနိုင်မှု၊ အောက်အဆင့်ဆင့် ပစ္စည်းနှင့်ဝန်ဆောင်မှု တင်သွင်းရောင်းချပေးသွင်းသူများ၊ ပုတ်ပြတ်အလုပ်သမားများ အကြားတွင်လည်း အဆိုပါအလေ့အထများ ကျင့်သုံး၊ စောင့်ကြည့်စစ်ဆေး ပေးနိုင်မှုတို့ကို သိရှိနားလည်ရန် အထူးလိုအပ်ပါသည်။ ဖွဲ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးစိုက်ထူသည့် အဖွဲ့အစည်းများနှင့်ပြုလုပ်သော စီမံကိန်းများတွင် ကျင့်သုံးသည့် OSH စံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းစဉ် သတ်မှတ်ချက်များ (Code of Practice) နှင့် ကိုက်ညီမှုရှိစေရန်လည်း လိုအပ်ပါသည်။

အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းအချို့တွင် OSH သင်တန်းများ ပို့ချခြင်းနှင့် အသိအမြင်မြှင့်တင်ရေး အစီအစဉ်များအပါအဝင် ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွက် OSH နှင့်ပက်သက်သော အရေးပါသည့် လုပ်ငန်းတာဝန်များ ရှိကြပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး ဥပဒေကို ကျင့်သုံးအကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ် သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်းအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် (BWFM) နှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF) ကြားတွင် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်းအပါအဝင် ခိုင်မာ၍ ကောင်းခြင်းသို့ ဦးတည်သည့် နှစ်ပွင့်ဆိုင် (နှစ်ဦး နှစ်ဖက်) ပူးပေါင်းဆောင်ရွက်မှုများ နှင့် တိုးတက်ဖြစ်ထွန်းမှုများ ယနေ့အကျပ်အတည်းမတိုင်မီက ပေါ်ပေါက်လာခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါအဖွဲ့အစည်းများနှင့် အခြားသောအဖွဲ့အစည်းများအနေဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် အဓိက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လာကြရန် မျှော်လင့်ထားပါသည်။

ဆောက်လုပ်ရေးကဏ္ဍ၏ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဆိုင်ရာများကို ထိန်းသိမ်းကြပ်မတ်ရာတွင် ဝန်ကြီးဌာနအချို့ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (MOLIP) က အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေသစ်ကိုအတည်ပြု ထုတ်ပြန်ခြင်းမရှိသေးသော်လည်း ဥပဒေသစ် စည်းကြပ်ဆောင်ရွက်လာချိန်တွင် မြန်မာနိုင်ငံတွင် OSH စည်းမျဉ်းစည်းကမ်းလိုက်နာကျင့်သုံးမှု အခင်းအကျင်းကို ပြောင်းလဲပေးနိုင်မည့် ပြဌာန်းချက်အချို့ အဆိုပါဥပဒေတွင် သတ်မှတ်ဖော်ပြထားပါသည်။ အဓိကပြဌာန်းချက်များ အနက် ပထမဆုံးထင်ရှားသည့် အချက်မှာ အလုပ်သမားနှင့် OSH စစ်ဆေးကြည့်ရှုမှုစနစ်တွင် ယခင်ကချန်လှပ်ထားခဲ့သည့် စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းများကဲ့သို့သော လုပ်ငန်းကဏ္ဍများကိုပြန်လည်ထည့်သွင်းလာခြင်းဖြစ်ပြီး ဆောက်လုပ်ရေးကဏ္ဍအတွက် OSH စည်းမျဉ်းစည်းကမ်းများ/နည်းဥပဒေများမှာ ယခုအချိန်တွင်ပြုစုရေးဆွဲလျက်ရှိပါသည်။ ဒုတိယထင်ရှားသိသာသည့်အချက်မှာ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ၊ အစိုးရတာဝန် ရှိသူများပါဝင်၍ OSH ဆိုင်ရာ မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စောင့်ကြည့်စစ်ဆေးရေးတို့ကို ကြီးကြပ်ဆောင် ရွက်နိုင်မည့် သုံးပွင့်ဆိုင်အမျိုးသားအဆင့် OSH ကောင်စီအသစ်တစ်ရပ် ဖွဲ့စည်းရေးကို OSH ဥပဒေတွင် ဖော်ပြထားခြင်း ဖြစ်ပါသည်။ တတိယအရေးပါသည့်အချက်အနေဖြင့် OSH ဥပဒေတွင် အလုပ်ရှင်များအနေဖြင့် လုပ်ငန်းခွင်အဆင့် OSH ကော်မတီများ ဖွဲ့စည်း၍ သက်ဆိုင်ရာသီးသန့်လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် သီးသန့်တာဝန်ခံများ (ဥပမာ – OSH အရာရှိများ) ခန့်အပ်တာဝန်ပေးရန် ပြဌာန်းသတ်မှတ်ထားပါသည်။ အဆိုပါ သတ်မှတ်ပြဌာန်းချက်များက OSH စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာစေရန် အဓိကအကြောင်းရင်းတစ်ရပ်အနေဖြင့် အမျိုးသားအဆင့်နှင့် စီးပွားရေးလုပ်ငန်းတစ်ခုချင်းစီတိုင်းတွင်ရှိသော ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်များကို ပိုမိုအားကောင်း ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

▶ OSH အပေါ် သက်ရောက်မှုရှိသော မောင်းနှင်အားများနှင့် ကြုံတွေ့နေသည့် အဟန့်အတားများ

၂၀၁၈ ခုနှစ်တွင် ဆောက်လုပ်ရေးကဏ္ဍမှ စုစုပေါင်းထုတ်လုပ်မှုတန်ဖိုးသည် GDP ပမာဏ၏ (၁၆.၅) ရာခိုင်နှုန်းခန့်ဖြစ်သော အမေရိကန်ဒေါ်လာ (၉.၅) ဘီလီယံရှိခဲ့ပါသည်။[၄]

၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းတွင်ပေါ်ပေါက်ခဲ့သည့် တတိယအကြိမ်နှင့် အသေအပျောက်အများဆုံး ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားချိန်နှင့် ဖေဖော်ဝါရီ (၁) အပြောင်းအလဲမတိုင်မီတွင် ၂၀၂၀ ခုနှစ် ကာလများအတွင်း မြန်မာ့ဆောက်လုပ်ရေးကဏ္ဍသည် (၉.၁) ရာခိုင်နှုန်းမြင့်တက်လာမည်ဟု မျှော်မှန်းခဲ့ကြပါသည်။[၄] သို့ရာတွင် ကျန်းမာရေးနှင့် နိုင်ငံရေးအကျပ်အတည်းများကြောင့် ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သော လုပ်ငန်းကဏ္ဍများသည် စီးပွားရေးကျဆင်းမှုဒဏ်အပြင်းအထန်ရိုက်ခတ်ခြင်းခံရမှုနှင့်အတူ GDP ပမာဏ ကြီးထွားလာရန်မျှော်မှန်းထားချက်များ အားလုံးသည်လည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးခဲ့ရပါသည်။ (စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ စသည့်) အဓိက စီးပွားရေးကဏ္ဍတိုင်းတွင် စီးပွားရေးကျဆင်းမှုအကျိုးဆက်တစ်ရပ်အနေဖြင့် ၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်[၅] တွင် GDP ၏ (၁၈) ရာခိုင်နှုန်းနှင့်ညီမျှသည့် စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်မည်ဟု ကမ္ဘာ့ဘဏ်၏ စီးပွားရေးစောင့်ကြည့်လေ့လာမှု ၂၀၂၁ ခုနှစ် ဇူလိုင် အစီရင်ခံစာတွင် ကြိုတင်ခန့်မှန်းထားပါသည်။[၆]

မြန်မာနိုင်ငံတွင် ပေါ်ပေါက်ခဲ့သည့်အကြပ်အတည်းရိုက်ခတ်မှုဒဏ်နှစ်ခုကို အဆိုးရွားဆုံးခံစားခဲ့ရသော လုပ်ငန်းကဏ္ဍများတွင် ဆောက်လုပ်ရေးကဏ္ဍသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ငွေသားပြတ်လပ်မှုကြောင့် အလုပ်သမားများအားလုပ်ခလစာပေးချေရန်နှင့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန် အခက်ကြုံရခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုကျဆင်းလာခြင်းနှင့် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ အခက်အခဲများ၊ အန္တရာယ်များ မြင့်တက်လာခြင်းနှင့်အတူ စီမံကိန်းလုပ်ငန်းများ ဆိုင်းငံ့ထားရခြင်းက ကိုဗစ်လှိုင်းပထမဆုံးအကြိမ် ရိုက်ခတ်ခံရအပြီး ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမတိုင်မီ စီးပွားရေးပြန်လည်ဦးမော့လာစေရန် သတ်မှတ်ထားချက်များအားလုံးကို နောက်ကြောင်းပြန်စေခဲ့ပါသည်။[၇] မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF) နှင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေး စောင့်ကြည့်လေ့လာမှု ၂၀၂၁ ခုနှစ် ဇူလိုင် အစီရင်ခံစာအရ ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုရသည့် "ဘိလပ်မြေ" ကဲ့သို့သော ကုန်ပစ္စည်းများ၏ ဈေးနှုန်းများ အကြီးအကျယ်မြင့်တက် လာခြင်းနှင့်အတူ လက်ရှိဆောက်လုပ်နေသည့် စီမံကိန်းလုပ်ငန်းများ၏ အမြတ်အစွန်းများ ကျဆင်းလာကြောင်း သိရှိရပါသည်။

စီးပွားရေးကျဆင်းမှု အနေအထားများက ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သော လုပ်သားအင်အား အများအပြား အသုံးပြုရသည့် လုပ်ငန်းများ၏ လုပ်သားဌာနရမ်းအသုံးပြုနိုင်မှု အပေါ်တွင် သက်ရောက်မှုများ အလွန်ကြီးမားစွာ ရိုက်ခတ်လျက်ရှိပါသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အလုပ်သမားပေါင်း (၁.၂) သန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ဆောက်လုပ်ရေးကဏ္ဍတွင် အဆိုပါကာလအတွင်း အလုပ်သမားဦးရေ လျော့ကျမှုသည် ၃၉ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။[၈] အလုပ်အကိုင်ပေါင်း (၄၀၀,၀၀၀) ခန့်နှင့် အလုပ်ချိန် နာရီ ၇၀ ရာခိုင်နှုန်း လျော့နည်းကျဆင်းသွားခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်သားများသည် ဆင်းရဲသား နေ့စား ကျပန်းလုပ်ကိုင်သူများသာ ဖြစ်ခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးဒဏ် ရိုက်ခတ်ခံနေရခြင်းသည် တန်းတူညီမျှမှု နှင့် လူသားချင်းစာနာထောက်ထားမှု ရှုထောင့်မှကြည့်လျင် အထူးပင် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်ပါသည်။

---

[၄] Wong, S. (၂၀၁၉) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍဈေးကွက် နောက်ဆုံးအခြေအနေများ၊ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ"၊ ဇွန်လ Rider Levett Bucknall, June. https://www.rlb.com/asia/insight/rlb-myanmar-construction-market-update-june-2019/

[၄] Market Research.com. (၂၀၂၀) "မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ (၂၀၂၄ နိုဝင်ဘာ) ထိတိုင် အဓိကလမ်းကြောင်းများနှင့် အခွင့်အလမ်းများ" https://www.marketresearch.com/GlobalData-v3648/Construction-Myanmar-Key-Trends-Opportunities- 13854988/


[၅] မြန်မာအစိုးရက (ဇူလိုင် ၁ မှ မတ် ၃၁ အထိ သတ်မှတ်ထားသည့်) ယခင်ဘဏ္ဍာရေးနှစ်ပြက္ခဒိန်ဟောင်းနေရာတွင် (အောက်တိုဘာ ၁ မှ စက်တင်ဘာ ၃၀ အထိ သတ်မှတ်ထားသည့်) ဘဏ္ဍာရေးနှစ်ပြက္ခဒိန်သစ်ကို ပြောင်းလဲအသုံးပြုရန် ဆုံးဖြတ်ထားပါသည်။

[၆] Lwin, S.S. and Edwards, K.A. (၂၀၂၁) မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (ဇူလိုင် ၂၀၂၁)၊ ခြိမ်းခြောက်မှုအောက်မှ တိုးတက်မှု အခြေအနေ၊ စမ်းသပ်ထားပြီး ကြံ့ကြံ့ခံနိုင်မှုစွမ်းရည် ၊ ဝါရှင်တန်ဒီစီ ၊ ကမ္ဘာ့ဘဏ်

[၇] တူညီသော မှီငြမ်းချက်

[၈] ILO (၂၀၂၁) "အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ အလုပ်အကိုင်အခြေအနေအပေါ် ရုတ်ချည်းသက်ရောက်မှုဆန်းစစ်ချက်"၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်၊ ဂျီနီဗာ

၂၀၂၁ ခုနှစ် ဒုတိယ (၃) လပတ်အတွင်း သက်ရောက်မှုမြင့်မားစွာခံရသည့် လုပ်ငန်းကဏ္ဍများရှိ အလုပ်အကိုင်နှင့် အလုပ်ချိန်နာရီလျော့နည်းကျဆင်းမှု (၂၀၂၀ ခုနှစ် စတုတ္ထ (၃) လပတ်နှင့် နှိုင်းယှဉ်ထားသည့် ပြောင်းလဲကျဆင်းလာသည့် ရာခိုင်နှုန်း)



ရှိငြမ်းချက် – ILO (၂၀၂၁)၊ မြန်မာနိုင်ငံလုပ်သားအင်အား စစ်တမ်း နှင့် (ILOSTAT) အချက်အလက်အစုကို အခြေပြု ထားသည့် "အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ အလုပ်အကိုင် အခြေအနေအပေါ် ရုတ်ချည်းသက်ရောက်မှု ဆန်းစစ်ချက်"

အကျပ်အတည်းဖြစ်စဉ်များက FDI များအပေါ်တွင်လည်း ရိုက်ခတ်ခဲ့ပြီး စီမံကိန်းအချို့ ဆိုင်းငံ့သွားခဲ့ရပါသည်။ စီမံကိန်းအသစ်များ၊ ပြန်လည်စတင်မည့် စီမံကိန်းများနှင့်အတူ ချိတ်ဆက်ပေါ်ထွက်လာမည့် အခွင့်အလမ်းများကို အကဲဖြတ်သုံးသပ်နိုင်ရန်အတွက် လက်ရှိအခြေအနေ ပြောင်းလဲမှုဖြစ်စဉ်များကို မျက်ခြေမပြတ် စောင့်ကြည့်လေ့လာရန် အထူးလိုအပ်ပါသည်။ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ လိုအပ်ချက် (လစ်ဟာချက်) များက ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် တွန်းအားတစ်ခုအဖြစ်သာမက အဆိုပါစီမံကိန်းများ၏ ဈေးပြိုင် (တင်ဒါစနစ်) ကမ်းလှမ်းမှု၊ ပစ္စည်းဝယ်ယူမှု၊ တည်ဆောက်မှုလုပ်ငန်းစဉ်များတွင် OSH အစီအစဉ်များကို ခေတ်ရေစီးကြောင်းနှင့်အညီ ထည့်သွင်းနိုင်ရန်အတွက် အခွင့်အလမ်း တစ်ရပ်အဖြစ်လည်း ဆက်လက်တည်ရှိမြဲ တည်ရှိနေမည်ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုများ ပြန်လည်စတင်သည်နှင့်တစ်ပြိုင်နက် အထူးစီးပွားရေးဇုန်များ (SEZs) နှင့် စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံနေသည့် တည်ဆောက်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးကော်မတီများ၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ချိတ်ဆက် ဆောင်ရွက်မှုများမှ တစ်ဆင့် OSH ဆိုင်ရာ ဈေးကွက်အခြေပြု အခွင့်အလမ်းများ အဆိုပါဇုန်များတွင် ဖြစ်ထွန်းပေါ်ပေါက်လာပါလိမ့်မည်။ အလုပ်သမားဥပဒေများနှင့် ပက်သက်သော အချက်အလက်များ မျှဝေပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ စည်းကြပ်ဆောင်ရွက်ခြင်း စသည်တို့ပါဝင်သော နယ်မြေဒေသအခြေပြု (နည်းလမ်း) ပုံစံများကို အများပိုင်နှင့် ပုဂ္ဂလိကပိုင် လုပ်ငန်းများက အစပြု ဦးဆောင်၍ လုပ်ဆောင်ခြင်းသည် OSH ဆိုင်ရာ အသိအမြင်များ တည်ဆောက် မြှင့်တင်နိုင်ရန်နှင့် လုပ်ငန်းခွင်အလေ့အထ ကောင်းများ အတုယူကျင့်သုံးနိုင်ရန်အတွက် ကူညီပံ့ပိုးပေးနိုင်ပါလိမ့်မည်။

အိမ်ရာလိုအပ်ချက်နှင့်ပတ်သက်၍ တိကျရှင်းလင်းမှုမရှိသော်လည်း မြို့ပြ အဓိကအချက်အချာ နေရာများတွင် လူနေအိမ်ရာဆောက်လုပ်ရန်လိုအပ်ချက်သည် အချိန်ကာလတစ်ခုတိုင် (Medium Term)အထိ ဆက်လက်ရှိနေမည်ဟု မျှော်လင့်ခန့်မှန်းထားပါသည်။ ဖေဖော်ဝါရီ (၁) ဖြစ်စဉ်ကြောင့် မြို့ပြနေပြည်သူများ ကျေးလက်ဒေသ များသို့ ရွှေ့ပြောင်းနေထိုင်မှုများ ဖြစ်ပေါ်နေသည့်တိုင် အဆိုပါပြည်သူများ အလုပ်အကိုင်ရရှိရန် မြို့ပြသို့ ပြန်လည် ပြောင်းရွှေ့လာသည်နှင့်တစ်ပြိုင်နက် အိမ်ရာဈေးကွက်အပေါ် သက်ရောက်မှုများ ဆက်လက်ပေါ်ပေါက်နေပါလိမ့်မည်။ ရန်ကုန် အစရှိသည့် မြို့ကြီးများရှိ သမရိုးကျဖြစ်မနေသော အိမ်ရာအရေအတွက်ကလည်း လူနေအိမ်ရာများ ဆက်လက်လိုအပ်ချက်ကို ထပ်လောင်းဖြည့်စွက်ပေးလျက်ရှိနေပါသည်။ သို့ရာတွင် လက်ရှိအကျပ်အတည်းကာလများ ပြီးဆုံးပြီးနောက် အိမ်ရာလိုအပ်ချက်ပြန်လည်ဦးမော့လာရန် ကြာမြင့်မည့် အချိန်နှင့် မျက်မှောက်အခြေအနေများတွင် တည်ဆောက်သူများ/ကုမ္ပဏီများ အနေဖြင့် အဆုံးသတ်ရမည့် လက်ရှိစီမံကိန်းအရေအတွက်နှင့် စတင်ဆောက်လုပ်ရမည့် အိမ်ရာအရေအတွက် စသည်တို့ နှင့်ပတ်သက်၍ ရှင်းလင်းပြတ်သားမှု မရှိလှပါ။

▶ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်း

ဒေတာအချက်အလက်ကောက်ယူစုဆောင်းမှုလုပ်ငန်းစဉ်တွင် လုပ်ငန်းခွင်လေ့လာစောင့်ကြည့်ခြင်းသည် အဓိကအစိတ် အပိုင်းတစ်ရပ်အဖြစ် ပါဝင်ပါသည်။ ဤနည်းအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ လုပ်ငန်းစဉ်အမျိုးမျိုးတွင် ကြုံတွေ့နိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် စီမံထိန်းချုပ်မှု အစီအစဉ်များ ဖော်ထုတ်သတ်မှတ်ရာတွင် အထောက်အကူပြုနိုင်ပါသည်။ ထို့အပြင် ဤသို့လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှု ပြုလုပ်ခြင်းဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေအမြင့်ဆုံး အခြေအနေများတွင် လုပ်ကိုင်နေရသည့် အလုပ်သမားများကိုသာမက ပိုမိုထိရောက်နိုင်သည့် အလားအလာရှိသော ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများနှင့်ပတ်သက်၍လည်း ပိုမိုသိမြင်လာနိုင်မည်ဖြစ်သည်။

ဤလေ့လာမှုအစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုကို ရန်ကုန်ရှိ ဆောက်လုပ်ရေး လုပ်ငန်းခွင် (၁၁) ခုတွင် ပြုလုပ်ခဲ့ပါသည်။ သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၏ အဓိက ဝိသေသလက္ခဏာရပ် များကို လုပ်ငန်းခွင်အရွယ်အစားအပေါ် အခြေပြု၍ အောက်ဖော်ပြပါဇယားတွင် အနှစ်ချုပ် ဖော်ပြထားပါသည်။ လုပ်ငန်းခွင် စောင့်ကြည့်လေ့လာရေးအဖွဲ့အနေဖြင့် သွားရောက်ချိန်တွင် လုပ်ငန်းခွင်အတွင်း တွေ့ရှိရသည့် အလုပ်သမားအရေအတွက်ကို မူတည်၍ အဆိုပါလုပ်ငန်းခွင်၏ အရွယ်အစားကို ခန့်မှန်းတွက်ချက် ထားပါသည်။ သွားရောက်လေ့လာခဲ့သည့်လုပ်ငန်းခွင်များကို လုပ်ငန်းခွင် အကြီး၊ အလတ်၊ အငယ်ဟု ခွဲခြားသတ်မှတ်ထားပြီး အလုပ်သမား အရေအတွက်အားဖြင့် (၅၀) အထက်၊ (၂၀) နှင့် (၅၀) အကြား၊ (၂၀) အောက် အသီးသီးရှိကြပါသည်။

OSH ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သွားရောက် လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ယေဘုယျလွှမ်းခြုံဖော်ပြချက်

#	လုပ်ငန်းခွင်အမျိုးအစား	လုပ်ငန်း	လုပ်ငန်းခွင်အရွယ်အစား			သွားရောက်ချိန်တွင် မြင်တွေ့ခဲ့ ရသည့် အလုပ်သမား ခန့်မှန်း အရေအတွက်	အထပ်မြင့် အဆောက်အအုံ (၁၂ ထပ် နှင့် အထက်)
			ကြီး	လတ်	ငယ်		
၁	တံတား	အခြေခံ အဆောက်အအုံ	√			၂၀၀	သက်ဆိုင်ခြင်း မရှိ
၂	ဆေးရုံ (၁၃ ထပ်)	အဆောက်အအုံ	√			၁၈၀	ဟုတ်ပါသည်
၃	ဆေးရုံ (၁၂ ထပ်)	အဆောက်အအုံ	√			၁၈၀	ဟုတ်ပါသည်
၄	ရထားလမ်း	အခြေခံ အဆောက်အအုံ	√			၆၀	သက်ဆိုင်ခြင်း မရှိ
၅	ပုဂ္ဂလိက လူနေအိမ်ရာ (၅ ထပ်)	အဆောက်အအုံ		√		၃၀	မဟုတ်ပါ
၆	မိနီကွန်ဒို (၁၂ ထပ်ခွဲ)	အဆောက်အအုံ		√		၂၀	ဟုတ်ပါသည်
၇	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၁၀	မဟုတ်ပါ
၈	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၁၀	မဟုတ်ပါ
၉	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၈	မဟုတ်ပါ
၁၀	လူနေဆောင် (၂ ထပ်)	အဆောက်အအုံ			√	၆	မဟုတ်ပါ
၁၁	လူနေအဆောက်အအုံ (၂ ထပ်)	အဆောက်အအုံ			√	၆	မဟုတ်ပါ

မူရင်း – စာရေးသူများ (၂၀၂၁)

ရမှတ်များကို ဘေးအန္တရာယ်ဖြစ်တန်စွမ်းနှင့် ပြင်းထန်နိုင်မှု၊ သင့်လျော်လုံလောက်သော ဘေးအန္တရာယ်ထိန်းချုပ်မှု (ဘေးအန္တရာယ် ဖြစ်နိုင်ခြေ စီမံထိန်းချုပ်မှု) အစီအမံများ စီစဉ်ထားရှိတို့အပေါ်မူတည်၍ သုတေသနအဖွဲ့မှ သတ်မှတ်ပေးထားပါသည်။ ဥပမာ အားဖြင့် – ဘေးအန္တရာယ်ထိန်းချုပ်မှု အစီအမံကင်းမဲ့သည့် လုပ်ငန်းခွင်များတွင် အမြင့်မှပြုတ်ကျပါက အသက်ဆုံးရှုံးခြင်း အပါအဝင် ပြင်းထန်သည့်အကျိုးဆက်များ ပေါ်ပေါက်နိုင်ပါသည်။

ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို စီမံကိန်းအမျိုးအစားနှင့် လုပ်ငန်းခွင် အရွယ်အစား (အကြီး၊ အလတ်၊ အငယ်) အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်တန်စွမ်းနှင့် ဘေးအန္တရာယ်သက်ရောက်ပြင်းထန်နိုင်စွမ်းတို့ကို အကဲဖြတ်၊ တွက်ချက်ခြင်း

#	လုပ်ငန်းကဏ္ဍ	အခြေခံအဆောက်အအုံ		အဆောက်အအုံ		
	ဘေးအန္တရာယ် အမျိုးအစားနှင့် ဘေးအန္တရာယ် ထိန်းချုပ်မှု အစီအမံများ	တံတား (လုပ်ငန်းခွင်အကြီး)	ထွေးလမ်း (လုပ်ငန်းခွင်အကြီး)	အထပ်ထပ်အဆောက်အအုံ (လုပ်ငန်းခွင်အကြီး)	အထပ်ထပ်အဆောက်အအုံ (လုပ်ငန်းခွင်အလတ်)	အဝိုင်းပုံဆောက်အအုံ (လုပ်ငန်းခွင်အငယ်)
၁.	လုပ်ငန်းခွင် နယ်နိမိတ်များ	၃	၃	၂.၅	၁	၀
၂.	အလုပ်သမား ဘေးကင်းကျန်းမာလုံခြုံမှုရှိစေရန် ထားရှိပေးမှုများ	၃	၂	၂.၆	၀.၅	၀
၃.	လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ ထားရှိမှု	၃	၂	၂.၄	၀	၀
၄.	ခန္ဓာကိုယ်အကာအကွယ်ပြု ပစ္စည်းကိရိယာများ	၃	၂	၂	၀	၀
၅.	စီမံအုပ်ချုပ်မှုပိုင်းမှ သတ်မှတ်ထားချက်များ	၃	၃	၂.၅	၁.၅	၁
၆.	အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း	၁	သက်ဆိုင်ခြင်းမရှိ	၁.၂၅	၀	၀
၇.	ယာဉ်များဖြင့် အလုပ်လုပ်ကိုင်ခြင်း	၁	၂	၂.၅	၁.၅	၂
၈.	မြေတူးလုပ်ငန်းများ	၁	၂	၃	၃	၀
၉.	ပစ္စည်းများ/အရာဝတ္ထုများကို ဘေးအန္တရာယ် ကင်းရှင်းစွာ ရွှေ့ပြောင်း ၊ သယ်ယူခြင်း	၂	၂	၂.၇၅	၀	၀
၁၀.	လျှပ်စစ်အန္တရာယ်	၃	၃	၂	၀.၅	၀
၁၁.	မီးဘေးအန္တရာယ်	၃	၃	၂.၅	၀.၅	၀
၁၂.	ခြေချော်ခြင်းနှင့် ခလုတ်တိုက် လဲပြုခြင်းများ	၃	၂	၂.၅	၀	၀
၁၃.	အလုံပိတ်ထားသောနေရာများ	သက်ဆိုင်ခြင်းမရှိ	သက်ဆိုင်ခြင်းမရှိ	၂.၅	သက်ဆိုင်ခြင်းမရှိ	သက်ဆိုင်ခြင်းမရှိ
၁၄.	အလုပ်ခွင်ပတ်ဝန်းကျင်	၃	၂	၂.၄	၁.၅	၀

မူရင်း – စာရေးသူများ (၂၀၂၁)

အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းများနှင့် နှိုင်းယှဉ်ပါက အလတ်စားနှင့် အငယ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များသည် အလုပ်သမားများအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ခြေပိုမိုမြင့်မားသည်ကိုတွေ့ရပါသည်။ လေ့လာတွေ့ ရှိချက်များအရ အငယ်စားဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အလုပ်သမားများအတွက် ပြင်းထန်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများပိုမိုကို တွေ့ရှိခဲ့ရပါသည်။ အလတ်စားဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် အချို့သောလုပ်ငန်းပိုင်းများနှင့် လုပ်ငန်းစဉ်များသည် အလုပ်သမားများအပေါ် အန္တရာယ်ကျရောက်စေနိုင်သော်လည်း အငယ်စားဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် နှိုင်းယှဉ်ပါက ပိုမို ကောင်းမွန်ထိရောက်သည့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ထိန်းချုပ်ဆောင်ရွက်မှုနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ် ရှာဖွေဖော်ထုတ်မှု အစီအစဉ်များ ရှိကြောင်း လေ့လာတွေ့ရှိပါသည်။ အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးစားများတွင် ပိုမိုပြည့်စုံကောင်းမွန်သည့် အစီအမံများရှိသော်လည်း အမြင့်တွင် လုပ်ရသည့် လုပ်ငန်းများ၊ စက်တပ်ယာဉ်များဖြင့် လုပ်ကိုင်ရသည့် လုပ်ငန်းများ၊ မြေတူးလုပ်ငန်းများနှင့်ပတ်သက်၍ ပိုမိုတိုးတက်ထိရောက် မှုရှိလာစေရန် လိုအပ်ချက်များရှိနေသေးကြောင်း တွေ့ရှိခဲ့ပါသည်။

▶ မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးတန်ဖိုးအားကွင်းဆက်အတွင်းရှိ OSH ဆိုင်ရာ အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းရန် အလားအလာရှိသော ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများ

မြန်မာနိုင်ငံရှိ Vision Zero Fund စီမံကိန်းနှင့် သက်ဆိုင်ရာ ပတ်သက်ပါဝင်သူများအကြား မေးမြန်းဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်၍ သေချာစွာစိစစ်သုံးသပ်ခဲ့ပြီး အတည်ပြုသတ်မှတ်ထားသည့် ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများကို အောက်ပါ ဇယားတွင် ခွဲခြားဖော်ပြထားပါသည်။ အဆိုပါပုံစံများတွင် Vision Zero Fund စီမံကိန်းမှ အခြား တန်ဖိုးအား ကွင်းဆက်များတွင် ယခင်က အောင်မြင်စွာစီမံပြုလုပ်ခဲ့ပြီးဖြစ်ကာ ဆောက်လုပ်ရေးကဏ္ဍတွင် ဖော်ထုတ်တွေ့ရှိလာသည့် အဟန့်အတားများကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်း အသုံးပြုနိုင်မည့် ပုံစံများလည်း ပါဝင်ပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ် သက်ရောက်နိုင်ခြေ ပိုမိုမြင့်မားသည့်အနေအထားများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အလားအလာရှိသည့် အခြေအနေများကိုသာမက လက်ရှိ အကျပ်အတည်းကာလတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးသဘောတူ၍ ပါဝင်ဆောင်ရွက်ရန်ဖြစ်နိုင်မှုရှိသော လုပ်ငန်း ပုံစံများကိုလည်း စီမံကိန်းအတွင်း ချက်ချင်းဖော်ဆောင်ရန် လုပ်ငန်းပုံစံများအဖြစ် ထည့်သွင်းစဉ်းစားထားပါသည်။

တန်ဖိုးအားကွင်းဆက် လုပ်ငန်းစဉ် အဆင့်နှင့် ပါဝင်သူများ	ထိခိုက်ပျက်စီးလွယ်မှုပုံစံ အပေါ် မျှော်မှန်းထိရောက်မှု	ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှု ပုံစံများ	ပါဝင်ပတ်သက်နေသူများ/ အဖွဲ့အစည်းများ	ချိတ်ဆက်ဆောင်ရွက်မှု အမျိုးအစား
ထိန်းသိမ်းကြပ်မတ်မှု ဆိုင်ရာ အခန်းကဏ္ဍ – OSHL	ဥပဒေကြောင်းရာနှင့် အဖွဲ့အစည်း ပိုင်းဆိုင်ရာ မူဘောင်များ အစိတ်စိတ် အမြွာမြွာဖြစ်နေခြင်းကို လျှော့ချပေးရန်	ဆောက်လုပ်ရေးကဏ္ဍတွင် OSH ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် လက်တွေ့ ဖော်ဆောင်ကျင့်သုံး နိုင်ရေးအတွက် အမျိုးသားအဆင့် OSH ကောင်စီ ကဲ့သို့သော သုံးပွင့်ဆိုင် အဖွဲ့အစည်းများအား လိုအပ်သည့်နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်	အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများကာလရှည်(လက်ရှိအကျပ်အတည်း အခြေအနေများအရ)
ထိန်းသိမ်းကြပ်မတ်မှု ဆိုင်ရာ မူဘောင်များ - ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုအကဲဖြတ်ဆန်းစစ်ချက်	အခြေခံအဆောက်အအုံ များတည်ဆောက်ရာတွင် OSH အတွက် ဆွဲဆောင်မှုမက်လုံးများ နှင့် ငွေကြေးသတ်မှတ်ချထားပေးမှုမရှိသည်ကို ဖော်ပြရန်	ODA မှငွေကြေးထောက်ပံ့သည့် စီမံကိန်းများ၏ ပစ္စည်းဝယ်ယူရေးနှင့် ဈေးပြိုင်တင်ဒါစနစ် လုပ်ငန်းစဉ်များတွင် ထည့်သွင်းထားသည့် OSH ဆိုင်ရာ သတ်မှတ်ချက်အမျိုးအစားများ၏ ထိရောက်မှု အနေအထားကို အကဲဖြတ်သုံးသပ်၍ အခြားသော ဆောက်လုပ်ရေးစီမံကိန်းများအတွက် ငွေကြေးသုံးစွဲမှု အစီအစဉ်များတွင် ထိုကဲ့သို့ OSH ဆိုင်ရာ သတ်မှတ်ချက်များကို အားပေးမြှင့်တင်ရန် နည်းလမ်းများ အကြံပြုပေးရန်	ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဆောက်လုပ်ရေး ကုမ္ပဏီကြီးများ။ ဆွေးနွေးတိုင်ပင်မှု မပြုလုပ်ရသေးပါ။	ကာလလတ်အတွင်း အကောင်အထည်ဖော်ဆောင်ရေး ထည့်သွင်းစဉ်စားရန် (ဥပဒေစည်းကြပ်ဆောင်ရွက်ရေး လုပ်ငန်းစဉ် ပါဝင်ခြင်းမရှိပါ)

ဆောက်လုပ်ရေး လုပ်ငန်း၏ အဆင့် အားလုံး – အငယ်စား နှင့် အလတ်စား လုပ်ငန်းခွင်များ	အငယ်စားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် OSH ဆိုင်ရာ အသိအမြင်များ အားကောင်းလာစေရန် မြှင့်တင်ဆောင်ရွက်ပေးရန်	OSH အသိအမြင် မြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ပေးရန်နှင့် ကုန်ကျစရိတ်သက်သာသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ထိန်းချုပ်ရေး စီမံချက်များ ရှာဖွေဖော်ထုတ်ရာတွင် ပံ့ပိုးကူညီပေးရန်	OSH လေ့ကျင့်သင်ကြား သူများနှင့် အကြံပေးများ၊ MCEFI၊ UNFCCI၊ CTUM၊ MICS၊ BWFM၊ MEAA၊ အလတ်စား ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၏ အလုပ်ရှင်နှင့် အလုပ်သမားများ (အဆိုပါ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှု ရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းကဖိနှိပ်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ချက်ချင်းဆောင်ရွက်ရန်နှင့် ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန်
ဆောက်လုပ်ရေး လုပ်ငန်း၏ အဆင့် အားလုံး – OSH အရာရှိများ	ပြည်တွင်းရှိ OSH အရာရှိများ၏ စွမ်းရည်မြှင့်တင်ပေးရန်နှင့်အကြီးစားနှင့် အလတ်စားဆောက်လုပ်ရေး ကုမ္ပဏီများ၏ OSH စီမံခန့်ခွဲမှု အစီအစဉ်များ အားကောင်းခိုင်မာလာစေရေးအတွက် ဆောင်ရွက်ပေးရန်	ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ အကြား အသိပညာ၊ ဗဟုသုတ ဖလှယ်ခြင်းကို တိုးမြှင့်ပေးခြင်းဖြင့် ပြည်တွင်းရှိ OSH အရာရှိများ၏ စွမ်းရည် တိုးတက်ကောင်းမွန်လာစေရေးအတွက် ပံ့ပိုးကူညီပေးရန်	အကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေး ကုမ္ပဏီများ၏ OSH အရာရှိများနှင့်မန်နေဂျာများ။ (တိုင်ပင်ဆွေးနွေးမှု မပြုလုပ်ရသေးပါ။)	ကာလလတ်အတွင်း အကောင်အထည်ဖော်ဆောင်ရေး ထည့်သွင်းစဉ်းစားရန်
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	ဘေးအန္တရာယ်ရှိသည့် အရာဝတ္ထုများ၊ ပစ္စည်းကိရိယာများအား အလုပ်သမားများ ထိတွေ့နိုင်ခြေကို လျော့ချပေးရန်	ဆောက်လုပ်ရေးပစ္စည်းနှင့် ကိရိယာ တင်သွင်းရောင်းချသူများအနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းကိရိယာများကိုင်တွယ်အသုံးချပုံနည်းလမ်းများကို မှန်ကန်ထိရောက်စွာ ရှင်းလင်းပြသနိုင်ရေးအတွက် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးရန်	ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ပစ္စည်း တင်သွင်းရောင်းချသည့်ကုမ္ပဏီများ။ (ကုမ္ပဏီတစ်ခုနှင့်သာ တိုင်ပင်ဆွေးနွေးရပါသေးသည်။)	ချက်ချင်း ဆောင်ရွက်ရန်
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – OSH ဆိုင်ရာ လေ့ကျင့်သင်ကြားသူများနှင့် ဝန်ဆောင်မှုပေးသူများ	စီမံကိန်းအမျိုးအစားအလုံးနှင့် လုပ်ငန်းကဏ္ဍ လုပ်ကွက်အဆင့်တိုင်းတွင် OSH ဆိုင်ရာ အသိအမြင်များ မြှင့်တင်ဆောင်ရွက်ပေးရန်။ OSH စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဘေးအန္တရာယ်ရှိသော အရာဝတ္ထုများ၊ ပစ္စည်းကိရိယာများမှ အလုပ်သမားများ ထိတွေ့နိုင်ခြေကို လျော့ချနိုင်မည့် အသိပညာစွမ်းရည်များမြှင့်တင်ဆောင်ရွက်ပေးရန်	ဆောက်လုပ်ရေးကဏ္ဍတွင် OSH ဆိုင်ရာ အသိအမြင်များ မြှင့်တက်လာစေရန်အတွက် OSH စီမံခန့်ခွဲမှုလေ့ကျင့်သင်ကြားပေးသူများနှင့် အခြားပါဝင်ဆောင်ရွက်နေကြသူများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်၊ လေ့ကျင့်သင်ကြားရေးနှင့် အကြံပေးဝန်ဆောင်မှုများမှ တစ်ဆင့် အကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် OSH စီမံခန့်ခွဲမှု အလေ့အထကောင်းများ အားကောင်းခိုင်မာလာစေရေး ဆောင်ရွက်ပေးရန်	OSH လေ့ကျင့်သင်ကြား သူများနှင့် အကြံပေးအကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေး လုပ်ငန်းခွင်များရှိ အလုပ်ရှင်နှင့် အလုပ်သမားများ။ OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီကြီးအချို့ စိတ်အားထက်သန်နေကြောင်း တွေ့ရှိရပါသည်။	ချက်ချင်း ဆောင်ရွက်ရန်

ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ - အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	စီမံကိန်းအမျိုးအစားအားလုံးနှင့် လုပ်ငန်းကဏ္ဍ လုပ်ကွက်အဆင့်တိုင်းတွင် OSH ဆိုင်ရာနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဆိုင်ရာ အသိအမြင်များ မြှင့်တင်ပေးရန်နှင့် OSH ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်	OSH ကော်မတီအဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရေး အပါအဝင် OSH ဝန်ဆောင်မှု လုပ်ငန်းများပြုလုပ်နိုင်ရန်နှင့် စောင့်ကြည့်စစ်ဆေးနိုင်ရန် အတွက် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ MCEF၊ UNFCCC၊ CTUM၊ MICS၊ BWFM၊ MEAA၊ Fed.MES ၊ MEA (အဆိုပါအဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှုရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းက စိန်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန် (လက်ရှိကာလ အကျပ်အတည်းများ ရှိနေသည့်တိုင် ပါဝင်သူများ၏ စိတ်အားထက်သန်မှု မြင့်တက်လျက်ရှိပါသည်။)
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ - အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	ဆောက်လုပ်ရေးလုပ်သားများ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပေးရန်	OSH ဆိုင်ရာ အသိအမြင်မြှင့် အစီအစဉ်များ ဖော်ဆောင်နိုင်ရန်နှင့် လူမှုဖူလုံရေး အကာအကွယ်များ ပံ့ပိုးပေးနိုင်ရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအား နည်းပညာအကူအညီများ ပေးအပ်ရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ MCEF၊ UNFCCC၊ CTUM၊ MICS (အဆိုပါ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှုရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းက စိန်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန်

▶ ၁။ နိဒါန်း

၁.၁ Vision Zero Fund

ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်အတွင်းရှိ ပြည်သူ့ရေးရာ မူဘောင်များ အားကောင်းခိုင်မာလာ၍ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်းအလေ့အထများ အခြေတည် လာစေခြင်းဖြင့် လုပ်ငန်းခွင်နှင့် ဆက်စပ်နေသည့် မတော်တဆဖြစ်မှုများ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ရောဂါဘယများ ကာကွယ်တားဆီး၊ လျှော့ချနိုင်စေရန် Vision Zero Fund က ရည်ရွယ်ပါသည်။ Vision Zero Fund ၏ နိုင်ငံအဆင့် လုပ်ငန်းစဉ်များကို စုပေါင်းဆောင်ရွက်မှု မူဘောင်ပုံစံတစ်ရပ်ဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းမူဘောင်အရ နိုင်ငံပေါင်းစုံမှ လုပ်ငန်းများ၊ အစိုးရများ၊ အလုပ်သမားများ၊ အလုပ်ရှင်များ၊ အခြားပါဝင်ဆောင်ရွက်သူများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအပါအဝင် တန်ဖိုးအားကွင်းဆက်အတွင်း ပါဝင်ဆောင်ရွက်နေကြသူများအကြား ကာလရှည် ပူးပေါင်းညှိနှိုင်းမှု နှင့်ချိတ်ဆက် ဆောင်ရွက်မှု၊ အတွေ့အကြုံ ဗဟုသုတမျှဝေမှုနှင့် ပွင့်လင်းမြင်သာသော ဆွေးနွေးညှိနှိုင်းမှုတို့ကို အားပေးမြှင့်တင် လျက်ရှိပါသည်။

Vision Zero Fund အဖွဲ့၏ လုပ်ငန်းများကို မြန်မာနိုင်ငံတွင် ၂၀၁၇ ၌ စတင်ခဲ့ပါသည်။ Vision Zero Fund အနေဖြင့် ပထမဦးစွာ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်တွင် နယ်ပယ် (၂) ရပ်ဖြစ်သည့် အထည်ချုပ်လုပ်ငန်းနှင့် ချင်းစိုက်ပျိုးထုတ်လုပ်ရေး လုပ်ငန်းများရှိ OSH ဆိုင်ရာကိစ္စရပ် များကို လေ့လာသုံးသပ်ခဲ့ပြီး ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းပုံစံများကို ရေးဆွဲသတ်မှတ်ခဲ့ပါသည်။ ထို့အပြင် Vision Zero Fund အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်အတွင်းရှိ အဖွဲ့အစည်းဆိုင်ရာမူဘောင်များ၊ OSH နှင့် လူမှုဖူလုံရေးစနစ်များ အားကောင်းခိုင်မာလာစေရန်၊ အထည်ချုပ်နှင့် ချင်း ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်များတွင် မူဝါဒများ အကောင်အထည်ဖော်ဆောင်ရာတွင် ပံ့ပိုးကူညီ နိုင်စေရန် ရည်ရွယ်၍ မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာ Vision Zero Fund စီမံကိန်းသည် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ OSH လုပ်ငန်းစဉ်နှင့် ချိတ်ဆက်ညှိနှိုင်းကာလည်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ Vision Zero Fund မှဆောင်ရွက်လျက်ရှိသည့် စီမံကိန်း၏ ပထမအဆင့်ကို ၂၀၂၀ ဧပြီလ တွင် အဆုံးသတ်နိုင်ခဲ့ပါသည်။

Vision Zero Fund ၏ စီမံကိန်း ဒုတိယအဆင့်ကို ၂၀၂၀ မေလတွင်စတင်ခဲ့ပြီး အကောင်အထည် ဖော်ဆောင်မည့်ကာလကို ၂၀၂၃ ဧပြီလအထိ သတ်မှတ်ထားပါသည်။ ပါဝင်ဆောင်ရွက်သူများ၏ အကြံပြု ဆွေးနွေးချက်များအပေါ် အခြေပြု၍ တတိယမြောက် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်ဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍတွင် စီမံကိန်းလုပ်ငန်းများ စတင်မည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ပြုလုပ်သော စီမံကိန်းလုပ်ငန်းများသည် ၂၀၁၉ ခုနှစ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ၏ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် (၈) ၂၀၁၉)[၉] စည်းမျဉ်းစည်းကမ်းမူဘောင်များကို အခြေပြု၍ OSH ဆိုင်ရာ သတ်မှတ်ချက်၊ လိုအပ်ချက်များကို အသိပေး ကူညီသွားမည်ဖြစ်ပါသည်။ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ခြင်းသည် မြန်မာနိုင်ငံ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးခရီးစဉ်တွင် အလွန်အရေးပါသည့် မှတ်တိုင်တစ်ခု ဖြစ်သည့်အပြင် Vision Zero Fund ၏ လုပ်ငန်းစဉ်များ အားကောင်းခိုင်မာ၍ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်၊ အတုယူကျင့်သုံးနိုင်စေရန်အတွက်လည်း တိကျပြတ်သားသည့် အခွင့်အလမ်းများ ပေးစွမ်းနိုင်ပါသည်။

[၉] ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်လွှတ်တော်

၁.၂ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ မောင်းနှင်အားများနှင့် အဟန့်အတားများကို ခွဲခြမ်းစိတ်ဖြာ လေ့လာခြင်း

၁.၂.၁ ရည်ရွယ်ချက်များ

ဆောက်လုပ်ရေးကဏ္ဍ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက်အတွင်းရှိ OSH စနစ်များ တိုးတက်ဖြစ်ထွန်းလာမှုအပေါ် တွန်းအားပေးသည့် အကြောင်းအရာများနှင့် ကန့်သတ်ထိန်းချုပ်ထားသည့် အကြောင်းအရာများကို အကဲဖြတ်သုံးသပ်ခြင်းဖြင့် ဆောက်လုပ်ရေးစျေးကွက်၊ စျေးကွက်အခွင့်အလမ်းများနှင့် စျေးကွက်ပတ်ဝန်းကျင်၊ ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့် ပံ့ပိုးကူညီသည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများ၊ ပါဝင်သည့် လုပ်ငန်းစဉ်များအတွင်း OSH စနစ် ချို့ယွင်းလစ်ဟာမှုများ၊ OSH ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တွန်းအားပေးသည့် အကြောင်းအရာများနှင့် ကန့်သတ်ထိန်းချုပ်ထားသည့် အကြောင်းအရာများ စသည်တို့နှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်လာစေရန် ဤလေ့လာသုံးသပ်မှုအစီရင်ခံစာက ရည်ရွယ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍရှိ OSH ဆိုင်ရာ ချို့ယွင်းလစ်ဟာမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အလားအလာရှိသော ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းပုံစံများကိုလည်း ဤလေ့လာမှုအစီရင်ခံစာတွင် သုံးသပ်တင်ပြထားပါသည်။ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွင်းရှိ OSH အခြေအနေများအပေါ် လေ့လာသုံးသပ်မှု ပြုလုပ်ရခြင်း၏ အသေးစိတ် ရည်ရွယ်ချက်များမှာ

- မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ ရှိ OSH ဆိုင်ရာ အခြေအနေများကို အခြေပြု၍ တန်ဖိုးအားကွင်းဆက်ကို လေ့လာသုံးသပ်မှုများပြုလုပ်ရန်အတွက် လုပ်ငန်းနယ်ပယ်အတိုင်းအတာ သတ်မှတ်နိုင်ရန်
- ဆောက်လုပ်ရေးကဏ္ဍ ထုတ်လုပ်မှုကွင်းဆက် အတွင်းရှိ OSH စွမ်းဆောင်ရည်နှင့် ရလာဒ်များအပေါ် သက်ရောက်စေသည့် စနစ်ဆိုင်ရာ အချက်များနှင့် အခြေအနေများကို ပိုမိုနားလည်လာစေရန်အတွက် ရှင်းလင်းတင်ပြနိုင်စေရန်
- ဆောက်လုပ်ရေးကဏ္ဍ ထုတ်လုပ်မှုကွင်းဆက် အတွင်းရှိ OSH စွမ်းဆောင်ရည်နှင့် ရလာဒ်များအပေါ် သက်ရောက်စေသည့် စနစ်ဆိုင်ရာအချက်များနှင့် အခြေအနေများကို ကိုင်တွယ်ဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် OSH ဆိုင်ရာ အလေ့အထကောင်းများ တိုးတက်ဖြစ်ထွန်းလာစေရန် တွန်းအားပေးနိုင်မည့် အခွင့်အလမ်းများ ရှာဖွေဖော်ထုတ်နိုင်ရန်
- ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွင်းရှိ OSH ဆိုင်ရာအလေ့အထများ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် လုပ်ငန်းပိတ်ဆို့ကြန့်ကြာနေသော အဆင့်များကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အလားအလာရှိသော ဖြေရှင်းဆောင်ရွက်ရေးနည်းလမ်းပုံစံများကို ရှာဖွေဖော်ထုတ်၊ ဦးစားပေးသတ်မှတ်နိုင်ရန်
- ယေဘုယျ လုပ်ငန်းစွမ်းဆောင်ရည်နှင့် OSH ဆိုင်ရာ အလေ့အထကောင်းများ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းနှင့်အလုပ်သမားအဖွဲ့အစည်းများ၊ပါဝင်ဆောင်ရွက်သူများ၏ပူးပေါင်းဆောင်ရွက်မှုကိုတွန်းအားပေး၊ ဆွဲဆောင်နိုင်မည့် နည်းလမ်းများ သိရှိနားလည်၊ ရှာဖွေဖော်ထုတ်နိုင်ရန် စသည်တို့ဖြစ်ပါသည်။

၁.၂.၂ ဆန်းစစ်သုံးသပ်မှုဆောင်ရွက်ပုံ နည်းလမ်း

Vision Zero Fund အနေဖြင့် ဥရောပသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့ ပူးတွဲ ဖော်ထုတ်ပြီး ကိုလံဘီယာ၊ အင်ဒိုနီးရှားနှင့် မဒါဂတ်စကာတို့တွင် ရှေ့ပြေးစတင်အသုံးပြုခဲ့သည့်အပြင် Vision Zero Fund ၏ မြန်မာနိုင်ငံ အထည်ချုပ်နှင့် ချင်းစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ GSC များ တွင် OSH အခြေအနေများကို အကဲဖြတ်ဆန်းစစ်ရန်အတွက် ဆက်လက်ကျင့်သုံးခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် အစပြုသည့် နည်းစနစ်အစု[၁၀] (Global Value Chain Starter Kit) တွင်ပါဝင်သည့် OSH လုပ်ငန်းစဉ်များကို အခြေပြုသည့် “စျေးကွက်စနစ်ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်း” ကို အသုံးပြုထားပါသည်။ ILO ၏ ဆန်းစစ်သုံးသပ်မှုဆောင်ရွက်ပုံနည်းလမ်းကို စျေးကွက်စနစ် လိုအပ်ချက်နှင့် သတ်မှတ်ထားချက်များ၊ ကိုဗစ် (၁၉) ကြောင့်

[၁၀] ILO (၂၀၁၈) ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက်မြှင့်တင်ရေး အစပြုသည့် နည်းစနစ်အစု ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေး ဖော်ဆောင်သူများ ဆိုင်ရာ လမ်းညွှန်ချက်များ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ် ၊ ဂျီနီဗာ

ပေါ်ပေါက်လာသည့် အကန့်အသတ်များ၊ စီမံကိန်း ရည်ရွယ်ချက်များနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ထပ်မံပြင်ဆင်ထားပါသည်။


ဆန်းစစ်သုံးသပ်မှုကို လုပ်ဆောင်ရာတွင် ၁)လုပ်ငန်းနယ်ပယ်အတိုင်းအတာ ဖော်ထုတ်သတ်မှတ်ခြင်း၊ ၂) တန်ဖိုးအားကွင်းဆက်ကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းနှင့် လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်း၊ ၃) ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများကို သတ်မှတ်ခြင်းဟူ၍ အဆင့် (၃) ဆင့် ပါဝင်ပါသည်။ အဆိုပါ စီမံကိန်းလုပ်ငန်းစဉ်ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလတွင် စတင်ခဲ့ပါသည်။ ဒေတာအချက်အလက် ကောက်ယူစုဆောင်ခြင်းနှင့် စိစစ်သုံးသပ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်စွဲအာဏာသိမ်းမှုမတိုင်မီ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်းပြုလုပ်ခဲ့သည် ဟူသည့်အချက်ကို အလေးထားတင်ပြလိုပါသည်။ အချက်အလက် စိစစ်သုံးသပ်မှုများတွင် အကျပ်အတည်းနောက်ဆက်တွဲ သက်ရောက်မှုများနှင့် ရိုက်ခတ်မှုများကို အလျဉ်းသင့်သလို ရည်ညွှန်း ဖော်ပြထားသော်လည်း အခြေအနေမတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး ကြုံတင်ခန့်မှန်းမှုများ၊ အနာဂတ်ဖြစ်နိုင်ခြေတွက်ချက်မှုများကို အခက်ကြုံစေလျက်ရှိပါသည်။

လုပ်ငန်း နှင့် လိုက်လျောညီထွေဖြစ်စေရန် နည်းစနစ်အဓိကပြင်ဆင်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

- လုပ်ငန်းကဏ္ဍတစ်ခုမှ အခြားတစ်ခုပေါ်သို့ ကူးပြောင်းနိုင်ဖွယ်ရှိသည့် OSHဆိုင်ရာ ရိုက်ခတ်သက် ရောက်မှုကို ဆန်းစစ်အကဲဖြတ်နိုင်ရန် (ဥပမာ – ပဲနှင့် ချင်း စိုက်ပျိုးထုတ်လုပ်ရေး)၊ OSH ဆိုင်ရာ အခြေအနေများ အကဲဖြတ်ရန်အတွက် လုပ်ငန်းနယ်ပယ်အတိုင်းအတာ သတ်မှတ်သည့်အဆင့်တွင် ရွေးချယ်ခဲ့သော လုပ်ငန်း (၂) ခု တွင် (၁) ခုကို Vision Zero Fund အနေဖြင့် ဦးတည်ဆောင်ရွက်ရန် သင့်/မသင့် ကို သုံးသပ်နိုင်စေရန်အတွက် လုပ်ငန်းရွေးချယ်သည့်နည်းလမ်း/စံချိန်စံညွှန်းများကို ပုံမှန်အားဖြင့်အသုံးပြုခြင်း (ဥပမာအားဖြင့် အခြေခံအဆောက်အအုံလုပ်ငန်း (သို့မဟုတ်) အဆောက်အအုံလုပ်ငန်း (သို့မဟုတ်) နှစ်ခုစလုံး)
- ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများကို အကောင်အထည်ဖော်ရန်အတွက် တန်ဖိုးအားကွင်းဆက်လုပ်ငန်းစဉ်အတွင်း စတင်ဝင်ရောက်ရာနေရာကို သတ်မှတ်ခြင်းဖြင့် OSH ဆိုင်ရာ အလေ့အထကောင်းများ တိုးတက်ဖွံ့ဖြိုးလာရန်အတွက် Vision Zero Fund မှ အကောင်းဆုံးအလားအလာများပိုင်ဆိုင်ထားရာ ဆောက်လုပ်ရေးကဏ္ဍ GSC အတွင်း လုပ်ငန်းစဉ် အဆင့်နှင့် ကဏ္ဍများ သတ် မှတ်ရွေးချယ်ခြင်း။ အဆိုပါနည်းလမ်းသည် တန်ဖိုးအားကွင်းဆက်တစ်ခုလုံးအတွင်းရှိ လုပ်ငန်း/အဆင့်အားလုံး (သွင်းအားစုများမှသည် စျေးကွက်အထိ) အပေါ် အကဲဖြတ်သုံးသပ်လေ့ရှိသည့် တန်ဖိုးအားကွင်းဆက် အကဲဖြတ်သုံးသပ်ရေး စံချိန်စံညွှန်းနှင့် ကွဲပြားခြားနားပါသည်။

ပုံ (၁) တွင် နည်းစနစ်လုပ်ငန်းစဉ် အဆင့် (၃) ဆင့်ကို ဖော်ပြထားပါသည်။

ပုံ (၁) ဆန်းစစ်သုံးသပ်မှုဆောင်ရွက်ပုံနည်းလမ်း – Vision Zero Fund ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက် အစပြုသည့် နည်းစနစ်အစု



မှီငြမ်းချက် – ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက် အစပြုသည့် နည်းစနစ်အစု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဖော်ဆောင်သူများဆိုင်ရာ လမ်းညွှန်ချက်များ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်၊ ဂျီနီဗာ (၂၀၁၈)

(၁) လုပ်ငန်းနယ်ပယ်အတိုင်းအတာ ပိုင်းခြားသတ်မှတ်ခြင်း

အဆိုပြုတင်ပြထားသော လုပ်ငန်းနယ်ပယ်အတိုင်းအတာ ပိုင်းခြားသတ်မှတ်ခြင်းသည် OSH ဆိုင်ရာ အကဲဖြတ်မှု လုပ်ငန်းစဉ်၏ ဦးဆုံးအဆင့်တစ်ခု ဖြစ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍ တစ်ရပ်လုံးကို လုပ်ငန်းနှင့် စွေးကွက် အမျိုးအစားများ ခွဲခြားခြင်း၊ လုပ်ငန်းကဏ္ဍနှင့် ပတ်သက်သည့် အဓိကအချက်အလက်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ထုတ်ကုန်အမျိုးအစား သတ်မှတ်ခြင်း၊ OSH တိုးတက်ဖွံ့ဖြိုးမှုအပေါ် တွန်းအားပေးသည့် အကြောင်းအရာများနှင့် စွေးကွက်အခွင့်အလမ်းများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် OSH ဆိုင်ရာ အကဲဖြတ်မှုပြုလုပ်ရမည့် နယ်ပယ်အတိုင်းအတာ ဖော်ထုတ်သတ်မှတ်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်အဆင့်ကို မြန်မာနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် မြန်မာနှင့် နိုင်ငံခြား ကန်ထရိုက်ကုမ္ပဏီများနှင့် ပြုလုပ်ခဲ့သည့် ကနဦးအချက်အလက်ရှာဖွေစုဆောင်းခြင်းနှင့် ဆွေးနွေးပွဲ ရလာဒ်များမှတစ်ဆင့် ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ပထမအဆင့် အချက်အလက် ကောက်ယူစုဆောင်းရာတွင် ပါဝင်မည့်လုပ်ငန်းများနှင့် စွေးကွက်ဖော်ဆောင်သူများ သတ်မှတ်ရွေးချယ်ခြင်းကို လုပ်ငန်းနယ်ပယ်အတိုင်းအတာ ပိုင်းခြားသတ်မှတ်သည့် လုပ်ငန်းစဉ်ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလနှောင်းပိုင်းနှင့် နိုဝင်ဘာလအစောပိုင်းအတွင်း ပြုလုပ်ခဲ့ပါသည်။

(၂) သုတေသနပြုလုပ်ခြင်းနှင့် အချက်အလက် စိစစ်သုံးသပ်ခြင်း

ဤလုပ်ငန်းစဉ်အဆင့်တွင် ဆောက်လုပ်ရေးကဏ္ဍ/ဈေးကွက်စနစ် နှင့် အဓိကပံ့ပိုးပေးသည့် လုပ်ငန်းတာဝန်များ၊ OSH ဆိုင်ရာ ရလာဒ်များအပေါ် သက်ရောက်စေသည့် ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများနှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခြင်း၊ လုပ်ငန်းကဏ္ဍနှင့် ပတ်သက်သည့် အဓိကအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ ဖော်ထုတ်သတ်မှတ်ခြင်းတို့ ပါဝင်ပါသည်။ သုတေသနလုပ်ငန်းစဉ်အတွင်း ဈေးကွက်ဖော်ဆောင်သူများ၊ ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးတိုင်ပင်ရရှိခဲ့သည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက် စီမံခန့်ခွဲမှုစနစ်များ အပါအဝင် ဈေးကွက်ဆောင်ရွက်သူများ၏ OSH ဆိုင်ရာ စွမ်းဆောင်ရည်၊ တွန်းအားများ၊ အကန့်အသတ်များနှင့် လုပ်ငန်းအရည်အသွေးတို့ကို အကဲဖြတ်သုံးသပ်ခြင်း၊ OSH ဆိုင်ရာ စနစ်များ ချို့တဲ့လစ်ဟာရခြင်း၏ အခြေခံအကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ခြင်းတို့ကိုပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်တွင် ဆောက်လုပ်ရေးလုပ်ငန်းခွင် မန်နေဂျာများနှင့် လူတွေ့မေးမြန်းမှုများပြုလုပ်ခြင်း၊ လုပ်ငန်းခွင်များသို့ သွားရောက်၍ လုပ်ငန်းခွင်ဘေးအန္တရာယ်စောင့်ကြည့်လေ့လာမှုများပြုလုပ်ခြင်း၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို အကဲဖြတ်စစ်ဆေးခြင်း၊ စီမံထိန်းချုပ်ရေးအစီအစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း စသည်တို့မှတစ်ဆင့် အချက်အလက်စုဆောင်းသည့် လုပ်ငန်းများပါဝင်ပါသည်။ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုလုပ်ငန်းစဉ်မှ ရရှိလာသည့် အချက်အလက်များကို OSH စနစ်များတိုးတက်မှုဆိုင်ရာ အခွင့်အလမ်းများစိစစ်ဖော်ထုတ်ရေး လုပ်ငန်းစဉ်အတွင်းသို့ ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ ဤလုပ်ငန်းစဉ်အပိုင်းကို ၂၀၂၀ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီလ အတွင်းပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မတ်လမှ မေလအတွင်း အချက်အလက် စိစစ်အကဲဖြတ်ရေးလုပ်ငန်းများ ထပ်မံပြုလုပ်ရန် လိုအပ်နေပါသေးသည်။ (အခက်အခဲ၊ အကန့်အသတ်များအပိုင်းတွင် ကြည့်ပါ။)

(၃) ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများ

အချက်အလက် ခွဲခြမ်းစိတ်ဖြာရာမှ ရရှိလာသည့် ရလာဒ်များကို အသုံးပြု၍ Vision Zero Fund မှ ဖြေရှင်းဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်များကို ဦးစားပေးသတ်မှတ်ခြင်း၊ OSH စွမ်းဆောင်ရည်နိမ့်ကျခြင်းကြောင့် လုပ်ငန်းကြန့်ကြာရခြင်းကို ကျော်လွှားနိုင်မည့် ပါဝင်ဆောင်ရွက်ရေး နည်းလမ်းပုံစံများ ရေးဆွဲပြုစုခြင်းတို့ ပြုလုပ်နိုင်ခဲ့ပါသည်။ Vision Zero Fund အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် OSH စနစ်ရလာဒ်များ တိုးတက်ကောင်းမွန်လာစေရန် စီမံကိန်းအစပြု ချိတ်ဆက်၊ တွန်းအားပေး ဆောင်ရွက်နိုင်မည့် ဈေးကွက်ဖော်ဆောင်သူများ၊ ပါဝင်ပတ်သက်သူများ ရှာဖွေဖော်ထုတ်ခြင်းကို လုပ်ငန်းစဉ်နှင့် ပြိုင်တူ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ်အဆင့်ကို ၂၀၂၁ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်မြှင့်တင်ရေး (Value Chain) လုပ်ငန်းစဉ်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး OSH ဆိုင်ရာအခြေအနေများကို အကဲဖြတ်ဆန်းစစ်ရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် ချဉ်းကပ်မှုပုံစံများကို ဇယား (၁) တွင် ဖော်ပြထားပါသည်။

ဇယား (၁) : ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်၊ OSH ဆိုင်ရာ အခြေအနေများကို အကဲဖြတ်ဆန်းစစ်ရာတွင် အသုံးပြုသည့် နည်းလမ်းများနှင့် ချဉ်းကပ်မှုပုံစံ

လုပ်ငန်းစဉ်အဆင့်	နည်းစနစ် ပုံစံ	ချဉ်းကပ်ဆောင်ရွက်မှုပုံစံ
လုပ်ငန်းနယ်ပယ် အတိုင်းအတာ ပိုင်းခြားသတ်မှတ်ခြင်း	သုတေသန နည်းစနစ် ပုံစံ (၁) - အခြေခံအဆောက်အအုံ/အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းနယ်ပယ် ပိုင်းခြား၊ သတ်မှတ်မှုနှင့် ရွေးချယ်မှုပုံစံ	အချက်အလက်ရှာဖွေစုဆောင်းမှုများနှင့် အွန်လိုင်းမှ ကနဦး တွေ့ဆုံဆွေးနွေးမှုများ
သုတေသနပြုလုပ်ခြင်းနှင့် အချက်အလက်စိစစ်သုံးသပ်ခြင်း	သုတေသန နည်းစနစ် ပုံစံ (၂) - နိုင်ငံပေါင်းစုံနှင့် မြန်မာပိုင် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် အဆောက်အအုံဖြိုဖျက်ရေးကုမ္ပဏီများ	FGD များနှင့် အွန်လိုင်းမှ တွေ့ဆုံဆွေးနွေး၊ အကြံဉာဏ်ရယူမှုများ
	သုတေသန နည်းစနစ် ပုံစံ (၃) - အစိုးရဌာနများနှင့် လူတွေ့မေးမြန်းမှုဆိုင်ရာ လမ်းညွှန်ချက်များ	
	သုတေသန နည်းစနစ် ပုံစံ (၄) - ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စက်ယန္တရားများ၊ကိရိယာများ၊ အထူးဝန်ဆောင်မှုများ စသည်တို့ကို လက်လီ၊ လက်ကား တင်သွင်းရောင်းချသည့် ကုမ္ပဏီများနှင့် လူတွေ့မေးမြန်းမှုဆိုင်ရာ လမ်းညွှန်ချက်များ	
	သုတေသန နည်းစနစ် ပုံစံ (၅) - ဆောက်လုပ်ရေးအလုပ်သမားများနှင့် ပြုလုပ်သော FGD ဆိုင်ရာ လမ်းညွှန်ချက်များ	
	သုတေသန နည်းစနစ် ပုံစံ (၆) - အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်းများ နှင့် အကြံဉာဏ်ရယူ၊ တွေ့ဆုံဆွေးနွေးမှု အစီအစဉ်များ	
	သုတေသန နည်းစနစ် ပုံစံ (၇) - လုပ်ငန်းခွင် မန်နေဂျာများ (သို့) ၎င်းတို့နှင့် ညီမျှသူများနှင့် လူတွေ့မေးမြန်းမှုဆိုင်ရာ လမ်းညွှန်ချက်များ	လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုများ/အွန်လိုင်း မှ တွေ့ဆုံ ဆွေးနွေး၊ အကြံဉာဏ်ရယူမှုများအတွင်း

ရှင်းလင်းချက် – ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက် အစပြုသည့် နည်းစနစ်အစု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ဖော်ဆောင်သူများ ဆိုင်ရာလမ်းညွှန်ချက်များ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်၊ ကျိန်ဗာ (၂၀၁၈) မှ စာရေးသူများ၏ သင့်တင့်စွာ ကောက်နုတ်ပြင်ဆင်ထားမှု

၁.၂.၃ ဒေတာအချက်အလက်ကောက်ယူစုဆောင်းရေး လုပ်ငန်းစဉ်

ပုံ (၂) ချဉ်းကပ်ဆောင်ရွက်ပုံ နည်းစနစ်များ



မူရင်း – စာရေးသူများ (၂၀၂၁)

အကဲဖြတ်သုံးသပ်ရေးနှင့် ပါဝင်ဆောင်ရွက်ရေးပုံစံ သတ်မှတ်ဖော်ထုတ်ခြင်းလုပ်ငန်းစဉ်ကို ဆွေးနွေးအကြံဉာဏ်ရယူခြင်း၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်း နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့ပါသည်။ ပုံ (၂) တွင် အချက်အလက်စုဆောင်းရေးလုပ်ငန်းစဉ်အဆင့် (၆) ဆင့် ပါဝင်သည့် ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလမ်းကို ဖော်ပြထားပါသည်။ ဤချဉ်းကပ်ဆောင်ရွက်ပုံနည်းလမ်းကိုအသုံးပြု၍ပထမအဆင့်အချက်အလက်များကောက်ယူစုဆောင်းခြင်း၊စုဆောင်းရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ ဒုတိယအဆင့် အချက်အလက်များကို စုစည်းရွေးထုတ် ခွဲခြမ်းစိတ်ဖြာ၍ လုပ်ငန်းနယ်ပယ်ပိုင်းခြားသတ်မှတ်ခြင်းဖြင့် တန်ဖိုးအားကွင်းဆက်/စျေးကွက်စနစ် စီစစ်အကဲဖြတ်မှုများ၊ လုပ်ငန်းခွင်စောင့်ကြည့် လေ့လာမှုများ ပြုလုပ်နိုင်ရန်နှင့် OSH စနစ်များ တိုးတက်ဖြစ်ထွန်းလာမှုအပေါ် သက်ရောက်သည့် အခွင့်အလမ်းများ၊ တွန်းအားများ၊ အကန့်အသတ်အတားအဆီးများကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ထားပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍရှိ၊ OSH အပါအဝင် သက်ဆိုင်ရာ ပတ်ဝန်းကျင်တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာ၊ အချက်အလက်ရှာဖွေစုဆောင်းမှုမှတစ်ဆင့် ရယူနိုင်ခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်တွင် ပိုမိုကောင်းမွန်ပြည့်စုံသည့် လုပ်ငန်းခွင် OSH အလေ့အထများ ပေါ်ပေါက်လာစေရန် တွန်းအားပေးနိုင်မည့် မောင်းနှင်အားများ၊ အခွင့်အလမ်းများ သာမက ရင်ဆိုင်ဖြေရှင်းရမည့် အဟန့်အတားများကိုပါ ဤလေ့လာသုံးသပ်မှုအစီရင်ခံစာက ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပါသည်။ ထို့အပြင် စားပွဲဝိုင်းလေ့လာမှုမှ ရရှိသည့် အချက် အလက်များကိုအသုံးပြု၍ Global Value Chain Starter Kit တွင်ပါဝင်သည့် တည်ဆဲ OSHလုပ်ငန်းစဉ်များကို စီမံကိန်းအခြေအနေနှင့် လိုက်လျောညီထွေစွာ ပြင်ဆင်ခြင်းဖြင့် အချက်အလက်ကောက်ယူ စုဆောင်းရေး နည်းလမ်းများသည် အွန်လိုင်း တိုင်ပင်ဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်လေ့လာစောင့်ကြည့်မှုများအတွက် အံဝင်ခွင်ကျ ဖြစ်စေခဲ့ပါသည်။

ကိုဗစ် (၁၉) အန္တရာယ်များကြောင့် စျေးကွက်ဖော်ဆောင်သူများ၊ ပါဝင်ပတ်သက်သူများ နှင့် ပြုလုပ်ခဲ့သော FGD များကို ၂၀၂၀ ခုနှစ် အောက်တိုဘာလနှင့် ဒီဇင်ဘာလအတွင်း အွန်လိုင်းမှသာ ပြုလုပ်ခဲ့ရပါသည်။ တိုင်ပင်ဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ အကျိုးတူလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် မြန်မာကုမ္ပဏီများ ပါဝင်ခဲ့ကြပါသည်။ ဝင်ရောက် ဆွေးနွေးခဲ့ကြသည့် လုပ်ငန်းဖော်ဆောင်သူ အဖွဲ့အစည်းများနှင့် လူမှုမိတ်ဖက်အဖွဲ့များတွင် မြန်မာနိုင်ငံအလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင် အားဝန်ကြီးဌာန (MOLIP)၊ မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန(MOC) တို့နှင့်အတူ အလုပ်ရှင်အဖွဲ့အစည်းများ (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF)၊ အလုပ်သမားအဖွဲ့အစည်းများ (မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် – CTUM၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် – BWFM၊ မြန်မာနိုင်ငံစက်မှုလက်မှုနှင့် ဝန်ဆောင်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် MICS) နှင့် အလုပ်သမားများ စသည်တို့ ပါဝင်ပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေများနှင့် ဘေးအန္တရာယ်ထိန်းချုပ်မှု အစီအမံများ အပါအဝင် OSH စီမံခန့်ခွဲမှုစနစ်များကို နားလည်သုံးသပ်နိုင်ရန်အတွက်လုပ်ငန်းခွင်များသို့ သွားရောက်လေ့လာစောင့်ကြည့်ခြင်းသည် ဤ OSH ဆန်းစစ် သုံးသပ်ရေးလုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်းတစ်ရပ် ဖြစ်ပါသည်။ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်များတွင် ပထမဦးစွာ ကောက်ယူရရှိသည့် သတင်းအချက်အလက်များကို မှတ်တမ်းပြုစု၊ အမှတ်ပေးနိုင်ရန်အတွက် လုပ်ငန်းခွင်အတွင်းရှိ OSH မူဝါဒများနှင့် OSH ဆိုင်ရာစာရွက်စာတမ်းများကို သုံးသပ်စစ်ဆေးခြင်းအပါအဝင် အကြီးစားဆောက်လုပ်ရေး လုပ်ငန်းခွင်များ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံ OSH မန်နေဂျာများ၊ OSH အရာရှိများနှင့် အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးမေးမြန်းမှုများကို ကြုံတင်ပြုလုပ်ပြီးနောက် လုပ်ငန်းခွင်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာခြင်းများ ပြုလုပ်ခဲ့ပါသည်။ လုပ်ငန်းခွင်သွားရောက်လေ့လာခြင်း နည်းစနစ်ပုံစံကို နောက်အခန်းတွင် အသေးစိတ်ကြည့်ရှုနိုင်ပါသည်။

ဤဆန်းစစ်လေ့လာမှု အစီရင်ခံစာကို ပါဝင်ဆောင်ရွက်ပေးခြင်း နည်းလမ်းပုံစံများဖြင့် ကောက်ချက်ဆွဲဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင်လက်ရှိကြုံတွေ့ရင်ဆိုင်နေရသည့်နိုင်ငံရေးနှင့်စီးပွားရေးနှစ်ခုသောအကျပ်အတည်းများကြောင့်စိစစ်အတည်ပြု တိုင်ပင်ဆွေးနွေးပွဲများအတွက် အကန့်အသတ် ရှိနေပါသည်။ (အဟန့်အတား၊ အကန့်အသတ်များဆိုင်ရာ အခန်းတွင် ဖော်ပြထားပါသည်။)

ဇယား (၂) ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်းစဉ် တစ်စိတ်တစ်ဒေသအဖြစ် သွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သူများ

ဖော်ဆောင်သူ (သက်ဆိုင်သူ)/လုပ်ငန်းအမျိုးအစား	အရေအတွက်
စျေးကွက်ဖော်ဆောင်သူများ	
နိုင်ငံခြားကန်ထရိုက် ကုမ္ပဏီများ	၅
မြန်မာစီးပွားရေးလုပ်ငန်းစုများ	၄
ဖက်စပ်လုပ်ငန်းများ	၂
ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ	၃
သက်ဆိုင်သူများ	
အစိုးရဌာန/ဦးစီးဌာနများ	၃
အလုပ်သမား အဖွဲ့အစည်းများ	၂
အလုပ်ရှင် အဖွဲ့အစည်းများ	၄
အခြားအဖွဲ့အစည်းများ	
အလုပ်သမားများ	၅
နိုင်ငံတကာ အဖွဲ့အစည်းများ	၂
ဆောက်လုပ်ရေးလုပ်ငန်းခွင်များ	
လုပ်ငန်းခွင် အကြီး (အလုပ်သမားအင်အား ၅၀ အထက်)	၄
လုပ်ငန်းခွင် အလတ် (အလုပ်သမားအင်အား ၂၀ မှ ၅၀ အကြား)	၂
လုပ်ငန်းခွင် အငယ် (အလုပ်သမားအင်အား ၂၀ အောက်)	၅

မူရင်း – စာရေးသူများ (၂၀၂၁)

၁.၂.၄ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း လုပ်ငန်းခွင်လေ့လာမှုပြုလုပ်ရန် တိကျစွာသတ်မှတ်ထားသော ဆောင်ရွက်ပုံနည်းလမ်း


ဤလေ့လာ သုံးသပ်မှုအစီရင်ခံစာတွင် ဖော်ပြထားသည့် လုပ်ငန်းခွင်လေ့လာစောင့်ကြည့်မှုဆိုင်ရာ အချက်အလက် များသည် ၂၀၂၀ ခုနှစ် နိဝင်ဘာလနှင့် ဒီဇင်ဘာလများအတွင်း ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင် (၁၁) ခုသို့ သွားရောက်လေ့လာ တွေ့ရှိချက်များအပေါ် အခြေခံ၍ ရေးသားပြုစုထားခြင်း ဖြစ်ပါသည်။

လုပ်ငန်းခွင် လေ့လာစောင့်ကြည့်မှုလုပ်ငန်းစဉ်တွင် အချက်အလက်စုဆောင်းရေးနည်းလမ်းများ လိုက်လျောညီထွေ ပြင်ဆင် ခြင်းအပါအဝင် လုပ်ငန်းခွင်လေ့လာရေးခရီးစဉ်အတွက် စီစဉ်ပြင်ဆင်ခြင်း၊ လုပ်ငန်းခွင်သို့ သွားရောက် လေ့လာစောင့်ကြည့်မှု ပြုလုပ်ခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် လုပ်ငန်းစဉ်ရလာဒ်များအပေါ် ဆွေးနွေးသုံးသပ် အကဲဖြတ်ခြင်းတို့ ပါဝင်ပါသည်။ လုပ်ငန်းခွင် လေ့လာရေးခရီးစဉ်အတွင်း (၁) ဆောက်လုပ်ရေး လုပ်ငန်းစဉ် လုပ်ကွက်အသီးသီးတွင် လုပ်ကိုင်နေကြသည့် အလုပ် သမားများ ထိတွေ့နေရသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်များအပေါ် လေ့လာစောင့်ကြည့် ဖော်ထုတ်နိုင်ရန် (၂) ဘေးအန္တရာယ် ဖြစ်နိုင်ခြေအဆင့်များကို ဖော်ထုတ်သတ်မှတ်နိုင်ရန် (၃) ဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်ရေး အစီအမံများကို အကဲဖြတ် သုံးသပ်နိုင်ရန်တို့အတွက် လုပ်ငန်းခွင် စောင့်ကြည့်လေ့လာခြင်း လုပ်ငန်းစဉ်ကို ရည်ရွယ်ပြုလုပ်ခဲ့ပါသည်။

လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေအဆင့်များ (Hierarchy) အပေါ်မူတည်၍ သင့်လျော်လုံလောက်သည့် ဘေးအန္တရာယ်ကာ ကွယ်ထိန်းချုပ်ရေးအစီအမံအဆင့်ဆင့်ကို သတ်မှတ်ဖော်ပြထားပါသည်။

- လုံးဝပပျောက်စေရန်ဆောင်ရွက်ခြင်း – အန္တရာယ်ဖြစ်နိုင်သည့်အရာများကိုဖယ်ရှားခြင်း (ဥပမာ – အမြင့်တွင်လုပ်ရသည့် အလုပ်များကို ဖယ်ထုတ်ခြင်း)
- အစားထိုးအသုံးပြုခြင်း – ဥပမာအားဖြင့် ဘေးအန္တရယ်ဖြစ်စေနိုင်သော လုပ်ငန်းစဉ်၊ ပစ္စည်းများနေရာတွင် ဘေးအန္တရာယ် ဖြစ်စေနိုင်မှုနည်းပါးသော လုပ်ငန်းစဉ်၊ ပစ္စည်းများဖြင့် အစားထိုးခြင်း
- နည်းပညာဆိုင်ရာ၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာ၊ ဒီဇိုင်းပညာရပ်ဆိုင်ရာ ရှုထောင့်မှထိန်းချုပ်ခြင်း – ဥပမာအားဖြင့် အန္တရာယ်ဖြစ်စေနိုင်သည့်အရာများနှင့်ထိတွေ့မှုကိုလျော့ချခြင်း (သို့မဟုတ်)အဝင်၊အထွက်နေရာများတွင် အကာအရံ များပြုလုပ်ခြင်း
- အဖွဲ့အစည်းနှင့်စီမံခန့်ခွဲမှုရှုထောင့်မှထိန်းချုပ်ဆောင်ရွက်ခြင်း – ဥပမာအားဖြင့်ဘေးအန္တရာယ်ကင်းရှင်းသောလုပ်ငန်း ဆောင်ရွက်မှု အလေ့အထနှင့် လုပ်ငန်းခွင်ကြီးကြပ်မှု နည်းစနစ်များ ခိုင်မာလာစေမည့် လုပ်ထုံးလုပ်နည်း/ညွှန်ကြား ချက်များ ဖော်ထုတ်သတ်မှတ်ခြင်း
- တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်း – အထက်ဖော်ပြပါ OSH အစီအမံများဖြင့် လုံလောက်ထိရောက်ခြင်း မရှိသည့်အခါ

ပုံ (၃) – လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေအဆင့်များအလိုက်ထိန်းချုပ်မှု အစီအမံများ



မှီငြမ်းချက် – ILO (၂၀၂၁) အလတ်စားများနှင့် အငယ်စားလုပ်ငန်းများတွင် OSH တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း

လုပ်ငန်းခွင် စောင့်ကြည့်လေ့လာရေး သုတေသနနည်းလမ်းကို လုပ်ငန်းခွင်လေ့လာရေးခရီးစဉ်များမတိုင်မီကပင် ပြုစုသတ်မှတ်၍ လုပ်ငန်းခွင်များအတွင်း (၂) ကြိမ်တိုင် ကြုံတင်စမ်းသပ်ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ သုတေသနပြုလုပ်မည့် Asper Consulting Teamမှ ဝန်ထမ်းများကို Vision Zero Fund က ယခင်ပြုလုပ်ခဲ့သည့် ချင်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းတို့မှ အတွေ့အကြုံများကို အခြေပြု၍ လုပ်ငန်းခွင် စောင့်ကြည့်လေ့လာ၊ သုတေသနအချက်အလက် ကောက်ခံပုံနည်းလမ်းများ ညွှန်ပြကူညီခဲ့ကြပါသည်။ Asper Consulting Teamမှ ဝန်ထမ်းများ၏ လုပ်ငန်းကဏ္ဍဆိုင်ရာ အသိပညာဗဟုသုတပြည့်စုံမှုကလည်း ဆောက်လုပ်ရေးလုပ်ငန်းခွင် စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်ကို လိုက်လျောညီထွေ၊ အံဝင်ခွင်ကျ အားဖြည့်လုပ်ဆောင်နိုင်ခဲ့ပါသည်။ ဤလုပ်ငန်းစဉ်သည် ဆောက်လုပ်ရေးကဏ္ဍတွင် Vision Zero Fund ၏ ပထမဆုံးသော စီမံကိန်းလုပ်ငန်းစဉ်ဖြစ်၍ ပါဝင်ဆောင်ရွက်သူအားလုံးအနေဖြင့်လည်း အကျိုးကျေးဇူးများလှသော လုပ်ငန်းအတွေ့အကြုံကောင်းများ ရရှိခဲ့ပါသည်။

လုပ်ငန်းခွင် စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ်ကာလ အတွင်း အစိုးရမှထုတ်ပြန်ထားသည့် ကိုဗစ် (၁၉) ကာလ ခရီးသွားကန့်သတ်မှုများကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့သာ သွားရောက်လေ့လာခဲ့ရပါသည်။ လုပ်ငန်းခွင်အတွင်း စောင့်ကြည့်စစ်ဆေးရမည့်အရာများစာရင်း (Check List) တွင် လုပ်ငန်းခွင်နယ်နမိတ်များ၊ အလုပ်သမားများအတွက် ဘေးကင်းကျန်းမာလုံခြုံမှုရှိစေရန် ထားရှိပေးမှုများနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး စီမံချက်များ၊ စီမံအုပ်ချုပ်ရေးပိုင်းမှသတ်မှတ်ထားချက်များ၊ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များနှင့်ဘေးအန္တရာယ်ဖြစ်နိုင်ချေများသော လုပ်ငန်းခွင်ကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိမှုများ၊ တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်း၊ အမြင့်တွင် အလုပ်လုပ်ကိုင်ခြင်း၊ မြေပြင်လုပ်ငန်းများ၊ (စက်တပ်) ယာဉ်များဖြင့် အလုပ်လုပ်ကိုင်မှုများ၊ အရာဝတ္ထုများနှင့် ကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူ၊ ရွှေ့ပြောင်းမှုများ၊ ခလုတ်တိုက်မှုနှင့် ထိခိုက်လဲပြိုခြင်းမှုများ၊ လျှပ်စစ်အန္တရာယ်၊ မီးဘေးအန္တရာယ် စသည်တို့ပါဝင်ပါသည်။ လုပ်ငန်းခွင်စောင့်ကြည့် လေ့လာရေးအဖွဲ့သည် ဖော်ပြပါ အချက်များကို လုပ်ငန်းခွင်အတွင်းရှိ သတ်မှတ်ထားသော စောင့်ကြည့်စစ်ဆေးသည့်နေရာများမှ ကြည့်ရှု အကဲဖြတ်ခဲ့ကြပါသည်။ ဥပမာအားဖြင့် လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်၍ သက်ဆိုင်ရာထိန်းချုပ်မှုစနစ်တစ်ခုလုံး (ဥပမာအားဖြင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရာ ရင်းမြစ်၊ ကေဘယ်ကြိုးများ၊ မြေပြင်လျှပ်စစ်ပတ်လမ်းဖြတ်တောက်သည့် အကာအကွယ်၊ အလုပ်ရပ်တန့်ရန် သော့ခတ်ခြင်း၊ ကတ်ပြားချိတ်ဆွဲထားခြင်း) ကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုစစ်ဆေးခဲ့ကြပါသည်။

ဤလေ့လာ သုံးသပ်မှုတွင် ပါဝင်ပတ်သက်သူများ၏ သုတေသနအဖွဲ့ကို သဘောတူခွင့်ပြုမှု၊ လက်ခံတွေ့ဆုံ နှိုင်မှုနှင့် စိတ်အားထက်သန်မှုတို့အပေါ်မူတည်၍ သွားရောက်လေ့လာမည့် လုပ်ငန်းခွင်များကို ရွေးချယ်ခဲ့ပါသည်။ မတူကွဲပြားသည့် (လုပ်ငန်းခွင် ဘေးအန္တရာယ်များ၊ဘေးအန္တရာယ်ဖြစ်နိုင်ခြေ၊ဘေးအန္တရာယ်ကာကွယ်ထိန်းချုပ်မှုအစီအမံ) ဆိုင်ရာအချက်အလက်တို့ကိုစုံလင်နိုင်သမျှစုံလင်စွာ ရယူနိုင်ရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင် အမျိုးအစားနှင့် အရွယ်အစားအမျိုးမျိုး (ရထားလမ်းများ၊ တံတားများ၊ အထပ်မြင့်အဆောက်အအုံများ၊ အထပ်နိမ့် အဆောက်အအုံများ၊ အခြား) သို့ သွားရောက်လေ့လာခဲ့ပါသည်။

ရမှတ်များကို အောက်ဖော်ပြပါ OSH အစီအစဉ်အဆင့်ပေါ်မူတည်၍ သတ်မှတ်ပေးထားပါသည်။

အမှတ်ပေးစည်းမျဉ်းများ	
လုပ်ငန်းနှင့် သက်ဆိုင်ခြင်းမရှိပါ	သက်ဆိုင်ခြင်းမရှိပါ
ဘေးအန္တရာယ် (သို့) ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်ခြင်း၊ ထိန်းချုပ်စီမံခြင်း မရှိ အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်း မြင့်	(၀) မှတ်
ဘေးအန္တရာယ် (သို့) ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်နိုင်သော်လည်း သင့်လျော်လုံလောက်စွာ ထိန်းချုပ်စီမံ ခြင်းမရှိ၊ အန္တရာယ် ပြင်းထန်မှု နှင့် ဖြစ်တန်စွမ်း မြင့်	(၁) မှတ်
ဘေးအန္တရာယ် (သို့) ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်၍ အတော်အသင့် ထိန်းချုပ်စီမံနိုင် အန္တရာယ်ပြင်းထန်မှု နှင့် ဖြစ်တန်စွမ်း အလယ်အလတ်	(၂) မှတ်
ဘေးအန္တရာယ် (သို့) ဖြစ်နိုင်ချေရှိသော ဘေးအန္တရာယ်ကို ရှာဖွေဖော်ထုတ်၍ သင့်လျော်လုံလောက်စွာ ထိန်းချုပ်စီမံနိုင် အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်း နိမ့်	(၃) မှတ်

ဓိဌာန်းချက် – ILO (၂၀၁၈) ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက် အစပြုသည့် နည်းစနစ်အစု၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဖော်ဆောင်သူများဆိုင်ရာ လမ်းညွှန်ချက်များ၊ ဂျီနီဗာ

၁.၂.၅ ကန့်သတ်ချက်များ

ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ရောဂါနှင့် လတ်တလောဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းများ၏ ရိုက်ခတ်မှုများကြောင့် လုပ်ငန်းခွင်စောင့်ကြည့်လေ့လာရေး လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်ရာတွင် အဟန့်အတား ကန့်သတ်ချက်များစွာနှင့် ကြုံတွေ့ခဲ့ရပါသည်။

ကိုဗစ် (၁၉) ကမ္ဘာ့ကူးစက်ကပ်ရောဂါကလည်း လုပ်ငန်းခွင်စောင့်ကြည့်လေ့လာရေးလုပ်ငန်း စဉ်များအပေါ် အခက်အခဲ၊ စိန်ခေါ်မှုများ သက်ရောက်စေခဲ့ပါသည်။ ပထမအချက်အနေဖြင့် သွားရောက်လေ့လာမည့် လုပ်ငန်းခွင် အရေအတွက်၊ တည်နေရာတို့အပေါ် အကန့်အသတ်များ ဖြစ်ခဲ့ရပါသည်။ ကိုဗစ် (၁၉) ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် မြန်မာအပြည်ပြည်ဆိုင်ရာလေဆိပ်ကို ၂၀၂၀ ခုနှစ် မတ်လမှစတင် ပိတ်ထားခဲ့သည့်အတွက် မြန်မာနိုင်ငံပြင်ပတွင် အခြေစိုက်သည့် (Asper Consulting) အဖွဲ့သားများအနေဖြင့် မြန်မာနိုင်ငံသို့လာရောက်၍ မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးမှုများ၊ လုပ်ငန်းခွင် လေ့လာစောင့်ကြည့်ရေးများ ပြုလုပ်ရန် အခွင့်မသာ ဖြစ်ခဲ့ရပါသည်။ သို့ရာတွင် (Asper Consulting) အဖွဲ့မှ မြန်မာနိုင်ငံသားအကြံပေး (၂) ဦးကို တာဝန်ပေးအပ်၍ အခက်အခဲကို ဖြေရှင်းခဲ့ပြီး အဆိုပါအကြံပေး (၂) ဦး ကလည်း Vision Zero Fund မြန်မာနှင့် ကျန် Asper Consulting အဖွဲ့ဝင်များ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာနိုင်ခဲ့ပါသည်။ ဒုတိယကြုံတွေ့ရသော အဟန့်အတားကန့်သတ်ချက်မှာ Vision Zero Fund မြန်မာ အနေဖြင့် ကန့်သတ်ချက်များကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ရန် အခွင့်မသာခဲ့ခြင်းပင် ဖြစ်ပါသည်။

တတိယအချက်အနေဖြင့် မြို့ကြီးများအကြား ခရီးသွားလာခွင့် ကန့်သတ်ထားမှုများကြောင့် (Asper Consulting) အဖွဲ့မှ သွားရောက်လေ့လာနိုင်သည့် လုပ်ငန်းခွင် အရေအတွက်နှင့် တည်နေရာကို လျော့ချ၊ ကန့်သတ်ခဲ့ရပါသည်။ အစိုးရမှ ပြည်တွင်းခရီးသွားလာခွင့် ကန့်သတ်သည့် အမိန့်များထုတ်ပြန်ထားခြင်းကြောင့် သွားရောက်လေ့လာ၊ စောင့်ကြည့်မည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် နယ်မြေဒေသကို ရန်ကုန်တိုင်းဒေသကြီး အတွင်း၌သာ ရွေးချယ်သတ်မှတ်ခဲ့ရပါသည်။ ဆိုလိုသည်မှာ သုတေသနအဖွဲ့အနေဖြင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ (သို့မဟုတ်) ရန်ကုန်ပြင်ပရှိ ကျေးလက်ဒေသ များသို့သွားရောက်၍ ရန်ကုန်မြို့အတွင်း တွေ့မြင်နိုင်ဖွယ်မရှိသည့် တန်ဖိုးအားကွင်းဆက်လုပ်ငန်းစဉ်ဆိုင်ရာ သီးခြားအချက်အလက်အချို့ကို အမိအရဖမ်းဆုပ်ရယူနိုင်ခွင့် လက်လွတ်ခဲ့ရသည့် အခြေအနေကို ထင်ရှားစေလိုရင်းဖြစ်ပါသည်။ ဤအခြေအနေများက အခြားနယ်မြေ

ဒေသများနှင့် ပတ်သက်၍ သိရှိနားလည်နိုင်မှုအပေါ်တွင်သာမက ကျေးလက်ဒေသ လမ်းမများနှင့် လမ်းသွယ်များဖောက်လုပ်ရာတွင် အမျိုးသမီးများလည်း ပါဝင်လုပ်ကိုင်သည် ဟူသည့် လူတွေ့မေးမြန်း သိရှိချက်များအရ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍတန်ဖိုးအားကွင်းဆက်အတွင်း ကျား/မ အခန်းကဏ္ဍကို အကဲဖြတ်ဆန်းစစ်နိုင်မှု အပေါ်တွင်လည်း အဟန့်အတား၊ အကန့်အသတ် ဖြစ်စေခဲ့ပါသည်။

ဖော်ပြပါအကျပ်အတည်း ကိစ္စရပ်များက စျေးကွက်ဆောင်ရွက်သူများ၊ အဖွဲ့အစည်းများ၊ သီးခြားတစ်ဦးချင်း ပုဂ္ဂိုလ်များနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်မှု အမျိုးအစား၊ အတိုင်းအတာနှင့် အတိမ်အနက် အပေါ် အကန့်အသတ်ဖြစ်စေခဲ့ပါသည်။ သွားရောက်လေ့လာမည့် လုပ်ငန်းခွင်အရေအတွက်ကို လျှော့ချခဲ့ရသည့်အပြင် ခန္ဓာကိုယ်ချင်းအပြန်အလှန်ထိတွေ့မှုကို ရှောင်ရှားနိုင်ရန်အတွက် လုပ်ငန်းခွင်အတွင်း အလုပ်သမားများနှင့် တွေ့ဆုံမှုကိုလည်း အကန့်အသတ်ဖြင့်သာ ပြုလုပ်ခဲ့ရပါသည်။ ထို့ကြောင့် အလုပ်သမားများနှင့် လူတွေ့မေးမြန်းမှုများကို လုပ်ငန်းခွင်ပြင်ပနှင့် အင်တာနက်မှတစ်ဆင့်သာ ပြုလုပ်ခဲ့ရပါသည်။ လုပ်ငန်းခွင်ပြင်ပတွင် တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမားများတွင် အမျိုးသားများသာပါဝင်သည့်အပြင် ယခင်ကထက်လုပ်သားအင်အားနည်းပါးသည့်လုပ်ငန်းခွင်များအတွင်းအမျိုးသားအလုပ်သမားအများစုကိုသာလျင် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ရသောကြောင့် ရန်ကုန်နယ်မြေဒေသ ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း ကျား/မ ဆိုင်ရာ အခြေအနေများကို အကဲဖြတ်သုံးသပ်၊ မီးမောင်းထိုးပြနိုင်မည့် အခွင့်အလမ်း နည်းပါးခဲ့ရပါသည်။ လုပ်ငန်းခွင်အတွင်း အလုပ်သမားများနှင့် အင်ဂျင်နီယာများ အပါအဝင် အမျိုးသမီးလုပ်သားများမှာ (၅) ရာခိုင်နှုန်းမှ (၁၀) ရာခိုင်နှုန်းအတွင်းသာ ရှိပါသည်။

ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ရောဂါက ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၏ လုပ်ငန်းဆောင်ရွက်သည့်ပုံစံကို ပြောင်းလဲစေခဲ့ပြီး ကိုဗစ် (၁၉) ရိုက်ခတ်မှုအောက်တွင် သာမန်အခြေအနေများနှင့် ခြားနားသည့် (သာမန်အခြေအနေများကို ကိုယ်စားပြုခြင်း မရှိသည့်) လုပ်ငန်းခွင်အခင်းအကျင်းများကို ပေါ်ပေါက်စေခဲ့ပါသည်။ ဤကာလအတွင်း ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့် သက်ဆိုင်ရာအာဏာပိုင်များ (ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC) နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့) ထံမှ ခွင့်ပြုချက်ရယူ၍ ကိုဗစ် (၁၉) စည်းမျဉ်းစည်းကမ်းများနှင့် အညီ လုပ်သားအင်အား လျော့ချခဲ့ရသည့်အတွက် လုပ်ငန်းခွင်များအတွင်း အလုပ်သမားဦးရေ ထက်ဝက် (၅၀ ရာခိုင်နှုန်း) ခန့်သာ ကျန်ရှိနေပါသည်။ လုပ်ငန်းစဉ်အချို့ကို လုပ်သားအင်အား အပြည့်ဖြင့် လည်ပတ်နိုင်ခြင်းမရှိသည့်အပြင် အလုပ်သမားများ ကျန်းမာဘေးကင်းလုံခြုံမှုရှိစေရန် ထားရှိပေးမှုများမှာလည်း လုပ်သားအားလုံးအတွက် ရည်ရွယ်ထားခြင်းမဟုတ်သည်ကို တွေ့မြင်ရပါသည်။

ရွေးကောက်ခံ ဒီမိုကရေစီအစိုးရကို ဖယ်ရှားလိုက်သော ဖေဖော်ဝါရီ (၁) ရက်ဖြစ်စဉ်က ဆောင်ကြဉ်းလာသည့် စီးပွားရေး၊ လူမှုရေး သက်ရောက်မှုများက ဆောက်လုပ်ရေးကဏ္ဍ၏ စီးပွားရေးနှင့် အလုပ်အကိုင်ခန့်ထားမှု အလားအလာများ၊ မျှော်လင့်ချက် များအပေါ် ရိုက်ခတ်လျက်ရှိပါသည်။ ဆိုလိုသည်မှာ Vision Zero Fund မြန်မာအနေဖြင့် လေ့လာသုံးသပ်ရေး လုပ်ငန်းစဉ်တစ်လျှောက်ရှိ အရင်းအမြစ် (အချက်အလက်) နှင့် ကောက်ချက်အချို့ကို ပြန်လည်သုံးသပ်ရန်နှင့် သတင်းအချက်အလက်အသစ်များ ပေါင်းစပ်ထည့်သွင်းရန် လိုအပ်လာပါသည်။ ထို့အပြင် ပါဝင်ဆောင်ရွက်မှု နည်းလမ်းပုံစံများ ဖော်ထုတ်သတ်မှတ်ရာတွင် သေချာစွာစစ်ဆေးခြင်းနှင့် ဖြစ်နိုင်ခြေများကို ပြန်လည်သုံးသပ်ရန် လိုအပ်လာသောကြောင့် ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ ထုတ်ပြန်မှုကို ထပ်မံနှောင့်နှေးစေခဲ့ပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်း အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (BWFM) နှင့် မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS) စသည့် မိတ်ဖက်အဖွဲ့အစည်း အချို့မှာ လက်ရှိအစီရင်ခံစာ ရေးသား နေချိန်တွင် ၎င်းတို့၏လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နိုင်ခြင်းအနေအထားတွင် မရှိသည့်အပြင် ILO ၏ လုပ်ငန်းစဉ်များတွင်လည်း တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ခြင်း မရှိသည်မှာ အထင်အရှားဖြစ်ပါသည်။ ဤအကျပ်အတည်း သက်ရောက်မှုများသည် ပါဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများကို ဖော်ထုတ်သတ်မှတ်ရေးအတွက် ဆွေးနွေးတိုင်ပင်သည့် လုပ်ငန်းစဉ်အပေါ် အပြင်းထန်ဆုံး ရိုက်ခတ်ခဲ့ပါသည်။ ထို့ကြောင့် အပိုင်း (၅) တွင် ဖော်ပြထားသည့် အလားအလာရှိသည့် စီမံကိန်းက ပါဝင်ဆောင်ရွက်ရန် နည်းလမ်းပုံစံများသည် ကနဦးကြိုတင်ရေးဆွဲထားသည့် ဒီဇိုင်း/ပုံစံများသာဖြစ်၍ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ချိန်တွင် အလုပ်ရှင်၊ အလုပ်သမား အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ အနေဖြင့် ဖြည့်စွက်ညှိနှိုင်းမှုများ ထပ်မံပြုလုပ်ရန် လိုအပ်ပါသည်။ ဤလုပ်ငန်းစဉ်တွင် ထည့်သွင်းရမည့် အချက်အလက်၊ အကြံပြုချက်တို့ကို CTUM ၊ BWFM နှင့် MICS တို့ထံမှ မကြာမြင့်မီအချိန်အတွင်းရရှိ၍ ၎င်းတို့၏ ကူညီပံ့ပိုးမှုနှင့်အတူ ပါဝင်ဆောင်ရွက်ရေး နည်းလမ်းပုံစံများကို ထပ်မံပြုစုရေးဆွဲ၊ ထုတ်ပြန်ကြေညာနိုင်လိမ့်မည်ဟု Vision Zero Fund မြန်မာမှ မျှော်လင့်ထားပါသည်။

▶ ၂။ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်

၂.၁ GSC တစ်ခုအဖြစ် မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ၏ ပေါင်းစည်းပါဝင်မှု

ဆောက်လုပ်ရေးကဏ္ဍကို GSC တစ်ခု အဖြစ်အသာထား၍ ထုတ်လုပ်မှုကွင်းဆက်တစ်ခုမျှအဖြစ် သတ်မှတ်ခြင်းသည် ဖြစ်ရိုးဖြစ်စဉ်ကိစ္စရပ်တစ်ခု မဟုတ်ပါ။ သို့ရာတွင် အဆိုပါ ချဉ်းကပ်ဆောင်ရွက် မှုနည်းလမ်းသည် မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ အတွက် မြန်မာနိုင်ငံ၏ အခြေအနေ၊ အခင်းအကျင်းများနှင့် ဆီလျော်သည့်အပြင် အထူးပင်အသုံးဝင်လှသည်။ ၄င်းနည်းလမ်းသည် OSH စီမံခန့်ခွဲမှုများကို ပုံဖော်မည့် စျေးကွက်ဖော်ဆောင်သူများ၊ ၄င်းတို့၏ တာဝန်ယူမှု တာဝန်ခံမှုများ နှင့် ၄င်းတို့၏ လုပ်ပိုင်ခွင့် မ တူညီမှုများ ရှာဖွေ ဖော်ထုတ်ရာတွင် အသုံးဝင်အထောက်အကူဖြစ်ပါသည်။ ဆောက်လုပ်ရေးစီမံကိန်းတိုင်းအတွက် အသုံးပြုနိုင် သည့် ချဉ်းကပ်မှုနည်းလမ်းတစ်ရပ်တွင် "ပုံသေ လုပ်ငန်းစဉ်အဆင့် မူဘောင်အတွင်းရှိ လိုအပ်သလို ပြင်ဆင်သတ် မှတ်နိုင်သော ဒီဇိုင်းပုံစံ၊ ထုတ်လုပ်မှု နှင့် ကုန်ကြမ်းများကို ထုတ်ကုန်အဖြစ် ပြောင်းလဲသည့်နည်းစနစ်၊ ဆောက်လုပ်ရေးလုပ်ငန်းအမျိုးအစား စသည့် အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။ ဖော်ပြပါ အသေးစိတ်အချက် အလက် တစ်ခုချင်းစီအတွက် သက်ဆိုင်ရာ ဌာနတွင်းလုပ်ငန်းအဆင့်များ၊ လုပ်ငန်းစဉ်များ၊ ပါဝင်ဆောင်ရွက်သူများနှင့် စီမံကိန်းအကောင်အထည်ပေါ်ရန် အပြန်အလှန် ချိတ်ဆက်ပုံဖော်မည့် အချင်းအရာများ ပါဝင်ပါသည်။ ဤလုပ်ငန်းစဉ်များ၏ သိသာထင်ရှားသော အချင်းအရာများ၊ လုပ်ငန်းစဉ် သတ်မှတ်ကာလ၊ လုပ်ငန်းကွင်းဆက်တစ်လျောက် စီမံကိန်းအခြေပြု ဆက်သွယ်ဆောင်ရွက်ရေးလုပ်ငန်းသဘာဝ စသည်တို့က ဆောက်လုပ်ရေးလုပ်ငန်းဖွဲ့စည်းပုံကို အစိတ်အပိုင်း(လုပ်ငန်းကွင်းဆက်) အထူးများပြားစေပါသည်။"[၁၁]

လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း Globalization က ဆောက်လုပ်ရေးကဏ္ဍနှင့် ထုတ်လုပ်မှုကွင်းဆက်ကို ထင်ရှားသိသာစွာ အသွင်ပြောင်းစေခဲ့ပါသည်။ သမရိုးကျလည်ပတ်ခဲ့သော ဆောက်လုပ်ရေးကဏ္ဍသည် လုပ်ငန်းနယ်ပယ်အတွင်း တစ်စစ မျှားပြား လာသည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၊ ကုန်စည်များ၊ ပစ္စည်းများ၊ ကိရိယာများ၊ သတင်းအချက်အလက်များ၊ နည်းပညာများ နှင့် အသစ်အသစ်သော ဆန်းသစ်တီထွင်မှုများ၏ လွှမ်းမိုးသက်ရောက်မှု ခံခဲ့ရပါသည်။ အင်ဂျင်နီယာဆိုင်ရာ ပစ္စည်းအသစ်များ ပိုမိုတိုးတက်အသုံးပြုလာခြင်းကလည်း ဆောက်လုပ်ရေးကဏ္ဍကို အသွင်ပြောင်းစေခဲ့ပါသည်။ ကမ္ဘာ့နိုင်ငံများအကြား ငွေကြေး ချိတ်ဆက်စီးဆင်းမှုကလည်း FDI၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ငွေကြေးစိုက်ထူမှုများ DFI စသည့် စီးပွားရေးစီမံကိန်းများမှ တစ်ဆင့် ကမ္ဘာလုံးဆိုင်ရာငွေကြေးစီးဆင်းမှုကို ဖန်တီးပေးခြင်းဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် ကမ္ဘာအနှံ့ လွှမ်းခြုံလာခြင်း အပေါ် သက်ရောက်စေခဲ့ပါသည်။

နှစ်နိုင်ငံအကြား လုပ်ငန်းချိတ်ဆက်ဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ လုပ်ငန်းစဉ်များတွင် ဝန်ထမ်းများနှင့် ကာလတို ကျွမ်းကျင် ပညာရှင်များ ခန့်အပ်ခြင်းသာမက နည်းပညာများ၊ စက်ပစ္စည်းများ၊ ပစ္စည်းများ၊ ကိရိယာများ ဖြန့်ကျက်နေရာ ချထားခြင်း တို့လည်းပါဝင်ပါသည်။ FDI နှင့် DFI များ အနေဖြင့်လည်း သုံစွဲသူများ/စားသုံးသူများ (ဖောက်သည်) ထံသို့ ပုဂ္ဂလိက ဆိုင်ရာနှင့် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများ၊ အဆောက် အအုံများ တည်ဆောက်နိုင်ရန်အတွက် ဖော်ပြပါအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းကွင်းဆက်၏ နောက်ဆုံးအသုံးပြုသူ၊ ဖောက်သည်များတွင် လူပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကနှင့် အများပိုင်အဖွဲ့အစည်းများ၊ အစိုးရတို့ ပါဝင်ပါသည်။

နှစ်နိုင်ငံအကြား လုပ်ငန်းဆောင်ရွက်မှုများသည် အမြဲလှုပ်ရှားသက်ဝင်၍ ဝယ်လိုအား၊ ရောင်းလိုအား၊ စျေးနှုန်း၊ စျေးကွက် ဖော်ဆောင်သူများနှင့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများ၊ ထုတ်ကုန်ဆိုင်ရာ ယှဉ်ပြိုင်မှုများ၊ ကုန်သွယ်မှုဝါဒ နှင့် နည်းဗျူဟာများ အဆင့်ဆင့် တိုးတက်ပြောင်းလဲလာမှုအပေါ် တည်မှီနေပါသည်။ ဥပမာအားဖြင့် အောက်စဖို့ စီးပွားရေးအဖွဲ့ (Oxford Business Group) ၏ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ လေ့လာမှုအစီရင် ခံစာတွင် မြန်မာနိုင်ငံ၏ ဘိလပ်မြေထုတ်လုပ်မှုသည် နှစ်စဉ်ပြည်တွင်းလိုအပ်ချက် (တန်ချိန် ၁၁ သန်းမှ ၁၂ သန်း အထိ) ၏ (၉၀) ရာခိုင်နှုန်းကို ပြည့်မီ၍ တရုတ်နိုင်ငံနှင့် နယ်မြေချင်း

---

[၁၁] IFC (၂၀၁၈) ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်၊ ကုမ္ပဏီများအနေဖြင့် ဖန်လုံအိမ်ခေတ်ဈေးလျော့ချရေး နည်းစနစ်များကိုအသုံးပြု၍ ရာသီဥတု ပြောင်းလဲမှုရိုက်ခတ်နိုင်ချေကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အခွင့်အလမ်းအလမ်းသစ်များရှာဖွေတွေ့ရှိရန် ဆောင်ရွက်မှုနည်းလမ်းများ၊ ဝါရှင်တန်ဒီစီ

ထိစပ်နေ၍ နယ်စပ်ဖြတ်ကျော်သယ်ဆောင်ရန် ပိုမိုလွယ်ကူသည့်ဒေသများသို့သာ တင်သွင်းကြောင်း ဖော်ပြထားပါသည်။[၃၂] သို့ရာတွင် မြန်မာနိုင်ငံအပေါ် လက်ရှိသက်ရောက်နေသည့် နိုင်ငံရေးနှင့် ကျန်းမာရေး အကျပ်အတည်းများက အဆိုပါ အလားအလာ၊ မျှော်လင့်ချက်များကို ပြောင်းလဲစေခဲ့ပါသည်။ ဤအကြောင်းအရာနှင့်ပတ်သက်၍ ဈေးကွက်များဆိုင်ရာ အခန်းတွင် ဆွေးနွေးတင်ပြထားပါသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ ကို GSC အတွင်းသို့ ပေါင်းစည်းထည့်သွင်းခြင်းကို နိုင်ငံစတင်တံခါးဖွင့်သည့် ၂၀၁၈ ခုနှစ်မှ အစပြု လုပ်ဆောင်ခဲ့သည်ဟု မေးမြန်းဆွေးနွေးမှုတွင် ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းများမှ ပါဝင်သူများအရ လေ့လာသိရှိခဲ့ပါသည်။ အဆိုပါ ပေါင်းစည်းထည့်သွင်းမှုသည် အစိုးရမှ “အပြောင်းအလဲသုံးသွယ်” (စစ်အစိုးရအုပ်ချုပ်မှုမှ ဒီမိုကရေစီအုပ်ချုပ်မှုသို့ အပြောင်းအလဲ၊ ဗဟိုချုပ်ကိုင်မှုစီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ အပြောင်းအလဲ၊ နယ်စပ်ဒေသများတွင်နှစ် ၆၀ ကြာ ပဋိပက္ခများမှ ငြိမ်းချမ်းရေးသို့အပြောင်းအလဲ) စတင်ဖော်ဆောင်သည့် ၂၀၁၂ ခုနှစ် တွင် ပိုမို မြန်ဆန်လာခဲ့ပါသည်။[၃၃]

ဤ “အပြောင်းအလဲသုံးသွယ်” က နိုင်ငံခြားကုမ္ပဏီများ မြန်မာနိုင်ငံတွင် ဈေးကွက်အခွင့် အလမ်းများ စူးစမ်းရှာဖွေခြင်းနှင့် လုပ်ငန်းသဘောတူစာချုပ်များ ရယူချုပ်ဆိုခြင်းကို ဦးတည်စေခဲ့ပါသည်။ သို့ရာတွင် မြန်မာအစိုးရ အနေဖြင့် ၎င်း၏အပြောင်းအလဲသုံးသွယ် အမှန်တကယ်ဖော်ဆောင်နိုင်စွမ်းအပေါ် နိုင်ငံခြားကုမ္ပဏီများ၏ ယုံကြည်စိတ်ချမှုကို ရယူနိုင်ခြင်း မရှိခဲ့ပါ။ လုပ်ငန်းအောင်မြင်စေရန် ပံ့ပိုးပေးနိုင်သည့် ပတ်ဝန်းကျင်၊ ထိုင်း၊ ဗီယက်နမ် စသည့် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ခံရသည့် ဆောက်လုပ်ရေးဈေးကွက် အရွယ်အစား၊ ပစ္စည်းဝယ်ယူရာနှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုရာတွင် အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်ချက်ပေးနိုင်မှု၊ အစိုးရ၏ လုပ်ငန်းစည်းကြပ်ဆောင်ရွက်နိုင်စွမ်း စသည့် အကန့်အသတ်များက မြန်မာနိုင်ငံအတွင်း ဥရောပသမဂ္ဂ၏ ရင်းနှီးမြှုပ်နှံမှုများကို လျော့ပါးစေခဲ့ပါသည်။ ထို့အပြင် လက်ရှိကာလ အကျပ်အတည်းများကလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၏ စိုးရိမ်သတိရှိမှုကို ထပ်လောင်းခိုင်မာစေခဲ့ပါသည်။ သို့ရာတွင် ဥရောပကုမ္ပဏီအချို့က စိတ်တူကိုယ်တူ အာရှကုမ္ပဏီများ(ဂျပန်၊ တရုတ် စသည့်) နှင့်ပူးပေါင်း၍ ငွေကြေးစီးဆင်းမြှုပ်နှံမှုများတိုးမြှင့်ခြင်းဖြင့် ဆောက်လုပ်ရေးစီမံကိန်းများ လုပ်ဆောင်ခဲ့ကြပါသည်။

သမိုင်းကြောင်းအရ ပြည်တွင်းဈေးကွက်ဖော်ဆောင်သူများသည် ဆောက်လုပ်ရေးကဏ္ဍ၏ ထုတ်လုပ်မှုကွင်းဆက်ကို တွန်းအားပေးမောင်းနှင်ခဲ့ကြပြီးဖြစ်ပါသည်။ Globalization နှင့် ကမ္ဘာ့စီးပွားရေးဈေးကွက်အတွင်းသို့မြန်မာနိုင်ငံ၏တရွေ့ချင်း ပေါင်းစည်းဝင်ရောက်မှုက ပြည်တွင်းဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်ကို GCS အဖြစ်သို့ လွှမ်းမိုး၊ အသွင်ပြောင်းစေခဲ့ပါသည်။ ဥပမာ အားဖြင့် ပစ္စည်းနှင့်ဝန်ဆောင်မှု ဝယ်ယူရေးဆိုင်ရာ နိုင်ငံတကာ အလေ့အထများ၊ စံချိန်စံညွှန်းများ လက်ခံကျင့်သုံးလာခြင်းက ပြည်တွင်းကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်း လုပ်ကိုင်လာစေရန် နိုင်ငံတကာဈေးကွက် ဖော်ဆောင်သူများအား ဆွဲဆောင်နိုင်ခဲ့ကြောင်း ကန်ထရိုက်လုပ်ငန်းအချို့၏ ပြောကြားချက်များအရ သိရှိရပါသည်။ အဆိုပါ ဖက်စပ်လုပ်ငန်းများက နည်းပညာ၊ ပစ္စည်း၊ အလုပ်အကိုင်ခန့်ထားမှု၊ လုပ်ငန်းအကျိုးခံစားခွင့်များနှင့် OSH အပါအဝင် လုပ်ငန်းစဉ် အလေ့အထ၊ လုပ်ငန်းနည်းနစ်များ (Corporate Culture) ကို နိုင်ငံတကာလုပ်ငန်းများမှ မြန်မာကုမ္ပဏီများထံ ကူးပြောင်းစေနိုင်ခဲ့ပါသည်။ အပြန်အလှန်အားဖြင့် ဖက်စပ်လုပ်ငန်းလုပ်ကိုင်ခဲ့ကြသည့် ပြည်တွင်းကုမ္ပဏီများအနေဖြင့်လည်း ထိုကဲ့သို့ ဖက်စပ်လုပ်ကိုင်ခြင်းက ရရှိခဲ့သော အကျိုးရလဒ်များသည် မြန်မာနိုင်ငံ၏ စီးပွားရေး ပတ်ဝန်းကျင်၊ ပြည်တွင်းယဉ်ကျေးမှု၊ အလုပ်အကိုင်အခွင့်အလမ်းကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားများ၊ OSH များတွင် ပါဝင်သက်ရောက်လျက်ရှိသည် (သို့မဟုတ်) အဆိုပါ စနစ်များ ချို့ယွင်းလစ်ဟာမှုကြောင့် ဖြစ်ပေါ်နိုင်သော မြန်မာ့စီးပွားရေးလုပ်ငန်းနယ်ပယ်ရှိ နိုင်ငံခြား ကုမ္ပဏီများ/ရင်းနှီးမြှုပ်နှံသူများနှင့် ပက်သက်သော အသိအမြင်များကို မြင့်တက်လာစေခဲ့ပါ သည်။

မြန်မာနိုင်ငံ ဈေးကွက်အခင်းအကျင်းများတွင် နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်လုပ်ကိုင်ခြင်းသည် GCS၏ အစိတ်အပိုင်းတစ်ရပ် ဖြစ်သည့်အပြင် OSH စနစ်များ ပုံဖော်ရာတွင်လည်း အဓိကအခန်းမှ ပါဝင်ပါသည်။ ပြည်တွင်းပြည်ပ ဈေးကွက်ဖော်ဆောင်သူများနှင့်အတူ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်တစ်လျောက် မတူကွဲပြားသော လုပ်ငန်းလုပ်ကွက်အမျိုးမျိုးနှင့် စီမံကိန်းအခြေပြု လုပ်ငန်းဆက်စပ်မှုသဘာဝများက နောက်အခန်းများတွင် ဆွေးနွေးတင်ပြထားသည့်အတိုင်း မြန်မာနိုင်ငံ OSH အလေ့အထများ ဖော်ထုတ်သတ်မှတ်ရာတွင် အထောက်အကူပြုပါသည်။

---

[၃၂] Oxford Business Group (၂၀၂၀) မြန်မာနိုင်ငံ၏ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ ကြီးထွားလာစေရေးကို အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုက ထောက်မပေးနေပါသည်။ (၂၀၂၀) မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာလုပ်ငန်းကဏ္ဍ အကြောင်းအရာ https://oxfordbusinessgroup.com/overview/concrete-foundation-mega-projects-and-infrastructure-development-support-growth

[၃၃] World Bank (၂၀၁၂) ဆွေးနွေးညှိနှိုင်းမှုများ အနှစ်ချုပ်၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ကြားကာလမဟာဗျူဟာဆိုင်ရာ မှတ်ချက်မူကြမ်း။ ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ မူကြမ်း။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ ကမ္ဘာလုံးဆိုင်ရာ ထုတ်လုပ်မှုကွင်းဆက် (Global Supply Chain) ကို အစိုးရ၊ အများပိုင်အဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှု ဌာနများနှင့် ပုဂ္ဂလိကပိုင်ကုမ္ပဏီများ (မြန်မာနိုင်ငံနှင့် နိုင်ငံတကာအကျိုးတူ လုပ်ငန်းစုများ၊ စီးပွားရေးလုပ်ငန်းစု ကော်ပိုရေးရှင်းကြီးများ နှင့် ဖက်စပ်လုပ်ငန်းများ) က အောက်ပါတို့ကို တည်ဆောက်ဖော်ဆောင်ရမည့် ကမ္ဘာလုံးဆိုင်ရာစနစ်ဟု သတ်မှတ် ဖွင့်ဆိုနိုင်ပါသည်။

- လျှပ်စစ်စွမ်းအင်၊ သယ်ယူပို့ဆောင်ရေးကွန်ယက်များ၊ ကုန်စွည်နှင့် ပစ္စည်းများ (အထူးစီးပွားရေးဇုန်များ၊ စက်မှုဇုန်များ စသည်)၊သောက်သုံးရေ(ဆည်မြောင်းများနှင့်အခြားရေအသုံးချမှုများစသည်)၊စွန့်ပစ်ပစ္စည်းစီမံထိန်းချုပ်မှု၊သတင်းနှင့် ဆက်သွယ်မှုနည်းပညာ (ICT) စသည်တို့ တည်ဆောက်ထုတ်လုပ်ဖြန့်ဖြူးနိုင်မည့် အခြေခံအဆောက်အအုံများ
- လူနေအဆောက်အအုံများနှင့် စီးပွားရေးအဆောက်အအုံများ

၂.၂ အဆင့် (၁) ရွေးချယ်ခြင်း – အခြေခံအဆောက်အအုံနှင့် အဆောက်အအုံလုပ်ငန်းများအပေါ် ယှဉ်တွဲလေ့လာခြင်း

ဆောက်လုပ်ရေးလုပ်ငန်းများမှ ကုန်ပစ္စည်းများ၊ လူသုံးကုန်များ၊ အသုံးအဆောင်များ ထုတ်လုပ်နိုင်ရန်၊ နှင့် သုံးစွဲသူများ၊ လူမှုအသိုင်းအဝိုင်းများ၊ ရပ်ရွာဒေသများ၊ အဖွဲ့အစည်းများ၊ အစိုးရများ လိုအပ်သည့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန်အတွက် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံများဆောက်လုပ်ရန် လိုအပ်ပါသည်။[၁၄] ဆောက်လုပ်ရေးလုပ်ငန်း ထွက်ကုန်များကို ၎င်းတို့၏ ဒီဇိုင်းပုံစံ၊ လုပ်ငန်းတာဝန်နှင့် အသုံးပြုမှု အပေါ်မူတည်၍ ခွဲခြားသတ်မှတ်ထားပါသည်။ ၎င်းထွက်ကုန်များသည် ရောင်းလိုအားမောင်းနှင်ရာ ဈေးကွက်လိုအပ်ချက်(သို့မဟုတ်) ပုဂ္ဂိုလ်တဦး/ပုဂ္ဂိုလ်အချို့၊ လူမှုအသိုင်းအဝိုင်းများ၊ အဖွဲ့အစည်းများနှင့် (သို့မဟုတ်) အစိုးရများက ဖော်ဆောင်ထားသည့် ဈေးကွက်တောင်းဆိုချက်အရ ပေါ်ထွက်လာသည့် ရလာဒ်များဖြစ်ပါသည်။ ဈေးကွက်အခင်းအကျင်းဆိုင်ရာ ဆက်စပ်ချက်များအရ ဆောက်လုပ်ရေးလုပ်ငန်း ထွက်ကုန်များသည် အစိုးရများအပါအဝင် ဈေးကွက်ဖော်ဆောင်သူများ၏ ကိုယ်စွမ်းကိုယ်စ၊ ပင်ကိုအရည်အချင်း၊ တီထွင်ဖန်တီးမှုများမှ ပေါ်ထွက်လာသည့် အကျိုးဆက်ရလာဒ်များ ဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍကို စီမံကိန်းအမျိုးအစားအပေါ်မူတည်၍ စီးပွားရေး/ကုန်သွယ်ရေး လုပ်ငန်းဆိုင်ရာ၊ စက်မှုလုပ်ငန်းဆိုင်ရာ၊ အခြေခံအဆောက်အအုံဆိုင်ရာ၊ စွမ်းအင်နှင့် ဝန်ဆောင်မှုဆိုင်ရာ၊ အဖွဲ့အစည်းနှင့် လူနေအဆောက်အဦး ဆိုင်ရာ လုပ်ငန်းနယ်များအဖြစ် သတ်မှတ်ခွဲခြားထားလေ့ရှိပါသည်။[၁၅] ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ ဖော်ထုတ်ပြုစုရာတွင် သက်ဆိုင်ရာစီမံကိန်းနှင့် ဈေးကွက်အသီးသီးရှိ အလားသဏ္ဌာန်တူ လှုပ်ရှားတိုးတက်မှုများ၊ အဓိကပါဝင်ဖော်ဆောင်နေကြသူများနှင့်စပ်လျဉ်း၍ ထဲထဲဝင်ဝင် သိရှိနားလည်နိုင်စေရန်အတွက် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းနှင့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းဟူ၍ အမျိုးအစား (၂) ရပ်ခွဲခြားလေ့လာခဲ့ပါသည်။[၁၆] ဇယား (၃) တွင် ဖော်ပြထားသည့်အတိုင်း အဆိုပါအမျိုးအစားများတွင် လုပ်ငန်းကဏ္ဍ ကိုဖော်ပြသည့် သမရိုးကျ ဆောက်လုပ်ရေးစီမံကိန်း အမျိုးအစားများနှင့် အခြားစီမံကိန်း အမျိုးအစားများ ပါဝင်ပါသည်။ ဤသို့ အမျိုးအစားခွဲခြားမှုများသည် Vision Zero Fund အတွက် Starter Kit နည်းလမ်း၏ အဆင့် (၁) အရ နှိုင်းယှဉ် ရလာဒ်ထွက်ပေါ်နိုင်ခြေ ပိုမိုအလားအလာ ပိုမိုကောင်းမွန်ဖွယ်ရှိသည့် လုပ်ငန်းကဏ္ဍ (သို့မဟုတ်) GSCကို သတ်မှတ်ရွေးချယ်ရန် အကူအညီပေးနိုင်ပါမည်။

လူများ၊ ကုန်ပစ္စည်းများ၊ ပစ္စည်းများ ၊သတင်းအချက်အလက်များ၊ နည်းပညာများလည်ပတ်စီးဆင်းနိုင်စေရန်၊ လျှပ်စစ်စွမ်းအင် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရန်၊လိုအပ်သည့်အမိုးအကာ၊နေရာထိုင်ခင်းတို့ပြည့်စုံစေရန်အတွက်အဆောက်အအုံနှင့်အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ ပြောင်းလဲခြင်း၊ ပြုပြင်ခြင်းတို့ ပြုလုပ်ရပါသည်။

---

[၁၄] Mokhtariani, M., Sebt, M.H. နှင့် Davoudpour, H တို့ရေးသားသည့် “ဆောက်လုပ်ရေးလုပ်ငန်း စျေးကွက်ဖော်ဆောင်ခြင်း၊ ရည်ညွှန်းကိုးကားရန်မူ ဘောင် ဖော်ထုတ်ပြုစုခြင်း” (၂၀၁၇) မှ စာရေးသူများ၏ မှီငြမ်းချက် “မြို့ပြ/ဆောက်လုပ်ရေးအင်ဂျင်နီယာကဏ္ဍအတွင်းရှိ တိုးတက်ဖြစ်ထွန်းမှုများ (ဩဂုတ် ၂၃)”

[၁၅] တူညီသောမှီငြမ်းချက်

[၁၆] အဆောက်အအုံဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းနယ်ပယ် (၂) ရပ်လုံးကို ဤအစီရင်ခံစာတွင် “ဆောက်လုပ်ရေးကဏ္ဍ” ဟုပင် ရည်ညွှန်းခေါ်ဆိုထားပါသည်။

ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်း (၂) ရပ်တွင် ၎င်းတို့နှင့် သက်ဆိုင်ရာကိုယ်ပိုင် စွေးကွက်များစွာရှိပါသည်။ မြန်မာနိုင်ငံ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးကဏ္ဍကို လျှပ်စစ်စွမ်းအင်နှင့် စွမ်းအား၊ စက်မှုဇုန်များနှင့် စီးပွားရေးဇုန်များ၊ သယ်ယူပို့ဆောင်ရေး၊ ရေ နှင့် မိလ္လာ နှင့် ဆက်သွယ်ရေး လုပ်ငန်းနယ်ပယ်များအဖြစ် ခွဲခြားနိုင်ပါသည်။ အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းထွက်ကုန်များကို အဓိကစွေးကွက် (၄) ခု (လူနေအဆောက်အအုံ၊ စီးပွားရေးအဆောက်အအုံ၊ အဖွဲ့အစည်း (ဌာန) ဆိုင်ရာ အဆောက်အအုံ၊ ဘာသာရေး ဆိုင်ရာ အဆောက်အအုံ) အဖြစ် ခွဲခြားနိုင်ပါသည်။ သို့ရာတွင် အချို့သော အဆောက်အအုံစု (Complex Building) များတွင်မူ စွေးကွက်အမျိုးမျိုး ပါဝင်နိုင်ပါသည်။ ဥပမာအားဖြင့် Junction City အဆောက်အအုံတွင် လူနေအိမ်ရာများ၊ ရုံးများ၊ စွေးဆိုင်တန်းများနှင့် ကုန်တိုက်များ ပါဝင်ဖွဲ့စည်းထားပါသည်။

ဤလေ့လာသုံးသပ်ချက်အစီရင်ခံစာတွင် အသုံးပြုထားသည့် လုပ်ငန်းကဏ္ဍနှင့် စွေးကွက်အမျိုးအစားများကို ဇယား (၃) တွင် ဖော်ပြထားပါသည်။ ဇယား၏ညာဘက်တွင် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း (၂) ရပ်အတွင်းရှိ စီမံကိန်းအချို့ကို နမူနာအဖြစ် ဖော်ပြထားပါသည်။

ဇယား (၃) ဆောက်လုပ်ရေးစီမံကိန်း နမူနာများ ဖော်ပြချက်များနှင့် ၎င်းစီမံကိန်းများ ပါဝင်ရာ လုပ်ငန်းကဏ္ဍ နယ်ပယ် လုပ်ငန်းအမျိုးအစား၊ စွေးကွက်


လုပ်ငန်းကဏ္ဍ	လုပ်ငန်း	စွေးကွက်	ဖော်ပြချက်များ
ဆောက်လုပ်ရေး	အခြေခံအဆောက်အအုံ	စွမ်းအင်နှင့် စွမ်းအား	ကုန်းတွင်းနှင့် ကမ်းလွန် ရေနံစင်များ၊ ကျောက်မီးသွေးစက်ရုံများ၊ နေရောင်ခြည်သုံးနှင့် ရေအားသုံး လျှပ်စစ်စက်ရုံများ၊ ပြည်ဖြိုးမြဲအရင်းအမြစ်နှင့် ပြန်လည်အသုံးပြုနိုင်သည့် အရင်းအမြစ်များ အသုံးပြု လျှပ်စစ်စွမ်းအင် ထုတ်လုပ်၍ စွမ်းအင်အခြေခံအဆောက်အအုံများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများမှတစ်ဆင့် သိုလှောင်ဖြန့်ဖြူးရန်တည်ဆောက်ထားသည့်စက်ရုံများ
		စက်မှုဇုန်နှင့် စီးပွားရေးဇုန်များ	အထူးစီးပွားရေးဇုန်များသည် ဆက်လက်ဖွံ့ဖြိုးနေဆဲဖြစ်ပါသည်။ ရခိုင်ပြည်နယ် ကျောက်ဖြူ စက်မှုဇုန်၊ တန်သာရီတိုင်းဒေသကြီးတွင် ထားဝယ်စက်မှုဇုန်နှင့် ရန်ကုန် တိုင်းဒေသကြီးတွင် သီလဝါစက်မှုဇုန်စသည်တို့ဖြစ်ပါသည်။ စက်မှုဇုန် (၁၀၀) ကျော်ခန့် တည်ဆောက်လျက် (သို့) စီစဉ်ထားပြီးဖြစ်ပါသည်။ ဥပမာအားဖြင့် ကုလားတန် ဘက်စုံပို့ဆောင်ရေးစီမံကိန်း၊ မူဆယ် - မန္တလေး ရထားလမ်း၊ နယ်စပ်သုံးသွယ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ မြစ်ကြီးနားစီးပွားရေးဖွံ့ဖြိုးမှုဇုန်၊ (အေခါ - နန်ဂျင်း စက်မှုဇုန်၊ မန္တလေးဆိပ်ကမ်းစီမံကိန်း၊ မြို့သာစက်မှုစီမံကိန်း၊ သီလဝါ အထူးစီးပွားရေးဇုန်၊ ပုသိမ်စက်မှုမြို့တော်၊ မအူပင် စက်မှုဇုန် (စီစဉ်ထား)၊ ထန်းတပင်စက်မှုဇုန် (စီစဉ်ထား)၊ လှည်းကူး စက်မှုဇုန် (စီစဉ်ထား) စသည်တို့ဖြစ်ကြပါသည်။
		ပို့ဆောင်ရေး	မိုးပျံအဝေးပြေးလမ်းမကြီးများ၊ တံတားများ၊ ဒေသဆိုင်ရာ လေဆိပ်များ၊ ပင်လယ်ရေနက် ဆိပ်ကမ်းများ၊ ဆိပ်ကမ်းများ၊ ကုန်တင်ရထားလမ်းများ ၊ လူစီးရထားလမ်းများ၊ မြို့ပြသယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ၊ မြို့ပတ်ရထားလမ်းနှင့် အခြားသယ်ယူပို့ဆောင်ရေးအစီအစဉ်များ (ရေပေါ် တက်ဆီ) အပါအဝင် အဝေးပြေး ကားလမ်းများ၊ ရထားလမ်းများ (သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက် အအုံများမှာ ဥပမာအားဖြင့် ဆီမီးခုံ ဆိပ်ကမ်း၊ မန္တလေး ကုန်းတွင်းဆိပ်ကမ်း၊ ရန်ကုန် - မန္တလေးလမ်းဟောင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၊ မအူပင်-ဗျာပုံလမ်း ပြန်လည်တည်ဆောက်ရေးစီမံကိန်း၊ သာကေတ တံတားသစ်၊ ရန်ကုန်-ဒဂုံ မြစ်ကူးတံတား၊ ချင်းတွင်းတံတား၊ ရန်ကုန်လေဆိပ် ခန်းမဆောင် မန္တလေး ရထားလမ်း အဆင့်မြှင့်တင်မှု၊ ရန်ကုန်မြို့ပတ် မီးရထားလမ်းစီမံကိန်း၊ ရန်ကုန် မိုးပျံအမြန်လမ်း၊ ရန်ကုန်မြို့ အတွင်းပတ်လမ်းစီမံကိန်း

လုပ်ငန်းကဏ္ဍ	လုပ်ငန်း	စျေးကွက်	ဖော်ပြချက်များ
ဆောက်လုပ်ရေး	အခြေခံအဆောက်အအုံ	ရေနှင့် မိလ္လာ	မြို့ပြနှင့် ကျေးလက်ဒေသများရှိ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများနှင့် ပြည်သူများ အသုံးပြုသည့် ရေပေးဝေမှုနှင့် (မိလ္လာ) ရေဆိုးထုတ်စနစ်များ (ဥပမာ - ညောင်တုန်း မြို့အနီးရှိ ဧရာဝတီမြစ်ကမ်းပါး တိုက်စားခြင်းနှင့် မြစ်ကမ်းပါး ကာကွယ်ရေးစီမံကိန်း)
		ဆက်သွယ်ရေး	(Telco) ဆက်သွယ်ရေး တာဝါတိုင်များ၊ ဖိုင်ဘာကွန်ယက်များ၊ နော်ဝေမှ တယ်လီနော (M1 အုပ်စုသို့ ၂၀၂၁ ဇူလိုင်တွင် ရောင်းချခဲ့ပါသည်၊ ကာတာမှ အော်ရီဒူး၊ မြန်မာစာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး (ယခင်က)၊ မိုင်တဲ စသည့် ပင်လယ်ရေအောက် ဆက်သွယ်ရေးကေဘယ်များ တပ်ဆင်ရောင်းချသည့် နိုင်ငံတကာ ကုမ္ပဏီများ
	အဆောက်အအုံ	လူနေအိမ်ရာဆိုင်ရာ	ကွန်ဒိုမီနီယမ်များ၊ တာဝါအဆောက်အအုံများ၊ အိမ်ရာများ၊ တန်ဖိုးနဲအိမ်ရာများ၊ ပြည်သူပိုင်အိမ်ရာများ၊ လက်ကားစျေး ဆောက်လုပ်ရေးစီမံကိန်းများ အပါအဝင် အိမ်ရအဆောက်အအုံ စီမံကိန်းများ
		စီးပွားရေးလုပ်ငန်းဆိုင်ရာ	စက်ရုံနှင့် ကုန်ထုတ်လုပ်မှု အဆောက်အအုံများ၊ ရုံးများ၊ စျေးဆိုင်များ၊ ဝန်ဆောင်မှု ပေးသည့်လုပ်ငန်း အဆောက်အအုံများ၊ လူနေအိမ်ရာနှင့် ဧည့်ဝန်ဆောင် အဆောက်အအုံစီမံကိန်းများ၊ ပုဂ္ဂလိကပိုင် အိမ်ရာဆောက်လုပ်ရေးစီမံကိန်းများ (ဥပမာ - မင်းမမ္မဟိုတယ် ၉ (ဟိုတယ် Zealax)၊ Grand Park ဟိုတယ်)
		အဖွဲ့အစည်း/ဌာနဆိုင်ရာ	ကျောင်းများ၊ ဆေးရုံများ၊ လူမှုရေးအဆောက်အအုံများ၊ အကျဉ်းထောင်များ၊ အစိုးရရုံးများ၊ မြန်မာနိုင်ငံတွင် လက်ရှိဆောက်လုပ်နေသည့် အများပြည်သူဆိုင်ရာ ဧရာမ စီမံကိန်းကြီးများ
		ဘာသာရေးဆိုင်ရာ	ဘုရားစေတီများ၊ ခရစ်ယာန်ဘုရားကျောင်းများ၊ ဗလီများ၊ ဘုရားကျောင်းများ

၂.၃ အဆင့် (၂) ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက် အတွင်း အဓိကအချက်အလက်များ ဖော်ထုတ်သတ်မှတ် စီစဉ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ (စက်ဝန်း) လည်ပတ်သည့်အဆင့်များနှင့် သက်ဆိုင်ရာ ထုတ်လုပ်မှု ကွင်းဆက်များကို သိရှိနားလည်စေရန် လုပ်ငန်းနယ်ပယ်တိုင်းတာသတ်မှတ်မှု ကနဦးအစီအစဉ်များ ပြုလုပ်ခြင်းဖြင့် OSH ဆိုင်ရာ ဘေးအန္တရာယ်ကျရောက်နိုင်ခြေများ၊ ဌာနဆိုင်ရာနှင့် အဖွဲ့အစည်း ဆိုင်ရာအဆင့် အဟန့်အတား၊ အကန့်အသတ်များကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် လက်တွေ့ကျကာ ရေရှည်တည်တံ့၍ အံဝင်ခွင်ကျဖြစ်သော အစီအစဉ်များ ပေါ်ထွက်လာစေရန် အကဲဖြတ်သုံးသပ်မှုများ အလေးပြု လုပ်ဆောင်သင့်ပါသည်။ လုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက် အကဲဖြတ်ဆန်းစစ်မှု နယ်ပယ်တိုင်းတာ သတ်မှတ်ရေး ကနဦးလုပ်ငန်းစဉ်တွေ့ရှိချက်ရလာဒ်များကို ဇယား (၄) တွင် တင်ပြထားပါသည်။

ပုံ (၄) ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွင်း အဓိကအဆင့်များကို ဖော်ထုတ် သတ်မှတ်ထားခြင်း



ရှင်းလင်းချက် – One Planet Network (၂၀၂၀) “ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်ဆိုင်ရာ လုပ်ငန်းစဉ်များကို အကဲဖြတ်သုံးသပ်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်ကို သိရှိနားလည်ခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်ရာနေရာများကို ရှာဖွေဖော်ထုတ်ခြင်း”


ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ (စက်ဝန်း) လည်ပတ်သည့်အဆင့်များတွင် အဓိကလုပ်ငန်းအဆင့် (၇) ဆင့်ဖြစ်သည့် ၁) မြို့ပြနှင့် ကျေးလက် အဆောက်အအုံစီမံကိန်း အစီအစဉ်ချမှတ်သည့်လုပ်ငန်းစဉ် ၂) ဆောက်လုပ်ရေး စီမံကိန်း အကြို ကာလ လုပ်ငန်းစဉ် (သဘောထားအမြင် နှင့် အကဲဖြတ်ဆန်းစစ်သည့်အဆင့်) နှင့် ဖော်ဆောင်ရေး လုပ်ငန်းစဉ် (အကောင်အထည်ဖော်သည့်အဆင့်) ၃) အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဆောက်အအုံဒီဇိုင်းပုံစံ ရေးဆွဲသည့် အဆင့် ၄) အဆောက်အအုံ ဆောက်လုပ်သည့်အဆင့် ၅) အဆောက်အအုံလုပ်ငန်း လည်ပတ်၊ ဆောင်ရွက်၊ ထိန်းသိမ်း၍ ဆက်လက် ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်သည့်အဆင့် ၆) အဆောက်အအုံ ပြင်ဆင်မွမ်းမံသည့်အဆင့်နှင့် ဖြိုဖျက်သည့်အဆင့် ၇) ဖြိုဖျက်ပြီးသည့် အဆောက်အအုံကို ဖယ်ရှားရှင်းလင်း၊ စွန့်ပစ်၊ ပြန်လည်အဆင့်မြှင့်အသုံးပြုသည့်အဆင့်တို့ ပါဝင်ပါသည်။ အဆိုပါလုပ်ငန်းအဆင့်တစ်ခုချင်းစီတွင် လုပ်ငန်းကောင်းစွာလည်ပတ်နိုင်မည့် အဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများ ပေါ်ထွက်လာစေရန်အတွက် လုပ်ငန်းလုပ်ကွက်တာဝန်များ၊ ထွက်ကုန်များ၊ ဝန်ဆောင်မှုများကို စီမံခန့်ခွဲခြင်း၊ ချိတ်ဆက်ညှိနှိုင်းခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း စသည့်လုပ်ငန်းတာဝန်များ ပါဝင်ပါသည်။[၁၇]

ထို့အပြင် ဖော်ပြပါအဆင့်တစ်ခုချင်းစီသည် OSH ဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် အဓိကအခန်းမှ ပါဝင်နေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း အမှန်တကယ်စတင်ဆောင်ရွက်သည့် အဆင့် (အဆင့် ၄) သည် မြန်မာနိုင်ငံတွင် OSH စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်နှင့် အခွင့်အလမ်းအများဆုံး အဆင့်ဖြစ်ကြောင်း ဈေးကွက်ဖော်ဆောင်သူများနှင့်ပြုလုပ်ခဲ့သည့် ကနဦးအချက်အလက်ရှာဖွေစုဆောင်းမှုနှင့် တိုင်ပင်ဆွေးနွေးပွဲရလာဒ်များနှင့် ၎င်းတို့၏ထောက်ပြချက်များအရသိရှိရပါသည်။ ထို့အပြင် အဆောက်အအုံ ဆောက်လုပ်သည့် အဆင့် (အဆင့် ၄) သည် Vision Zero Fund မြန်မာမှ ဆောက်လုပ်ရေးကဏ္ဍရှိ အလုပ်သမားအများအပြားအတွက် OSH ဆိုင်ရာစနစ်များ တိုးတက်လာစေရန် ဆောင်ရွက်ရာတွင် အထူးအရေးပါသော အဆင့်ဖြစ်ကြောင်းကိုလည်း ဈေးကွက်ဖော်ဆောင်သူများက ထောက်ပြခဲ့ကြပါသည်။ ဈေးကွက်ဖော်ဆောင်သူများသည် စီမံကိန်း

[၁၇] One Planet Network (၂၀၂၀) “ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်ဆိုင်ရာ လုပ်ငန်းစဉ်များကို အကဲဖြတ်သုံးသပ်ခြင်း ၊ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်ကို သိရှိနားလည်ခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်ရာနေရာများကို ရှာဖွေဖော်ထုတ်ခြင်း” https://www.oneplanetnetwork.org/sites/default/files/value_chain_analysis_construction_-_draft_201210_-_for_inputs.pdf

လုပ်ငန်း အစီအစဉ်သတ်မှတ်ခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ဖြိုဖျက်ခြင်း အစီအစဉ်များနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းများကိုပင် အထက်အောက် အဆင့်ဆင့်ပုံစံဖြင့် ထည့်သွင်း၊ ပေါင်းစပ်လုပ်ကိုင်နေကြသည်ကို မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက် ဆန်းစစ်လေ့လာသုံးသပ်မှု ကနဦးတွေ့ရှိချက်များက ဖော်ပြနေကြပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ဤလေ့လာသုံးသပ်မှုလုပ်ငန်းစဉ်တွင် ဆောက်လုပ်ရေးလုပ်ငန်း အမှန်တကယ်လုပ်ဆောင်နေသည့်အဆင့် (အဆင့် ၄) ကိုသာ ဦးတည်ထားပါသည်။

ပုံ (၅) ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာအကဲဖြတ်သုံးသပ်မှု ပြုလုပ်ရာတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်သည့် ဆောက်လုပ်ရေး လုပ်ငန်းစဉ် အဆင့်များ



ရိုင်းမ်းချက် – စာရေးသူများ ၊ (၂၀၂၁) ILO (၂၀၁၇) ဆောက်လုပ်ရေးလုပ်ငန်းခွင် စစ်ဆေးမှုများ ပြုလုပ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်း ထုတ်လုပ်မှုကွင်းဆက်သည် ပစ္စည်းကိရိယာများ၊ အထူးဝန်ဆောင်မှုများနှင့် အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်တင်သွင်းဖြန့်ဖြူးနိုင်ရန်အတွက် (သဘာဝသယံဇာတ) တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းနှင့်လည်း အပြန်အလှန် ချိတ်ဆက်ထားပါသည်။ ဤထုတ်လုပ်မှုကွင်းဆက်ကို ပုံ (၃)၏ အောက်ဘက်ပိုင်းတွင်ဖော်ပြထားပါသည်။


သဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့်၊ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းကဏ္ဍများသည် အခြားမတူညီသည့် လုပ်ငန်းနယ်ပယ် များအောက်တွင် ရှိသည့်အတွက် ဤလေ့လာသုံးသပ်မှုနယ်ပယ်မှ ချန်လှပ်ထားခဲ့ပါသည်။ အလားတူပင် ဆောက်လုပ်ရေးလုပ်ငန်း အသုံးအဆောင်ပစ္စည်း ထုတ်လုပ်မှုကွင်းဆက်သည်လည်း အသုံးအဆောင်ပစ္စည်းဈေးကွက် (ဥပမာ – လျှပ်စစ်ပစ္စည်းများ) နှင့် ပိုမိုဆက်စပ်သည့် အတွက် ချန်လှပ်ထားခဲ့ပါသည်။ သို့ရာတွင် ဆောက်လုပ် ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများ ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် လက်လီလက်ကား ဖြန့်ချီ သည့်လုပ်ငန်းကိုမူ လုပ်ငန်းပမာဏ အများအပြားကိုင်တွယ်ဆောင်ရွက်နေရသည့် အလုပ်သမားများအတွက် OSH ဆိုင်ရာ ဘေးအန္တရယ်များ ကြိုတင်ကာကွယ်ရေးနှင့် လျော့ချရေးစနစ်များ၊ စီမံချက်များ ရှာဖွေဖော်ထုတ်ရာတွင် လုပ်ငန်းကွင်းဆက်အတွင်း စတင်ဝင်ရောက်ရာ စမှတ်များအဖြစ် သတ်မှတ်ရွေးချယ်ထားသောကြောင့် ဆန်းစစ်လေ့လာသုံးသပ်မှုတွင် ထည့်သွင်းထားပါသည်။ “ဆောက်လုပ်ရေးလုပ်ငန်းများတွင် ထည့်သွင်းအသုံးပြုရသည့် ပစ္စည်းများ (ဥပမာ – ဘိလပ်မြေ၊ အုတ် စသည်) သည် မည်သည့် အရွယ်အစား၊ တည်နေရာတွင်ဖြစ်စေ လုပ်ငန်းခွင်ဘေးအန္တရာယ်ကို ဖြစ်ပေါ်စေနိုင်သည်” ဟု OSH ဆိုင်ရာ ညီလာခံသဘောတူညီချက် (၁၉၈၁) အမှတ် (၁၅၅)၊ ဥပဒေပုဒ်မ (၁၂) အရ သတ်မှတ်ပြဋ္ဌာန်းထားသောကြောင့် ဤသို့ထည့်သွင်းရွေးချယ်မှုသည် အဆိုပါသတ်မှတ်ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိပါသည်။ လက်လီလက်ကား ရောင်းဝယ်သူများမှ တင်သွင်းသည့် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ ဘေးအန္တရာယ်အချို့ (ဥပမာ – အမှုန်အမွှား နှင့် အခိုးအငွေ့များ) နှင့် ဆက်စပ်နေသောကြောင့် ၎င်းပစ္စည်းများကိုလည်း ဆောက်လုပ်ရေးလုပ်ငန်း အမှန်တကယ် ဖော်ဆောင်သည့်အဆင့်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပေါင်းစပ်ထည့်သွင်းထားပါသည်။

လက်သုံးကိရိယာများနှင့် စွမ်းအင်သုံးကိရိယာများအပါအဝင် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် စက်ကိရိယာများသည်လည်း လုပ်ငန်းခွင်ဘေးအန္တရာယ်ကို ပေါ်ပေါက်စေနိုင်ပါသည်။ (ဥပမာ–အကာအရံမရှိသည့် ဓာတ်အားသုံး/စွမ်းအင်သုံး ကိရိယာများ) ထို့အတူ အရာဝတ္ထုပစ္စည်းများ ပင့်မြှောက်မချို၊ ရွှေ့ပြောင်းသယ်ဆောင်ရာတွင် အသုံးပြုသည့် စက်ယန္တရားကြီးများ၊ စက်တပ်ယာဉ်အချို့ (ဥပမာ – ထရပ်ကားများနှင့် ဝန်ချီစက်များ) သည်လည်း အလုပ်သမားများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအပေါ်တွင် သိသာထင်ရှားသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ကျရောက်နိုင်စေပါသည်။

၂.၃.၁ တန်ဖိုးအားကွင်းဆက် ဖွဲ့စည်းတည်ဆောက်ပုံ

အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက် ဖော်ဆောင်သူများကို ရှာဖွေ၊ ဖော်ထုတ်၊ သတ်မှတ်ခြင်းကို သက်ဆိုင်ရာအချက်အလက်များအပေါ် စစ်ဆေးသုံးသပ်မှုများ၊ ၂၀၂၀ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလ အတွင်း ပါဝင်ပတ်သက်ဖော်ဆောင်သူများနှင့်ပြုလုပ်ခဲ့သည့် ပဏာမအကြိုမေးမြန်းဆွေးနွေးမှုများ၊ အချက်အလက်ရှာဖွေစုဆောင်းခြင်းများ၊ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုများအပေါ်အခြေပြု၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်ကို ခြုံငုံဖော် ပြထားသည့် ပုံ (၆) တွင် ဆောက်လုပ်ရေးလုပ်ငန်းစဉ်းကွက် အဓိကဖော်ဆောင်သူများကို အမျိုးအစား (၄) မျိုး ခွဲခြားပြထားပါသည်။

ပုံ (၆) တန်ဖိုးအားကွင်းဆက် ဖွဲ့စည်းတည်ဆောက်ပုံ



ထုတ်ကုန်များ	စီမံကိန်းဖော်ဆောင်ရေး အစီအစဉ် ဥပဒေကြောင်းရာမူဘောင် လုပ်ငန်းဖွဲ့စည်းပုံ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်	အခြေခံအဆောက်အအုံ အဆောက်အအုံ	အခြေခံအဆောက်အအုံ အဆောက်အအုံ
အရွယ်အစား	ဝန်ကြီးဌာနများ/ဦးစီးဌာနများ အထူးစီးပွားရေးဇုန် အဓိကဖော်ဆောင်သည့် ကုမ္ပဏီ (၃) ခု အိမ်ရာစီမံကိန်း အဓိက ဖော်ဆောင်သည့် ကုမ္ပဏီ (၉) ခု ရင်းနှီးမြှုပ်နှံသူ (၁,၀၀၀) ခန့် စီမံကိန်းဖော်ဆောင်သူ (၁၀၀) ခန့်	အဓိကစီးပွားရေးလုပ်ငန်းစု (၂၀) ခန့် နိုင်ငံခြားကုမ္ပဏီ (၂၀၀) ခန့် ဖက်စပ်လုပ်ငန်း (၁၂) ခု အငယ်စားနှင့် အလတ်စား လုပ်ငန်း ထောင်ဂဏန်းခန့် အလုပ်သမား (၁) သန်းခန့်	အဆုံးသတ် အသုံးပြုသူ (၅၃) သန်း မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြီး ကုမ္ပဏီ (၆၈,၀၀၀) ခန့်
လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုများ	စီမံကိန်းအစီအစဉ် သတ်မှတ်ခြင်း စီမံကိန်းဒီဇိုင်းပုံစံ သတ်မှတ်ခြင်းနှင့် ရေးဆွဲခြင်း စီမံကိန်း လျာထားငွေ သတ်မှတ်ခြင်း/ငွေကြေးစိုက်ထူခြင်း လုပ်ငန်းသဘောတူစာချုပ် စီစဉ်ကြီးကြပ်ခြင်း	စီမံကိန်းအစီအစဉ် သတ်မှတ်ခြင်း စီမံကိန်းဒီဇိုင်းပုံစံ သတ်မှတ်ခြင်းနှင့် ရေးဆွဲခြင်း စီမံကိန်း လျာထားငွေ သတ်မှတ်ခြင်း/ငွေကြေးစိုက်ထူခြင်း လုပ်ငန်းခွင်ပြင်ဆင်ခြင်းနှင့် အုတ်မြစ်ချခြင်း အထက်ပိုင်းအဆောက်အအုံနှင့် အဆောက်အအုံမျက်နှာစာ၊ အဆောက်အအုံ အတွင်းပိုင်း ဆောက်လုပ်ခြင်း	လျှပ်စစ်ထုတ်လုပ်ခြင်း ဓာတ်သတ္တုတူးဖော်ထုတ်လုပ်ခြင်း ကူးသန်းရောင်းဝယ်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အိမ်ရာနှင့် စီးပွားရေး လုပ်ငန်းများ

မှီငြမ်းချက် – ပုံနှိပ်စာစောင်များ၊ အင်တာနက်မှ အချက်အလက်အစုများ (ဆောက်လုပ်သူလမ်းညွှန်၊ စီမံကိန်းဘဏ်) ၊ IFI များ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ် စသည်) ၏ အစီရင်ခံစာများ၊ အစိုးရနှင့် အခြား စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေ ထိန်းသိမ်းကြီးကြပ်ရေးအဖွဲ့များ၏ ထုတ်ပြန်ကြေညာမှုများ (မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတ်မှတ်ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ စသည်)

၂.၃.၂ ဈေးကွက်စီးဆင်းရာ လမ်းကြောင်းများ

“ဈေးကွက်စီးဆင်းမှုလမ်းကြောင်းတစ်ခု” ဟူသည်ကို ထွက်ကုန် (ကုန်စည်) နှင့် ဝန်ဆောင်မှုများ ရယူအသုံးပြု၊ နေရာချစီစဉ်ရာတွင် စားသုံးသူများ၏ တုန့်ပြန်ချက်၊ မျှော်လင့်ချက် သဘောထားများကို ဖော်ဆောင်ပေးသည့် အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှု အခင်းအကျင်းတစ်ရပ်အဖြစ် သတ်မှတ်ဖွင့်ဆိုနိုင်ပါသည်။[၁၈] ဤဆန်းစစ်လေ့လာသုံးသပ်မှုများအရ အစိုးရများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စီမံကိန်းဖော်ဆောင်သူများအနေဖြင့် ဇယား အမှတ် (၄) တွင် တင်ပြထားသည့်အတိုင်း ဈေးကွက်စီးဆင်းမှုလမ်းကြောင်းများကို အသုံးပြု၍ ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်နိုင်ပါသည်။ လုပ်ငန်းအပ်နှံသူများမှ ငွေကြေးပံ့ပိုး၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးပါသည်။ လုပ်ငန်းအပ်နှံသူများသည် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ စီမံကိန်းများ ဆောက်လုပ်အပ်နှံရန် အတွက်သာမက လုပ်ငန်းအစီအစဉ်ချမှတ်ရန်၊ ဒီဇိုင်းပုံစံရေးဆွဲရန်၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ရန်တို့အတွက်ပါ ဈေးကွက်ဖော်ဆောင်သူတို့နှင့် လုပ်သဘောတူစာချုပ်ချုပ်ဆို ဆောင်ရွက်လေ့ရှိပါသည်။ ဖော်ထုတ်သတ်မှတ်ထားသည့် ဈေးကွက်စီးဆင်းရာလမ်းကြောင်း (၁၄) ခုအပြင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများတွင် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ငွေကြေးမတည် ဖော်ဆောင်ပေးမည့် အစီအစဉ်များ၊ လုပ်ငန်းစုကော်ပိုရေးရှင်းပုံစံနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံ အမြောက်အများကို ချဉ်းကပ်ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေးလမ်းကြောင်းများ ရှိကြပါသည်။

ဇယား (၄) ဆောက်လုပ်ရေးလုပ်ငန်းဈေးကွက် ပင်မလမ်းကြောင်းများ

နိုင်ငံသား	#	လုပ်ငန်းအပ်နှံသူများ	ဈေးကွက်ဖော်ဆောင်သူများ
နိုင်ငံခြား (သို့) မြန်မာ (သို့) ဖက်စပ်	၁	အစိုးရ	၁။ အစိုးရ ၂။ မြန်မာစီးပွားရေးလုပ်ငန်းစုများ ၃။ နိုင်ငံခြားပိုင် ကုမ္ပဏီများ ၄။ ဖက်စပ် ကုမ္ပဏီများ ၅။ မြန်မာ ကုမ္ပဏီများ
	၂	စီမံကိန်းဖော်ဆောင်သူ	
	၃	ရင်းနှီးမြှုပ်နှံသူ	

မူရင်း – စာရေးသူများ (၂၀၂၁)

အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ ဆောက်လုပ်သည့် စီမံကိန်းများတွင် အသုံးပြုသည့် ကော်ပိုရိတ် လုပ်ငန်းစုပုံစံများ၊ အစိုးရ – ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများ နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာဖွဲ့စည်းပုံများတွင် အဆိုပါ စီမံကိန်း၏ ဥပဒေကြောင်းရာနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ စီစဉ်တည်ဆောက်ပုံများ၊ စီမံကိန်းအရွယ်အစားနှင့် စီမံကိန်း လုပ်ငန်းသဘာဝ အပေါ်မူတည်၍ တစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အစိုးရဌာန (သို့မဟုတ်) အဖွဲ့အစည်းများ၊ စီမံကိန်းဖော်ဆောင်သူနှင့် ရင်းနှီးမြှုပ်နှံသူများ ပါဝင်နိုင်ပါသည်။ အဆိုပါ လုပ်ငန်းပုံစံများ/ဖွဲ့စည်းပုံများတွင် DFI လည်း ပါဝင်နိုင်ပါသည်။

ဆောက်လုပ်ရေးစီမံကိန်းကြီးများ ဖော်ဆောင်ရာတွင် အသုံးအများဆုံး ကော်ပိုရိတ်လုပ်ငန်းစုနှင့် စီမံအုပ်ချုပ်မှုပုံစံအရပါဝင်သည့် ကုမ္ပဏီများအနေဖြင့် အကျိုးတူပူးပေါင်းထားသည့် လုပ်ငန်းစုနှင့် တစ်ခု (သို့) တစ်ခုထက်ပိုသော နိုင်ငံခြားကုမ္ပဏီများအကြား ဖက်စပ်လုပ်ငန်းတစ်ရပ် ဖွဲ့စည်းလုပ်ကိုင်ကြခြင်းဖြစ်ပါသည်။ ဖက်စပ်လုပ်ငန်းများတွင် အစိုးရများလည်း ပါဝင်နိုင်ပါသည်။

အများပြည်သူဆိုင်ရာ စီမံကိန်းကြီးများနှင့် ဧရာမ စီမံကိန်းကြီးများ ဆောက်လုပ်ရာတွင် ပြည်ထောင်စု အစိုးရနှင့် ကုမ္ပဏီများအနေဖြင့် အစိုးရ – ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုပုံစံများတွင်ပါဝင်သည့် ပုဂ္ဂလိက လုပ်ငန်းများမှ ငွေကြေးထည့်ဝင်၊ ပုံစံရေးဆွဲ၊

[၁၈] Pelton, L.E., Strutton, D. နှင့် Lumpkin, J.R. (၂၀၀၁) “ဈေးကွက်လမ်းကြောင်းများ ၊ ချိတ်ဆက်စီမံဆောင်ရွက်မှုနည်းလမ်းတစ်ရပ်” Edinburgh: Edinburgh Business School, Heriot-Watt University.

တည်ဆောက်၊ ပိုင်ဆိုင်၊ လုပ်ငန်းလည်ပတ်ခွင့်ရှိသည့် (BOT) စနစ်ကို ပိုမို အသုံးပြုလာကြပါသည်။[၁၉] ကုမ္ပဏီ၏ မူဝါဒများ၊ စီမံအုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံများ၊ ဥပဒေကြောင်းရာ မူဘောင်များနှင့် ငွေကြေးရင်းမြစ်များသာမက ကုမ္ပဏီတွင်း ဆက်ဆံမှုနှင့် ဆက်သွယ်ဆောင်ရွက်မှု ပုံစံများက ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း OSH စနစ်များ ဆက်စပ်လွှမ်းခြုံ၊ ချဉ်းကပ်ဆောင်ရွက်မှုအပေါ် သက်ရောက်စေပါသည်။ ဥပမာအားဖြင့် ဖက်စပ်လုပ်ငန်းတွင်ပါဝင်သည့် ကုမ္ပဏီနှစ်ခုတွင် ကွဲပြားခြားနားသည့် OSH စီမံခန့်ခွဲမှုစနစ်များရှိခြင်း (သို့) ကုမ္ပဏီနှစ်ခုအနက် ကုမ္ပဏီတစ်ခုတွင် OSH စီမံခန့်ခွဲမှုစနစ် ရှိသော်လည်း ကျန်ကုမ္ပဏီတွင် OSH စီမံခန့်ခွဲမှုစနစ်မရှိသည့် အခြေအနေများ ဖြစ်ပေါ်နိုင်ပါသည်။ OSH စနစ်များနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်မှုနှင့် ချိတ်ဆက်ညှိနှိုင်းမှု ကင်းမဲ့ခြင်း၊ ကော်ပိုရိတ်လုပ်ငန်းစု အလေ့အထများ ကွဲပြားခြားနားခြင်းတို့ကို မြန်မာနိုင်ငံတွင် အဓိကရင်ဆိုင်နေရသည့် စိန်ခေါ်မှုတစ်ရပ်အဖြစ် နိုင်ငံခြားကန်ထရိုက်ကုမ္ပဏီများက ကြိမ်ဖန်များစွာ ရည်ညွှန်းပြောဆို လေ့ရှိကြပါသည်။ အဆိုပါ စိန်ခေါ်မှုများက တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းများထံသို့လည်း ဆက်လက်ပြန့်ပွားသွားပါသည်။[၂၀]

ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်း၏ လိုအပ်ချက်၊ အရွယ်အစား၊ တန်ဖိုး၊ ရှုပ်ထွေးမှုနှင့် လုပ်ငန်းစဉ်ပြီးမြောက်မှု အဆင့်အပေါ်မူတည်၍ စီမံကိန်းစီမံအုပ်ချုပ်မှုဆိုင်ရာ ဖွဲ့စည်းပုံများ အချိန်နှင့်အမျှ အဆင့်ဆင့်တိုးတက်ပြောင်းလဲနိုင်ပါသည်။ ဥပမာအားဖြင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်သည် မူလအစက တရုတ်နှင့် မြန်မာအစိုးရများအကြား သဘောတူဆောင်ရွက်သည့် စီမံကိန်းတစ်ခုဖြစ်သော်လည်း နောင်တွင် စီမံကိန်းဖော်ဆောင်သူ ပုဂ္ဂလိကကုမ္ပဏီတစ်ခုထံ လွှဲပြောင်း၍ ဖက်စပ်လုပ်ငန်းတစ်ခုနှင့် သဘောတူစာချုပ် ချုပ်ဆိုခဲ့ပါသည်။ ဤသို့သော အပြောင်းအလဲများသည်လည်း OSH စနစ်အပေါ် သက်ရောက်မှုရှိနိုင်ပါသည်။ ဤနမူနာအရ မြန်မာအစိုးရသည် ပထမပိုင်းတွင် စီမံကိန်းဖော်ဆောင်သူနှင့် စီမံကိန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ပြဋ္ဌာန်းသူဖြစ်သော်လည်း နောင်တွင် စီမံကိန်းသဘောတူစာချုပ် ကြီးကြပ်စီစဉ်သူ ဖြစ်လာခဲ့ပါသည်။ ဤသို့ အစိုးရ၏ စီမံကိန်းဆိုင်ရာ အခန်းကဏ္ဍအပြောင်းအလဲက စီမံကိန်းတွင်ပါဝင်သည့် ဈေးကွက်ဖော်ဆောင်သူအမျိုးမျိုး၏ တာဝန်ယူမှုတာဝန်ခံမှု အတိုင်းအတာအပေါ်တွင်လည်း ရိုက်ခတ်သက်ရောက်စေပါသည်။ ထို့အတူပင် အစိုးရနှင့် ဖက်စပ်လုပ်ငန်းကုမ္ပဏီတို့၏ OSH စနစ်အပေါ် ချဉ်းကပ်ဆောင်ရွက်ပုံ နည်းစနစ်များသည်လည်း ကွဲပြားခြားနားဖွယ် ရှိသည့်အတွက် စီမံကိန်းဖွဲ့စည်းအုပ်ချုပ်ပုံကလည်း OSH စနစ်အပေါ် သက်ရောက်စေပါသည်။

ရင်းနှီးမြှုပ်နှံသူများသည်လည်း စီမံကိန်းဖော်ဆောင်သူများ (သို့မဟုတ်) အပြန်အလှန် ဖြစ်နိုင်သည်ကို သတိချပ်ရန် လိုအပ်ပါသည်။ ရင်းနှီးမြှုပ်နှံသူများသည် အထူးစီးပွားရေးဇုန် (SEZ) (သို့) စက်မှုဇုန်များတွင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေသည့် ဆောက်လုပ်ရေးပစ္စည်း ထုတ်လုပ်ရေး ကုမ္ပဏီများလည်း ဖြစ်နိုင်ပါသည်။ မြန်မာအစိုးရအနေဖြင့်လည်း အစိုးရပိုင်စီးပွားရေးလုပ်ငန်း (SOE) တစ်ခုမှ တစ်ဆင့် အခြားအစိုးရတစ်ရပ်နှင့်ဖက်စပ်လုပ်ငန်း လုပ်ကိုင်နိုင်ပါသေးသည်။

စီမံကိန်း စီစဉ်ဖွဲ့စည်းပုံများသည် သမားရိုးကျပုံစံ၊ သမားရိုးကျမဟုတ်သည့်ပုံစံ (သို့) ပုံစံနှစ်ရပ်စလုံး ဖြစ်နိုင်၍ OSH စနစ်များ၊ အလေ့အထများအပေါ်တွင် တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိနိုင်ပါသည်။ စီမံကိန်းလုပ်ငန်းစဉ်တွင်ပါဝင်သည့် အစိုးရအဖွဲ့အစည်းနှင့် ဌာန၊ ဈေးကွက်ဖော်ဆောင်သူ အရေအတွက်နှင့် အဆိုပါ ဈေးကွက်ဖော်ဆောင်သူများအကြား လုပ်ပိုင်ခွင့်အာဏာအားပြိုင်မှုများကလည်း OSH စနစ်များ၊ အလေ့အထများအပေါ်တွင် သြဇာသက်ရောက်နိုင်ပါသည်။

OSH စနစ်ဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလမ်းများသည် ဆောက်လုပ်ရေးကုမ္ပဏီ၏ မူရင်းနိုင်ငံ အပေါ်မူတည်၍လည်း ကွဲပြားခြားမှု ရှိနိုင်ပါသည်။ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်နှင့် အခြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကုမ္ပဏီအဖွဲ့အစည်းများသည် ၎င်းတို့နိုင်ငံ၏ စံချိန်စံညွှန်းများနှင့်အညီ OSH စနစ်များကို ချဉ်းကပ်ဆောင်ရွက်လေ့ရှိကြပါသည်။ OSH စနစ်များနှင့် စပ်လျဉ်းသည့် အဓိကအရေးပါသည့် အချက်များအနက် ပုတ်ပြတ်အလုပ်သမားများ အပါအဝင် သမားရိုးကျပုံစံနှင့် သမားရိုးကျပုံစံမဟုတ်သည့် တစ်ဆင့်ခံ ကန်ထရိုက်တာများ (အဆင့် ၁၊ ၂၊ ၃ နှင့် ၄) ဈေးကွက်စီးဆင်းရာ လမ်းကြောင်း အသီးသီးတွင် ပျံ့နှံ့တည်ရှိနေပုံကို ဇယား (၄) တွင်ဖော်ပြထားပါသည်။

အစိုးရများ၊ စီမံကိန်းဖော်ဆောင်သူများ နှင့် ရင်းနှီးမြှုပ်နှံသူများသည် နယ်မြေဒေသဆိုင်ရာ သံတမန်ရေးရာ၊ မဟာဗျူဟာဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ ရည်မှန်းချက်များကို ထပ်တူညီစွာ ဖြည့်ဆည်းနိုင်စွမ်းရှိသည့် ကော်ပိုရိတ်လုပ်ငန်းစုများ၊ လုပ်ငန်းလည်ပတ်ရေးနှင့် ငွေကြေးစိုက်ထူရေး အစီအစဉ်ဆိုင်ရာ အဖွဲ့အစည်း အများအပြားကို ချဉ်းကပ်ဆောင်ရွက်နိုင်သည့် ဆက်သွယ်ရေး

---

[၁၉] BOT သည် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများ (PPPs) မှတစ်ဆင့် ကြီးမားသည့် အခြေခံအဆောက်အအုံစီမံကိန်းကြီးများအတွက် ငွေကြေး မတည်နိုင်ရန် အသုံးပြုသည့် လုပ်ငန်းသဘောတူစာချုပ်ပုံစံတစ်မျိုးဖြစ်ပါသည်။ အဆိုပါ လုပ်ငန်းသဘောတူညီမှုပုံစံအရ ဒေသဆိုင်ရာ အစိုးရအဖွဲ့စည်းနှင့် အစိုးရအဖွဲ့အစည်းက သက်ဆိုင်ရာစီမံကိန်း စဦး တည်ဆောက်ခွင့်နှင့် လုပ်ငန်းလည်ပတ်ခွင့်ကို ပုဂ္ဂလိကကုမ္ပဏီတစ်ခုအားပေးအပ်ပါသည်။ သတ်မှတ်ကာလ ပုံမှန်အားဖြင့် နှစ် ၂၀ (သို့) နှစ် ၃၀ ကြာပြီးနောက် အဆိုပါလုပ်ငန်းအပေါ် စီမံဆောင်ရွက်ခွင့်ကို အစိုးရအဖွဲ့အစည်းထံ ပြန်လည်အပ်နှံရပါသည်။

[၂၀] အုပ်စုလိုက်ဆွေးနွေးပွဲများနှင့် နိုင်ငံခြားကုမ္ပဏီများနှင့် တိုင်ပင်ညှိနှိုင်းမှုများမှတစ်ဆင့် သိရှိရပါသည်။


လမ်းကြောင်းများ ရှိကြပါသည်။ စီမံကိန်းဖော်ဆောင်သူများသည် အမျိုးမျိုး၊ အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အစီအစဉ်များမှတစ်ဆင့် လျှပ်စစ်စွမ်းအင် ဖြန့်ဖြူးမှု တိုးမြှင့်နိုင်မည့် (သို့) ပြည်သူပိုင်/ပုဂ္ဂလိကပိုင် ငွေလုံးငွေရင်းများ မြှင့်တင်နိုင်မည့် စီမံကိန်းများကို အကောင်အထည် ဖော်နိုင်စွမ်း ရှိပါသည်။ ဗြိတိသျှ ဗာဂျင်ကျွန်း နှင့် ကေမန်ကျွန်းစုများမှ လာရောက်သည့် FDI စီမံကိန်း အမြောက်အများသည် ထိုသို့သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအစီအစဉ်များ၏ သာဓကတစ်ရပ်ပင် ဖြစ်ပါသည်။ အဆိုပါ (ရင်းနှီးမြှုပ်နှံမှု အစီအစဉ်များ၏) ရည်မှန်းချက်နှင့် လုပ်ထုံးလုပ်နည်း (လုပ်ငန်းယန္တရား) များကို အသေးစိတ်စူးစမ်းလေ့လာခြင်းသည် ဤလေ့လာသုံးသပ်မှုအစီရင်ခံစာ လုပ်ငန်းနယ်ပယ်ပြင်ပတွင် ရှိသော်လည်း ၎င်းအကြောင်းအရာများကို နိုင်ငံအသီးသီးမှ အစိုးရများနှင့် ဈေးကွက်ဖော်ဆောင်သူ အများအပြား၊ ရှုတ်ထွေး၍ စီမံအုပ်ချုပ်မှုဖွဲ့စည်းပုံ အမျိုးမျိုးနှင့် ကော်ပိုရိတ်လုပ်ငန်းစု အမျိုးမျိုးပါဝင်သည့် ဆောက်လုပ်ရေးကဏ္ဍ GSC ၏ အဓိကသွင်ပြင် လက္ခဏာတစ်ရပ်အဖြစ် ဖော်ပြရန်အထူးလိုအပ်ပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍကို အစိုးရ၊ ကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ၊ စီမံကိန်းဖော်ဆောင်သူ များမှ ဈေးပြိုင် (တင်ဒါ) စနစ် ဝယ်ယူမှုအခွင့်အလမ်းများ၊ လုပ်ငန်းများ၊ ဝန်ဆောင်မှုဆိုင်ရာ သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ အသိပေးအကြောင်းကြားသည့် ဈေးကွက်နေရာအစုအဝေးအဖြစ် သတ်မှတ်ထားပါသည်။

လုပ်ငန်းသဘောတူ (ကန်ထရိုက်) စာချုပ်ချုပ်ဆိုသည့် အာဏာပိုင်များ/လုပ်ငန်းအပ်နှံသူများမှ ရွေးချယ်သည့် ဈေးကွက်နေရာများသည် ၎င်းတို့၏လိုအပ်ချက်များနှင့် ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူရေးဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အပေါ် မူတည်၍ (ကွဲပြားခြားနားပါသည်။) အစိုးရအဖွဲ့အစည်း (သို့) ဌာနတစ်ခုမှ အစပြု၍ မြန်မာငွေကျပ် သန်း (၁၀၀) တန်ဖိုးအထက်ရှိသည့် စီမံကိန်း (ဖွံ့ဖြိုးရေးဆိုင်ရာ ငွေကြေးမတည်မှု အစီအစဉ် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ) တစ်ရပ်အတွက် လုပ်ငန်းအပ်နှံရာတွင် ပြည်တွင်း/ပြည်ပ တင်ဒါဈေးကွက် များတွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာ၍ ဈေးပြိုင် (တင်ဒါ) စနစ်ဖြင့် ကမ်းလှမ်းခေါ်ယူလေ့ရှိပါသည်။ ဈေးကွက်နေရာရွေးချယ်မှုသည်လည်း ဆောက်လုပ်ရေး စီမံကိန်းအမျိုးအစားအပေါ်တွင် မူတည်ပါသည်။ အစိုးရ၏ ဈေးပြိုင် (လုပ်ငန်းတင်ဒါ) ခေါ်ယူမှုများကို သက်ဆိုင်ရာဝန်ကြီးဌာန ဝက်(ဘ်)ဆိုက်စာမျက်နှာများတွင် အင်္ဂလိပ်/မြန်မာ နှစ်ဘာသာဖြင့်လည်းကောင်း၊ နေ့စဉ်သတင်းစာများတွင်လည်းကောင်း ထည့်သွင်းကြေငြာနိုင်ပါသည်။ အဆိုပါ ပစ္စည်း/ဝန်ဆောင်မှု ဈေးပြိုင်ခေါ်ယူမှု ကြေငြာချက်များတွင် ဝယ်ယူမှုနည်းလမ်း (လုပ်ငန်းစဉ်အဆင့် တစ်ချို့တစ်ဝက်၊ အစိုးရမှအစပြုသည့် လုပ်ငန်းကန်ထရိုက်ပုံစံ၊ ပြည်သူလူထုဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာစွာခေါ်ယူသော Swiss Challenge တင်ဒါစနစ် စသည်) ကို ထည့်သွင်းဖော်ပြလေ့ရှိပါသည်။ ဈေးကွက်နေရာများ နှင့်စပ်လျဉ်းသည့် အင်္ဂလိပ်မြန်မာ (၂) ဘာသာ ဆန်းစစ်လေ့လာသုံးသပ်မှုတစ်ရပ်က တင်ဒါ ခေါ်ယူမှုလုပ်ငန်းစဉ်တွင် လိုအပ်သော OSH ဆိုင်ရာ သတ်မှတ်ချက်များနှင့်ပတ်သက်၍ အကြံပြု တင်ပြထားသည့်အပြင် OSH ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ၊ လေ့ကျင့်သင်ကြားပေးသူများနှင့် ဝန်ထမ်း လိုအပ်ချက်များအပေါ် ပိုမိုကောင်းမွန်ပြည့်စုံစွာ နားလည်နိုင်စေရန်အတွက်လည်း ဖြည့်စွက်ပံ့ပိုးပေးထားပါသည်။

၂.၄ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်တွင် အဓိက ပါဝင်ဖော်ဆောင်နေကြသူများ

ပုံ (၇) မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်



မူရင်း – စာရေးသူများ (၂၀၂၁)

၂.၄.၁ စွေးကွက်ဖော်ဆောင်သူများ

ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်တွင် အမျိုးမျိုးသော ပါဝင်ပတ်သက်သူများက ဝင်ရောက်ဖော်ဆောင်လျက် ရှိကြပါသည်။ စွေးကွက်ဖော်ဆောင်သူများကို တန်ဖိုးအားကွင်းဆက်အတွင်း ၎င်းတို့၏ လုပ်ငန်းတာဝန်အသီးသီးအပေါ် မူတည်၍ ဇယား (၇) တွင်ဖော်ပြထားသည့်အတိုင်း အုပ်စုများ ခွဲခြားနိုင်ပါသည်။ အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံတော်အစိုးရ၊ အကျိုးတူပူးပေါင်းထားသည့် ပြည်တွင်းလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများ၊ မြန်မာကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများ စသည်တို့ ပါဝင်ဆောင်ရွက်နေကြပါသည်။ ဆောက်လုပ်ရေးစီမံကိန်း အမျိုးအစားများတွင် အစိုးရစီမံကိန်းများမှသည် ဖက်စပ်စီမံကိန်းများနှင့် ပုဂ္ဂလိကစီမံကိန်းများအထိ ပါဝင်ပါသည်။

အစိုးရ

ဤလေ့လာသုံးသပ်မှု အစီရင်ခံစာတွင် “အစိုးရ” ဟူသည်မှာ အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားသည်များမှအပ မြန်မာနိုင်ငံတော် အစိုးရ၊ အစိုးရဦးစီးဌာန (သို့) အဖွဲ့အစည်း (သို့) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းတစ်ခုကို ရည်ညွှန်းပါသည်။

ပုံမှန်အားဖြင့် အစိုးရဆောက်လုပ်ရေးစီမံကိန်းများတွင် လုပ်ငန်းအစီအစဉ်များကို အစိုးရမှရေးဆွဲ၍ အဆောက်အအုံဒီဇိုင်းပုံစံများကို ဌာနတွင်း (သို့မဟုတ်) ပြင်ပတွင် အပ်နှံရေးဆွဲစေလေ့ရှိပါသည်။ ထို့နောက်တွင် ဈေးပြိုင် (တင်ဒါစနစ်) လုပ်ငန်းအပ်နှံရန် ခေါ်ယူခြင်း (သို့) ဆောက်လုပ်ရေးလုပ်ငန်းသီးသန့် (သို့) ဆောက်လုပ်ရေးနှင့် အဆောက်အအုံလည်ပတ်ရေး နှစ်ရပ်စလုံး အတွက် လုပ်ငန်းသဘောတူ (ကန်ထရိုက်) စာချုပ် တိုက်ရိုက်ချုပ်ဆိုခြင်း စသည်တို့ ဆက်လက်လုပ်ဆောင်နိုင်ပါသည်။ အစိုးရဌာနများ (ဥပမာ – ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီး) မှ မိမိတို့ ဝန်ကြီးဌာန၏ စီမံကိန်းများကို ကိုယ်တိုင် တာဝန်ယူ ဖော်ဆောင်သည့် ဖြစ်စဉ်များ ရှိပါသည်။ ထို့အပြင် ဝန်ကြီးဌာနတစ်ခု (ပညာရေးဝန်ကြီးဌာန)၏ အခြေခံအဆောက်အအုံစီမံကိန်းများကိုအခြားဝန်ကြီးဌာနတစ်ခု (ဆောက်လုပ်ရေးဝန်ကြီးဌာန)မှတာဝန်ယူဖော်ဆောင်ပေးသည့်ဖြစ်ရပ်များလည်း ရှိပါသည်။

အစိုးရအနေဖြင့် မိမိကိုယ်ပိုင် အရံငွေများ၊ DFI အစီအစဉ်များ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ၊ စီမံကိန်းဖော်ဆောင်သူများ၏ ရင်းနှီးမြှုပ်နှံမှုငွေလုံးငွေရင်းများ (သို့) တစ်ခု (သို့) တစ်ခုထက်ပိုသော ငွေကြေးရင်းမြစ်အစုများကို အသုံးပြု၍ ဆောက်လုပ်ရေး စီမံကိန်းများ ဖော်ဆောင်ရန် ငွေကြေးမတည် ပေးပါသည်။ အခြားနိုင်ငံ၏အစိုးရများကလည်း ဆောက်လုပ်ရေးစီမံကိန်းများအတွက် ငွေကြေး မတည်ပေးနိုင်ပါသေးသည်။ ဥပမာအားဖြင့် မြန်မာစစ်တပ်မှထိန်းချုပ်ထားသည့် အကျိုးတူလုပ်ငန်းစုတစ်ခုဖြစ် သည့် “မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း”မှ ပိုင်ဆိုင်ရာ ပိုလိုကလပ်မြေနေရာတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း တစ်ခုဖြစ်သည့် “တရုတ်နိုင်ငံ ဆောက်လုပ်ရေးအင်ဂျင်နီယာ ကော်ပိုရေးရှင်း” (China State Construction Engineering Corporation) က အဆောက်အအုံစု အကြီးစားတစ်ခု ဆောက်လုပ်ပေးထားပါသည်။

အစိုးရမှ ငွေကြေးမတည်ပေးသည့် အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းများကို စီမံကိန်းအစီအစဉ်နှင့် ဒီဇိုင်းပုံစံရေးဆွဲသတ်မှတ်ရန်၊ နှင့် တစ်ခါတစ်ရံတွင် ဆောက်လုပ်ရေး လုပ်ငန်းများ ဖော်ဆောင်ရန် တာဝန်ရှိသည့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ (သို့) ဌာနများက တာဝန်ယူဆောင်ရွက်လေ့ရှိကြပါသည်။ အစိုးရဝန်ကြီးဌာနများမှ တာဝန်ယူဖော်ဆောင်ခြင်းမရှိသော စီမံကိန်းများကိုမူ စီမံကိန်း တစ်စိတ်တစ်ပိုင်း (သို့) တစ်ခုလုံးကို ပြင်ပဆောက်လုပ်ရေးကုမ္ပဏီများထံ လုပ်ငန်းစာချုပ်ချုပ်ဆို အပ်နှံလေ့ရှိပါသည်။ ခြွင်းချက်အချို့မှအပ မြန်မာအစိုးရဝန်ကြီးဌာနအားလုံးလိုလိုသည် ဆောက်လုပ်ရေးစီမံကိန်းများ တွင် ပါဝင်ပတ်သက်လေ့ရှိကြပါသည်။

အစိုးရမှငွေကြေးမတည်ပေးသည့် စီမံကိန်းများတွင် စီမံကိန်းလျာထားငွေတစ်ရပ်လုံးသည် အမှန်တကယ် စတင်တည်ဆောက်သည့်အဆင့်အတွက်သာ သတ်မှတ်ထားခြင်းဖြစ်ကြောင်းမေးမြန်းဆွေးနွေးခဲ့သူတစ်ဦး၏ အဆိုအရ သိရှိရပါသည်။ ပုံမှန်အားဖြင့် OSH ဆိုင်ရာစနစ်များ၊ စီမံကိန်းဆိုင်ရာခန့်ခွဲမှုများ၊ စီမံကိန်း အရည်အသွေး စောင့်ကြည့်စစ်ဆေး၊ ထိန်းချုပ်ရေး လုပ်ငန်းစဉ်များအတွက် ငွေကြေးသတ်မှတ်၊ ချထားပေးလေ့ မရှိကြောင်းလည်း သိရှိရပါသည်။ အကျိုးဆက်ရလာဒ်အနေဖြင့် ပြည်တွင်းအကျိုးတူလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများသည် OSH ကဲ့သို့သော လုပ်ငန်းများအပေါ် စိတ်ဝင်စားအလေးထားမှု လျော့ကျလာ၍ နိုင်ငံတကာမှ ဝယ်ယူရန်ကမ်းလှမ်းမှုများ၊ လုပ်ငန်းသဘောတူစာချုပ် စီမံခန့်ခွဲမှုများနှင့် ငွေကြေးမတည်မှုဆိုင်ရာစံချိန်စံညွှန်းများ စသည်တို့၏နောက်တွင်လိုက်ပါလာမည့် စီမံကိန်းဆိုင်ရာ အခွင့်အလမ်းများအပေါ် တွင်သာ ပိုမိုအာရုံစိုက်လာကြပါသည်။ (ဥပမာ – JICA နှင့် စပ်လျဉ်းသည့် ဖြစ်ရပ်)

မြန်မာနိုင်ငံ၏အစိုးရဌာနများ (အထူးသဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန) တွင် တစ်မူထူးခြားသည့် (လုပ်ငန်း ဆောင်ရွက်ပုံဆိုင်ရာ) ဝိသေသလက္ခဏာတစ်ရပ် ရှိနေပါသည်။ စီမံကိန်းဆိုင်ရာ အစီအစဉ်ချမှတ်ခြင်း၊ ဒီဇိုင်းပုံစံ ရေးဆွဲသတ်မှတ်ခြင်း၊ စီမံကိန်းပြီးစီးအပ်နှံခြင်းတို့ကို အစိုးရဌာနတစ်ခုတည်းမှသာ တာဝန်ခံဆောင်ရွက်သည့်အတွက် စီမံကိန်းလုပ်ငန်းအပ်နှံသူနှင့် စီမံကိန်းဖော်ဆောင်သူ၊ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းကြပ်မတ်သူ၊ လုပ်ငန်းဆောင်ရွက်သူ၊ ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်ဆောင်ရွက်သူ အားလုံးတို့မှာလည်း အဆိုပါဌာနမှပင်ဖြစ်သောကြောင့် OSH ဆိုင်ရာ ရှုထောင့်မှကြည့်လျှင် ကိုင်တွယ်ဆောင်ရွက်ရန် အထူးခက်ခဲကြောင်း တွေ့ရှိရပါသည်။ ဤသို့သော အခြေအနေအကြောင်းအရာများက (စီမံကိန်း တာဝန်ယူဆောင်ရွက်နေသည့်) အစိုးရဦးစီးဌာန (သို့) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (သို့) ၎င်းတို့၏ မိတ်ဖက် ပြည်သူပိုင် (သို့) ပုဂ္ဂလိကပိုင် လုပ်ငန်းများ၏ တာဝန်ယူမှု၊ တာဝန်ခံမှုကို ကင်းမဲ့စေပါသည်။

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များကို ဖော်ဆောင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နည်းဥပဒေ/စည်းမျဉ်းစည်းကမ်းမူဘောင် သတ်မှတ်စည်းကြပ်သည့် အခန်းကဏ္ဍကို အသိအမှတ်ပြုဖော်ပြထားသော်လည်း ဤလေ့လာသုံးသပ်မှု အစီရင်ခံစာတွင်မူ ပိုမိုရှင်းလင်း နားလည်စေရန်အတွက် ဈေးကွက်ဖော်ဆောင်သူတစ်ရပ်အဖြစ် ခွဲခြားဖော်ပြထားပါသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်း ဈေးကွက်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍကိုမူ မသိရှိသေးပါ။

▶ ကောက်နှုတ်ချက် (၁) ဆောက်လုပ်ရေးဝန်ကြီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စီမံကိန်း သဘောတူစာချုပ် ကြိုးကြပ်စီစဉ်ညွှန်ကြားသူ၊ စီမံကိန်းဖော်ဆောင်သူ၊ လုပ်ငန်းဆောင်ရွက်သူ၊ ငွေကြေးကြိုးကြပ်ညွှန်ကြားသူ နှင့် စည်းမျဉ်းစည်းကမ်း/နည်းဥပဒေ ထိန်းသိမ်းကြိုးကြပ်သူ တစ်ရပ်ဖြစ်နိုင်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လက်ရှိတွင် စည်းမျဉ်းစည်းကမ်း/နည်းဥပဒေ သတ်မှတ်ပြဋ္ဌာန်းရေး၊ စည်းကြပ်ဆောင်ရွက်ရေးတို့ထက် ဆောက်လုပ်ရေးလုပ်ငန်းများအပေါ်တွင် ပိုမိုအလေးထား လုပ်ဆောင်နေကြောင်း သုတေသနအဖွဲ့နှင့် ပြုလုပ်ခဲ့သော ဆွေးနွေးညှိနှိုင်းမှုများအရ တွေ့ရှိရပါသည်။

ရည်မှန်းချက်

- မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း စနစ်ကျ၊ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံသားအားလုံး တို့၏ လူမှုစီးပွားမြင့်တင်ပေးရန်
- ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ လမ်းများ၊ တံတားများ၊ မြို့ပြနှင့် အိမ်ရာ များတိုးတက်ဖွံ့ဖြိုးစေရန်
- GDP ပမာဏ မြင့်တက်စေခြင်းဖြင့် လမ်း၊ တံတားများ တိုးမြှင့်တည်ဆောက်ခြင်းမှတစ်ဆင့် အတားအဆီးများ၊ သယ်ယူပို့ဆောင်စရိတ်များနှင့် ကြာမြင့်ချိန် လျှော့ချသက်သာစေရန်
- နိုင်ငံသားအားလုံး၏ နေထိုင်မှုအဆင့်အတန်းကို မြှင့်တင်ပေးခြင်းဖြင့် သင့်လျော်လုံလောက်သည့် အိမ်ရာများ ပံ့ပိုးဖြည့်ဆည်းပေးရန်

လုပ်ငန်းတာဝန်များ

- သက္ကရာဇ် (၂၀၃၀) အတွင်း လက်ရှိ လမ်းအလျား (၄၂,၁၂၁ ကီလိုမီတာ) ကို အနိမ့်ဆုံးအနေဖြင့် အာဆီယမ် (ASEAN class III) စံချိန်စံညွှန်း (အကျယ် ၁၈ ပေ ကတ္တရာနှင့် ကွန်ကရစ်လမ်း (သို့) ကွန်ကရစ်လမ်း) သို့ တိုးချဲ့အဆင့်မြှင့်တင်ရန်
- သက္ကရာဇ် (၂၀၃၀) အတွင်း တံတားအားလုံးကို အနိမ့်ဆုံးအနေဖြင့် (၂၄) ပေအကျယ်ရှိ (၂) လမ်းသွား (အားဖြည့် ကွန်ကရစ်ရက်မ (RC) တံတားအမျိုးအစား နှင့် အင်္ဂတေကွန်ကရစ်ရက်မ (PC) အမျိုးအစားတံတား) များအဖြစ် အဆင့်မြှင့်တင်ရန်
- မြို့ပေါင်း (၃၃၀) တွင် စနစ်ကျသော မြို့ပြစီမံကိန်း ဖော်ဆောင်ရန် နှင့် အဆိုပါမြို့များတွင် တိုက်ခန်းပေါင်း (၁) သန်းကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) အစီအစဉ်ဖြင့် ဆောက်လုပ်ရန်
- ကျေးရွာအားလုံးတွင် ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်ဒေသလမ်းများ (၈၀) ရာခိုင်နှုန်းအထိ ဖောက်လုပ်ရန် နှင့် အဆင့်မြှင့်တင်မှုများ နှစ်စဉ် ပြုလုပ်ပေးရန်

ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူ (လုပ်ငန်းခေါ်ယူ) သည့် လုပ်ငန်းစဉ်

အစိုးရ/ရင်းနှီးမြှုပ်နှံသူများနှင့် ဆောက်လုပ်ရေးကုမ္ပဏီအကြား လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ စေ့စပ်ညှိနှိုင်းခြင်းအပါအဝင် စီမံကိန်းတာဝန်ယူဆောင်ရွက်သည့် ဦးစီးဌာန၏ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူမှုဆိုင်ရာ (Procurement) စည်းမျဉ်းစည်းကမ်း/နည်းဥပဒေများသည် မြန်မာနိုင်ငံဆောက်လုပ်ရေး လုပ်ငန်းခွင်များတွင် OSH စနစ်များ သတ်မှတ်ပြဋ္ဌာန်းရန်နှင့် အကောင်အထည်ဖော်ဆောင်ရန်အတွက် အဓိကဆုံးဖြတ်ပေးသည့် အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။ သို့ရာတွင် အဆိုပါ OSH စနစ်များ စီမံထိန်းချုပ်နိုင်မှုနှင့် စည်းကြပ်ဆောင်ရွက်နိုင်မှု အတိုင်းအတာသည် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုသည့် အာဏာပိုင်များ/ရင်းနှီးမြှုပ်နှံသူများ၏ စွမ်းရည်၊ ဆွဲဆောင်မှုအစီအစဉ်များ၊ ကျွမ်းကျင်မှု၊ အတွေ့အကြုံ နှင့် အသုံးပြုရန်လျာထားသည့် မတည်ငွေပမာဏအပေါ် တည်မှီနေပါသည်။ OSH ဥပဒေနှင့် ဆောက်လုပ်ရေး လုပ်ငန်း OSH စည်းမျဉ်းစည်းကမ်း/နည်းဥပဒေများ အတည်ပြုထုတ်ပြန်နိုင်ရေး အခင်းအကျင်းများတွင် အဆိုပါအချက်သည် အဓိကစိန်ခေါ်မှု တစ်ရပ်အဖြစ် ရှိနေပါသည်။

အများပြည်သူဆိုင်ရာ အခြေခံအဆောက်အအုံနှင့် အဆောက်အအုံစီမံကိန်းများတွင် ဝယ်ယူမှုနှင့် လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုမှုများကို စီမံကိန်းတာဝန်ခံ ဗဟိုအစိုးရ ဦးစီးဌာန (သို့) မြို့နယ်အဆင့် စီမံကိန်းများတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရဌာနများမှ လုပ်ဆောင်လေ့ရှိပါသည် (ဥပမာ – မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ)။ စီမံကိန်းတာဝန်ခံ အဖွဲ့အစည်းနှင့် ငွေကြေးမတည်ရာ မူလရင်းမြစ် (ပုံမှန်အားဖြင့် လုပ်ငန်းအပ်နှံသူ/လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုသည့် အာဏာပိုင်များ သတ်မှတ်ထားသည့် အစိုးရ၏ ကိုယ်ပိုင် မတည်ငွေ (သို့) နိုင်ငံတကာအဖွဲ့အစည်းများ၏ အစီအစဉ်များ (ထောက်ပံ့ငွေ၊ ချေးငွေ စသည်) အပေါ်မူတည်၍ ဝယ်ယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများ ခြားနားဖွယ်ရှိပါသည်။

အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းများတွင် တရားဝင်ထုတ်ပြန်သည့် ဈေးပြိုင် (တင်ဒါ) စနစ် လုပ်ငန်းခေါ်ယူမှုလုပ်ငန်းစဉ်သည် မြန်မာနိုင်ငံတွင် လုပ်ဆောင်စအခြေအနေတွင်ပင် ရှိပါသေးသည်။ သို့ရာတွင် အခြေခံအဆောက်အအုံစီမံကိန်း ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူသည့်လုပ်ငန်းစဉ် တရားဝင်ထုတ်ပြန်ကြေညာမှုထံ ဦးတည်သည့် လမ်းကြောင်းတစ်ရပ်ကို မူ ဂရုပြုမိကြပြီးဖြစ်ပါသည်။ (တယ်လီကွန်း လုပ်ငန်းခွင့်ပြုချက် လိုင်စင်များ၊ လေဆိပ်အဆောက်အအုံ တိုးချဲ့ရေးနှင့် အခြားဆောက်လုပ်ရေးစီမံကိန်းအသစ်များ) ကဲ့သို့သော စီမံကိန်းများ၏ ဝယ်ယူမှု လုပ်ငန်းစဉ်များတွင် တရားဝင်ထုတ်ပြန်သည့် ဈေးပြိုင်ခေါ်ယူမှုစနစ် ကျင့်သုံးလာပြီး ဖြစ်ပါသည်။ ဤကုမ္ပဏီများသည် အများအားဖြင့် ဘဏ်များ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ သတ္တုတူးဖော်ရေးနှင့် အခြားလုပ်ငန်းများတွင် အစုရှယ်ယာငွေများ ထည့်ဝင်ထားသည့် စီးပွားရေးရပ်ဝန်းနယ်ပယ်တွင် ပါဝင်ပါသည်။ သို့ရာတွင် အဆိုပါကုမ္ပဏီတစ်ခုချင်းစီသည် သက်ဆိုင်ရာ လုပ်ငန်းနယ်ပယ်တွင် အထူးအားကောင်းခိုင်မာသည့် ရပ်တည်မှု အခန်းကဏ္ဍအဖြစ် ရှိပါသည်။

စီမံကိန်းတန်ဖိုးသည် ဝယ်ယူမှုလုပ်ငန်းစဉ်အပေါ် အဓိကအဆုံးအဖြတ်ပေးသည့် အချက်ဖြစ်သော်လည်း DFI မှ ငွေကြေး မတည်ထားသည့် စီမံကိန်းများတွင် ပစ္စည်း/ဝန်ဆောင်မှုများကို နိုင်ငံတကာ ဈေးပြိုင် (တင်ဒါ) စနစ်များဖြင့် ဝယ်ယူလေ့ရှိပါသည်။ ဆောက်လုပ်ရေး စီမံကိန်းကြီးများတွင် သက်ဆိုင်ရာ အစိုးရဝန်ကြီးဌာန/DFI များ၏ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း/နည်းဥပဒေများနှင့်အညီ လုပ်ဆောင်လေ့ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း စီမံကိန်းလုပ်ငန်းနှင့် ဝန်ဆောင်မှုဆိုင်ရာ အခွင့်အလမ်းများကို DFI ၏ ဝက်ဆိုက်စာမျက်နှာများ Devex.com (သို့) အစိုးရ၏ ဝက်ဆိုက်စာမျက်နှာများတွင် ထည့်သွင်းကြော်ငြာနိုင်ပါသည်။ DFI ဖြင့် ငွေကြေးမတည်၊ ဖော်ဆောင်သည့် စီမံကိန်းများတွင် ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူခြင်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှတစ်ဆင့် လုပ်ဆောင်လေ့ရှိပါသည်။

DFI စီမံကိန်းများ၏ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်း/နည်းဥပဒေများနှင့် လုပ်ငန်းသဘောတူစာချုပ်များတွင် OSH (နည်းစနစ်ဆိုင်ရာနှင့် ငွေကြေးသုံးစွဲမှုဆိုင်ရာ) သတ်မှတ်ပြဋ္ဌာန်းချက်တစ်ရပ် ပါဝင်သော်လည်း အစိုးရမှ တာဝန်ခံဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းစဉ်တွင်မူ ပါဝင်နိုင်ဖွယ်မရှိပါ။ မေးမြန်းဆွေးနွေးမှုတွင်ပါဝင်သူများ၏ ဖြေကြားချက်အချို့အရ DFI ထောက်ပံ့ငွေ၊ ချေးငွေ (သို့) နည်းပညာအကူအညီများ ပါဝင်ခြင်းမရှိသည့်၊ အစိုးရမှသာ ဒီဇိုင်းပုံစံရေးဆွဲ၊ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူသည့် လုပ်ငန်းသဘောတူစာချုပ်များတွင် စီမံကိန်းအမှန်တကယ် ဆောက်လုပ်သည့်အဆင့် (ဥပမာ – ကွန်ကရစ်၊ သံမဏိ နှင့် လုပ်သားအင်အား စသည်) အပေါ်တွင်သာ အလေးထားဆောင်ရွက်လေ့ရှိကြောင်း သိရှိရပါသည်။ လုပ်ငန်းသဘောတူစာချုပ်တွင် စီမံကိန်းအကောင်အထည် အပ်နှံရန်အတွက်သာ ပါဝင်သည့်အခြေအနေ/ဖြစ်ရပ်များလည်း ရှိနေတတ်ပါသည် (ဥပမာ – လမ်းဆောက်လုပ်ရေး စီမံကိန်း)။ လုပ်ငန်းသဘောတူစာချုပ်တွင် စီမံကိန်း စီစဉ်အုပ်ချုပ်မှု (သို့) OSH စနစ်များအတွက် ငွေကြေးသတ်မှတ်လျာထားခြင်းမရှိဟု ဆိုလိုရင်းဖြစ်ပါသည်။ ဤသို့သောအရာများက OSH စနစ်အပေါ် တွင်သာမက စီမံကိန်းအရည်အသွေး စီမံထိန်းချုပ်မှုစနစ်အပေါ်တွင်လည်း ရိုက်ခတ်မှုများစွာ ရှိနေပါသည်။

DFI (ထောက်ပံ့ငွေများ ၊ ချေးငွေများ ၊ နည်းပညာအကူအညီများ) ဖြင့် မတည်သည့်စီမံကိန်း တင်ဒါခေါ်ယူမှုများတွင် OSH စနစ်အတွက်ပါ ငွေကြေး လျာထားသတ်မှတ်ထားခြင်းက မြန်မာပိုင် အကျိုးတူ လုပ်ငန်းစုများ၏ OSH ဆိုင်ရာ စံချိန်စံညွှန်းများနှင့် စျေးကွက်တွင်ယှဉ်ပြိုင်နိုင်စွမ်းကို တိုးတက်လာစေနိုင်သောကြောင့် ၎င်းလုပ်ငန်းစုများ၏ တင်ဒါခေါ်ယူရာတွင် ဝင်ရောက်ယှဉ်ပြိုင်လိုမှုကို မြင့်တက်စေပါ သည်။ ထို့အပြင် OSH ဆိုင်ရာ ငွေကြေးလျာထား၊ သတ်မှတ်၊ ထားရှိမှုက မိမိတို့၏ လုပ်ငန်းတွင်းကျင့်သုံး လိုက်နာနေသည့် OSH စနစ်၊ စံချိန်စံညွှန်းများမှ သွေဖီမသွားလိုသည့် (ဆက်လက်ကိုင်စွဲထားလိုသည့်) နိုင်ငံခြားကုမ္ပဏီများ တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်တွင် ပါဝင်ယှဉ်ပြိုင်လိုမှုကိုလည်း တွန်းအားပေးနိုင်ပါသည်။ ထို့အပြင် DFI ဖြင့် ငွေကြေးမတည်ပေးသည့် စီမံကိန်းများသည် ကုမ္ပဏီများအတွက် အမြတ်အစွန်း ပိုမိုများပြားလေ့ရှိကြောင်း မြန်မာပိုင်အကျိုးတူ လုပ်ငန်းစုများ၏ ဖြေကြားထားချက်များအရ သိရှိရပါသည်။ ထို့အပြင် DFI စီမံကိန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသည့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များနှင့်ပတ်သက်သော ကုန်ကျစရိတ်များကိုလည်း ကာမိစေနိုင်ပါသည်။

နိုင်ငံခြားကုမ္ပဏီများ အနေဖြင့်လည်း OSH စနစ် နှင့် တန်ဖိုးမြှင့်ဝန်ဆောင်မှုစနစ် ဆိုင်ရာ သတ်မှတ် ပြဋ္ဌာန်းမှုများ ကင်းမဲ့ခြင်းက စီမံကိန်းတင်ဒါခေါ်ယူမှုများတွင် နိုင်ငံခြားကုမ္ပဏီများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို အဟန့်အတားဖြစ်စေပါသည်။ ဤအဟန့်အတားက မြန်မာအလုပ်သမားများ၊ ကြီးကြပ်သူများထံ ကူးပြောင်းရောက်ရှိလာမည့် OSH စနစ်နှင့် အသိအမြင်၊ ဗဟုသုတ အခွင့်အလမ်းများကို တစ်ဖန်အကန့်အသတ် ဖြစ်စေပါသည်။ စီမံကိန်းဒီဇိုင်းပုံစံရေးဆွဲရာ၊ စီမံကိန်းအသုံးစရိတ် သတ်မှတ်ရာထားရာနှင့် စီမံကိန်းတင်ဒါ ခေါ်ယူရာတို့တွင် OSH စနစ်အတွက် အသုံးစရိတ် သတ်မှတ်ချထားပေးလေ့မရှိကြောင်း ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးချက်များအရ သိရှိရပါသည်။

အစိုးရ(များ)၊ရင်းနှီးမြှုပ်နှံသူများနှင့်စီမံကိန်းဖော်ဆောင်သူများအနေဖြင့် လုပ်ငန်းနှင့်ဝန်ဆောင်မှုသဘောတူစာချုပ်များချုပ်ဆိုရာတွင် အသုံးပြုနိုင်သည့် ပစ္စည်း/ဝန်ဆောင်မှုဝယ်ယူရေးဆိုင်ရာ အမျိုးမျိုးသော စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေ အများအပြား ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း အမျိုးအစားအပေါ် မူတည်၍ OSH စနစ်ဆိုင်ရာ သတ်မှတ်ချက်များ အပါအဝင် စံချိန်စံညွှန်း အမျိုးမျိုးကို သတ်မှတ်၊ အသုံးပြုနိုင်ပါသည်။ ထို့အပြင် နည်းစနစ်ဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ ရမှတ်များအကြား အချိုးအစားဆိုင်ရာ အလေးပေးအကဲဖြတ်သည့် စနစ်အမျိုးမျိုးကိုလည်း အသုံးပြုနိုင်ပါသည် (ဥပမာ – ၇၀/၃၀ ရာခိုင်နှုန်း)။ အစိုးရဌာနနှင့် ကော်ပိုရေးရှင်း လုပ်ငန်းစု၊ ဆောက်လုပ်ရေးလုပ်ငန်း အမျိုးမျိုးတို့နှင့် စပ်လျဉ်းသည့် လုပ်ငန်းသဘောတူစာချုပ်ဆိုင်ရာ၊ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များကို အကဲဖြတ်သုံးသပ်ရာတွင် အသေးစိတ်၊ ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုတစ်ရပ် လိုအပ်သည့်အတွက် ဆောက်လုပ်ရေးကဏ္ဍ ဈေးကွက်အတွင်း အသုံးပြုနေသည့် ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူမှုဆိုင်ရာ နည်းဥပဒေများကို ဤအစီရင်ခံစာတွင် အသေးစိတ်ထပ်မံလေ့လာထားခြင်းမရှိပါ။

အစိုးရအနေဖြင့် လုပ်ငန်းသဘောတူစာချုပ်ပါ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်အားလုံးအပေါ် စည်းကြပ်ဆောင်ရွက်နိုင်သည့် စွမ်းရည်ချို့တဲ့သော်လည်း နိုင်ငံတကာ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူမှုဆိုင်ရာ စံချိန်စံညွှန်းများ၊ လမ်းညွှန်ချက်များကို ပိုမိုတိုးမြှင့်အသုံးပြုလာကြောင်း (ဤလေ့လာသုံးသပ်မှု အစီရင်ခံစာအတွက် ပြုလုပ်သည့်) ဆွေးနွေးတိုင်ပင်မှုများတွင်ပါဝင်သည့် ကုမ္ပဏီများက ထောက်ပြခဲ့ကြပါသည်။ ဆောက်လုပ်ရေးကဏ္ဍ OSH စနစ်ဆိုင်ရာ ILO ညီလာခံသဘောတူညီချက် အမှတ် (၁၆၇) (၁၉၈၉) နှင့်ပတ်သက်၍ ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းစဉ်များအတွင်း ပါဝင်ဆွေးနွေးသူများမှ ထည့်သွင်းဖော်ပြခြင်း မရှိခဲ့ကြပါ။ လက်တွေ့ကျ၍ အဆင့်ဆင့်တိုးတက်လာမည့် OSH စနစ်များ၊ အလေ့အထများ လက်ခံကျင့်သုံးလာရန် အားပေး၊ လှုံ့ဆော်နိုင်မည့် အခွင့်အလမ်းများ ရှိနေသော်လည်း လုပ်ငန်းခွင်စောင့်ကြည့်စစ်ဆေးမှုစွမ်းရည် ချို့တဲ့သည့် အခြေအနေများက ဥပဒေစည်းကြပ်ဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေဆဲဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် OSH ဆိုင်ရာ သတ်မှတ်ချက်များသည် စီမံကိန်းအတွက် (ဆောက်လုပ်ရေးကုမ္ပဏီ) ရွေးချယ်ရေး လုပ်ငန်းစဉ်တွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပါဝင်ခြင်းမရှိသည့်အပြင် သတ်မှတ်လျာထား သည့် ငွေကြေးအတွက် အမှန်တကယ် ဆောက်လုပ်ပြီးစီးသည့် စီမံကိန်းအကောင်အထည် (လမ်းအလျားမီတာ၊ အိမ်ရာအရေအတွက် စသည်) အပေါ် နှံရေးသည်သာအဓိကဦးစားပေး စံချိန်စံညွှန်းအဖြစ် သတ်မှတ်ထားသည့် စနစ်တစ်ရပ်တွင် OSH ဆိုင်ရာ သတ်မှတ်ချက်များအတွက် ငွေကြေးသတ်မှတ်လျာထားပေးရန်အတွက် အားပေးဆွဲဆောင်နိုင်မှုမရှိကြောင်း ကောက်ချက်ချနိုင်ပါသည်။ ထိုသို့သောအခြေအနေများက ဆောက်လုပ်ရေးကုမ္ပဏီများ၏ လုပ်ငန်းအသုံးစရိတ်နှင့် အရည်အသွေးကို လျှော့ချရန်၊ စီမံကိန်းအပ်နှံရေးကိုသာ အလျင်စလို ပြုလုပ်ရန် တွန်းအားပေးသည့်အတွက် OSH နှင့် စီမံကိန်း အရည်အသွေးအပေါ် ဆိုးရွားစွာထိခိုက်စေပါသည်။ ကျပ်တည်းလှသည့် လုပ်ငန်းအပြီးသတ်ချိန်အမီ အလုပ်ချိန်နာရီရှည်ကြာစွာ လုပ်ကိုင်ကြရသည့် အလုပ်သမားများအတွက်လည်း ဤအချက်က လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ထပ်လောင်းမြင့်တက်စေနိုင်ပါသည်။[၂၁]

---

[၂၁] ကျပ်တည်းလှသည့် လုပ်ငန်းအပြီးသတ်ချိန်များ (သို့) လုပ်ကွက်အခြေပြု လုပ်ငန်းသဘောတူစာချုပ်များက အလုပ်သမားများ လုပ်ငန်းအချိန်မီပြီးစီး ရန်အတွက်သာ အလေးစိုက်စေ၍ လုပ်ငန်းခွင်ဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေး အစီအမံများပြုလုပ်ရန် ပျက်ကွက်မိစေသည့်အတွက် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိမှုများကို မြင့်တက်စေနိုင်သည်ဟု ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သူအချို့က ဖြေကြားခဲ့ကြပါသည်။

အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများ/အကျိုးတူလုပ်ငန်းစု များမှအသုံးပြုသည့် ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူရေး နည်းလမ်းများတွင် OSH ဆိုင်ရာ လိုအပ်ချက်များကို အသေးစိတ် စစ်ဆေးသုံးသပ်၍ ဈေးပြိုင် (တင်ဒါ) စနစ် ခေါ်ယူမှုလုပ်ငန်းစဉ်များတစ်လျောက် ထည့်သွင်းစဉ်းစားရမည့် OSH ဆိုင်ရာ လိုအပ်ချက်များ သတ်မှတ်၊ အမှတ်ပေး၊ အကဲဖြတ်ခြင်း (နည်းစနစ်ဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ)၊ OSHစနစ် နှင့် အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန် အကြံပြုထောက်ပြခြင်းများ ပြုလုပ်နိုင်ပါသည်။ အစိုးရဌိးစီးဌာနများနှင့် အဖွဲ့အစည်းများ အနေဖြင့် OSH အလေ့အထကောင်းများ မှတ်ကျောက်တင်၊ စိုက်ထူရာနှင့် ဌာနအသီးသီးနှင့် အဖွဲ့ အစည်းအသီးအကြား ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ရာတွင် ဤနည်းလမ်းသည် အထူးအသုံးဝင်နိုင်ပါလိမ့် မည်။

ပြည်သူလူထုဆိုင်ရာ စီမံကိန်းလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာစွာခေါ်ယူသော Swiss Challenge[၂၂] တင်ဒါစနစ် လုပ်ငန်းစဉ်တွင် ဉာဏ်မူပိုင်ခွင့်ကိုင်စွဲထားသူ ပုဂ္ဂလိကလုပ်ငန်းတစ်ခုမှ တင်သွင်းသည့် လုပ်ငန်းအဆိုပြုလွှာတစ်ခု ပါဝင်နိုင်ပါသည်။ အစိုးရအနေဖြင့် အဆိုပါလုပ်ငန်းအဆိုပြုလွှာကို လက်ခံရယူ၍ ၎င်း၏ဉာဏ်မူပိုင်ခွင့်ကို ဝယ်ယူပြီးလျင် ဈေးပြိုင်ခေါ်ယူမှုကို ဆက်လက် ဖွင့်လှစ်နိုင်သကဲ့သို့ အခြားကုမ္ပဏီများကိုလည်း လုပ်ငန်းအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်၍ (ဉာဏ်မူပိုင်ခွင့်နှင့်တကွ မူလအဆိုပြုလွှာတင်သွင်းသူကိုပါ) တင်ဒါရွေးချယ်မှုတွင် ပါဝင်စေလျက် ပိုမိုသာလွန်ကောင်းမွန်သည့် အဆိုပြုလွှာကို တိုက်ဆိုင်ရွေးချယ်ခွင့်ပြုခြင်းဖြင့် နောက်ဆုံးတွင် အကောင်းမွန်ဆုံး အဆိုပြုသူကို လုပ်ငန်းသဘောတူ စာချုပ်ဆိုသည့် နည်းလမ်းကို အသုံးပြုနိုင်ပါသည်။ ဤ Swiss Challenge တင်ဒါခေါ်ယူမှုစနစ်သည် အလုပ်သမားနှင့် တစ်ဆင့်ခံကန်ထရိုက်တာ အမြောက်အများ ပါဝင်သည့် ဧရာမစီမံကိန်းများအတွက် အသုံးပြုလေ့ရှိသော ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူရေး စနစ်တစ်ခုဖြစ်သောကြောင့် ဤလုပ်ငန်းစဉ်တွင် OSH ၏ အဓိကအရေးပါမှုကို အသေအချာ အကဲဖြတ်၊ သုံးသပ်လေ့လာသင့်ပါသည်။

အခြား သက်ဆိုင်ရာဝန်ကြီးဌာနများ

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာနအပြင် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍတွင် အခြားထင်ရှားသည့် ဈေးကွက်ဖော်ဆောင်သူများမှာ မြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ဖြစ်ကြပါသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီများ

ရန်ကုန်မြို့တော် အုပ်ချုပ်ရေးဌာနတစ်ခုဖြစ်သည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ[၂၃] သည် ရန်ကုန်မြို့တော်နှင့် နယ်နမိတ်အတွင်း ပြုပြင်ထိန်းသိမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် အပါအဝင် တာဝန်၊ ဝတ္တရား အများအပြားကို ထမ်းဆောင်လျက်ရှိပါသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ တာဝန်ဝတ္တရားများတွင် မြေအသုံးချမူဝါဒနှင့် စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ခြင်း၊ စီမံထိန်းချုပ်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော် စည်းကြပ်ဆောင်ရွက်ခြင်း၊ အမွေအနှစ် အဆောက်အအုံများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို စည်းမျဉ်းစည်းကမ်း ကြပ်မတ်ထိန်းသိမ်းခြင်း၊ ပန်းခြံများ၊ ဥယျာဉ်များ၊ ကစားကွင်းများနှင့် အပန်းဖြေရာနေရာများ တည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်း၊ ဈေးများ၊ ရေပေးဝေမှုနှင့် မိလ္လာစနစ်များ တည်ဆောက်ပြုပြင်၊ အဆင့်မြင့် စီမံအုပ်ချုပ်ခြင်း စသည်တို့ပါဝင်ပါသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့တွင် တူညီသည့် ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များရှိသော်လည်း အခြားပြည်နယ်နှင့် တိုင်းဒေသများရှိ မြို့တော်စည်ပင်သာယာရေးကော်မတီများ၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်မှာ အဆိုပါ မြို့တော် (၃) ခု၏ စည်ပင်သာယာရေးကော်မတီများနှင့် ကွဲပြားခြားနားပါသည်။[၂၄] အဓိကခြားနားချက်များမှာ အဆိုပါမြို့တော် (၃) ခု၏ စည်ပင်သာယာရေးကော်မတီများသည် အခွန်အခများ၊ ဝန်ဆောင်ခများ၊ လုပ်ငန်းခွင်ပြုချက်လိုင်စင်များ၊ မြေနှင့် အိမ်ရာအဆောက်အအုံ ဆောက်လုပ်ခြင်းများမှ တစ်ဆင့် ကိုယ်ပိုင်ငွေကြေးထားရှိနိုင်ခြင်း၊ ဒေသဆိုင်ရာ သီးသန့်စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများ သတ်မှတ်ထားရှိခြင်း စသည်တို့ဖြစ်ပါသည်။ YCDC နှင့် MCDC တို့နှင့်စပ်လျဉ်းသည့် ဆောက်လုပ်ရေးလုပ်ငန်း ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများတွင်

---

[၂၂] Eden IAS (၂၀၂၀) “အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံများ”. GS Articles, December. https://edenias.com/blog/gs-articles/public-private-partnership-models-(ppp-models)-gs-articles

[၂၃] မြန်မာနိုင်ငံ အမျိုးသားမုခ်ဦး “ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ”. https://myanmar.gov.mm/en/yangon-city-development-council

[၂၄] Arnold, M ၊ Kempel ၊ ရဲသူအောင် နှင့် ကြည်ပြာချစ်စောတို့ရေးသားသည့် “မြန်မာနိုင်ငံ မြို့နိုစပယ်အုပ်ချုပ်မှု” ၊ “စည်ပင်သာယာရေး အဖွဲ့ အစည်းများဆိုင်ရာ လွှမ်းခြုံဖော်ပြချက်” (၂၀၁၅) ၊ ဆွေးနွေးမှုစာတမ်းအမှတ် (၇). MDRI ၊ CESD နှင့် အာရှဖောင်ဒေးရှင်း

ရန်ကုန် မြို့တော် စည်ပင်သာယာရေး ဥပဒေ (၂၀၁၃)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၄)၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေ (၂၀၁၄)၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ (၂၀၁၅)၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ဥပဒေ (၂၀၁၈)၊ နှင့် ရန်ကုန်မြို့တော် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ (၂၀၁၄)[၂၅] တို့ပါဝင်ပါသည်။ အခြားတစ်ဘက်တွင်လည်း နေပြည်တော် စည်ပင်သာယာရေးကော်မတီဆိုင်ရာ သီးသန့်နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို (၂၀၀၈) အခြေခံဥပဒေနှင့် အညီ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ (အပိုဒ်ခွဲ ၂၈၄)[၂၆]

YCDC နှင့် MCDC ဌာနနှစ်ရပ်လုံးသည် လုပ်ငန်းအပ်နှံသူ၊ လုပ်ငန်းလက်ခံဆောင်ရွက်သူ၊ လုပ်ငန်းသဘောတူစာချုပ် ကြီးကြပ်ညွှန်ကြားသူ၊ လုပ်ငန်းစီစဉ်သူ၊ လုပ်ငန်းဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ပြဋ္ဌာန်းသူ အခန်းကဏ္ဍအားလုံးတွင် ပါဝင်ဆောင်ရွက်နေပါသည်။ အဆိုပါ ကော်မတီနှစ်ရပ်လုံးသည် ၎င်းတို့နှင့် သက်ဆိုင်ရာ မြို့တော်အသီးသီးတွင် အဆောက်အအုံဆောက်လုပ်ရေးခွင့်ပြုမိန့် ထုတ်ပေးရန်အတွက်လည်း တာဝန်ရှိကြပါသည်။ ၂၀၂၀ ခုနှစ် ဧပြီလတွင် YCDC သည် အဆောက်အအုံဆောက်လုပ်ရေးခွင့်ပြုမိန့် တောင်းခံသည့် အွန်လိုင်းစနစ်သစ်တစ်ခု စတင်ဆောင်ရွက်ခဲ့ပါသည်။[၂၇]

၂.၄.၁.၂ စီမံကိန်းဖော်ဆောင်သူများ

“စီမံကိန်းဖော်ဆောင်သူ” ဟူသည်ကို စက်မှုဇုန်တစ်ခု၊ အထူးစီးပွားရေးဇုန်တစ်ခု၊ စက်ရုံတစ်ခု၊ အိမ်ရာတစ်ခု၊ အဆောက်အအုံစုတစ်ခု၊ ဟိုတယ်တစ်ခု စသည့်အဆောက်အအုံ (သို့) အခြေခံအဆောက်အအုံတစ်ခု တည်ဆောက်သည့်လုပ်ငန်းကို တာဝန်ယူဆောင်ရွက်သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ (သို့) အဖွဲ့အစည်းကို သတ်မှတ်ခေါ်ဆိုခြင်း ဖြစ်ပါသည်။ စီမံကိန်းဖော်ဆောင်သူများသည် အခြေခံအဆောက်အအုံ (သို့) အဆောက်အအုံ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့တွင်လည်း ပါဝင်နိုင်ပါသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး စီမံကိန်းဖော်ဆောင်သူများသည် ရန်ကုန်တွင် အခြေစိုက်၍ လုပ်ငန်းအများအပြားတွင် ပါဝင်လုပ်ကိုင်နေကြပါသည်။ Asia Property HQ ၏ အိမ်ရာစီမံကိန်းဖော်ဆောင်သူ မြန်မာနိုင်ငံ၏ ထိပ်ဆုံးကုမ္ပဏီ (၉) ခုနှင့် တွေ့ဆုံပြုလုပ်ခဲ့သည့် သုတေသနအရ အကြီးမားဆုံး အိမ်ရာ စီမံကိန်းဖော်ဆောင်သူများမှာ နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများနှင့်ချိတ်ဆက်၍ လုပ်ငန်းကဏ္ဍ အများအပြားတွင် ဝင်ရောက်လုပ်ကိုင်နေသည့် မြန်မာပိုင် အကျိုးတူလုပ်ငန်းစုများ ဖြစ်ကြပါသည်။ ဥပမာအားဖြင့် Marga အုပ်စု ကုမ္ပဏီသည် အိမ်ရာနှင့် တယ်လီကွန်းဆက်သွယ်ရေး စီမံကိန်းများ ဆောင်ရွက်နေကြ၍ ရွှေတောင်အုပ်စု ကုမ္ပဏီသည် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းအများအပြားကို တာဝန်ယူလုပ်ကိုင်လျက်ရှိပါသည်။ Keppel Land ကဲ့သို့သော ကုမ္ပဏီအချို့သည် တစ်နိုင်ငံထက်ပိုသော နိုင်ငံများတွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ ကုမ္ပဏီအများစုသည် ရန်ကုန်တွင် အခြေစိုက်လုပ်ကိုင် နေကြ၍ Myanmar Seilone အုပ်စု ကဲ့သို့သော ကုမ္ပဏီအချို့မှာမူ နေပြည်တော်တွင် လုပ်ငန်းဆောင်ရွက် နေကြပါသည်။ အဆိုပါ ဆောက်လုပ်ရေးကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်နေကြသည့် အလုပ်သမား အရေအတွက်မှာ ၁၀၀ အောက်မှသည် (Green Vision ဆောက်လုပ်ရေး ကုမ္ပဏီ) ၇၀၀၀ အထက် (ရွှေတောင်ဆောက်လုပ်ရေး ကုမ္ပဏီလိမိတက်နှင့် ကက်ပီတယ်လ် ဆောက်လုပ်ရေး ကုမ္ပဏီလိမိတက်) အထိ ရှိကြပါသည်။

အဆိုပါဆောက်လုပ်ရေးကုမ္ပဏီကြီးများအပြင် အငယ်စားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းများလည်း ရန်ကုန်တွင်ရှိနေပါသည်။ သို့ရာတွင် ပဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းစုစုပေါင်း၏ လုပ်ဆောင်နိုင်စွမ်းသည် ပြောပလောက်အောင် များပြားခြင်း မရှိလှပါ။ ငွေကြေးအရင်းအနှီးကြွယ်ဝသည့် ဆောက်လုပ်ရေးလုပ်ငန်းကြီးများသည် နိုင်ငံတကာဆောက်လုပ်ရေးကုမ္ပဏီကြီးများနှင့် ဖက်စပ်ပုံစံလုပ်ကိုင်နေကြသည့်အတွက် ၎င်းတို့၏ ကြေးရတတ် ဈေးကွက်နှင့် အဆင့်မြင့်စီမံကိန်းများအတွက် အမေရိကန်ဒေါ်လာအခြေပြု ငွေကြေးစိုက်ထုတ်၊ မတည်မှုများ ပြုလုပ်ပေးရန် ဆော်ဩနိုင်စွမ်းရှိပါသည်။[၂၈]

---

[၂၅] MLR Legal နှင့် Tax (n.d.) “အရင်းမြစ်: ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)”.

[၂၆] မြန်မာနိုင်ငံတရားဝင် သတင်းအချက်အလက်စနစ် (၂၀၀၈) ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (မေလ)

[၂၇] “ရန်ကုန်မြို့တော် အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားသည့်စနစ် (YBPS)”. https://ybps.ycdc.gov.mm/index.php

[၂၈] အာရှဖွံ့ဖြိုးရေးဘဏ် (၂၀၁၉) ၊ “ရန်ကုန်တန်ဖိုးသင့်အိမ်ရာစီမံကိန်း ငွေကြေးမတည်မှု” အစီရင်ခံစာ

ဇယား (၅) အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍရှိ အဓိကစီမံကိန်းဖော်ဆောင်သည့် ကုမ္ပဏီများ

ကုမ္ပဏီအမည်	ဖော်ပြချက်	စီမံကိန်းဥပမာများ
Marga Landmark Development Co. Ltd	မြန်မာနိုင်ငံ အကြီးဆုံးစီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် Marga Group ၏ အိမ်ရာဆောက်လုပ်ရေးကုမ္ပဏီဖြစ်ပါသည်။ Marga Group သည် လက်အောက်ခံကုမ္ပဏီခွဲပေါင်းများစွာရှိသည့် နိုင်ငံတကာ ကော်ပိုရေးရှင်း တစ်ခုဖြစ်၍ မြန်မာနိုင်ငံတွင် အိမ်ရာဆောက်လုပ်ရေးနှင့် တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်၊ ဆောင်ရွက်လျက်ရှိပါသည်။ Marga Landmark Development ကုမ္ပဏီသည် အရည်အသွေးမြင့် ဘက်စုံအသုံးပြု အိမ်ရာဖော်ဆောင်ရေး စီမံကိန်းများကို အလေးပေး ဆောင်ရွက်လျက်ရှိပါသည်။	Marga Landmark Development ကုမ္ပဏီသည် သူ၏ ကနဦး ဧရာမစီမံကိန်း ဖြစ်သည့် ရန်ကုန်မြို့ရှိ ဘက်စုံသုံး The Central စီမံကိန်း ဖော်ဆောင်သည့် ကုမ္ပဏီအဖြစ် ထင်ရှားပါသည်။ အဆိုပါ စီမံကိန်းတွင် လူနေတိုက်ခန်းများ၊ ဈေးဆိုင်တန်းများ၊ လုပ်ငန်းဆောင်ရွက်သည့် ရုံးခန်းနေရာများ ပါဝင်ပါသည်။
Shwe Taung Development Co. Ltd	ရွှေတောင် Development ကုမ္ပဏီ ကိုပိုင်ဆိုင်သည့် ရွှေတောင်အုပ်စုသည် မြန်မာနိုင်ငံ၏ အကြီးဆုံး စီးပွားရေး အုပ်စုများတွင်ပါဝင်၍ အိမ်ရာလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ ကုန်စည်ဖြန့်ဖြူးရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ တံတား နှင့် အဝေးပြေးလမ်း စီမံကိန်း၊ ရေအားလျှပ်စစ်စီမံကိန်းစသည့် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်လျက်ရှိပါသည်။ ရွှေတောင် Development ကုမ္ပဏီတွင် အင်ဂျင်နီယာပေါင်း ၄၀၀ကျော်နှင့် အလုပ်သမားပေါင်း ၇,၀၀၀ ကျော် လုပ်ကိုင်လျက် ရှိပါသည်။	လူနေအဆောက်အအုံစုများ၊ ဈေးရောင်းစင်တာ (၆) ခု နှင့် အခြားစီးပွားရေး အဆောက်အအုံများ ပါဝင်သည့် ဘက်စုံသုံး Junction City စီမံကိန်း။ ရန်ကုန်မြို့ရှိ Union Business Centre နှင့် Union Financial Centre အဆောက် အအုံများ
IME Property Co. Ltd	IME Property Co. Ltd ကို အိမ်ရာလုပ်ငန်းကဏ္ဍအပါအဝင် လုပ်ငန်းကဏ္ဍ အချို့တွင် ပါဝင်လုပ်ကိုင်နေသည့် ပုဂ္ဂလိက လုပ်ငန်းစုတစ်ခုဖြစ်သည့် IME Holdings Co. Ltd မှ ပိုင်ဆိုင်ပါသည်။ ကုမ္ပဏီရုံးချုပ်သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်တွင် အခြေစိုက်၍ အလုပ်သမားပေါင်း ၁၄၀ ကျော်ရှိပါသည်။	ရန်ကုန်မြို့ရှိ The Leaf Residence အိမ်ရာ၊ ရှမ်းပြည်နယ်တွင် ကြယ်လေးပွင့်အဆင့်ရှိ အပန်းဖြေဟိုတယ်တစ်ခု။
Yoma Strategic Holdings Ltd	ကုမ္ပဏီပေါင်းများစွာနှင့် လက်အောက်ခံလုပ်ငန်းခွဲပေါင်းများစွာ ပိုင်ဆိုင်၍ လုပ်ငန်းကဏ္ဍအများအပြားတွင် လုပ်ကိုင်နေသည့် စီးပွားရေး လုပ်ငန်းစုကြီး တစ်ခု ဖြစ်ပါသည်။ Yoma Strategic Holdings Ltd သည် အိမ်ရာလုပ်ငန်းအပြင် ဘဏ္ဍာရေးဝန်ဆောင်မှု နှင့် စားသုံးသူဝန်ဆောင်မှု လုပ်ငန်းများ၊ မော်တော်ယာဉ်နှင့် စက်ယန္တရားကြိုးများ၊ အခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင် လက်အောက်ခံ ကုမ္ပဏီခွဲပေါင်းများစွာနှင့် လုပ်ကိုင်လျက်ရှိပါသည်။ သည် အရွယ်အစားကြီးမားသည့် အိမ်ရာစီမံကိန်းလုပ်ငန်းများကို အလေးပေးဆောင် ရွက်လျက် ရှိပါသည်။	FMI၊ Star City နှင့် ပန်းလျိုင်အိမ်ရာ စီမံကိန်း၊ Landmark Development၊ Yoma Central၊ The Peninsula Yangon နှင့် Dialan ဈေးရောင်းစင်တာ နှင့် Dulwich ကောလိပ်၊ ရန်ကုန်။
Keppel Land	Keppel Land သည် စင်ကာပူနိုင်ငံတွင်အခြေစိုက်၍ မြန်မာနိုင်ငံတွင် လုပ်ငန်း လုပ်ကိုင်နေသည် အကြီးဆုံးနှင့် အထင်ရှားဆုံး နိုင်ငံတကာ စီမံကိန်း ဖော်ဆောင် ရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် Keppel Group ၏ အိမ်ရာလုပ်ငန်းကုမ္ပဏီ တစ်ခုဖြစ်ပါသည်။ Keppel Land သည် တရုတ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် စီမံကိန်း များ ဖော်ဆောင်လျက် ရှိပါသည်။	Junction City အဆောက်အအုံနှင့် Junction City ရုံးခန်းအဆောက်အအုံ
Capital Development Limited	Capital Development Limited သည်မြန်မာနိုင်ငံ၏ ဦးဆောင်အိမ်ရာစီမံကိန်းဖော်ဆောင်သူတစ်ဦးဖြစ်သည့် Capital Diamond Star အုပ်စု၏ အိမ်ရာကုမ္ပဏီတစ်ခုဖြစ်ပါသည်။ Capital Diamond Star အုပ်စုသည် မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံး ကုမ္ပဏီများတွင်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။	Shwe Nagar Mixed Use Development, Capital Hypermarket Extension, Pansodan and Capital City.

Myanmar First Global Holdings	Myanmar First Global Holdings သည် ရန်ကုန်မြို့တွင်အခြေစိုက်သည့် အိမ်ရာစီမံကိန်း ရင်းနှီးမြှုပ်နှံရေးနှင့် ဖော်ဆောင်ရေး ကုမ္ပဏီဖြစ်ပါသည်။	မြန်မာပလာဇာ (ရန်ကုန်)၊ ပုသိမ်ပလာဇာ (ပုသိမ်)၊ Ivy Terraces Parkview။ ထို့အပြင် မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် ဟိုတယ်များ၊ အပန်းဖြေစခန်းများ လက်ရှိ ဖော်ဆောင်လျက်ရှိပါသည်။
Green Vision Group of Companies	Green Vision Group of Companies သည် အိမ်ရာစီမံကိန်းဖော်ဆောင်မှုနှင့် စီမံထိန်းသိမ်းမှုများပြုလုပ်နေ၍ ၎င်း၏အရည်အသွေးမြင့်၊ ဘက်စုံသုံး အိမ်ရာစီမံကိန်းကြောင့် ထင်ရှားပါသည်။ ထို့အပြင် ဝန်ဆောင်မှုပေးသည့် တိုက်ခန်းများ၊ ရုံးခန်းအဆောက်အအုံများ၊ ဟိုတယ်များ၊ ဗီလာများ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအသက်သာဆုံး အပန်းဖြေစခန်းများ စသည်တို့ကိုလည်း ဖော်ဆောင်နေပါသည်။ ဤကုမ္ပဏီကို ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အလုပ်သမားပေါင်း ၅၁ မှ ၂၀၀ အကြား ရှိပါသည်။	၂၀၁၈ ခုနှစ် တွင် Green Vision မှ ဆောက်လုပ်ရေးစီမံကိန်းပေါင်း ၇ ခု ပြီးစီးခဲ့ပြီး ဖြစ်ပါသည်။[၂၉]
Myanmar Seilone Group	Myanmar Seilone Group သည် ၎င်း၏ အရည်အသွေးမြင့် ဟိုတယ်နှင့် အပန်းဖြေစခန်းများကြောင့် ထင်ရှားပါသည်။ အရည်အသွေးမြင့်ကွန်ဒို များ၊ ဝန်ဆောင်မှုပေးသည့် အိမ်ရာများ၊ ဗီလာများကိုလည်း ဖော်ဆောင်ခဲ့ ပါသည်။ အပန်းဖြေ၊ ဇိမ်ခံ လုပ်ငန်းများကို အလေးပေးဆောင်ရွက်လျက် ရှိပါသည်။	(၂၆)လမ်း အိမ်ရာ၊ ခေမာရှိ အိမ်ရာ၊ မြတ်မင်္ဂလာ အိမ်ရာအမှတ် (၃၃)၊ မြနန်းတော်ဟိုတယ်

မှီငြမ်းချက် – Asia PropertyHQ (၂၀၁၈ ဧပြီလ ၃၀) မြန်မာနိုင်ငံ ထိပ်တန်း စီမံကိန်းဖော်ဆောင်သည့် ကုမ္ပဏီကြီး (၉) ခု၊ "လမ်းညွှန်ချက်အပြည့်အစုံ" https://www.asiapropertyhq.com/myanmar-property-developers/

ရန်ကုန်မြို့တွင်းရှိ စီမံကိန်းများအပြင် လက်ရှိဆောက်လုပ်လျက်ရှိသည့် အခြေခံအဆောက်အအုံ နှင့် အဆောက်အအုံ အဓိက စီမံကိန်းများလည်း ရန်ကုန်မြို့ပြင်ပတွင် ရှိနေပါသေးသည်။ အရေးပါသည့် အဝေးပြေးလမ်း ဆောက်လုပ်ရေး စီမံကိန်းများတွင် မြို့တွင်းလမ်းများနှင့်ပါ ချိတ်ဆက်ထားသည့် ရန်ကုန်–မန္တလေး အဝေးပြေးလမ်း စီမံကိန်း ၊ စစ်ကိုင်း–မုံရွာ အဝေးပြေးလမ်း စီမံကိန်းနှင့် အုတ်တော–ရွှေဘို အဝေးပြေးလမ်း စီမံကိန်းတို့ ပါဝင်ပါသည်။ ဧရာဝတီတိုင်းဒေသကြီး၏ မြို့တော် ပုသိမ်တွင် မြန်မာနိုင်ငံ ထိပ်သီး စီမံကိန်းဖော်ဆောင်သည့်လုပ်ငန်း (၉) ခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် Myanmar First Global Holding ကုမ္ပဏီ (အထက်တွင် ဖော်ပြထားပြီး ဖြစ်ပါသည်) က "ပုသိမ်ပလာဇာ" အဆောက်အအုံကို တာဝန်ယူဆောက်လုပ်ခဲ့ပါသည်။

စင်ကာပူနိုင်ငံ၏ အကြီးဆုံးအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီနှင့် အာရှအခြေစိုက် ကမ္ဘာလုံးဆိုင်ရာ မြို့ပြ၊ စက်မှုနှင့် အခြေခံ အဆောက်အအုံ ဖော်ဆောင်ရေးဆိုင်ရာ အကြီးဆုံး အကြံပေးကုမ္ပဏီများတွင် တစ်ခုအပါအဝင်ဖြစ်သည့် Surbana Jurong ကုမ္ပဏီမှ တာဝန်ယူပြုလုပ်နေသည့် စီမံကိန်းဖြစ်နိုင်ချေ လေ့လာသုံးသပ်မှုများနှင့်အတူ မန္တလေးမြို့တွင် New Mandalay အပန်းဖြေမြို့ စီမံကိန်း ဖော်ဆောင်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (DUHD) ၏ လမ်းညွှန်ကြီးကြပ်မှုအောက်တွင် ပြည်တွင်း ဆောက်လုပ်ရေးလုပ်ငန်းစု (၃) ခုဖြစ်သည့် Khin Myanmar Developmentı Central Irrawaddy Development နှင့် ရွှေတောင် Development ဆောက်လုပ်ရေးကုမ္ပဏီများက အဆိုပါ စီမံကိန်းကို တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ပါသည်။[၃၀] ကိုဗစ် (၁၉) ကာလ စီးပွားရေး ပြန်လည်နာလန်ထူရေးအစီအစဉ်အရ ဝင်ငွေနိမ့်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းနှင့် အိမ်ရာများ ဖန်တီးပေးနိုင်ရန်အတွက် နေပြည်တော် နှင့် မန္တလေး တွင် ပြည်သူ့အင်္ဂါးအိမ်ရာစီမံကိန်းတစ်ခု အကောင်အထည်ဖော်တည်ဆောက်လျက်ရှိပါသည်။ နေပြည်တော် ဒဂ္ဂိဇာသီရိမြို့နယ်တွင် တိုက်ခန်းပေါင်း (၇၀၄) ခန်းနှင့် မန္တလေး၊ ပုသိမ်ကြီးမြို့နယ်တွင် တိုက်ခန်းပေါင်း (၃၀၀၈) ခန်း လက်ရှိအစီရင်ခံစာရေးသား နေချိန်ထိ ဆောက်လုပ်ပြီး ဖြစ်ပါသည်။ ဤစီမံကိန်းကို မြန်မာလိုင်စင်ကန်ထရိုက်တာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ယူဆောက်လုပ် လျက်ရှိပါသည်။

ဤဆောက်လုပ်ရေးကုမ္ပဏီကြီးများသည် OSH မန်နေဂျာများ ပုံမှန်ခန့်ထားလေ့ရှိ၍ ပြည်ပအတွေ့အကြုံကို တန်ဖိုးထားကြ

---

[၂၉] ဤအကဲဖြတ်လေ့လာမှု အစီရင်ခံစာရေးသားချိန်တွင် (The Green Vision) ၏ ဝက်ဆိုက်သို့ ဝင်ရောက်ကြည့်ရှု၍ မရနိုင်ခဲ့ပါ။

[၃၀] မြန်မာ့ရေကြောင်းတံခါးပေါက် (အဝင်၀) (၂၀၁၉) "ရန်ကုန်နှင့် မန္တလေးတွင် ဖော်ဆောင်လျက်ရှိသည့် ဧရာမ မြို့ပြစီမံကိန်းကြီး (၄) ခု" https://www.myanmarwaterportal.com/news/1304-four-mega-urban-projects-under-implementation-in-yangon-and- mandalay.html

ပါသည်။ စီမံကိန်းဖော်ဆောင်သူ (ဆောက်လုပ်ရေးကုမ္ပဏီ) များသည် ဒေသတွင်း (ဥပမာ – ဖိလစ်ပိုင်၊ ဗီယက်နမ်) နှင့် မြန်မာနိုင်ငံတို့မှ OSH မန်နေဂျာများကို ခန့်ထားလေ့ရှိကြောင်း ဆောက်လုပ်ရေးကုမ္ပဏီများနှင့် ပြုလုပ်သည့် မေးမြန်းဆွေးနွေးမှုများအရ သိရှိရပါသည်။ မြန်မာနိုင်ငံသား OSH မန်နေဂျာများသည် ပြည်တွင်းနှင့် ပြည်ပ OSH စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူများ ဖြစ်ကြပါသည်။ ပြည်ပတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် OSH မန်နေဂျာများသည် ပိုမိုမြင့်မားသည့် လစာများ ရလေ့ရှိကြပြီး အလုပ်အကိုင်ဈေးကွက်တွင် လိုအပ်ချက်မြင့်မားကြောင်း သိရှိရပါသည်။ ၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ခုနှစ် အတွင်း ပြုလုပ်ခဲ့သည့် ပြင်သစ်-မြန်မာ ကုန်သည်ကြီးများအသင်း၏ စစ်တမ်းကောက်ယူမှုများအရ စစ်တမ်းကောက် ယူသည့် ကုမ္ပဏီများ၏ ၄၃ ရာခိုင်နှုန်းသည် ပြည်ပရှိလုပ်ငန်းမှ မိခင်နိုင်ငံသို့ ပြန်လည်ခေါ်ယူသူ (Repatriate) (OSH မန်နေဂျာများကို) ခန့်အပ်ထားပြီး အဆိုပါ OSH မန်နေဂျာများနှင့် အဆင့်တူ ပြည်တွင်း OSH မန်နေဂျာများ၏ လစာခြားနားမှုမှာ ၅ ရာခိုင်နှုန်း[၃၁] မှ ၄၀ ရာခိုင်နှုန်း[၃၂] အထိရှိကြောင်း သိရှိရပါသည်။ မလေးရှား၊ ထိုင်း စသည့် ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် OSH မန်နေဂျာများနှင့် အရာရှိများသည် မြန်မာပြည်တွင်း အတွေ့အကြုံသာရှိသည့် ၎င်းတို့နှင့်အဆင့်တူ ဝန်ထမ်းများထက် ပိုမိုမြင့်မားသည့် လစာရလေ့ရှိကြောင်း မေးမြန်းဆွေးနွေးရာတွင် ပါဝင်ခဲ့သည့် ကန်ထရိုက်တာများ၏ တညီတညွတ်တည်း ဖြေကြားချက်များအရ သိရှိရပါသည်။ အကြောင်းမှာ ၎င်းနိုင်ငံရပ်ခြား အတွေ့အကြုံရှိသူ OSH မန်နေဂျာများ၊ အရာရှိများတွင် ပိုမိုကောင်းမွန်ပြည့်စုံသည့် OSH ဆိုင်ရာ စာတွေ့နှင့် လက်တွေ့ ဗဟုသုတ၊ အတွေ့အကြုံများ တွေ့ရှိရသောကြောင့် ဖြစ်ပါသည်။

စီမံကိန်းအမျိုးအစား၊ တည်နေရာ၊ လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ငန်းကွင်းဆက်အတွင်းအလုပ်ရှင်၏ လုပ်ငန်းအမျိုးအစားနှင့် အနေအထား (ကန်ထရိုက်တာ၊ တစ်ဆင့်ခံ ကန်ထရိုက်တာ အဆင့် ၁၊ ၂၊ ၃၊ ၄) စသည်တို့သည် OSH မန်နေဂျာများ ၊ အရာရှိများ ခန့်ထားနိုင်ရေးကို အဓိကအဆုံးအဖြတ်ပေးသည့် အချက်များဖြစ်ပါသည်။ ဥပမာအားဖြင့် ရေနံနှင့် သဘာဝဓာတ်ငွေ့တူးဖော်ရေးတွင် လုပ်ကိုင်နေသည့် ကန်ထရိုက်ကုမ္ပဏီများတွင် ပိုမိုမြင့်မားသည့် OSH စနစ်၊ စံချိန်စံညွှန်းများရှိရန် လိုအပ်ပါသည်။

မြန်မာစီးပွားရေးလုပ်ငန်းစုများ

စီမံကိန်းဖော်ဆောင်နေကြသည့် မြန်မာစီးပွားရေးလုပ်ငန်းစုများကို အမျိုးအစားခွဲခြားထားပါသည်။ ဤနေရာမှ အစပြု၍ "မြန်မာပိုင်စီးပွားရေးလုပ်ငန်းစုများ" နှင့် "စီးပွားရေးလုပ်ငန်းစုများ" ဟုရည်ညွှန်းဖော်ပြသွားမည့် စီးပွားရေးလုပ်ငန်းစုများသည် ပုံမှန်အားဖြင့် စီးပွားရေးအဖွဲ့အမျိုးမျိုး စုပေါင်းပါဝင်ထားသော ကော်ပိုရိတ်လုပ်ငန်းစုတစ်ခုအောက်ရှိ လုပ်ငန်းကဏ္ဍအသီးသီးတွင်အထက်အောက်အဆင့်ဆင့် ပုံစံဖြင့် ပေါင်းစပ်လုပ်ကိုင်နေ၍အများအားဖြင့် (ပင်မ) မိခင်ကုမ္ပဏီတစ်ခုကို လက်အောက်ခံကုမ္ပဏီခွဲများဖြင့် ဝန်းရံဖွဲ့စည်းထားသည့် မိသားစုပိုင် ကုမ္ပဏီလုပ်ငန်းအစုအဖွဲ့များ ဖြစ်ကြပါသည်။ ဤစီးပွားရေးလုပ်ငန်းစုများသည် ပုံမှန်အားဖြင့် နိုင်ငံစုံမှ ပါဝင်သော စီးပွားရေးလုပ်ငန်းစုကြီးများ ဖြစ်ကြပါသည်။ ဤစီးပွားရေးလုပ်ငန်းစုများ၏ ဖွဲ့စည်းပုံသည် အပြန်အလှန်ရောင်းချမှုများအဆင်ပြေချောမွေ့စေရန်နှင့် လက်အောက်ခံကုမ္ပဏီခွဲများ၏ပြိုင်ပသို့ငွေကြေးယိုစိမ့်မှုအနိမ့်ဆုံးသို့လျော့ချနိုင်ရန်အတွက် အထက်အောက်၊ အဆင့်ဆင့်ပုံစံ ရှိနေဆဲဖြစ်ပါသည်။ မြန်မာပိုင်စီးပွားရေးလုပ်ငန်းစုများသည် စီမံကိန်းအရွယ်အစားနှင့် အမျိုးအစားအပေါ်မူတည်၍ တစ်ဦးတည်း (သို့) ဖက်စပ်ပုံစံဖြင့် လုပ်ငန်းဆောင် ရွက်လေ့ရှိပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ ဦးဆောင်ကော်ပိုရေးရှင်းလုပ်ငန်းစုတစ်ခုဖြစ်သည့် "ရွှေတောင်" ကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ တည်ဆောက်ထုတ်လုပ်ရေး နှင့် ဖြန့်ဖြူးရေးလုပ်ငန်း ၊ အင်ဂျင်နီယာ နှင့် ဆောက်လုပ်ရေးလုပ်ငန်း၊ အခြေခံအဆောက်အအုံ၊ အိမ်ရာအဆောက်အအုံနှင့် လူနေမှုပုံစံ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း စသည့် အဓိက လုပ်ငန်း (၆) ခုတွင် လုပ်ကိုင်နေပါသည်။ ရွှေတောင်ကုမ္ပဏီသည် အခြေခံအဆောက်အအုံဆိုင်ရာ အထူးစီမံကိန်းများတွင် ဖက်စပ်ပုံစံဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းစုများသည် အများအားဖြင့် အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းများတွင် တာဝန်ယူလုပ်ကိုင်နေကြခြင်း ဖြစ်ပါသည်။

မြန်မာပိုင်စီးပွားရေးလုပ်ငန်းစုများသည် စီးပွားရေးဈေးကွက်ဝန်းကျင်၊ သက်ဆိုင်ရာ ပြည်တွင်းပြည်ပ ကွန်ယက်များ၊ ၎င်းတို့ကို တွေ့ထိဆက်သွယ်နိုင်မည့် လမ်းကြောင်းများနှင့် ၎င်းတို့မတည်ပေးနိုင်သည့် အရံငွေကြေးများ စသည်တို့နှင့် ပတ်သက်၍ ရင်းနှီးကျွမ်းဝင်မှုရှိသောကြောင့် နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်း အလယ်အလတ် ကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရာတွင် အသာစီးရယူနိုင်စွမ်းရှိပါသည်။ ဘဏ်လုပ်ငန်း ဖွံ့ဖြိုးခြင်း မရှိသေးသည့် နောက်ခံ အခြေအနေများတွင် ဆောက်လုပ်ရေးစီမံကိန်းများ ဖော်ဆောင်ရန်၊ ရင်းနှီးမြှုပ်နှံရန် (သို့) ငွေကြေးကြိုတင်မတည် ရန်အတွက် ရင်းနှီးမတည်ပေးမည့် အရံငွေကြေးသည် အဓိကအရေးပါသည့် အခန်းကဏ္ဍတွင် ရှိနေပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ ၂၀၂၀ ပြည့်နှစ် "စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရလွယ်ကူမှုဆိုင်ရာ အစီရင်ခံစာ" အရ ကမ္ဘာ့နိုင်ငံပေါင်း ၁၉၀ အနက် ၁၈၁ နေရာတွင်သာရှိနေပါသည်။[၃၃]

---

[၃၁] ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း ၏ "မြန်မာနိုင်ငံဆိုင်ရာ လုပ်ခလစာ စစ်တမ်း" (၂၀၁၉) ၊ ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း

[၃၂] ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း ၏ "မြန်မာနိုင်ငံဆိုင်ရာ လုပ်ခလစာ စစ်တမ်း" (၂၀၂၀) ၊ ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း

[၃၃] ကမ္ဘာ့ဘဏ် (၂၀၂၀) ၊ "စီးပွားရေးလုပ်ငန်းကိုင်ရလွယ်ကူမှုဆိုင်ရာ အစီရင်ခံစာ" ၊ ပါရှင်တန်ဒီစီ

မြန်မာပိုင် စီးပွားရေးလုပ်ငန်းစုများတွင် ပုံမှန်အားဖြင့် OSH စနစ် အမျိုးအစားအချို့ ကျင့်သုံးလျက်ရှိကြောင်း သုတေသနအဖွဲ့နှင့်အတူ ပြုလုပ်ခဲ့သည့် OSH မူဝါဒများ ပြန်လည်သုံးသပ်မှု လုပ်ငန်းစဉ် အထောက်အထားများမှသာမက ဆွေးနွေးတိုင်ပင်မှုများနှင့် လုပ်ငန်းခွင် လေ့လာစောင့်ကြည့်မှုများမှ တစ်ဆင့်လည်း သိရှိရပါသည်။ စီမံကိန်းလုပ်ငန်းအမျိုးအစား၊ လုပ်ငန်းအပ်နှံသူ၏ လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်၊ လိုအပ်ချက်များနှင့် OSH လုပ်ငန်းစဉ်များအတွက် လုပ်ငန်းအပ်နှံသူမှ သတ်မှတ်ပေးသည့် လျာထားငွေပမာဏ အပေါ်မူတည်၍ OSH စီမံခန့်ခွဲမှု ကွဲပြားခြားနားလေ့ရှိပါသည်။ OSH စီမံခန့်ခွဲမှုသည် အစဉ်လည်ပတ်ပတ်နေ၍ ပြန်လှန်၊ စစ်ဆေး၊ သုံးသပ်မှုများ ပုံနှန်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းစုများသည် စီမံကိန်းလုပ်ငန်းခွင်တစ်ခုတိုင်းအတွက် OSH မန်နေဂျာတစ်ဦး နှင့် OSH အရာရှိအချို့ ခန့်ထားလေ့ရှိပါသည်။ OSH မန်နေဂျာများသည် မြန်မာနိုင်ငံသားများ (သို့) ပြည်ပမှ ကျွမ်းကျင်သူများ ဖြစ်နိုင်ပါသည်။ စီးပွားရေး လုပ်ငန်းစုများမှ ခန့်ထားလေ့ရှိသည့် OSH မန်နေဂျာများသည် ပုံမှန်အားဖြင့် နိုင်ငံရပ်ခြား လုပ်ငန်းအတွေ့အကြုံ ရှိသည့်အပြင် OSH စီမံခန့်ခွဲမှုဆိုင်ရာ ပညာရပ်နယ်ပယ်တွင်လည်း အရည်အသွေး ပြည်ဝသူများ ဖြစ်ကြပါသည် (ဥပမာအားဖြင့် – ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေးနှင့် ပတ်ဝန်းကျင် (HSE) အဆင့် (၃) အသိအမှတ်ပြုလက်မှတ် ရရှိထားသူ)။ စီးပွားရေး လုပ်ငန်းစုများသည် OSH စီမံခန့်ခွဲမှုဆိုင်ရာ အကြံပေးများနှင့် အတိုင်ပင်ခံကုမ္ပဏီများကိုလည်း (၄င်းရမ်း) အသုံးပြုလေ့ရှိကြပါသည်။ (ဥပမာ – Workplace Safety and Health (WSH) Myanmar အဖွဲ့) OSH ဆိုင်ရာ ပြန်လည်သုံးသပ်မှုများနှင့် ပြင်ဆင်ဖြည့်စွက်မှုများကို အများအားဖြင့် OSH မန်နေဂျာကဦးဆောင်၍ OSH အရာရှိများ၊ လုပ်ငန်းခွင် OSH မန်နေဂျာများ၊ OSH ကော်မတီ (ရှိခဲ့လျှင်) တို့နှင့် ပူးပေါင်း၊ ချိတ်ဆက်ဆောင်ရွက်လေ့ရှိကြောင်း စီးပွားရေးလုပ်ငန်းစုတစ်ခုနှင့် မေးမြန်းဆွေးနွေးမှုတွင် ဖြေကြားချက်များအရ သိရှိရပါသည်။ မေးမြန်းဆွေးနွေးမှုများအရ OSH ကော်မတီများဖွဲ့စည်းရေးဆိုင်ရာ လမ်းညွှန်ချက်များအလားတူ OSHဆိုင်ရာ လေ့ကျင့်သင်ကြား ပေးသူများနှင့် OSH အရာရှိများကို လေ့ကျင့်မွေးထုတ်တရားဝင်အသိ အမှတ်ပြုပေးသည့်စနစ်များ အရေးတကြီးလိုအပ်ပုံကို မှတ်သားသိရှိရပါသည်။ OSH တာဝန်ခံများ၊ အရာရှိများ၏ တာဝန်၊ ဝတ္တရားများကို OSH ဆိုင်ရာ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများအောက်တွင် အတိအကျသတ်မှတ်ထားသည့် စင်ကာပူနိုင်ငံတွင် OSH အရာရှိများသည် လုပ်သားအင်အားဝန်ကြီးဌာန (Ministry of Manpower) ထံတွင်မှတ်ပုံတင်စာရင်းသွင်းရန်လိုအပ်ကြောင်းကိုလည်း ထပ်မံသိရှိခဲ့ရပါသည်။

မြန်မာပိုင် စီးပွားရေးလုပ်ငန်းစုများသည် OSH စီမံခန့်ခွဲမှုကို ၎င်းတို့၏ ဝန်ထမ်းများအပေါ် ကျင့်သုံးလေ့ရှိသော်လည်း ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများအပေါ်တွင် စနစ်တကျကျင့်သုံးလေ့မရှိသည်ကို တွေ့မြင်ရပါသည်။ ကန်ထရိုက်တာများသည် ၎င်းတို့၏ ကိုယ်ပိုင်အလုပ်သမားများနှင့် တစ်ဆင့်ခံကန်ထရိုက်တာတို့၏ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းကျန်းမာရေးနှင့် လူမှုဖူလုံရေးတို့အတွက် တာဝန်ရှိကြောင်း မေးမြန်းဆွေးနွေးရာတွင်ပါဝင်သည့် စီးပွားရေးလုပ်ငန်းစုများက ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ကြပါသည်။ လုပ်ငန်းခွင်ရှိ အလုပ်သမားများနှင့် ဝန်ထမ်းများအားလုံးအတွက် OSH ဆိုင်ရာ (ဥပဒေကြောင်းအရ) တာဝန်ခံမှုမရှိသည့် ကုမ္ပဏီများ၏ OSH စီမံခန့်ခွဲမှုများတွင် ကန်ထရိုက်တာနှင့် တစ်ဆင့်ခံကန်ထရိုက်များအတွက်လည်း OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် တွန်းအားပေး၊ မြှင့်တင်နိုင်မည့် ဆွဲဆောင်မှုတစ်စုံတစ်ရာ ပါဝင်ခြင်းရှိနိုင်မည်မဟုတ်ပါ။

မေးမြန်းဆွေးနွေးမှုတွင်ပါဝင်ခဲ့သည့် အကျိုးတူလုပ်ငန်းစုတစ်ခုက ၎င်းတို့၏လုပ်ငန်းခွင်များတွင် လုပ်ငန်းခွင် မတော်တဆဖြစ်ခြင်းကြောင့် ထိခိုက်သေဆုံးမှုနှင့်၊ ဒဏ်ရာရရှိမှုများရှိကြောင်း ပွင့်လင်းစွာ ပြောကြားဆွေးနွေးခဲ့ပါသည်။ သေဆုံးမှုများတွင် ငြမ်းစင်ရှိ ဆောက်လုပ်ရေးပစ္စည်းများ အလုပ်သမားများအပေါ် ပြုတ်ကျခြင်း၊ အလုပ်သမားများ အမြင့်နေရာမှ ပြုတ်ကျခြင်း၊ လျှပ်စစ်ဓာတ်လိုက်ခြင်း (ဝါယာကြိုး ရှော့ဖြစ်ခြင်း) နှင့် အားဖြည့်သံမဏိချောင်းများနှင့် ထိခိုက်မိခြင်း စသည့် လုပ်ငန်းခွင်မတော်တဆဖြစ်မှုများပါဝင်ပါသည်။ လူသေဆုံးသည့်မတော်တဆဖြစ်မှုများကိုစီမံအုပ်ချုပ်ကွပ်ကဲမှုအဆင့်ဆင့်မှကုမ္ပဏီ၏အမှုဆောင်အရာရှိချုပ်ထံသို့ အစီရင်ခံတင်ပြရပါသည်။ အခြားပြင်းထန်မှုမရှိသည့် လုပ်ငန်းခွင်မတော်တဆ ဖြစ်မှုများကိုလည်းအစီရင်ခံတင်ပြရပါသည်။ ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားသည် လူမှုဖူလုံရေးအဖွဲ့တွင်မှတ်ပုံတင်ထားခြင်း မရှိသည့်တိုင် စီးပွားရေးလုပ်ငန်းစုများသည် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိမှုအပေါ် အလေးအနက်ထား ဂရုပြုဆောင်ရွက်ကြပါသည်။ သို့သော်လည်း ၄င်းတို့၏အလုပ်သမားအားလုံးသည် လူမှုဖူလုံရေးအဖွဲ့တွင်မှတ်ပုံတင်ထားပြီးကြောင်းကိုမေးမြန်းဆွေးနွေးမှုတွင်ပါဝင်သူများက ဆွေးနွေးခဲ့ကြပါသည်။ လုပ်ငန်းခွင်မတော်တဆမှုများ ဖြစ်ပွားပြီးနောက် အားနည်းလစ်ဟာမှုများကို ပြန်လည်သုံးသပ်ခြင်း၊ အဆိုပါမတော်တဆဖြစ်ရပ်ကို ရှောင်ရှားနိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊ အလားတူဖြစ်ရပ်များ ထပ်မံပေါ်ပေါက်လာမှု မရှိစေရေးအတွက် အဆင့်မြှင့်လုပ်ဆောင်ရမည့်အရာများ ဆွေးနွေးသတ်မှတ်ခြင်းစသည့် စနစ်ကျသော စစ်ဆေးသုံးသပ်မှု လုပ်ငန်းစဉ်တစ်ရပ် ပေါ်ပေါက်လာရန် လိုအပ်နေပါသေးသည်။ ဆောက်လုပ်ရေးလုပ်ငန်းစုကြီးများတွင်ပင်လျှင် ဤနည်းလမ်းကိုအသုံးပြု၍ OSH စီမံခန့်ခွဲမှုစနစ်ပိုမိုထိရောက် ပြည့်စုံစေရေးအတွက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

ဇယား (၆) : အခြေခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းနယ်ပယ်အတွင်းရှိ သတ်မှတ်ရွေးချယ်ထားသည့် စျေးကွက်များတွင် အဓိကလုပ်ငန်း ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံစီးပွားရေးလုပ်ငန်းစု ကော်ပိုရေးရှင်းကြီးများ

စျေးကွက်	လုပ်ငန်းအမည်	ဖော်ပြချက်
ဆိပ်ကမ်း[၃၄]	အေးရှားဝေါ ကုမ္ပဏီ	စီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သည့် အေးရှားဝေါကုမ္ပဏီသည် ရန်ကုန်မြို့ကို ဖြတ်သန်းနေသည့် ကွန်တိန်နာ/ကုန်စည်သေတ္တာ ၄၀ ရာခိုင်နှုန်းခန့် အတင်အချုပ်လုပ်ရာ အေးရှားဝေါဆိပ်ကမ်း - AWPT ကို ပိုင်ဆိုင်ပါသည်။ အေးရှားဝေါဆိပ်ကမ်းတွင် သင်္ဘောဆိပ်ခံ ၃ ခုရှိ၍ ပထမဆုံးသော သင်္ဘောဆိပ်ခံကို ၁၉၉၈ ခုနှစ်တွင် လုပ်ငန်းစတင်လည်ပတ်ခဲ့ပါသည်။ အေးရှားဝေါဆိပ်ကမ်းကို BOT အစီအစဉ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၍ စီမံကိန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ သန်း ၅၀ ခန့် အသုံးပြုခဲ့ပြီး လုပ်ငန်းလည်ပတ်ဆောင်ရွက်ခွင့် ၂၅ နှစ်မှ နှစ် ၃၀ အထိ ရရှိထားပါသည်။ အေးရှားဝေါကုမ္ပဏီသည် China Harbor နှင့်အတူ ဆန်နှင့် ဆန်ထွက်ကုန်များ အဓိကသယ်ယူပို့ဆောင်သည့် “ထီးတန်းဆိပ်ကမ်းဆောက်လုပ်ရေးကို တာဝန်ယူဆောင်ရွက်လျက် ရှိပါသည်။
	Hutchison Port Holding Co.	ဟောင်ကောင်အခြေစိုက် ကုမ္ပဏီဖြစ်၍ သီလဝါနယ်မြေဒေသအနီးရှိ မြန်မာအပြည်ပြည်ဆိုင်ရာ သီလဝါ[၃၅] ဆိပ်ကမ်းကိုပိုင်ဆိုင်ပြီး လုပ်ငန်းလည်ပတ်မှုများ ၁၉၉၇ ခုနှစ်တွင်စတင်ခဲ့ပါသည်။ သီလဝါဆိပ်ကမ်းတွင် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၀၁ သန်းရှိ၍ ၂၅ နှစ်သက်တမ်းရှိ BOT အစီအစဉ်ဖြင့် လုပ်ကိုင်နေခြင်း ဖြစ်ပါသည်။
	ဦးပိုင်လိမိတက် (UMEH)	နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းစုတစ်ခုဖြစ်သည့် ဦးပိုင်လိမိတက်သည် ကွန်တိန်နာများသယ်ယူသော ဗိုလ်အောင်ကျော် ဆိပ်ခံတံတားကို ၂၀၁၁ ခုနှစ်တွင် အစိုးရထံမှ အမေရိကန်ဒေါ်လာ ၄၂ သန်းဖြင့် ဝယ်ယူခဲ့ပါသည်။
	Essar Project	အိန္ဒိယ အင်ဂျင်နီယာကုမ္ပဏီတစ်ခုဖြစ်သည့် Essar Project သည် စစ်တွေဆိပ်ကမ်းကို ဆောက်လုပ်လျက်ရှိပြီး ၎င်းလုပ်ငန်းစဉ်များတွင် တန်ချိန် ၆၀၀၀ သင်္ဘောများဆိုက်ကပ်နိုင်ရန် သောင်တူးသည့်လုပ်ငန်းများလည်း ပါဝင်ပါသည်။ ဤလုပ်ငန်းစဉ်သည် ကာလကတ္တားနှင့် ကုန်းတွင်းပိတ် မီဇိုရမ်ပြည်နယ်အကြားရှိ ခရီးအကွာအဝေးကို လျှော့ချနိုင်မည့် ကုလားတန်ဘက်စုံပို့ဆောင်ရေးစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။ စီမံကိန်းခန့်မှန်းကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၆၈ သန်းဖြစ်၍ အိန္ဒိယအစိုးရမှ အလုံးစုံကျခံမည် ဖြစ်ပါသည်။
လေဆိပ်	အေးရှားဝေါ ကုမ္ပဏီ	မြန်မာ့လေကြောင်းကဏ္ဍတွင် အဓိကဖော်ဆောင်သူတစ်ဦးဖြစ်သည့် အေးရှားဝေါကုမ္ပဏီသည် မြန်မာနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာလေဆိပ် ၃ ခု (ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်) အနက် ၂ ခု တည်ဆောက်ရာတွင် ပါဝင်ခဲ့ပါသည်။ ဟဲဟိုးလေယာဉ်ကွင်း လေယာဉ်ပြေးလမ်းတိုးချဲ့မှုနှင့် ပြင်ဆင်မွမ်းမံမှုတို့ကို တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။
	ထူးအုပ်စုကုမ္ပဏီ	နေပြည်တော်လေဆိပ် ဆောက်လုပ်သည့် ကုမ္ပဏီ ၂ ခုတွင် ၁ ခုဖြစ်သည့် (အခြားကုမ္ပဏီတစ်ခုမှာ အေးရှားဝေါ ဖြစ်ပါသည်) ထူးအုပ်စုသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ကုန်တင်လေယာဉ်ဆိပ် ဆောက်လုပ်ရာတွင်လည်း ပါဝင်ခဲ့ပါသည်။ ထူးအုပ်စုသည် ဒေသတွင်းခရီးသွားလာမှုကို မြှင့်တင်ပေးမည့် ငွေဆောင်ကမ်းခြေအနီး ပြည်တွင်းလေဆိပ်တစ်ခုကိုလည်း တာဝန်ယူတည်ဆောက်ခဲ့ပါသည်။
	CPG Consultants	ချန်ဂီလေဆိပ်တည်ဆောက်ရာတွင် ဒီဇိုင်းပုံစံရေးဆွဲပေးခဲ့သည့် စင်ကာပူမှ အခြေခံအဆောက်အအုံဆိုင်ရာ အကြံပေးကုမ္ပဏီ CPG Consultants သည် နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ် နှင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ဆောင် နှစ်ခုလုံး အတွက် ဒီဇိုင်းပုံစံရေးဆွဲပေးခဲ့ပါသည်။
	ရွှေသံလွင်ကုမ္ပဏီ	ရွှေသံလွင်ကုမ္ပဏီသည် ဒေသတွင်းခရီးသွားလာမှုကို မြှင့်တင်ပေးမည့် ငွေဆောင်ကမ်းခြေအနီး ပြည်တွင်းလေဆိပ်တစ်ခုကိုဆောက်လုပ်ရာတွင် ပါဝင်ခဲ့ပါသည်။

[၃၄] ၁၉၉၈ ခုနှစ် မတိုင်မီက ဆိပ်ကမ်းအားလုံးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူလုပ်ကိုင်ခဲ့ပါသည်။ ၁၉၉၈ ခုနှစ်မှ စတင်၍ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်သည် ၎င်း၏ မူဝါဒများကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး ဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှ လုပ်ဆောင်နိုင်စေရန် လမ်းဖွင့်ပေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် သဘော်ဆိပ် အရှည် စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်ကို ပုဂ္ဂလိကကဏ္ဍမှ ပိုင်ဆိုင်လုပ်ကိုင်ခဲ့ပြီး ကျန် ၂၅ ရာခိုင်နှုန်းခန့်ကို အစိုးရကဏ္ဍမှ တာဝန်ယူ လုပ်ကိုင်ခဲ့ပါသည်။

[၃၅] MPA (n.d.) “မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (သီလဝါ) (MITT)”. http://www.mpa.gov.mm/facts-figures/myanmar-international-terminal-thilawa-mitt

လမ်းများ	မက်စ်မြန်မာကုမ္ပဏီ	မက်စ်မြန်မာကုမ္ပဏီသည် BOT အစီအစဉ်ဖြင့် ရန်ကုန်၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးများ အတွင်းရှိ ကားလမ်းအရှည်စုစုပေါင်း ၈၂၀ ကီလိုမီတာကို ဖော်ဆောင်ခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများတွင် ရန်ကုန်-မန္တလေး ကားလမ်း၊ သီလဝါဒေသအနီးရှိ သန်လျင်မြို့နယ်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်ကို ဆက်သွယ်ပေးသည့် သီလဝါလမ်းနှင့် ဒဂုံတံတားတို့ကို ဆောက်လုပ်ခဲ့ပါသည်။
	ရွှေတောင်Development ကုမ္ပဏီ	ရွှေတောင်ကုမ္ပဏီသည် ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်ကို ဆက်သွယ်ပေးသည့် ကျောက်မဲ ခရိုင်အတွင်း တည်ရှိသည့် အထက်ရဲရွာတံတား ဆောက်လုပ်ရေးကို တာဝန်ယူလုပ်ကိုင်ခဲ့ ပါသည်။ ထို့အပြင် ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကျောက်မဲခရိုင်၊ မိုးမိတ်မြို့နယ်တွင် တည်ရှိ သည့် ရွှေလီ အမှတ် ၃ တံတား ဆောက်လုပ်ရေးကို လည်းတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ ရွှေတောင်ကုမ္ပဏီသည် ၂၀၀၆ ခုနှစ် မှစတင်သည့် နေပြည်တော် အမြန်လမ်းစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ပြီး ကားလမ်းအရှည်စုစုပေါင်း ၁၁၅ ကီလိုမီတာ ပြီးစီးခဲ့ပါသည်။
	အေးရှားဝေါ ကုမ္ပဏီ	အေးရှားဝေါကုမ္ပဏီသည် မြန်မာနှင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်အကြား နယ်စပ်မြို့တစ် မြို့ဖြစ်သည့် မူဆယ်နှင့် မန္တလေးမြို့ကို ဆက်သွယ်ပေးရာ အရှည် ၆၅၈ ကီလိုမီတာရှိသည့် မန္တလေး-လားရှိုး-မူဆယ် ကားလမ်းအပါအဝင် အဓိကကားလမ်းစီမံကိန်း အများအပြားတွင် ပါဝင်ခဲ့ပါသည်။ ဖော်ပြပါ ကားလမ်းစီမံကိန်းများတွင် အခြားလမ်းဆောက်လုပ်ရေးကုမ္ပဏီ များဖြစ်သည့် မက်စ်မြန်မာ၊ ရွှေတောင်၊ ရွှေသံလွင်၊ ကမ္ဘောဇနှင့် တော်ဝင် တို့ ပါဝင် ဆောင်ရွက်ခဲ့ကြပါသည်။
လျှပ်စစ်ဓာတ် အားပေးစက်ရုံများ[၃၆]	Sinohydro Corporation	တရုတ်နိုင်ငံပိုင် ရေအားလျှပ်စစ် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Sinohydro Corporation သည် ရွှေလီဆည် (၂၀၀၈ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်)၊ ရဲရွာဆည် (၂၀၁၀ခုနှစ် တွင် လုပ်ငန်းစတင် လည်ပတ်ခဲ့ပါသည်)၊ ဟတ်ကြီးဆည် (ခေတ္တ ဆိုင်းငံ့ထား ပါသည်) နှင့် ဟူးကြီးဆည် စသည့် ဆည် ၄ ခု တည်ဆောက်ရာတွင် ပါဝင်ခဲ့ပါသည်။
	China Power Investment Corporation (CPIC)	ခန့်မှန်းကုန်ကျစရိတ် ၆.၃ ဘီလီယံရှိ၍ ၂၀၁၁ ခုနှစ်တွင်ရပ်ဆိုင်းထားခဲ့ရသည့် မြစ်ဆုံဆည် တည်ဆောက်ရာတွင် အဓိကရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီ။[၃၇] အဆိုပါစီမံကိန်းတည်ဆောက် ရာတွင် CPIC မှ အဓိက ဌေကြေးမတည်ခဲ့ပါသည်။ မြစ်ဆုံဆည် တည်ဆောက်ရေးစီမံကိန်း သည် ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်၍ CPIC ကုမ္ပဏီနှင့် မြန်မာကုမ္ပဏီများ ဖြစ်သည့် အေးရှားဝေါ၊ Suntac Technologies နှင့် မြန်မာလျှပ်စစ်စွမ်းအားလုပ်ငန်းတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါသည်။
	China International Trust & Investment Co	China International Trust & Investment Co သည် ရဲရွာဆည်တည်ဆောက်သည့် အဓိက ကုမ္ပဏီ (၂) ခုအနက် (၁) ခု အပါအဝင် ဖြစ်ပါသည်။ အခြား ကုမ္ပဏီတစ်ခုမှာ Sinohydro Corporation) ဖြစ်ပါသည်။
	Datang Corporation	Datang Corporation သည်ရွာသစ်ဆည်နှင့် ဒီပဲယင်းဆည် ဆောက်လုပ်ရာတွင် ပါဝင်ခဲ့ ပါသည်။ အဆိုပါ စီမံကိန်းများမှထွက်ရှိသည့် လျှပ်စစ်ပမာဏ၏ ၉၀ ရာခိုင်နှုန်းကို တရုတ် နိုင်ငံသို့ ရောင်းချမည် ဖြစ်ပါသည်။
	အေးရှားဝေါကုမ္ပဏီ	အေးရှားဝေါကုမ္ပဏီသည် အထက်သံလွင်ဆည်နှင့် ရွှေလီဆည် တည်ဆောက်ရေးအတွက် ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာနှင့် လုပ်ငန်းခွင်မြေပြင် ရှင်းလင်းရာတွင် ပါဝင်ခဲ့ပါသည်။
	IGE Co.	IGE ကုမ္ပဏီသည်ရင်းနှီးမြှုပ်နှံမှုများပြုလုပ်သည့် အကျိုးတူလုပ်ငန်းစုတွင်ပါဝင်၍ ဟတ်ကြီးဆည် ဆောက်လုပ်ရေး စီမံကိန်းဖြစ်နိုင်ချေကွင်းဆင်း လေ့လာမှုများ ပြုလုပ်ရာတွင် ပါဝင်ခဲ့ ပါသည်။

[၃၆] မြန်မာနိုင်ငံရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများတွင်ပါဝင်သည့် အခြားနိုင်ငံခြားကုမ္ပဏီများမှာ (Financiers China EXIM Bank) နှင့် တရုတ်နိုင်ငံ မှ အင်ဂျင်နီယာကုမ္ပဏီများဖြစ်သည့် (Gezhouba Group Co)၊ (China National Electric Equipment Co)၊ (Hunan Savoo Overseas Water & Electric Engineering Co) နှင့် (China National Heavy Machinery Co) တို့ ဖြစ်ကြပါသည်။

[၃၇] Zhang, R. (n.d.) "မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ"၊ "မြစ်ဆုံဆည်ကို ကျော်လွန်၍" https://thediplomat.com/2020/07/chinese-investment-in-myanmar-beyond-myitsone-dam/

ရှင်းလင်းချက် : အေးရှားဝေါအုပ်စု၊ ဇင်အုပ်စု၊ ပထမမြန်မာကုမ္ပဏီအုပ်စု၊ ထူးအုပ်စု၊ IBTC၊ IGE အုပ်စု၊ ကမ္ဘောဇအုပ်စု (KBZ Group)၊ လွိုင်ဟိန်း၊ မက်စ်မြန်မာ၊ ရွှေတောင်နှင့် ရွှေသံလွင်အုပ်စုများသည် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီမှထုတ်ပြန်သည့် လုပ်ငန်းလိုအပ်ချက်ဆိုင်ရာလေ့လာသုံးသပ်မှု အစီရင်ခံစာ (Due Diligence Report) တွင် ပါဝင်ခဲ့ပါသည်။[၃၈] သို့ရာတွင် ရွှေတောင်အုပ်စုက ၎င်းတို့ကုမ္ပဏီသည် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းတစ်ခုသာဖြစ်၍ ယခင် အစိုးရ (သို့) ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ချိတ်ဆက်ပတ်သက်ခြင်း (သို့) ၎င်းတို့၏ အစုရှယ်ယာများ ပါဝင်ခြင်းမရှိကြောင်း တုန့်ပြန်ပြောကြားခဲ့ပါသည်။[၃၉]

မှီငြမ်းချက် – (JICA) နှင့် (PricewaterhouseCoopers Co.) (၂၀၁၃) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအခြေအနေများအပေါ် အချက်အလက် စစ်တမ်းကောက်ယူခြင်း

မြန်မာကုမ္ပဏီများ

အငယ်စားနှင့် အလတ်စား ဆောက်လုပ်ရေးကုမ္ပဏီများကမူ ပုဂ္ဂလိက (သို့) အစိုးရ/အစိုးရဌာနများမှ တိုက်ရိုက်ခေါ်ယူ ၊ မြှုပ်နှံသည့် ဆောက်လုပ်ရေးစီမံကိန်းငယ်များကို ဦးတည်လုပ်ကိုင်ကြပါသည်။ အဆိုပါ ဆောက်လုပ်ရေး ကုမ္ပဏီများအကြား ယှဉ်ပြိုင်မှုသည် ခက်ခဲလှ၍အဆိုပြုသည့်ဈေးနှုန်းသည်ယှဉ်ပြိုင်မှုအတွက်အရေးပါသည့်အချင်းအရာများဖြစ်လာကြပါသည်။ဤသို့သော ကုမ္ပဏီများ၊ ၎င်းတို့၏ အလုပ်သမားများနှင့် ၎င်းတို့မှ ထပ်မံဌားရမ်းထားသည့် တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့် OSH ဆိုင်ရာ အရင်းအမြစ်များ ချဉ်းကပ်ရယူနိုင်ခွင့်သည် အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။ (ဥပမာအားဖြင့် – OSH ဆိုင်ရာ သင်တန်းများ၊ သတင်းအချက်အလက်များ၊ ဝန်ထမ်းများ၊ စနစ်များ၊ လုပ်ငန်းအရင်းအနှီးများ စသည်) အဆိုပါကုမ္ပဏီများ၊ ၎င်းတို့၏အလုပ်သမားများ၊၎င်းတို့၏တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့်OSHစနစ်များ၊အလေ့အထများအပေါ်အလေးထားလိုက်နာကျင့်သုံးလာစေရန် တွန်းအားပေး ၊ ဆွဲဆောင်နိုင်မှုသည် OSH ဆိုင်ရာ လုပ်ငန်းအပ်နှံသူ၏ လိုအပ်ချက်နှင့် ကော်ပိုရိတ် လုပ်ငန်းစု၏ အလေ့အထခံယူချက်နှင့် လုပ်ငန်းဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု ပမာဏတို့အပေါ်တွင် တည်မှီနေပါသည်။

သို့ရာတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) မှ ပြုလုပ်ခဲ့သည့် အသိအမြင်သဘောထား၊ အမူအကျင့်များအပေါ် အကဲဖြတ်ဆန်းစစ်မှုများအရ ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ လူငယ်အလုပ် သမားများသည် လုပ်ငန်းခွင်တွင် ဘေးအန္တရာယ်ကင်းရှင်းကျန်းမာစွာ နေထိုင်လုပ်ကိုင်နိုင်ခြင်းကို ၄င်းတို့အတွက် အဓိကဦးစားပေးအရာတစ်ခုအဖြစ် သတ်မှတ်ထားခြင်းမရှိကြောင်း သိရှိရပါသည်။[၄၀] အထက်ပါ ဆန်းစစ်မှုများတွင် ပါဝင်သော လူငယ်အလုပ်သမား အများစုကမူ ၎င်းတို့အနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် နာမကျန်းဖြစ်မှုကို ကုသရန်မတတ်နိုင်သောကြောင့် OSH သည် အလွန်အရေးကြီးကြောင်း ပြောဆိုခဲ့ကြပါသည်။ ဆန်းစစ်မှုများတွင် ပါဝင်သည့် လူငယ်အလုပ်သမားများ၏ သုံးပုံတစ်ပုံက OSH ဆိုင်ရာ အကြောင်းအရာများအပေါ် စဉ်းစား၍ပင်မကြည့်ဖူးကြောင်း ပြောကြားခဲ့ကြပြီး ငါးပုံတစ်ပုံသော လူငယ်အလုပ်သမားများကမူ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကျန်းမာရေးအပေါ် လုံးဝအလေးမထားကြောင်း ပြောကြားခဲ့ပါသည်။ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းစီမံကိန်းများတွင် OSH စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလေ့အထများနှင့် သတ်မှတ်လျာထားငွေ ကင်းမဲ့ခြင်းနှင့်အတူ လုပ်ငန်းမတည်ရင်းနှီးငွေ ချဉ်းကပ်ရယူရန် ခက်ခဲခြင်းများ (ဥပမာ – ဘဏ်များ၏ ချေးငွေဆိုင်ရာအာမခံများ) ကြောင့် မြန်မာကုမ္ပဏီများအနေဖြင့် ၎င်းတို့ အလုပ်သမားများ၏ အကျိုးကျေးဇူးများကို ဖော်ဆောင်ပေးမည့် OSH စနစ်များ၊ အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပေးရန် အခွင့်မသာဖြစ် (တွန့်ဆုတ်) စေပါသည်။

ကော်ပိုရိတ်လုပ်ငန်းစု အလေ့အထ၊ ခံယူချက်များသည် ခေါင်းဆောင်မှုအပေါ်တွင် မူတည်နေပါသည်။ နိုင်ငံတကာ OSH စနစ်များအပေါ် ရင်းနှီးကျွမ်းဝင်သည့် (OSH အလေ့အထများကို ရပ်တည်ကာကွယ်ပေးသည့်) ဦးဆောင် ဆောက်လုပ်ရေးလုပ်ငန်းစုကြီးများနှင့် ပူးတွဲလုပ်ကိုင်ရခြင်းက မြန်မာကုမ္ပဏီများ၏ OSH စနစ်များ၊ အလေ့အထများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကောင်းမွန်သော အရွေ့တစ်ခုဆီသို့ ဦးတည်နိုင်စေပါလိမ့်မည်။ ဝန်ထမ်းရေးရာလေ့ကျင့်သင်ကြားမှုများတွင် ရင်းနှီးမြှုပ်နှံရန်

---

[၃၈] ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၁၉)၊ “မြန်မာစစ်အုပ်စု၏ စီးပွားရေး အကျိုးအမြတ်များ”၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေး သီးခြားလွတ်လပ်သည့် နိုင်ငံတကာမစ်ရှင်

[၃၉] ရွှေတောင်ကုမ္ပဏီလိမိတက် (၂၀၂၀) “မြန်မာစစ်အုပ်စု၏ စီးပွားရေး အကျိုးအမြတ်များ”၊ ရွှေတောင်ကုမ္ပဏီ၏ တုန့်ပြန်ပြောဆိုချက် (ဖေဖော်ဝါရီ ၄) https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/LetterfromShweTaungGroupfeb2020.pdf

[၄၀] ILO (၂၀၁၇) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ “ဘေးအန္တရာယ်ကင်းရှင်းကျန်းမာသည့် လုပ်ငန်းခွင်ဘဝကို ဖော်ဆောင်ပေးမည့် သင့်လျော်မှုနှံကန်သည့် ပတ်ဝန်းကျင်”၊ “ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် မကွေးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ လူငယ်အလုပ်သမားများ၏ အသိအမြင် ဗဟုသုတ၊ စိတ်ထားခံယူချက်နှင့် အပြုအမူများ” အစီရင်ခံစာ

လုံလောက်သော ငွေရင်းရှိသည့် မြန်မာကုမ္ပဏီများအနေဖြင့် စံချိန်စံညွှန်း၊ မှတ်ကျောက်တစ်ရပ် ထပ်မံစိုက်ထူသင့်ပါသည်။ အတွေးအခေါ်၊ အမူအကျင့်များ ပြောင်းလဲမှုကို တွန်းအားပေးဖော်ဆောင်နိုင်မည့် စရိတ်များကို သက်သာသော OSH ဆိုင်ရာ အလေ့အထများနှင့် ဆန်းသစ်တီထွင်မှုများအပေါ် မြန်မာကုမ္ပဏီများ၏ စိတ်ပါဝင်စားမှု၊ အသိအမြင်များ မြင့်တက်လာစေမည့် အခွင့်အလမ်းတစ်ရပ်ကို ဤနေရာတွင် အကြံပြုလိုပါသည်။ ဥပမာအားဖြင့် –ရိုးရှင်း၍ ကုန်ကျစရိတ်သက်သာသည့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ OSH စနစ်များကို လက်တွေ့သရုပ်ပြ ကျင့်သုံးစေခြင်းဖြင့် OSH ဆိုင်ရာ အလေ့အထကောင်းများကို ဖန်တီးအသုံးချ၊ ဖြန့်ဖြူးနိုင်ပြီး သပ်ရှင်းသပ်ရပ်သော အလုပ်ခွင်ဝန်းကျင် ပေါ်ထွန်းလာစေရေး လုပ်ငန်းစဉ်များပါဝင်ပါသည်။

၂.၄.၁.၃ ရင်းနှီးမြှုပ်နှံသူများ

ဤလေ့လာမှုအစီရင်ခံစာတွင် အဓိပ္ပာယ်သတ်မှတ် ဖော်ပြထားသည့် "ရင်းနှီးမြှုပ်နှံသူ" ဟူသည် စီမံကိန်းဖော်ဆောင်သူမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့်အညီ အဆောက်အအုံ (သို့) အခြေခံအဆောက်အအုံ ဆောက်လုပ်ရာတွင် ရင်းနှီးမြှုပ်နှံသည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီ (သို့) အဖွဲ့အစည်းကို ဆိုလိုပါသည်။

ရင်းနှီးမြှုပ်နှံသူ စျေးကွက်စီးဆင်းရာ (ချိတ်ဆက်ရာ) လမ်းကြောင်းများတွင် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် FDI တို့ပါဝင်ပါသည်။[၄၁] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်မပြုစာရင်း (Negative List) တွင် ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှု/စီမံကိန်းအချို့ကို အစိုးရ (သို့) ဖက်စပ်လုပ်ငန်းများမှသာ တာဝန်ယူဖော်ဆောင်ခွင့်ရှိပါသည်။ အချို့သော ရင်းနှီးမြှုပ်နှံမှုများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများမှ ငွေကြေးမတည်ကာ ဦးဆောင်နေသော်လည်း မြေပိုင်ဆိုင်မှု (သို့) မြေစီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အစိုးရမှ ပါဝင်ပတ်သက်နိုင်ဖွယ်ရှိသည်ဟူသည့်အချက်ကို သတိပြုရန် အထူးလိုအပ်ပါသည်။ အဆိုပါအချက်သည် BOT စီမံကိန်းဆိုင်ရာ ကိစ္စရပ်များအတွက်လည်း ရည်ညွှန်းထားပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ဆိပ်ကမ်းတည်ဆောက်ရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ သတ္တုတူးဖော်ရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားကြပါသည်။ ၂၀၁၃ ခုနှစ် တွင် မြန်မာအစိုးရက နိုင်ငံခြားကုမ္ပဏီများကို တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်းခွင့်ပြုချက်လိုင်စင်အသစ်များ ချထားပေးခြင်း၊ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် ဆောက်လုပ်ခြင်းနှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြှင့်တင်ရာ စီမံကိန်းစျေးပြိုင်ခေါ်ယူခြင်းများတွင် ဝင်ရောက်ပါဝင်ရန် ဖိတ်ခေါ်ခဲ့ပါသည်။[၄၂] ၂၀၁၃ ခုနှစ်မတိုင်မီက အဆိုပါလုပ်ငန်းကဏ္ဍနှစ်ရပ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ လာရောက်ရင်းနှီးမြှုပ်နှံခဲ့ဖူးခြင်းမရှိသေးပါ။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် အထူးစီးပွားရေးဇုန်များရှိ ကုန်ပစ္စည်း၊ အစားအသောက်နှင့် အဖျော်ယမကာ၊ လယ်ယာထွက်ကုန်ကြိတ်ခွဲထုတ်လုပ်သည့် စက်ရုံအလုပ်ရုံများ တည်ဆောက်ထုတ်လုပ်ရာတွင် များစွာဝင်ရောက်လုပ်ကိုင်လျက်ရှိကြပါသည်။ အထူးစီးပွားရေးဇုန်များ၏ (မဟာဗျူဟာမြောက်) အချက်အချာကျသော တည်နေရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခြေအနေများ၊ မြန်မာသုံးစွဲသူစျေးကွက်နှင့် လုပ်အားခသက်သာမှုများက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ခဲ့ကြပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (SOE) အများအပြား ပါဝင်ပါသည်။ ၎င်းတို့အနက် အချို့ကို ရွေးနှုတ်တင်ပြရလျှင် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းအချို့တွင် တာဝန်ယူဆောင်ရွက်နေသည့် တရုတ်အမျိုးသား ရေနံကုမ္ပဏီများဖြစ်သည့် China National Petroleum Company၊ Sinohydro နှင့် CPIC တို့ ဖြစ်ကြပါသည်။ ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍတွင် တရုတ်နှင့် ထိုင်းတို့မှ နိုင်ငံပိုင်ကုမ္ပဏီများက အများဆုံး ကြီးစိုးထားကြပါသည်။ မြန်မာနိုင်ငံမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားကို အဆိုပါနိုင်ငံများသို့ တင်ပို့လေ့ရှိပါသည်။

---

[၄၁] မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေတွင် ရင်းနှီးမြှုပ်နှံသူဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နေသည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူ (သို့) နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူကို ဆိုလိုပါသည်။ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နေသည့် မြန်မာနိုင်ငံသားကို ဆိုလိုပါသည်။ ၎င်းတွင် "မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ" နှင့်အညီ မှတ်ပုံတင်၊ တည်ထောင်ထားသည့် မြန်မာကုမ္ပဏီများ၊ ကုမ္ပဏီရုံးခွဲများ၊ အခြားလုပ်ငန်းများ ပါဝင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံ ထားသည့် မြန်မာနိုင်ငံသားမဟုတ်သူကို ဆိုလိုပါသည်။ ၎င်းတွင် "မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ" နှင့်အညီ မှတ်ပုံတင်၊ တည်ထောင်ထားသည့် နိုင်ငံခြားကုမ္ပဏီများ၊ ကုမ္ပဏီရုံးခွဲများ၊ အခြားလုပ်ငန်းများနှင့် အခြားနိုင်ငံများ၏ ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော လုပ်ငန်းများပါဝင်ပါသည်။ "မြန်မာနိုင်ငံ ရင်းနှီး မြှုပ်နှံမှုဥပဒေ (၂၀၁၆)၊ ဘာသာပြန်မူကြမ်း၊ ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)
https://www.dica.gov.mm/sites/dica.gov.mm/files/document-files/unofficial_translation_mil_20161019-e.pdf

[၄၂] တယ်လီကွန်း လုပ်ငန်းလိုင်စင်များကို တာဝါတိုင်ဆောက်လုပ်ရေးမှတစ်ဆင့် အခြေခံအဆောက်အအုံကဏ္ဍနှင့် ချိတ်ဆက်ဖော်ပြထားပါသည်။

နိုင်ငံခြားကုမ္ပဏီများသည် ပြည့်ဖြိုးမြစ္စွမ်းအင်စီမံကိန်း ဆောက်လုပ်ရေးလုပ်ရေးလုပ်ငန်းများတွင်လည်း ပိုမိုပါဝင်လာကြပါသည်။ ဤအချက်ကို မြန်မာနိုင်ငံ၏ ၁.၀၆ ဂီဂါဝပ် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း တင်ဒါခေါ်ယူမှုတွင် တွေ့မြင်နိုင်ပါသည်။ အဆိုပါ စီမံကိန်းတင်ဒါ ခေါ်ယူမှုအားလုံးတွင် တရုတ်ကုမ္ပဏီများက စီမံကိန်းလုပ်ငန်းခွင် ၃၀ ခုတွင် တစ်နေရာမှအပ ကျန်နေရာအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင် ဈေးပြိုင်အောင်မြင်ခဲ့ပါသည်။ တရုတ်ကုမ္ပဏီများအနက် Sungrow Power Supply Co. Ltd နှင့် China Mechanical Engineering Corporation တို့သည် အအောင်မြင်မှုအရှိဆုံး ကုမ္ပဏီများဖြစ်၍ တရုတ်ကုမ္ပဏီများနှင့် မိတ်ဖက်လုပ်ကိုင်နေသည့် ရွှေတောင်အုပ်စု နှင့် Khaing Lon Gems တို့သည် မြန်မာကုမ္ပဏီများအနက် အအောင်မြင်ဆုံးဖြစ်ပါသည်။[၄၃]

၂.၄.၁.၄ နိုင်ငံခြား ကန်ထရိုက်တာများ

ဤလေ့လာမှုအစီရင်ခံစာတွင် “နိုင်ငံခြားကန်ထရိုက်တာ” ဟူသည် ဒေါ်လာသန်းပေါင်းများစွာ တန်ဖိုးရှိသည့် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေး တင်ဒါလုပ်ငန်းများ နှင့် စီမံကိန်းများကို ဦးတည်ဆောင်ရွက်နေကြသည့် နိုင်ငံခြားပိုင်နှင့် နိုင်ငံခြားကုမ္ပဏီများကို ဆိုလိုပါသည်။ ၎င်းနိုင်ငံခြား ကန်ထရိုက်ကုမ္ပဏီများသည် စီမံကိန်းကြီးများတွင် မြန်မာအကျိုးတူလုပ်ငန်းစုများနှင့် တွဲဖက်၍ ဖက်စပ်ပုံဖြင့်လည်းကောင်း (သို့) စီမံကိန်းငယ်များတွင် တစ်ဦးတည်းပုံစံဖြင့်လည်းကောင်း လုပ်ကိုင်လျက် ရှိကြပါသည်။ ၂၀၂၀ ခုနှစ် အောက်စဖို့ စီးပွားရေးအုပ်စု အစီရင်ခံစာတွင် ကိုးကားဖော်ပြခဲ့သည့် ၂၀၁၉ ခုနှစ် ဇွန်တွင် Ficth Solutions အဖွဲ့၏ အစီရင်ခံစာပါအချက်အလက်များအရ “အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုများကမြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း ကြီးထွားရေးအပေါ် အထောက်အကူပြုလျက်ရှိကြောင်း” သိမြင်နိုင်ပါသည်။ ဤမြန်မာနိုင်ငံဆိုင်ရာ ၂၀၂၀ ခုနှစ် အစီရင်ခံစာ “ဆောက်လုပ်ရေးနှင့် အိမ်ရာ အခန်း” တွင်ဖော်ပြထားသည့် အချက်အလက်များအရ နိုင်ငံခြားကန်ထရိုက်ကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ အဓိက အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းအားလုံး၏ ၈၀ ရာခိုင်နှုန်းကျော်တွင် ပါဝင်လျက် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်း ဈေးကွက်ကို ဆက်လက်ကြီးစိုးနေကြောင်း သိရှိရပါသည်။

နိုင်ငံခြားကန်ထရိုက်ကုမ္ပဏီ အများစုသည် အာရှနိုင်ငံများမှ ဖြစ်ကြသော်လည်း အထူးတလည် ကြီးစိုးနေသည့် နိုင်ငံဟူ၍ မရှိပါ။[၄၄] ဥပမာအားဖြင့် ထိုင်းနိုင်ငံမှ ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သည့် Vintage Engineering၊ LNG Plus International နှင့် Rojana Industrial Park Public တို့သည် မကွေးရှိ ၂၂၀ မက်ဂါဝပ် နေရောင်ခြည်သုံး လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းနှင့် ရေနက်ဆိပ်ကမ်းတစ်ခုပါဝင်သည့် “ထားဝယ် ရေကြောင်း ဗဟိုချက်” (Dawei Maritime Hub) စီမံကိန်းများတွင် လုပ်ကိုင်လျက်ရှိပါသည်။ တောင်ကိုရီးယားမှ ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Hyundai Engineering နှင့် Yunnan Construction Engineering Group ကဲ့သို့သော တရုတ်ကုမ္ပဏီငယ်များသည် မြန်မာဆောက်လုပ်ရေးဈေးကွက်အတွင်း တည်ရှိလုပ်ကိုင်နေကြပါသည်။ ပြည်တွင်းကျွမ်းကျင်ပညာရှင် ရှာဖွေရန်ခက်ခဲခြင်းနှင့် စီမံကိန်းများ၏ ရှုတ်ထွေးသော လုပ်ငန်းသဘာဝကြောင့် နိုင်ငံခြားမှ လာရောက်လုပ်ကိုင်သူ (ကန်ထရိုက်ကုမ္ပဏီ) များ နောင်လာမည့်နှစ်များတွင်လည်း ဦးဆောင်မည့်အခန်းကဏ္ဍမှ ဆက်လက်ရှိနေဦးမည်ဟု မျှော်လင့်ရပါသည်။[၄၅] သို့ရာတွင် ဖေဖော်ဝါရီ (၁) ဖြစ်စဉ်က အဆိုပါအနေအထားများကို နောက်ပြန်လှည့်စေနိုင်ဖွယ် ရှိနေပါသည်။

---

[၄၃] ကျော်ရဲလင်းနှင့် Kean, T. (၂၀၂၀) “မြန်မာနိုင်ငံ ဆိုလာစီမံကိန်းတင်ဒါခေါ်ယူရာတွင် တရုတ်ကုမ္ပဏီများက လွှမ်းမိုးထားပါသည်။”. China Dialogue, ၂၂ စက်တင်ဘာ. https://chinadialogue.net/en/energy/chinese-companies-dominate-myanmar-solar-tender/

[၄၄] Oxford Business Group (၂၀၂၀) မြန်မာနိုင်ငံ၏ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ ကြီးထွားလာစေရေးကို အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုက ထောက်မပေးနေပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာ လုပ်ငန်းကဏ္ဍ အကြောင်းအရာ https://oxfordbusinessgroup.com/overview/concrete-foundation-mega-projects-and-infrastructure-development-support-growth

[၄၅] တူညီသော မှီငြမ်းချက်။

၂.၄.၁.၅ ဖက်စပ်လုပ်ငန်းများ

ဤဖက်စပ်လုပ်ငန်းများသည် ပုံစံအမျိုးမျိုးရှိနိုင်ပါသည်။ ဤလေ့လာသုံးသပ်မှုအစီရင်ခံစာတွင် ဖော်ထုတ်သတ်မှတ်ထားသည့် အသုံးအများဆုံး ဖက်စပ်လုပ်ငန်းပုံစံ (၅) မျိုးမှာ ၁) မြန်မာအစိုးရနှင့် မြန်မာစီးပွားရေးလုပ်ငန်းစုတစ်ခုအကြား တိုက်ရိုက် (သို့) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှ တစ်ဆင့် ၂) မြန်မာအစိုးရနှင့် နိုင်ငံခြားပိုင်ကုမ္ပဏီတစ်ခုအကြား တိုက်ရိုက် (သို့) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ၃) တစ်ခု (သို့) တစ်ခုထက်ပိုသော မြန်မာကုမ္ပဏီများနှင့် တစ်ခု (သို့) တစ်ခုထက်ပိုသော နိုင်ငံခြားပိုင်ကုမ္ပဏီများ အကြား ၄) အစိုးရဌာနများအကြား (ဥပမာ – အထူးစီးပွားရေးဇုန်များ) နှင့် ၅) စီးပွားရေး လုပ်ငန်းစုများနှင့် နိုင်ငံခြားကုမ္ပဏီများအကြား ပူးတွဲလုပ်ကိုင်သည့် ဖက်စပ်ပုံစံများ ဖြစ်ကြပါသည်။

ထင်ရှားသည့် ဖက်စပ်လုပ်ငန်းပုံစံတစ်ခုမှာ အိုးအိမ်ဦးစီးဌာနနှင့် မစ်ဆူဘီရှီအုပ်စု (ဂျပန်)၊ Hong Leong Group (စင်ကာပူ) နှင့် Keppel Group (စင်ကာပူ) တို့ပါဝင်သည့်အကျိုးတူလုပ်ငန်းစုတို့အကြား ဖက်စပ်လုပ်ကိုင် သည့် မင်္ဂလာဒုံစက်မှုဇုန် ဖြစ်ပါသည်။ အခြားထင်ရှားသည့် နမူနာတစ်ခုမှာ Dragages Singapore (Bouygues Construction ဆောက်လုပ်ရေးလုပ်ငန်း၏ လက်အောက်ခံကုမ္ပဏီခွဲတစ်ခု) နှင့် Serge Pun & Associates Project Management (Yoma Strategic Holding ၏လက်အောက်ခံကုမ္ပဏီခွဲတစ်ခု) တို့အကြား ဖက်စပ်ဆောင်ရွက်သည့် အဆောက်အအုံဒီဇိုင်းနှင့် ဆောက်လုပ်ရေး ကန်ထရိုက်ကုမ္ပဏီ – BYMA ဖြစ်ပါသည်။ BYMA အနေဖြင့် Serge Pun & Associates Project Management ၏ ပြည်တွင်းလုပ်ငန်းအတွေ့အကြုံများ၊ ကျွမ်းကျင်မှုများနှင့်အတူ Dragages Singapore ၏ နိုင်ငံတကာ အကြီးစားဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံများကို ဆောင်ကြဉ်းနိုင်ခဲ့ပါသည်။

နိုင်ငံခြားကုမ္ပဏီများ ပါဝင်ဆောင်ရွက်မှုသည် အချို့သောစီမံကိန်းလုပ်ငန်းများတွင် စံသတ်မှတ်ချက် ဖြစ်ပါသည်။ ရေအား လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းအားလုံးကို နှစ်ဦးနှစ်ဖက်မှ အကျိုးတူလုပ်ငန်းစုပုံစံ ဖွဲ့စည်းထားသည့် ပြည်တွင်းကုမ္ပဏီတစ်ခုက အကောင်အထည်ဖော်တည်ဆောက်လေ့ရှိပါသည်။အဆိုပါစီမံကိန်းများဆောက်လုပ်ရာတွင် နည်းပညာကျွမ်းကျင်မှုအမျိုးမျိုးကို ပိုင်ဆိုင်သည့် အင်ဂျင်နီယာကုမ္ပဏီ အများအပြား ပါဝင်ဆောင်ရွက်လေ့ရှိကြပါသည်။

၂.၄.၁.၆ တစ်ဆင့်ခံကန်ထရိုက်တာများ

တစ်ဆင့်ခံကန်ထရိုက်တာများကို အထက်တွင်ဖော်ပြခဲ့သည့် ကန်ထရိုက်လုပ်ငန်းကုမ္ပဏီအားလုံးက အသုံးပြုလေ့ရှိပါသည်။ ၎င်းတို့၏ လုပ်ငန်းပုံစံများသည် သမားရိုးကျ (သို့) သမားရိုးကျမဟုတ်သည့် ပုံစံများ ဖြစ်နိုင်၍ အတိအကျသတ်မှတ်ထားသော လုပ်ငန်းလုပ်ကွက်၊ တာဝန်များကို သတ်မှတ်ချိန်အတွင်း အပြီးသတ်ရန် လိုအပ်ပါသည်။ ကန်ထရိုက်ကုမ္ပဏီများအနေဖြင့် လုပ်ငန်းကွင်းဆက်အတွင်းရှိ အောက်အဆင့်ဆင့် တစ်ဆင့်ခံကန်ထရိုက်တာများနှင့် ပုတ်ပြတ်/နေ့စားအလုပ်သမားများအပေါ် အားထားလုပ်ကိုင်ကြရလေ့ရှိပါသည်။ တစ်ဆင့်ခံကန်ထရိုက်တာများတွင် ငွေကြေးတည်ငြိမ်မှုနှင့် လုပ်ငန်းလည်ပတ်ရန် ငွေလုံးငွေရင်းကို ပေးစွမ်းသည့် ကာလရှည်လုပ်ငန်းသဘောတူစာချုပ်များ မရှိခြင်းကြောင့် ၎င်းတို့အနေဖြင့် အမြဲတမ်းဝန်ထမ်းခန့်ထားရန်၊ OSH စနစ်များတွင် ရင်းနှီးမြှုပ်နှံရန် နှင့် ဝန်ထမ်းများကို လေ့ကျင့်သင်ကြားပေးရန် အကန့်အသတ်ရှိပါသည်။

လုပ်ငန်းအစီအစဉ်ချမှတ်ခြင်း၊ မြေတူးခြင်း၊ တိုင်စိုက်ခြင်း၊ အုတ်မြစ်ချခြင်း စသည့် အဓိကလုပ်ငန်းများအပြင် အမျိုးမျိုးသော စီမံကိန်းများနှင့် လုပ်ငန်းစဉ် အဆင့်များကြောင့် ဆောက်လုပ်ရေး လုပ်ငန်းစျေးကွက်အတွင်း တစ်ဆင့်ခံကန်ထရိုက်တာများကို ငှားရမ်းအသုံးပြုရလေ့ရှိပါသည်။ လခစား ပုံမှန်ဝန်ထမ်းများအပါအဝင် လုပ်ငန်းဆိုင်ရာငွေကြေးကို ကြိုတင် မတည်နိုင်ရန် အတွက် နိုင်ငံတကာ ငွေကြေး အစီအစဉ်များ၊ ငွေကြေးမတည်ပေးသူများနှင့် ထိတွေ့ဆက်သွယ်နိုင်သော နိုင်ငံခြားကုမ္ပဏီများ၊ အထက်အောက် အဆင့်ဆင့် ဖွဲ့စည်းပုံရှိသည့် စီးပွားရေးလုပ်ငန်းစုများတွင် ထိုသို့ တစ်ဆင့်ခံကန်ထရိုက်တာများ ရှာဖွေငှားရမ်းရသော ဖြစ်ရပ်များ နည်းပါးကြောင်း မေးမြန်းဆွေးနွေးရာတွင်ပါဝင်သည့် ကန်ထရိုက်တာများက ပြောကြားခဲ့ကြပါသည်။ မေးမြန်းဆွေးနွေးရာတွင် ပါဝင်သည့် စီးပွားရေးလုပ်ငန်းစုကြီးတစ်ခု၏ ပြောကြားချက်အရ ၎င်းတို့စီမံကိန်းလုပ်ငန်းအားလုံး၏ ၁၀ ရာခိုင်နှုန်းအောက်ကိုသာ တစ်ဆင့်ခံကန်ထရိုက်တာများထံ အပ်နှံလေ့ရှိကြောင်းပြောကြားခဲ့ပါသည်။ အဆိုပါ စီးပွားရေးလုပ်ငန်းစုကြီးများတွင်တစ်ဆင့်ခံကန်ထရိုက်ငှားရမ်းခြင်းကိုအဆောက်အအုံဝယ်များ၊ကုမ္ပဏီအတွင်းဆောင်ရွက်၍မရနိုင်သည့် လုပ်ငန်းများ၊ မြို့ပြပြင်ပ နေရာများရှိ လုပ်ငန်းလုပ်ကွက်များ စသည်တို့အတွက်သာ ပြုလုပ်လေ့ရှိကြောင်း ယူဆနိုင်ပါသည်။

ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ၊ ပုတ်ပြတ်အလုပ်သမားများ၊ ပစ္စည်းတင်သွင်းရောင်းချသူများနှင့် ဝန်ဆောင်မှုပေးသူများအကြား ပြုလုပ်သော လုပ်ငန်းသဘောတူစာချုပ်တွင်ပါဝင်သည့် အစီအစဉ်များနှင့် စည်းကြပ်ဆောင်ရွက်မှုများသည် အလားအလာရှိသော OSH ဆိုင်ရာဘေးအန္တရာယ်များအပေါ် သက်ရောက်မှုရှိသော တွန်းအားတစ်ခုဖြစ်ကြောင်း တွေ့ရှိရပါသည်။ (FDI ကဲ့သို့သော ဖြစ်ရပ်မျိုးတွင်) OSH ဆိုင်ရာ လိုအပ်သတ်မှတ်ချက်များသည် လုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသည့် ထိပ်ဆုံးကန်ထရိုက်ကုမ္ပဏီမှတစ်ဆင့် ဒုတိယနှင့် တတိယအဆင့် တစ်ဆင့်ခံကန်ထရိုက်တာများ၊ ပစ္စည်းနှင့် ဝန်ဆောင်မှု တင်သွင်းရောင်းချသူများထံသို့ အဆင့်ဆင့် စီးဆင်းလာသည့်အတွက် ၄င်းလိုအပ်သတ်မှတ်ချက်များကို ကိုင်တွယ်ဆောင်ရွက်ရန် ကောင်းစွာ ပြင်ဆင်ထားခြင်းမရှိသည့် ကုမ္ပဏီများအပေါ်သို့လည်း ၄င်းနှင့်ပက်သက်သော တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ဘေးအန္တရာယ်များကျရောက်နိုင်ခြေများကျရောက်ဦးတည်လာနိုင်ပါသည်။ စာချုပ်များမရှိသည့်အခါ တစ်ဆင့်ခံကန်ထရိုက်တာများအနေဖြင့် OSH ဆိုင်ရာလိုအပ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပုံမှန်တာဝန် ဝတ္တရားများပင် မရှိသည့်အပြင် ကန်ထရိုက်တာအနေဖြင့်လည်း OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ အကောင်အထည်ဆောင်ပုံများကို စောင့်ကြည့်စစ်ဆေးရန် အခွင့်မသာဖြစ်ရပါသည်။ အဆိုပါဖြစ်စဉ်များသည် အားနည်းသော OSH ဆိုင်ရာ အလေ့အထများဖြစ်ပေါ်စေရန် လမ်းကြောင်းသို့ ဦးတည်စေပါသည်။ သို့ရာတွင် လက်တွေ့တွင်မူ ကုန်ကျစရိတ်ကို အဓိကထားအခြေခံကာ ရွေးချယ်မှုကို ပြုလုပ်သောကြောင့် စာချုပ်ပါအချက်များက စီမံအုပ်ချုပ်ပုံအဆင့်ဆင့်ကို ပိုမိုရှုတ်ထွေးစေနိုင်သည့်အပြင်တိုတောင်းလှသောလုပ်ငန်းအပြီးသတ်ချိန်ကို နှောင့်နှေးကြန့်ကြာစေနိုင်ခြင်းတို့ကြောင့် တစ်ဆင့်ခံကန် ထရိုက်တာများသည် ၄င်းတို့နှင့် ဆက်သွယ်ဆောင်ရွက်သော ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများကြားတွင် လုပ်ငန်းသဘောတူစာချုပ်များကို အသုံးပြုလေ့မရှိကြပါ။ မြန်မာနိုင်ငံပုဂ္ဂလိကလုပ်ငန်းကဏ္ဍတွင် လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများကို မှတ်တမ်းထားရှိသည့် အလေ့အထကင်းမဲ့၍ အီလက်ထရောနစ် မှတ်တမ်းစနစ် ထားရှိရန် ပို၍ပင် အလှမ်းကွာနေပါသေးသည်။

OSHL သည် တစ်ဆင့်ခံကန်ထရိုက်တာများနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဥပဒေကြောင်းအရ ရှုထောင့်မှ ကိုင်တွယ်ဖြေရှင်းရန်အတွက် အခွင့်အလမ်းတစ်ရပ်ကို ဆောင်ကြဉ်းလာနိုင်ပါလိမ့်မည်။ ဤဥပဒေအရ တစ်ဆင့်ခံကန်ထရိုက်တာများကိုလည်း အလုပ်ရှင်များအဖြစ် သတ်မှတ်ထားသည့်အတွက် OSHL လက်မှတ်ရေးထိုးအတည်ပြုပြီးချိန်တွင် ၎င်းတို့အနေဖြင့်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်လာမည်ဖြစ်ပါသည်။ OSHL နှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာမည့် ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ OSH စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများသည်လည်း “ဆောက်လုပ်ရေး လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ (ILO) ညီလာခံသဘောတူညီချက်” (၁၉၈၈) အမှတ် (၁၆၇) နှင့်အညီ (ထပ်မံဖြည့်စွက်မြှင့်တင်မှုများပါ ပြုလုပ်လာနိုင်လျက်) ဖော်ပြပါ OSHလိုအပ်ချက်များကို စည်းကြပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။[၄၆] OSH လိုအပ်ချက်များကို စည်းကြပ်ဆောင်ရွက်ရာတွင် စောင့်ကြည့်စစ်ဆေးခြင်းအပြင် အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှု အသွင်သဏ္ဌာန်အမျိုးမျိုး (ဥပမာအားဖြင့် အားပေးမြှင့်တင်ခြင်းနှင့် ကြိုတင်ကာကွယ်ရေးချဉ်းကပ်မှုပုံစံများ၊ လုပ်ငန်း သဘောတူစာချုပ် ချထားပေးခြင်း၊ ငွေကြေးမတည်ပေးခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း စသည်တို့ကို ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ရန်အတွက် စီမံကိန်းအစီအစဉ်များ ကြိုတင်အကဲဖြတ်သုံးသပ်မှုပုံစံများ စသည်) လိုအပ်ပါလိမ့်မည်။

၂.၄.၂ တန်ဖိုးအားကွင်းဆက်အတွင်းရှိ ပံ့ပိုးဖြည့်ဆည်းပေးသည့် လုပ်ငန်းတာဝန်များ

၂.၄.၂.၁ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် ကိရိယာ တင်သွင်းရောင်းချသူများ

ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်သုံး ကိရိယာများ၊ စက်ယန္တရားများကို တင်သွင်းရောင်းချသူအများအပြားရှိလာသည်နှင့်အမျှ အဆိုပါ စက်ပစ္စည်း၊ ကိရိယာ တို့ကို ဘေးအန္တရာယ်ကင်းရှင်းစွာ၊ စနစ်ကျစွာ သိုလှောင်သိမ်းဆည်း၊ ထိန်းသိမ်းကိုင်တွယ်အသုံးပြုနိုင်မည့် အသိအမြင် မြှင့်တင်ပေးမှုများလည်း ပိုမိုလိုအပ်လာပါသည်။ ၎င်းတို့၏ လုပ်ငန်းများတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ၊ လျှပ်စစ်သုံးကိရိယာများ၊ စက်ယန္တရားနှင့် တကိုယ်ရည်သုံး အကာအကွယ်ပစ္စည်းများ စသည်တို့ကို ပြည်တွင်းမှ ဝယ်ယူခြင်း (သို့) ပြည်ပမှ တင်သွင်းခြင်း၊ သိုလှောင်ခြင်း၊ လက်လီ (သို့) လက်ကား ပြန်လည်ဖြန့်ဝေခြင်းတို့ ပါဝင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းရောင်းချသူတို့သည် အလူမီနီယမ်၊ ဘိလပ်မြေနှင့် ကွန်ကရစ်၊ ဖန်၊ ပလတ်စတစ်၊ သံမဏိ၊ သုတ်ဆေး၊ သစ်သား၊ လျှပ်စစ်နှင့် အခြားဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို ရောင်းဝယ်ဖောက်ကား

[၄၆] လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ညီလာခံသဘောတူညီချက် (၁၉၈၈) (အမှတ် ၁၆၇)

ကြပါသည်။ ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း တင်သွင်းရောင်းချသူများသည် ပြည်တွင်းနှင့် ပြည်ပ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းကို လက်လီ၊ လက်ကား ရောင်းဝယ်သူများ (သို့) ထုတ်လုပ်သူများ ဖြစ်နိုင်ပါသည်။ ထိပ်သီးဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်း တင်သွင်းရောင်းချသူများတွင် ကျယ်ပြန့်သော ဖြန့်ဖြူးရောင်းဝယ်ရေး ကွန်ယက်များ (သို့) မြန်မာပြည်အနှံ့ ခန့်အပ်ထားသော အရောင်းကိုယ်စားလှယ်များ လက်ဝယ် ရှိနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်အားသုံး လက်နက်ကိရိယာများနှင့် စက်ပစ္စည်းကိရိယာများ တင်သွင်းရောင်းချသည့် ဦးဆောင်ကုမ္ပဏီများအနေဖြင့် OSH ဆိုင်ရာ စံချိန်စံညွှန်းများကို ပိုမို ကောင်းမွန်တိုးတက်စေ၍ ၎င်းတို့၏တီထွင်ဖန်တီးမှုအကျိုးကျေးဇူးများကို ဖောက်သည် (ဝယ်ယူသူ) များထံ လက်ဆင့်ကမ်းပေးရန် စိတ်အားထက်သန်မှုရှိပါသည်။ သို့ရာတွင် ၎င်းတို့ရောင်းချသည့် ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုရာမှ ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်ထိတွေ့နိုင်ခြေများကို ကြိုတင်ကာကွယ် တားဆီးမှု ပြုလုပ်ရာတွင် (အဆိုပါ ပစ္စည်းတင်သွင်းရောင်းချသူ ဦးဆောင်ကုမ္ပဏီများ၏) ပါဝင်ပတ်သက်နိုင်မှုမှာ အကန့်အသတ်ဖြင့်သာ ရှိနေပါသေးသည်။

ဆွေးနွေးမေးမြန်းခဲ့သည့် အသင့်ဖျော်ကွန်ကရစ် ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့် (High Tech Concrete) စျေးကွက်ဦးဆောင်ကုမ္ပဏီတစ်ခုတွင် လုပ်ငန်းအပ်နှံသူ (ဖောက်သည်) များ၏ လိုအပ်ချက်၊ သတ်မှတ်ချက်များနှင့်အညီ OSH ဆိုင်ရာစီမံခန့်ခွဲမှု၊ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုနှင့်စောင့်ကြည့်စစ်ဆေးမှုအစီအစဉ်များကို မြှင့်တင်ဆောင်ရွက်နေကြောင်းသိရှိရပါသည်။ အဆိုပါ ကုမ္ပဏီတွင် သက်ဆိုင်ရာ မန်နေဂျာများက ၎င်းတို့အလုပ်သမားများ၏ ဘေးအန္တရာယ် ကင်းရှင်းစွာ နေထိုင်လုပ်ကိုင်ပုံအလေ့အထများ၊ နည်းလမ်းများကို အပြန်အလှန် ဆွေးနွေးပြောဆို၊ ဆက်သွယ်ဆောင်ရွက်၊ စောင့်ကြည့်စစ်ဆေးလျက် ရှိကြပါသည်။ ထို့အပြင် ၎င်းကုမ္ပဏီတွင် OSH ဆိုင်ရာ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှု (၂) ကြိမ်နှင့် စောင့်ကြည့်စစ်ဆေးမှုအကြိမ် (၃၀) လစဉ်ပုံမှန် ဆောင်ရွက်လျက်ရှိနေပါသည်။ ဤအစီအစဉ်ကို ၂၀၂၀ ခုနှစ် ဇန်နဝါရီမှ စတင်ဆောင်ရွက်ခဲ့၍ လုပ်ငန်းအပ်နှံသူများနှင့် ညှိနှိုင်း၍ ဆပ်လက်အရှိန်မြှင့်တင်ဆောင်ရွက်ရန် ကုမ္ပဏီမှ စီစဉ်လျက်ရှိပါသည်။

၂.၄.၂.၂ OSH ဆိုင်ရာ ဝန်ဆောင်မှုပေးသူများ နှင့် သင်တန်းလေ့ကျင့်သင်ကြားပေးသူများ

OSH စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များတွင် ရင်းနှီးမြှုပ်နှံထားသည့် ကုမ္ပဏီအများစုသည် ၎င်းတို့၏ အင်ဂျင်နီယာများကို ပုဂ္ဂလိက လေ့ကျင့်ရေးသင်တန်းကျောင်းများသို့ စေလွှတ်၍ သက်ဆိုင်ရာ OSH စီမံခန့်ခွဲမှုသင်တန်းများ တက်ရောက်သင်ယူစေလေ့ရှိပါသည်။ အဆိုပါ ပုဂ္ဂလိကသင်တန်းကျောင်းများသည် အလုပ်သမားများအတွက်လည်း ကုမ္ပဏီတွင်းသင်တန်းများ လာရောက်ပို့ချပေးပါသည်။ United Engineering နှင့် WSH Myanmar ကဲ့သို့သော ကုမ္ပဏီများသည် OSH ဆိုင်ရာ အကြံပေးခြင်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးသည့် အခြား ကုမ္ပဏီများလည်း အများအပြား ရှိနေပါသေးသည်။

ပုဂ္ဂလိက OSH ဆိုင်ရာ သင်တန်းလေ့ကျင့်သင်ကြားပေးသူများသည် လုပ်ငန်းကဏ္ဍ (ဆောက်လုပ်ရေး၊ ထုတ်လုပ်ရေးနှင့် တယ်လီကွန်းဆက်သွယ်ရေး စသည့်) စျေးကွက်လိုအပ်ချက်အရ စီစဉ်ပြုစုထားသည့် အလားသဏ္ဌာန်တူ သင်ရိုးများ အသုံးပြုသင်ကြား၊ ပို့ချနေကြပါသည်။ WSH Myanmar မှ ဒါရိုက်တာ၏ ပြောကြားချက်အရ OSH ဆိုင်ရာ ကြီးကြပ်ညွှန်ကြားမှု၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ စီမံထိန်းချုပ်မှု၊ အမြင့်နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်နိုင်မှု၊ ငြမ်းစင်များ တပ်ဆင်အသုံးပြုမှု၊ တာဝါတိုင်များတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ တက်ရောက်လုပ်ကိုင်နိုင်မှု၊ ရှေးဦးသူနာပြုစုကုသမှု စသည့် လေ့ကျင့်ရေးသင်တန်းများသည် စျေးကွက်လိုအပ်ချက် အထူးများပြားကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံအနှံ့ရှိ OSH လုပ်ငန်းကဏ္ဍ လေ့ကျင့်သင်ကြားပေးသူနှင့် ဝန်ဆောင်မှုပေးသူ အဖွဲ့အစည်း အရေအတွက် အတိအကျကို ဤလေ့လာသုံးသပ်မှုအစီရင်ခံစာအတွက် ပြုလုပ်သည့် အချက်အလက်ရှာဖွေစုဆောင်းမှုများ၊ မေးမြန်းဆွေးနွေးမှုများမှတစ်ဆင့် အကုန်အစင်သိရှိနိုင်မည်မဟုတ်ပါ။ မြန်မာနိုင်ငံတစ်ရှိ OSH လေ့ကျင့်သင်ကြားရေး ပုဂ္ဂလိကအဖွဲ့အစည်းများတွင် သင်ကြားပို့ချလျက်ရှိသည့် သင်ရိုးညွှန်တမ်းများ၊ စျေးနှုန်းများ၊ သင်တန်းနေရာများ၊ သင်တန်းဆရာများ၏ ကျွမ်းကျင်မှု အရည်အသွေးနှင့်လက်ခံနိုင်သည့် သင်တန်းသားအရေအတွက် အပါအဝင် အဆိုပါ OSH လေ့ကျင့်သင်ကြားရေးအဖွဲ့အစည်း/ကုမ္ပဏီများ၏ အခင်းအကျင်းများကို စုံစုံလင်လင်သိရှိနိုင်ရန်အတွက် ၎င်းသင်တန်းအဖွဲ့အစားလုံးကို စုစည်းဖော်ပြထားရန် လိုအပ်ကြောင်း မေးမြန်းဆွေးနွေးခဲ့သူများက ထောက်ပြပြောဆိုခဲ့ကြပါသည်။ အဆိုပါ OSH လေ့ကျင့်သင်ကြားပေးသည့် အဖွဲ့အစည်းများကိုအစိုးရမှ အသိအမှတ်ပြုထောက်ခံခြင်းသည် စီးပွားရေးလုပ်ငန်းများမှ သင့်လျော်သည့် ဝန်ဆောင်မှုပေးသူ ရွေးချယ်ရာတွင်အထောက်အကူဖြစ်စေနိုင်ရန်အတွက်သာမက OSHL အတည်ပြုပြဋ္ဌာန်းပြီးနောက် ဥပဒေကြောင်းအရ အစိတ်အပိုင်းတစ်ရပ်အဖြစ်လည်း လိုအပ်ကြောင်း အကြိမ်များစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံ ဆောက်လုပ်ရေးအခန်းကဏ္ဍ ဈေးကွက်အတွင်းတွင် နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍ ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီ/အဖွဲ့အစည်းများလည်း ရှိနေပါသေးသည်။ ၎င်းအဖွဲ့အစည်းတို့သည် OSH ဆိုင်ရာ လေ့ကျင့်ရေး သင်တန်းများနှင့် အကြံဉာဏ်များ ပေးနိုင်ရန်အတွက် မြန်မာပိုင်ကုမ္ပဏီများ နိုင်ငံတကာ ကုမ္ပဏီများ (သို့) ဖက်စပ်လုပ်ငန်းများမှ လုပ်ကိုင်နေသည့်သက်ဆိုင်ရာ စီမံကိန်းများတွင် ဖြန့်ကျက် နေရာယူလျက်ရှိကြပါသည်။ အထူးသဖြင့် ထောက်ပံ့ငွေ၊ ချေးငွေ အစီအစဉ်ဖြင့် ဆောက်လုပ်သည့် စီမံကိန်းများ (သို့) အထူးဝန်ဆောင်မှုလုပ်ငန်းစဉ်များ ပါဝင်သည့် စီမံကိန်းများတွင် ဖော်ပြပါ OSH လေ့ကျင့်သင်ကြားရေးနှင့် အကြံဉာဏ်ပေးရေး အဖွဲ့အစည်းများ၏ နေရာယူမှုကို ပိုမိုတွေ့မြင်နိုင်ဖွယ် ရှိပါသည်။

သို့ရာတွင် မြန်မာနိုင်ငံ OSH ဆိုင်ရာ ဥပဒေသည် လေ့ကျင့်သင်ကြားရေးအစီအစဉ် နှင့် အသိအမှတ်ပြုလက်ခံရေး မူဘောင်တို့ကို သတ်မှတ်ဖော်ပြထားရာတွင် ရှင်းလင်းပြတ်သားမှု မရှိလှသည့်အတွက် အဆိုပါဥပဒေနှင့်အတူ ပေါ်ထွက်လာမည့် (OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်း/နည်းဥပဒေက (OSH ဝန်ဆောင်မှု ပေးသူများ၏ အခန်းကဏ္ဍနှင့် လုပ်ငန်းတာဝန်များကို ပိုမိုရှင်းလင်းပြတ်သားစေလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ထိုအပြင် အဆိုပါ OSH ဥပဒေတွင် သင်တန်းဆင်း (သင်တန်းပြီးစီးကြောင်း) လက်မှတ်ထုတ်ပေးရန်အတွက် လိုအပ်သည့် လုပ်ငန်းခွင်အတွေ့အကြုံနှင့်စပ်လျဉ်း၍ အတိအကျ ဖော်ပြထားခြင်းမရှိပါ။ အလုပ်ရှင်များသည် ငြမ်းဆင်ခြင်း၊ ဝန်ချီစက် ထိန်းသိမ်းမောင်းနှင်ခြင်း၊ ဂဟေဆော်ခြင်း၊ အမြင့်နေရာများတွင် အလုပ်လုပ်ခြင်းနှင့် ဘေးအန္တရာယ်ရှိသောလုပ်ငန်းစဉ်များလုပ်ဆောင်ခြင်းစသည့် လုပ်ငန်းခွင်အတွင်းပြုလုပ်သည့် သင်တန်းများနှင့် OSH ဆိုင်ရာ လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များကို ဦးစားပေးဆောင်ရွက်နေကြကြောင်း ဆွေးနွေးမှုများမှတစ်ဆင့်လေ့လာသိရှိရပါသည်။ အသိအမှတ်ပြု လက်ခံရေးမူဘောင်အပါအဝင် လေ့ကျင့်သင်ကြားမှုဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များနှင့်အတူ ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာ လမ်းညွှန်ချက်စနစ်တစ်ရပ် ပေါ်ထွက်လာရန် လိုအပ်နေပါသေးသည်။

၂.၄.၂.၃ အထူးသီးသန့်ဝန်ဆောင်မှု/ပစ္စည်းကိရိယာများ တင်သွင်းရောင်းချသည့် အဖွဲ့အစည်း/ကုမ္ပဏီများ

ဥပမာအားဖြင့် Razel-Bec ကဲ့သို့သော အထူးသီးသန့်ဝန်ဆောင်မှု/ပစ္စည်းကိရိယာများ တင်သွင်းရောင်းချသည့်အဖွဲ့အစည်း/ကုမ္ပဏီများသည် သီးသန့်လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့ လိုအပ်သည့် အဆောက်အအုံနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းများ (ကြိုးတံတား၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော် ထုတ်လုပ်သည့်စင်များ) အတွက် သီးသန့်ပစ္စည်းကိရိယာ၊ နည်းပညာကျွမ်းကျင်မှုတို့ကို ပေးသွင်းကြပါသည်။ ကျွမ်းကျင်နည်းပညာရှင်များရှိ၍ အထူးသီးသန့် စီမံကိန်းများဖော်ဆောင်ရာ လုပ်ငန်းကွင်းဆက်များ အခိုင်အမာ ထူထောင်ထားရှိသည့် နိုင်ငံခြားပိုင် ကုမ္ပဏီများက အဆိုပါ ဝန်ဆောင်မှု လုပ်ငန်းများကို တာဝန်ယူလုပ်ကိုင်ကြပါသည်။ ၎င်းနည်းပညာ ဝန်ဆောင်မှုကုမ္ပဏီများသည် နိုင်ငံတကာ လုပ်ငန်းကွင်းဆက်၏ အစိတ်အပိုင်းအဖြစ် လုပ်ကိုင်ဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ၎င်းကုမ္ပဏီများသည် စီမံကိန်းလုပ်ငန်းများ ပြီးစီးရန်အတွက် လိုအပ်သည့် ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်း၍ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်သူများကို ခေါ်ယူခန့်အပ်လေ့ရှိပါသည်။ ၎င်းကုမ္ပဏီများ၏ OSH စီမံခန့်ခွဲမှုစနစ်များသည် နိုင်ငံတကာတွင် အသိအမှတ်ပြုကျင့်သုံးလျက်ရှိသည့် စနစ်များဖြစ်၍ ၎င်းတို့၏ OSH မန်နေဂျာများသည် စင်ကာပူ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်တို့မှ ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ၎င်းကုမ္ပဏီများ ကြုံတွေ့ရလေ့ရှိသည့် OSH စွမ်းရည်ဆိုင်ရာ အဓိကစိန်ခေါ်မှုမှာ ပြည်တွင်း OSH ဝန်ထမ်းများ၏ အခြေအနေ၊ အနေအထားသစ်များအပေါ် လိုက်လျောညီထွေ၊ လက်ခံကျင့်သုံးနိုင်မှု အားနည်းခြင်းပင်ဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီများသည် ပြည်တွင်းဝန်ထမ်းများ၏ OSH စွမ်းရည်မြှင့်တင်ပေးရာတွင် ထိထိရောက်ရောက် ဆောင်ရွက်ပေးလေ့ရှိပါသည်။

ရေနံနှင့်သဘာဝဓာတ်ငွေ့ ကုမ္ပဏီများ၏ OSH စံချိန်စံညွှန်းများသည် အမြင့်မားဆုံးဖြစ်သည်ဟု မေးမြန်းတွေ့ဆုံရာတွင်ပါဝင်ခဲ့သူများက သိရှိနားလည်ထားကြပါသည်။ အဆိုပါရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများ၏လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးနှင့် အတွေ့အကြုံများသည် ရောင်းလိုအားထက် ဝယ်လိုအား (လိုအပ်ချက်) မြင့်မားပုံရသည့် ဈေးကွက်တွင်၎င်းတို့၏ အလုပ်အကိုင်ခန့်ထားနိုင်စွမ်းနှင့်အတူ ကြီးထွားလာသောကြောင့် အရည်အသွေးမြင့်မားသော OSH ကျွမ်းကျင်သူများကို ဆွဲဆောင်နိုင်စွမ်းမြင့်မားပါသည်။ အပြန်အလှန်အားဖြင့် အဆိုပါကုမ္ပဏီများတွင် အလုပ်လုပ်ကိုင်ခဲ့ဖူးသည့် OSH မန်နေဂျာများနှင့် အရာရှိများသည် ၎င်းတို့နှင့် အဆင့်တူဝန်ထမ်းများထက် ပိုမိုမြင့်မားသည့် လုပ်ခလစာ တောင်းဆိုနိုင်ကြပါသည်။ လူသားအသက် ဆုံးရှုံးမှုနှင့် အမြတ်အစွန်း ဆုံးရှုံးမှု ဆက်စပ်ချက် အလွန်ပြင်းထန်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေရေး၊ တည်ဆောက်ရေး၊ တူးဖော်ရေး ကုမ္ပဏီများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ဘေးအန္တရာယ် ဖြစ်နိုင်ခြေသည်အလွန်မြင့်မားသောကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ အထူးသဖြင့် ကမ်းလွန်လုပ်ကွက်များအတွင်းရှိ အလုပ်သမားများအပေါ် ကျရောက်နိုင်သည့် လုပ်ငန်းဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ အကျိုးဆက်များသည် အလွန်အမင်းကြီးမားလှပါသည်။ ထို့အပြင် ရေနံ/ဓာတ်ငွေ့

တူးစင်များသည်နိုင်ငံတကာပင်လယ်ပြင်တစ်လျောက်တရားစီရင်ပိုင်ခွင့်နယ်တစ်ခုမှအခြားတစ်ခုသို့သွားလာနေရသောကြောင့် စီးပွားရေးရှုထောင့်မှ စဉ်းစားသော် ရွေ့လျားမှုတွင် ကန့်သတ်ခြင်းခံရမှုမှ ရှောင်ရှားရန် ၎င်းတို့ရွေ့လျား သွားလာရာလမ်းကြောင်းတစ်လျောက်ရှိ နိုင်ငံများ၏ OSH ဆိုင်ရာစံချိန်စံညွှန်းများကို အတင်းကြပ်ဆုံးသော ပြဋ္ဌာန်းချက်များနှင့်အညီ ထားရှိကျင့်သုံးလိုက်နာပါသည်။

၂.၄.၂.၄ စီးပွားရေးဘဏ်များနှင့် ငွေကြေးမတည်ပေးသည့်အဖွဲ့အစည်း/အစီအစဉ်များ

နိုင်ငံတကာဘဏ်များသည် ပြည်တွင်းဘဏ်များနှင့် ဖက်စပ်ပုံစံသဘောတူညီချက်များမှတစ်ဆင့် (သို့) နိုင်ငံခြားမှရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီများကို ငွေကြေးမတည် ပံ့ပိုးပေးခြင်းဖြင့် လုပ်ကိုင်လျက်ရှိကြပါသည်။ နိုင်ငံခြားဘဏ်များကို ပြည်တွင်း လက်လီဘဏ်လုပ်ငန်း (Retail Bank) တွင် ဝင်ရောက်ချိတ်ဆက်၍ ပြည်တွင်းသုံးငွေ တိုက်ရိုက်ချေးငှားခြင်းကို ဥပဒေမှ ပိတ်ပင်ထားပါသည်။ထို့အပြင် နိုင်ငံတကာဘဏ်တစ်ခုလျှင် ဘဏ်ခွဲတစ်ခုသာ ဖွင့်လှစ်ရန် ကန့်သတ်ထားသည့်အပြင် ၎င်းဘဏ်များအနေဖြင့် ရင်းနှီးမြှုပ်နှံငွေ (paid-up capital) အနည်းဆုံး အမေရိကန်ဒေါ်လာ (၇၅) သန်း ပေးသွင်းရန် လိုအပ်ပါသည်။

စီးပွားရေးဘဏ်များအနေဖြင့် ဆောက်လုပ်ရေးစီမံကိန်းများဖော်ဆောင်ရန် ရည်ရွယ်သည့် ကုမ္ပဏီများ အတွက် လိုအပ်သည့် ချေးငွေရရှိနိုင်ခွင့်ကို လမ်းဖွင့်ပေးလျက် မြန်မာနိုင်ငံတွင် လုပ်ကိုင်နေကြသည့် နိုင်ငံခြား ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများကို ငွေချေးငှားနိုင်ပါသည်။ ဘဏ်မှချေးငွေ ချထားခြင်းကို ဗြိတိသျှ ဗာဂျင်ကျွန်းစုများ (သို့) အခြားနိုင်ငံများ/ဒေသများရှိ စီမံကိန်းဆိုင်ရာဥပဒေကြောင်းရာအဖွဲ့များ (Special Project Vehicles) မှတစ်ဆင့် ကော်ပိုရေးရှင်းလုပ်ငန်းစုများထံသို့ အထူးအခွန်နှုန်းထားများ၊ မက်လုံးများ၊ အကျိုးအမြတ်များ၊ အခြားထောက်ပံ့ငွေများ စီစဉ်ပေးလျက် ပြုလုပ်နိုင်ပါသည်။

၂၀၁၄ခုနှစ်တွင် မြန်မာအစိုးရသည် (ဆောက်လုပ်ရေး၊ အိမ်ရာ နှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဘဏ်[၄၇] လက်အောက်ရှိ) ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်ကို တည်ထောင်၍ အိမ်ရာများ၊ တိုက်ခန်းများ၊ ကွန်ဒိုများဝယ်ယူရန် တစ်ဦးချင်းကာလရှည်ချေးငွေများကို ထုတ်ချေးပေးခဲ့ပါသည်။ ကိုယ်ပိုင်အိမ်ရာများ ဆောက်လုပ်ရန် မတည်ငွေ လုံလောက်ခြင်းမရှိသည့် ပြည်တွင်း ဆောက်လုပ်ရေးကုမ္ပဏီများနှင့် မြေပိုင်ရှင်များအတွက်လည်း အဆိုပါဘဏ်မှ ချေးငွေများ စီစဉ်ပေးခဲ့ပါသည်။ အဆိုပါဘဏ်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိ၍ လုပ်ငန်းခွင်ပြုချက်လိုင်စင်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၃ခုနှစ်ဇူလိုင်တွင်မြန်မာနိုင်ငံဘဏ္ဍာရေးဆိုင်ရာနည်းဥပဒေများ၊စည်းမျဉ်းစည်းကမ်းများနှင့်အညီချထားပေးခဲ့ပါသည်။ ၎င်းဘဏ်ကို ကနဦးမတည်ငွေ ၁၀၀ ဘီလီယံမြန်မာကျပ် (သို့) အမေရိကန်ဒေါ်လာ ၁၀၃ သန်းဖြင့် ရင်းနှီးမြှုပ်နှံထားပါသည်။

၂.၄.၂.၅ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ငွေကြေးမတည်ပေးသည့် အဖွဲ့အစည်း/အစီအစဉ်များ (DFIs)

DFI များသည် မြန်မာနိုင်ငံဆောက် လုပ်ရေးကဏ္ဍစျေးကွက်အတွင်း OSH စနစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကတွန်းအားပေးမောင်းနှင်သည့် အင်အားစုများတွင် တစ်ခုအပါအဝင် ဖြစ်ကြောင်း စီပွားရေးလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းများက တစ်ညီတစ်ညွတ်တည်း ပြောကြားကြပါသည်။ နှစ်နိုင်ငံ (သို့) နိုင်ငံပေါင်းစုံပါဝင်သော အေဂျင်စီအဖွဲ့များမှ မတည်ပေးသည့် စီမံကိန်းများတွင် လျာထားငွေသတ်မှတ်စီစဉ်ခြင်း၊ လူမှုစီးပွားသက်ရောက်မှု အကဲဖြတ်ဆန်းစစ်ခြင်း၊ စီမံကိန်းတင်ဒါခေါ်ယူခြင်း၊ ပစ္စည်း/ဝန်ဆောင်မှု ဝယ်ယူခြင်း၊ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုခြင်း၊ စီမံကိန်းဆောင်ရွက်မှု စောင့်ကြည့်စစ်ဆေးခြင်း၊ စီမံကိန်းအပြီးသတ်ဆောင်ရွက်ခြင်းအပါအဝင် စီမံကိန်းဖြစ်နိုင်ချေ အကြိုအကဲဖြတ်ခြင်းနှင့် အဆုံးသတ်အကဲဖြတ်ခြင်း လုပ်ငန်းစဉ်များ ပါဝင်လေ့ရှိပါသည်။

ချေးငွေ (သို့) ထောက်ပံ့ငွေ (သို့) နည်းပညာ အကူအညီများဖြင့် ဆောက်လုပ်သည့် စီမံကိန်းများတွင် စီမံကိန်းဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်း စီမံခန့်ခွဲမှုအကြံပေး (CMC) သည် OSH စီမံခန့်ခွဲမှု၊ လူမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်းစွမ်းဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ရှိပါသည်။ CMC ကို ပင်မကန်ထရိုက်ကုမ္ပဏီမှခန့်အပ်၍ ၎င်းသည် ပင်မကုမ္ပဏီကိုယ်စား ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများ၏ OSH ဆိုင်ရာ စွမ်းဆောင်ချက်များကို ထိန်းချုပ်စစ်ဆေးရ

[၄၇] “ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဘဏ်”. https://chid.com.mm/

ပါသည်။ CMC ကို ပင်မကန်ထရိုက်ကုမ္ပဏီကခန့်အပ်၍ ၎င်းကုမ္ပဏီ၏ OSH စွမ်းဆောင်ရည်များကို ပြန်လည်ထိန်းချုပ် စစ်ဆေးပေးရသော အခြေအနေက OSH ဆိုင်ရာ တာဝန်ယူမှု၊ တာဝန်ခံမှုများကို လျော့ရဲစေပါသည်။

DFI များနှင့် လုပ်ငန်းသဘောတူစာချုပ် ချုပ်ဆိုလုပ်ကိုင်နေသည့် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများသည် သက်ဆိုင်ရာ စီမံကိန်းများအတွက် OSH ဆိုင်ရာ လုပ်ငန်းစဉ်များကို စာချုပ်ပါ သတ်မှတ် ချက်များနှင့် အညီ စနစ်တကျလုပ်ဆောင်ပေးရန် တာဝန်ရှိသော်လည်း DFI များမှ ငွေကြေးထောက်ပံ့ခြင်း မရှိသည့် စီမံကိန်း များတွင်မူ တူညီသည့် OSH ဆိုင်ရာ စံချိန်စံညွှန်းများကို အသုံးပြုနိုင်ဖွယ်မရှိပါ။ သို့ဖြစ်၍ စီမံကိန်းဆိုင်ရာ မတည်ငွေရင်းမြစ်သည် စီမံကိန်းဖော်ဆောင်နေစဉ် OSH အလေ့အထ ကောင်းများ တိုးတက်ဖြစ် ထွန်းလာမှုအပေါ် တွန်းအားတစ်ရပ် ဖြစ်နိုင်သည့်အပြင် DFI လုပ်ငန်းသဘောတူစာချုပ်များတွင် ပါဝင်သည့် ဆွဲဆောင်မှုမက်လုံးများ၏ ထိရောက်အလုပ်ဖြစ်မှုနှင့် ဆောက်လုပ်ရေးကဏ္ဍရှိ အခြားလုပ်ငန်းစာချုပ် များတွင်လည်း အဆိုပါမက်လုံးများကို အလားတူ သတ်မှတ်ထည့်သွင်းပေးနိုင်မှုအခြေအနေကို သိရှိနားလည်ရန် အထူးလိုအပ်ပါသည်။ DFI စီမံကိန်းများတွင် ကျင့်သုံးသည့် OSH ဆိုင်ရာ စံချိန်စံညွှန်းများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စံချိန်စံညွှန်းများ၊ စံလုပ်ငန်းသတ်မှတ်ချက်များ (Code of Practice) နှင့် ကိုက်ညီမှု ရှိစေရန်လည်း လိုအပ်ပါသည်။[၄၀] DFI စီမံကိန်းများတွင် တာဝန်ယူလုပ်ကိုင်နေသည့် ကုမ္ပဏီများ၏ OSH စနစ်၊ အလေ့အထများကို ကန်ထရိုက်လုပ်ငန်းကုမ္ပဏီများကတစ်သမတ်တည်း လိုက်နာကျင့်သုံးရန် လိုအပ်သကဲ့သို့ အောက်အဆင့်ဆင့် ပစ္စည်းတင်သွင်းရောင်းချသူများ၊ ပုတ်ပြတ်အလုပ်သမားများအကြား တွင်လည်း အဆိုပါ အလေ့အထများ လိုက်နာကျင့်သုံးလာစေရန် စောင့်ကြည့်စစ်ဆေးမှုတို့ ပြုလုပ်ပေးရန်လည်း လိုအပ်ပါသည်။

၂.၄.၂.၆ အလုပ်သမား အဖွဲ့အစည်းများ

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM)

ဆောက်လုပ်ရေးကဏ္ဍမှ အလုပ်သမား အဖွဲ့ဝင် ၃,၆၀၀ အပါအဝင် အလုပ်သမားအဖွဲ့ဝင်ပေါင်း ၆၀,၀၀၀[၄၉] ခန့်ပါဝင် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ် (CTUM) သည် မြန်မာနိုင်ငံ၏ အကြီးဆုံး အလုပ်သမား သမဂ္ဂဖြစ်ပါသည်။ CTUM သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂအဖွဲ့ချုပ် (International Trade Union Confederation) ၏ အဖွဲ့ဝင်အဖြစ် ပေါင်းစည်းပါဝင်၍ ၎င်းတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးနှင့် သစ်လုပ်ငန်းအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (BWFM)အပါအဝင်အဖွဲ့အစည်းပေါင်း (၈)ခုပါဝင်ဖွဲ့စည်းထားပါသည်။ မေးမြန်းဆွေးနွေးမှုပြုလုပ်ခဲ့သည့် BWFMကိုယ်စားလှယ်၏ ပြောကြားချက်အရ အလုပ်သမားအဖွဲ့အစည်းသည် သမားရိုးကျမဟုတ်သည့် လုပ်ငန်းကဏ္ဍအတွင်းရှိ အလုပ်သမားများ လူမှုဖူလုံရေးအစီအစဉ်တွင် ပါဝင်စာရင်းသွင်းခွင့်ရစေရန်အတွက် MOLIP လက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့နှင့် ဆွေးနွေးညှိနှိုင်းမှုများ ဖေဖော်ဝါရီ (၁) မတိုင်မီက ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ ထို့အပြင် CTUM သည် ၎င်း၏အဖွဲ့ဝင် (၁၄) ဦးကို OSH ကော်မတီများဆိုင်ရာ သင်တန်းများလည်း လေ့ကျင့်သင်ကြားမှုများ ပြုလုပ်ပေးခဲ့ပါသည်။

BWFM၊ CTUM နှင့် MCEF တို့အကြား ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်ကျန်းမာရေးဥပဒေ ကျင့်သုံးဖော်ဆောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာ (၃) တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်ဟူသောအချက်မှာ အရေးကြီးလှပါသည်။ Vision Zero Fund မြန်မာက အဆိုပါ နားလည်မှုစာချွန်လွှာကို ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း OSH ဆိုင်ရာ ကြားဝင်ဆောင်ရွက်ပေးနိုင်မှုများ အမှန်တစ်ကယ်ပေါ်ပေါက်လာစေမည့် အရေးပါသော နှစ်ဦးနှစ်ဖက် တာဝန်ခံ ဆောင်ရွက်မှုတစ်ရပ်အဖြစ် သတ်မှတ်၍ နားလည်မှုစာချွန်လွှာကို ပံ့ပိုးကူညီမှုများပြုလုပ်နေပါသည်။ CTUM သည် OSH စနစ်နှင့် လူမှုဖူလုံရေးဆိုင်ရာ အသိအမြင်မြှင့်တင်မှုများနှင့် လေ့ကျင့်သင်ကြားပေးမှုများတွင်လည်း Vision Zero Fund မြန်မာနှင့်အတူ လုပ်ငန်းစဉ် အစမှ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

---

[၄၀] "DFI-funded project" ဆိုသည်မှာ နိုင်ငံအများ (သို့) နိုင်ငံနှစ်ခုရှိ အဖွဲ့အစည်းများက DFI အစီအစဉ်ဖြင့် ချေးငွေများ၊ ထောက်ပံ့ငွေများ၊ နည်းပညာအကူအညီများ ပံ့ပိုး၊ မတည်ပေးသော စီမံကိန်းများကို ဆိုလိုပါသည်။ သို့ရာတွင် နည်းစနစ်ဆိုင်ရာ ရှုထောင့်အရ ချေးငွေများသည် ဘဏ္ဍာရေးကိရိယာ၊ ထောက်ပံ့ငွေများသည် ငွေကြေးမတည်မှု ယန္တရားနှင့် နည်းပညာအကူအညီများသည် ပူးပေါင်းကူညီမှု ယန္တရား ဖြစ်ပါသည်။

[၄၉] Scanteam (၂၀၂၀) "အထည်ချုပ်လုပ်ငန်းကဏ္ဍ ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက် အသွင်ကူးပြောင်းမှု (၂၀၁၆-၂၀၂၀) ၊ ဗျူဟာမြောက်မိတ်ဖက်မှု၊ အဆုံးသတ်အကဲဖြတ် သုံးသပ်ချက် (နိုဝင်ဘာ ၁၁)"
https://www.government.nl/documents/reports/2020/11/30/end-term-evaluation-of-the-strategic-partnership-sp-for-garment-supply-chain-transformation-2016-2020

မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ဝန်ဆောင်မှု အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS)

MICS မှ လွှမ်းခြုံထားသည့် လုပ်ငန်းကဏ္ဍများတွင် လူသုံးကုန်ပစ္စည်းများ၊ ခဲ၊ သံမဏိနှင့် သံ၊ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ ဝန်ဆောင်မှု လုပ်ငန်းများ (ဟိုတယ်နှင့် စားသောက်ဆိုင်များ)၊ ဆောက်လုပ်ရေး၊ ကုန်တင်ကုန်ချ၊ အထည်ချုပ်၊ ချည်မျှင်နှင့် သားရေလုပ်ငန်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သတ္တုတူးဖော်သည့်လုပ်ငန်းနှင့် ဘိလပ်မြေထုတ်လုပ်သည့် လုပ်ငန်းစသည်တို့ ပါဝင်ပါသည်။ MICS သည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှစတင်၍ အဖွဲ့အစည်းသမဂ္ဂပေါင်း ၉၆ ခုဖြင့် ရပ်တည်လာခဲ့ပြီး OSH စနစ်နှင့် လူမှုဖူလုံရေးဆိုင်ရာ အသိအမြင်မြှင့်တင်မှုများနှင့် လေ့ကျင့်သင်ကြားပေးမှုများတွင်လည်း Vision Zero Fund မြန်မာနှင့်အတူ လုပ်ငန်းစဉ်အစမှ စတင်ပူးပေါင်း ဆောင်ရွက်ခဲ့ပါသည်။

၂.၄.၂.၆ အလုပ်ရှင် အဖွဲ့အစည်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)

UMFCCI သည် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ အကျိုးစီးပွားများကို ကိုယ်စားပြု အကာအကွယ်ပေးထားသည့် အမျိုးသားအဆင့်အဖိုးရ မဟုတ်သော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။[၅၀]UMFCCI ၏ အဓိကအရေးပါသော အခြားတာဝန်တစ်ရပ်မှာ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍ၏အသံကို ကိုယ်စားပြု၍ အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းကဏ္ဍအကြား ပေါင်းကူးဆက်သွယ်ပေးခြင်း ဖြစ်ပါသည်။ UMFCCI တွင် လုပ်ငန်းရှင်အဖွဲ့များ အလွန်များပြားစွာ ချိတ်ဆက်ပါဝင်နေပြီး လက်အောက်ခံအဖွဲ့ပေါင်း ၉၄ ခုဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ UMFCCI သည် OSH စနစ်နှင့် လူမှုဖူလုံရေးဆိုင်ရာ အသိအမြင်မြှင့်တင်မှုများ၊ ညှိနှိုင်းဆွေးနွေးမှုများ၊ လေ့ကျင့်သင်ကြားပေးမှုများတွင်လည်း Vision Zero Fund မြန်မာနှင့်အတူ လုပ်ငန်းစဉ်အစမှ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ် (MCEF)

MCEF ၏ အဓိကလုပ်ငန်းတာဝန်မှာ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၏ စုပေါင်းအသံကို ပုံဖော်/ကိုယ်စားပြုနိုင်ရန်ပင် ဖြစ်ပါသည်။ MCEF ၏ ရည်မှန်းချက်တာဝန်မှာ ဆောက်လုပ်ရေးကဏ္ဍ အားပေးမြှင့်တင်ရာမှတစ်ဆင့် အဖွဲ့ဝင်အားလုံး၏ စီးပွားရေးအခွင့်အလမ်းများကို ချဲ့ထွင်ရန်ပင်ဖြစ်ပါသည်။ အဆိုပါ ရည်မှန်းချက်တာဝန်ကို ဖြည့်ဆည်းမည့် လုပ်ငန်းဆောင်ရွက်မှုများတွင် အိမ်ရာကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်၍ မိမိတို့အဖွဲ့အစည်း၏ မူဝါဒ၊ လုပ်ငန်းတာဝန်များကို ချပြစည်းရုံးခြင်း၊ သက်ဆိုင်ရာ လုပ်ငန်းများနှင့် လေ့ကျင့်သင်ကြားရေး အစီအစဉ်များကို အဆင်ပြေချောမွေ့စေရန် ပံ့ပိုးကူညီခြင်းတို့ ပါဝင်ပါသည်။ MCEF ကို ၁၉၉၆ ခုနှစ်တွင် အဖွဲ့ဝင် ၁၅၀ ဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုအခါတွင် အဖွဲ့ဝင်ပေါင်း ၂,၀၀၀ ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။[၅၁]

---

[၅၀] “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်” https://www.umfcci.com.mm/index.ph

[၅၁] “မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEF)”. http://mcef.org.mm/en/

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ (MEC)

MECကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေ (၂၀၁၂) အရ ဖွဲ့စည်းခဲ့ပြီး မြို့ပြ၊ လျှပ်စစ်နှင့် စက်မှု စသည့် အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အစုအဖွဲ့များ ပါဝင်ပါသည်။ MECကို ကောင်စီအဖွဲ့ဝင်ပေါင်း ၆၀ ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် နာယကအဖွဲ့က ထိန်းကျောင်းမောင်းနှင်ပေးလျက် ရှိပါသည်။ MEC ၏ များပြားလှစွာသော လုပ်ငန်းတာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များတွင် အင်ဂျင်နီယာများကို မှတ်ပုံတင်စာရင်းသွင်းပေးခြင်း၊ အင်ဂျင်နီယာဆိုင်ရာ ကျင့်ဝတ်များကို သတ်မှတ်ဆုံးဖြတ်ပေးခြင်း၊ အင်ဂျင်နီယာများ၊ ဘွဲ့ရကျွမ်းကျင်သူများနှင့် ကျွမ်းကျင်သူများ၏ အရည်အသွေး၊ စံချိန်စံညွှန်းများကို လေ့လာစောင့်ကြည့်၊ အဆင့်မြှင့်တင်ပေးခြင်း၊ အသိအမှတ်ပြု မှတ်ပုံတင်လက်မှတ်များ စိစစ်ပေးအပ်ခြင်း၊ စီမံကိန်းလုပ်ငန်းခေါ်ယူမှုဆိုင်ရာ အကြံဉာဏ်များပေးခြင်း စသည်တို့လည်း အပါအဝင်ဖြစ်ပါသည်။ MEC၏ အောက်တွင် ကုမ္ပဏီနှင့် အဖွဲ့အစည်းများဆိုင်ရာ ကော်မတီ (COC)[၁၈] မှ စိစစ်အကဲဖြတ်၍ အဆင့် သတ်မှတ်ထားသည့် ကုမ္ပဏီအဖွဲ့ဝင်ပေါင်း ၃၀၀ ကျော် ပါဝင် မှတ်ပုံတင်ထားပါသည်။[၁၉] MEC တွင် ဝင်ရောက် မှတ်ပုံတင်သည့် ကုမ္ပဏီများ၏ COC အဆင့်ကို ဝန်ထမ်းများ၏အရည်အသွေး၊ လုပ်ငန်းအရည်အသွေး ထိန်းချုပ်မှုနှင့် အရည်အသွေးအာမခံနိုင်မှု ဆိုင်ရာ ၎င်းတို့၏ ဘဏ္ဍာရေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်၊ OSH နှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ဆိုင်ရာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များအပေါ် အခြေပြု သတ်မှတ်ထားခြင်း ဖြစ်ပါသည်။ ကုမ္ပဏီအဖွဲ့ဝင်များ၏ အဆင့်ကိုမူ OSH စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်များအပါအဝင် ကုမ္ပဏီမှ သတ်မှတ်ထားသည့် အကဲဖြတ်သုံးသပ်ရေးလက်စွဲပါ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့် အဆင့် (က) မှ (စ) အထိ ခွဲခြားသတ်မှတ်ထားချက်များ၊ စံချိန်စံညွှန်းများကို အခြေပြု၍ သတ်မှတ်ထားပါသည်။ ကုမ္ပဏီ၏ OSH ဆိုင်ရာ စွမ်းဆောင်ရည်များကို အကဲဖြတ်နိုင်ရန် အတွက် သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် OSH ဆိုင်ရာ ပြဿနာရပ်များ၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ ဘေးကင်းလုံခြုံမှုကင်းမဲ့သော လုပ်ငန်းခွင်အခြေအနေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေများနှင့် အနိမ့်ဆုံးသို့လျော့ချမှုဆိုင်ရာ စီမံချက်များ၊ ရှေးဦးသူနာပြုစုမှုနှင့် အရေးပေါ်အခြေအနေတုန့်ပြန်မှု အစီအစဉ်များကို အစီရင်ခံတင်ပြသည့်စနစ်များနှင့် စပ်လျဉ်းသည့် နည်းဥပဒေများအပါအဝင် OSH ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နည်းဥပဒေများကို သတ်မှတ်ထားသည့် ၎င်းတို့ကုမ္ပဏီ၏ OSH လက်စွဲကို တင်ပြရန်လိုအပ်ပါသည်။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (Fed.MES)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (Fed.MES)သည် အမျိုးသမီးရေးရာကဏ္ဍ ရည်မှန်းချက်တစ်ရပ် အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းရှိ လုပ်ငန်းကဏ္ဍ ရည်မှန်းချက် (၁၀) ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။ Fed.MES၏ ရည်မှန်းချက် (၁၀) ရပ်ကို ဝက်ဆိုက်စာမျက်နှာတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။[၂၀] Fed.MES တွင် ၂၀၂၀ ခုနှစ် ဩဂုတ်လ ၃၁ ရက် အထိ အသင်းဝင်ပေါင်း (၆၆, ၃၃၁) ဦးနှင့် ကော်ပိုရိတ်လုပ်ငန်းစု အဖွဲ့ဝင်ပေါင်း ၃၄၂ ဖွဲ့ ပါဝင်လျက်ရှိသည့်အတွက် Fed.MES ကို ဆောက်လုပ်ရေးလုပ်ငန်းကွင်းဆက်အတွင်း ကြားဝင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များတွင် အရေးပါသည့် ပါဝင်ပတ်သက်သူအဖွဲ့အစည်းတစ်ခုအဖြစ် သတ်မှတ်နိုင်ပါသည်။

မြန်မာနိုင်ငံ စက်မှုထုတ်လုပ်သူများအသင်း (MIA)

MIA သည် အခြားသော လုပ်ငန်းစဉ်များနှင့်အတူ အထူးစီးပွားရေးဇုန် နှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်လာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါသည်။ MIA၏ အဓိကလုပ်ဆောင်မှုများတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဥပဒေ၊ စက်မှုဆိုင်ရာမူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာဥပဒေ စသည်တို့နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ဥပဒေ

---

[၁၈] COC သည် အင်ဂျင်နီယာလုပ်ငန်းကဏ္ဍ စည်းမျဉ်းစည်းကမ်း ၊ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် မြှင့်တင်နိုင်ရန်အတွက်MEC မှ ဖွဲ့စည်းထားသည့် “အဆောက်အအုံအရည်အသွေးအကဲဖြတ်ရေးအဖွဲ့” တစ်ဖွဲ့ ဖြစ်ပါသည်။ COC သည် အင်ဂျင်နီယာကုမ္ပဏီများနှင့် ကုမ္ပဏီများအား အကဲဖြတ်ဆန်းစစ်ရန်နှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် တာဝန်ရှိပါသည်။ COC သည် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မှုကို တိုင်းတာနိုင်မည့် အကဲဖြတ်သုံးသပ်မှုဆိုင်ရာ အလေ့အထကောင်းများ၊ စံသတ်မှတ်ချက်များ သတ်မှတ်ထားရှိနိုင်စေရန်အတွက် သေချာစွာ ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ COC သည် ပြည်သူလူထုနှင့် လူ့အသိုင်းအဝိုင်း၏ ရေရှည်အကျိုးစီးပွားအား မျှော်မှန်းလျက် ကုမ္ပဏီများ ကျင့်သုံးဖော်ဆောင်နိုင်မည့် အလေ့အထကောင်းများ၊ အရည်အသွေးမြင့် အကဲဖြတ်ဆန်းစစ်မှု အစီအစဉ်များကို ဖော်ထုတ်ထိန်းသိမ်း ကြီးကြပ်အားပေးဆောင်ရွက်လျက်ရှိပါသည်။

[၁၉] MEC (၂၀၁၉) “ကုမ္ပဏီ အကဲဖြတ်မှုလက်စွဲ၊ ပေါင်းစည်းထားသော မူဝါဒ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ (မေလ)”

[၂၀] “မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ရည်မှန်းချက်များ”.

ကြောင်းအရ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်တွင်းနှင့်ပြည်ပ လုပ်ငန်းများအကြား ချိတ်ဆက်မှုများ၊ စီးပွားရေးကဏ္ဍတွဲဖက်ဆောင်ရွက်မှုများအတွက် စီစဉ်သတ်မှတ်ပေးခြင်းစသည်တို့ပါဝင်ပါသည်။အဖွဲ့ဝင်များတွင် ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း (သံမဏိ၊ ပိုက်လိုင်း စသည်) တင်သွင်းရောင်းချသည့် လုပ်ငန်းအချို့ ပါဝင်ပါသည်။အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များတွင် OSH စနစ်များ တိုးတက်ဖွံ့ဖြိုးလာစေရန်နှင့်၊ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းနှင့် စက်ကိရိယာတင်သွင်းရောင်းချသူအဖွဲ့ဝင်များမှတစ်ဆင့် အဆိုပါစက်ပစ္စည်းကိရိယာများ ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုလာစေရေးကို အားပေးမြှင့်တင်ရန် စသည့်လုပ်ငန်းစဉ်များတွင် MIA သည် လုပ်ငန်းအစပြုရာနေရာ (Entry Point) တစ်ခု ဖြစ်လာနိုင်ဖွယ် ရှိနေပါသည်။

၂.၄.၃ မြန်မာနိုင်ငံ တန်ဖိုးအားကွင်းဆက်မြှင့်တင်ရေးလုပ်ငန်းစဉ်ဆိုင်ရာ ဥပဒေမူဘောင်

မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်အတွင်းရှိ ဥပဒေမူဘောင် စီစဉ်ချမှတ်ရာတွင် အောက်ဖော်ပြပါ အာဏာပိုင်အဖွဲ့အစည်းများ ပါဝင်ကြပါသည်။

၂.၄.၃.၁ မြန်မာနိုင်ငံအလုပ်သမား ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန (MOLIP)

ဖေဖော်ဝါရီ (၁) ဖြစ်စဉ်မတိုင်မီက MOLIP သည် အလုပ်သမား၊ OSH နှင့် လူမှုဖူလုံရေးဆိုင်ရာ ကိစ္စရပ်များအတွက် အဓိကတာဝန်ယူဆောင်ရွက်နေသည့် အာဏာပိုင်အဖွဲ့အစည်းဖြစ်ပါသည်။ MOLIP အောက်ရှိ OSH ဆိုင်ရာ အရေးကိစ္စများတွင် အဓိကသက်ဆိုင်သည့် ဌာန(၂)ခုမှာ လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ခြင်းနှင့် အလုပ်သမားရေးရာစစ်ဆေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်နေသည့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (FGLLID) နှင့် လုပ်ငန်းခွင်ထိခိုက်မှုများအတွက် လျော်ကြေးပေး ကာကွယ်တားဆီးမှုများကို တာဝန်ခံဆောင်ရွက်နေသည့် လူမှုဖူလုံရေးအဖွဲ့ (SSB) တို့ဖြစ်ကြပါသည်။[၅၅]

OSH ဥပဒေများ နှင့် FGLLID

▶ **လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (၂၀၁၉) :** MOSH ဥပဒေကို ပြည်ထောင်စုလွှတ်တော်မှ ၂၀၁၉ ခုနှစ် မတ်လ (၁၅) တွင် အတည်ပြုခဲ့ပြီး ဖြစ်သော်လည်း နိုင်ငံတော်သမ္မတမှ လက်မှတ်ရေးထိုးထုတ်ပြန်ရန် လိုအပ်နေပါသေးသည်။ OSHL – ၂၀၁၉ တွင် ဝန်ကြီးဌာနနှင့် လုပ်ငန်းကဏ္ဍအသီးသီးကြားချိတ်ဆက်၊ ညှိနှိုင်းဆောင်ရွက်မှု မူဘောင်တစ်ရပ်ကို ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ OSHL – ၂၀၁၉ ပြဋ္ဌာန်းချက်များအောက် အကျုံးဝင်သက်ဆိုင်သည့် မည်သည့် လုပ်ငန်းကဏ္ဍ၌မဆို လုပ်ငန်းတစ်ရပ်လက်ရှိလုပ်ကိုင်နေသူ(သို့)လုပ်ငန်းတစ်ရပ်ထူထောင်ရန်ဆန္ဒ/အစီအစဉ်ရှိသူသည် OSH လိုအပ်ချက်နှင့် သတ်မှတ်ချက်များအတွက် FGLLID ထံတွင် မှတ်ပုံတင်၊ စာရင်းပေးသွင်းရန် လိုအပ်ပါသည်။ OSHL –၂၀၁၉ ပြဋ္ဌာန်းချက်များသည် အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်ပြည်ပကုမ္ပဏီနှစ်ရပ်စလုံး၊ သမဝါယမ အသင်းအဖွဲ့များ၊ ဖက်စပ်လုပ်ငန်းများ စသည်တို့နှင့် အကျုံးဝင်သက်ဆိုင်ပါသည်။ OSHL –၂၀၁၉ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်ပတ်သက်သည့် လုပ်ငန်းများတွင် (ခရီးသွားနှင့်) ဧည့်ဝန်ဆောင်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီရောင်းဝယ်ရေးလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများ ပါဝင်ပါသည်။[56]

---

[၅၅] ILO (၂၀၁၉) "မြန်မာနိုင်ငံ အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး မှတ်တမ်း (၂၀၁၈) အစီရင်ခံစာ

[56] SCM Legal (၂၀၁၉) မြန်မာနိုင်ငံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဥပဒေ (တရားဝင် ဘာသာပြန်ဆိုမှု မပြုလုပ်ရသေး)

OSH ဥပဒေသစ်တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်အချို့က မြန်မာနိုင်ငံ OSH စည်းမျဉ်းစည်းကမ်းလိုက်နာကျင့်သုံးမှု အခင်းအကျင်းအပေါ် မျှော်လင့်ချက်များ မြင့်တက်လာစေပါသည်။ အဓိကပြဋ္ဌာန်းချက်များအနက် ပထမဆုံးထင် ရှားသည့်အချက်မှာ အလုပ်သမားနှင့် OSH လုပ်ငန်းစဉ်ဆိုင်ရာ စစ်ဆေးကြည့်ရှုမှုစနစ်တွင် ယခင်က ချန်လှပ် ထားခဲ့သည့် စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေး လုပ်ငန်းကဲ့သို့သော လုပ်ငန်းကဏ္ဍများကို ပြန်လည်ထည့်သွင်း၍ ဆောက်လုပ်ရေးကဏ္ဍ OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ ပြုစုရေးဆွဲလျက်ရှိခြင်း ဖြစ်ပါသည်။ ဒုတိယ ထင်ရှားသိသာသည့်အချက်မှာ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များ၊ အစိုးရတာဝန်ရှိသူများပါဝင်၍ OSH ဆိုင်ရာ မူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စောင့်ကြည့်စစ်ဆေးရေးတို့ကို ကြီးကြပ် ဆောင်ရွက်နိုင်မည့် သုံးပွင့်ဆိုင် အမျိုးသားအဆင့် OSH လုပ်ငန်းစဉ် ညှိနှိုင်းဆောင်ရွက်ရေးကောင်စီအသစ်တစ်ရပ် (A New Tripartite National OSH Council) ဖွဲ့စည်းရေးကို OSH ဥပဒေအသစ်တွင် ဖော်ပြထားခြင်းဖြစ်ပါသည်။ တတိယအရေးပါသည့် အချက်အနေဖြင့် အသစ်ပြဋ္ဌာန်းထားသည့် OSH ဥပဒေတွင် အလုပ်ရှင်များအနေဖြင့် လုပ်ငန်းခွင်အဆင့် OSH ကော်မတီများ ဖွဲ့စည်း၍ OSH ဆိုင်ရာ သီးသန့်လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရန်အတွက် OSH တာဝန်ခံများ (ဥပမာအားဖြင့် – OSH အရာရှိများ) ခန့်အပ်တာဝန်ပေးရန် ပြဋ္ဌာန်းသတ်မှတ်ထားပါသည်။ အဆိုပါ သတ်မှတ်ပြဋ္ဌာန်းချက်များက OSH စည်းမျဉ်းစည်းကမ်းများ လေးစားလိုက်နာစေရန် အဓိကအကြောင်းရင်းတစ်ရပ်အနေဖြင့် အမျိုးသားအဆင့်နှင့် လုပ်ငန်းဆိုင်ရာအဆင့် ညှိနှိုင်းဆွေးနွေးမှု လုပ်ငန်းစဉ်များကို ပိုမိုအားကောင်း၊ ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်ထားပါသည်။

▶ **မြန်မာနိုင်ငံအလုပ်ရုံများ အက်ဥပဒေ (၁၉၅၁) နှင့် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ (၁၉၅၁):** အတည်ပြုထားပြီးဖြစ်သည့် OSH ဥပဒေသစ် ထုတ်ပြန်ကြေညာခြင်းမရှိသေးသော်လည်း OSH ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက် မူဘောင်သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် နောက်ဆုံးပြင်ဆင်ခဲ့သည့် မြန်မာနိုင်ငံအလုပ်ရုံများ အက်ဥပဒေ (၁၉၅၁) နှင့် ၂၀၁၆ခုနှစ်တွင် ပြင်ဆင်ခဲ့သည့် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ (၁၉၅၁) တွင် အဓိကပြဋ္ဌာန်းချက်များအဖြစ် ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ဖြစ်ပါသည်။ မြန်မာနိုင်ငံအလုပ်ရုံများ အက်ဥပဒေ (၁၉၅၁) သတ်မှတ်ပြဋ္ဌာန်းချက်များအောက်တွင် (၁) စွမ်းအားအကူအညီဖြင့် အလုပ်သမား (၅) ဦး လုပ်ကိုင်နေသည့် (သို့) စွမ်းအားအကူအညီ ပါဝင်ခြင်းမရှိ အလုပ်သမား (၁၀) ဦး လုပ်ကိုင်နေသည့် ထုတ်လုပ်ရေးကုမ္ပဏီအားလုံး အကျုံးဝင်သက်ဆိုင်ပါသည်။ မြန်မာနိုင်ငံအလုပ်ရုံများအက်ဥပဒေ (၁၉၅၁)သည်ဆောက်လုပ်ရေးကဏ္ဍရှိလုပ်ငန်းအမျိုးအစားအချို့နှင့်လည်း ဆီလျော်သက်ဆိုင်မှုရှိပါသည်။ မေးမြန်းဆွေးနွေးရာတွင်ပါဝင်သည့် ကုမ္ပဏီတစ်ခုက ၎င်းတို့၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့်စက်ရုံဆောက်လုပ်ရေး စီမံကိန်းတစ်ခုတွင် မြန်မာနိုင်ငံအလုပ်ရုံများအက်ဥပဒေ(၁၉၅၁) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကျင့်သုံးကြောင်း အတည်ပြုဖြေကြားခဲ့ပါသည်။ ဤအက်ဥပဒေတွင် အဆောက်အအုံနှင့် စက်ယန္တရား၊ စက်များနှင့် စက်မှုလုပ်ငန်းစဉ်များ၊ ဝန်ချီစက်နှင့် ပင့်စက်များ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများ စသည်တို့ လွှမ်းခြုံပါဝင်သည့် OSH ဆိုင်ရာ အသေးစိတ်ပြဋ္ဌာန်းချက်များ ပါဝင်ပါသည်။ ကျန်းမာရေးနှင့် ညီညွတ်ပြည့်စုံသော လုပ်ငန်းခွင်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင်လည်း သင့်လျော်လုံလောက်သောလေဝင်လေထွက်နှင့် အလင်းရောင်၊ကျန်းမာရေးထိခိုက်စေသည့် အမှုန်များနှင့် အခိုးအငွေ့များဖယ်ရှားခြင်း၊ လူထူထပ်မှုကိုတားဆီးခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းသော သောက်ရေ စီစဉ်ပေးခြင်း၊ အိမ်သာနှင့် ကျင်ငယ်စွန့်ရန် နေရာများ သင့်လျော်လုံလောက်အောင် စီစဉ်ဖန်တီးပေးခြင်း ၊ စွန့်ပစ်ပစ္စည်း များအတွက် သင့်လျော်သည့်နေရာ ဖန်တီးပေးခြင်း စသည်တို့ပါဝင်ပါသည်။ အလုပ်သမားများ သက်သာချောင်ချိ ရေး အစီအစဉ်ဆိုင်ရာ ပြဋ္ဌာန်းချက်များတွင်လည်း ရေးဦးသူနာပြု ဆေးပစ္စည်းကိရိယာများ၊ လျှော်ဖွတ်ဆေးကြောရေး အစီအမံများ၊ သန့်ရှင်းစင်ကြယ်သည့် စားသောက်ခန်း စသည်တို့ကို စီစဉ်ပံ့ပိုးပေးရန် ပါဝင်ပါသည်။ ထို့အပြင် အလုပ်ရုံများအနေဖြင့် ၎င်းတို့၏ အလုပ်ရုံကြီးကြပ်ရေးမှူးများအတွက် OSH စီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းများ တက်ရောက်နိုင်စေရန် စီစဉ်ပေးရမည်ဟု မြန်မာနိုင်ငံ အလုပ်ရုံများအက်ဥပဒေ (၁၉၅၁) တွင် ထပ်မံ သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အလုပ်သမားရေးရာ စည်းကြပ်စစ်ဆေးမှုများနှင့် ပတ်သက်၍လည်း သတ်မှတ်ပြဋ္ဌာန်းထားချက်များ အဆိုပါအက်ဥပဒေတွင် ပါဝင်ပါသည်။ အဆိုပါ အက်ဥပဒေတွင် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို အလုပ်ရုံပိုင်ရှင် (သို့) မန်နေဂျာမှ ဖောက်ဖျက်ကျူးလွန်ကြောင်း တွေ့ရှိရပါက အဆိုပါအလုပ်ရုံပိုင်ရှင်အနေဖြင့် ငွေဒဏ်နှင့် ကျူးလွန်သည့်ပြစ်မှုအနေအထားပေါ်မူတည်၍ ထောင်ဒဏ် (၆) လအထိ ကျခံရနိုင်ကြောင်း ဥပဒေကြောင်းအရ တာဝန်ခံယူမှုများနှင့် ပတ်သက်၍လည်း ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ အလုပ်ရုံများအက်ဥပဒေ (၁၉၅၁) တွင် အလုပ်ချိန်နာရီ၊ လုပ်ခပေးချေမှု၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းကျန်းမာရေး စသည်တို့နှင့် စပ်လျဉ်းသည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းထားပါသည်။ မြန်မာနိုင်ငံ အလုပ်ရုံများအက်ဥပဒေ (၁၉၅၁) သည် အောက်ဖော်ပြပါ ဆိုင်နှင့်အလုပ်ဌာနများအပေါ် အကျုံးဝင်သက်ဆိုင်ပါသည်။

- ဆိုင်များ (ကုန်ပစ္စည်း (သို့) ဝတ္ထုပစ္စည်းကို လက်လီ (သို့) လက်ကား ရောင်းချရန် အလို့ငှာ တစ်ခုလုံးကိုဖြစ်စေ (သို့) တစ်စိတ်တစ်ဒေသကိုဖြစ်စေ အသုံးပြုသည့်နေရာများ)
- ကုန်သွယ်အလုပ်ဌာန (ကြော်ငြာလုပ်ငန်း၊ ကော်မရှင်လုပ်ငန်း၊ ကုန်စည်ပေးပို့ရေး ကိုယ်စားလှယ်လုပ်ငန်း၊ ကုန်သွယ်ရေး ကိုယ်စားလှယ်လုပ်ငန်းများ ဆောင်ရွက်ရာအလုပ်ဌာန)

- အများပြည်သူ ဖျော်ဖြေရေး အလုပ်ဌာန၊ ဆိုင်
- အက်ဥပဒေအောက်တွင် အကျုံးဝင်ခြင်းမရှိသည့် စက်မှုအလုပ်ဌာနများ
- ဝန်ကြီးဌာနမှသတ်မှတ်ပြဋ္ဌာန်းထားသည့် အခြားအလုပ်ဌာနများ

အထက်ဖော်ပြပါ သတ်မှတ်ပြဋ္ဌာန်းချက်များအရ ဆောက်လုပ်ရေးကုမ္ပဏီများသည် မြန်မာနိုင်ငံအလုပ်ရုံများ အက်ဥပဒေ (၁၉၅၁) အောက်တွင် အကျုံးဝင်သက်ဆိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းရောင်းချသူများ (ကုန်သည်များ၊ လက်ကားနှင့် လက်လီ ရောင်းဝယ်သူများ စသည်) နှင့် အကျုံးဝင်သက်ဆိုင်နိုင်ဖွယ်ရှိပါသည်။ ထို့အပြင် အဆိုပါအက်ဥပဒေတွင် (ရှင်းလင်းပြတ်သားမှု အားနည်းသော်လည်း) OSH နှင့်စပ်လျဉ်းသည့် စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များလည်း ပါဝင်ပါသည်။ အလုပ်ရှင်သည် ဤအက်ဥပဒေပါ ပုဒ်မ (၂၄) နှင့်အညီ[၁၇]

- သန့်ရှင်းရေး၊ အနံ့အသက် ကင်းစင်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်မျှတစေရေးတို့အတွက် သင့်လျော်ကောင်းမွန်သော အစီအမံများ ထားရှိရမည်။
- လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် သင့်လျော်ကောင်းမွန်သော အလင်းရောင် ရရှိစေရန် စီစဉ်ထားရှိရမည်။
- သတ်မှတ်ထားသည့် ဆူညံသံ အတိုင်းအတာထက် ပိုလွန်ခြင်းမရှိစေရန် စီမံထားရှိရမည်။
- အပူချိန်လွန်ကဲမှုမရှိစေရန်နှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှု အစီအမံများ စီစဉ်ထားရှိရမည်။
- အလုပ်သမားများအတွက် ရေးဦးသူနာပြု ဆေးသေတ္တာနှင့် ဆေးဝါးများကို သတ်မှတ်ချက်များနှင့်အညီ လုံလောက်စွာ စီမံထားရှိရမည်။

▶ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (FGLLID)

FGLLID သည် အဓိကအားဖြင့် အလုပ်ရုံစစ်ဆေးခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများမှတစ်ဆင့် OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများကို စည်းကြပ်ဆောင်ရွက်လေ့ရှိပါသည်။ FGLLID သည် မြန်မာနိုင်ငံအလုပ်ရုံများ အက်ဥပဒေ (၁၉၅၁) နှင့် ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ (၁၉၅၁) တွင်ပါဝင်သည့် ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကြပ်စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လေ့ ရှိပါသည်။ ထို့အပြင် FGLLID သည် ပေါ်ထွက်လာမည့် OSH ဥပဒေသစ်ပါ ပြဋ္ဌာန်းချက်များကိုပြင်ဆင်ဆောင်ရွက်ရန်နှင့် စည်းကြပ်စစ်ဆေးရန် တာဝန်ရှိသည့် ဦးစီးဌာနလည်း ဖြစ်ပါသည်။ FGLLID သည် လုပ်ငန်းခွင်ဘေးအန္တရာယ်များစောင့်ကြည့်စစ်ဆေးခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်များကြိုတင်ကာကွယ်ခြင်းနှင့် ကျန်းမာရေးဆိုင်ရာပြဋ္ဌာန်းချက်များအား စည်းကြပ်ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ရပါသည်။ FGLLID ၏ အဓိကလုပ်ငန်းတာဝန်မှာ အလုပ်သမားရေးရာ ဥပဒေများ၊ OSH ဆိုင်ရာပြဋ္ဌာန်းချက်များအား စည်းကြပ်စစ်ဆေးရန်၊ OSH ဆိုင်ရာ စီမံခန့်ခွဲမှုများ လေ့ကျင့်သင်ကြားပေးရန်၊ လိုအပ်သည့် အကြံပြုချက် ဝန်ဆောင်မှုများပေးရန်တို့ ဖြစ်ပါသည်။ FGLLID ၏ အဓိကရည်ရွယ်ချက်မှာ အလုပ်သမားများအနေဖြင့် တည်ဆဲ အလုပ်သမားရေးရာ ဥပဒေမူဘောင်များနှင့်အညီ ၎င်းတို့၏ရပိုင်ခွင့်များအား မှန်ကန်ပြည့်ဝစွာရရှိစေရန် ဆောင်ကြဉ်းပေးခြင်းဖြင့် ကုန်ထုတ်လုပ်မှုစွမ်းရည် တိုးမြှင့်ပေးရန် ဖြစ်ပါသည်။[၁၈]

FGLLIDတွင်အလုပ်ရုံစစ်ဆေးရေးဌာနခွဲ(လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးနှင့်သက်သာချောင်ချိရေးဆိုင်ရာ) စီမံရေးရာဌာနခွဲနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဌာနခွဲဟူသည့် ဌာနခွဲ (၃) ခုဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။ အလုပ်ရုံစစ်ဆေးရေးဌာနခွဲသည် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အလုပ်သမားဥပဒေစစ်ဆေးရေးဌာနခွဲသည် အချိန်ပိုလုပ်ခ၊ အလုပ်ချိန်နှင့် ခွင့် စသည့်ကိစ္စရပ်များကိုလည်းကောင်း ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးပါသည်။

FGLLID၏တရားဝင်လုပ်ပိုင်ခွင့်အာဏာသည်OSHဥပဒေသစ်အတည်ပြုသည့်၂၀၁၉ခုနှစ်အထိအလုပ်ရုံများနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အပေါ်သို့သာ အကျုံးဝင် သက်ရောက်ပါသည်။ ထို့ကြောင့် FGLLID သည် OSH ဥပဒေသစ်နှင့် အတူယှဉ်တွဲ

---

[၁၇] မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၆) “ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ” (၂၀၁၆)

[၁၈] ILO (၂၀၁၉) ““မြန်မာနိုင်ငံ အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး မှတ်တမ်း (၂၀၁၈) အစီရင်ခံစာ”

လိုက်ပါလာမည့် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများ အဓိကဦးတည်ရာ လုပ်ငန်းကဏ္ဍများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဆောက်လုပ်ရေးကဏ္ဍနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စစ်ဆေးကြည့်ရှုခြင်းတို့နှင့် ပတ်သက်၍ အတွေ့အကြုံနုနယ်ပါသေးသည်။ လက်ရှိအချိန်တွင် FGLLID သည် တရားဝင်လုပ်ပိုင်ခွင့် မရရှိသေးသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ စစ်ဆေးကြည့်ရှုမှု ပြုလုပ်ရခြင်းမရှိသေးပါ။ FGLLID တွင် ဌာနတွင်း မြို့ပြအင်ဂျင်နီယာများ မရှိသည့်အပြင် လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် ဝန်ထမ်းများမှာလည်း ဆောက်လုပ်ရေးကဏ္ဍနှင့် ပတ်သက်၍ အတွေ့အကြုံနည်းပါးကြောင်း ၂၀၂၀ အတွင်း ၎င်းဦးစီးဌာနနှင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးမေးမြန်းမှုများအရ သိရှိရပါသည်။ ထို့အပြင် ဆောက်လုပ်ရေး စီမံကိန်းများရှိ အမျိုးမျိုးကွဲပြားသည့် လုပ်ငန်း၊ လုပ်ကွက်များနှင့် သီးသန့်အသုံးပြုသည့် ပညာရပ်ရပ်ဆိုင်ရာ ဝေါဟာရအသုံးအနှုံးများ (ကွဲပြားခြားနားပုံ) နှင့် ပတ်သက်၍လည်း FGLLID က ဆွေးနွေးမေးမြန်းမှုများအတွင်း ထောက်ပြပြောဆိုခဲ့ပါသည်။ Vision Zero Fund မြန်မာအနေဖြင့် ၂၀၂၀ ခုနှစ် မှ ၂၀၂၁ ခုနှစ် ဇန်နဝါရီလအတွင်း ပြုလုပ်ခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းရေးဆွဲသည့်လုပ်ငန်းစဉ်များတွင်လိုအပ်သည့်ကူညီပံ့ပိုးမှုများပေးအပ်ခဲ့ပါသည်။ထို့အပြင်ဆောက်လုပ်ရေးကဏ္ဍသည် FGLLID အတွက် လုပ်ငန်းကဏ္ဍသစ်တစ်ရပ် ဖြစ်သည့်အတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြုစုရာ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ ကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် လိုအပ်သည့် လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်တို့တည်ဆောက် မြှင့်တင်ရာတွင် ၎င်းဦးစီးဌာနကို နည်းပညာအကူအညီများပံ့ပိုးပေးရန် ၂၀၂၀ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် တိုင်ပင်ဆွေးနွေးပွဲများတွင် Vision Zero Fund မြန်မာမှ သက်ဆိုင်သူအားလုံးကို ပန်ကြားနှိုးဆော်ခဲ့ပါသည်။ စည်းမျဉ်းစည်းကမ်း နည်းဥပဒေများ၏ အရေးပါမှုနှင့် တိုင်ပင်ဆွေးနွေးမှုများ၏ အဓိကကျမှုတို့ အပေါ်တွင်လည်း ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သည့် ဈေးကွက်ဖော်ဆောင်သူနှင့် သက်ဆိုင်သူ အများစုတို့က ထောက်ပြပြောဆိုခဲ့ကြပါသည်။

OSH ဥပဒေတွင် လုံလောက်ပြည့်စုံသည့် အသေးစိတ် ဖော်ပြချက်များ ပါဝင်ခြင်းမရှိသေးကြောင်းနှင့် ဥပဒေကို လက်တွေ့နားလည် ဖော်ဆောင်ရာတွင် သက်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများ ဖော်ထုတ်သတ်မှတ်နိုင်ရေးသည် အဓိကသော့ချက်နေရာမှ ပါဝင်ကြောင်းဖြင့်လည်း ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သည့် ဈေးကွက်ဖော်ဆောင်သူနှင့် သက်ဆိုင်သူတို့က ဝေဖန်ထောက်ပြခဲ့ကြပါသည်။ ထို့အပြင် OSH ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ထင်ဟပ်ပေါ်လွင်စေမည့် “လုပ်ငန်းဆိုင်ရာလိုက်နာရမည့် ကျင့်ဝတ်” (Code of Conduct) တစ်ရပ် သတ်မှတ်ထုတ်ပြန်ရန်လည်း ဈေးကွက်ဖော်ဆောင်သူနှင့် သက်ဆိုင်သူများက ထောက်ပြဆွေးနွေးခဲ့ကြပါသည်။ ဤသည်တို့ကို ထောက်ရှု၍ OSH စနစ်များ၊ စည်းမျဉ်းစည်းကမ်းများကို အဆိုပါလုပ်ငန်းဆောင်တာများအတွင်းသို့ ခေတ်ရေစီးကြောင်းနှင့်အညီ ချိတ်ဆက်ထည့်သွင်းရန် အခွင့်အလမ်းကောင်းများ ရှိနေကြောင်း တွေ့မြင်ရပါသည်။[၁၉]

FGLLID အနေဖြင့် လက်ရှိအချိန်အထိ OSH လေ့ကျင့်သင်ကြားရေးဌာနများ၊ လေ့ကျင့်သင်ကြားပေးသူများနှင့် သင်ရိုးညွှန်းတမ်းတို့နှင့် စပ်လျဉ်းသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များ ချမှတ်ရခြင်း မရှိသေးသည့်အပြင် အခြားလေ့ကျင့်ပညာပေးရေးနှင့် အသိအမှတ်ပြုရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် တရားဝင်ပူးပေါင်း ဆောင်ရွက်ခြင်းများလည်း မရှိသေးပါ။ အဆိုပါအကြောင်းအရာနှင့် စပ်လျဉ်း၍သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ဦးစီးဌာနများအကြား ဆွေးနွေးညှိနှိုင်းမှုများအချိန်တန်လျင်ပြုလုပ်မည်ဖြစ်ကြောင်း FGLLID မှ ရှင်းလင်း ပြောကြားခဲ့ပါသည်။ OSH ဆိုင်ရာ လေ့ကျင့်သင်ကြားပေးသူများနှင့် သင်တန်းလေ့ကျင့်သင်ကြားရေးဌာနများနှင့်သက်ဆိုင်သည့်စည်းမျဉ်းစည်းကမ်းများလက်ရှိအချိန်တွင်သတ်မှတ်ရခြင်းမရှိသေးသော်လည်း ယခုအစီရင်ခံစာရေးသားနေချိန်တွင် FGLLID သည် OSH ဥပဒေကို အခြေပြုသည့် စည်းမျဉ်းစည်းကမ်းတစ်ရပ်ကို အခြားသောစည်းမျဉ်းစည်းကမ်းများနှင့်အတူ (မူကြမ်း) ရေးဆွဲလျက်ရှိကြောင်း သိရှိခဲ့ရပါသည်။

---

[၁၉] ILO (၂၀၀၁) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ လမ်းညွှန်ချက်များ၊ ဂျီနီဗာ

▶ လူမှုဖူလုံရေးဥပဒေ (SSL) နှင့် လူမှုဖူလုံရေးအဖွဲ့ (SSB)

SSB သည် လုပ်ငန်းတွင်းထိခိုက်မှု ကာကွယ်ရေး ဌာနခွဲများ အပါအဝင် လူမှုဖူလုံရေးစနစ် ပုံစံ ချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို တာဝန်ခံလျက် SSL ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လူမှုဖူလုံရေးအဖွဲ့ရုံးချုပ်သည် ဌာနခွဲ (၇) ခု၊ မြို့နယ်ရုံး (၇၈) ရုံးဖြင့် စီမံကိန်း ချိတ်ဆက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

လူမှုဖူလုံရေးဥပဒေ (SSL) (၂၀၁၂): လူမှုဖူလုံရေးဥပဒေ (SSL)[၆၀] (၂၀၁၂) အရ အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ အမြတ်အစွန်းအတွက် မရည်ရွယ်သော အဖွဲ့အစည်းများ၊ ရာသီအလိုက် လုပ်ကိုင်သော စိုက်ပျိုးရေးနှင့် ငါးဖမ်းလုပ်ငန်းများ၊ အိမ်တွင်းလုပ်ငန်းများမှအပ အလုပ်သမား (၅) ဦးနှင့်အထက်ရှိသော အလုပ်ဌာနများသည် လူမှုဖူလုံရေးစနစ်နှင့် အကျိုးခံစားခွင့်များအတွက် မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်များအောက်တွင် အကျုံးဝင်သက်ဆိုင်ပါ သည်။ မှတ်ပုံတင်ထားသော ဆောက်လုပ်ရေးကုမ္ပဏီများအနေဖြင့်လည်း သတ်မှတ်ပြဋ္ဌာန်းထားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

လူမှုဖူလုံရေးဥပဒေ (SSL) တွင် နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရှိမှု (သို့) သေဆုံးမှုတို့ ပေါ်ပေါက်လာပါက အာမခံထားရှိသူ အလုပ်သမားအတွက် အကာအကွယ်ရရှိစေရန် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှု အာမခံစနစ်ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် အခြားသော အကျိုးခံစားခွင့်များဖြစ်သည့် အလုပ်လက်မဲ့အကျိုးခံစားခွင့် အာမခံစနစ်နှင့် သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်တို့ကို သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း အသက်ဝင်ခြင်း မရှိသေးပါ။ အလုပ်သမား (၅) ဦးနှင့်အထက် အလုပ်လုပ်ကိုင်နေသည့် ကုမ္ပဏီအားလုံးသည် လုပ်ငန်းစတင်သည့်နေ့မှစ၍ ရက်ပေါင်း (၃၀) အတွင်း မြို့နယ်လူမှုဖူလုံရေးရုံးတွင် စာရင်းပေးသွင်း မှတ်ပုံတင်ရမည်ဖြစ်ပြီး အလုပ်သမားလစာငွေ (အမြင့်ဆုံး လက်ရှိသတ်မှတ်ချက် ၃၀၀,၀၀၀ ကျပ်အထိ) ၏ (၅) ရာခိုင်နှုန်းကို ပုံမှန်ထည့်ဝင်ကြေးအဖြစ် ပေးသွင်းရမည်ဖြစ်ပါသည်။ အလုပ်ရှင်များအနေဖြင့် ထည့်ဝင်ကြေး၏ (၃) ရာခိုင်နှုန်းကို ကျခံရမည်ဖြစ်၍ အဆိုပါ (၃) ရာခိုင်နှုန်းအနက် (၂) ရာခိုင်နှုန်းကို ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ (HSCF) အဖြစ် အသုံးပြုမည်ဖြစ်ပြီး (၁) ရာခိုင်နှုန်းကို အလုပ်တွင်ထိခိုက်မှု အာမခံ (EII) အဖြစ် ထည့်ဝင်သွားမည်ဖြစ်ပါသည်။ အလုပ်သမားများအနေဖြင့် ကျန် (၂) ရာခိုင်နှုန်းကို ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ (HSCF) အတွက် ပုံမှန်ထည့်ဝင်သွားရမည် ဖြစ်ပါသည်။

သမားရိုးကျမဟုတ်သည့် လုပ်ငန်းကဏ္ဍမှ အလုပ်သမားများသည်လည်း SSB သို့ငင်းတို့ဝင်ငွေ၏ (၄) ရာခိုင်နှုန်းကို ပုံမှန်ပေးသွင်း၊ မှတ်ပုံတင်လျောက်ထား၍ နာဖျားမကျန်းဖြစ်ပါက ငင်းတို့အနေဖြင့် အစိုးရ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံ၊ ဆေးခန်းများတွင် ဆေးကုသမှု ခံယူခွင့် ရှိပါသည်။ သို့ရာတွင် ငင်းအလုပ်သမားများ အနေဖြင့် အလုပ်တွင် ထိခိုက်မှု အာမခံ (EII) အတွက် ဝင်ကြေးထည့်ဝင်ခွင့် မရှိသည့်အတွက် အဆိုပါ အာမခံ ဆိုင်ရာ အကျိုးခံစားခွင့်ကိုလည်း ရရှိနိုင်မည် မဟုတ်ပါ။ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရန် မလိုအပ်သည့် လုပ်ငန်းများရှိ အလုပ်သမားများအနေဖြင့်လည်း မိမိတို့သဘောဆန္ဒအလျောက် မှတ်ပုံတင်နိုင်ပါသည်။[၆၁]

အာမခံထားရှိသူ အလုပ်သမားအနေဖြင့် ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ (HSCF) အရ ကျန်းမာရေးစောင့်ရှောက်မှု/ဆေးကုသမှု ခံယူခွင့်၊ နာမကျန်း ငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားမှု ငွေကြေးအကျိုး ခံစားခွင့်၊ ဖခင်ဖြစ်မှု ငွေကြေးအကျိုးခံစားခွင့်၊ မီးဖွားစရိတ်၊ ကိုယ်ဝန်ပျက်ကျမှု ငွေကြေးအကျိုးခံစားခွင့်၊ တစ်နှစ်အောက်ကလေး မွေးစားမှုအကျိုးခံစားခွင့်၊ နာရေးစရိတ်၊ မိသားစုအကျိုးခံစားခွင့်၊ အငြိမ်းစားယူပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားပိုင်ခွင့်ရှိပါသည်။

---

[၆၀] မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၂)၊ “လူမှုဖူလုံရေးဥပဒေ” (၂၀၁၂)၊ “လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု ခံစားခွင့် အာမခံစနစ်” နှင့် မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၄)၊ “လူမှုဖူလုံရေးဥပဒေ” (၂၀၁၄)၊ “လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု ခံစားခွင့် အာမခံစနစ်”

[၆၁] ILO (၂၀၁၇) “မြန်မာနိုင်ငံ အလုပ်သမားဥပဒေဆိုင်ရာ (ILO) လမ်းညွှန်ချက်များ”. ရန်ကုန်

ကျန်းမာရေးနှင့်လူမှုရေးစောင့်ရှောက်မှုရန်ပုံငွေ (HSCF) အရအာမခံထားရှိသည့်အလုပ်သမားများရယူခွင့်ရှိသည့်အကျိုးခံစားခွင့် အမျိုးအစားများမှာ[၆၂]

- ကျန်းမာရေးစောင့်ရှောက်မှု/ဆေးကုသမှုခံယူခွင့် – အငြိမ်းစားအလုပ်သမားများမှအပ လူမှုဖူလုံရေးအဖွဲ့ (SSB) ပိုင်ဆေးရုံ၊ဆေးခန်းများတွင်အများဆုံးရက်သတ္တပတ် (၂၆) ပတ်အထိအခမဲ့ဆေးကုသခွင့်နှင့်သယ်ယူပို့ဆောင်ခွင့် (ပြင်ပလူနာစရိတ်၊ အတွင်းလူနာစရိတ်၊ ဆေးဝါးစရိတ်၊ ဓါတ်ခွဲခန်းစရိတ်၊ မြို့ပြပြင်ပနေရာများတွင် နေထိုင်ကြောင်းထောက်ခံချက်ဖြင့် သယ်ယူပို့ဆောင်စရိတ် စသည်တို့အပါအဝင်)။ အငြိမ်းစားအလုပ်သမားများအနေဖြင့် (နှစ်ဦးနှစ်ဘက်ပေးချေသည့် အစီအစဉ်ဖြင့်) ဆေးကုသမှုကုန်ကျစရိတ်၏ ထက်ဝက် (၅၀ ရာခိုင်နှုန်း) ကို ကျခံရမည်ဖြစ်ပါသည်။ စိုက်ထုတ်ထားရသည့် အခြားအစိုးရဌာနဆိုင်ရာ ကုန်ကျစရိတ်ကို ထောက်ခံချက်နှင့်အတူ ပုံသေနှုန်းများဖြင့် ပြန်လည်ထုတ်ပေးမည် ဖြစ်ပါသည်။
- နာရေးစရိတ် – တစ်လုံးတစ်ခဲတည်းပေးမည် ဖြစ်ပါသည်။ နာရေးစရိတ် ခံစားခွင့် = လွန်ခဲ့သည့် ၄ လအတွင်း ရရှိခဲ့သည့် ပျမ်းမျှလစာ x (လစဉ်ကြေးပေးသွင်းထားသည့် လအရေအတွက်/၁၈) + ၁
- နာမကျန်းမှု ငွေကြေးအကျိုးခံစားခွင့် – ကာလအပိုင်းအခြားအလိုက် အကျိုးခံစားခွင့်။ လွန်ခဲ့သည့် (၄) လအတွင်း ရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ (၆၀) ရာခိုင်နှုန်း (အပတ်စဉ်အရစ်ကျခံစားခွင့်) (၂၆ ပတ်အထိ)
- မီးဖွားမှု ငွေကြေးအကျိုးခံစားခွင့် – လွန်ခဲ့သည့် (၆) လအတွင်းရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ (၇၀) ရာခိုင်နှုန်း။ တစ်လုံးတစ်ခဲတည်း (သို့) အပတ်စဉ်အရစ်ကျခံစားခွင့် (၁၄ ပတ်အထိ)။ အပိုဆုကြေး – မွေးဖွားသည့်ကလေးအရေအတွက်ကို မူတည်၍ မွေးဖွားချိန်တွင် ပျမ်းမျှလုပ်ခလစာ၏ ၅၀ (သို့) ၇၅ (သို့) ၁၀၀ ရာခိုင်နှုန်း
- ဖခင်ဖြစ်မှုဘဝ ငွေကြေးအကျိုးခံစားခွင့် – လွန်ခဲ့သည့် (၆) လအတွင်းရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ (၇၀) ရာခိုင်နှုန်း (၁၅ ရက်အထိ)။ အပိုဆုကြေး – အာမခံစနစ်ထားရှိခြင်းမရှိသည့် ဇနီးသည်ရရှိသည့် မီးဖွားမှု ငွေကြေးအကျိုးခံစားခွင့်၏ထက်ဝက်

လူမှုဖူလုံရေးဥပဒေ (SSL) အရ အလုပ်တွင်ထိခိုက်မှု အာမခံ (EII) ထားရှိသည့် အလုပ်သမားများ ရယူခွင့်ရှိသည့် အကျိုးခံစားခွင့် အမျိုးအစားများမှာ

- ယာယီမသန်စွမ်းမှု အကျိုးခံစားခွင့် – လွန်ခဲ့သည့် (၄) လအတွင်းရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ (၇၀) ရာခိုင်နှုန်း။ အပတ်စဉ် (သို့) လစဉ် အရစ်ကျခံစားခွင့် (၁၂ လအထိ)
- အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် – အကျိုးခံစားခွင့်ပမာဏသည် လုပ်အားဆုံးရှုံးမှုအပေါ် မူတည်သည်။ လွန်ခဲ့သည့် (၄) လအတွင်း ရရှိခဲ့သည့် ပျမ်းမျှလုပ်ခ၏ (၇၀) ရာခိုင်နှုန်း။ လုပ်အားဆုံးရှုံးမှုအပေါ် မူတည်၍ ရေရှည်အကျိုး ခံစားခွင့်ပေးသည်။ လစဉ်အရစ်ကျ (သို့) တစ်လုံးတစ်ခဲတည်း ခံစားခွင့်
- ကျန်ရစ်သူအကျိုးခံစားခွင့် – ထည့်ဝင်သည့် ကာလပေါ်မူတည်၍ သေဆုံးသူ (၄) လအတွင်းရရှိခဲ့သည့် ပျမ်းမျှလုပ်ခ ပမာဏ၏ အဆ (၃၀) မှ (၈၀) အတွင်း (လ ၆၀ အောက်မှ ၂၄၀ ကျော်)။ လစဉ် အရစ်ကျ (သို့) တစ်လုံးတစ်ခဲတည်း ခံစားခွင့်

သမားရိုးကျလုပ်ငန်းကဏ္ဍရှိအလုပ်သမားများ နှင့် သမားရိုးကျမဟုတ်သည့် လုပ်ငန်းကဏ္ဍရှိ အလုပ်သမားများအကြား လူမှုအကာအကွယ်စနစ်ဆိုင်ရာ အကျုံးဝင်သက်ဆိုင်မှု ကွဲပြားခြားနားခြင်းသည် အရေးပါသောအချက် တစ်ရပ်ဖြစ်သကဲ့သို့ ဆောက်လုပ်ရေးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသူများ သတိပြုမိသည့် အချက်တစ်ရပ်လည်း ဖြစ်ပါသည်။ ဆွေးနွေးမေးမြန်းရာတွင် ပါဝင်သူများ၏ ပြောကြားချက်အရ ဆောက်လုပ်ရေးကဏ္ဍရှိ စီးပွားရေးလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများမှ တိုက်ရိုက်ခန့်ထားသည့် အလုပ်သမားများသည် လူမှုဖူလုံရေး အစီအစဉ်များတွင် မှတ်ပုံတင်စာရင်းသွင်းထားကြပြီး ၎င်းအစီအစဉ်များမှ အကျိုးကျေးဇူး ရရှိခံစားကြရကြောင်း သိရှိရပါသည်။ ဤသို့ လူမှုဖူလုံရေး အစီအစဉ်များတွင် အလုပ်သမားများ၏ အမည်စာရင်းသွင်း၊ မှတ်ပုံတင်ခြင်းသည် စံညွှန်းကိုက် လူသားအရင်းမြစ် အစီအစဉ်များ အစပျိုးဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍရှိ သမားရိုးကျပုံစံနှင့် သမားရိုးကျပုံစံမဟုတ်သည့် အလုပ်သမားများ၏ ပကတိအရေအတွက်နှင့် နှိုင်းယှဉ်အရေအတွက်တို့ကို မသိရှိနိုင်သေးသည့်သည့်အပြင် ဖေဖော်ဝါရီ (၁) ဖြစ်စဉ်ကလည်း အဆိုပါ အချိုးအစား၊ ဖွဲ့စည်းပုံကို (အနိမ့်ဆုံး အားဖြင့် ကာလတိုအတွင်း) ပြောင်းလဲစေခဲ့ပါသည်။ သို့ရာတွင်

[၆၂] Tessier, L. (၂၀၁၅) "မြန်မာနိုင်ငံ အလုပ်သမားဥပဒေကြောင်းရာမူဘောင် ပြုပြင်ပြောင်းလဲမှုအတွင်းရှိ လူမှုရေးအကာအကွယ်များ" နောက်ခံသုတေသန အနှစ်ချုပ် ရန်ကုန် – ILO.

ဆောက်လုပ်ရေးကုမ္ပဏီကြီးများတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများနှင့်သက်ဆိုင်သည့် အချက်အလက်များအရ ဆောက်လုပ်ရေးကဏ္ဍရှိ ထောင်နှင့်ချီသည့် အလုပ်သမားများသည် လူမှုဖူလုံရေးအဖွဲ့ (SSB) အစီအစဉ်များမှ အကျိုးကျေးဇူးများ ရရှိခံစားနေရကြောင်း သိရှိရ ပါသည်။

သို့ရာတွင် ကန်ထရိုက်လုပ်ငန်းများနှင့် တစ်ဆင့်ခံကန်ထရိုက်လုပ်ငန်းများမှ အလုပ်သမားများနှင့် ပုတ်ပြတ်အလုပ်သမားများ အနေဖြင့် လူမှုဖူလုံရေးအဖွဲ့ (SSB) အစီအစဉ်များမှ အကျိုးကျေးဇူးများ ရရှိခံစားရလေ့မရှိကြောင်းကိုလည်း အဆိုပါကုမ္ပဏီများက ဆွေးနွေးပြောကြားခဲ့ပါသည်။ ဆောက်လုပ်ရေးကဏ္ဍရှိ အလုပ်သမားများအကြား လူမှုဖူလုံရေးအစီအစဉ်များ ပိုမိုလွှမ်းခြုံ သက်ရောက်လာစေရန် သက်ဆိုင်သူများက ရွေးချယ်မှုနည်းလမ်း အမျိုးမျိုးကို စူးစမ်းလေ့လာလျက် ရှိကြပါသည်။ ၂၀၂၀ ခုနှစ် နိဝင်ဘာတွင်ပြုလုပ်သည့် ဆွေးနွေးမေးမြန်းမှုတွင် ပါဝင်သည့် BWFM က ၎င်းတို့အဖွဲ့အစည်း အနေဖြင့် အလုပ်သမားများကို SSB အစီအစဉ်များအောက်တွင် ပါဝင်နိုင်ရေးအတွက် အားထုတ်ကူညီနေကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည် (အလုပ်ရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှု အဆင့်ဆင့် အခြေတကျဖြစ်စေရန် လိုအပ်နေပါသေးသည်)။ မြန်မာနိုင်ငံ အာမခံစျေးကွက် ဖြေလျှော့ရေး အခင်းအကျင်းများသည် အစပျိုးဆဲအခြေတွင်သာ ရှိနေသေးသော်လည်း ငွေကြေးတောင့်တင်းသည့် ကုမ္ပဏီများအနေဖြင့် ယခု အခါတွင် ၎င်းတို့ဝန်ထမ်းများအတွက် အာမခံများ ဝယ်ယူနိုင်ပြီဖြစ်၍ (SSB) လူမှုဖူလုံရေး အစီအစဉ်များတွင် မှတ်ပုံတင်ပြီးဖြစ်သည့် ၎င်းတို့အလုပ်သမား၏ အကျိုးခံစားခွင့်များကို ပိုမိုမြင့်တက်လာစေပါသည်။[၆၃] မိမိတို့၏ဝန်ထမ်းများနှင့် အလုပ်သမားများအတွက် ကော်ပိုရိတ်အုပ်စုအာမခံ ထားရှိပေးသော ကုမ္ပဏီများအနေဖြင့် ကုန်သွယ်ခွန် (၅) ရာခိုင်နှုန်းမှ (၂) ရာခိုင်နှုန်းကို ပြန်အမ်းငွေအဖြစ် ခံစားခွင့်ရှိပါသည်။ ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သည့် အမှုဆောင်အရာရှိချုပ်တစ်ဦးက အဆိုပါအစီအစဉ်သည် လုပ်ငန်းများအတွက် အလွန်ကောင်းမွန်သော ဆွဲဆောင်မှု (မက်လုံး) တစ်ခုဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသည်။

▶ အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) နှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

၂၀၀၅ ခုနှစ် တွင် နောက်ဆုံးပြင်ဆင်ခဲ့သည့် အလုပ်သမားလျော်ကြေးအက်ဥပဒေ (၁၉၂၃) တွင် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါခံစားရခြင်းနှင့် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိခြင်းတို့ကြောင့် အလုပ်သမားအနေဖြင့် မသန်စွမ်းဖြစ်ခြင်း (သို့) သေဆုံးခြင်းဖြစ်ခဲ့ပါက အလုပ်သမားနှင့် ၎င်းတို့၏ မှီခိုသူများအား ငွေကြေးဆိုင်ရာ အကာအကွယ် (ငွေကြေး လျော်ကြေး) ရရှိစေမည့် အခြေခံအုတ်မြစ် ပြဋ္ဌာန်းချက်များကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ငွေကြေး လျော်ကြေးသည် အလုပ်ရှင်မှ ပေးအပ်ရခြင်းဖြစ်သည့်အတွက် အလုပ်ရှင်အပေါ် သက်ရောက်စေသည့် ဥပဒေကြောင်းအရ တာဝန်ခံယူရမှု တစ်ရပ်လည်းမည်ပါသည်။ အလုပ်သမား လျော်ကြေး အက်ဥပဒေ နောက်ဆက်တွဲ (၂) တွင် လျော်ကြေးရရှိခံစားနိုင်သည့် လုပ်ငန်းခွင်ရောဂါများကို စာရင်းပြုစုတင်ပြထားပါသည်။ ဆောက်လုပ်ရေးကဏ္ဍ အလုပ်သမားများအပါအဝင် လူမှုဖူလုံရေးဥပဒေ (၂၀၁၂) အောက်တွင် အကျုံးဝင်သက်ဆိုင်ခြင်းမရှိသည့် အလုပ်သမားအားလုံးသည် အလုပ်ရှင်၏ ဥပဒေကြောင်းအရ တာဝန်ခံယူရမှုဆိုင်ရာ ဤဥပဒေပြဋ္ဌာန်းချက်များအောက်တွင် အကျုံးဝင်သက်ဆိုင်ပါသည်။ အကျိုးခံစားခွင့် အမျိုးအစားများတွင် အောက်ဖော်ပြပါတို့ ပါဝင်ပါသည်။

- ယာယီမသန်စွမ်းဖြစ်မှု – မသန်စွမ်းဖြစ်သည့်နေ့မှစတင်၍ (၁၆) ရက်မြောက်သောနေ့တွင် နောက်ဆုံးရရှိသည့် လစာ၏ (၅၀) ရာခိုင်နှုန်း။ နောက်လများတွင် နောက်ဆုံးရရှိသည့်လစာ၏ (၃၃) ရာခိုင်နှုန်း။
- အမြဲတမ်းမသန်စွမ်းဖြစ်မှု – အလုပ်သမားလစာ၏ အဆပေါင်း (၃၆) ဆမှ (၄၀) ဆနှင့်ညီမျှသည့် တစ်လုံးတစ်ခဲ တည်း ငွေကြေး ၊ (၂၀၀,၀၀၀) ကျပ်မှ (၆၀၀,၀၀၀) ကျပ်အကြား။
- သေဆုံးမှု – အလုပ်သမားလစာ၏ အဆပေါင်း (၃၆) ဆမှ (၄၀) ဆနှင့်ညီမျှသည့် တစ်လုံးတစ်ခဲတည်း ငွေကြေး ၊ (၁၅၀,၀၀၀) မှ (၄၅၀,၀၀၀) ကြား၊ သေဆုံးသူ၏ မှီခိုသူအား ပေးခြင်း။

သို့ရာတွင် သက်ဆိုင်ရာ အလုပ်သမားများအနေဖြင့် ဥပဒေကြောင်းအရ စနစ်များအရ အဆင့်ဆင့်ဆောင်ရွက်ရသည့်အတွက် ဖော်ပြပါခံစားခွင့်အစီအစဉ်များကိုလက်တွေ့ဆောင်ရွက်ရာတွင်နှေးကွေးလေးလံသည့်အပြင်နောက်ဆက်တွဲပါဝင်လာနိုင်သည့် ကိစ္စရပ်များအတွက် လုံလောက်သင့်လျော်စွာ လွှမ်းခြုံထောက်ကူနိုင်ခြင်းမရှိကြောင်း တွေ့မြင်ရပါသည်။[၆၄]

---

[၆၃] ဤသည်မှာ လုပ်ငန်းသဘောတူစာချုပ်မှ သတ်မှတ်ထားသည့် “အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ထိခိုက်နစ်နာမှုလျော်ကြေး အာမခံ” စနစ်ဖြစ်ပါသည်။ ကန်ထရိုက်တာများအနေဖြင့် အဆိုပါအာမခံစနစ်နှင့်အတူ အခြားဘေးအန္တရာယ်ဖြစ်နိုင်ချေ အာမခံများ (ဥပဒေအရ တတိယအဖွဲ့အစည်း၏ တာဝန်ခံစေမှုအပါအဝင်) ကိုလည်း မြန်မာ့အာမခံလုပ်ငန်းနှင့် အခြားပုဂ္ဂလိကဘဏ်များတွင် ဝယ်ယူရရှိနိုင်ပါသည်။ လုပ်ငန်းသဘောတူစာချုပ်အရ ကန်ထရိုက်တာများသည် ၎င်း၏အလုပ်သမား တစ်ဦးတစ်ယောက် (သို့) ၎င်းနှင့် ပတ်သက်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ထိခိုက်ဒဏ်ရာရရှိမှု၊ နာမကျန်းဖြစ်မှု၊ ရောဂါရရှိမှု (သို့) သေဆုံးမှုတို့ကြောင့် ဖြစ်ပေါ်လာသည့် နစ်နာမှု၊ ပျက်စီးဆုံးရှုံးမှုနှင့် ကုန်ကျမှု (ဥပဒေကြောင်းအရ ဝန်ဆောင်ခများနှင့် ကုန်ကျစရိတ်များအပါအဝင်) အားလုံးအတွက် အာမခံစနစ်ပါသတ်မှတ်ချက်များကို ဥပဒေကြောင်းအရ တာဝန်သက်ရောက်စေရန် ထိရောက်မှန်ကန်စွာ ထိန်းသိမ်းဆောင်ရွက်ပေးရပါမည်။

[၆၄] Vision Zero Fund မှ အလုပ်တွင်ထိခိုက်မှု အာမခံ (EII) ဆိုင်ရာ သုံးပွင့်ဆိုင် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဦးဆောင်စီစဉ်ပေးခဲ့ပြီး ၎င်းဆွေးနွေးပွဲတွင် ဖော်ပြပါ ကိစ္စရပ်များနှင့် ဖြစ်နိုင်ဖွယ်ဖြေရှင်းချက်များကို ညှိနှိုင်းတိုင်ပင်ခဲ့ကြပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (The Department of Labor)

ဖော်ပြပါ အစီအစဉ်များကို ကြီးကြပ်ညွှန်ကြားနေသည့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် အလုပ်သမားလျော်ကြေး အက်ဥပဒေ (၁၉၂၃) ကို ပြင်ဆင်ရန် ၂၀၁၈ ခုနှစ် တွင် စီစဉ်ခဲ့ပါသည်။ ဤအက်ဥပဒေတွင် ပြဋ္ဌာန်း ထားသည့် အလုပ်ရှင်ဆိုင်ရာ ဥပဒေကြောင်းရာ တာဝန်ခံယူစေမှု အစီအစဉ်များသည် လူမှုအကာအကွယ် (အနိမ့်ဆုံး စံသတ်မှတ်ချက်များ) ဆိုင်ရာ ညီလာခံ သဘောတူညီချက် (၁၉၅၂) အမှတ် (၁၀၂) အပါအဝင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့် ကိုက်ညီခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

၂.၄.၃.၂ မြန်မာနိုင်ငံဆောက်လုပ်ရေးဝန်ကြီးဌာန (MOC)

ဆောက်လုပ်ရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀) အရ “မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (၂၀၂၀)” သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၁) ရက်နေ့မှစတင်၍ အဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရည်ညွှန်းကိုးကား လိုက်နာရမည့် ဥပဒေကြောင်းအရ သတ်မှတ်လမ်းညွှန်ချက် ဖြစ်ပါသည်။ “မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (၂၀၂၀)” ၏ အပိုင်း (၇) တွင် ဆောက်လုပ်ရေးလုပ်ငန်း ဆိုင်ရာ အလေ့အထများ၊ လုပ်ငန်းခွင်ဘေး အန္တရာယ်ကင်းရှင်းရေးနှင့် အဆောက်အအုံထိန်းသိမ်းရေး စသည့် OSH စီမံခန့်ခွဲမှုနှင့် သက်ဆိုင်သည့် သတ်မှတ်လမ်းညွှန်ချက်များကို လွှမ်းခြုံဖော်ပြထားပါသည်။ ဤ စံချိန်စံညွှန်းလမ်းညွှန်ချက် အပိုင်း (၇) တွင် အောက်ပါ လုပ်ငန်းများနှင့်သက်ဆိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ် ကင်းရှင်းစွာ လုပ်ကိုင် ဆောင်ရွက် နိုင်ရေးအတွက် နည်းပညာရပ်ဆိုင်ရာ အသေးစိတ်လမ်းညွှန်ချက်များ၊ အစီအမံများ ပါဝင်ပါသည်။ ၁) အရာဝတ္ထုများ သိုလှောင်သိမ်းဆည်း၊ ထိန်းသိမ်းကိုင်တွယ်ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ၊ ၂) အဆောက်အအုံ အစိတ်အပိုင်းများ ဆောက်လုပ်ရာတွင် လိုက်နာရမည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များ၊ ၃) အဆောက်အအုံများ ထိန်းသိမ်း၊ စီမံ၊ ပြုပြင်၊ တိုးချဲ့တပ်ဆင်၊ အားဖြည့်ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များ၊ ၄) အဆောက်အအုံများ ဖြိုဖျက်ရာတွင် လိုက်နာရမည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လမ်းညွှန်ချက်များစသည်တို့ပါဝင်ပါသည်။ ထို့အပြင် အဆောက်အအုံများရှိ ဘေးအန္တရာယ်ရှိသော ချို့ယွင်းချက်များ စစ်ဆေးပြင်ဆင်ရာတွင် လိုက်နာရမည့် လမ်းညွှန်ချက်များနှင့် အဆောက်အအုံများဆောက်လုပ်ရန်အတွက် တူးဖော်ရာတွင် ကြုံတွေ့ရလေ့ရှိသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် အထွေထွေသတ်မှတ်ချက်များကိုလည်း ဤစံချိန်စံညွှန်း လမ်းညွှန်ချက် အပိုင်း (၇) တွင် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းခြုံဖော်ပြ ထားပါသည်။ သို့ရာတွင် အဆိုပါလမ်းညွှန်ချက်များကို ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုမှ ဖောက်ဖျက်ကျူးလွန်ခဲ့လျှင် ချမှတ်မည့် ပြစ်ဒဏ် (အမျိုးအစား/ပမာဏ) (သို့) ဒဏ်ကြေး စသည့်တို့နှင့်ပတ်သက်သည့် သတ်မှတ်ပြဋ္ဌာန်းထားချက်များ ပါဝင်ခြင်း မရှိပါ။ ထို့အပြင် ဤစံချိန်စံညွှန်းလမ်းညွှန်ချက် အပိုင်း (၇) ပါ လမ်းညွှန်သတ်မှတ်ချက်များကို အခြေခံ၍ နိုင်ငံတစ်ဝန်းလုံးရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်အားလုံးနှင့် သင့်လျော်သည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်စည်းကြပ်ဆောင်ရွက်မှု အစီအမံများ နှင့်ပတ်သက်၍ ယခုလေ့လာသုံးသပ်မှုအစီရင်ခံစာ ပြုစုနေချိန်အထိ ရှင်းလင်းပြတ်သားမှု မရှိသေးကြောင်း တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊အဆောက်အဦးဦးစီးဌာနမှ “ဆောက်လုပ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဥပဒေ” (The Construction Industry Development Law) ကို မူကြမ်းရေးဆွဲလျက်ရှိပါသည်။ အဆိုပါဥပဒေကို အတည်ပြုထုတ်ပြန်ပြီးပါက “မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (၂၀၂၀)” တွင် ပါဝင်သည့် လမ်းညွှန်သတ်မှတ်ချက်များသည် ဥပဒေ ကြောင်းအရ မဖြစ်မနေလိုက်နာရမည့် ပြဋ္ဌာန်းချက်များ ဖြစ်လာပါလိမ့်မည်။

၂.၄.၃.၃ မြန်မာနိုင်ငံကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန (MOHS)

မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ လုပ်ငန်းခွင်နှင့် ကျန်းမာရေးဌာနခွဲ (OEHD) သည် လုပ်ငန်း ခွင်ဆိုင်ရာ ရောဂါများ၊ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာ ရရှိမှုများ၊ ကျန်းမာရေးဆိုင်ရာ ပြဿနာများအား တားဆီးကာကွယ်ရန် နှင့် လုပ်ငန်းကဏ္ဍ အသီးသီးရှိ အလုပ်သမားတို့၏ ကျန်းမာရေးကိုမြှင့်တင်ပေးရန်တို့ကို အဓိကတာဝန်ယူ ဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ လုပ်ငန်းခွင်နှင့် ကျန်းမာရေးဌာနခွဲ (OEHD) ၏ ရည်မှန်းချက် များမှာ

(၁) လုပ်ငန်းခွင် ကျန်းမာရေး မြှင့်တင်ပေးရန်

(၂) လုပ်ငန်းခွင်ဘေးအန္တရာယ်များအား တားဆီးကာကွယ်ပေးရန်

(၃) လုပ်ငန်းခွင် စွန့်ပစ်ပစ္စည်းများ၊ လုပ်ငန်းခွင်အခြေအနေတို့ကြောင့် ပေါ်ပေါက်စေသည့် အဆိပ်သင့်မှုအပေါ် အကဲဖြတ်ဆန်းစစ်ရန်

(၄) ရေထုနှင့် မြေထု ညစ်ညမ်းမှုတို့ကြောင့် ပေါ်ပေါက်လာရသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးပြဿနာတို့ကို အကဲဖြတ်ဆန်းစစ်ရန် တို့ဖြစ်ကြပါသည်။[၆၅]

လုပ်ငန်းခွင်နှင့် ကျန်းမာရေးဌာနခွဲ (OEHD) သည် အစိုးရဆေးရုံ၊ ဆေးခန်းများမှ တင်ပြသည့် လုပ်ငန်းခွင်ထိခိုက် ဒဏ်ရာရရှိမှု နှင့် သေဆုံးမှုဆိုင်ရာ အချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။လုပ်ငန်းခွင်နှင့်ကျန်းမာရေးဌာနခွဲ(OEHD)သည်စိုက်ပျိုးရေးလုပ်ငန်းကဲ့သို့သော လုပ်ငန်းကဏ္ဍများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်များကို အလေးပေးဆောင်ရွက် လျက်ရှိသည့်အပြင် နယ်မြေဒေသဆိုင်ရာ သတင်းအချက်အလက် စနစ် (Demographic Information System) မှတစ်ဆင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တင်ပြသည့် အချက်အလက်များကို လည်း စောင့်ကြည့်စစ်ဆေးလျက် ရှိပါသည်။ မြန်မာနိုင်ငံ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန (MOHS) သည် သမားရိုးကျနှင့် သမားရိုးကျမဟုတ်သည့် လုပ်ငန်းကဏ္ဍနှစ်ရပ်လုံးရှိ အလုပ်သမားများအပေါ် သက်ရောက်စေနိုင်သည့် ဘေးအန္တရာယ်ရှိသော အရာဝတ္ထုများကို ဖြေရှင်းဆောင်ရွက်ခြင်းကို အဓိကဦးစားပေးလုပ်ငန်းတာဝန်အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ သွားရောက် လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်များ၊ အလတ်များနှင့် အကြီးအချို့တွင် အန္တရာယ်ဖြစ်စေသော အရာ ဝတ္ထုများကို သင့်လျော်မှန်ကန်စွာ သိလှောင်ထိန်းသိမ်း၊ တံဆိပ်ကပ်၍ တစ်နေ့တာ အလုပ်ပြီးစီးချိန်တွင် သော့ခတ်သိမ်းဆည်း သည့် အလေ့အထများ တွေ့မြင်ခဲ့ရခြင်းမရှိသည့် အခြေအနေများသည် လွန်စွာ စိုးရိမ်ဖွယ်ရှိသော အနေအထားများဖြစ်သည်။

ထို့ပြင် လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ (OEHD) သည် စက်ရုံများ၊ အလုပ်ရုံများ၊ အလုပ်ဌာနများတွင် လိုက်နာ ကျင့်သုံးရမည့် ကိုဗစ် (၁၉) ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များ (၂၀၂၀ အောက် တိုဘာ ၉၊ ဖြည့်စွက် ပြင်ဆင်သည့် မူအမှတ် (၅) ကို သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း တိုင်ပင်ဆွေးနွေးရာတွင် ရှင်းလင်းပြောပြခဲ့ပါသည်။ အဆိုပါ သတ်မှတ်ထုတ်ပြန် ချက်များသည် ဆောက်လုပ်ရေး လုပ်ငန်းခွင်များနှင့်လည်း သက်ဆိုင်အကျုံးဝင်သည့်အတွက် ကိုဗစ် (၁၉) ကာလ ခရီးသွားလာမှု ကန့်သတ်ပိတ်ပင်သည့် စီမံချက်များ ဖြေလျော့သည့် ၂၀၂၀ ခုနှစ် အောက်တိုဘာမှစတင်၍ မိမိတို့လုပ်ငန်းများကို ပြန်လည် အစပြုလိုသည့်ရန်ကုန်ရှိဆောက်လုပ်ရေးကုမ္ပဏီများက ကျန်းမာရေးဝန်ကြီးဌာနမှသတ်မှတ်ထုတ်ပြန်ထားသည့်လမ်းညွှန်ချက် များနှင့်အညီ လိုက်နာကျင့်သုံးခဲ့ကြပါသည်။ အဆိုပါလမ်းညွှန်ချက်များတွင် ခန္ဓာကိုယ်အပူချိန်စစ်ဆေးခြင်း၊ လက်များကို စင်ကြယ်စွာဆေးကြောသည့် လုပ်ထုံးလုပ်နည်းများ၊ နှာခေါင်းစည်း (Mask) အပါအဝင် တစ်ကိုယ်ရည်သုံး အကာအကွယ် ပစ္စည်းများ၊ လူအများ မကြာခဏထိတွေ့သည့်နေရာများကို ပိုးသတ်ဆေးဖျန်းခြင်း၊ ဝန်ထမ်းကြိုပို့ နေရာများတွင် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများ စသည့် စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနများတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း စည်းကမ်း၊ သတ်မှတ်ချက်များ ပါဝင်ပါသည်။

---

[၆၅] “လုပ်ငန်းခွင်နှင့် ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ”. http://doph.gov.mm/Main/content/post/occupation-and-environmnetal-health

၂.၄.၃.၄ မြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC)

MONREC ၏ စီစဉ်ညွှန်ကြားမှုနှင့် အညီ သတ်မှတ်ပြုစုထားသည့် “ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)” တွင် ရှင်းလင်းပြည့်စုံသည့် OSH ဆိုင်ရာကိစ္စရပ်များ ၊ စီမံခန့်ခွဲမှုစနစ်များ အပါအဝင် စီမံကိန်းအမျိုးအစားအလိုက် ဆိုးကျိုးသက်ရောက်မှုများကို သတ်မှတ်ဖွင့်ဆိုထားပါသည်။[၆၆]ထို့အပြင် “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)” အောက်တွင် အကျုံးဝင်သက်ဆိုင်သည့် စီမံကိန်းများအား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်အကဲဖြတ်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အတည်ပြုလက်ခံခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ချက်များကို ဤ “ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)” တွင် ပြဋ္ဌာန်းထားပါသည်။ OSH ဆိုင်ရာ ကိစ္စရပ်များနှင့်အတူ အခြားဆိုးကျိုးသက်ရောက်နိုင်ခြေ အမျိုးအစားများ ပါဝင်သည့် “ပတ်ဝန်းကျင်နှင့် လူမှုရေးအရ ထိခိုက်မှုဆန်းစစ်ချက်”[၆၇] (ESIA) အပါအဝင် စီမံကိန်းစိစစ်ရေး သတ်မှတ်ချက်များ၊ လိုအပ်ချက်များကို MONREC က သတ်မှတ်စီစဉ်ထားပါသည်။

မြန်မာနိုင်ငံအမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (၂၀၁၅ ဒီဇင်ဘာ ၂၉) ကို ထုတ်ပြန်၍ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု ကြိုတင်ကာကွယ်ရန်၊ ထိုမှတစ်ဆင့် လူသားများ၏ ကျန်းမာရေး နှင့် ဂေဟဖြစ်စဉ် အားကောင်းရှင်သန်ရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ရင်းမြစ်မျိုးစုံမှ ပေါ်ထွက် လာသည့် (အလင်း၊ အပူ၊ ဓာတ်ငွေ့ စသည်တို့) လေထုအတွင်း ထုတ်လွှတ်မှု၊ ဆူညံသံ၊ တုန်ခါမှု၊ ရေဆိုးစွန့်ထုတ်မှု စသည်တို့ကို ကြပ်မတ်ထိန်းချုပ်နိုင်မည့် စံချိန်စံညွှန်း သတ်မှတ်ချက်မူဘောင်ကိုပြဋ္ဌာန်းခဲ့ပါသည်။ဤလမ်းညွှန်ချက်များသည်ဖွံ့ဖြိုးဆဲနိုင်ငံများအတွက်ရည်ရွယ်သတ်မှတ်ထားသည့် လုပ်ငန်းခွင်ညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာ အလေ့အထကောင်းများ၊ နည်းပညာလမ်းညွှန်ချက်များ ပါဝင်သည့် ကမ္ဘာ့ဘဏ် ၏ “ပတ်ဝန်းကျင် အားကောင်းရှင်သန်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းညွှန်ချက်များ (၂၀၀၇) အပေါ် အဓိကအခြေပြု ထားပါသည်။ အခြားသက်ဆိုင်သည့်ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများတွင် မြန်မာနိုင်ငံ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနည်းဥပဒေများ (၂၀၁၄) ၊ မြန်မာနိုင်ငံအမျိုးသားအဆင့် ရေ (အရင်းအမြစ်) မူဝါဒ (၂၀၁၅) နှင့် ရေအရင်းအမြစ်များ ထိန်းသိမ်းရေးနှင့် မြစ်ချောင်း ဥပဒေ (၂၀၀၆)[၆၈] စသည်တို့ ဖြစ်ကြပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂) အခန်း (၇) တွင် MONREC သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီ၏လမ်းညွှန်မှုဖြင့် စွန့်ပစ်ပစ္စည်းဆိုင်ရာလုပ်ငန်းများ၊ အညစ်အကြေးစွန့်ပစ်ရေးနှင့် သန့်စင်ရေးဆိုင်ရာလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးနှင့် တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ အပါအဝင် စက်မှုလုပ်ငန်းများတွင် စွန့်ပစ်ပစ္စည်း၊ ဘေးအန္တရာယ်ရှိသည့် ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊သိုလှောင်ခြင်း၊အသုံးပြုခြင်း၊သန့်စင်ခြင်းနှင့်စွန့်ပစ်ခြင်းစသည့်လုပ်ငန်းကိစ္စရပ်များကိုမိမိတို့ဝန်ကြီးဌာန ကိုယ်တိုင်ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အတွက် ဘက်စုံစောင့်ကြည့်စစ်ဆေးရေးစနစ်တစ်ရပ်ထားရှိ၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဟု ဖော်ပြပါရှိပါသည်။[၆၉]

---

[၆၆] MCRB (၂၀၁၆)၊ “ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများ” https://www.myanmar-responsiblebusiness.org/resources/environmental-impact-assessment-procedures.html

[၆၇] IFC (၂၀၁၉) “မြန်မာနိုင်ငံရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးအရထိခိုက်မှု ဆန်းစစ်ခြင်း လမ်းညွှန်ချက်များ” ဝါရှင်တန်ဒီစီ

[၆၈] တူညီသောခွိုင်ဖြမ်းချက်

[၆၉] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)”. https://www.dica.gov.mm/en/roles-and-responsibilities

▶ ကောက်နှုတ်ချက် (၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေတွင်သတ်မှတ်ထားသည့် "ဘေးအန္တရာယ်ရှိသောပစ္စည်း" အဓိပ္ပာယ်ဖွင့်ဆိုချက်

ဘေးအန္တရာယ်ရှိသောပစ္စည်းဆိုသည်မှာ ဓာတုပစ္စည်း ဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ၊ လူ၊ တိရိစ္ဆာန်၊ သစ်ပင်၊ ပစ္စည်း (သို့) ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေနိုင်သည့် ပေါက်ကွဲစေတတ်သောပစ္စည်း၊ ဇီဝလက်နက်အဖြစ် ဖန်တီး အသုံးပြုနိုင်သောပစ္စည်း၊ ရှူကလီးယားလက်နက်အဖြစ် အသုံးပြုနိုင်သောပစ္စည်း၊ မီးလောင်စေတတ်သောပစ္စည်း၊ အောက်ဆီဂျင်ဖြင့် ဓာတ်ပြုစေတတ်သောပစ္စည်း၊ အဆိပ်အတောက်ဖြစ်စေတတ်သောပစ္စည်း၊ ရောဂါဖြစ်ပွားစေတတ် သောပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း၊ မျိုးရိုးဗီဇပြောင်းလဲစေတတ်သောပစ္စည်း၊ ယားယံရောင်ရမ်းစေခြင်း အပါအဝင် ကျန်းမာရေးကို ထိခိုက်စေတတ်သောပစ္စည်း (သို့) အရာဝတ္ထုကို ဆိုလိုပါသည်။

မူရင်း – ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၏ သတ်မှတ်ပြဋ္ဌာန်း ထားချက်များအရ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပြုလုပ်မည့် ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်သည့် ESIA တစ်ရပ်ကို တင်သွင်းရန်လိုအပ်ပါသည်။ ESIA များကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်ဖြစ်ပါသည်။ ESIA တွင် သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထု အပေါ် သက်ရောက်နိုင်သည့် ဘေးအန္တရာယ်အမျိုးအစားများ၊ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ ပါဝင်သည့်အတွက် ESIA သည် OSH စနစ်နှင့် တိုက်ရိုက်ချိတ်ဆက် ပတ်သက်နေသည်ဟု ဆွေးနွေးမေးမြန်းရာတွင် ပါဝင်ခဲ့သည့် နိုင်ငံခြား ကုမ္ပဏီများက ထုတ်ဖော်ပြောကြားကြပါသည်။ကုမ္ပဏီများအနေဖြင့် ESIAကိုအသုံးပြု၍ (အချို့သော ကုမ္ပဏီများအတွက် OSH စနစ်အပါအဝင်) မိမိတို့ကုမ္ပဏီ၏ လုပ်ငန်းနယ်ပယ်နှင့် သင့်လျော်ကိုက်ညီ သည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး မဟာဗျူဟာများ သတ်မှတ်ပြုစုနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် ESIA ကိုအခြေပြု၍ OSH မဟာ ဗျူဟာများ သတ်မှတ်ပြုစုမည့် ကုမ္ပဏီများအတွက် ESIA အရည်အသွေးသည် အဓိကအရေးပါသော အချက်တစ်ရပ် ဖြစ် ပါသည်။ ESIA အတည်ပြုချက် ရယူရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ ဦးဆုံး တင်သွင်းသည့်အချိန်မှ အပြီးသတ် ခွင့်ပြုချက် ရသည့်အချိန် အထိ(၁) နှစ်ကျော်ခန့် ကြာမြင့်နိုင်ကြောင်း သက်ဆိုင်ရာ သတင်းရင်းမြစ်များအရ သိရှိရပါသည်။

ESIA ဆိုင်ရာလုပ်ငန်းများကို ESIA အကြံပေးလုပ်ကိုင်သူများ မှတ်ပုံတင်ခြင်းဆိုင်ရာ အစီအစဉ်"အရ MONREC မှ အတည်ပြု ထောက်ခံထားသည့် ESIA အကြံပေးအဖွဲ့များကသာ တာဝန်ယူ ဆောင်ရွက်နိုင်ပါသည်။ မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ အဆိုပါ အကြံပေးအဖွဲ့အစည်း အနေဖြင့် သဘာဝပတ်ဝန်းကျင် ကနဦးဆန်းစစ်ချက်၊ ESIA၊ သဘာဝပတ်ဝန်းကျင် စီမံထိန်းသိမ်းရေးနှင့် စောင့်ကြည့်စစ်ဆေးရေး အစီအစဉ်ဆိုင်ရာ အစီရင်ခံစာကို မြန်မာနိုင်ငံရှိ စီမံကိန်းဖော်ဆောင်သူကိုယ်စား စတင်ပြင်ဆင် ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

ESIA ဆိုင်ရာ အကြံပေးကုမ္ပဏီများသည် မြန်မာကုမ္ပဏီများ (ဥပမာအားဖြင့် E-Guard) ဖြစ်နိုင်သကဲ့သို့ နိုင်ငံတကာ ကုမ္ပဏီ များလည်း (ဥပမာ – Artelia ၊ Nippon Koei ၊ SAFEGE) ဖြစ်နိုင်ကြပါသည်။ အဆိုပါ ESIA အကြံပေးကုမ္ပဏီများ အလေး အနက်ထား မီးမောင်းထိုးပြလေ့ရှိသည့် အဓိကစိန်ခေါ်မှု အခက်အခဲမှာ ၎င်းတို့တင်သွင်းသည့် ESIA အစီရင်ခံစာများနှင့် ပတ်သက်သည့် မှတ်ချက် (သို့) အတည်ပြုသဘောတူညီချက် ရရှိသည်အထိ စောင့်ဆိုင်းရသည့် အချိန်ကာလအတိုင်းအတာပင် ဖြစ်ပါသည်။ ESIA အတည်ပြုချက်ရယူရာတွင် (၁) နှစ်ကျော်ခန့် ကြာမြင့်နိုင်သည့် အခြေအနေများက ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားတစ်ရပ် ဖြစ်စေကြောင်း အဆိုပါ ESIA အကြံပေးကုမ္ပဏီများ၏ ပြောကြားချက်အရ သိရှိရပါသည်။

မှတ်ပုံတင်ထားသည့် မြန်မာပိုင်နှင့် နိုင်ငံခြား (ESIA) ဆိုင်ရာ အကြံပေးကုမ္ပဏီများ၏ အတည်ပြုပြောကြား ချက်အရ ESIA လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်များကို ဦးတည်အလေးပေးရုံသာမက "ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၅)" သတ်မှတ်ချက်များနှင့်အညီ အလုပ်သမားများနှင့် ဒေသခံလူထု၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အပေါ် စီမံကိန်းမှ သက်ရောက်နိုင်သည့် အချက်များကိုပါ အလေးအနက် ထည့်သွင်းစဉ်းစားကြောင်း သိရှိရပါသည်။အလုပ်သမားများနှင့် ဒေသခံလူထုအပေါ်(စီမံကိန်းမှ)သက်ရောက်နိုင်သည့်အကဲဖြတ် ဆန်းစစ်ချက်သည် ပုံမှန်အားဖြင့် "ကျန်းမာရေး ထိခိုက်မှုဆန်းစစ်ချက်" (HIA) တွင် ပါဝင်လေ့ရှိကြောင်း အဆိုပါ ESIA ဆိုင်ရာ

အကြံပေး ကုမ္ပဏီများက ရှင်းလင်းပြောကြားခဲ့ကြပါသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များအရ "ကျန်းမာရေးထိခိုက်မှု ဆန်းစစ်ချက်" (HIA) ဆိုသည်မှာ စီးပွားရေးလုပ်ငန်းကဏ္ဍအမျိုးမျိုးရှိ စီမံကိန်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ လုပ်ဆောင်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများကို အရည်အသွေးနှင့် အရေအတွက်ဆိုင်ရာ သုတေသနနည်းလမ်း၊ ပူးပေါင်းဆောင်ရွက်မှုသုတေသန နည်းလမ်းများဖြင့် စနစ်တကျ အကဲဖြတ် ဆန်းစစ်ထားခြင်းဖြစ်ပါသည်။ "ကျန်းမာရေးထိခိုက်မှုဆန်းစစ်ချက်" (HIA) ပြုလုပ်ခြင်းဖြင့် စီမံကိန်းမှ သက်ရောက်နိုင်သည့် ရောဂါများ/ထိခိုက်ဒဏ်ရာရရှိမှုများကို ကြိုတင်ကာကွယ်၍ ကျန်းမာရေးမြှင့်တင်မှုများကို တက်ကြွစွာ ဆောင်ရွက်နိုင်မည့် ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပံ့ပိုးကူညီနိုင်ရန် အဓိက ရည်ရွယ်ပါသည်။[၇၀]

သို့ရာတွင် ဆွေးနွေးမေးမြန်းမှုများနှင့် ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည် သုံးသပ်စစ်ဆေးမှုများအရ HIA ဆိုင်ရာ လုပ်ငန်းစဉ်များကို စနစ်တကျ အကောင်အထည်ဖော်ခြင်း ရှိ/မရှိကို မှတ်ပုံတင်ထားသည့် ESIA ဆိုင်ရာ အကြံပေး ကုမ္ပဏီများအနေဖြင့် HIA လုပ်ငန်းစဉ်များလုပ်ဆောင်ရာ တွင် (သို့) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ESIA ဆိုင်ရာအကြံပေး ကုမ္ပဏီများထံမှ HIA ဆိုင်ရာအစီရင်ခံစာ တောင်းခံရာတွင် လိုက်နာရမည့် သတ်မှတ်ချက်များ စသည်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြတ်သားခြင်း မရှိလှသည်ကို တွေ့မြင်ရပါသည်။ ထို့ကြောင့် OSH စနစ်များ၊ အလေ့အထများ တိုးတက်ဖွံ့ဖြိုးလာရေး၏ မောင်းနှင်အားတစ်ရပ်အဖြစ် HIA လုပ်ငန်းစဉ်များ၏ ရှေ့အလားအလာကို စနစ်တကျ လေ့လာ သုတေသနပြုမှုများ ထပ်မံပြုလုပ်သင့်ပါသည်။

၂.၄.၃.၅ အခြားဥပဒေကြောင်းရာ ပြဋ္ဌာန်းချက်များ

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ

မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေ ကို ၂၀၁၆ ခုနှစ် အောက်တိုဘာတွင် အတည်ပြုခဲ့ပြီး (၂၀၁၇) ဧပြီ (၁) တွင်စတင် ဥပဒေအာဏာတည်စေခဲ့ပါသည်။[၇၁] မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုချက်ရယူရေး လုပ်ငန်းစဉ်အမျိုးအစား (၂) ရပ်ဖြစ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် တို့ကို သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ ရင်းနှီးမြှုပ်နှံမှု အဆိုပြုချက် MIC ထံ တင်သွင်းရာတွင် တင်ပြရမည့် စာရွက်စာတမ်းစာရင်းသည် MIC ဌာနခွဲများအလိုက် ကွဲပြားမှုရှိသော်လည်း အများအားဖြင့် အလုပ်သမားများအတွက် လူမှုဖူလုံရေးအစီအစဉ်နှင့် ကော်ပိုရိတ်၏လူမှုရေးတာဝန်ယူမှုဆိုင်ရာ အစီအစဉ်တို့ပါဝင်ရန် လိုအပ်ပါသည်။[၇၂]

ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် ရယူရေးအတွက် ရင်းနှီးမြှုပ်နှံသူမှ MIC ထံတင်ပြရသည့် စာရွက်စာတမ်းစာရင်းတွင် အဆိုပါရင်းနှီးမြှုပ်နှံသူအနေဖြင့် ၎င်းတို့၏အလုပ်သမားအပေါ် ကာကွယ်စောင့်ရှောက်ရန်၊ နစ်နာကြေးပေးရန် သတ်မှတ်ချက်များပါဝင်သော်လည်း ကန်ထရိုက်တာများနှင့် ပတ်သက်၍ ဖော်ပြထားခြင်း မရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ ထို့အပြင် ရင်းနှီးမြှုပ်နှံသူများမှ MIC ထံတင်သွင်းရမည့် စာရွက်စာတမ်း စာရင်းတွင် လုပ်ငန်းခွင်ဘေးအန္တရယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအစီအစဉ်နှင့် ပတ်သက်၍လည်း ရှင်းလင်းပြည့်စုံစွာ ဖော်ပြထားခြင်းမရှိကြောင်း တွေ့မြင်ရပါသည်။ စီမံကိန်းဖော်ဆောင်သူသည် ရင်းနှီးမြှုပ်နှံသူ၊ စီမံကိန်းဒီဇိုင်းပုံစံ ရေးဆွဲသူ၊ အင်ဂျင်နီယာနှင့် ကန်ထရိုက်တာ ဖြစ်နေသည့်အခါ OSH ဆိုင်ရာ အကာအကွယ်စနစ်နှင့် တာဝန်ခံယူမှုတို့ အားကောင်းစွာ ဖြစ်တည်လာနိုင်ဖွယ်မရှိပါ။

MIC သတ်မှတ်ပြဋ္ဌာန်းချက်များ၏အကျိုးဆက်ကြောင့် OSHစနစ်နှင့်အလေ့အထများတိုးတက်ဖွံ့ဖြိုးရေးကိုတွန်းအားပေးနိုင်မည့် အခွင့်အလမ်းများကို ပေါ်ပေါက်လာစေပါသည်။ ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီများ၏ OSH ဆိုင်ရာ စွမ်းဆောင်ရည်သတ်မှတ်ချက်များနှင့် ပတ်သက်သည့် FGLLID ၏ သုံးသပ်ချက်များ၊ တုန့်ပြန်ချက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန (DICA) မှ တောင်းခံလာနိုင်ဖွယ် ရှိနေပါသည်။ စီမံကိန်းဖော်ဆောင်သူများနှင့် စီမံကိန်းရင်းနှီးမြှုပ်နှံသူများအနေဖြင့်

---

[၇၀] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ၊ "ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း"၊ မတ်လ https://www.dica.gov.mm/en/environmental-regulation

[၇၁] Koty, A.C. (၂၀၁၆) "မြန်မာနိုင်ငံနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ခွဲခြမ်းစိတ်ဖြာ ၊ လေ့လာခြင်း". ASEAN Briefing, ၄ နိုဝင်ဘာ.

[၇၂] ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ၊ "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်" (စစ်တမ်းအစီရင်ခံစာ ၂၀၁၈ ဇူလိုင်)

OSH အစီအစဉ်ကို ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အတည်ပြုလျောက်ထားလွှာ၏ အစိတ်အပိုင်း တစ်ရပ်အဖြစ်တင်ပြရန် DICA မှ သတ်မှတ်ပြဋ္ဌာန်းလာနိုင်ပါသည်။ အဆိုပါ OSH စီမံခန့်ခွဲမှုအစီအစဉ်များကို FGLLID မှ အတည်ပြု ထောက်ခံပေးနိုင်ပါသည်။ စီမံကိန်း ရင်းနှီးမြှုပ်နှံသူများ၏ လုပ်ငန်းဆိုင်ရာ စွမ်းဆောင်မှုများသည် အတည်ပြုမိန့်တွင်ပါဝင်သည့် အစီအစဉ်များနှင့် ကိုက်ညီမှုမရှိလျှင် ၎င်းတို့အနေဖြင့် အဆိုပါ ကွာဟချက်/ကွဲလွဲချက်များအတွက် ဖြေရှင်းဆောင်ရွက်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ တောင်းဆိုနိုင်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ လုပ်ငန်းခွင်လည်ပတ်ဆောင်ရွက်မှုများကို သွားရောက်စစ်ဆေးသည့် DICA စစ်ဆေးရေးမှူးများ၏ တွေ့ရှိချက်များကိုမူတည်၍ ဒဏ်ငွေနှင့် အခြားပြစ်ဒဏ်များ ကျခံရလာနိုင်ဖွယ်ရှိသည့်အတွက် FGLLID နှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်လာပါလိမ့်မည်။

FDI ပြုလုပ်သူများအနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များအပြင် အခြားဥပဒေများနှင့် အစိုးရဌာနများမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေများနှင့် အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။ ဆောက်လုပ်ရေးကဏ္ဍရှိ FDI များနှင့် အဓိကသက်ဆိုင်သည့် အဓိကစည်းမျဉ်းစည်းကမ်း၊ ဥပဒေများမှာ "နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းဥပဒေ (၁၉၈၉) နှင့် အထူးစီးပွားရေးဇုန်ဥပဒေ တို့ဖြစ်ပါသည်။ အထူးစီးပွားရေးဇုန် (၃) ခုသည် သီးခြားဥပဒေပြဋ္ဌာန်းချက်များနှင့် အစိုးရဌာန အတည်ပြုလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပါသည်။ အခြားစက်မှုဇုန်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတွင် စက်မှုလုပ်ငန်းများလုပ်ဆောင်ရမည့် တည်နေရာတို့နှင့် ပတ်သက်၍ အတိအကျ သတ်မှတ်ဖော်ပြထားသော်လည်း OSH စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်များ (သို့) အားပေးတိုက်တွန်းမှု၊ ဆွဲဆောင်မှုများကို (မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များထက်ကျော်လွန်၍) ဖော်ပြထားခြင်း မရှိသေးပါ။

မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် နိုင်ငံခြားကုမ္ပဏီများနှင့် သက်ဆိုင်အကျုံးဝင်သည့် ဥပဒေမူဘောင်များ

နိုင်ငံခြားပိုင်ကုမ္ပဏီများနှင့် ဆွေးနွေးမေးမြန်းမှုများအရ ၎င်းတို့ကုမ္ပဏီများတွင် လိုက်နာကျင့်သုံးနေသည့် OSH စီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်း၊ အလေ့အထများသည် အဆိုပါကုမ္ပဏီ၏ မူလနိုင်ငံရှိ အမျိုးသားဥပဒေအပေါ် အခြေပြုသည့် စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် အညီဖြစ်ကြောင်း သိရှိရပါသည်။ ထို့အပြင် နိုင်ငံခြားကုမ္ပဏီများ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသည့် နိုင်ငံ၏ မိမိတို့လုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်မှုအရှိဆုံး ဥပဒေပြဋ္ဌာန်းချက်များအပေါ် အခြေပြု၍လည်း OSH စီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်း၊ အလေ့အထများကို သတ်မှတ်ရေးဆွဲနိုင်ဖွယ် ရှိပါသည်။ အချို့သော နိုင်ငံခြားကုမ္ပဏီများ (ဥပမာအားဖြင့် ပြင်သစ်ကုမ္ပဏီ) သည် ၎င်းတို့လုပ်ငန်းခွင် OSH စီမံခန့်ခွဲမှုစနစ်၊ အလေ့အထများကို ပြင်သစ်နိုင်ငံ၏ (မြန်မာနိုင်ငံ နည်းဥပဒေများမဟုတ်ပါ) စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ကြကြောင်း ဆွေးနွေးမေးမြန်းရာတွင် ပါဝင်သူများက ဖြေကြားခဲ့ကြပါသည်။ သဘောတရားအရမူ ဤသို့ဆောင်ရွက်ချက်များသည် OSH ဆိုင်ရာ စည်းမျဉ်းစည်းကမ်း၊ စံချိန်စံညွှန်းများ ပိုမိုတင်းကြပ်သည့်နိုင်ငံများမှ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ကိုင်နေသည့် လုပ်ငန်းများအတွက် ဆွဲဆောင်မှုမက်လုံးများ ဆောင်ကြဉ်းလာနိုင်ဖွယ်ရှိပါသည်။ လက်တွေ့ အခြေအနေတွင်မူ အလုပ်သမားများနှင့် ဆွေးနွေးမေးမြန်းမှုများ၊ ယခုအချိန်အထိ စုဆောင်းရရှိသည့် သက်သေအထောက် အထားများကို အခြေပြုပါက အဆိုပါဆောင်ရွက်ချက်များသည် အလုပ်သမားများအတွက် အပြောင်းအလဲများ၊ အပြုသဘောဆောင်သည့် ခြားနားမှုများ ဆောင်ကြဉ်းလာနိုင်ဖွယ်ရှိသော်လည်း ပိုမိုတိကျသော အထောက်အထားများကို တင်ပြဆွေးနွေးနိုင်ရန် သုတေသနလေ့လာမှုများပြုလုပ်ရန် လိုအပ်နေပါသေးသည်။

လက်ရှိကာလအကျပ်အတည်းများ ပြေလည်သည်နှင့်တစ်ပြိုင်နက် ဥရောပနှင့် အမေရိကန် ကုမ္ပဏီများမှ ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်တာများ လိုက်နာဆောင်ရွက်ရမည့် OSH ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ နှင့် အလေ့အထများ သတ်မှတ်ပြဋ္ဌာန်းပေးခြင်း၊ ၎င်းတို့၏ တစ်ဆင့်ခံကန်ထရိုက်တာများ ထိုသို့လိုက်နာဆောင်ရွက်ခြင်းမှတစ်ဆင့် မူလကုမ္ပဏီများ အနေဖြင့်လည်း လုပ်ငန်းဆိုင်ရာကုန်ကျစရိတ်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကျရောက်နိုင်ခြေ လျော့ပါးသက်သာခြင်း ဟူသည့် အကျိုးကျေးဇူးများ ရရှိခံစားနိုင်ခြင်း စသည့်အခြေအနေများကြောင့် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ OSH စီမံခန့်ခွဲမှုစနစ်များ၊ အလေ့အထများ တိုးတက်ပြောင်းလဲလာရေးအတွက် အဆိုပါ (ဥရောပနှင့် အမေရိက ကုမ္ပဏီများသည်) (အရေးပါသည့်) တွန်းအား တစ်ရပ် ဖြစ်လာနိုင်ပါသည်။ အဆိုပါကုမ္ပဏီများသည် အများအားဖြင့် မြန်မာနိုင်ငံအခြေစိုက် စက်မှုလုပ်ငန်းရှင်နှင့် ကုန်သည်ကြီးများ အသင်း (ဥပမာအားဖြင့် EuroCham) အောက်တွင် ရှိနေကြပြီး OSH နှင့် ၄င်း၏ကွန်ယက်များ တိုးတက်ဖွံ့ဖြိုးရေးနှင့် အားပေးမြှင့်တင်ပေးရေး လုပ်ငန်းစဉ်များတွင် လုပ်ငန်းကွင်းဆက် အဓိကစမှတ်များ (Entry Point) အဖြစ် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အချို့သောနိုင်ငံများမှ ပြင်ဆင်သတ်မှတ်ထားသည့် စီမံကိန်း ဈေးပြိုင်စနစ်ခေါ်ယူမှုနှင့် ပစ္စည်းဝယ်ယူမှု လုပ်ငန်းစဉ်တို့တွင် လုပ်ငန်းခွင်ဆိုင်ရာ နာမကျန်းဖြစ်မှုနှင့် ရောဂါများ၊ ထိခိုက်ဒဏ်ရာရရှိမှုများကို အနိမ့်ဆုံးသို့လျှော့ချဆောင်ရွက်နိုင်သည့် ကုမ္ပဏီများအား ဆွဲဆောင်မှုမက်လုံးပေးရန် အစီအစဉ်များ ရည်ရွယ်ထည့်သွင်းထားသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း မိမိတို့ကိုယ်ပိုင် OSH ဆိုင်ရာ စံသတ်မှတ်ချက်များ သတ်မှတ်ရေးဆွဲရာတွင် စံနမူနာများအဖြစ် ထုတ်နှုတ်ရယူနိုင်ပါလိမ့်မည်။ OSH ဆိုင်ရာ မှတ်တမ်းဆိုးရှိသော ကုမ္ပဏီများအား အစိုးရ/အများပြည်သူဆိုင်ရာ စီမံကိန်းအမျိုးအစားအချို့တွင် (စင်ကာပူနိုင်ငံတွင် ကျင့်သုံးသည့်နည်းတူ) လေလံဝင်ရောက်ယှဉ်ပြိုင်ခြင်းမှ ယာယီပိတ်ပင်ထားနိုင်ကြောင်း ဆွေးနွေးမေးမြန်းခဲ့သူတစ်ဦးက ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ မြန်မာနိုင်ငံသည်လည်း စီမံကိန်းလုပ်ငန်း ဈေးပြိုင်ခေါ်ယူမှု လုပ်ငန်းစဉ်များတွင် OSH သတ်မှတ်ချက်များကို စံချိန်စံညွှန်းတစ်ရပ်အဖြစ် ထည့်သွင်းထားသည့် အလားသဏ္ဌာန်တူ စနစ်တစ်ရပ်ကို စီစဉ်ချမှတ်နိုင်ပါလိမ့်မည်။

▶ ၃။ အဆင့် (၃) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် မောင်းနှင်အားနှင့် အဟန့်အတားများကို ခွဲခြမ်းစိတ်ဖြာခြင်း

၃.၁ မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ကျန်းမာရေး အကျပ်အတည်းများကြောင့် အကြီးအကျယ် ထိခိုက်ခဲ့သည့် စျေးကွက်အရွယ်အစားနှင့် တိုးတက်မှု

၂၀၁၈ ခုနှစ်တွင် မြန်မာ့ဆောက်လုပ်ရေးကဏ္ဍသည် အမေရိကန်ဒေါ်လာ ၉.၅ ဘီလီယံကျော်တန်ဖိုးရှိခဲ့ပြီး GDP၏ ၁၆.၅ ရာခိုင်နှုန်းခန့်ကို ကိုယ်စားပြုသည်။[၇၃] ၂၀၂၁ ခုနှစ် နှစ်လယ်တွင် တတိယနှင့် အသေအပျောက်အများဆုံး ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုနှင့် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အပြောင်းအလဲမတိုင်မီတွင် မြန်မာ့ဆောက်လုပ်ရေးကဏ္ဍသည် ၂၀၂၀ခုနှစ်တွင် ၉.၁ ရာခိုင်နှုန်း မြင့်တက်လာမည်ဟု မျှော်မှန်းထားခဲ့ကြသည်။[၇၄] သို့သော်လည်း ကျန်းမာရေးနှင့် နိုင်ငံရေး အကျပ်အတည်းများက ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သောကဏ္ဍများသည် စီးပွားရေးကျဆင်းမှုဒဏ် အပြင်းအထန် ရိုက်ခတ်ခြင်းခံရမှုနှင့်အတူ GDP ပမာဏ မြင့်တက်လာရန်မျှော်မှန်းထားချက်များ အားလုံးသည်လည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲပျက်စီးခဲ့ရပါသည်။ (စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှု လုပ်ငန်းများ စသည့်)[၇၅] အဓိက စီးပွားရေး ကဏ္ဍတိုင်းတွင် စီးပွားရေး ကျဆင်းမှု အကျိုးဆက်တစ်ရပ်အနေဖြင့် ၂၀၂၁ ခုနှစ် ဘဏ္ဍာနှစ်တွင် GDP ၏ ၁၈ ရာခိုင်နှုန်းနှင့်ညီမျှသည့် စီးပွားကျုံ့မှု ဖြစ်ပေါ်မည်ဟု ကမ္ဘာ့ဘဏ်၏ စီးပွားရေးစောင့်ကြည့်လေ့လာမှု ၂၀၂၁ ခုနှစ်[၇၆] ဇူလိုင် အစီရင်ခံစာတွင် ကြိုတင် ခန့်မှန်းထားပါသည်။

အကျပ်အတည်းနှစ်ခုဒဏ်ကြောင့် မြန်မာနိုင်ငံတွင် အဆိုးရွားဆုံးထိခိုက်သည့် လုပ်ငန်းများအနက် ဆောက်လုပ်ရေး ကဏ္ဍသည် တစ်ခုအပါအဝင်ဖြစ်ခဲ့သည်။ စီမံကိန်းများ ရပ်ဆိုင်းခြင်း၊ ရင်းနှီးမြှုပ်နှံမှု ကျဆင်းခြင်းနှင့် လုပ်အားခပေးရန်နှင့် ပစ္စည်းများအတွက် ကုန်ကျစရိတ်ပေးချေရန်ခက်ခဲစေသည့် ငွေကြေးပြတ်လပ်မှုများ အပါအဝင် လုပ်ငန်းလည်ပတ်မှု အန္တရာယ်များ အားလုံးသည် ကိုဗစ် (၁၉) ကမ္ဘာ့ကပ်ရောဂါ ပထမလှိုင်း ရိုက်ခတ်ခံရပြီးနောက် ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလတွင် စီးပွားရေးပြန်လည်ဦးမော့လာစေရန် ခန့်မှန်းထား မှုကို ပြောင်းပြန်ဖြစ်စေခဲ့သည်။[၇၇] MCEF နှင့် ကမ္ဘာ့ဘဏ်၏ စီးပွားရေး စောင့်ကြည့်လေ့လာမှု ၂၀၂၁ ခုနှစ် ဇူလိုင်လ အစီရင်ခံစာအရ၊ ဘိလပ်မြေကဲ့သို့သော ကုန်ပစ္စည်းများ၏ဈေးနှုန်းများ သိသိသာသာ မြင့်တက်လာခြင်းနှင့်အတူ လက်ရှိဆောက်လုပ်နေသည့် စီမံကိန်းလုပ်ငန်းများ၏ အမြတ်အစွန်းရနိုင်မှုများ ကျဆင်းလာကြောင်း သိရှိရပါသည်။

---

[၇၃] Wong, S. (၂၀၁၉) “မြန်မာအစီရင်ခံစာ – ဆောက်လုပ်ရေးဈေးကွက် နောက်ဆုံးအခြေအနေ”ရိုက်ဒါ လီဘက် ဘက်ခ်နော ဇွန်လ
https://www.rlb.com/asia/insight/rlb-myanmar-construction-market-update-june-2019/

[၇၄] Market Research.com. (၂၀၂၀) “မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍ” အဓိကဈေးကွက်လမ်းကြောင်းများနှင့် အခွင့်အလမ်းများ
https://www.marketresearch.com/GlobalData-v3648/Construction-Myanmar-Key-Trends-Opportunities-13854988/


[၇၅] Lwin, S.S. and Edwards, K.A. (၂၀၂၁) မြန်မာ့စီးပွားရေး စောင့်ကြည့်မှု ဇူလိုင် ၂၀၂၁: ခြိမ်းခြောက်ခံနေရသည့် တိုးတက်မှု၊ အစမ်းသပ်ခံခဲ့ရသည့် ခံနိုင်ရည်” ဝါရှင်တန်ဒီစီ ကမ္ဘာ့ဘဏ်

[၇၆] မြန်မာနိုင်ငံအစိုးရသည် နိုင်ငံတော်ဘဏ္ဍာရေး နှစ်ပြက္ခဒိန် အားပြောင်းလဲခဲ့သည်။ ဧပြီလ ၁ရက် နေ့ မှ မတ်လ ၃၁ ရက်နေ့အထိဆောင်ရွက်နေသော ယခင်စနစ်ဟောင်းအစား အောက်တိုဘာ လ ၁ရက်နေ့မှ စက်တင်ဘာလ ၃၀ရက်နေ့ အထိ ဆောင်ရွက်မည့် စနစ်သစ်ကို ပြောင်းလဲဆောင်ရွက်ခဲ့သည်။

[၇၇] တူညီသော မှိုင်းချက်

YCDC မှ ထုတ်ပေးသော ဆောက်လုပ်ရေးလုပ်ကိုင်ခွင့်အရေအတွက် ကျဆင်းလာခြင်းသည် ဖေဖော်ဝါရီ ၁ ရက်နေ့မှစပြီး ရင်းနှီးမြှုပ်နှံမှု ကျဆင်းလာပုံကို ရှင်းလင်းစွာ မြင်တွေ့နိုင်ပါသည် (ပုံ ၈ ကိုကြည့်ပါ)။ ဆိုင်းငံ့ထားသော သို့မဟုတ် နှောင့်နှေးနေသည့် စီမံကိန်းလုပ်ငန်းများတွင် စီးပွားရေးအဆောက်အအုံများ၊ ဟိုတယ်များနှင့် အခြေခံအဆောက်အအုံများအတွက် ဖက်စပ်လုပ်ငန်း များစွာပါဝင်ပါသည်။[၇၀] အစိုးရစီမံကိန်းများကိုလည်း ဆိုင်းငံ့ထားပြီး၊ ဤလေ့လာမှုအစီရင်ခံစာနောက်ပိုင်းတွင် ဆွေးနွေးထားသည့်အတိုင်း ယင်းတို့သည် စီမံကိန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၏ အရေးပါသော အစိတ်အပိုင်း အစိတ်အပိုင်းတစ်ခုဖြစ်သည်။

ပုံ (၈) ၂၀၂၀ ခုနှစ် ဇန်နဝါရီမှ ၂၀၂၁ ခုနှစ် ဩဂုတ်လအတွင်း ထုတ်ပေးခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် တရားဝင်ခွင့်ပြုချက်အရေအတွက်



မှီငြမ်းချက် – ရန်ကုန်မြို့တော် အဆောက်အအုံ ဆောက်လုပ်ခွင့် စနစ် (YBPS) https://ybps.ycdc.gov.mm/index.php


စီးပွားရေးကျဆင်းမှုအနေအထားများက ဆောက်လုပ်ရေးလုပ်ငန်းကဲ့သို့သော လုပ်သားအင်အားအများအပြား အသုံးပြုရသည့် လုပ်ငန်းများ၏ လုပ်သားဌာနရမ်းအသုံးပြုနိုင်မှုအပေါ်တွင် သက်ရောက်မှုများ အလွန်ကြီးမားစွာ ရှိကောင်းလျှက်ရှိပါသည်။ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ် ဇွန်လ အတွင်း အလုပ်သမားပေါင်း (၁.၂) သန်းကျော် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး ဆောက်လုပ်ရေးကဏ္ဍတွင် အဆိုပါကာလအတွင်း အလုပ်သမားဦးရေ လျော့ကျမှုသည် (၃၉) ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။[၇၉] ဤကျဆင်းမှုကြောင့် အလုပ်အကိုင် ၄၀၀,၀၀၀ ခန့် လျော့နည်းခဲ့ပြီး အလုပ်ချိန်နာရီအားဖြင့် ၇၀ ရာခိုင်နှုန်း ဆုံးရှုံးသွားပါသည်။ ဆောက်လုပ်ရေးလုပ်သားများသည် ပုံမှန်မဟုတ်သော နေ့စားအလုပ်သမားထက် ပိုမိုဆင်းရဲလေ့ရှိသဖြင့် ဤအလုပ်ဆုံးရှုံးမှုများ၏ အကျိုးဆက်သည် လူသားချင်းစာနာထောက်ထားမှုနှင့် သာတူညီမျှမှုရှုထောင့်မှကြည့်လျှင် အထူးပင် စိုးရိမ်ဖွယ်အခြေအနေဖြစ်သည်။

---

[၇၀] Kawase, K. (၂၀၂၁) ကာဝါဆီကော ၂၀၂၁ ပန်နီဆူလား ဟိုတယ် သည် တနှစ်စာ ရန်ကုန်ပရောဂျက် အတွက် ဒေါ်လာ ၁၃၀ မီလီယံအား ဆိုင်းငံ့သည် နစ်ကိုင်းအာရှ၊ (မေ ၂၁) (NIKKEI Asia)".
https://asia.nikkei.com/Spotlight/Myanmar-Crisis/Peninsula-Hotels-suspends-130m-Yangon-project-for-a-year
Tobita, R. (၂၀၂၁) (မေ ၂၁) "ဂျပန်သည် မြန်မာနိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေး အကူအညီများအားလုံးကို ရပ်ဆိုင်းရန် အသင့်ရှိနေသည်"။
မိုတာဂီ– တရားဝင် ဖွံ့ဖြိုးရေး အထောက်အကူပေးရေး အဖွဲ့အနေဖြင့် စစ်ဘက် နှင့်ဆွေးနွေးရန် နည်းလမ်းရှာဖွေလျက်ရှိသည် (NIKKEI Asia) ဂျပန်နိုင်ငံ၏ဖွံ့ဖြိုးရေးအကူအညီများ ရပ်ဆိုင်းရန်ဆုံးဖြတ်ချက်သည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှု အပေါ် သိသာ ထင်ရှားစွာ သက်ရောက်မှု ဖြစ်ပေါ်လိမ့်မည်ဂျပန်နိုင်ငံ၏ ငွေကြေးထောက်ပံ့မှု အကူအညီတွင် မြန်မာနိုင်ငံ၏ မြို့ကြီးနှစ်မြို့ဖြစ်သည့် ရန်ကုန်နှင့် မန္တလေးအား ရထားလမ်းဖောက်လုပ်ရန်လုပ်ငန်းများပါဝင်သည်။၂၀၂၁ခုနှစ် နိုဝင်ဘာလတွင်ထုတ်ပြန်သည့် ကမ္ဘာ့ဘဏ်၏ စီးပွားရေးစောင့်ကြည့်မှုတွင် မြန်မာနိုင်ငံရှိ ဈေးဝယ်ကုန်တိုက် တခုဆောက်လုပ်ခြင်းအား ရွေ့ဆိုင်းကြောင်း ဖော်ပြထားသည်။ စီမံကိန်းတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၈၀ မီလီယန် ရှိပြီး ပြီးခဲ့သောနှစ်က အတည်ပြုခဲ့သောဖက်စပ်လုပ်ငန်းတခုဖြစ်သည်။ဂျပန်ကုမ္ပဏီ အေယွန်မှ ၇၀% ပိုင်ဆိုင်ထားသည်။)

[၇၉] ILO (၂၀၂၁) စစ်တပ်မှအာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ အလုပ်အကိုင်အခြေအနေ

ပုံ (၉) ၂၀၂၁ ခုနှစ် ဒုတိယ (၃) လပတ်အတွင်း သက်ရောက်မှု မြင့်မားစွာခံရသည့် လုပ်ငန်းကဏ္ဍများရှိ အလုပ်အကိုင်နှင့် အလုပ်ချိန်နာရီ လျော့နည်း ကျဆင်းမှု (၂၀၂၀ ခုနှစ် စတုတ္ထ (၃) လပတ်နှင့်နှိုင်းယှဉ်ထားသည့် ပြောင်းလဲကျဆင်းလာသည့် ရာခိုင်နှုန်း)



ဒေတာမှတ်ချက် – ILO (၂၀၂၁)၊ မြန်မာနိုင်ငံလုပ်သားအင်အား စစ်တမ်း နှင့် (ILOSTAT) အချက်အလက်အစုကို အခြေပြုထားသည့် "အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ အလုပ်အကိုင် အခြေအနေအပေါ် ရုတ်ချည်းသက်ရောက်မှု ဆန်းစစ်ချက်"

ဤနိုင်ငံအဆင့် စီးပွားရေးအခြေအနေတွင် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ၏ အရွယ်အစားနှင့် တိုးတက်မှုကို သက်ရောက်မှုရှိစေသည့် အဓိကအကြောင်းအချက်များမှာ (၁) တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများအပါအဝင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီး မြှုပ်နှံမှုများ စီးဝင်လာမှု၊ (၂) အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း၊ (၃) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအသစ်များ ကြီးထွားလာမှုအပေါ် သက်ရောက်မှု ရှိနေသည့် နိုင်ငံရေးတင်းမာမှုများနှင့် (၄) ကိုဗစ် (၁၉) ပျံနှံ့မှုကို ထိန်းချုပ်ရန် အစိုးရ၏ ဆောင်ရွက်မှုများကြောင့် ဖြစ်ပေါ်လာသော ကန့်သတ်ချက်များ တို့ဖြစ်သည်။ မြန်မာနိုင်ငံရှိ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများနှင့် စီးပွားရေးတိုးတက်မှု အကြောင်းအချက်မှလွဲ၍အထက်ပါအချက်များအားလုံးတွင်ဆောက်လုပ်ရေးကဏ္ဍပြန်လည်ဦးမော့လာမှုကိုမေးခွန်းထုတ်သည့် ဆုတ်ယုတ်သော လက္ခဏာများ ပြသနေပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှု ရရှိပြီးသည်နှင့်တစ်ပြိုင်နက် တရုတ်နိုင်ငံ၏ ပိုးလမ်းမ (BRI) ကဲ့သို့သော စီမံကိန်းများသည် ဆောက်လုပ်ရေးကဏ္ဍရှိ စီးပွားရေး လုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် ဆက်လက်လှုံ့ဆော်ပေးနိုင်သည့် အခွင့်အလမ်းတစ်ခုအဖြစ် ရှိနေပါသည်။ သို့သော် စီးပွားရေးပြန်လည်ဦးမော့လာနိုင်သည့် လက္ခဏာများနှင့် အလားအလာများကို ဖော်ထုတ်ရာတွင် FDI ၏ အခင်းအကျင်းနှင့် ဆောက်လုပ်ရေးကဏ္ဍအတွင်းရှိ အစိုးရ၏ အခန်းကဏ္ဍကို နားလည်ရန် အရေးကြီးပါသည်။

၃.၁.၁ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI)

မြန်မာနိုင်ငံသည် ၂၀၀၀ ခုနှစ်များအစောပိုင်းတွင် ပွင့်လင်းမြင်သာလာချိန်မှစ၍ အစိုးရသည် အခြေခံ အဆောက်အအုံနှင့် အဆောက်အဦးများကို ငွေကြေးထောက်ပံ့တည်ဆောက်ရာတွင် ပုဂ္ဂလိကကဏ္ဍအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများပါဝင်ရန် ကြိုးပမ်းခဲ့ကြသည်။ လူမှုရေးအခြေခံအဆောက်အအုံများ (ဆေးရုံ၊ ကျောင်းနှင့် အကျဉ်းထောင်) များ ဆောက်လုပ်ခြင်းသည် အစိုးရ၏တာဝန်သာဖြစ်သည်။ ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သက်ဆိုင်သော အခြေခံ အဆောက်အအုံများဖြစ်သည့် တယ်လီကွန်း၊ လမ်းများ၊ ဆိပ်ကမ်းများ၊ လေဆိပ်များနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးတွင် ပါဝင်ရန်တိုက်တွန်းထားသည်။[၈၀] နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် လူနေအိမ်ရာနှင့် စီးပွားရေးဆိုင်ရာ အဆောက်အအုံများဖြစ်သည့် ကွန်ဒို‌များ၊ တာဝါတိုင်များ၊ အိမ်ရာများ (တန်ဖိုးနည်းအိမ်ရာနှင့် ပြည်သူ့အိမ်ရာများ အပါအဝင်)၊ လက်ကားဈေးများ၊ စက်ရုံများ၊ ရုံးခန်းများ၊ လက်လီအရောင်းဆိုင်များ၊ ဝန်ဆောင်မှုပါရှိသော တိုက်ခန်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းတွင် ပါဝင်ရင်းနှီးမြှုပ်နှံကြပါသည်။

[၈၀] JICA နှင့် PricewaterhouseCoopers ကုမ္ပဏီလီမိတက် (၂၀၁၃) အခြေခံအဆောက်အဦး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု အခြေအနေများအား အချက်အလက်စစ်တမ်းကောက်ယူခြင်း

ဇယား (၇) မြန်မာနိုင်ငံတွင်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ထိပ်ဆုံးပြုလုပ်သည့် နိုင်ငံများ (၁၉၈၈/၈၉) မှ (၂၀၁၄/၂၀၁၅) အတွင်း တိုးတက်လာသောပမာဏ/နှုန်းထား

	နိုင်ငံ	ခွင့်ပြုပြီး (အတည်ပြုပြီး) စီမံကိန်း				လက်ရှိ (ဖော်ဆောင်ပြီး) စီမံကိန်း				လက်ရှိဖော်ဆောင်ပြီး စီမံကိန်း (အတည်ပြုပြီး စီမံကိန်း အရေအတွက်၏ ရာခိုင်နှုန်း)	
		စီမံကိန်း အရေအတွက်	ရာခိုင်နှုန်း	တန်ဖိုး (အမေရိကန်ဒေါ်လာ သန်း၊ပေါင်း)	ရာခိုင်နှုန်း	စီမံကိန်း အရေအတွက်	ရာခိုင်နှုန်း	တန်ဖိုး (အမေရိကန်ဒေါ်လာ သန်း၊ပေါင်း)	ရာခိုင်နှုန်း	စီမံကိန်း အရေအတွက်	တန်ဖိုး
၁	တရုတ်	၁၁၅	၁၁.၁	၁၅,၄၁၈	၂၆.၁	၉၀	၁၁.၉	၁၅,၂၇၄	၃၁.၃	၇၈.၃	၉၉.၁
၂	စင်ကာပူ	၁၈၉	၁၈.၃	၁၁,၈၁၈	၂၀.၀	၁၅၃	၂၀.၂	၁၁,၄၈၀	၂၃.၅	၈၁.၀	၉၇.၁
၃	ဟောင်ကောင်	၁၁၇	၁၁.၃	၇,၂၇၂	၁၂.၃	၉၉	၁၃.၀	၇,၁၇၆	၁၄.၇	၈၄.၆	၉၈.၇
၄	ဖြိုတိန်	၈၂	၇.၉	၄,၀၅၉	၆.၉	၄၈	၆.၃	၃,၄၀၇	၇.၀	၅၈.၅	၈၃.၉
၅	တောင်ကိုရီးယား	၁၂၂	၁၁.၈	၃,၃၉၆	၅.၇	၁၀၈	၁၄.၂	၃,၃၂၄	၆.၈	၈၈.၅	၉၇.၉
၆	ထိုင်း	၉၀	၈.၇	၁၀,၃၅၂	၁၇.၅	၅၁	၆.၇	၃,၂၁၇	၆.၆	၅၆.၇	၃၁.၁
၇	မလေးရှား	၅၂	၅.၀	၁,၆၆၃	၂.၈	၂၅	၃.၃	၁,၀၆၅	၂.၂	၄၈.၁	၆၄.၀
၈	နယ်သာလန်	၁၃	၁.၃	၉၈၂	၁.၇	၁၀	၁.၃	၇၄၇	၁.၅	၇၆.၉	၇၆.၁
၉	အိန္ဒိယ	၂၂	၂.၁	၇၃၁	၁.၂	၂၁	၂.၈	၇၂၆	၁.၅	၉၅.၅	၉၉.၃
၁၀	ဗီယက်နမ်	၁၀	၁.၀	၆၉၁	၁.၂	၁၀	၁.၃	၆၉၂	၁.၄	၁၀၀	၁၀၀
၁၁	ဂျပန်	၈၃	၈.၀	၆၀၉	၁.၀	၇၂	၉.၅	၅၀၆	၁.၀	၈၆.၇	၈၃.၁
၁၂	ပြင်သစ်	၄	၀.၄	၅၄၂	၀.၉	၃	၀.၄	၅၃၈	၁.၁	၇၅.၀	၉၉.၃
၁၃	ထိပ်တန်း (၁၂) နိုင်ငံ စုစုပေါင်း	၈၉၉	၈၇.၀	၅၇,၅၃၃	၉၇.၃	၆၉၀	၉၀.၉	၄၈,၁၅၂	၉၈.၅	၇၆.၈	၈၃.၇
၁၄	အားလုံး စုစုပေါင်း	၁၀၃၃	၁၀၀	၅၉,၁၅၃	၁၀၀	၇၅၉	၁၀၀	၄၈,၈၆၃	၁၀၀	၇၃.၅	၈၂.၆

မူရင်း – Gelb, S., Calabrese, L. and Tang, X. (၂၀၁၇) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံ စီးပွားရေးအသွင်ကူးပြောင်းမှု

မှတ်ချက် : ဖြိတိန်နိုင်ငံတွင် ဖြိတိသျှ ဗာဂျင်ကျွန်းစုများ နှင့် ကေမန်ကျွန်းများ တို့ပါဝင်ပါသည်။

ဇယား (၇) တွင် ၁၉၈၉ ခုနှစ်မှစတင်၍ အတည်ပြုပြီးဖြစ်သည့် လည်ပတ်အကျိုးအမြတ်ဖြစ်ထွန်း ထားသော ရင်းနှီးမြှုပ်နှံမှုများအတွက် နိုင်ငံအလိုက် ပြသထားပြီး ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအလိုက် နိုင်ငံများကို အဆင့်သတ်မှတ်ထားသည်။ ဇယားတွင် တရုတ်နိုင်ငံသည် လည်ပတ်အကျိုးအမြတ်ဖြစ်ထွန်းမှုရှိသော ရင်းနှီး မြှုပ်နှံမှုတန်ဖိုး၏ ၃၁.၃ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်နေပြီး ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသနှင့် ပေါင်းကာ စုစုပေါင်းတန်ဖိုး၏ ၄၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဟောင်ကောင်သည် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ကြီးမားသော ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးအရင်းအမြစ်အဖြစ် လူသိများသည်။ ထိုင်းနှင့် မလေးရှားအတွက် အတည်ပြုထားသော လည်ပတ်အကျိုးအမြတ်ဖြစ်ထွန်းမှုကွာဟချက်သည် ကြီးမားသော်လည်း တရုတ် သို့မဟုတ် အခြားနိုင်ငံအများစုအတွက် သိသိသာသာမဟုတ်ပေ။ ဖြတိန်နိုင်ငံသည် ၁၉၈၉ ခုနှစ်ကတည်းက အတည်ပြုထားသော လည်ပတ်အကျိုးအမြတ်ဖြစ်ထွန်းသည့် ရင်းနှီးမြှုပ်နှံမှုအတွက် ပဉ္စမမြောက် အများဆုံးနိုင်ငံဖြစ်ပြီး စာရင်း၌ ပါဝင်သော ထိပ်တန်း ခုနစ်နိုင်ငံတွင် အာရှ မဟုတ်သည် တစ်ခုတည်းသောနိုင်ငံဖြစ်သော်လည်း ဖြတိန်နိုင်ငံ၏အချက်အလက်များတွင် ဖြတိသျှ ဗာဂျင်ကျွန်းစုများ နှင့် ကေမန်ကျွန်းများ ပါဝင်ပါသည်။ ဟောင်ကောင်ကဲ့သို့ပင် ၎င်းတို့သည် တရုတ်က ပြုလုပ်သော FDI အတွက် အရေးပါသော နေရာများဖြစ်သည်။[၈၁] တရုတ်နိုင်ငံရင်းနှီးမြှုပ်နှံမှု၏ အမျိုးအမည်မသိနိုင်သော အချိုးအစားသည် အခြားသောနိုင်ငံသို့ ရွှေ့လျားမည်ဟု ယူဆသောကြောင့် ဇယား(၅) ပါ ဖြတိန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် နောက်ဆုံး၌ တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုအချို့ ပါဝင်နိုင်သည်။[၈၂]

မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများနှင့် ရင်းနှီးမြှုပ်နှံမှု ကန့်သတ်ချက်များကို တရုတ်နိုင်ငံမပါဝင်ဘဲ အနောက်နိုင်ငံနှင့် အာရှနိုင်ငံ အများအပြားက ဖေဖော်ဝါရီ ၁ ရက်မှ စတင်ကာချမှတ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုကန့်သတ်ချက်အချို့ကို ချမှတ်ထားသည့် နိုင်ငံများတွင် အမေရိကန်၊ ဖြတိန်၊ အီးယူ၊ ဂျပန်နှင့် တောင်ကိုရီးယားတို့ ပါဝင်သည်။ ယင်းသည်အထက်တွင်ဖော်ပြထားသည့် အတိုင်း လည်ပတ်နေမှုများအပေါ် တိုက်ရိုက်သက်ရောက်မှုရှိခဲ့ပြီး လက်ရှိလည်ပတ်နေသော စီမံကိန်းများကိုပင် ရပ်တန့်စေခဲ့သည်။ မြန်မာ့နိုင်ငံရေးအကျပ်အတည်း၏ ရလာဒ်များသည် ဆောက်လုပ်ရေးကဏ္ဍသို့ FDI ပြန်လည်စီးဆင်းနိုင်ခြေနှင့် တိုက်ရိုက်ဆက်စပ်နေသော်လည်း တရုတ်နိုင်ငံ၏ FDI စီးဝင်မှုသည် နိုင်ငံရေးဆိုင်ရာ အခြေအနေများကြောင့် ထိခိုက်မှုနည်းပါးပြီး လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ ပိုမိုများပြားနိုင်ပါသည်။[၈၃] နိုင်ငံတကာ ဘဏ္ဍာရေးအဖွဲ့အစည်းများ (IFIs) နှင့် ဂျပန်နိုင်ငံတို့သည် ၎င်းတို့၏ ထိတွေ့ဆက်ဆံမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ခေတ္တဆိုင်းငံ့ထားခြင်းကြောင့် အစိုးရ အပြောင်းအလဲ နောက်ပိုင်းတွင် တရုတ်ဦးဆောင်သည့် အခြေခံအဆောက်အအုံ စီမံကိန်းများ ဆက်လက် ဖြစ်ပေါ်နေပုံပေါ်သည်။ အာဏာသိမ်းပြီး ရက်သတ္တပတ်များအတွင်း ရခိုင်ပြည်နယ်၊ ကျောက်ဖြူတွင် ၁၃၅ မဂ္ဂါဝပ်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို PowerChina က ငွေကြေးထောက်ပံ့ကာ စတင်တည်ဆောက်ခဲ့သည်။[၈၄]

၃.၁.၂ တရုတ်နိုင်ငံ

နိုင်ငံရေးနှင့် ကျန်းမာရေးအကျပ်အတည်းများ မတိုင်မီက မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်မှုသည် ပြည်တွင်းအခြေခံ အဆောက်အအုံနှင့် အိမ်ခြံမြေစီမံကိန်းများတွင် အများစု ဖြစ်သည်။ အကျပ်အတည်းများမတိုင်မီ ဆွေးနွေးမေးမြန်းမှုများတွင် အဆိုပါ ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံရှိ စွမ်းအင်နှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံဆိုင်ရာ တရုတ်မဟုတ်သော ကုမ္ပဏီများမှ မျှဝေသော စိုးရိမ်ပူပန်မှုများဖြစ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အလုပ်အကိုင်များအတွက် ပြည်တွင်းအလုပ်လျှောက်ထားသူများ၏ ကျွမ်းကျင်မှု၊ ဘဏ္ဍာရေးစနစ်နှင့် စည်းမျဉ်းစည်းကမ်းမူဘောင်ဆိုင်ရာ ကန့်သတ်ချက်များရှိခြင်း အစရှိသည်တို့အပေါ် စိုးရိမ်မှုများရှိကြသော်လည်း မြန်မာနိုင်ငံအတွင်း၌ ၎င်းတို့၏ ဆောင်ရွက်ချက်များအပေါ် ကျေနပ်မှုရှိကြောင်းတွေ့ရပါသည်။ အကျပ်အတည်းများ နောက်ပိုင်းတွင် ယင်းစိုးရိမ်မှုများ တိုးလာဖွယ်ရှိသည်။

---

[၈၁] ၂၀၁၄ ခုနှစ်တွင် တရုတ်၏ ပြင်ပရင်းနှီးမြှုပ်နှံမှု တန်ဖိုး ၅၈ ရာခိုင်နှုန်းသည် ဟောင်ကောင်သို့လည်းကောင်း ၇.၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၈.၇၆ ဘီလီယံ) သည် ဖြတိသျှ ဗာဂျင်နှင့် ကေမန် ကျွန်းစုများသို့လည်းကောင်း အသီးသီးရောက်ရှိခဲ့ကြသည်။ ရန်ပုံငွေအတော်များများသည် တရုတ်သို့ ပြန်လည်စီးဝင်ခဲ့သည်။ ၎င်းဖြစ်စဉ်ကို ခရီးတပတ်လည်ခြင်း ဟုခေါ်ဆိုကြသည်။ (MOFCOM (၂၀၁၄)၂၀၁၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင်ပြုလုပ်ခဲ့သော စီးပွားရေးဝန်ကြီးဌာန၏ ပုံမှန်သတင်းစာရှင်းလင်းပွဲ http://english.mofcom.gov.cn/article/newsrelease/press/201406/20140600632846.shtml

[၈၂] Gelb, S., Calabrese, L. and Tang, X. (၂၀၁၇) မြန်မာနိုင်ငံရှိ နိုင်ငံခြားမှ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသွင်ကူးပြောင်းခြင်း လန်ဒန်၊ အိုဒီအိုင်

[၈၃] ၂၀၂၁ခုနှစ် မတ်လအတွင်း တရုတ်လူမျိုးပိုင် အထည်ချုပ်စက်ရုံ မီးရှို့ခံရပြီးနောက် ရန်ကုန်မြို့ရှိ တရုတ်သံရုံးသည် ကြေငြာချက်တစ်ရပ်အားထုတ်ပြန်ခဲ့သည်။ ၎င်းသည် ဖေဖော်ဝါရီလ ၁ရက်နေ့ ဖြစ်စဉ်ပြီးနောက် တွေ့ရခဲ့သည့် ထုတ်ပြန်ချက်တစ်ရပ်ဖြစ်သည်။

[၈၄] Wallace, R. and Robinson, G. (၂၀၂၁) “ငြိမ်သက်နေသော တရုတ်ကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်ရပ်များ ကြီးထွားလာခြင်း၏ ဆိုးကျိုးသက်ရောက်မှုကို တွက်ဆလျက်ရှိသည်။ ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်မှုများဖြစ်ပေါ်လာခြင်း သည် ထိပ်ပိုင်းရင်းနှီးမြှုပ်နှံသူများအား အနာဂတ် စီးပွားရေး လုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်သင့်၊ မသင့် ချင့်ချိန်ဆုံးဖြတ်မှု ဖြစ်စေခဲ့သည်”
https://asia.nikkei.com/Spotlight/Myanmar-Crisis/Silent-Chinese-companies-weigh-costs-of-Myanmar-s-growing-chaos

"မြန်မာနိုင်ငံအတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး အသွင်ကူးပြောင်းမှု" ဆိုင်ရာ Overseas Development Institute (ODI) အစီရင်ခံစာတွင် တရားဝင် FDI အဖြစ် ကြီးမားသော အခြေခံ အဆောက်အအုံ စီမံကိန်းများတွင် တရုတ်နိုင်ငံက ပါဝင်ဆောင်ရွက်နေမှုနှင့် တစ်ဖက်တွင် အလတ်စားဖြစ်သော တရုတ်ရွှေပြောင်းနေထိုင်သူများလည်ပတ်နေသော သို့မဟုတ် တရုတ်လူမျိုးစုဝင်များ ပိုင်ဆိုင်သော တရားဝင်မဟုတ်သည့် ကုမ္ပဏီများသည် အသေးစား စီးပွားဖြစ် သို့မဟုတ် အိမ်ရာ စီမံကိန်းများ၌ပါဝင် ဆောင်ရွက်နေမှုကို ခွဲခြားပြထားသည်။ ၂၀၀၀ ပြည့်နှစ်ကတည်းက တရုတ်ကုမ္ပဏီများသည် ရေအားလျှပ်စစ် တည်ဆောက်ရေးလုပ်ငန်းများကို လွှမ်းမိုးထားခဲ့ပြီး မြန်မာနိုင်ငံတွင် လည်ပတ်နေသော ရေအားလျှပ်စစ်စက်ရုံ ၂၄ ခု တွင် ၄ ခုသာ တရုတ်ကုမ္ပဏီများက လည်ပတ်နေသည်ဟု (အများစုမှာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ယူလုပ်ကိုင်သည်) ဖော်ပြသော်လည်း ၂၀၀၀ ခုနှစ် ကတည်းက လုပ်ကိုင်ခွင့်ပြုထားသော ကျန်လုပ်ငန်း ၂၁ ခုတွင် လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းအတွက် အသုံးပြုသော ပစ္စည်းများနှင့်/သို့မဟုတ် အင်ဂျင်နီယာ လုပ်ငန်းများ၊ ဝယ်ယူရေးနှင့် ဆောက်လုပ်ရေး ဝန်ဆောင်မှုများအတွက် တရုတ်နိုင်ငံက ထောက်ပံ့နေခြင်း ဖြစ်သည်။[၈၅] တရုတ်ကုမ္ပဏီများသည် ရေအားလျှပ်စစ်အပြင် အခြားသော စွမ်းအင်စီမံကိန်းများ၌လည်း ပါဝင်လျက်ရှိပြီး ဥပမာအားဖြင့် ရန်ကုန်နှင့် သီလဝါ အထူးစီးပွားရေးဇုန်ရှိ မြို့နယ်အချို့သို့ လျှပ်စစ်ဓာတ်အား ပေးဝေရာတွင်လည်း ပါဝင်သည်။[၈၆] တရုတ်ကုမ္ပဏီများသည် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ကြီးမားစွာ ပါဝင်ဆောင်ရွက်လျက် ရှိ သည်။ မြန်မာနိုင်ငံ၊ ကျောက်ဖြူနှင့် ယူနန်ပြည်နယ်၊ ကူမင်းကြားတွင် ဆက်သွယ်ထားသော တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း (CNPC) က ဦးဆောင်လုပ်ကိုင်နေသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသည် အဆိုပါ စီမံကိန်းမျိုးအတွက် နမူနာဖြစ်သည်။

ဤစီမံကိန်းများအားလုံးသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများအား လိုအပ်သည်။[၈၇] ဆိုလိုသည်မှာ နိုင်ငံခြား ကုမ္ပဏီများသည် ဆောက်လုပ်ရေးကဏ္ဍကို ကြီးစိုးသော မိသားစုပိုင် လုပ်ငန်းစုကြီးများဖြင့် မလွှဲမရှောင်သာ ဖက်စပ်လုပ်ကိုင်ရခြင်းဖြစ်သည်။[၈၈]

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အဆိုအရ အာရှသည် ၂၀၂၃ ခုနှစ်အထိ အခြေခံအဆောက် အအုံရန်ပုံငွေ လိုအပ်ချက် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၆ ထရီလီယံရှိနေပြီး BRI သည် ဤကွာဟချက်ကို ဖြည့်ဆည်းရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ရန် ရည်မှန်းထားသည်။[၈၉] BRI သည် သမိုင်းဝင်ပိုးလမ်းမ လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများ၏ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေး ပေါင်းစည်းမှုကို အရှိန်အဟုန်မြှင့်တင်ရန် ရည်ရွယ်သည့် တိုက်များကိုဖြတ်ကျော်ကာ ရေရှည်ကို မျှော်မှန်းသော မူဝါဒနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ်တစ်ခုဖြစ်သည်။[၉၀] တရားဝင် BRI လျာထားချက်သည် ပဏာမခြေလှမ်းတွင် ပါဝင်သည့် နိုင်ငံများအကြား နိုင်ငံဖြတ်ကျော် သို့မဟုတ် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အတွက် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များနှင့် အစီအမံများ ပူးတွဲရေးဆွဲခြင်းကို အားပေးပါသည်။

---

[၈၅] ၂၀၁၄ ခုနှစ်တွင် တရုတ်၏ ပြင်ပရင်းနှီးမြှုပ်နှံမှု တန်ဖိုး ၅၈ ရာခိုင်နှုန်း သည် ဟောင်ကောင်သို့လည်းကောင်း ၇.၁ ရာခိုင်နှုန်း (အမေရိကန်ဒေါ်လာ ၈.၇၆ ဘီလီယံ သည် ဖြိတိသျှ ဗာဂျင်နှင့် ကေမန် ကျွန်းစုများသို့လည်းကောင်း အသီးသီးရောက်ရှိခဲ့ကြသည်။ ရန်ပုံငွေအတော်များများသည် တရုတ်သို့ပြန်လည်စီးဝင်ခဲ့သည်။ ၎င်းဖြစ်စဉ်ကို ခရီးတပတ် လည်ခြင်း ဟုခေါ်ဆိုကြသည်။ MOFCOM (၂၀၁၄) ၂၀၁၄ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင်ပြုလုပ်ခဲ့သော စီးပွားရေးဝန်ကြီးဌာန၏ ပုံမှန် သတင်းစာရှင်းလင်းပွဲ http://english.mofcom.gov.cn/article/newsrelease/press/201406/20140600632846.shtml

[၈၆] ၂၀၀၉ ခုနှစ်တွင် ယူနန်ကုမ္ပဏီနှစ်ခု ပေါင်းစပ်၍ ထူထောင်ခဲ့သော ယူနီယံ အရင်းအမြစ်နှင့် အင်ဂျင်နီယာ ကုမ္ပဏီသည် မြန်မာနိုင်ငံအတွင်း ရေအားလျှပ်စစ် စီမံကိန်း ၂၂ ခုတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်၎င်းတွင် ပန်လောင်းနှင့် ရွှေလီကဲ့သို့ စီမံကိန်းများပါဝင်ပြီး နောက်ပိုင်းတွင် နှစ် ၄၀ သက်တမ်းရှိသည့် မြန်မာနိုင်ငံတွင်း ပထမဦးဆုံး တရုတ်ဘီအိုတီ (BOT) စာချုပ်ဖြစ်လာခဲ့သည်။
www.urec.com.cn


[၈၇] အထူးစီးပွားရေးဇုံများအား အထူးစီးပွားရေးဇုံဥပဒေဖြင့် စီမံအုပ်ချုပ်သော်လည်း ကျောက်ဖြူ အထူးစီးပွားရေးဇုံတည်ဆောက်မှုသည် ချွင်းချက်တစ်ရပ်ဖြစ်သည်။

[၈၈] အောက်စ်ဖို့ဒ် စီးပွားရေးအုပ်စု ၂၀၁၄ "အစီရင်ခံစာ-မြန်မာ ၂၀၁၄

[၈၉] "ပိုးလမ်းမစီမံကိန်းစတင်မှု"
https://www.beltroad-initiative.com/belt-and-road/

[၉၀] တူညီသော မှိုင်မိန်းချက်

ပုံ (၁၀) ပိုးလမ်းမကြီး စီမံကိန်းပြမြေပုံ



မှီငြမ်းချက် – "belt-and-road-initiative" https://www.beltroad-initiative.com/belt-and-road/

BRI ၏ ဒုတိယဦးစားပေး ရည်မှန်းချက်ဖြစ်သော အခြေခံအဆောက်အအုံ တည်ဆောက်မှု တိုးတက်စေ ရေးလုပ်ငန်းသည် ဘင်္ဂလားဒေ့ရှ်–တရုတ်–အိန္ဒိယ–မြန်မာ စီးပွားရေးစင်္ကြံ (BCIMEC) ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍကို တိုက်ရိုက်လွှမ်းမိုးလာမည်ဖြစ်သည်။ စျေးကွက်ထဲတွင် တရုတ်ကုမ္ပဏီများ သို့မဟုတ် တရုတ်ဖက်စပ်လုပ်ငန်းများ ရှိနေခြင်းသည် ဆောက်လုပ်ရေးကဏ္ဍ၏ OSH အတွက် စီမံကိန်းအရွယ်အစားနှင့် လုပ်ငန်းသဘာဝအပေါ် မူတည်၍ အပြုသဘော ဆောင်သော သို့မဟုတ် ဆုတ်ယုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ ရှိနိုင်သည့်အပြင် အဆိုပါသက်ရောက်မှုသည် စျေးကွက်၌ ပါဝင်သူများ၏ ဖွဲ့စည်းအုပ်ချုပ်မှုပုံစံ၊ ၎င်းတို့၏ ထုံးစံနှင့် အလေ့အထများ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် တည်ဆဲဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို လိုက်နာခြင်းတို့ အပေါ်တွင်လည်းမူတည်ပါသည်။

အဆိုပါကုမ္ပဏီများ သို့မဟုတ် ဖက်စပ်လုပ်ငန်းများသည် မြန်မာနိုင်ငံမှ ကန်ထရိုက်တာများနှင့် နောက်ကွယ်ကချိတ်ဆက်မှုများ လုပ်လိုကြပြီး ၎င်းတို့ကြားတွင် ချုပ်ဆိုထားသော သဘောတူစာချုပ်များ၌ OSH ဆိုင်ရာအသိပညာလွှဲပြောင်းမှုကို သေချာစေရန် ဆောင်ရွက်ထားသော သီးခြားယန္တရားများ၊ တိကျသော OSH ဆိုင်ရာ ရှင်းလင်းသော တာဝန်ခံမှုမူဘောင်၊ စောင့်ကြည့်မှုနှင့် စွမ်းရည်တည်ဆောက်ရေး မဟာဗျူဟာများပါရှိပါက အဆိုပါချိတ်ဆက်ဆောင်ရွက်မှုသည် ဆောက်လုပ်ရေး ကဏ္ဍရှိ OSH ကိုလည်း လွှမ်းမိုးလာနိုင်သည်။

၃.၁.၃ အခြားရင်းနှီးမြှုပ်နှံသူများ

အတည်ပြုထားသော စီမံကိန်းအရေအတွက်အရ စင်ကာပူ၊ တောင်ကိုရီးယားနှင့် ဟောင်ကောင်တို့မှ FDI သည် ဒုတိယ၊ တတိယနှင့် စတုတ္ထအဆင့်တွင်ရှိပြီး ဤအကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် တွေ့ဆုံမေးမြန်းခဲ့သော ကုမ္ပဏီများမှ အကြိမ်ကြိမ်ဖော်ပြခဲ့သည့်အတိုင်း အဆိုပါစီမံကိန်းများသည် ယေဘူယျအားဖြင့် ပြည်တွင်းအလုပ်သမားများနှင့် ကန်ထရိုက်တာများကို အလုပ်ရရှိစေပြီး မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စား ဆောက်လုပ်ရေးကုမ္ပဏီများနှင့် နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်သည့် OSH ဆိုင်ရာ စီမံခန့်ခွဲမှုရှိကြောင်း သိရသည်။ နိုင်ငံစုံကော်ပိုရေးရှင်းများနှင့် မိသားစုပိုင် အမျိုးမျိုးကွဲပြားသော လုပ်ငန်းစုကြီးများမှခန့်ထားသော OSH မန်နေဂျာများနှင့် အရာရှိများသည် ယေဘူယျအားဖြင့် စင်ကာပူနှင့်/သို့မဟုတ် မလေးရှားတွင် အလုပ်လုပ်ခဲ့ကြသူများ ဖြစ်သည်ဟု သိရပါသည်။ ဆွေးနွေးမေးမြန်းခဲ့သည့် နိုင်ငံခြားပိုင်ကုမ္ပဏီများအနက်မှ တစ်ခုတွင် OSH ကို ကြီးကြပ်ရန်နှင့်

ပြည်တွင်းဝန်ထမ်းများကို လေ့ကျင့်ပေးရန်အတွက် အများအားဖြင့် ဗီယက်နမ်ရှိ၎င်း၏ရုံးမှ OSH မန်နေဂျာများနှင့် အရာရှိများကို သွားချည်လာလှည့်လုပ်စေခြင်းဖြင့် လုပ်ဆောင်နေရပြီး ကိုဗစ် (၁၉) နှင့်ဆက်စပ်သော ခရီးသွားလာခွင့်ကန့်သတ်ချက်များက ဤသို့ဆောင်ရွက်မှုကို ရပ်တန့်စေခဲ့ပြီး OSH အတွက် ဒေသခံမန်နေဂျာများနှင့် ဝန်ထမ်းများအပေါ် မှီတည်မှုတိုးလာစေခဲ့သည်ဟု သိရှိလေ့လာရပါသည်။

၃.၁.၄ အစိုးရ၏ ရသုံးမှန်းခြေငွေစာရင်း

အစိုးရသည် အများအားဖြင့် ပြည်သူ့အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများကို တိုက်ရိုက်သော်လည်းကောင်း ပုဂ္ဂလိက ကုမ္ပဏီများမှတဆင့်သော်လည်းကောင်း စီစဉ်ဆောင်ရွက်သည်။ အစိုးရက ဆောင်ရွက်သော အကြီးစားတည်ဆောက်မှု၏ အထင်ရှားဆုံး ဥပမာမှာ ၂၀၀၂ ခုနှစ်မှစတင်၍ စိမ်းလန်းသော လယ်ကွင်းအဆင့်မှ ၂၀၀၆ ခုနှစ်တွင်တွင် မြန်မာနိုင်ငံ မြို့တော်ဖြစ်လာမည့် နေပြည်တော်မြို့ကို တည်ဆောက်ခြင်း ဖြစ်သည်။ အစိုးရ အရာထမ်းအမှုထမ်းများအတွက် အဓိက ရည်ရွယ်ကာ အစိုးရအဆောက်အအုံများ၊ ဟိုတယ်များ၊ တိုက်ခန်းများနှင့် အပြည်ပြည်ဆိုင်ရာ လေဆိပ်များကို တည်ဆောက်ခဲ့ကြသည်။ ပြည်ပမှ စီမံကိန်းဖော်ဆောင်သူတစ်ဦးနှင့် ဆွေးနွေးမေးမြန်းထားမှုအရ အစိုးရသည် ဆောက်လုပ်ရေး စီမံကိန်းအများအပြားကို တိုက်ရိုက် အကောင်အထည်ဖော်နေဆဲဖြစ်သော်လည်း ပုဂ္ဂလိကကဏ္ဍများက စီမံကိန်းများကို တိုက်ရိုက် အကောင်အထည်ဖော်ရန် အလားအလာများစွာရှိလာသည့် အနေထားတွင်ရှိနေသည်။ ယခင်အပိုင်းတွင် ဖော်ပြခဲ့သော အကျပ်အတည်းနှစ်ခုတစ်ပြိုင်တည်းကျရောက်ခြင်း၏ နောက်ဆက်တွဲအကျိုးဆက်များကြောင့် လက်ရှိစီမံကိန်းများသည် ငွေသားပြတ်လပ်မှုနှင့် အခြားအကျိုးဆက်များကို ထိခိုက်ခံစားနေရပါသည်။

ကမ္ဘာ့ဘဏ်နှင့် အစိုးရတို့မှ ထုတ်ပြန်သော အများပြည်သူဆိုင်ရာ အသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ခံမှုအား ဆန်းစစ်ချက် အစီရင်ခံစာ (၂၀၂၀ခုနှစ်) (PEFA)[၉၁] တွင် ဖော်ပြထားသည်မှာ ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ဆောက်လုပ်ရေး စီမံခန့်ခွဲရေး သို့မဟုတ် လုပ်ငန်းဆိုင်ရာ အကြီးအကဲ လက်အောက်ရှိ ဘတ်ဂျက်မှာ ကျပ်သန်း ၄၉၃,၇၈၄ (အမေရိကန်ဒေါ်လာ ၃၄၅.၅ သန်းခန့်) သို့မဟုတ် ဘတ်ဂျက်၏ ၅.၃၈ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၆/၁၇ တွင် ကျပ်သန်း ၅၀၀,၇၅၃ (ဒေါ်လာ ၄၆၅.၆ သန်းခန့်) (သို့) ၁၄.၉ ရာခိုင်နှုန်းနှင့် ၂၀၁၆/၁၅ တွင် ကျပ်သန်း ၆၆၅,၃၂၃ (ဒေါ်လာ ၅၀၀.၇ သန်းခန့်) (သို့) ၃၇.၁ ရာခိုင်နှုန်း များဖြင့် ယှဉ်သော် အနည်းငယ်လျော့ကျသွားကြောင်း သိနိုင်ပါသည်။ အထက်ပါကာလအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ၏အသုံးစရိတ်ကို လျှော့ချလိုက်ခြင်းကို တွေ့မြင်နိုင်ပြီး ယခုဖြစ်ပွားနေသော အကျပ်အတည်းများ၏ အကျိုးဆက်ကြောင့် အသုံးစရိတ်သည် ထပ်မံလျော့ကျနိုင်ဖွယ်ရှိသည်။

ဆောက်လုပ်ရေးစီမံကိန်းအားလုံးကို ဤ MoC စီမံခန့်ခွဲရေးအကြီးအကဲအောက်တွင် ထည့်သွင်းတွက်ချက် ထားခြင်းမရှိနိုင်ပေ။ ဥပမာအားဖြင့်၊ PEFA ဆန်းစစ်ချက်အစီရင်ခံစာတွင် ဆောက်လုပ်ရေး အသုံးစရိတ်ကိုလည်း ပညာရေးဝန်ကြီးဌာနအောက်တွင် ထည့်သွင်းတွက်ချက်ထားကြောင်း ရှင်းလင်းစွာ ဖော်ပြထားပြီး ယင်းသည် အကျပ်အတည်းများကြောင့်လည်း အပျက်သဘော ဆောင်နိုင်ဖွယ်ရှိသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာနမှရရှိသော ဒေတာအပေါ်မူတည်၍ ၂၀၁၇–၁၈ ခုနှစ် ဆောက်လုပ်ရေးအတွက် အစိုးရဘတ်ဂျက် (အမေရိကန်ဒေါ်လာ ၃၄၅.၅ သန်း) သည် မြန်မာနိုင်ငံ၏ ထိပ်တန်းရင်းနှီးမြှုပ်နှံသူ ၁၂ ဦးက ၁၉၉၈ မှ ၂၀၁၄ ခုနှစ်အတွင်း ယူဆောင်လာသည့် နှစ်စဉ်ပျမ်းမျှ FDI ၏ ၂၀ ရာခိုင်နှုန်းခန့်ရှိသည်ဟု မှတ်သားနိုင်သည် (ဇယား ၇)။

PEFA ဆန်းစစ်ချက်အစီရင်ခံစာသည် တန်ဖိုးကြီးဝယ်ယူရေးစာချုပ်များကို ခွဲခြမ်းစိတ်ဖြာပေးထားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့သည် ပစ္စည်းဝယ်ယူရေးနှင့် ဈေးပြိုင်တင်ဒါစနစ် လုပ်ငန်းစဉ်များ အများဆုံးပြုလုပ်သော ထိပ်တန်းဝန်ကြီးဌာနရှစ်ခုတွင် ပါဝင်ကြောင်းပြသထားသည်။ အဆိုပါ ဝန်ကြီးဌာနများက အကောင်အထည်ဖော်သည့် စာချုပ်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်း၊ ဒေါ်လာ ၃၅ သန်းနှင့် ဒေါ်လာ ၁၁၅ သန်း အသီးသီးရှိသည်။

ဤအချက်အလက်များအရ ၂၀၂၀ ခုနှစ်တွင် MoC သည် ကြီးမားသော စာချုပ် ၂၃ ခုကို ကြော်ငြာခဲ့ပြီး ၄၄းမှ လေးခုကို အကောင်အထည်ဖော်ခဲ့ပြီး ၁၄ ခုကို လုပ်ငန်းလုပ်ကိုင်ခွင့်ချပေးခဲ့သည်။

---

[၉၁] ကမ္ဘာ့ဘဏ် (၂၀၂၀) အများပြည်သူဆိုင်ရာ အသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ခံမှုအား ဆန်းစစ်ချက် အစီရင်ခံစာ ၂၀၂၀ မြန်မာ၊ ဝါရှင်တန် ဒီစီ

ဝန်ကြီးဌာန ၂၅ ခုမှ ပစ္စည်းဝယ်ယူရေးနှင့် ဈေးပြိုင်တင်ဒါစနစ် လုပ်ငန်းစဉ်များ အများဆုံးပြုလုပ်သော ဝန်ကြီးဌာနရှစ်ခုမှ ပြုလုပ်သော ကျပ်သန်း ၁၀၀ (အမေရိကန်ဒေါ်လာ ၇၀,၀၀၀) ကျော်တန်ဖိုးရှိ စာချုပ်စာတမ်းကြီး ၆၄၂ စောင်အနက် တင်ဒါ ၅၆၅ ခု (၈၈ ရာခိုင်နှုန်း) ကို ပွင့်လင်းစွာ တင်ဒါခေါ်ယူယှဉ်ပြိုင်မှုနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ ကျပ်သန်း ၁၀၀ အောက် စာချုပ်များအတွက် ၈၀ ရာခိုင်နှုန်းကျော်ကို ယှဉ်ပြိုင်ရသည့် နည်းလမ်းတစ်ခုဖြစ်သော အဆိုပြုကိုကားချက်များ (quotation) ကို တင်ပြရန် ခေါ်ယူခြင်းဖြင့် ဆောင်ရွက်ခဲ့သည်။

ဇယား (၈) တန်ဖိုးကြီးဝယ်ယူမှုဆိုင်ရာ သဘောတူစာချုပ်များ

(ကျပ်သန်း ၁၀၀) အထက် တန်ဖိုးကြီးစာချုပ် (အကောင်အထည်ဖော်ပြီး)				
ဝန်ကြီးဌာန/ဦးစီးဌာန/ဌာန	ပမာဏ (ကျပ်သန်း)	ဖော်ဆောင်ပြီး လုပ်ငန်း စာချုပ်အရေအတွက်	ကြေငြာထားသည့် လုပ်ငန်း စာချုပ် အရေအတွက်	ချထားပြီး လုပ်ငန်း စာချုပ်အရေအတွက်
ပညာရေးဝန်ကြီးဌာန (၁၀)	၁၀၀, ၂၇၂.၇၂	၁၆၃	၅၇	၁၆၁
ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (၁၀)	၇၉, ၇၁၆.၄၈	၉၄	၈၅	၇၃
စီမံကိန်း ၊ ဘဏ္ဍာရေးနှင့် စက်မှု ဝန်ကြီးဌာန (၁၈)	၁၄, ၃၈၉.၃၇	၂၁	၁၂	၈
ဆောက်လုပ်ရေး ဝန်ကြီးဌာန (၅)	၁၃, ၉၃၉.၄၇	၄	၂၃	၁၄
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန (၁၅)	၃၃, ၆၀၄.၄၅	၄၂	၃၅	၂၃
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန (၁၈)	၅၀, ၀၁၈.၉၀	၆၉	၁၀၆	၈၁
လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန (၉)	၁၆၄, ၉၂၀.၈၄	၁၃၄	၁၃၂	၆၅
စက်မှု ဝန်ကြီးဌာန (၁)	၅၀, ၉၁၅.၅၃	၁၁၅	၁၁၅	-
စုစုပေါင်းဌာန/ဦးစီးဌာန (၈၅) ခု နှင့် ဝန်ကြီးဌာန (၁) ခုအတွက်	၅၀၇, ၇၇၇.၇၆	၆၄၂	၅၆၅	၄၂၅

မှီငြမ်းချက် – Gelb, S., Calabrese, L. and Tang, X. (၂၀၁၇) နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံ စီးပွားရေးအသွင်ကူးပြောင်းမှု

မှတ်ချက် – အဆိုပါ စာချုပ်တန်ဖိုးများတွင် ဤစစ်စစ်လေ့လာမှုအစီရင်ခံစာပြင်ပရှိ စာချုပ်များ၊ ဥပမာအားဖြင့် ဆောက်လုပ်ရေးဆိုင်ရာ အချက်အလက်များ၊ ဒီဇိုင်းပုံစံများ၊ ထုတ်လုပ်မှုများ၊ ပစ္စည်းဝယ်ယူမှုများ၊ စနစ်တပ်ဆင်မှုများ (တယ်လီကွန်းဆက်သွယ်ရေးနှင့် အချက်ပြများ) စသည်တို့ပါဝင်ပါသည်။ သို့ရာတွင် ဤဇယား၏ ဦးတည်ချက်အတိုင်း ဆောက်လုပ်ရေး လုပ်ငန်းများတွင် အစိုးရ၏အသုံးစရိတ်ကို ဖော်ပြလိုရင်း ဖြစ်ပါသည်။ ထို့အပြင် ဤလုပ်ငန်းစာချုပ်အရ လုပ်ငန်းများအတွက် ပြည်ပမှတင်သွင်းသော လုပ်ငန်းသုံးပစ္စည်းများ၊ စက်ရုံသုံးပစ္စည်းများသည် အခွန်ကင်းလွတ်ခွင့် ရရှိသည်ကို တွေ့ရှိရပါသည်။ ကန်ထရိုက်တာများအနေဖြင့် ပြည်ပမှတင်သွင်းမည့်ပစ္စည်းများအတွက် လိုအပ်သည့် စာရွက်စာတမ်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်တွင်းအခွန်ဦးစီးဌာနထံပေးသွင်း၍အခွန်ကင်းလွတ်ခွင့်လက်မှတ်ကို ထုတ်ယူနိုင်ကြပါသည်။

၃.၂ စျေးကွက်အခွင့်အလမ်းများ

မြန်မာနိုင်ငံရှိ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ ၂၀၁၉ ခုနှစ် အစီရင်ခံစာ[၂၂] အရ အကျပ်အတည်းများမတိုင်မီ အခြေခံအဆောက်အအုံလုပ်ငန်းကို အဓိက မောင်းနှင်နိုင်သည့် အခွင့်အလမ်းများမှာ (၁) သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်တို့တွင် ဖော်ဆောင်လျက်ရှိ အထူးစီးပွားရေးဇုန်များ (၂) ရန်ကုန်မြို့ရှိစက်မှုဇုန်များ၊ (၃) နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် ခရီးသွားကဏ္ဍ တိုးတက်စေသော အဝေးပြေးလမ်းများ၊ ရထားလမ်းများ၊ ဆိပ်ကမ်းများနှင့် လေဆိပ်များနှင့် (၄) မိုဘိုင်းလ်မှ ဖိုက်ဘာကွန်ရက်သို့ အဆင့်မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်မှုကို တိုးတက်စေရန်အတွက် လိုအပ်သော တယ်လီကွန်းအခြေခံအဆောက်အအုံတို့ ဖြစ်သည်။ အစီရင်ခံစာတွင် ဆောက်လုပ်ရေးလုပ်ငန်းကို ခွဲခြားသတ်မှတ်ရာတွင် အသုံးပြုသော အမျိုးအစားခွဲခြင်းကြောင့် ဖြစ်နိုင်သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းအတွက် အဓိကမောင်းနှင်အားများကြားတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် ပါဝါနှင့် စွမ်းအင်ဟူ၍ ဖော်ပြထားခြင်းမရှိပေ။

အလားတူ အစီရင်ခံစာအရ အဆောက်အအုံစျေးကွက်ကို တွန်းအားပေးသည့် အဓိက အခွင့်အလမ်းများမှာ နိုင်ငံ၏ စီးပွားရေး အချက်အချာကျသော ရန်ကုန်နှင့် မန္တလေးမြို့များရှိ လူလတ်တန်းစား လူနေအိမ်ရာများ ဖြစ်သည်။ လူလတ်တန်းစား အိမ်ရာများ ဝယ်လိုအားသည် အများစုမှာ မြို့ပြတိုးတက်ဖွံ့ဖြိုးလာခြင်းကြောင့် မြို့ပြလူဦးရေ တိုးလာခြင်းကြောင့်ဖြစ်သည် (၎င်းကို အပိုင်း ၃.၄ တွင် ဖော်ပြထားသော ဆောက်အအုံများကဏ္ဍတွင် ထပ်မံထည့်သွင်းထားသည်)။

နိုင်ငံရေးနှင့် ကျန်းမာရေး အကျပ်အတည်းများသည် တရုတ်ရင်းနှီးမြှုပ်နှံမှုနှင့် BRI နှင့် ပတ်သက်သည့် ကိစ္စရပ်များမှလွဲ၍ အခွင့်အလမ်းအားလုံးကို ကြီးမားစွာ ထိခိုက်စေခဲ့သည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှု ရပ်တန့်သွားခြင်းအပြင် ဆက်သွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ မသေချာမရေရာမှုများကြောင့် မြို့ပြတိုးတက်ဖွံ့ဖြိုးလာမှုမှာ ပြောင်းပြန်ဖြစ်ဟန်တူပြီး မြို့ပြနေပြည်သူများသည် ဖေဖော်ဝါရီလ အစပိုင်းမှစတင်ကာ အခြားသောတိုင်းဒေသကြီး/ပြည်နယ် ၁၁ ခုသို့ ရွှေ့ပြောင်းရောက်ရှိလာကာ မြို့တွင်းအကြမ်းဖက်မှုများကြောင့် ကျေးလက်ဒေသများသို့ ပြန်လည်ရောက်ရှိခဲ့ကြသည်။ နိုင်ငံတဝှမ်းရှိ အိုးမဲ့အိမ်မဲ့လူဦးရေ၏ ၈၈ ရာခိုင်နှုန်းခန့်သည် ရန်ကုန်မြို့မှ ဆင်းသက်လာပြီး ခန့်မှန်းခြေ ၉၀ ရာခိုင်နှုန်းခန့်မှာ အခြားသော တိုင်းဒေသကြီး/ပြည်နယ်သို့ ပြောင်းရွှေ့သွားကြောင်း သိရှိရပါသည်။[၉၃] ထိုကဲ့သို့ အခြားသောတိုင်းဒေသကြီး/ပြည်နယ်များမှ ရန်ကုန်နှင့် မန္တလေး မြို့များပြများသို့ ပြန်လည်ပြောင်းရွှေ့သွားမှုများ မကြာခင်တွင် ဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ ပြန်လည်ပြောင်းရွှေ့မှု မဖြစ်ပေါ်ပါက စီးပွားရေးကျဆင်းသွားပြီး ပြန်လည်ဦးမော့လာရန် မသေချာမရေရာမှုများကြောင့် လူနေအိမ်ရာများ၏ ဝယ်လိုအားသည် အချိန်တိုအတွင်း ပြန်လည်တိုးတက်လာနိုင်ဖွယ်မရှိပါ။

အကြီးဆုံးဆောက်လုပ်ရေး စီမံကိန်းများသည် ယေဘုယျအားဖြင့် အရင်းအနှီးများပြီး ၎င်းတို့၏ ကိုယ်ပိုင် ထုတ်လုပ်မှုကွင်းဆက်များတွင် နောက်ကြောင်းပြန်ချိတ်ဆက်မှုများမှတစ်ဆင့် လုပ်ငန်းတိုးတက်မှုအပေါ် အဓိကထားခြင်းမရှိပါ။ သို့သော် ၎င်းတို့၏ အဓိကသက်ရောက်မှုမှာ ၎င်းတို့၏ ရှေ့သို့ ချိတ်ဆက်မှုများတွင်ဖြစ်သည်။ ဆိုလိုသည်မှာ ပိုမိုကျယ်ပြန့်သော ကွန်ရက်တစ်ခုသို့ အရည်အသွေးပိုမြင့်ပြီး ကုန်ကျစရိတ်သက်သာသော အခြေခံအဆောက်အအုံ ဝန်ဆောင်မှုများ ပံ့ပိုးပေးခြင်းဖြစ်သည်။ ဤသဘောအရ ၎င်းတို့သည် လူမှုရေးကုန်ကျစရိတ် များပြားသောမူဝါဒကို ကျင့်သုံးကာ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို ထိန်းသိမ်းရာတွင် ပါဝင်ခြင်းနှင့် နိုင်ငံရေးမတည်ငြိမ်မှုများတွင် ကူညီပံ့ပိုးပေးခြင်းကိုလည်း ဆောင်ရွက်သည်။ သို့ရာတွင် ထိုကဲ့သို့ မူဝါဒသည် တစ်ချိန်တည်း၌ အခြားသော လုပ်ငန်းများနှင့် ထုတ်လုပ်သူများအား ၎င်းတို့၏ ကုန်ထုတ်စွမ်းအားကို မြှင့်တင်ပေးကာ အလုပ်အကိုင် ဖန်တီးရေးနှင့် ဆင်းရဲမွဲတေမှု လျော့ချရေးစသော အကျိုးကျေးဇူးများကို မလွဲမသွေ ခံစားရပေလိမ့်မည်။[၉၄]

အထက်တွင် ဖော်ပြချက်ကို ဥပမာပေးရသော် မြန်မာနိုင်ငံ အနောက်ဘက်ကမ်းရိုးတန်းရှိ မဒဲကျွန်းနှင့် ရမ်ဗြဲကျွန်းတို့မှ တရုတ်နိုင်ငံယူနန်ပြည်နယ် ရွှေလီအထိ အသီးသီးသွယ်တန်းနေသည့် မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းပင်ဖြစ်သည်။ပိုက်လိုင်းနှစ်ခုစလုံးသည်ရခိုင်ပြည်နယ်၊မကွေးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့ကို ဖြတ်သန်းသွယ်တန်းသည်။[၉၅] သို့သော်လည်း သုံးစွဲသူများသည် တရုတ်နိုင်ငံတွင် တည်ရှိသည်။ ဓာတ်ငွေ့ပိုက်လိုင်းကို အိန္ဒိယနှင့် ကိုရီးယားကုမ္ပဏီများနှင့်အတူ CNPC မှ ဆောက်လုပ်ခဲ့ခြင်းဖြစ်သော်လည်း ရေနံပိုက်လိုင်းမှာ CNPC တစ်ခုတည်းက သိသိသာသာပင် တည်ဆောက်ထားခြင်း ဖြစ်နိုင်သည်။

---

[၂၂] Wong, Serene (၂၀၁၉) "မြန်မာအစီရင်ခံစာ- ဆောက်လုပ်ရေးစျေးကွက် နောက်ဆုံးအခြေအနေ" ရိုက်ဒါ လီဘက် ဘက်ခ်နော ဇွန်လ

[၉၃] IOM (၂၀၂၁) မြန်မာရွှေ့ပြောင်းသွားလာမှုအား စောင့်ကြည့် ဆန်းစစ်ခြင်း ဌာနတွင်းထုတ်ဝေမှု

[၉၄] Gelb, S., Calabrese, L. and Tang, X. (၂၀၁၇) မြန်မာနိုင်ငံရှိ နိုင်ငံခြားမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသွင်ကူးပြောင်းခြင်း လန်ဒန်


[၉၅] CNPC "မြန်မာ-တရုတ် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းများအကြောင်း"
https://www.cnpc.com.cn/en/myanmarcsr/201407/f115a1cc6cdb4700b55def91a0d11d03/files/dec09c5452ec4d2ba36ee33a8efd4314.pdf

၃.၃ အခြေခံအဆောက်အအုံ

၃.၃.၁ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်

ပုံ(၁၁) သည် ၂၀၁၆–၂၀၄၀ ကာလအတွင်း မြန်မာနိုင်ငံ အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက်ကို GDP ၏ ရာခိုင်နှုန်းအဖြစ် အာရှနှင့် အခြားဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနိမ့်တိုင်းပြည်များနှင့် နှိုင်းယှဉ် ဖော်ပြထားခြင်းဖြစ်သည်။

ပုံ(၁၁) (၂၀၁၆) မှ (၂၀၄၀) ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အခြေခံအဆောက်အအုံကဏ္ဍ၏ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက် (GDP ၏ ရာခိုင်နှုန်း)




မှီငြမ်းချက် – Oxford Economics (၂၀၁၅) ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံ အလားအလာ၊ မြန်မာနိုင်ငံအကြောင်း တစ်စေ့တစ်စောင်း
https://cdn.gihub.org/outlook/live/countrypages/GIH_Outlook+Flyer_Myanmar.pdf

Global Infrastructure Outlook ၏ အခြေခံအဆောက်အအုံဆိုင်ရာ မျှော်မှန်းချက်အရ မြန်မာနိုင်ငံတွင် စွမ်းအင်၊ ဆက်သွယ်ရေး၊သယ်ယူပို့ဆောင်ရေး (လေဆိပ်၊ဆိပ်ကမ်းများ၊ရထားလမ်းများ၊လမ်းများ) နှင့် ရေဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများသည် ၂၀၁၆–၂၀၄၀ ခုနှစ် ကာလအတွင်း အမေရိကန်ဒေါ်လာ ၅၉ ဘီလီယံ ခန့်မှန်းခြေရှိသည်။ အလားတူကာလအတွက် ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်မှာ ခန့်မှန်းခြေ ဒေါ်လာ ၁၁၆ ဘီလီယံရှိပြီး ကွာဟချက်မှာ ဒေါ်လာ ၅၇ ဘီလီယံ ဖြစ်သည်။[၉၆] ပုံ ၁၂ သည် ၂၀၁၆–၂၀၄၀ ခုနှစ်ကာလအတွက် GDP ၏ ရာခိုင်နှုန်းတစ်ခုအဖြစ် မြန်မာ့အခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုလမ်းကြောင်းကို ပြသထားသည်။

---

[၉၆] Oxford Economics (၂၀၁၅) “ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အအုံများ - မြန်မာနိုင်ငံအကြောင်း”
https://cdn.gihub.org/outlook/live/countrypages/GIH_Outlook+Flyer_Myanmar.pdf
GDP တိုးတက်နှုန်း၏ နှစ်စဉ်ခန့်မှန်းခြေ ၂.၉၅ ရာခိုင်နှုန်း၊ စံလျော့တွက်ခန့်မှန်းခြေ ၅၀ ရာခိုင်နှုန်း (အွန်လိုင်းတွင်ဖော်ပြထားသော ပုံစံတွင် အများဆုံးလျော့တွက်ခန့်မှန်းချေ) နှင့် လိုက်လျောညီထွေစွာ ဖော်ပြထားသော အချက်အလက်များ

ပုံ(၁၂) ၂၀၁၆-၂၀၄၀ ခုနှစ်ကာလအတွင်း မြန်မာနိုင်ငံ အခြေခံအဆောက်အအုံကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနယ်ပယ်အလိုက် ဦးတည်ရာအလားအလာများ



အရင်းအမြစ် : Oxford Economics (၂၀၁၅) "ကမ္ဘာလုံးဆိုင်ရာ အခြေခံအဆောက်အဦများ - မြန်မာနိုင်ငံအကြောင်း"

မြန်မာအစိုးရသည်ဤအခြေခံအဆောက်အအုံလိုအပ်ချက်ကွာဟမှုကိုဖြည့်စွမ်းရန်အတွက် ဘဏ္ဍာငွေမလုံလောက်သောကြောင့် ကမ္ဘာ့ဘဏ်နှင့် ADB ကဲ့သို့သော IFI များနှင့် BOT စနစ်ကို အသုံးပြုကာ နိုင်ငံခြားကုမ္ပဏီများဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သည်။

၃.၃.၂ တရားဝင် ဖွံ့ဖြိုးတိုးတက်မှု အကူအညီ (ODA)


လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအကျပ်အတည်းများကြောင့် ကမ္ဘာ့ဘဏ်၊ ADB နှင့် JICA တို့သည် မြန်မာနိုင်ငံအစိုးရအား ချေးငွေ၊ ထောက်ပံ့ကြေးနှင့် အခြားထောက်ပံ့မှုများကို ဆိုင်းငံ့ထားသည်။[၉၇] သို့သော်လည်း မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ODA ၏ အခန်းကဏ္ဍကို နားလည်ရန် အရေးကြီးပြီးသည်မှာ အဆိုပါ ဆိုင်းငံ့ထားမှုများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် OSH စီမံခန့်ခွဲမှုအပေါ် ရေတိုနှင့် ကာလလတ်တွင် အကျိုးသက်ရောက်မှုများကို သိရှိနားလည်ရန်နှင့်၊ ODA ပံ့ပိုးမှုများရရှိရန် အခြေအနေများအတွက် ပြန်လည်အရည်အချင်းပြည့်မှီလာသောအခါ မြန်မာနိုင်ငံအတွက် ဖြစ်ပေါ်လာမည့် အလားအလာများကို နားလည်ရန်အတွက် ဖြစ်သည်။

၁၉၈၂ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ JICA သည် မြန်မာနိုင်ငံတွင် သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့နှင့် ဆက်သွယ်ရေးစီမံကိန်းများအတွက် ODA ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅,၀၀၀ ဝန်းကျင်ကို အတည်ပြုခဲ့သည်။ အောက်ဖော်ပြပါ ပုံ ၁၃ တွင် JICA ချေးငွေများကို ကဏ္ဍခွဲအလိုက် အသီးသီးပြသထားသည်။ ပုံတွင် ၃၈ နှစ်တာကာလအတွင်း တစ်နှစ်လျှင် ပျမ်းမျှ ဒေါ်လာ ၁၃၂ သန်းခန့်ကို ကိုယ်စားပြုသည်။ နှိုင်းယှဉ်ကြည့်ပါက ၁၉၈၈-၂၀၁၅ ခုနှစ် ကာလအတွင်း ပျမ်းမျှ နှစ်စဉ် FDI သည် ကန်ဒေါ်လာ ၁,၈၀၉ သန်းဖြစ်သည်။

---

[၉၇] ကျကာတာပို့စ် (၂၀၂၁) "အာရှဖွံ့ဖြိုးရေးဘဏ် အေဒီဘီ သည် စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ စီမံကိန်းများအား ရန်ပုံငွေအကူအညီပေးခြင်းကို ဆိုင်းငံ့သည်" မတ်လ ၁၁
www.thejakartapost.com/seasia/2021/03/11/adb-suspends-funding-for-projects-in-myanmar-after-military-coup.html

ပုံ (၁၃) JICA ၏ ODA ခွင့်ပြုမှုပမာဏ (အမေရိကန် ဒေါ်လာသန်းပေါင်း)



မှီငြမ်းချက် – JICA “ODA ချေးငွေ စီမံကိန်းဆိုင်ရာ အချက်အလက်များ”


အမြင့်ဆုံးကတိပြု အကူအညီပေးခဲ့သည်များမှာ အမေရိကန်ဒေါ်လာ သန်း ၂,၆၀၀ ဝန်းကျင် တန်ဖိုးရှိသည့် ရထားလမ်းများ၊ ဓာတ်အားပေးစက်ရုံများနှင့် လမ်းများ ဖြစ်ကြသည်။ ဈေးကွက်ဖော်ဆောင်သူများနှင့် ဆွေးနွေးမေးမြန်းမှုများတွင် မြန်မာနိုင်ငံတွင် FDI ဆွဲဆောင်ခြင်းသည် ပိုမိုကောင်းမွန်သော လမ်းအခြေခံအဆောက်အအုံနှင့် ပိုမိုယုံကြည်စိတ်ချရသော စွမ်းအင်အရင်းမြစ်များ လိုအပ်မည်ဖြစ်ပြီး စီးပွားရေးလုပ်ဆောင်နိုင်သည့် ပတ်ဝန်းကျင်တွင် တိုးတက်မှုရှိရန် လိုအပ်ကြောင်း အတည်ပြုခဲ့သည်။ Oxford Business Group မှ သုတေသနပြုချက်သည် ဤတွေ့ရှိချက်များကို အတည်ပြုသည်။[၉၅] လက်ရှိအကျပ်အတည်း အခြေအနေများကြောင့် ဤမျှော်မှန်းချက်သည် ကာလလတ်တွင် တွေ့ဆုံရန် ခက်ခဲနိုင်ပြီး FDI ကို ပိုမိုလျော့နည်းစေသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ ADB မှ မြန်မာနိုင်ငံသို့ ပို့ဆောင်ရေး၊ စွမ်းအင်၊ ရေနှင့် အခြားမြို့ပြအခြေခံ အဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအပြင် အခြားသောသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများအတွက် ကတိပြုထားသည့် ADB ချေးငွေ၊ ထောက်ပံ့ကြေးနှင့် နည်းပညာအကူအညီပမာဏမှာ အမေရိကန်ဒေါ်လာ (၄)ဘီလီယံကျော်ရှိကြောင်း သိရသည်။ ဤပမာဏသည် ကဏ္ဍပေါင်းစုံ ရင်းနှီးမြှုပ်နှံမှုများတွင် ပါဝင်နိုင်သည့် အခြေခံအဆောက်အအုံနှင့် အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံများ (ဥပမာ– ကျောင်းများနှင့် ဈေးကွက်များ) တွင် ပြုလုပ်ထားသော ပမာဏများ မပါဝင်ပါ။

ဆွေးနွေးမေးမြန်းခဲ့သည့် သက်ဆိုင်ရာ ကန်ထရိုက်တာများ၏ ပြောကြားချက်အရ ODA သည် ဆောက်လုပ်ရေးကဏ္ဍတွင် OSH တိုးတက်မှုအတွက် အလားအလာရှိသော တွန်းအားတစ်ခုဖြစ်ပြီး၊ JICA၊ ADB နှင့် ကမ္ဘာ့ဘဏ်တို့သည် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၏ကန်ထရိုက်တာများအနေဖြင့် ၎င်းတို့၏သက်ဆိုင်ရာ OSH လိုအပ်ချက်များကို လိုက်နာရန် တောင်းဆိုကြသည်။ စာချုပ်ပါလိုအပ်ချက်များကို ဤအကဲဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြန်လည်သုံးသပ်ခြင်း မပြုသော်လည်း ODA ဖြင့်လုပ်ဆောင်သောစီမံကိန်းများတွင် ပိုမိုကောင်းမွန်သော ဘေးအန္တရာယ်များ ဖြစ်နိုင်ချေများကို စီမံခန့်ခွဲမှု သို့မဟုတ် OSH စီမံခန့်ခွဲမှု၏ အစိတ်အပိုင်းများကို ယေဘုယျအားဖြင့် ကောင်းမွန်စွာတွေ့ရှိရပါသည်။ သွားရောက်လေ့လာခဲ့သော လုပ်ငန်းခွင်များကြားတွင် ODA အစီအစဉ်ဖြင့် လုပ်ငန်းအပ်နှံကာလုပ်ဆောင်သော စီမံကိန်းများ၏ ကန်ထရိုက်တာများသည် သီးသန့် OSH မန်နေဂျာများနှင့် အရာရှိများ၊ OSH မူဝါဒများ၊ လုပ်ငန်းခွင်ကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်းစနစ်များနှင့် ဝန်ထမ်းများကို စတင်မိတ်ဆက်လေ့ကျင့်ပေးခြင်းများအပါအဝင် OSH ဆိုင်ရာ ဘေးအန္တရာယ်များဖြစ်နိုင်ချေများကို စီမံခန့်ခွဲမှုများ အသေးစိတ်ပြုလုပ်ထားသည်ကို တွေ့ရှိလေ့လာခဲ့ရပါသည်။

[၉၅] အောက်စ်ဖို့ဒ်စီးပွားရေးအုပ်စု (၂၀၁၇) “မြန်မာနိုင်ငံတွင် အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းများ စတင်” https://oxfordbusinessgroup.com/overview/taking-big-steps-large-scale-projects-aim-address-infrastructure-gap

ပုံ (၁၄) ADB ၏ မြန်မာနိုင်ငံတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုပမာဏ (၂၀၂၀ ဒီဇင်ဘာအထိ)



မှီငြမ်းချက် – ADB Data Library (၂၀၁၈): “ချေးငွေ၊ ထောက်ပံ့ငွေနှင့် နည်းပညာအကူအညီ ကတိကဝတ်များ”

ဆွေးနွေးတိုင်ပင်ခြင်းများအရ၊ အထက်ပါကန်ထရိုက်တာများကဆောင်ရွက်သော OSH စီမံခန့်ခွဲမှု အလေ့အကျင့်များ၏ အဓိကသော့ချက်မှာ ODA အစီအစဉ်ဖြင့် လုပ်ငန်းအပ်နှံသူများသည် OSH ဝန်ထမ်းများနှင့် လုပ်ငန်းတာဝန်များကို ၎င်းတို့၏ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အစီအစဉ်ထဲတွင် တစ်စိတ်တစ်ပိုင်းအဖြစ် ထည့်သွင်းထားသည့်အချက်ဖြစ်သည်။ သို့သော်လည်း ODA စီမံကိန်းနှင့် သီးသန့်ငွေအရင်းအနှီးဖြင့် လည်ပတ်သော စီမံကိန်းများသို့ သွားရောက်လေ့လာခဲ့မှုများအရ အဆိုပါ OSH အလေ့အကျင့်များကို ODA စီမံကိန်းများတွင်သာ ပြုလုပ်တွေ့မြင်နိုင်မည်ဖြစ်ပြီး အခြားသွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင်များတွင် လုပ်ဆောင်မှု မရှိသလောက်ရှားပါသည်ကြောင်း သိရှိရပါသည်။ အစီရင်ခံစာ၏ အစောပိုင်းတွင် ဖော်ပြထားသည့် ကန့်သတ်ချက်များကြောင့် လုပ်ငန်းခွင်များလေ့လာစောင့်ကြည့်မှုများကို ရန်ကုန်မြို့တွင်သာ ပြုလုပ်ခဲ့ရပြီး ယင်းတွင် ODA အစီအစဉ်ဖြင့် ဖော်ဆောင်လျက်ရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုနှင့် တောင်ကိုရီးယား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေမှ ထောက်ပံ့ပေးထားသော ကိုရီးယား-မြန်မာ ချစ်ကြည်ရေးတံတားတည်ဆောက်ရေးနေရာတို့ ပါဝင်ပါသည်။

ODA ၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးသည် FDI နှင့် နှိုင်းယှဉ်ပါက အကန့်အသတ်ရှိပြီး FDI သည် အလုပ်သမားများထံသို့ ပိုမိုရောက်ရှိနိုင်သောကြောင့် OSH တိုးတက်မှုအတွက် ပိုမိုကောင်းမွန်သော တွန်းအားဖြစ်စေသည်။ သို့သော်လည်း ODA ငွေကြေးထောက်ပံ့သော စီမံကိန်းများတွင် ပိုမိုကောင်းမွန်သော OSH လိုအပ်ချက်များကို နားလည်သဘောပေါက်ခြင်းသည် FDI မှတဆင့် ငွေကြေးထောက်ပံ့ဖော်ဆောင်နေသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ကောင်းမွန်သော OSH စီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန် ကန်ထရိုက်တာများအတွက် မှန်ကန်သော ဆွဲဆောင်မှုမက်လုံးများ ဖြစ်ပေါ်လာစေရန် အထောက်အကူဖြစ်စေသည့် ကောင်းသောစမှတ်တစ်ခု ဖြစ်နိုင်သည်။

JICA၊ World Bank နှင့် ADB ကဲ့သို့သော ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများနှင့် IFI များ နိုင်ငံခြားကုမ္ပဏီများအပါအဝင် နိုင်ငံခြားတိုင်းပြည်များမှ ချေးငွေဖြင့် တည်ဆောက်ဖော်ဆောင်သော အခြေခံအဆောက်အအုံနှင့် ဆောက်လုပ်ရေးစီမံကိန်းများသည် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ ကျင့်ထုံးများဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရမည်ဖြစ်သည်။ ၎င်းတို့တွင် စီမံကိန်း ဧရိယာအတွင်းနှင့် ပတ်ဝန်းကျင်ရှိ အလုပ်သမားများနှင့် လူမှုအသိုင်းအဝိုင်းများအတွက် ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို အကဲဖြတ်မှုများ ပါဝင်သည်။ အဆိုပါအချက်သည်လည်း မြန်မာနိုင်ငံအစိုးရမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီမှုရှိပါသည်။ ၎င်းအချက်သည် OSH တိုးတက်မှုအတွက် မောင်းနှင်အားတစ်ခုလည်း ဖြစ်နိုင်ပြီး အခန်း ၅ တွင် အကျယ်ထည့်သွင်းရေးသားထားသည်။

၃.၃.၃ အထူးစီးပွားရေးဇုန်များ

အစိုးရ၏ ပြုပြင်ပြောင်းလဲမှုများ၏ ရည်ရွယ်ချက်တစ်ခုမှာ မြန်မာနိုင်ငံသည် ကုန်ထုတ်လုပ်မှု ကဏ္ဍအပေါ် ပိုမို မှီခိုအားထားနိုင်စေမည့် ဖွဲ့စည်းပုံဆိုင်ရာ အပြောင်းအလဲများကို ဆောင်ကြဉ်းပေးရန်ဖြစ်သည်။ သွင်းကုန်၊ ပို့ကုန်နှင့် FDI တို့ကို လွယ်ကူချောမွေ့စွာစီးဆင်းစေမည့် အထူးစီးပွားရေးဇုန်များ ထူထောင်ရေးသည် ၄င်းရည်ရွယ်ချက်ကို ရှေ့သို့ရောက်ရှိရန် ကြိုးပမ်းမှုများလည်းဖြစ်သည်။[၉၉]

အထူးစီးပွားရေးဇုန်များနှင့် စက်မှုဇုန်များသည် FDI နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုအများစုကို စုစည်းထားသောကြောင့် ၎င်းတို့သည် နိုင်ငံခြားကုမ္ပဏီများကို ဆွဲဆောင်ရန် အခွင့်အလမ်းပိုများသည်။ ၎င်းသည် OSH ဆိုင်ရာများ တိုးတက်မြင့်မားစေရေးအတွက် အခွင့်အလမ်းဖြစ်သလို နည်းပညာနှင့် အသိပညာများကို ကူးလူးဖလှယ်ရန် အခွင့်အလမ်းများလည်း ပေးစွမ်းနိုင်သည်။ သို့သော်လည်း လက်ရှိအကျုပ်အတည်းများနှင့် အထူးစီးပွားရေးဇုန်များတွင်ရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းအများစုမှာ ရပ်နားထားရခြင်းကြောင့် မကြာမီကာလအတွင်း အဆိုပါအခွင့်အလမ်းများ အကောင်အထည်ပေါ်လာမည်မှာ သေချာမှုမရှိပေ။[၁၀၀]

အထူးစီးပွားရေးဇုန်များတွင်တည်ရှိသောရင်းနှီးမြှုပ်နှံသူများသည်မြန်မာနိုင်ငံအထူးစီးပွားရေးဇုန်ဥပဒေအောက်တွင်အကျုံးဝင်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည် အထူးစီးပွားရေးဇုန်များရှိ ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်ခြင်းမရှိပေ။ ရင်းနှီးမြှုပ်နှံသူများသည် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (၂၀၂၀)။ အလုပ်အကိုင်နှင့် အလုပ်သမားဆိုင်ရာ အမျိုးသားဥပဒေများကဲ့သို့ အခြားသော နိုင်ငံတော်ဥပဒေများနှင့် နည်းဥပဒေ၊ စည်းမျဉ်းများကိုလည်း လိုက်နာရမည်ဖြစ်သည်။ အထူးစီးပွားရေးဇုန်များရှိ အလုပ်သမားရေးရာကိစ္စရပ်များအတွက် အဆုံးအဖြတ်ပေးခြင်း၊ စောင့်ကြည့်ခြင်းနှင့် ပြဋ္ဌာန်းခြင်းဆိုင်ရာ အဆုံးစွန်သောအာဏာများကို MoLIP ၏ FGLLID မှ ချုပ်ကိုင်ထားသည်။

အထူးစီးပွားရေးဇုန်ဥပဒေကို ၂၀၁၄ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံတွင် တည်ရှိနေသည့် အထူးစီးပွားရေးဇုန် သုံးခုဖြစ်သည့် ရခိုင်ပြည်နယ် ကျောက်ဖြူ၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နှင့် ရန်ကုန်တိုင်းဒေသကြီး သီလဝါ အထူးစီးပွားရေးဇုန်တို့သည် ထိုဥပဒေအောက်တွင် အကျုံးဝင်သည်။ အထူးစီးပွားရေးဇုန်ဥပဒေအား အကောင်အထည်ဖော်ရာတွင် ဗဟိုအဖွဲ့၊ ဗဟိုလုပ်ငန်းအဖွဲ့နှင့် အထူးစီးပွားရေးဇုန်များရှိ စီမံခန့်ခွဲမှုကော်မတီများ ပါဝင်သော ယင်းရည်ရွယ်ချက်အတွက် သုံးဆင့်အထူးဖွဲ့စည်းထားသည့် ဖွဲ့စည်းပုံဖြင့် ဆောက်ရွက်သည်။[၁၀၁] ဗဟိုအဖွဲ့သည် အထူးစီးပွားရေးဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၄င်းအောက်တွင်ရှိသော အဖွဲ့အစည်းများ၏ လုပ်ငန်းများအကောင်အထည်ဖော်မှုကို ကြီးကြပ်ကွပ်ကဲသည့် ဝန်ကြီးဌာနပေါင်းစုံပါဝင်သော အမြင့်ဆုံးအဖွဲ့ဖြစ်သည်။ ဗဟိုအလုပ်အဖွဲ့သည် ဗဟိုအဖွဲ့အား မူဝါဒများဖော်ဆောင်ကာ အကြံပေးခြင်းကို လုပ်ဆောင်ပံ့ပိုးပေးသည်။ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီတစ်ခုစီသည် သက်ဆိုင်ရာ အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲသည်။ အထူးစီးပွားရေးဇုန်များ၏ ဥပဒေမူဘောင်အတွက် အဓိကသော့ချက်တစ်ခုမှာ အထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေး ကော်မတီသည် အထူးစီးပွားရေးဇုန်များတွင်ရှိသော အလုပ်သမားများ၏ ရပိုင်ခွင့်နှင့် ခံစားပိုင်ခွင့်များ မနှိမ့်ကျစေရေးပင် ဖြစ်ပါသည်။[၁၀၂]

အထူးစီးပွားရေးဇုန်ဥပဒေသည် ဝန်ဆောင်မှုများကို တစ်နေရာတည်းတွင်ရယူနိုင်သောစင်တာ (One Stop Service Centre) တည်ထောင်ရန် စီမံခန့်ခွဲမှုကော်မတီတစ်ခုစီကို ညွှန်ကြားထားသည်။ ရင်းနှီးမြှုပ်နှံသူများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုများပေးဆောင်နိုင်စေရန်အတွက် အစိုးရဌာနအသီးသီးမှ ကိုယ်စားလှယ်များကို လက်ခံဆောင်ရွက်ပေးပါသည်။ အထူးစီးပွားရေးဇုန်ဥပဒေသည် ကုမ္ပဏီမှတ်ပုံတင်ခြင်း သို့မဟုတ် သဘာဝပတ်ဝန်းကျင်ဆိုင်ရာခွင့်ပြုချက်များကဲ့သို့သော အထူးစီးပွားရေးဇုန်များတွင် သက်ဆိုင်သည့် အခြားဥပဒေများတွင် ပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများနှင့် လုပ်ပိုင်ခွင့်အာဏာများမှ သွေဖီခြင်းကို ခွင့်မပြုပါ။[၁၀၃]

---

[၉၉] Khandelwal, A. and Teachout, M. (၂၀၁၆) "မြန်မာအတွက်အထူးစီးပွားရေးဇုံများ အိုင်ဂျီစီ အစီရင်ခံစာ"

[၁၀၀] Nikkei Asia (၂၀၂၁) "မြန်မာစစ်တပ်အာဏာသိမ်းမှုသည် ကုမ္ပဏီများ၏ ၁၃ ရာခိုင်နှုန်းအား ရပ်ဆိုင်းသွားစေခဲ့သည်စစ်တမ်းရလဒ်များအရ နိုင်ငံရေးအပြောင်းအလဲနှစ်လသည် ကူးစက်ရောဂါဖြစ်ပွားသော တနှစ် ကာလထက် ပိုမိုထိခိုက်သွားခဲ့သည်(မေ ၇)

[၁၀၁] DICA "အထူးစီးပွားရေးဇုံများ" https://www.dica.gov.mm/en/special-economic-zones

[၁၀၂] ICJ (၂၀၁၇) "မြန်မာနိုင်ငံရှိအထူးစီးပွားရေးဇုံများနှင့် လူ့အခွင့်အရေးအားအကာအကွယ်ပေးရန် နိုင်ငံတော်အစိုးရ၏ တာဝန် အစီရင်ခံစာ"

[၁၀၃] တူညီသော မှီငြမ်းချက်

အထူးစီးပွားရေးဇုန်သုံးခုသည် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁.၃ ဘီလီယံကို ကိုယ်စားပြုပြီး ဆောက်လုပ်ရေးကဏ္ဍတစ်ခုလုံး၏ ခန့်မှန်းနှစ်အလိုက် ဈေးကွက်တန်ဖိုး၏ ၁၁၉ ရာခိုင်နှုန်း (ဒေါ်လာ ၉.၅ ဘီလီယံ) နှင့် ညီမျှသည်။ သို့သော်လည်း ရင်းနှီးမြှုပ်နှံမှုများနှင့် စီမံကိန်းများကို ရပ်ဆိုင်းလိုက်ခြင်းသည် အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီများက OSH ဆိုင်ရာ လုပ်ဆောင်ရန်များကို ကာလလတ်တွင် လုပ်ဆောင်နိုင်မှုပေါ်တွင် အဟန့်အတားအဖြစ် အရိပ်အယောင်ပြနေသည်။

၃.၃.၄ စက်မှုဇုန်များ

မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (MIMU) ၏ မြေပုံညွှန်းအရ မြန်မာနိုင်ငံတွင် စက်မှုဇုန် စုစုပေါင်း ၁၃၂ ခုရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ၄၅ ခု၊ မန္တလေးတိုင်းဒေသကြီးတွင် ၇ ခုနှင့် အခြားပြည်နယ်နှင့် တိုင်းဒေသကြီး ၃၈ ခု အသီးသီးဖြစ်ပါသည်။[၁၀၄]

မြန်မာနိုင်ငံတွင် စက်မှုဇုန်များ ဆက်လက်ဖွံ့ဖြိုးနေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် Korea Land and Housing Corporation နှင့် ရန်ကုန်မြို့မြောက်ဘက် ၁၀ ကီလိုမီတာ အကွာ လှည်းကူးမြို့နယ်တွင် ကိုရီးယား-မြန်မာ စက်မှုဇုန်ကို တည်ဆောက်ရန် ဖက်စပ်လုပ်ငန်းအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။ ၂၂၅ ဟက်တာရှိသော စီမံကိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းသို့ လွယ်ကူချောမွေ့စွာ ဝင်ရောက်နိုင်စေရန် မျှော်မှန်းထားပြီး ပို့ကုန်ကို ဦးတည်သည့် တောင်ကိုရီးယား ကုမ္ပဏီပေါင်း ၂၀၀ ထံမှ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရန် မျှော်လင့်ထားသည်။ ကိုရီးယား ပို့ကုန်သွင်းကုန်ဘဏ်မှ သီးသန့် ၁၀၀ မီဂါဝပ် ဓာတ်အားခွဲရုံသွယ်တန်းခြင်းနှင့် ကလီထော်ဆည်မှ ရေလမ်းကြောင်း အသစ်တစ်ခု တည်ဆောက်ရန်အတွက် ချေးငွေရယူထားပြီး စီမံကိန်းကို ၂၀၂၃ ခုနှစ်တွင် အပြည့်အဝ ပြီးမြောက်ရန် မျှော်မှန်းထားကြောင်း သိရသည်။

ပုံ (၁၅) ရန်ကုန်မြို့ရှိ စက်မှုဇုန်များ



မှီငြမ်းချက် – မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (၂၀၁၉) “စက်မှုဇုန်နှင့် အထူးစီးပွားရေးဇုန်များ”
https://themimu.info/sites/themimu.info/files/documents/Sector_Map_Industrial_and_Special_Economic_Zones_MIMU1676v01_01Oct2019_A4.pdf

[၁၀၄] “မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (၂၀၁၉) စက်မှုနှင့်အထူးစီးပွားရေးဇုန်များ အောက်တိုဘာ”

OSH မြှင့်တင်ရေးအတွက် စျေးကွက်အခြေခံ အခွင့်အလမ်းများသည် စက်မှုဇုန်များဖော်ဆောင်သူများ၊ စီမံခန့်ခွဲရေးကော်မတီများနှင့် ဇုန်များတွင် ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံခြင်းအားဖြင့် တည်ရှိပါသည်။ အလားတူ အထူးစက်မှုဇုန်များတွင် အများပြည်သူနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ မျှဝေလုပ်ဆောင်နိုင်သည့် ဒေသအခြေပြုပုံစံများဖြင့် အလုပ်သမားဥပဒေများနှင့်ဆိုင်သော သတင်းအချက်အလက်၊ လေ့ကျင့်သင်ကြားမှုနှင့် ပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်နိုင်ပါသည်။

၃.၄ အဆောက်အအုံများ


ဤအပိုင်းတွင် လူဦးရေနှင့် မြို့ပြအခြေချနေထိုင်မှုတွင် အဓိကခေတ်ရေစီးကြောင်းနှင့် လူနေစီးပွားရေးနှင့် အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံများ၏ ဝယ်လိုအား၊ တည်ဆောက်နိုင်မှုနှင့် ကုန်ကျစရိတ်တို့ကို ဖော်ပြထားပါသည်။ လူနေအဆောက်အအုံများတွင် တန်ဖိုးနည်းအိမ်ရာများပါဝင်ပြီး စီးပွားရေးဆိုင်ရာ အဆောက်အအုံများတွင် စီးပွားရေးပြုလုပ်နိုင်မည့်နေရာ၊ ရုံးခန်းများ၊ လက်လီအရောင်းဆိုင်များ၊ ဝန်ဆောင်မှုပေးသည့် တိုက်ခန်းများ၊ လူနေအိမ်ရာနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ စီမံကိန်းများအပြင် တစ်ဦးချင်း အိမ်ဆောက်လုပ်မှုလည်း ပါဝင်သည်။

၃.၄.၁ လူဦးရေနှင့် မြို့ပြများ

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်တွင် လူဦးရေ ၅၁,၄၈၆,၂၅၃ သန်း နေထိုင်သည်။ မြို့ပြလူဦးရေသည် ၁၉၈၇ ခုနှစ်တွင် ၂၄.၇ ရာခိုင်နှုန်းမှ ၂၀၁၇ ခုနှစ်တွင် ၃၀.၃ ရာခိုင်နှုန်းသို့ တဖြည်းဖြည်း တိုးတက်လာခဲ့သည်။[၁၀၅]

မြန်မာနိုင်ငံတွင် ကျေးလက်နှင့်မြို့ပြ နေထိုင်သူဦးရေသည် ၂၀၃၀ ခုနှစ်ဝန်းကျင်အထိ ဆက်လက် တိုးတက်နေဦးမည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ကျေးလက်နှင့်မြို့ပြတွင် နေထိုင်သူအရေအတွက်သည် ၂၀၅၀ ခုနှစ်ဝန်းကျင်တွင် ရောက်ရှိလာမည်ဖြစ်သည်။ မြို့ပြရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းများ ဆက်လက်ရှိနေပါက၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံလိုအပ်ချက် တိုးလာမည်ဖြစ်သည်။

ပုံ (၁၆) မြို့ပြတွင် အခြေချနေထိုင်ပုံများအလိုက် အမျိုးအစားခွဲခြားထားသည့် လူဦးရေ



မှီငြမ်းချက် – CJ (၂၀၁၈) Population Dynamics–"မြန်မာနိုင်ငံအကြောင်း တစ်စေ့တစ်စောင်း" https://population.un.org/wup/Country-Profiles/

[၁၀၅] အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၇) ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များ-ဒီဇင်ဘာ www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_2014_census.pdf

မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့နှင့် စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့သည် လူဦးရေ ၇.၃ သန်းရှိပြီး စုစုပေါင်းလူဦးရေ၏ ၁၄.၃ ရာခိုင်နှုန်းရှိသည်။[၁၀၆] မြန်မာနိုင်ငံတွင် မြို့ပြလူဦးရေသည် ၂၀၃၀ ခုနှစ်တွင် သန်း ၂၀ ကျော်ရှိလာနိုင်ပြီး အဓိကမြို့ကြီးသည် လူဦးရေ ၅–၁၀ သန်းအထိနှင့် အခြား မြို့ကြီး ၄ မြို့မှာ လူဦးရေ ၅၀၀,၀၀ မှ ၁ သန်းကြားနှင့် ကျန်မြို့များတွင် လူဦးရေ ၅၀၀,၀၀၀ အထိ လက်ခံနိုင်မည်ဖြစ်သည်။

ကမ္ဘာ့ဘဏ်၏ အဆိုအရ မြန်မာနိုင်ငံတွင် မြို့ပြနေထိုင်မှု နည်းပါးပြီး ၃၀ ရာခိုင်နှုန်းခန့်သာ ရှိပါသည်။[၁၀၇] ယခုအခါ လူဦးရေ ၁၅ သန်းခန့်သည် မြို့ပြများတွင်နေထိုင်ကြပြီး ရန်ကုန်နှင့် မန္တလေးသည် မြို့ပြလူဦးရေ စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သည်။ ဤပမာဏသည် ၂၀၃၀ ခုနှစ်တွင် သန်း ၃၀ အထိ တိုးလာမည်ဟု ခန့်မှန်းထားသည်။ ၂၀၀၉ နှင့် ၂၀၁၄ ခုနှစ်ကြားတွင် ဖြစ်ပွားခဲ့သော မြို့ပြလူဦးရေတိုးနှုန်း စုစုပေါင်း၏ ၈၁ ရာခိုင်နှုန်းသည် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ခြင်းကြောင့်ဟု ယူဆပါသည်။ ရွှေ့ပြောင်းနေထိုင်သူအများစုသည် အလုပ်အကိုင်အတွက် မြို့ကြီးများသို့ ပြောင်းရွှေ့နေထိုင်ကြသည်။

ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်းတွင် လူပေါင်း ၁၁၄,၀၀၀ ကျော်သည် နေထိုင်သည့် ကျေးလက်နေရပ်ဒေသများသို့ ပြန်ရန် ရန်ကုန်မြို့မှ ပြောင်းရွှေ့ထွက်ခွာသွားသည့်တိုင် မြို့ပြအသွင်ကူးပြောင်းမှုဖြစ်စဉ်မှာ ပြောင်းပြန်ဖြစ်သွားသော်လည်း ယင်းမှာ ယာယီသာ ဖြစ်နိုင်သည်။ သို့သော်လည်း IOM ၏ အကဲဖြတ်ချက်အရ ပြောင်းရွှေ့ထွက်ခွာသွားသူ အများစုသည် ၎င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများရှိသည့် မြို့ပြများသို့ ပြန်လိုကြသည်။[၁၀၈]

၃.၄.၂ အိမ်ရာလိုအပ်ချက်

၂၀၀၉–၂၀၁၄ ခုနှစ်အတွင်း ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ ၄၃ ရာခိုင်နှုန်းမှာ ရန်ကုန်နှင့် မန္တလေးတွင် ၁၂.၅ ရာခိုင်နှုန်း အသီးသီးဖြစ်သည်။[၁၀၉] ဖေဖော်ဝါရီ ၁ ရက်မတိုင်မီက မြန်မာနိုင်ငံ၏ အဓိကစီးပွားရေး အချက်အချာဖြစ်သော ရန်ကုန်နှင့် မန္တလေးတွင် အလတ်တန်းစား ကွန်ဒို့များ ဝယ်လိုအားကောင်းခဲ့ပါသည်။ ယခင်အစိုးရများက ၂၀၁၁ ခုနှစ်ကတည်းက အိမ်ရာတစ်သန်းစီမံကိန်းကို အကောင်အထည်ဖော်ရန် စီစဉ်ခဲ့ပြီး ၂၀၃၀ ခုနှစ်တွင် ပြီးမြောက်အောင်မြင်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။[၁၁၀]

Oxford Business Group ၏ ခွဲခြမ်းစိတ်ဖြာချက်[၁၁၁] အရ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မြို့ပြနှင့် အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနက လူဦးရေပေါင်း ၁.၈ သန်းခန့်သည် တန်ဖိုးနည်းအိမ်ရာများ လိုအပ်နေပြီး အစိုးရသည် ကြီးထွားလာသော ဝယ်လိုအားကို ဖြည့်ဆည်းမပေးနိုင်ကြောင်း အသိပေးပြောဆိုထားပါသည်။ အလားတူ ဆန်းစစ်ချက်တွင် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ သို့မဟုတ် မြို့နယ်များမှ အလုပ်ရှာဖွေရန် မျှော်လင့်ချက်ဖြင့် နှစ်စဉ် အနည်းဆုံး လူ ၃၃၀,၀၀၀ သည် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်ကြောင်း ညွှန်ပြနေသည်။ အိမ်ရာတစ်သန်းစီမံကိန်းသည် နိုင်ငံရေး အခြေအနေကြောင့်သာမက အကျပ်အတည်းများကြောင့် ဖြစ်ပေါ်လာသော လက်တွေ့ကျသော ကန့်သတ်ချက်များကြောင့်လည်း ဆက်လက်လုပ်ဆောင်နိုင်ဦးမည်ကို ရှင်းလင်းစွာ မသိရသေးပေ။

ကမ္ဘာ့ဘဏ်၏ အဆိုအရ မြန်မာနိုင်ငံတွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး စီမံခန့်ခွဲမှုနှင့် ငွေကြေးထောက်ပံ့မှုသည် စိန်ခေါ်မှုများ ရှိနေသည်။[၁၁၂] မြို့ပြဝန်ဆောင်မှုပေးဝေခြင်း လုပ်ငန်းဆောင်တာများကို ဒေသဆိုင်ရာအစိုးရများထံ ခွဲဝေချထားသော်လည်း လက်တွေ့ရှိ ဒေသန္တရအုပ်ချုပ်ရေးတွင် မူဝါဒ/မူဘောင်များ၊ ဘဏ္ဍာရေးအရင်းအမြစ်များနှင့် နည်းပညာစွမ်းဆောင်ရည် အစရှိသည်များတွင် အကန့်အသတ်များ ရှိနေပါသည်။ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတသော ဆုံးဖြတ်ချက်များချမှတ်ခြင်း အပြင် မြေပြင်ပေါ်ရှိ အစီအစဉ်များနှင့် မူဝါဒများကို အောင်မြင်စွာအကောင်အထည်ဖော်ရန် အရင်းအမြစ်များ မလုံလောက်ခြင်းသည် သာတူညီမျှရှိမှုကို အားမပေးသော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့တွင်းမညီမျှမှုများကို ဖြစ်ပေါ်စေနိုင်ပြီး လူမှုရေး တင်းမာမှုများ၊ ရာဇဝတ်မှုနှင့် အကြမ်းဖက်မှုတို့ကို ဖြစ်ပေါ်စေနိုင်သည်။

---

[၁၀၆] အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၇) ၂၀၁၄ခုနှစ် မြန်မာနိုင်ငံ လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များ–ဒီဇင်ဘာ www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_2014_census.pdf

[၁၀၇] ကမ္ဘာ့ဘဏ်(၂၀၁၉) “မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း အားလုံးအတွက် အခွင့်အလန်းများဖန်တီးခြင်း” ဝါရှင်တန်ဒီစီ

[၁၀၈] IOM (၂၀၂၁) “ မြန်မာရွှေ့ပြောင်းသွားလာမှုအား စောင့်ကြည့်ဆန်းစစ်ခြင်း ဌာနတွင်းပုံနှိပ်ထုတ်ဝေမှု”

[၁၀၉] တူညီသော မှိုငြမ်းချက်

[၁၁၀] Nwal, S.S. and Panuwatwanich, K. (၂၀၁၈) “မြန်မာနိုင်ငံရှိလူမှုအဆောက်အအုံ ပြဿနာများနှင့်ရှေ့ဆက်ရန်နည်းလမ်းများ”

[၁၁၁] Oxford Business Group (၂၀၁၆) မြန်မာ့လူဦးရေ မြင့်မားလာခြင်းကြောင့် ဖြစ်ပေါ်လာသော အိုးအိမ်လိုအပ်ချက်များ အစီရင်ခံစာ မြန်မာ https://oxfordbusinessgroup.com/analysis/affordable-housing-yangon%E2%80%99s-rapidly-growing-population-driving-demand-low-cost-housing

[၁၁၂] တူညီသော မှိုငြမ်းချက်

လူနေအိမ်ရာ စီမံကိန်း အများအပြားကို ရပ်ဆိုင်းထားရသည်။ လေ့လာမှုအရ ၂၀၁၃ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ဆောက်လုပ်ဆဲ အိမ်ရာစီမံကိန်းပေါင်း ၂၅၉ ခုရှိခဲ့သည်။[၁၁၃] ၎င်းတို့အနက် ၈၆ ရာခိုင်နှုန်း (၂၂၃ ခု) သည် အထပ်မြင့် အဆောက်အအုံများ ဖြစ်သည်။[၁၁၄] ရန်ကုန်တိုင်းဒေသကြီးအတွင်း လူနေအိမ်ရာ သို့မဟုတ် စီမံကိန်းအရောကို တည်ဆောက်ရာတွင် ထင်ရှား ကျော်ကြားသော ပုဂ္ဂလိကစီမံကိန်းများတွင် ရိုးမမှ Landmark စီမံကိန်း၊ Tokyo Tatemono Asia/Fujita ကော်ပိုရေးရှင်းမှ မြပင်လယ်အော်နှင့် Marga Global မှ The Central စီမံကိန်းတို့ ပါဝင်သည်။ မြေဧက ၂၀,၀၀၀ (၈,၀၉၄ ဟက်တာ) ပေါ်တွင် ခန့်မှန်းကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံဖြင့် ဖော်ဆောင်နေသော ရန်ကုန်မြို့သစ်စီမံကိန်းသည် နေထိုင်စရာ ပေါင်း ၃ သန်းနှင့် အလုပ်အကိုင်ပေါင်း ၂ သန်းကို ဖန်တီးပေးမည်ဖြစ်သည်။[၁၁၅] အကျပ်အတည်းများကြောင့် ဤထင်ရှားသော စီမံကိန်းများအားလုံးကို ဆိုင်းငံ့ထားသည်။ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် အစိုးရမှ ထောက်ပံ့ထားသော စီမံကိန်းများ အပါအဝင် ဆက်လက်လုပ်ဆောင်နေသော စီမံကိန်းများစွာ ရပ်တန့်သွားခဲ့သည်။ MCEF ၏ သတင်းအချက်အလက် အရ မလုပ်မဖြစ်အရေးကြီးသော စီမံကိန်းများသာ ဆက်လက်လုပ်ဆောင်နေပါသည်။ တင်ဒါပေါက်ဈေးနှင့် လက်ရှိဆောက်လုပ်ရေး ပစ္စည်းများပေါက်ဈေးကွာဟချက်နှင့် ငွေသားကန့်သတ်ချက်များကြောင့် ကျန်စီမံကိန်းများအားလုံးသည် ရပ်နားထားရသည်။[၁၁၆]

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) က ဆောက်လုပ်ရေးကဏ္ဍအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုပွင့်လမ်းစေရန် ဦးတည်ထားခဲ့သည်။ ကွန်ဒိုမီနီယံဥပဒေ (၂၀၁၆) သည် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ဆောက်လုပ်ရေးကဏ္ဍ၏ ရေရှည်အကျိုးအမြတ်အများဆုံးရရှိရန် မက်လုံးများ ပေးထားသည်။ ယင်းအဆိုအရ နိုင်ငံတကာကုမ္ပဏီများသည် ဥပဒေ အောက်တွင် ရပိုင်ခွင့်အပြည့်ဖြင့် အများဆုံး နိုင်ငံခြားရှယ်ယာ ၃၅ ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ငန်းစီမံကိန်းများ တည်ဆောက်ခြင်းဖြင့်သာ ကွန်ဒိုစီမံကိန်းများတွင် ပူးတွဲတည်ဆောက်သူ ဖြစ်လာနိုင်သည်။ စီမံကိန်းဖော်ဆောင်သည့် မြေအား စုပေါင်းပိုင်မြေ အဖြစ် မှတ်ပုံတင်ထားရမည်ဖြစ်ပြီး ကွန်ဒိုယူနစ်ပိုင်ရှင်သည် ၄၄း၏ဝေစုဖြစ်သောမြေကို တိုက်ရိုက်ပိုင်ဆိုင်မည် ဖြစ်သည်။[၁၁၇]

ဆောက်လုပ်ရေးကဏ္ဍတွင် တိုးချဲ့မှုသည် ပြည်တွင်းရင်းနှီးမြှုပ်နှံသူများက ယုံကြည်စိတ်ချနိုင်မည့် နိုင်ငံရေး၊ စီးပွားရေးနှင့် ဘဏ္ဍာရေး တည်ငြိမ်မှုအပေါ် များစွာမူတည်ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ဆွဲဆောင်အာမခံရန် နိုင်ငံရေးတည်ငြိမ်မှု လိုအပ်ပါသည်။ ဤနိုင်ငံအဆင့် စီးပွားရေးနှင့် နိုင်ငံရေးအတားအဆီးများကို ကျော်ဖြတ်နိုင်သည်နှင့်တစ်ပြိုင်နက် အမျိုးသား အိမ်ရာဖွံ့ဖြိုးရေးဥပဒေတစ်ရပ် ရေးဆွဲခြင်းသည် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးတွင် နောက်တဆင့်ဖြစ်သော ADB ၏ အကြံပြုချက် ဖြစ်သည့် တစ်နှစ်လျှင် သက်သာ အိမ်ရာအလုံးရေ ၁၀၀,၀၀၀ တည်ဆောက်ခြင်းတွင် ပုဂ္ဂလိကကဏ္ဍမှပါဝင်လာစေရန် လှုံ့ဆော် ပေးနိုင်မည်ဖြစ်သည်။[၁၁၈]

၃.၄.၃ ရန်ကုန်အိမ်ရာဈေးကွက်

ရန်ကုန်မြို့ရှိ အိမ်ထောင်စုများ၏ ၂၅ ရာခိုင်နှုန်းခန့်သည် ကွန်ဒိုမီနီယံများ၊ တိုက်ခန်းများနှင့် တိုက်အိမ်များကဲ့သို့သော အမြဲတမ်း၊ တရားဝင်အိမ်ရာများတွင် နေထိုင်ကြသည်ဟု ခန့်မှန်းထားသည်။ ကျန်ရှိသော ၇၅ ရာခိုင်နှုန်းမှာ မကြာခဏအဆင့်မြှင့်တင်ခြင်းနှင့် ပြန်လည်ပြင်ဆင်ခြင်းများ လိုအပ်သည့် တစ်စိတ်တစ်ပိုင်း အမြဲတမ်း သို့မဟုတ် ယာယီအဆောက်အဦများတွင် နေထိုင်ကြသည်။

---

[၁၁၃] “မြန်မာဆောက်လုပ်ရေးသမားများအတွက်လမ်းညွှန် ဖွံ့ဖြိုးရေးသမားများ၏ လက်ရှိအခြေအနေစီမံကိန်းများ နှင် တင်ဒါများ” https://www.buildersguide.com.mm/article/projects

[၁၁၄] စီမံကိန်းစာရင်း အထပ်မြင့်အဆောက်အုံများ ဆောက်လုပ်ရေးစီမံကိန်းများအတွက် အရည်အသွေးထိမ်းကွပ်ရေး ကော်မတီ” https://www.buildersguide.com.mm/article/projects

[၁၁၅] Wong, Serene (၂၀၁၉) “Myanmar Report: “မြန်မာအစီရင်ခံစာ – ဆောက်လုပ်ရေးဈေးကွက် နောက်ဆုံးအခြေအနေ” https://www.rlb.com/asia/insight/rlb-myanmar-construction-market-update-june-2019/

[၁၁၆] “ဧရာဝတီ (၂၀၂၁) မြန်မာစစ်အာဏာသိမ်းမှုသည် ဆောက်လုပ်ရေးအလုပ်သမား ငါးသိန်းကျော်အား အလုပ်လက်မဲ့ ဖြစ်စေခဲ့သည်”. ဇွန် ၂ www.irrawaddy.com/news/burma/myanmar-coup-leaves-more-than-500000-construction-workers-redundant.html

[၁၁၇] Oxford Business Group (၂၀၁၇) “မြန်မာနိုင်ငံတွင် အကြီးစား အခြေခံအဆောက်အအုံ စီမံကိန်းများ စတင်” https://oxfordbusinessgroup.com/overview/taking-big-steps-large-scale-projects-aim-address-infrastructure-gap

[၁၁၈] ADB (၂၀၁၉) ရန်ကုန်မြို့ရှိ တန်ဖိုးနည်းအိမ်ယာများအား ရန်ပုံငွေပံ့ပိုးခြင်း အစီရင်ခံစာ

ADB ၏ အဆိုအရ ၂၀၃၀ ပြည့်နှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း စုစုပေါင်း အိမ်ရာလိုအပ်ချက် (သို့မဟုတ်) ပြတ်လပ်မှုမှာ ၁.၃ သန်းအထိ ရှိလာမည်ဟု ခန့်မှန်းထားသည်။[၁၁၉] အဆိုပါ လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန်နှင့် လူအများ တတ်နိုင်သော အိမ်ရာများ လိုအပ်နေသော ယနေ့ခေတ် အိမ်ထောင်စုများအတွက် လာမည့် ၁၂ နှစ်အတွင်း တစ်နှစ်လျှင် အိမ်ရာယူနစ် ၁၀၀,၀၀၀ ဖော်ဆောင်ရန် လိုအပ်သည်။

ဇယား (၉) ရန်ကုန်တိုင်းဒေသကြီး အိမ်ရာ၊ တိုက်တာဝယ်လိုအား စုစုပေါင်း

	လိုအပ်ချက်	အရင်းအမြစ်
အိမ်ရာအရည်အသွေး၊ သက်တမ်း နှင့် ပိုင်ဆိုင်မှု	၅၂၀, ၀၀၀	၂၀၁၄ သန်းခေါင်စာရင်း
ဒေသဆိုင်ရာ လမ်းကြောင်းများ၊ မြို့ပြပုံစံသွင်းခြင်း၊ ရွှေ့ပြောင်းခြင်းများ (၂၀၃၀) အထိ	၅၉၃, ၀၀၀	ကုလသမဂ္ဂ၊ ကမ္ဘာ့ မြို့ပြပုံစံသွင်းမှု အလားအလာ (၂၀၁၄)
သမားရိုးကျမဟုတ်သည့် အခြေချနေထိုင်ခြင်းများ ကျယ်ပြန့်လာမှု (လက်ရှိခန့်မှန်း လူဦးရေ ၄၇၅, ၀၀၀)	၁၅၅, ၀၀၀	မြို့ပြအိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
အိမ်ခြေမဲ့များ (ခန့်မှန်းချက် – ရန်ကုန်မြို့ လက်ရှိ စုစုပေါင်း လူဦးရေ၏ ၂.၁၆ ရာခိုင်နှုန်းခန့်)	၃၄, ၀၀၀	၂၀၁၄ သန်းခေါင်စာရင်း
ရန်ကုန်တိုင်းဒေသကြီး စုစုပေါင်း အိမ်ရာလိုအပ်ချက် (၂၀၁၈-၂၀၃၀)	၁, ၃၀၂, ၀၀၀	ခန့်မှန်း

ရှိငြမ်းချက် – ADB (၂၀၁၉) ရန်ကုန်မြို့ တန်ဖိုးသင့်အိမ်ရာစီမံကိန်းအတွက် ငွေကြေးမတည်ပေးခြင်း

YCDC သည် ဝယ်ယူခြင်းနှင့် ငှားရမ်းခြင်း နှစ်မျိုးလုံး တတ်နိုင်သောအိမ်ရာများ ပါဝင်မည့် မြို့သစ်များ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အာရုံစိုက် ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်အသစ်နှစ်ခုကို Singapore's Surbana နှင့် ပူးပေါင်း၍ စင်ကာပူနိုင်ငံ၏ အများပြည်သူအိမ်ရာများတွင် လုပ်ကိုင်ခဲ့သော ၎င်း၏အတွေ့အကြုံကို အသုံးချကာ လုပ်ကိုင်နေပါသည်။

DUHD ကို ကိုးကား၍ ADB ၏ ရန်ကုန်မြို့ရှိ တန်ဖိုးနည်းအိမ်ယာများအား ရန်ပုံငွေပံ့ပိုးခြင်း အစီရင်ခံစာအရ အခြေခံအဆောက်အအုံ ကုန်ကျစရိတ်သည် တန်ဖိုးနည်းအိမ်ရာအခန်းများ၏ ရောင်းဈေး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပြီး ၎င်းကို ဝင်ငွေနည်းသော ဝယ်ယူသူများအတွက် ထောက်ပံ့ငွေအဖြစ် ထားရှိသည်။ ထို့ကြောင့် DUHD နှင့်မတူဘဲ ၎င်းတို့တွင် တန်ဖိုးနည်းအိမ်ရာများကို ပုဂ္ဂလိကလုပ်ငန်းရှင်များက အလွယ်တကူ မယူဆောင်နိုင်သဖြင့် ၎င်းတို့တွင် သမိုင်းကြောင်းအရ တန်ဖိုးနည်းသော မြေကွက်ကြီးများ ပိုင်ဆိုင်ခွင့် မရှိသလောက် နည်းပါးပြီး အခြေခံအဆောက်အဦ ကုန်ကျစရိတ်ကို ထောက်ပံ့ငွေမဖန်တီးဘဲ လည်ပတ်နိုင်ခြင်း မရှိပေ။ ထို့ကြောင့် တန်ဖိုးနည်းနှင့် တန်ဖိုးသင့်အိမ်ရာ ယူနစ်များ ထောက်ပံ့မှုသည် DUHD ၏ စွမ်းဆောင်ရည်အပေါ် လုံးလုံးနီးပါး မှီခိုနေပါသည်။ DUHD မှ ဖော်ဆောင်မည့် တန်ဖိုးနည်းနှင့် သက်သာအိမ်ရာများအားလုံးကို YCDC မှ ဆောက်လုပ်ရန် ခွင့်ပြုချက် ရယူရမည်ဖြစ်သည်။

ဇယား ၁၀ တွင် ၂၀၁၈ ခုနှစ်အထိ DUHD သည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် အလုံးရေ ၆၀,၀၀ အောက်သာ ဆောက်လုပ်နိုင်ခဲ့ကြောင်း ဖော်ပြသည်။ ဆောက်လုပ်ရေးကုန်ကျစရိတ်မှာ တစ်ယူနစ်လျှင် ကျပ် ၁၄ သိန်း မှ ကျပ် ၃၆ သန်း သို့မဟုတ် အမေရိကန်ဒေါ်လာ ၉,၈၀၀ မှ ၂၅,၂၀၀ ကြား ကွာခြားသည်။ သို့သော်လည်း ၎င်းသည် ယူနစ်အရွယ်အစားများ၊ ကွဲပြားသော အဆောက်အဦးဒီဇိုင်း၊ သိပ်သည်းဆ (ဆိုလိုသည်မှာ အထပ်နိမ့်နှင့် အထပ်မြင့်များ) နှင့် အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်း အမျိုးအစားနှင့် သက်ဆိုင်သော သတ်မှတ်ချက်များကြောင့် ဖြစ်နိုင်သည်။

[၁၁၉] ADB (၂၀၁၉) ရန်ကုန်မြို့ရှိ တန်ဖိုးနည်းအိမ်ယာများအား ရန်ပုံငွေပံ့ပိုးခြင်း အစီရင်ခံစာ

ဧယား (၁၀) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ (၂၀၁၀–၂၀၁၈) အတွင်း ဆောက်လုပ်ပြီးစီးသည့် တန်ဖိုးနည်း အိမ်ရာ၊ တိုက်တာ စီမံကိန်းများ

ကာလ	ရန်ကုန်တိုင်းဒေသကြီး		အခြားမြို့များ		ဆောက်လုပ်ရေးကုန်ကျစရိတ်	
	အဆောက်အအုံများ	မိသားစုအိမ်ရာ ယူနစ်များ	အဆောက်အအုံများ	မိသားစုအိမ်ရာ ယူနစ်များ	စုစုပေါင်း ကုန်ကျစရိတ်	အိမ်ရာယူနစ် တစ် ခုချင်းစီအတွက် ကုန်ကျစရိတ်
၂၀၁၀-၂၀၁၁	၂၇	၃၃၆	၆	၄၆	၆,၀၇၅	၁၆
၂၀၁၁-၂၀၁၂	၂၆၆	၁,၂၃၃	၁၂	၁၃၀	၃၀,၂၄၅	၂၂
၂၀၁၃-၂၀၁၄	၂၃၁	၁,၂၀၄	-----	-----	၄၃,၂၈၂	၃၆
၂၀၁၅-၂၀၁၆	၁၈၆	၂,၃၈၀	၇၇	၇၃၈	၆၉,၉၇၂	၂၂
၂၀၁၆-၂၀၁၇	၂၁၈	၅,၆၇၈	၆၄	၁,၂၄၈	၁၃၁,၄၄၂	၁၉
၂၀၁၇-၂၀၁၈	၂၄၉	၆,၉၉၃	၆၉	၂,၂၂၀	၁၃၁,၃၃၆	၁၄
၂၀၁၆-၂၀၁၇	၁၂၁	၃,၁၃၈	-----	-----	၄၈,၂၈၉	၁၅
၂၀၁၇-၂၀၁၈	၁၃၂	၃,၅၉၄	-----	-----	၄၀,၂၈၆	၁၁

မှီငြမ်းချက် – မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (၂၀၁၈) ၊ မြန်မာနိုင်ငံစာရင်းအင်း အနှစ်ချုပ်”

မိသားစုပိုင်၊ ကွဲပြားသော လုပ်ငန်းစုများသည် တန်ဖိုးနည်းနှင့် သက်သာသော အိမ်ရာစျေးကွက်ကို လွှမ်းမိုးထားသည်။[၁၂၀] တင်ဒါစည်းမျဉ်းများသည် ကုမ္ပဏီကြီးများကို မျက်နှာသာပေးနေသော အနေအထားတွင်ရှိပြီး လေလံဆွဲသူ လုပ်ငန်းစုကြီးများသည် ငွေကြေတင်စိုက်ထုတ်ကာ တည်ဆောက်ရမည်ဖြစ်ပြီး အစိုးရမှ ဖြည်းဖြည်းချင်းပေးချေရပါမည် (လက်ရှိငွေသားပြတ်လပ်မှုများကြောင့် အချို့သောငွေပေးချေမှုတွင် အလွန်ကြန့်ကြာမှုများနှင့် ပြီးမြောက်ရန် ရှုပ်ထွေးသော လုပ်ငန်းစဉ်များကို ကြုံတွေ့နေရကြောင်း သိရှိရပါသည်)။ ထို့ကြောင့် အရင်းအနှီးလိုအပ်ချက် အလွန်များ၍ တစ်ချိန်တည်းတွင် ဆောက်လုပ်ရေးခွင့်ပြုမိန့်များတွင် "ဆင့်ပွားလုပ်ငန်းဆောင်ရွက်ခြင်း"[၁၂၁] သည် အများအားဖြင့်တွေ့ရတတ်ပြီး ကုန်ကျစရိတ်မြှင့်ခြင်းနှင့် နောက်ဆုံးထုတ်ကုန်၏အရည်အသွေးကိုနိမ့်စေသည်။ ၂၀၁၆ခုနှစ်နှစ်လယ်ကတည်းကပင်နိုင်ငံခြားကုမ္ပဏီများကို တန်ဖိုးနည်းနှင့်သက်သာအိမ်ရာစျေးကွက်သို့ ဝင်ရောက်ခွင့်ပြုရန် အစိုးရက သိသာစွာကြိုးပမ်းမည်ဟု အကြိမ်ကြိမ်ကတိပြုခဲ့သော်လည်း ယခုအချိန်တွင် ဝင်ရောက်ရန် တားမြစ်ထားသည့် အနေအထားတွင်ပင်ရှိနေသေးသည်။[၁၂၂]

မြန်မာနိုင်ငံ၏ လူနေအိမ်အဆောက်အအုံ စျေးကွက်တည်ဆောက်မှုတွင် OSH တွင် အသိပညာနှင့် စွမ်းရည်အမျိုးမျိုးဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍမှ အော်ပရေတာများစွာ ပါဝင်ပါသည်။ စျေးကွက်၏ တရားဝင်၊ အလွတ်သဘော သို့မဟုတ် တစ်စိတ်တစ်ပိုင်း သဘောသဘာဝသည် လူနေအိမ် အဆောက်အအုံကဏ္ဍတွင် OSH အလေ့အကျင့်များကို ဆက်လက်မောင်းနှင်ရန် အလားအလာရှိသည်။ အသေးစား၊ အလတ်စားနှင့် အကြီးစား ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်လေ့လာခဲ့စဉ်တွင် OSH အလေ့အကျင့်များသည် သေးငယ်သောဆိုဒ်အများစုတွင် မရှိကြောင်း သိရှိခဲ့ရပါသည်။[၁၂၃]

---

[၁၂၀] Gelb, S., Calabrese, L. and Tang, X. (၂၀၁၇) မြန်မာနိုင်ငံရှိ နိုင်ငံခြားမှတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအသွင်ကူးပြောင်းခြင်း လန်ဒန်၊ ODI

[၁၂၁] ဆောက်လုပ်ရေးလိုင်စင်ရ ကန်ထရိုက်တာတစ်ဦး မှ ၎င်းခွင့်ပြုမိန့် (Permit) ရရှိထား သည့် စီမံကိန်းလုပ်ငန်းကို ဖော်ဆောင်ရာတွင် လိုင်စင်မဲ့ ကန်ထရိုက်တာတစ်ဦး (ထပ်မံငှားရမ်း၍ လုပ်ငန်းအပ်နှံမိခြင်းကြောင့် “လုပ်ငန်းခွင့်ပြုချက်များ ဆင့်ပွားချထားခြင်း” (Secondary Trade in Permits) တွင် ဥပဒေနှင့် ဆန့်ကျင်သော လုပ်ကိုင်ဆောင်ရွက်မှုများ ပါဝင်လာနိုင်ပါသည်။ သို့ရာတွင် အဆိုပါ “လုပ်ငန်းခွင့်ပြုချက်များ ဆင့်ပွားချထားခြင်း” ကို ပင်မကန်ထရိုက်တာမှ လုပ်ငန်းကုန်ကျစရိတ်များ လျော့ချနိုင်ရန်အတွက် လုပ်ငန်းကျွမ်းကျင်သူ တစ်ဆင့်ခံကန်ထရိုက်တာများထံသို့ ၎င်းတို့ကျွမ်းကျင်ရာ ပညာရပ်များအလိုက် လုပ်ငန်း၊ လုပ်ကွက် အသီးသီး ထပ်မံချထားပေးရလေ့ရှိသည့် “လုပ်ငန်းကန်ထရိုက် အဆင့်ဆင့်” (Multi-Subcontracting) တရားဝင် လုပ်ငန်းပုံစံများအတွက်လည်း ရည်ညွှန်းဖော်ပြထားပါသည်။ ဤနည်းအားဖြင့် ပင်မကန်ထရိုက်တာသည် စီမံကိန်းလုပ်ငန်းစဉ်အတွက် လိုအပ်သည့် အလုပ်သမား ခေါ်ယူဖြည့်တင်းမှု ၊ စီမံအုပ်ချုပ်မှု နှင့်တကွ ကြုံတွေ့လာရနိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေ၊ ပျက်စီးဆုံးရှုံးနိုင်ခြေများ (စီမံကိန်းဆိုင်ရာ ဝန်ထုတ်ဝန်ပိုးအချို့) ကို တစ်ဆင့်ခံကန်ထရိုက်တာများထံသို့ လက်လွှဲပေးနိုင်ပါသည်။

[၁၂၂] “သီဟ (Consult Myanmar) (၂၀၁၆) သည်ရန်ကုန်ဆောက်လုပ်ရေးကဏ္ဍ၏ အဆိုးဝါးဆုံးနှစ်ဖြစ်ကြောင်း သုတေသီများမှပြောဆိုလိုက်သည်” ဒီဇင်ဘာ ၉ https://www.consult-myanmar.com/2016/12/09/analysts-say-2016-is-the-worst-year-for-rangoon-construction-sector/

[၁၂၃] သမားရိုးကျမဟုတ်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များသို့ သွားရောက်ခြင်းမရှိခဲ့ပါ

၃.၄.၄ အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံများ

အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံများ ဝယ်လိုအားကို မြန်မာအစိုးရ၊ နိုင်ငံခြားအစိုးရများနှင့် ပုဂ္ဂလိကကဏ္ဍတို့က မောင်းနှင်ပြုလုပ်သည်။ ထိုကဲ့သို့သော အဆောက်အဦများတွင် ကျောင်းများ၊ ဆေးရုံများ၊ လူမှုရေးအိမ်ရာများ၊ အကျဉ်းထောင်များနှင့် အစိုးရရုံးများအပြင် လက်ရှိဆောင်ရွက်နေသော ကြီးမားသော အများပိုင်စီမံကိန်းများ ပါဝင်ပါသည်။ ဥပမာများတွင် မန္တလေး ကွန်ဗင်းရှင်းစင်တာ၊ မြန်မာအင်ဂျင်နီယာကောင်စီ၊ ရန်ကုန်ငါးပြတိုက်၊ အမေရိကန်စင်တာအသစ်၊ မန္တလေးတံတား မိုးလေဝသ စခန်း နှင့် ခရိုင်ရုံးတို့ ပါဝင်သည်။ ကြီးမားသော မြို့ပြစီမံကိန်းများတွင် New Mandalay အပန်းဖြေမြို့ (၉,၈၉၃ ဧက/ ၄,၀၀၀ ဟက်တာ)၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဖွံ့ဖြိုးရေးအတွက် Smart District စီမံကိန်း (၁,၁၀၀ ဧက/ ၄၄၅ ဟက်တာ)၊ ကိုရီးယား-မြန်မာ စက်မှုဇုန် စီမံကိန်းနှင့် Eco Green City (အမေရိကန်ဒေါ်လာ ၂ ဘီလီယံဖြင့် ဆောင်ရွက်မည့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကာလ ၁၀ နှစ်မှ ၁၅ နှစ်အထိ စီမံကိန်းတစ်ခု) ပါဝင်သည်။[၁၂၄]

၃.၄.၅ လုပ်ငန်းသုံး အဆောက်အအုံများ

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်စီးပွားရေး စတင်ဖွင့်လှစ်ချိန်အထိ စီးပွားရေးဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်းကို နိုင်ငံတော်၏ အရေးပါသည်ဟု ယူဆရသည့် စီမံကိန်းများအဖြစ် ကန့်သတ်ထားသည်။ ဥပမာအားဖြင့် – အစိုးရသည် နိုင်ငံတကာ ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်မည့် ဟိုတယ်ကြီးများ ဆောက်လုပ်နိုင်ရန် ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသများ (ဥပမာ – ငပလီ၊ ငွေဆောင်) နှင့် ရှမ်းပြည်နယ် အင်းလေးကန်တွင် အစိုးရက ဟိုတယ်ဇုန်များ တည်ထောင်ခဲ့သည်။ မြန်မာ နိုင်ငံတွင် စီးပွားရေးဆိုင်ရာ အဆောက်အအုံများဆိုင်ရာ အချက်အလက်မှာ ထပ်မံရယူဖော်ပြရန် အကန့်အသတ်ရှိနေသည်။

၃.၅ အလုပ်အကိုင်အခြေအနေ

၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ရာသန်းခေါင်စာရင်းအရ နိုင်ငံအတွင်း လုပ်သားပါဝင်မှုနှုန်းသည် ၆၇ ရာခိုင်နှုန်းရှိပြီး အရေအတွက်အားဖြင့် ၃၅.၅ သန်းနှင့် ညီမျှသည်။ ၎င်းသည် စီးပွားရေးအရ လှုပ်ရှားမှုရှိပြီး အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသော လူဦးရေ (အသက် ၁၅-၆၄နှစ်) အဖြစ်ဖော်ပြပြီး စီးပွားရေးအရ လှုပ်ရှားမှုရှိခြင်းတွင် လက်ရှိအလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်လက်မဲ့ဖြစ်နေသော်လည်း အလုပ်ရှာနေသူများ ပါဝင်ပါသည်။


သန်းခေါင်စာရင်းအရ အသက် ၁၀ နှစ်နှင့် အထက်သည် ဆောက်လုပ်ရေးကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်း လုပ်ကိုင်ကြပြီး အဓိက ဆောက်လုပ်ရေး အလုပ်အကိုင်ရရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များမှာ ရန်ကုန် (၈.၈ ရာခိုင်နှုန်း)၊ မွန်ပြည်နယ် (၆.၆ ရာခိုင်နှုန်း)၊ နေပြည်တော် (၆.၃ ရာခိုင်နှုန်း)၊ မန္တလေး (၅.၆) ရာခိုင်နှုန်းနှင့် တနင်္သာရီတိုင်းဒေသကြီး (၅.၆ ရာခိုင်နှုန်း)တို့ ဖြစ်သည်။ မြို့ပြများတွင် ဆောက်လုပ်ရေးလုပ်သားများ ပိုမိုများပြားလာမည်ဟု မျှော်လင့်ထားသော်လည်း မွန်ပြည်နယ်တွင် ဒုတိယအများဆုံးဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် သန်းခေါင်စာရင်းအရ ဆောက်လုပ်ရေးကဏ္ဍ တစ်ခုလုံးတွင် လူဦးရေ သန်း ၉၄၀,၄၀၀ ကျော် အလုပ်လုပ်ကိုင်နေကြသော်လည်း ဖော်ပြခဲ့သည့်အတိုင်း ၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၁ ခုနှစ်၊ ဇွန်လ အတွင်း ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်အကိုင် ၃၉ ရာခိုင်နှုန်း ကျဆင်းသွားပြီး အလုပ်အကိုင်အားဖြင့် ၄၀၀,၀၀၀ ဆုံးရှုံးပြီး အလုပ်ချိန် ၇၀ ရာခိုင်နှုန်း လျော့နည်းသွားသည်။[၁၂၅]

---

[၁၂၄] ကိုရီးယား မြန်မာစက်မှုဇုန်(၂၀၁၈) “ မြန်မာဆောက်လုပ်ရေး၀န်ကြီးဌာနသည် ရန်ကုန်နှင့်မန္တလေး၌ အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းလေးခု တည်ဆောက်ရန် ရှိကြောင်းကြေငြာခဲ့သည်” မေ ၂၉
Government announces 4 mega-development projects – KMIC Korea-Myanmar Industrial Complex (mykmic.com)

[၁၂၅] ILO (၂၀၂၁) “စစ်အာဏာသိမ်းပြီးနောက်မြန်မာနိုင်ငံ၏ အလုပ်အကိုင်အခြေအနေသက်ရောက်မှုအကျိုးဆက်အားဆန်းစစ်ခြင်း”၊ ဂျီနီဗာ


ပုံ (၁၇) ဆောက်လုပ်ရေးလုပ်ငန်းတွင် လုပ်ကိုင်နေသည့် လုပ်သားများ ပြည်နယ်/တိုင်းဒေသကြီးများနှင့် ခရိုင်နယ်မြေများအလိုက် ပျံ့နှံ့တည်ရှိနေပုံ (၂၀၁၄)



မှီငြမ်းချက် – The 2014 Myanmar Population and Housing Census Report Volume 2–B Occupation and Industry

၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းအရ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်သားအင်အား စုစုပေါင်း၏ ၆.၂ ရာခိုင်နှုန်းသည် အမျိုးသားများဖြစ်သည်။ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ကိုင်နေသော အမျိုးသမီး ၂ ရာခိုင်နှုန်းနီးပါး ရှိသည်။ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်မှုကဏ္ဍများမှလွဲ၍ အခြားထိပ်တန်းကဏ္ဍများတွင် အမျိုးသားသည် အမျိုးသမီးအချိုးထက် ပိုများသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် အမျိုးသမီးများအတွက် ပိုမိုမြင့်မားသော အလုပ်ဝင်ရောက်မှု အတားအဆီးများရှိနေသည်ကို ညွှန်ပြနေသည်။

ပုံ (၁၈) ထိပ်တန်း လုပ်ငန်းကဏ္ဍ (၁၀) ခုအတွင်းရှိ ကျား/မ လုပ်သား အချိုးအစား



မှီငြမ်းချက် – မြန်မာနိုင်ငံအလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန (၂၀၁၇)။ "၂၀၁၄ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ရာစာရင်း ရလာဒ် ဖော်ပြချက်" (ဒီဇင်ဘာ) www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_2014_census.pdf

၃.၅.၁ ကလေးအလုပ်သမားနှင့် လူငယ်အလုပ်သမား (အသက် ၁၀–၁၇နှစ်)

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ အသက် ၁၀ နှစ်မှ ၁၇ နှစ်ကြား ကလေးသူငယ် ၁.၅၄ သန်းခန့်သည် အလုပ်လုပ်ကိုင်နေသည်။ ထိုတွင် အမျိုးသား ၈၄၀,၀၀၀ နှင့် အမျိုးသမီး ၇၀၀,၀၀၀ ပါဝင်သည်။[၁၆] ၎င်းတို့အနက် ၄၃ ရာခိုင်နှုန်းသို့မဟုတ် ၆၇၀,၀၀၀ ခန့်သည် လုပ်ခရရန်အတွက် အလုပ်လုပ်ကြသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် ကလေးအလုပ်သမား ၅.၄ ရာခိုင်နှုန်း (၇၄,၀၀၀) ဖြင့် ကလေးအလုပ်သမား စတုတ္ထအများဆုံးရှိပြီး၊ စိုက်ပျိုးရေး (၆ ရာခိုင်နှုန်း)၊ လက်လီလက်ကား (၆.၄ ရာခိုင်နှုန်း) နှင့် ကုန်ထုတ်လုပ်ငန်း (၁၀ ရာခိုင်နှုန်း) တို့ဖြင့် အသီးသီးရှိသည်။ ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်သားအင်အား၏ လေးပုံတစ်ပုံနီးပါးသည် ၂၅ နှစ်အောက်ငယ်သော အသက်အရွယ်ဖြစ်သည်။[၁၇]

မြန်မာနိုင်ငံသည် အနိမ့်ဆုံး အသက်ပြဋ္ဌာန်းချက် အမှတ်-၁၃၈ (၁၉၇၃ ခုနှစ်) ကို လက်ခံကျင့်သုံးထားပြီး ဘေးအန္တရာယ်ရှိသော အလုပ်အကိုင်များစာရင်းကို ပြုစုနေဆဲဖြစ်သည်။

၃.၅.၂ အလုပ်သမားများအကြောင်းတစ်စေ့တစ်စောင်း/ အလုပ်သမားများနှင့် စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်များ

အလုပ်သမားအဖွဲ့အစည်းများနှင့် ဆွေးနွေးမေးမြန်းမှုများနှင့် လုပ်ငန်းခွင်စောင့်ကြည့် လေ့လာချက်များအရ အလုပ်အကိုင် အခွင့်အလမ်းရှာဖွေရန် ရန်ကုန်သို့ ပြောင်းရွှေ့လာသူ သာမန်အလုပ်သမားတစ်ဦးသည် အသက် ၁၆ နှစ်မှ ၃၀ နှစ်ကြား လူငယ်တစ်ဦးဖြစ်သည်။ ငယ်ရွယ်သော အလုပ်သမားများကို အခြေခံဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုမှ နေ့စား သို့မဟုတ် ရေရှည်သဘောဖြင့် ယာယီအလုပ်ခန့်ထားသည်။ အလုပ်တွင် လေ့လာသင်ယူခွင့်ရသော်လည်း ယေဘုယျအားဖြင့် အလုပ်သမားများနှင့် တရားဝင် စာချုပ်ချုပ်ဆိုမှု မရှိသေးပါ။ အသေးစားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမားများအနေဖြင့် OSH အလုပ်ရှင်များ၏ ဝတ္တရားများ သို့မဟုတ် အလုပ်သမား ဥပဒေဆိုင်ရာ အသိပညာ အနည်းငယ်သာ ရှိကြသည်။

ရန်ကုန်မြို့၊ အရှေ့ဒဂုံမြို့နယ်ရှိ လုပ်ငန်းခွင်ပြင်ပတွင် အလုပ်သမားများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုအရ သမရိုးကျအလုပ် မဟုတ်သော်လည်း အလုပ်သဘောအရ ပုံမှန်အားဖြင့် အလုပ်ရှင်နှင့် ခြောက်လစာချုပ်ချုပ်ကြသည်။[၁၈] ဧရိယာခန့်မှန်းချက်အပေါ် အခြေခံ၍ အလုပ်သမားများကို လုပ်ခပေးသည်။ အထွေထွေလုပ်သားများကို တစ်ရက်လျှင် ၈၀၀၀ ကျပ် သို့မဟုတ် အမေရိကန်ဒေါ်လာ ၅.၆ ဝန်းကျင် (မေးမြန်းချိန်ရှိ ငွေကြေးလဲလှယ်နှုန်း) နှင့် ကျွမ်းကျင်လုပ်သားများကို တစ်ရက်လျှင် ၁၂၀၀၀ ကျပ် သို့မဟုတ် အမေရိကန်ဒေါ်လာ ၈.၅ ပေးသည်။ အမျိုးသမီးအလုပ်သမားများသည် ၇၀၀၀ ကျပ် သို့မဟုတ် ၅ ဒေါ်လာ ရသည်။ အလုပ်သမားများ ကို အပတ်စဉ် လစာရှင်းပေးသည်။ အချို့သော အလုပ်သမားများသည် ၎င်းတို့၏ လစာထဲမှအချို့ကို ၎င်းတို့၏ နေထိုင်ရာဒေသရှိ မိသားစုထံ ပြန်ပေးကြသည်။ အလုပ်သမားများသည် ၎င်းတို့၏ လုပ်ရည်ကိုင်ရည်ကို ကျေနပ်သော အလုပ်ရှင်ဟောင်းများ၏ထောက်ခံမှုဖြင့် အလုပ်သစ်ကမ်းလှမ်းမှုများ ရရှိကြသည်။

အလုပ်ခွင်ပြင်ပတွင် တွေ့ဆုံမေးမြန်းခဲ့သော အလုပ်သမားများ၏ အဆိုအရ အားလပ်ချိန် ၁၀ မိနစ်မှ ၁၅ မိနစ်ခန့်သာ အနားယူခွင့်ရှိသည်။ အခြေခံအိမ်ယာ သို့မဟုတ် ယာယီနေထိုင်ရန်နေရာများကို အလုပ် လုပ်ကိုင်ရာလုပ်ငန်းခွင်တွင် စီစဉ်ပေးလေ့ရှိပြီး ၂၀၂၀ ခုနှစ် ကိုဗစ် (၁၉) ကပ်ရောဂါဖြစ်ပွားမှု နှစ်ခုအတွင်း ထိုကဲ့သို့ နေထိုင်စရာပေးမှုကို ပိုမိုအတွေ့ရများပါသည်။ အလုပ်ခွင်ပြင်ပတွင် တွေ့ဆုံမေးမြန်းထားသော အလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ဂိုဒေါင်တွင် နေထိုင်ကြပြီး စုစုပေါင်း အလုပ်သမား ၆၀ သည် စက်ရုံဝင်းအတွင်းရှိ ယာယီအဆောက်အအုံတွင် နေထိုင်ကြသည်။ လုပ်ငန်းခွင်တွင် နေထိုင်သော အလုပ်သမားများအား သွားလာရေး စီစဉ်ပေးခြင်းမရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်သည် ရန်ကုန်မြို့ပြင်တွင်ရှိပါက ပိုင်ရှင်/အလုပ်ရှင်က အလုပ်သမားများအတွက် သွားလာရေး စီစဉ်ပေးသည်။

အလုပ်ရှင်က ၎င်းတို့ကို ဦးထုပ်များ၊ ဘေးကင်းရေးဖိနပ်များနှင့် အင်္ကျီများ အပါအဝင် PPE များ ထောက်ပံ့ပေးကြောင်း အင်တာဗျူးဖြေသည့် အလုပ်သမားများက ပြောသည်။ အဆိုပါ လုပ်ငန်းခွင်ရှိ အလုပ်သမားများအားလုံး PPE ဝတ်ဆင်ကြပြီး ၎င်းတို့၏

---

[၁၆] ၂၀၁၄ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ရာ သန်းခေါင်စာရင်း အစီရင်ခံစာ အပိုင်း ၂ ဘီ အလုပ်အကိုင်နှင့် လုပ်ငန်းဌာန

[၁၇] ILO (၂၀၁၇) ဘေးကင်းကျန်းမာသောလုပ်ငန်းခွင် နေ့စဉ်ဘဝအတွက် မှန်ကန်သော ပတ်ဝန်းကျင် ရန်ကုန်တိုင်း ဆောက်လုပ်ရေးကဏ္ဍနှင့် ဧရာဝတီတိုင်း မကွေးတိုင်း စိုက်ပျိုးရေးကဏ္ဍများရှိ လူငယ်အလုပ်သမားများ၏ အသိပညာခံယူချက် သဘောထားနှင့်အပြုအမူများ၊ ရန်ကုန်

[၁၈] လုပ်ငန်းခွင်ပြင်ပတွင် တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမား ၂ ဦးမှာ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်များဖြစ်သည်။

လုပ်ငန်းခွင်တွင် OSH အရာရှိခန့်ထားခြင်းမရှိဘဲ အလုပ်သမားများသည် "အလုပ်သမားတာဝန်ခံ" (ပို့မိုသေးငယ်သည့် လုပ်ငန်းခွင်များရှိ တာဝန်ခံကြီးကြပ်ရေးမှူး) မှ သုံးရက်တစ်ကြိမ်ပြုလုပ်သော အစည်းအဝေးများတွင် OSH ဆိုင်ရာအချက်အလက်ကို ရယူကြသည်။ အလုပ်သမားတာဝန်ခံသည် ကိုဗစ် (၁၉) ဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးရန်အတွက်လည်း တာဝန်ရှိပါသည်။

လုပ်ငန်းခွင်ပြင်ပတွင် တွေ့ဆုံမေးမြန်းခဲ့သည့် အလုပ်သမားတစ်ဦး၏ ပြောကြားချက်အရ သင့်လျော်သော လုပ်ငန်းခွင်ကို စီမံရန် ဖွဲ့စည်းပုံ မရှိဘဲ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြီးကြပ်ရန် မန်နေဂျာတစ်ဦးနှင့် အလုပ်သမားတာဝန်ခံ တစ်ဦးသာ ရှိပြီး ဝန်ထမ်း ၄၀ ကို အလုပ်ခွဲကျ အဆိုင်းခွဲ၍ လုပ်ကိုင်စေသည်။ အလုပ်နှင့် အနားယူချိန်များသည် အလုပ်သမား၏ လုပ်ငန်းတာဝန် လုပ်ဆောင်ချက်အပေါ် အခြေခံသည်။ ဤအချက်များသည် အသေးစား၊ ပုံမှန်မဟုတ်သော လုပ်ငန်းခွင် များ၌တွေ့ရသည့် ပုံမှန်လက္ခဏာများ ဖြစ်သော်လည်း သွားရောက်ကြည့်ရှုခဲ့သည့် ပိုကြီးသောလုပ်ငန်းခွင်များတွင် ကြီးကြပ်မှုအောက်၌ အလုပ်သမားများအား တိကျသောတာဝန်များ သတ်မှတ်ပေးထားပြီး ပိုမိုမြင့်မားသောအဆင့်ရှိသည့် လုပ်ငန်းခွင်ပုံစံ ဖွဲ့စည်းပုံကို တွေ့မြင်နိုင်သည်။

အသေးစားနှင့် အလတ်စား ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများက အလွတ်သဘောဖြင့် ရွှေ့ပြောင်းနေထိုင်သူများနှင့် အလုပ်ကြမ်းသမားများကို ခေါ်ယူခြင်းမှာ မကြာခဏဖြစ်ကြောင်း အလုပ်ရှင်အဖွဲ့အစည်းများက အစီရင်ခံတင်ပြပါသည်။ အများအားဖြင့် အလုပ်သမားများသည် OSH သင်တန်း၊ လူမှုဖူလုံရေးနှင့် အခြားခံစားခွင့်များကို ရရှိခြင်းမရှိပါ။ ရွှေ့ပြောင်းလုပ်သားများမှာ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းဒဏ်ခံခဲ့ရသော မြစ်ဝကျွန်းပေါ်ဒေသ သို့မဟုတ် နယ်စပ်ဒေသများမှ လာရောက်လုပ်ကိုင်ကြသူများ ဖြစ်သည်ဟု အလုပ်သမားအဖွဲ့အစည်းတစ်ခု၏ ပြောကြားချက်အရ သိရသည်။

ပုံမှန်မဟုတ်သော အလုပ်သမားဆက်ဆံရေးသည် အလုပ်သမားအငြင်းပွားမှုများ ပေါက်ဖွားလာရသည့် အခြေခံအချက်ဖြစ်ပြီး အလုပ်သမားများသည် အလုပ်ရှင်များ၏ အနိုင်ကျင့်မှုကို ခံရရန်လွယ်ကူသော အခြေအနေဖြစ်သည်။ လုပ်ခလစာပေးချေမှုနှင့် အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပတ်သက်၍ အလုပ်သမားဥပဒေအား လိုက်နာခြင်းမရှိကြောင်း သုတေသနအဖွဲ့သည် အလုပ်သမားများနှင့် အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များထံမှ ကြားသိရသည်။ ယခင်အမှုကို BWFM အား ဖျန်ဖြေရန် ဆင့်ခေါ်ခဲ့ပြီး နောက်အမှုတစ်ခုတွင် အလုပ်ရှင်က တာဝန်ယူခဲ့သည်ဟုလည်း သိရှိရပါသည်။

တွေ့ဆုံမေးမြန်းခဲ့သော အလုပ်သမားအဖွဲ့အစည်းတစ်ခု၏ အဆိုအရ အလုပ်သမားများသည် ပို့မိုလုံခြုံသော လုပ်ငန်းခွင် ပတ်ဝန်းကျင်နှင့် မြင့်မားသော လုပ်ခလစာများ ပေးဆောင်သည့် နိုင်ငံခြားကုမ္ပဏီများ သို့မဟုတ် ဖက်စပ် လုပ်ငန်းကြီးများတွင် အလုပ်လုပ်လိုကြသည်။ ၎င်းတို့အဆိုအရ နိုင်ငံတကာ သို့မဟုတ် မြန်မာကုမ္ပဏီကြီးများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအတွက် အလုပ်ရှာရန် ပို့မိုလွယ်ကူသည်။ ၎င်းတို့သည် နောက်လျှောက်မည့်အလုပ်များတွင် ပို့မိုကောင်းမွန်သော လုပ်ခလစာကိုလည်း တောင်းဆိုနိုင်ပြီး အသက်မွေး ဝမ်းကြောင်းဆိုင်ရာ တိုးတက်မှုမျိုးကိုလည်းရနိုင်သည်။ နိုင်ငံခြားသို့မဟုတ် မြန်မာကုမ္ပဏီကြီးများ သို့မဟုတ် ဖက်စပ်လုပ်ငန်းကြီးများတွင် အလုပ်လုပ်သော အလုပ်သမားများသည် ပုဂ္ဂလိက အာမခံမှ အကျိုးခံစားခွင့် ရှိသည်။

▶ ကောက်နှုတ်ချက် (၃) လုပ်ငန်းခွင်ထိခိုက်မှုအတွက် အလုပ်ရှင်က တာဝန်ရှိမှု

လျှပ်စစ်တပ်ဆင်မှုတစ်ခုအတွင်း လျှပ်စစ်ရှော့တိုက်မှုကြောင့် အမြင့်မှပြုတ်ကျခဲ့သော တရားမဝင်အလုပ်သမား တစ်ဦး၏ အဖြစ်အပျက်ကို သုတေသနအဖွဲ့မှ ကြားသိခဲ့ရသည်။ အလုပ်သမားသည် စက်ပစ္စည်းအား လျှပ်စစ်ခါတ် ဖြတ်ထားပြီးဖြစ်သည်ဟုထင်ကာ အကာအကွယ်အစီအမံများမသုံးဘဲ ထိကိုင်လိုက်သည်။ အလုပ်ရှင်က ဒဏ်ရာရ အလုပ်သမားအတွက် လူမှုဖူလုံရေးအာမခံ စာရင်းမသွင်းထားတာကြောင့် ဆေးကုသစရိတ်အားလုံးကို ပေးဆောင်ရပြီး ဆေးရုံတက်နေစဉ်အတွင်း တစ်ရက်လျှင် ၇,၀၀၀ ကျပ် သို့မဟုတ် ၅ ဒေါ်လာ ထောက်ပံ့ ပေးခဲ့ပါသည်။

လူမှုဖူလုံရေး မှတ်ပုံတင်ထားသော တရားဝင်ဆောက်လုပ်ရေးအလုပ်သမားများသည် ဤကဲ့သို့သော ကိစ္စမျိုးတွင် အလုပ်အကိုင် ထိခိုက်မှု အာမခံရပိုင်ခွင့်ရှိသည်။ Vision Zero Fund မြန်မာ သည် လူမှုဖူလုံရေးအဖွဲ့နှင့် ၂၀၁၈ခုနှစ်မှ ၂၀၂၀ခုနှစ်အတွင်း အထည်ချုပ်လုပ်သားများ များပြားသည့် မြို့နယ်များတွင် EII အစီအစဉ်အတွက်အသိပညာပေးမှုနှင့် လက်လှမ်းမီမှု တိုးတက်ကောင်းမွန်လာစေရန် လုပ်ဆောင်ခဲ့သည်။ ဆောက်လုပ်ရေး ကဏ္ဍတွင် ပုံမှန်မဟုတ်သော အလုပ်သမားရေးရာ ဆက်ဆံရေး သဘောသဘာဝအရ၊ ဤနယ်ပယ်တွင် လူမှုဖူလုံရေး စနစ်ကိုအသိပညာပေးမှုထက် လူမှုဖူလုံရေး အကျိုးဝင်အောင် ဆောင်ရွက်ရန်ပိုလိုအပ်ပါသည်။

မူရင်း – ဆောက်လုပ်ရေးလုပ်သားနှင့် BWFM အင်တာဗျူး။

▶ ၄။ လုပ်ငန်းခွင် စောင့်ကြည့်လေ့လာမှုများ

အချက်အလက်ကောက်ယူစုဆောင်းခြင်းလုပ်ငန်းစဉ်တွင် လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်းသည် အဓိကအစိတ်အပိုင်း တစ်ရပ်အဖြစ် ပါဝင်ပါသည်။ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်းဖြင့် သွားရောက်ကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် လုပ်ငန်းလုပ်ကွက်အမျိုးမျိုးရှိ ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ထိန်းချုပ်ရေး စီမံချက်များကို ဖော်ထုတ်သတ်မှတ်ရာတွင် ပံ့ပိုးကူညီနိုင်ပါသည်။ ဤသို့လုပ်ငန်းခွင် သွားရောက်လေ့လာခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေအမြင့်ဆုံး လုပ်ငန်းလုပ်ကွက်များရှိ အလုပ်သမားများ၏ အခြေအနေကို သိရှိနိုင်သည့်အတွက် ထိရောက်နိုင်ချေအရှိဆုံး ကြားဝင်ဆောင်ရွက်ရေးနည်းလမ်းပုံစံများ ဖော်ထုတ်သတ်မှတ်ရာတွင်လည်း မီးမောင်းထိုးပြနိုင်ပါလိမ့်မည်။လုပ်ငန်းခွင်စောင့်ကြည့်လေ့လာခြင်းသည်လုပ်ငန်းခွင်စစ်ဆေးခြင်းမဟုတ်သည့်အပြင် ပြီးပြည့်စုံသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ဆန်းစစ်ချက်တစ်ရပ်[၁၂] ပါဝင်ခြင်းမရှိသော်လည်း ဘေးအန္တရာယ်ကျရောက်နိုင်ချေအတွက် အလေးထားရမည့်အရာများ၊ လက်ခံကျင့်သုံးရမည့် လုပ်ငန်းခွင်အလေ့အထများကို ဖော်ထုတ်သတ်မှတ်ရာတွင် ပံ့ပိုးကူညီနိုင်ပါသည်။

၄.၁ သွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင်များ

လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုများကိုရန်ကုန်ရှိဆောက်လုပ်ရေးလုပ်ငန်းခွင် (၁၁)ခုတွင်ပြုလုပ်ခဲ့ပါသည်။အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကိုဗစ်(၁၉) ခရီးသွားလာခွင့် ကန့်သတ်မှုများကြောင့် သုတေသနအဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်းလုံးကို ကိုယ်စားနမူနာပြုသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များစုံသို့ သွားရောက်လေ့လာခြင်း မပြုနိုင်ခဲ့ပါ။ သို့ရာတွင် သွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင် (၁၁) ခုသည် ရန်ကုန်နှင့် မြို့ပြဒေသရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်အမျိုးအစားများကို ကောင်းစွာ ကိုယ်စားပြုနိုင်သည့်အပြင် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းခွင်အရွယ်အစားများစုံပါဝင်ပါသည်။သွားရောက်လေ့လာခဲ့သည့်ဆောက်လုပ်ရေး လုပ်ငန်းခွင် (၁၁) ခု အဓိက လက္ခဏာများကို ၎င်းတို့၏ အရွယ်အစားပေါ် အခြေခံ၍ ဇယား (၁၁) တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

---

[၁၂] ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုလုပ်ငန်းစဉ် အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် ILO (၂၀၁၄) ၏ "အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များလုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုပြုလုပ်ဆောင်ရွက်ရာတွင် အသုံးပြုရမည့် အဆင့် (၅) ဆင့် လမ်းညွှန်" ကို ကြည့်ရှုနိုင်ပါသည်။

ဇယား (၁၁) OSH ဆိုင်ရာ အကဲဖြတ်ဆန်းစစ်ရေး လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် သွားရောက်လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို ယေဘုယျလွှမ်းခြုံဖော်ပြချက်

#	လုပ်ငန်းခွင် အမျိုးအစား	လုပ်ငန်း	လုပ်ငန်းခွင်အရွယ်အစား			သွားရောက်ချိန်တွင် မြင်တွေ့ခဲ့ရသည့် အလုပ်သမား ခန့်မှန်း အရေအတွက်	အထပ်မြင့် အဆောက်အအုံ (၁၂ ထပ် နှင့် အထက်)
			ကြီး	လတ်	ငယ်		
၁	တံတား	အခြေခံ အဆောက်အအုံ	√			၂၀၀	သက်ဆိုင်ခြင်း မရှိ
၂	ဆေးရုံ (၁၃ ထပ်)	အဆောက်အအုံ	√			၁၈၀	ဟုတ်ပါသည်
၃	ဆေးရုံ (၁၂ ထပ်)	အဆောက်အအုံ	√			၁၈၀	ဟုတ်ပါသည်
၄	ရထားလမ်း	အခြေခံ အဆောက်အအုံ	√			၆၀	သက်ဆိုင်ခြင်း မရှိ
၅	ပုဂ္ဂလိက လူနေအိမ်ရာ (၅ ထပ်)	အဆောက်အအုံ		√		၃၀	မဟုတ်ပါ
၆	မိနီကွန်ဒို (၁၂ ထပ်ခွဲ)	အဆောက်အအုံ		√		၂၀	ဟုတ်ပါသည်
၇	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၁၀	မဟုတ်ပါ
၈	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၁၀	မဟုတ်ပါ
၉	လူနေအဆောက်အအုံ (၆ ထပ်)	အဆောက်အအုံ			√	၈	မဟုတ်ပါ
၁၀	လူနေဆောင် (၂ ထပ်)	အဆောက်အအုံ			√	၆	မဟုတ်ပါ
၁၁	လူနေအဆောက်အအုံ (၂ ထပ်)	အဆောက်အအုံ			√	၆	မဟုတ်ပါ

၄.၂ အချက်အလက်ကောက်ယူ၊ စုဆောင်းသည့်နည်လမ်းများ

လုပ်ငန်းခွင်စောင့်ကြည့်လေ့လာ၊ အချက်အလက်ကောက်ယူရာတွင် ILO ဆောက်လုပ်ရေး လုပ်ငန်းခွင်စစ်ဆေးရေး လမ်းညွှန်ချက်များကို ရည်ညွှန်းကိုးကား၍ (အထက်ပါ ဇယား (၁) တွင် ဖော်ပြထားသည့်အတိုင်း) Vision Zerou Fund ၏ နည်းစနစ်ကို အခြေပြုကာ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် သက်ဆိုင်သည်များကို ထပ်မံဖြည့်စွက် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။[၃၃၀] သုတေသနအဖွဲ့အနေဖြင့် လေ့လာစောင့်ကြည့်မှုများ အဆင်ပြေချောမွေ့စေရန် ရှာဖွေတွေ့ရှိချက်များကို အလွယ်တကူ ထည့်သွင်းနိုင်ရန်နှင့် ဖြစ်နိုင်ပါက သက်ဆိုင်ရာ ဓာတ်ပုံများနှင့်တကွ ဖော်ပြနိုင်ရန်အတွက် လုပ်ငန်းခွင်ဆိုင်ရာ အချက်အလက်ကောက်ယူသည့် ဇယား

---

၃၃၀ ILO (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း" (၂၀၁၇)၊ အလုပ်သမားရေးရာ စစ်ဆေးမှုများအတွက် လမ်းညွှန်ချက် ဂျီနီဗာ

ပုံစံကွက်ကို ပြင်ဆင်ထားပါသည်။ ဤဇယားပုံစံကွက်တွင် သတင်းအချက်အလက်များကို လုပ်ငန်းခွင်နယ်နမိတ်များ၊ အလုပ်သမားများအတွက် ကျန်းမာဘေးကင်းလုံခြုံမှုရှိစေရန် ထားရှိပေးမှုများနှင့် အစီအမံများ၊ လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိခြင်း၊ တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ၊ စီမံအုပ်ချုပ်မှုပိုင်းမှ သတ်မှတ်ချက်များ၊ အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း၊ စက်တပ်ယာဉ်များဖြင့် အလုပ်လုပ်ခြင်း၊ မြေပြင်လုပ်ငန်းများ၊ အရာဝတ္ထုများနှင့် ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သယ်ယူရွှေ့ပြောင်းခြင်း၊ လျှပ်စစ်အန္တရာယ်၊ မီးဘေးအန္တရာယ်၊ ခလုတ်တိုက်ခြင်းနှင့် ထိခိုက်လဲပြိုခြင်းများ၊ ကျန်းမာရေးဆိုင်ရာဘေးအန္တရာယ်များ၊ သက်ရောက်နိုင်ချေများနှင့် အခြားလေ့လာတွေ့ရှိချက်များ စသည့် အကြောင်းအရာ (၁၂) ခုဖြင့် ပြင်ဆင်ထားပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ အဓိက လုပ်ငန်းစဉ် နှင့် တည်နေရာများရှိ လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် လုပ်ငန်းဆောင်ရွက်မှုများ (အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း၊ အရာဝတ္ထုများ ရွှေ့ပြောင်းသယ်ယူခြင်း စသည်) (မြေပြင်အလုပ်များ၊ လုပ်ငန်းခွင်နယ်နမိတ်များ စသည်) နှင့် ထိရောက်နိုင်ဖွယ်ရှိသည့် ထိန်းချုပ်ရေးအစီမံများ (စီမံအုပ်ချုပ်မှုပိုင်းမှ သတ်မှတ်ထားချက်များ၊ တကိုယ်ရည်သုံးအကာအကွယ် ပစ္စည်းများ စသည်) ကို အလျင်အမြန်ရှာဖွေဖော်ထုတ်ရာတွင် ဖော်ပြပါ အကြောင်းအရာများ (သို့) အမျိုး အစားများကို ရွေးချယ်အသုံးပြုထားပါသည်။

၄.၃ လုပ်ငန်းခွင်ဘေးအန္တရာယ်များ ဘေးအန္တရာယ်ကျရောက်နိုင်ခြေများနှင့် ထိန်းချုပ်ရေးစီမံချက်များ ဖော်ထုတ်သတ်မှတ်ခြင်း

၄.၃.၁ လုပ်ငန်းခွင်နယ်နမိတ်များ

ကျယ်ဝန်း၍ နယ်သတ်မျဉ်းများ ရှင်းလင်းပြတ်သားစွာ ပိုင်းခြားသတ်မှတ်ထားခြင်းမရှိသည့် လုပ်ငန်းခွင် နယ်နမိတ်များကြောင့် ခြေလျင်သွားလာသူများနှင့် ဆိုင်ကယ်စီးသူများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် အလွန်နီးကပ်စွာ (သို့) ဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း၌ပင် ဖြတ်သန်းသွားလာနေကြပါသည်။ ထို့ကြောင့် လုပ်ငန်းခွင်နှင့် အလွန်နီးကပ်စွာသွားလာနေကြသည့် ဆိုင်ကယ်စီးသူများ၊ ခြေလျင်သွားလာသူများအပေါ်သို့ ငြမ်းစင်များပေါ်မှ ဆောက်လုပ်ရေးပစ္စည်းများ ကျလာနိုင်သည့် အန္တရာယ် ရှိနေပါသည်။

ပုံ (၁၉) ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများအတွင်းရှိသတ်မှတ်နယ်မြေများသို့ ဝင်ရောက်ရာနေရာများကို အကန့်အသတ်ဖြင့်သာထားရှိ၍ အဝင်၊ အထွက် ထိန်းချုပ်မှုစနစ်များ စီစဉ်ထားရှိပုံ





ဤအကြောင်းအရာနှင့်ပတ်သက်၍ ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီး၊ အလတ်နှင့် အငယ်တို့အကြားတွင် ကွဲပြားခြားနားမှု ထင်ရှားစွာရှိနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်စားများတွင် ခြံစည်းရိုးစနစ်တကျ ကာရံထားခြင်းမရှိ သည့်အပြင် ဘေးအန္တရာယ်သတိပေးချက်များကိုလည်း အများပြည်သူသိရှိစေရန် စနစ်တကျလုပ်ဆောင်ထားခြင်းမရှိသည်ကို လုပ်ငန်းခွင် လေ့လာသည့်အဖွဲ့မှ တွေ့ရှိခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်စားများ (အထပ်နိမ့်အတောက်အအုံများ) ရှိ ငြမ်းစင်များတွင် အလုပ်သမားများနှင့် ခြေလျင်သွားလာသူများအပေါ် ငြမ်းစင်မှ အရာဝတ္ထုများကျွတ်ထွက်၊ပြုတ်ကျခြင်းမရှိစေရန် ကာရံထားသည့် လုံခြုံရေးပိုက်ကွန်များကို အခိုင်အမာချည်နှောင်ထားခြင်းမရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင် စုပေါင်းထိန်းချုပ်ရေး အစီအမံများ[၁၃၁] (အပျော့ထည်အကာအရံများ (တိပ်ကြိုး)၊အမာထည် အကာအရံများ၊သတိပေးဆိုင်းဘုတ်များ စသည်) အနည်းငယ် (သို့) လုံးဝ တွေ့မြင်ရခြင်း မရှိခဲ့ပါ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုနှင့် အလတ်အချို့တွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်နယ်နမိတ်ပြင်ပတွင် ထားရှိသည့်အတွက် ခြေလျင်သွားလာသူများ ခလုတ်တိုက်လဲပြိုနိုင်မည့် ဘေးအန္တရာယ်ရှိနေပါသည်။ အခြားတစ်ဖက်တွင်မူ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး ဖြစ်သော အခြေခံအဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းခွင်များ (တံတားများ၊ ရထားလမ်းများနှင့် ဆေးရုံများ) ၏ နယ်နမိတ်ကို သေချာစွာ ကာရံထားသည်ကို တွေ့ရှိပါသည်။ လုပ်ငန်းခွင် ဝင်ပေါက်နေရာများတလျှောက်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် သတိပေး ပိုစတာများ၊ ဆိုင်းဘုတ်များကို စနစ်တကျချိတ်ဆွဲ၍ အလုပ်သမားများနှင့် ပြည်သူလူထုကို သတိပေးနှိုးဆော်ထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၄.၃.၂ အလုပ်သမားများအတွက် ကျန်းမာဘေးကင်းလုံခြုံမှုရှိစေရန် ထားရှိပေးမှုများ

စနစ်တကျ သန့်ရှင်းစင်ကြယ်စွာ စီမံထားရှိသော သက်သာချောင်ချိရေးအစီအမံများသည် အလုပ်သမားများ၏ ကျန်းမာရေး၊ သန့်ရှင်းစင်ကြယ်ရေး၊ သက်တောင့်သက်သာဖြစ်ရေးတို့ကို အားပေးမြှင့်တင်နိုင်ရန် အတွက်သာမက အလုပ်မှအနားယူချိန်၌ပင် ၎င်းတို့အပေါ် သက်ရောက်နိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များမှ ကာကွယ်ပေးရန် အတွက်လည်း အလွန်အရေးပါသည့် နေရာမှ ရှိနေပါသည်။ အလုပ်ကြောင့် ပင်ပန်းနွမ်းနယ်နေသည့် အလုပ်သမားများသည် စူးစိုက်မှုလျော့ကျလာ၍ ဘေးအန္တရာယ်နှင့် ထိတွေ့နိုင်ချေ မြင့်မားသည့်အတွက် ၎င်းတို့၏ ဆုံးရှုံးသွားသည့် အားအင်များ ထိထိရောက်ရောက် ပြန်လည် ပြည့်ဝလာစေရန် အလုပ်သမားများ စားသောက်အပန်းဖြေရန် နေရာများကိုလည်း စနစ်တကျသီးသန့်သတ်မှတ်စီစဉ်ထားရပါမည်။ သန့်ရှင်းသော အိမ်သာနှင့်လက်ဆေးကြောရန်နေရာများလုံလောက်စွာစီစဉ်ထားရှိပေးခြင်းဖြင့် ကိုဗစ် (၁၉) အပါအဝင် ရေမှပေါက်ဖွားလာသည့် ရောဂါများနှင့် အခြားရောဂါများဘေးမှ ကာကွယ်ရာတွင် ထောက်ကူနိုင်ပါလိမ့်မည်။ ထို့အပြင် အဆိုပါနေရာများကို အမြင့်မှ ပြုတ်ကျလာနိုင်သည့် အရာဝတ္ထုများ၊ ဖုန်မှုန့်များ၊ ဓာတုပစ္စည်းသိုလှောင်ရာနေရာများ၊ အခြားအန္တရာယ်အရင်းအမြစ်နေရာများမှ ကောင်းစွာကင်းလွတ်ရာနေရာတွင် စီစဉ်ထားရှိရပါမည်။သီးသန့်သတ်မှတ်ထားသော နေရာများမရှိပါက အလုပ်သမားများအနေဖြင့်သင့်လျော်ခြင်းမရှိသည့်နေရာများတွင်နားနေမိသည့်အတွက်လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့်တွေ့ကြုံနိုင်ချေရှိမြဲရှိနေမည် ဖြစ်ပါသည်။

ပုံ (၂၀) အလုပ်သမားများ စားသောက်၊ အပန်းဖြေရာနေရာများကို လုပ်ငန်းခွင်အကြီးများတွင် (ညာဘက်)၊ အလတ်များတွင် (အလယ်ဗဟို) နှင့် အငယ်များတွင် (ဘယ်ဘက်) တို့၌ စီစဉ်ထားရှိပုံ





[၁၃၁] စုပေါင်းထိန်းချုပ်မှုအစီအမံများသည် PPE နှင့် ကွဲပြားလျက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထက်ပို၍ အကာအကွယ်ပြုပေးနိုင်ပါသည်။

လုပ်ငန်းခွင်နယ်နမိတ်များကဲ့သို့ပင် အလုပ်သမားများအတွက် ဘေးကင်းကျန်းမာ လုံခြုံမှုရှိစေရန် အစီအစဉ်များ စီမံထားရှိပေးခြင်းသည်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီး၊ အလတ်နှင့် အငယ်များအကြား သိသာထင်ရှားသည့် ခြားနားမှုများရှိနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးများတွင် အလုပ်သမားများ စားသောက်နားနေရန် နေရာများ အတိအကျသတ်မှတ်၊ စီစဉ်ပေးထားသည်ကို သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ လုပ်ငန်းခွင်တစ်ခုတွင်မူ အလုပ်သမားများ နားနေသည့် နေရာတွင် ကိုဗစ် (၁၉) စည်းမျဉ်းစည်းကမ်းများကို လိုက်နာသောအားဖြင့် အလုပ်သမားတစ်ဦးနှင့် တစ်ဦးကြား အကွာအဝေး (Social Distancing) ကို (၆) ပေစီခြား၍ စီစဉ်ပေးထားသော်လည်း အဆိုပါနားနေခန်းတွင် ဖျာများ၊ ပရိဘောဂပစ္စည်းများ၊ စားပွဲများ စသည်တို့မရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။[၃၃] လုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင်မူ အလုပ်သမားများ စားသောက်နားနေရာနေရာသတ်မှတ်စီစဉ်ထားခြင်း မရှိသည့်အတွက် အလုပ်သမားများအနေဖြင့် အဆောက်အအုံအတွင်းပိုင်းကြမ်းပြင်ပေါ်တွင်သာ စားသောက်အနားယူနေရသည်ကို တွေ့မြင်ခဲ့ရပါသည်။

ပုံ (၂၁) လက်ဆေးကြောရာနေရာများကို (လုပ်ငန်းခွင်ကြီးဘယ်ဖက်) နှင့် ရေပိုက်ခေါင်းများကို လုပ်ငန်းခွင်အငယ်များတွင် (ညာဘက်) တို့၌ စီစဉ်ထားရှိပုံ





အလုပ်သမားများအတွက်လက်နှင့်လက်ဖျံများဆေးကြောသန့်စင်ရန်ရေဘုံဘိုင်များ၊ရေပိုက်ခေါင်းများကိုမူသွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင်အားလုံးတွင် တွေ့မြင်ခဲ့ရပါသည်။ အိမ်သာများ ပါရှိသည့် လုပ်ငန်းခွင်များတွင် အိမ်သာနှင့် လက်ဆေးကြောရာနေရာသည် ကပ်လျက်ရှိကြောင်း တွေ့မြင်ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများတွင် လက်ဆေးကြေဇလုံ (Basin) များကိုဆပ်ပြာ၊ လက်သန့်စင်ဆေးရည်တို့နှင့်အတူကောင်းမွန်စွာပြင်ဆင်ထားရှိသော်လည်းအလတ်စားနှင့်အငယ်စားလုပ်ငန်းခွင်များတွင်မူထိုသို့ပြင်ဆင်ထားရှိခြင်းမတွေ့ခဲ့ရပါ။အသုံးပြုသည့်ရေ၏အရည်အသွေးကိုမူစမ်းသပ်စစ်ဆေးခြင်းမပြုလုပ်ခဲ့ရပါ။

ပုံ (၂၂) ကိုဗစ် (၁၉) ကမ္ဘာ့ကူးစက်ကပ်ရောဂါ ကာလအတွင်း လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများ နေထိုင်သည့် မီးရထားလမ်းအနီးရှိ ယာယီရွှေ့ပြောင်းတဲ မိုးကာတဲများ





[၃၃] ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန “ကိုဗစ် (၁၉) ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးအတွက် လုပ်ငန်းခွင်ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များ”. https://www.mohs.gov.mm/Main/content/publication/oeh-covid-19

အချို့သော ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်းတွင် အလုပ်သမားများ အိပ်စက်ရန် အဆောင်များ စီစဉ်ထားရှိပေးလေ့ ရှိပါသည်။ အလုပ်သမားများ လုပ်ငန်းခွင်ပြင်ပမှ လူအများနှင့် တိုက်ရိုက်ထိတွေ့ရောဂါကူးစက်ခြင်းမှ ရှောင်ရှားနိုင်ရန် အထူးလိုအပ်သည့် ကိုဗစ် (၁၉) ဒုတိယလှိုင်းပေါ်ပေါက်ချိန် (၂၀၂၀) နှောင်းပိုင်းကာလများတွင် ဤအလေ့အထ ပို၍တွင်ကျယ်လာခဲ့ပါသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များအနက် တစ်ခုတွင်သာ အိပ်ဆောင်(တဲ) များ ထားရှိသည်ကို တွေ့မြင်ရပါသည်။ အဆိုပါလုပ်ငန်းခွင်တွင်လည်း အလုပ်သမားများသည် ၎င်းတို့အိပ်စက်ရာတဲများအတွင်း (သို့) မျက်နှာစာနေရာများတွင် အနားယူ၊ ချက်ပြုတ်စားသောက်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ အနားယူချက်ပြုတ်ရာနေရာများသည် လေဝင်လေထွက် ကောင်းမွန်သည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ အဆိုပါနေရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် လျှပ်စစ်ကေဘယ်ကြိုးများ သိမ်းဆည်း၊ သိုလှောင်ထားသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အဆိုပါပစ္စည်းများကို အနားယူချက်ပြုတ်ရာနေရာများမှ သီးခြားကင်းလွတ်ရာနေရာတွင် စနစ်ကျသပ်ရပ်စွာ ထားသိုခြင်း မရှိသည့်အတွက် အလုပ်သမားများအနေဖြင့် ခလုတ်တိုက်လဲပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ ပိုးမွှားအန္တရာယ်ထိန်းချုပ်ကာကွယ်ရေး အစီအမံများ တွေ့မြင်ခဲ့ရခြင်းမရှိသော်လည်း စီမံကိန်းဖော်ဆောင်သူအချို့၏ အဆိုအရအဆိုပါဝန်ဆောင်မှုမျိုးကို ပြင်ပမှလုပ်ငန်းဆောင်ရွက်သူများထံ အပ်နှံလေ့ရှိကြောင်း ကြားသိရပါသည်။

ပုံ (၂၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်အမျိုးမျိုးတွင် သောက်သုံးရေစီစဉ်ထားရှိပေးရာ နေရာများ



ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီး၊အလတ်၊အငယ်အားလုံးတွင်သောက်ရေများလုံလောက်စွာစီစဉ်ထားရှိပေးသော်လည်းအဆိုပါနေရာများကို အမှုန်အမွှားများ ထွက်ရှိရာနေရာများမှ လွတ်ကင်းစွာ ထားရှိခြင်း မပြုသည့် အတွက် သောက်ရေ၏ အရည်အသွေးကို ကျဆင်းစေနိုင်သည့်အပြင် ရေအရည်အသွေး စစ်ဆေးမှုကိုလည်း ပြုလုပ်လေ့မရှိကြောင်း သိရှိရပါသည်။ အလုပ်သမားများအတွက် သောက်ရေသန့်ပုံးများ စီစဉ်ထားရှိပေးသော်လည်း အလုပ်သမားများသည် သောက်ရေခွက်တစ်ခွက်တည်းကိုသာ မျှဝေအသုံးပြု၍ အသုံးပြုပြီးနောက် ဆေးကြောခြင်း (သို့) ၎င်းတို့၏ ကိုယ်ပိုင်ရေဘူးကလေးများ အသုံးပြု သောက်သုံးခြင်းတို့ကို တွေ့မြင်ခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်နှင့် အလတ်များရှိ သောက်ရေထားရှိရာနေရာများအား စနစ်ကျသပ်ရပ်စွာ ထားရှိခြင်းမပြုသည့်အတွက် အလုပ်သမားများအနေဖြင့် ခလုတ်တိုက်ထိခိုက်လဲ ပြိုခြင်းများ ကြုံတွေ့ရနိုင်ပါသည်။

ပုံ (၂၄) ယာယီသုံး ရေအိမ်များကို လုပ်ငန်းခွင်အကြီးများတွင် (ဘယ်ဘက်)၊ အလတ်များတွင် (အလယ်ဗဟို) နှင့် အငယ်များတွင် (ညာဘက်) တို့၌ စီစဉ်ထားရှိပုံ





ရေအိမ်များစီစဉ်ထားရှိမှုတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများသည် အလတ်နှင့် အငယ်များထက် သာလွန်ကြောင်း တွေ့မြင်ရပါသည်။ လုပ်ငန်းခွင်ကြီးများတွင် ယာယီအသုံးပြုသည့် ရေအိမ်များ ထားရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ယာယီအသုံးပြုသည့် အများသုံးအိမ်သာများကို လုပ်ငန်းခွင် အလတ်နှင့် အငယ်များတွင် တွေ့ရှိရပြီး ကောင်းစွာထိန်းသိမ်းသန့်စင်ထားခြင်း မရှိသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ လုပ်ငန်းခွင်အကြီးများရှိ ယာယီသုံးရေအိမ်များသည်လည်း ထူးခြားကောင်းမွန်လှခြင်း မရှိသည့်အတွက် အလုပ်သမားများအနေဖြင့် အနီးအနားရှိ အများပြည်သူသုံးသန့်စင်ခန်းများကိုသာ အခကြေးငွေပေး၍ အသုံးပြုသည်ကို တွေ့မြင်ခဲ့ရပါသည်။

PPE သိမ်းဆည်းရာနေရာကို ဆောက်လုပ်ရေး လုပ်ငန်းခွင်အကြီးအချို့တွင်သာ တွေ့ရှိရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုမှ မန်နေဂျာကမူ ၎င်းတို့ လုပ်ငန်းခွင်ရှိ အလုပ်သမားများကို PPE များ သင့်လျော်မှန်ကန်စွာ ထိန်းသိမ်းထားရှိရန် နည်းလမ်းများ သင်ကြားပြသထားသည့်အပြင် PPE များ သက်တမ်းကုန်ဆုံးမည့်ရက်ကို ပုံမှန်စစ်ဆေးပေးရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးနှင့် အလတ်အချို့တွင်မူ အလုပ်သမားများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများကို ၎င်းတို့၏ PPE များ အိမ်သို့သယ်ဆောင်သွားရန် ခွင့်ပြုထားပါသည်။

ရှေးဦးသူနာပြုဆေးသေတ္တာနှင့် ခန္ဓာကိုယ်အပူချိန်စစ်ဆေးသည့်ကိရိယာများကို ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများတွင် တွေ့ရသော်လည်း လုပ်ငန်းခွင်တစ်ခုရှိ ရှေးဦးသူနာပြုဆေးသေတ္တာတွင်မူ ပါဝင်ရမည့် ဆေးပစ္စည်းများ စုံလင်စွာ ဖြည့်တင်းထားခြင်းမရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။ ရှေးဦးသူနာပြုဆေးသေတ္တာများကို အရေးပေါ်ကိစ္စပေါ်ပေါက်ပါက အလွယ်တကူရယူနိုင်သည့် နေရာများတွင် ထားလေ့ရှိ၍ အဆိုပါနေရာကို အလုပ်သမားများကလည်း ဆေးသေတ္တာထားရှိသော နေရာကို သိရှိကြောင်း ပြောဆိုကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင်မူ ရှေးဦးသူနာပြုဆေးသေတ္တာများထားရှိသည်ကို တွေ့မြင်ရခြင်း မရှိခဲ့ပါ။ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးများတွင် မန်နေဂျာများကို ရှေးဦးသူနာပြုစုနည်း လေ့ကျင့်သင်ကြားပေးထား၍ လုပ်ငန်းခွင် အချို့တွင်မူ အလုပ်သမားများကိုပါ လေ့ကျင့်သင်ကြား ပေးထားပါသည်။ လုပ်ငန်းခွင်အလတ်နှင့် အငယ်များတွင်မူ ရှေးဦးသူနာပြု လေ့ကျင့်သင်ကြားရေး သင်တန်းများ စီစဉ်ပြုလုပ်ပေးသည်ကို မကြားသိခဲ့ရပါ။

၄.၃.၃ လုပ်ငန်းခွင်ကို စနစ်တကျ သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်း

သန့်ရှင်းသပ်ရပ်စွာထားသိုခြင်းမရှိသည့် လုပ်ငန်းခွင်သည် ဘေးအန္တရာယ်များစွာကို ဖြစ်ပေါ်နိုင်စေပါသည်။ လုပ်ငန်းခွင်အနှံ့ထားရှိသည့် ပစ္စည်းများကြောင့် အလုပ်သမားများ ခလုတ်တိုက်လဲပြိုနိုင်သည့်အပြင် ခလုတ်တိုက်လဲပြိုမှုသည် ဘေးအန္တရာယ်ပိုမိုကြီးမားပြင်းထန်သည့် ဖြစ်ရပ်တစ်ခု၏ ရှေ့ပြေးလည်း ဖြစ်နိုင်ပါသည် (ဥပမာ- အမြင့်နေရာမှ ပြုတ်ကျခြင်း[၁၃၃])။ လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်မှု အားနည်းခြင်းက ပိုးမွှားများအန္တရာယ်နှင့် ဓာတုပစ္စည်းများ အပါအဝင် ဘေးအန္တရာယ်ရှိသည့်ပစ္စည်းများ ဘေးကင်းလုံခြုံစွာ သိုလှောင်သိမ်းဆည်းထားနိုင်မှုအပေါ် ထိခိုက်စေနိုင်သည့်အပြင် လုပ်ငန်းခွင်သန့်ရှင်းစင်ကြယ်၍ ကျန်းမာရေးနှင့် ညီညွတ်မှုကိုလည်း ပိုမိုဆိုးရွားစေနိုင်ပါသည်။

[၁၃၃] ILO (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း"၊ အလုပ်သမားရေးရာ စစ်ဆေးမှုများအတွက် လမ်းညွှန်ချက် ဂျီနီဗာ.

၄.၃.၃.၁ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လက်ခံရယူရာနေရာများကို သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်း

ပုံ (၂၅) ဆောက်လုပ်ရေးလုပ်ငန်းကြီး (၂) ခုရှိ ကုန်ပစ္စည်းလက်ခံရယူရာ နေရာများ (တံတားတည်ဆောက်ရေးလုပ်ငန်းခွင် – ဝဲဘက်၊ ဆေးရုံ – ယာဘက်)





ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများသည် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာစီမံထားရှိမှုတွင် လုပ်ငန်းခွင်အလတ်နှင့်အငယ်များထက် သာလွန်ကောင်းမွန်ပါသည်။ လုပ်ငန်းခွင်အကြီးများတွင် လာရောက်ပို့ဆောင်သည့် ပစ္စည်းများ ရယူလက်ခံသိုလှောင်ရာနေရာများကို ပစ္စည်းအသုံးပြုရန်လိုအပ်သည့် နေရာများအနီးတွင် စီစဉ်သတ်မှတ်ထားသည့်အတွက် လုပ်ငန်းခွင် စီမံခန့်ခွဲသူများအနေဖြင့် ပစ္စည်းများအား အလွယ်တကူ ထိန်းချုပ်ကွပ်ကဲနိုင်သည့်အပြင် “နှစ်ကြိမ်ကိုင်တွယ်ရခြင်း” (မလိုအပ်ပဲ ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူရခြင်း) များကိုလည်း လျှော့ချ (သို့) ရှောင်ရှားနိုင်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို စက်အားဖြင့် အတင်အချပြုလုပ်၍ အလုပ်သမားများအပေါ် စက်တပ်ယာဉ်များမှ ထိခိုက်နိုင်ခြေ ပိုမိုမြင့်မားသည့် ဆေးရုံဆောက်လုပ်ရေးကဲ့သို့သော လုပ်ငန်းခွင်ကြီးများရှိ ပစ္စည်းရယူလက်ခံရန် သတ်မှတ်ထားသည့် နေရာများတွင် လမ်းလျှောက်သွားလာသူများအတွက် အကာအရံများ၊ သတိပေးဆိုင်းဘုတ်များ စီစဉ်ထားရှိသည့်အပြင် လုံခြုံရေးတစ်ဦးမှလည်း ပစ္စည်းသယ်မော်တော်ယာဉ်များကို ကြီးကြပ်လျက်ရှိသည်ကို တွေ့မြင်ခဲ့ ရပါသည်။ ပစ္စည်းအတင်အချပြုလုပ်ရာ နေရာများကိုမူ သီးခြားအပြည့် ကာရံထားရှိသည့်အတွက် အဆိုပါလုပ်ငန်းစဉ်တွင်ပါဝင်သည့် အလုပ်သမားများမှအပ အခြားသူများ ဝင်ခွင့်မရှိကြောင်း တွေ့မြင်ခဲ့ရပါသည်။

ပုံ (၂၆) ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များရှိ သန့်ရှင်းသပ်ရပ်မှု အားနည်းသည့် နေရာများ





ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်စားများတွင်မူ ပစ္စည်းလက်ခံရယူရာ နေရာသတ်မှတ်ထားရှိသော်လည်း အဆိုပါနေရာသည်လာရောက်ပို့ဆောင်သည့်ပစ္စည်းပမာဏအတွက်အလွန်သေးငယ်၊ကျဉ်းမြောင်းနေလေ့ရှိပါသည်။ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များတွင်မူ ပစ္စည်းလက်ခံရယူရန် သီးသန့်သတ်မှတ်ထားသည့် နေရာမရှိပါ။ လာရောက်ပို့ဆောင်သည့် ဆောက်လုပ်ရေးပစ္စည်းများကို မသပ်မရပ် ရွေးထုတ်ကာ တူရာစုထား၍ စွန့်ပစ်ပစ္စည်းများကို လုပ်ငန်းခွင်ဝင်ပေါက်တွင် စွန့်ပုံထားသည့်အတွက် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်မှုကို ထိခိုက်စေပါသည်။ (လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှုဆိုင်ရာ ပြဿနာရပ်များကို ပေါ်ပေါက်စေပါသည်။) ထို့ကြောင့် ခလုတ်တိုက်လဲပြိုခြင်းများ ကြုံတွေ့နိုင်ချေ ရှိသည့်အပြင် လုပ်ငန်းခွင်အတွင်း လုံလောက်သည့် အန္တရာယ်အကာအကွယ်ပြုဖိနပ် (Safety Shoes) များ ဝတ်ဆင်မှု နည်းပါးခြင်းကလည်း ထိခိုက်ပြတ်ရှုမှုများကို ဖြစ်ပေါ်စေနိုင်ပါသည်။ အထက်ပါဒုတိယမြောက်ပုံတွင် ပြထားသည့်အတိုင်း ဖန်ထည်မှန်ထည် ကိုင်တွယ်နေသည့် အလုပ်သမားများတွင် သင့်လျော်မှန်ကန်သည့် အန္တရာယ်အကာအကွယ်ပြု ဖိနပ်ဝတ်ဆင်ထားခြင်း မရှိသည်ကို မြင်တွေ့နိုင်ပါသည်။

၄.၃.၃.၂ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ယာယီသိုလှောင်ထားရှိရာ နေရာများ သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်း

ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးများတွင် ပစ္စည်းယာယီသိုလှောင်ရာနေရာများကို သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိသော်လည်း ဘေးအန္တရာယ်အချို့ကို တွေ့မြင်နေရဆဲ ဖြစ်ပါသည်။ သွားရောက်ကြည့်ရှုခဲ့သည့် လုပ်ငန်းခွင်အကြီးတစ်ခုတွင်မူ အဆောက်အအုံအထပ်တိုင်းတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ယာယီသိုလှောင်ထားရှိရာနေရာ စီစဉ်သတ်မှတ်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဤလုပ်ငန်းခွင်တွင် သုတ်ဆေးများ၊ ဘိလပ်မြေများနှင့် အခြားပစ္စည်းမျိုးစုံကို စနစ်တကျမျိုးတူရာ စီစဉ်ခဲ့ခြင်း၍ သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်းမပြုကြောင်း တွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် ဓာတုပစ္စည်းများကိုလည်း သောက်ရေသန့်ပုံးများနှင့်အတူ လေဝင်လေထွက်နည်းသည့် နေရာများတွင် စီစဉ်ထားရှိသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ပစ္စည်းသိုလှောင်ရာ အခန်းတွင်းရှိ အမှုန်အမွှားများ၊ အနံ့အသက်များက ကျန်းမာရေးနှင့် ဓာတုအန္တရာယ်ဖြစ်နိုင်ချေများကို ဖိတ်ခေါ်နေသကဲ့သို့ဖြစ်နေသည်ကိုလည်း သတိပြုမိခဲ့ပါသည်။ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာများ (ထိခိုက်ပြတ်ရှုမှုများ၊ကွဲအက်မှုများ၊ပွန်းပဲ့မှုများ)ဖြစ်ပေါ်စေနိုင်သည့် ချွန်ထက်၍ အစွန်းထွက်နေသော ပစ္စည်းများကိုလည်း (အဆောက်အအုံ) ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးတစ်ခုတွင် တွေ့မြင်ခဲ့ရပါသည်။

ပုံ (၂၇) သစ်ပင်ခုတ်ဖြတ်ရာနှင့် အဆောက်အအုံဖြိုဖျက်ရာမှ ထွက်ပေါ်လာသည့် စွန့်ပစ်ပစ္စည်းများနှင့် အမှိုက်ပုံ





ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးတစ်ခုတွင်မူ သစ်ပင်များဖြတ်တောက်ရာ အရာဝတ္ထုများ ဖြိုဖျက်ရာမှ ပေါ်ထွက်လာသည့် စွန့်ပစ်ပစ္စည်းများ လမ်းဘေးတစ်လျှောက် စွန့်ပုံထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ရထားသံလမ်းအပိုင်းများ လမ်းဘေးတွင် စုပုံထားသည်ကိုလည်းမြင်တွေ့ခဲ့ရပြီး လုပ်ငန်းခွင်စီမံအုပ်ချုပ်သူများအဆိုအရ အဆိုပါသံလမ်းအပိုင်းအစများကို ပိုင်ရှင်ဖြစ်သူ (မြန်မာ့မီးရထားလုပ်ငန်း) ၏ ပစ္စည်းသိုလှောင်ဝင်းသို့ သံလမ်းကားဖြင့် ပြန်လည်ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

လုပ်ငန်းခွင်တစ်ခုအတွင်းရှိသက်ဆိုင်သူအမျိုးမျိုးအကြား ချိတ်ဆက်ပူးပေါင်းမှုနှင့် (OSH)စီမံခန့်ခွဲမှုစည်းမျဉ်းစည်းကမ်းလိုက်နာဆောင်ရွက်မှု အားနည်းခြင်းက အလုပ်သမားများအပေါ် ဘေးအန္တရာယ်သက်ရောက်နိုင်ချေရှိစေသည်ဆိုသည့်အချက်ကို ဤဖြစ်ရပ်က ထောက်ပြနေပါသည်။

၄.၃.၃.၃ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု

ပုံ (၂၈) ဆောက်လုပ်ရေးလုပ်ငန်းကြီးတစ်ခုအတွင်းရှိ ပြန်လည်အသုံးပြုရန် ပြင်ဆင်ထားသောစည်များနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု





လုပ်ငန်းခွင်လေ့လာစောင့်ကြည့်မှုအရ လုပ်ငန်းခွင်အကြီးများတွင် မီးလောင်လွယ်သော စွန့်ပစ်ပစ္စည်းများထားရှိသော နေရာကို သတ်သတ်မှတ်မှတ်ထားရှိသည့်အပြင် ဓာတ်ဆီအစရှိသည့် မီးလောင်လွယ်သော ပစ္စည်းများကိုလည်း မီးတောက်လောင်နိုင်သည့် အရင်းအမြစ်များမှ ဝေးနိုင်သမျှ ဝေးသောနေရာတွင် စီစဉ်ထားရှိသည့်အတွက် မီးဘေးအန္တရာယ် ကျရောက်နိုင်ခြေလျော့ပါးသက်သာစေပါသည်။ ဆောက်လုပ် ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင်မူ “စွန့်ပစ်ပစ္စည်းပမာဏလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ထပ်မံအသုံးပြုနိုင် စေရန်ဆောင်ရွက်ခြင်း” (3R) နည်းစနစ် အသုံးပြု၍ စွန့်ပစ်ပစ္စည်းပမာဏလျှော့ချရန် ရည်ရွယ်လုပ်ဆောင်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ (ဥပမာ–စည်များကို လက်သုံးကိရိယာများအဖြစ် သိုလှောင်သိမ်းဆည်းရာတွင် အသုံးပြုခြင်း။)

ပုံ (၂၉) ဆောက်လုပ်ရေးလုပ်ငန်းကြီး တစ်ခုအတွင်းရှိ 3Rs စနစ် (ဝဲဘက်နှင့် အလယ် ဗဟို) စွန့်ပစ်ပစ္စည်းထားရှိရာ နေရာ (ယာဘက်)







ဆောက်လုပ်ငန်းခွင်အကြီးတစ်ခုတွင်မူ ထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းနှင့် ထပ်မံအသုံးပြုရန်ပြင်ဆင်ခြင်းတို့ကို သေချာစွာ ဆောင်ရွက်နေကြောင်း သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းခွင်တွင် စွန့်ပစ်ပစ္စည်းပြန်လည်အသုံးပြုရန် ပြင်ဆင်သည့် ဝင်းခြံငယ်တစ်ခုထားရှိ၍ ပစ္စည်းတင်စင်များ ပြုလုပ်နေသည်ကိုလည်း

တွေ့မြင်ခဲ့ရပါသည်။ ဤလုပ်ငန်းခွင်တွင် စွန့်ပစ်ပစ္စည်းများကို ပုံးများအတွင်း အရောင်နှင့် သင်္ကေတအမှတ်တံဆိပ် ခွဲခြားသတ်မှတ်ထားရှိ၍ (ဥပမာ – အထွေထွေစွန့်ပစ်ပစ္စည်းများကို အစိမ်းရောင်ပုံးနှင့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို အနီရောင်ပုံး) “စွန့်ပစ်ပစ္စည်း ပမာဏလျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ထပ်မံအသုံးပြုနိုင်စေရန်ဆောင်ရွက်ခြင်း” (3R) နည်းစနစ်ကို ထိ ရောက်စွာအသုံးချနေသည်ကို တွေ့ရှိခဲ့ရပါသည်။

ပုံ (၃၀) လုပ်ငန်းခွင်အငယ်ရှိ စွန့်ပစ်ပစ္စည်းများ





ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးတစ်ခုတွင်မူ စွန့်ပစ်ပစ္စည်းများကို အဆောက်အအုံဘေးနှင့် အနောက်ဖက်များတွင် စွန့်ပုံထားရှိသည့်အတွက် ခလုတ်တိုက်လဲပြိုခြင်းများနှင့် မီးဘေးအန္တရာယ်တို့ ပေါ်ပေါက်စေနိုင်ပါသည်။ လုပ်ငန်းခွင်စီမံအုပ်ချုပ်သူများအဆိုအရ အဆိုပါစွန့်ပစ်ပစ္စည်းများကို လိုင်စင်ရ ဝန်ဆောင်လုပ်ငန်းများမှ အပတ်စဉ်လာရောက်သယ်ဆောင်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ စွန့်ပစ်ပစ္စည်းထားရှိရာ ခြံဝင်းသို့ သွားရောက်စွန့်ပစ်လေ့ရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် ထိုသို့အပတ်စဉ် လာရောက်ခြင်းမပြုမီ ကြားရက်များတွင် စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံထားရှိခြင်း မပြုသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်စားနှင့် အငယ်စားများတွင်မူ အစိုင်အခဲစွန့်ပစ်ပစ္စည်းများနှင့် အရည်စိမ့်ထွက်သည့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်နေရာများတွင် စနစ်တကျစွန့်ပစ်ခြင်းမပြုသည့်အတွက် အလုပ်သမားများ ခလုတ်တိုက်ကာ ထိခိုက်လဲပြိုကြောင်း သိရှိရပါသည်။ အဆောက်အအုံများ၏ဘေးဘက်နှင့် အရှေ့ဘက်တွင် မီးလောင်လွယ်သော စွန့်ပစ်ပစ္စည်းများ စုပုံထားရှိမှုကြောင့် မီးဘေးအန္တရာယ်များ ဖိတ်ခေါ်နေသကဲ့သို့ ရှိနေပါသည်။ ဇီဝဆိုင်ရာ ထိခိုက်လွယ်သော စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ထားသိမှုမရှိခြင်းနှင့် ထိခိုက်အန္တရာယ်ဖြစ်စေနိုင်သော အစွန်းထွက်နေသည့်ပစ္စည်းများက လုပ်ငန်းခွင်ရှိ အလုပ်သမားအားလုံးအပေါ် ထိခိုက်သက်ရောက်စေပါသည်။

၄.၃.၄ တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများ(PPE)

လုပ်ငန်းခွင်ဘေးအန္တရာယ် ထိန်းချုပ်စီမံချက် အဆင့်ဆင့် (အပိုင်း ၁ ပုံ အမှတ် ၃) တွင် PPE ဝတ်ဆင်အသုံးပြုခြင်းသည် ထိရောက်မှုအနည်းဆုံးအဆင့်တွင် ရှိသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် ထိတွေ့ခြင်းကို ကြိုတင်ကာကွယ်ရာတွင် အသုံးအများဆုံးနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။ သုတေသနအဖွဲ့အနေဖြင့် အောက်ဖော်ပြပါဇယားအမှတ် (၁၂) ရှိ PPE စာရင်းကို အခြေပြု၍ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ၎င်းတို့နှင့် သက်ဆိုင်သည့် PPE အမျိုးအစားများ စီစဉ်ပံ့ပိုးပေးခြင်း ရှိ၊ မရှိ သိနိုင်ရန် လေ့လာစောင့်ကြည့်ခဲ့ပါသည်။

ဇယား (၁၂) တစ်ကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းများစာရင်း

အကာအကွယ်ပေးသည့် ခန္ဓာကိုယ် အစိတ်အပိုင်း	လုပ်ငန်းခွင်ဘေးအန္တရာယ်များ	ရွေးချယ်အသုံးပြုနိုင်သည့် PPE အမျိုးအစားများ
ခြေထောက်နှင့် ခြေခုံများ	စိုစွတ်သည့်ကြမ်းပြင်များ နှင့် ခြေချော်ခြင်းများ၊ ပြတ်ရှခြင်း၊ တိုက်မိဆောင့်မိခြင်းနှင့် ထိုးဖောက်မိခြင်း၊ အရာဝတ္ထုများ ပြုတ်ကျခြင်း၊ ဓာတုဆေးရည်များ (သို့) သတ္တုရည်ပူများ ဖိတ်စင်ခြင်း၊ ပွန်းပဲ့ဒဏ်ရာရရှိခြင်း	ဘေးအန္တရာယ်အကာအကွယ်ပြုဖိနပ် (သို့) ဘွတ်ဖိနပ်၊ ခြေဦးထိပ်တွင် သံမဏိပုံး နှင့် သံမဏိဖိနပ်ခုတို့ပါဝင်၍ ခြေချော်မှု မဖြစ်စေရန် စီမံထားသည့် ရေစိုခံ ဘွတ်ဖိနပ်
နားများ	နားစည်တုန်ခါခြင်း၊ ယာယီနားလေးခြင်း၊ အကြားအာရုံထာဝရဆုံးရှုံးခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်းတို့ကို ဦးတည်စေသည့် ဆူညံသံများ	နားကာများ၊ နားကြပ်များ အပါအဝင် အကြားအာရုံကာကွယ်ရေး ပစ္စည်းကိရိယာများ
မျက်လုံးများ	ဓာတုဆေးရည်၊ သတ္တုပျော်ရည်တို့ ဖိတ်စင်ခြင်း၊ အမှုန်အမွှားများ၊ ချွန်ထက်သည့်အရာများ၊ ဓာတ်ငွေ့များနှင့် အခိုးအငွေ့များ၊ ဖြာထွက်ရောင်ခြည်များ	အကာအကွယ်ပြုမျက်မှန်၊ (လေကာ၊ရေကာ) မျက်မှန်၊ မျက်နှာအကာအရံ
ဦးခေါင်း	လွှင့်စင်၊ ပြုတ်ကျလာသည့် အရာဝတ္ထုများနှင့် ထိခိုက်မိခြင်း နေရာလပ်မရှိသည့် လုပ်ငန်းဆောင်ရွက်ရာ နေရာများတွင် ဦးခေါင်းဖြင့် တိုက်မိ၊ ဆောင့်မိနိုင်ခြင်း	အန္တရာယ်အကာအကွယ်ပြုဦးထုတ်၊ ကက်ဦးထုတ်အမာများ
ပြုတ်ကျခြင်းမှ ကာကွယ်သည့် အကာအရံများ	အမြင့်မှပြုတ်ကျခြင်းကြောင့် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ	အန္တရာယ်အကာအကွယ်ပြု ခန္ဓာကိုယ်သိုင်းကြိုးများ (အသက်ကယ်ကြိုးများနှင့် တွဲဖက်အသုံးပြုရန် (သို့) သံချိတ်၊ သံကွင်း စသည်တို့တွင်တွင် ခိုင်မြဲစွာ တုပ်နှောင်ထားရန်)
အသက်ရှူစနစ်	အမှုန်အမွှားများ၊ အမျှင်များ၊ အန္တရာယ်ဖြစ်စေသည့် ဓာတ်ငွေ့ နှင့် အခိုးအငွေ့များ၊ လေထုအတွင်း အောက်ဆီဂျင်ပါဝင်မှု ကျဆင်းခြင်း	တစ်ခါသုံး (ကတ်ထရစ်ချ်) အသက်ရှူကိရိယာများ၊ မျက်နှာ အပြည့်/ထက်ဝက် အသက်ရှူကိရိယာများ၊ အောက်ဆီဂျင်ပိုက်နှင့်ဆက်ထားသည့် ခေါင်းစွပ်မျက်နှာဖုံးများ၊ အောက်ဆီဂျင်စက် ပါဝင်သည့် အသက်ရှူကိရိယာများ
လက်မောင်းနှင့် လက်ချောင်းများ	ပွန်းပဲ့ခြင်းများ၊ ပြင်းထန်သည့် အပူချိန်များ၊ ထိခိုက်ပြတ်ရှခြင်းနှင့် ထိုးဖောက်ခံရခြင်းများ၊ ဓာတုဆေးရည်များနှင့် ထိတွေ့မိခြင်း၊ ဓာတ်လိုက်ခံရခြင်း၊ အရေပြားမှ တစ်ဆင့် ရောဂါကူးစက်ခံရခြင်းများ။	ရာဘာလက်အိတ်၊ သံမဏိဇာကွက် လက်အိတ်၊ သားရေလက်အိတ်၊ လက်ကောက်ဝတ်နှင့် လက်ချောင်းများ အကာအကွယ်ပြု ပစ္စည်းကိရိယာများ
ရင်ဘတ်ပိုင်း/ ခန္ဓာကိုယ်တစ်ခုလုံး	လွန်ကဲသည့် အပူချိန်များ၊ ပြင်းထန်သည့်ရာသီဥတု၊ ဓာတုဆေးရည်(သို့)သတ္တုရည်ပူများ ဖိတ်စင်ခြင်း၊ ဖြာထွက်ရောင်ခြည်များ၊ ချွန်ထက်သည့်အရာဝတ္ထုများနှင့် ထိခိုက်ခြင်းကြောင့် ရရှိသည့် ဒဏ်ရာများ၊ အန္တရာယ်ရှိသည့် အမှုန်အမွှားနှင့် အမျှင်များ၊ မှောင်မိုက်သည့် လုပ်ငန်းခွင်ဝန်းကျင် (သို့) ဝတ်ဆင်သည့် မိမိ၏အဝတ်အစား အရောင်နှင့် ရောထွေးနေခြင်း	အထွေထွေသုံး တကိုယ်ရည်သုံးအကာအကွယ်ပစ္စည်းဝတ်စုံများ တစ်ခါသုံး အပေခံစက်ရုံဝတ်စုံ အအေးဒဏ်ခံ ဝတ်စုံကဲ့သို့ အထူးအကာအကွယ်ပြု ဝတ်စုံများ ဓာတုပစ္စည်း (သို့) ဖြာထွက်ရောင်ခြည် အကာအကွယ်ပြု ဝတ်စုံ ထိခိုက်ပြတ်ရှမှု ခံနိုင်သည့် ခါးစည်း အရောင်တောက်ပသည့် (အမှောင်ထဲတွင် မြင်နိုင်သည့်) ဝတ်စုံ

ရိုဂြစ်ချက် – ILO (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း"၊ အလုပ်သမားရေးရာ စစ်ဆေးရေးမှူးများအတွက်လမ်းညွှန်ချက်။ ကျိုင်းဇာမှတ်ချက် – Graphic credit: Yamashita Tsutomo ရန်ကုန်မြို့ပတ်ရထားလမ်း၊ အကြီးတန်းလုပ်ငန်းခွင်မနေရာ။

ပုံ (၃၁) လုပ်ငန်းခွင်အကြီး (ဝ) တွင် PPE ဝတ်ဆင်၍ အလုပ်လုပ်ကိုင်နေပုံနှင့် လုပ်ငန်းခွင်အငယ် (ယာ) တွင် PPE ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေပုံ




၄.၃.၄.၁ ဦးခေါင်းအကာအကွယ်ပြု ဦးထုပ်များ၊ မျက်လုံးနှင့် မျက်နှာအကာအကွယ်ပြု မျက်လုံးအကာများ

ပုံ (၃၂) လုပ်ငန်းခွင်အကြီးတွင် မျက်လုံးနှင့် လက်အကာအကွယ်ဝတ်ဆင်ခြင်းမရှိဘဲ ဖြတ်တောက်သည့် ကိရိယာများနှင့် လျှပ်စစ်ဓာတ်အားသုံးကိရိယာများ ကိုင်တွယ်အသုံးပြုနေသည့် အလုပ်သမားများ




ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးတစ်ခုတွင် လွှင့်စဉ်ပြုတ်ကျလာသည့် အရာဝတ္ထုများ၏ အန္တရာယ်ကျရောက်နိုင်သည့် အနေအထားတွင် အလုပ်သမားအားလုံး အန္တရာယ်အကာအကွယ်ပြု ဦးထုပ်အမာများ (Safety Helmet) ဝတ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ လုပ်ငန်းခွင်တစ်ခုတွင်မူ အလုပ်သမားအမည်၊ ကိုယ်ပိုင်အမှတ်၊ သွေးအမျိုးအစားတို့ကို ဖော်ပြထားသည့် စတစ်ကာ (Sticker) စာရွက်ကိုအလုပ်သမားများ၏ ဦးထုပ်အမာတွင် ကပ်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ လုပ်ငန်းခွင်အငယ်နှင့်အလတ်များတွင်မူ အလုပ်သမားများသည် ဦးထုပ်အမာများ၊ မျက်လုံးနှင့် မျက်နှာအကာအကွယ်ပြု မျက်လုံးအကာများ ဝတ်ဆင်ခြင်းမပြုပဲ လျှပ်စစ်အားသုံးပစ္စည်း ကိရိယာများ (ဂဟေဆက်သည့် ကိရိယာများ) ကို အသုံးပြုသည့် စက်မှုလုပ်ငန်းများတွင်ကိုင်တွယ်အသုံးပြုနေသည်ကိုတွေ့မြင်ခဲ့ရပါသည်။အမြင့်မှပြုတ်ကျလာနိုင်သည့်အရာဝတ္ထုများ၏အန္တရာယ်ဖြစ်နိုင်ချေ မြင့်မားသည့်နည်းတူ လျှပ်စစ်အားသုံးကိရိယာများ အသုံးပြုလုပ်ကိုင်ရာ၊ တိုက်စားရာနှင့် ဖြတ်တောက်ရာတို့မှ လွှင့်စင်လာနိုင်သည့် သတ္တုအပိုင်းအစများကြောင့် မျက်လုံးနှင့်မျက်နှာ ဒဏ်ရာရနိုင်ချေသည်လည်း မြင့်မားပါသည်။

၄.၃.၄.၂ အသက်ရှူစနစ် အကာအကွယ်ပြု (တစ်ခါသုံးအမှုန်အမွှားကာကွယ်သည့် နှာခေါင်းစည်း) (Dust Mask)

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး (၂) ခုတွင် အမှုန်အမွှားထွက်ရှိသည့် လုပ်ငန်းများ ဆောင်ရွက်နေသည့် အလုပ်သမားများအနက် အလုပ်သမား ၁၀ ရာခိုင်နှုန်းခန့်သည် တစ်ခါသုံးအမှုန်အမွှားကာကွယ်သည့် နှာခေါင်းစည်း (Dust Mask) များတပ်ဆင် သုံးစွဲခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ အခြားလုပ်ငန်းခွင်အကြီးတစ်ခုတွင်မူ အမှုန်အမွှားများထွက်ရှိသည့် လုပ်ငန်းများ (ကျောက်သား ဖောက်ခြင်းနှင့် ကြွေပြားဖြတ်တောက်ခြင်း) လုပ်ကိုင်နေသည့် အလုပ်သမားများသည် တစ်ခါသုံးအမှုန်အမွှား ကာကွယ်သည့် နှာခေါင်းစည်း (Dust Mask) များ တပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ အသက်ရှူသွင်းလိုက်သည့်အခါ အမှုန်အမွှားများ တွင်ပါဝင်သည့် ကျောက်အစအနများသည် အဆုတ်ထဲသို့ နက်နက်ရှိုင်းရှိုင်းရောက်ရှိ၍ အဆုတ်ကြွက်သားတစ်ရှူးများတင်းမာသည့်ရောဂါ (silicosis) (သို့) အခြားအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။ အမှုန်အမွှားများထွက်ရှိသည့် လုပ်ငန်းများကို ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်လည်း တွေ့ရှိရပါသည်။ ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင် စီမံအုပ်ချုပ်သူများက အမှုန်အမွှားထွက်ရှိမှုကို လျှော့ချထိန်းချုပ်ရန် ရေဖြန်းလေ့ရှိကြောင်း ပြောကြားသော်လည်း သုတေသန အဖွဲ့အနေဖြင့် ထိုသို့ရေဖြန်းခြင်းကို သွားရောက်လေ့လာစဉ်အခါက တွေ့မြင်ရခြင်း မရှိခဲ့ပါ။

ပုံ (၃၃) ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များရှိ အသက်ရှူလမ်းကြောင်း အကာအကွယ်ပြု ပစ္စည်းကိရိယာများ ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေကြသည့် ပန်းရံနှင့် ကွန်ကရစ် (အင်္ဂတေ) ဖျော်သည့် လုပ်သားများ





အမှုန်အမွှားထွက်ရှိသည့်လုပ်ငန်းများကို ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်နှင့် အလတ်များတွင်လည်း တွေ့ရှိခဲ့ရပါသည်။ အဆိုပါ လုပ်ငန်းခွင်များရှိ အလုပ်သမားများသည် ခွဲခန်းသုံးနှာခေါင်းစည်းများ (Surgical Mask) များဝတ်ဆင် အလုပ်လုပ်ကိုင်နေကြသော်လည်း အဆိုပါနှာခေါင်းစည်းများသည် အမှုန်အမွှားထွက်ရှိသည့် လုပ်ငန်းများနှင့် သင့်လျော်မှုမရှိသည့်အပြင် အမှုန်အမွှားများ ရှူသွင်းမိခြင်းမှတစ်ဆင့် ပေါ်ပေါက်လာမည့် ဘေးအန္တရာယ်ဖြစ်နိုင်ချေများမှာလည်း မြင့်မားသည်ကို အဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ ကျောက်အမှုန်အမွှားအစအနများနှင့် ထိတွေ့လုပ်ကိုင်နေရသည့် အလုပ်သမားများတွင်လည်း သင့်လျော်လုံလောက်သည့် PPEများ ဝတ်ဆင်အသုံးပြုထားခြင်းမရှိသည်ကို အဖွဲ့မှ သတိပြုတွေ့မြင်ခဲ့ရပါသည်။

၄.၃.၄.၃ ဆူညံသံများမှ အကာအကွယ်များ (နားကာများ၊ နားကြပ်များ)

ပုံ (၃၄) လုပ်ငန်းခွင်အကြီးအတွင်းရှိ အကြားအာရုံ (နား) အကာအကွယ်ပြုပစ္စည်း ကိရိယာများ ဝတ်ဆင်ခြင်းမရှိဘဲ ကျောက်ဖြတ်စက်ကိုင်တွယ်အသုံးပြုနေသည့် အလုပ်သမားများ



ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုရှိအလုပ်သမားအချို့တွင် နားကာများ၊ နားကြပ်များ တပ်ဆင်အသုံးပြုနေကြသည်ကို မြင်တွေ့ခဲ့ရသည်မှအပ ခြုံငုံကြည့်ရှုလျှင် လျှပ်စစ်အားသုံးကိရိယာများနှင့် ဖြတ်တောက်သည့်ကိရိယာများ စသည့် ဆူညံသံထွက်ပေါ်စေသော ပစ္စည်းကိရိယာများကိုင်တွယ်အသုံးပြုနေရသည့်အလုပ်သမားများသည် ဆူညံသံများမှ အကာအကွယ်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်အသုံးပြုခြင်းမရှိသည်ကိုအဖွဲ့မှ တွေ့မြင်ခဲ့ရပါသည်။ အဖွဲ့အနေဖြင့် အသံဆူညံမှု အတိုင်းအတာများ (Noise Levels) ကို အတိအကျတိုင်းတာခဲ့ခြင်းမရှိသည့်တိုင် လုပ်ငန်းခွင်အားလုံးရှိ လိုအပ်သည့် ဆူညံသံအကာအကွယ်များကို အကဲဖြတ်နိုင်ရန်အတွက်ဆူညံမှုအတိုင်းအတာများ (Noise Levels) ကို ထပ်မံတိုင်းတာရန် လိုအပ်နေပါသည်။

ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ လုပ်ငန်းခွင် စီမံအုပ်ချုပ်မှုအဖွဲ့သည် ဆူညံသံဆိုင်ရာ အချက်အလက်များကို အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ (လေထုအတွင်းကာဗွန်ဒိုင်အောက်ဆိုဒ်ပါဝင်မှု စသည့်) နှင့်အတူ မှတ်တမ်းပြုစုထားသည်ကို တွေ့ရှိခဲ့ရပါသည်။ သို့ရာတွင် အဆိုပါမှတ်တမ်းအချက်အလက်များသည် အလုပ်သမားများ အဆိုပါ ဘေးအန္တရာယ်များနှင့် ထိတွေ့သည့်ကြာမြင့်ချိန်၊ ထိတွေ့သည့်အလုပ်သမားများကို အတိအကျမှတ်တမ်းတင်ထားခြင်းမရှိသည့်အတွက် OSH စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအတွက် အသုံးဝင်ခြင်း ရှိ၊ မရှိ ရှင်းလင်းသေချာမှု မရှိလှပါ။ သို့ရာတွင်အဆိုပါလုပ်ငန်းခွင်သည် အခြားလုပ်ငန်းခွင်များနှင့် နှိုင်းယှဉ်ပါက ဆူညံသံနည်းပါးသည်ကို သွားရောက်လေ့လာချိန်အတွင်းသတိပြုမိခဲ့ပါသည်။

၄.၃.၄.၄ လက်အကာအကွယ်ပြုပစ္စည်း (လက်အိတ်များ)

ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးစားများတွင် အလုပ်သမားအချို့သည် သုတ်ဆေးများကိုင်တွယ်ရာ (သို့) ကွန်ကရစ် ဖျော်စပ်ရာတွင် သားရေလက်အိတ် အသုံးပြုရမည့်အစား ချည်လက်အိတ်များ ဝတ်ဆင်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် ကွန်ကရစ်ဖျော်စပ်သည့် ပစ္စည်းကိရိယာများကို ထိန်းသိမ်းကိုင်တွယ်နေသော အလုပ်သမားများသည်လည်း PPE (သို့) အန္တရာယ်အကာအကွယ်ပြု ဘွတ်ဖိနပ် စသည်တို့ ဝင်ဆင်ထားခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ အလုပ်သမားအများစုသည် သားရေ (သို့) ချည်လက်အိတ်များ ဝတ်ဆင်၍ အလုပ်လုပ်ကိုင်နေကြပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့် အငယ်များတွင်မူလက်အိတ်ဝတ်ဆင်ရန် လိုအပ်သည့်အလုပ်များ၌ပင် လက်အိတ်ဝတ်ဆင်လုပ်ကိုင်နေသည့် အလုပ်သမားတစ်ဦးမျှပင် တွေ့မြင်ခဲ့ရခြင်း မရှိပါ။ ထို့အပြင် အလုပ်သမားများ လျှပ်စစ်ကျောက်ဖြတ်စက်ကိရိယာများနှင့် ကျောက်ချောစက်များ ကိုင်တွယ်ဆောင်ရွက်သည့်အခါတွင်လည်း လိုအပ်သည့် အကာအရံများ အသုံးပြုသည်ကို တွေ့မြင်ခဲ့ရခြင်း မရှိပါ။

၄.၃.၄.၅ ခြေထောက်အကာအကွယ်များ (ဘေးအန္တရာယ်အကာအကွယ်ပြုဖိနပ်များ)

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုရှိအလုပ်သမားအချို့ ဘေးအန္တရာယ်အကာအကွယ်ပြုဖိနပ်များ (Safety Shoes) ဝတ်ဆင်စီးနင်းခြင်း မပြုသည်မှအပ ကျန်ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် အလုပ်သမားအားလုံး ဘေးအန္တရာယ်အကာအကွယ်ပြုဖိနပ်များ ဝတ်ဆင်စီးနင်း၍ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ အမြင့်မှ ပြုတ်ကျလာနိုင်သည့် အရာဝတ္ထုများကြောင့် ခြေထောက်ထိခိုက် ဒဏ်ရာရရှိနိုင်ချေကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့် အငယ်များတွင်မူ အလုပ်သမားများသည် ထသွားထလာ ဝတ်စုံများနှင့် ကွင်းထိုးဖိနပ်များဖြင့်သာ ဝတ်ဆင်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည် (အလုပ်ခွင်အတွက် သီးသန့်သတ်မှတ်ထားသည့် တူညီဝတ်စုံ၊ အန္တရာယ်အကာအကွယ် ပြုဖိနပ်နှင့် PPE စသည်တို့ ဝတ်ဆင်ထားခြင်း မရှိပါ)။ ထို့ကြောင့် ဤသို့သော အခြေအနေမျိုးတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အစွန်းထွက်နေသည့် အရာဝတ္ထုများ စသည့်လုပ်ငန်းခွင် ဘေးအန္တရာယ်များအပြင် အမြင့်မှပြုတ်ကျလာနိုင်သည့် ပစ္စည်းများကြောင့် အလုပ်သမားများ ခြေထောက်ဒဏ်ရာရရှိနိုင်ချေရှိနေကြောင်း ကောက်ချက်ချနိုင်ပါသည်။ သုတေသနအဖွဲ့အနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင် အလုပ်သမားများက PPE ဝတ်ဆင် အသုံးပြုသည်ကို တွေ့မြင်ခဲ့ခြင်းမရှိသည့်အပြင် အလုပ်သမားများနှင့် မေးမြန်းပြောကြားချက်များအရ ကန်ထရိုက်တာများ (သို့) တစ်ဆင့်ခံကန်ထရိုက်တာများမှလည်း လိုအပ်သည့် PPE များ စီစဉ်ထားရှိပေးခြင်း မပြုကြောင်း သိရှိခဲ့ရပါသည်။

၄.၃.၅ အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း

အမြင့်မှပြုတ်ကျခြင်းသည်အလွန်ပြင်းထန်သည့် (သို့)အသက်သေဆုံးသည်အထိဆိုးရွားသည့်အကျိုးဆက်များသယ်ဆောင်လာနိုင်ခြင်းကြောင့် အမြင့်နေရာများတွင်အလုပ်လုပ်ခြင်းသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်ကြုံတွေ့ရနိုင်သည့် အပြင်းထန်ဆုံးအန္တရာယ်ဖြစ်နိုင်ချေများတွင်တစ်ခုအပါအဝင်ဖြစ်ပါသည်။[၁၃၄] ဆောက်လုပ်ရေးလုပ်ငန်းခွင်မတော်တဆဖြစ်မှုများတွင်အမြင့်မှပြုတ်ကျခြင်းသည် မြင့်မားသည့်ရာခိုင်နှုန်းတစ်ခုအဖြစ် ပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) က ဖော်ပြထားပါသည်။ အမြင့်တွင် အလုပ်လုပ်ကိုင်ခြင်းဆိုသည်မှာ အလုပ်သမားအနေဖြင့် ၎င်းအလုပ်လုပ်ကိုင်နေရာ မျက်နှာပြင်မှ ပြုတ်ကျခဲ့လျှင် ခန္ဓာကိုယ်ဒဏ်ရာရနိုင်ဖွယ်ရှိသည့် အမြင့် (အကွာအဝေး) ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဥပမာအားဖြင့် အဆောက်အအုံခေါင်မိုးပေါ်တွင်အလုပ်လုပ်ကိုင်ခြင်း၊အဆောက်အအုံမျက်နှာစာတွင်အလုပ်လုပ်ကိုင်ခြင်း၊မြေကျင်းတူးထားရာနေရာအထက်ရှိ မြေမျက်နှာပြင်များတွင် အလုပ်လုပ်ကိုင်နေခြင်း၊ လှေကားပေါ်တွင် အလုပ်လုပ်ကိုင်ခြင်း စသည်တို့ဖြစ်ကြပါသည်။[၁၃၅] ထို့ကြောင့် အလုပ်သမားများနှင့် လုပ်ငန်းခွင်ကြီးကြပ်သူအားလုံးကို အမြင့်တွင် အလုပ်လုပ်ခြင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အလေ့အထများ၊ ဘေးအန္တရာယ် ကျရောက်နိုင်ချေများ စသည်တို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ စွမ်းရည်မြှင့်သင်တန်းများ ပံ့ပိုးစီစဉ်ပေးရန် အထူးလိုအပ်ပါသည်။

သွားရောက်လေ့လာကြည့်ရှုခဲ့သည့်လုပ်ငန်းခွင်အကြီး (၄)ခုအနက် (၃)ခုတွင်လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေထိန်းချုပ်ထားသည့် ဖြစ်စဉ်များ တွေ့ရှိရသကဲ့သို့ ထိန်းချုပ်မှုအားနည်းသော ဖြစ်စဉ်များကိုလည်း တွေ့မြင်ခဲ့ရပါသည်။

တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ ပိုင်တိုင် (Piles) အုတ်မြစ်ချသည့်အချိန်တွင် "လိမ့်ကျမှုကာကွယ်ရေး စနစ်" (Fall Arrest) ဆိုင်ရာ အင်ဂျင်နီယာပိုင်း ထိန်းချုပ်မှုအစီအမံများ ထားရှိသည်ကို တွေ့မြင်ရပါသည်။ ငြမ်းစင်ဆောက်လုပ်ရေးနှင့် စစ်ဆေးရေးလုပ်ငန်းများကို တတိယအဖွဲ့အစည်းတစ်ခုမှ ပုံမှန်တာဝန်ယူဆောင်ရွက်ကြောင်း တံတားဆောက်လုပ်ရေး စီမံခန့်ခွဲမှုအဖွဲ့က သုတေသနအဖွဲ့ကို ပြောကြားခဲ့သော်လည်း အဆိုပါ ပုံမှန်စစ်ဆေးမှုမှတ်တမ်းမှတ်ရာများကိုမူ လေ့လာကြည့်ရှုခွင့်ပြုခဲ့ခြင်းမပြုခဲ့ရပါ။ ထို့အပြင် အလုပ်လုပ်ရာစင်မြင့်တွင် "ငြမ်းစင်ကတ်ပြားစနစ်" (The Scaffolding Tag System) အရ အစိမ်းရောင်ကတ်ပြားချိတ်ဆွဲခြင်းမရှိချိန် မြေပြင်မှ (၁.၈) မီတာအထက်တွင် ခန္ဓာကိုယ်သိုင်းကြိုးများ (Harness) နှင့် ခရာကြိုးများ (Lanyard)

---

[၁၃၄] ILO (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း"၊ အလုပ်သမားရေးရာ စစ်ဆေးရေးမှုးများအတွက် လမ်းညွှန်ချက် ဂျီနီဗာ

[၁၃၅] တူညီသော နှိုင်းယှဉ်ချက်

အပါအဝင် “လိမ့်ကျမှုတစ်ကိုယ်ရည်ကာကွယ်ရေးစနစ်” (Personal Fall Protection System) ကို အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။ ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ဆန်းစစ်အကဲဖြတ်မှုများပြုလုပ်ပြီးနောက် ငြမ်းစင်များ ဆောက်လုပ်နေစဉ်ကာလအတွင်း ငြမ်းစင်လေ့ကားကိုလည်း မွမ်းမံပြင်ဆင်ခဲ့သည်ဟုလည်း တံတားဆောက်လုပ်ရေးလုပ်ငန်းခွင် စီမံအုပ်ချုပ်မှုအဖွဲ့က ပြောကြားခဲ့ပါသည်။ ငြမ်းစင်များရှိ ဒေါင်လိုက်နှင့် အလျားလိုက် အဆက်အားလုံးတွင် မှန်ကန်သည့်ချိတ်ဆက် (Coupler) အမျိုးအစားများ အသုံးပြုထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ငြမ်းစင်အခင်းပျဉ်ချပ်များသည်လည်း ခိုင်မာတောင့်တင်းသည့် အခြေအနေတွင် ရှိနေပါသည်။ ငြမ်းစင်ကို အမြဲတမ်းအဆောက်အအုံနှင့် ခိုင်မြဲစွာ တုပ်နှောင်ထား၍ အလုပ်လုပ်ရာအထပ်တိုင်းတွင် သင့်လျော်ကောင်းမွန်သည့် လက်ရန်းအကာများ (Guard Rails)၊ အခင်းပျဉ်ချပ်များ (Toe Boards) ကို စနစ်တကျ တပ်ဆင်ထားပါသည်။

ပုံ (၃၅) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်း အထပ်မြင့်ငြမ်းစင်ပေါ်တွင် အမြင့်မှ ပြုတ်ကျနိုင်သည့်အန္တရာယ်ဖြင့် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများ







သို့ရာတွင် တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ငြမ်းစင်အပေါ်ဆုံးထပ် လက်ရန်းအကာအရံပြုလုပ်ထားခြင်းမရှိသောနေရာ၊ အန္တရာယ်ကင်းပိုက်ကွန် (Safety Net) အကာအကွယ်ဧရိယာပြင်ပတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို တွေ့မြင်ခဲ့ရပါသည် (ပုံ ၃၅ ကို ကြည့်ပါ)။ လုပ်ငန်းခွင်စောင့်ကြည့် လေ့လာရေးအဖွဲ့အနေဖြင့် အဆိုပါ လက်ရန်းအကာအရံမရှိသည့် ငြမ်းစင်တွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများတွင် သင့်လျော်ရာ ငြမ်းစင်အစိတ်အပိုင်းတစ်ခု (A Suitable Anchor Point) တွင် ခိုင်မာစွာတုတ်နှောင်ထားသည့် ခရာကြိုး (Lanyard) နှင့်တကွ ခန္ဓာကိုယ်အန္တရာယ်ကင်းသိုင်းကြိုး (Safety Harness) အပြည့်အစုံ ဝတ်ဆင်ထားခြင်း ရှိ၊ မရှိ သွားရောက်ကြည့်ရှုခဲ့ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးအများစုတွင် လိမ့်ကျမှုများကို ကောင်းစွာ အကာအကွယ်ပေးနိုင်မည့် အန္တရာယ်လုံခြုံရေးကြားခံနယ် (Safe Clearance) ပါဝင်သည့် အန္တရာယ်ကင်းပိုက်ကွန် (Safety Net) ကို ကျန်သေချာစွာ တပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပင့်မြှောက်မချီမှုများ လုပ်ဆောင်နေရသည့် တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ အန္တရာယ်ကင်းပိုက်ကွန် တပ်ဆင်ရေးသည် ခက်ခဲလှပါသည်။ အလျားလိုက် အသက်ကယ်ကြိုး (Horizontal Lifeline)၊ ခန္ဓာကိုယ်သိုင်းကြိုး (Body Harness) နှင့် ခရာကြိုး (Lanyard) တို့ ပူးတွဲအသုံးပြုထားသည့်စနစ်က ဤသို့သော ဖြစ်ရပ်များတွင် အကာအကွယ်လက်ရန်းများ တပ်ဆင်ထားခြင်းမရှိသည့် ငြမ်းစင်အစွန်းထက် ကျော်လွန်၍ အလုပ်သမားများ ရောက်ရှိလိမ့်ကျသွားနိုင်ခြေကို ကန့်သတ်ကာကွယ်ပေးနိုင်ပါလိမ့်မည်။ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင် စီမံအုပ်ချုပ်ရေးအဖွဲ့ကမူ အဆိုပါအန္တရာယ်ကင်းပိုက်ကွန်တပ်ဆင်မှုသည် ထုတ်လုပ်သူများမှ တရားဝင်သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ စွမ်းဆောင်ရည်များနှင့်အညီ လုပ်ဆောင်ထားခြင်းဖြစ်သည့်အပြင် ပြင်ပတတိယအဖွဲ့အစည်း စစ်ဆေးရေးမှူးများ (Third Party Inspectors) မှလည်း စစ်ဆေးကြည့်ရှုပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ဤအတည်ပြုလက်ခံရေးနှင့် အရည်အသွေးထိန်းချုပ်ရေး အစီအမံများသည် အဆိုပါ အန္တရာယ်ကင်းပိုက်ကွန်နှင့် ပတ်သက်၍ ရည်ညွှန်းဖော်ပြခြင်းဖြစ်သော်လည်း အတည်ပြုလက်ခံရေးလုပ်ငန်းစဉ်သည် အန္တရာယ်ကင်းပိုက်ကွန်ကို အလုပ်သမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အသေအချာ အာမခံပေးသည့် ဘေးအန္တရာယ်ထိန်းချုပ်ရေး အစီအမံတစ်ခုအဖြစ် ရည်ညွှန်းခြင်းမပြုကြောင်း သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည် (ထို့အပြင် ငြမ်းစင်ကို ကောင်းစွာ တပ်ဆင်ထားခြင်းမရှိခြင်းကလည်း ပုံ (၃၅) တွင် ပြထားသကဲ့သို့ အလုပ်သမားများကို အကာအကွယ် ကင်းမဲ့စေပါသည်)။ ဤသို့တရားဝင် အာမခံအတည်ပြုချက်ပါဝင်သည့် ပစ္စည်းကိရိယာများကို ဆောက်လုပ်ရေးလုပ်ငန်း



ခွင်ကြီးများက ဝယ်ယူလေ့ရှိသော်လည်း လုပ်ငန်းခွင်အလတ်နှင့်အငယ်များကမူ အရည်အသွေးမြင့်ပစ္စည်းကိရိယာများ ဝယ်ယူခြင်း မပြုနိုင်သည့်အတွက် စံချိန်စံညွှန်းပြည့်မီခြင်းမရှိသော ပစ္စည်းကိရိယာများကိုသာ ဝယ်ယူအသုံးပြုရခြင်းက လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို ထပ်လောင်းဖြည့်စွက်ပေးလျက်ရှိနေပါသည်။

ပုံ (၃၆) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ခန္ဓာကိုယ်သိုင်းကြိုးဝတ်ဆင်၍ အမြင့်တွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ




တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် “လိမ့်ကျမှုဆိုင်ရာ တစ်ကိုယ်ရည်ကာကွယ်ရေးစနစ်” ပိုစတာချိတ်ဆွဲထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ အမြင့်နေရာများတွင် အလုပ်လုပ်နေသည့် အလုပ်သမားများသည်လည်း သင့်လျော်သည့် ငြမ်းစင်အစိတ်အပိုင်းတစ်ခုတွင် ခိုင်မာစွာတုပ်နှောင်ထားသည့် ဒဏ်ထိန်းခရာကြိုးများ (Shock Absorbing Lanyard) အပါအဝင် ခန္ဓာကိုယ်သိုင်းကြိုးများအပြည့်အစုံဝတ်ဆင်လုပ်ကိုင်နေကြသည်ကိုတွေ့မြင်ခဲ့ရပါသည်။အလုပ်သမားများကို ခန္ဓာကိုယ်သိုင်းကြိုးအပြည့်အစုံ ဝတ်ဆင်အသုံးပြုပုံနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားထားသည့်အပြင် အမြင့်နေရာများတွင် အလုပ်လုပ်ရာ၌ ဆောင်ရန်၊ ရှောင်ရန် ပိုစတာများ (Dos & Don’ts Posters) ချိတ်ဆွဲပြသထားသည်ကိုလည်း သိရှိတွေ့မြင်ခဲ့ရပါသည်။


ပုံ (၃၇) ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်းရှိ အန္တရာယ်ဖြစ်နိုင်ခြေရှိသော ငြမ်းစင်


အထပ်မြင့်အဆောက်အအုံ (ဆေးရုံတစ်ရုံ) ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုတွင်မူ ငြမ်းစင်ကို စနစ်တကျတပ်ဆင်ထားခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ အဆိုပါ လုပ်ငန်းခွင်တွင် ငြမ်းစင်ကို သင့်လျော်သည့် မျက်နှာပြင်တစ်ခုတွင် အခြေတည် တပ်ဆင်ထားသော်လည်း ငြမ်းစင်ကိုယ်ထည် (Structure)၊ လက်ရန်းများ (Rails) နှင့် အလုပ်သမားများ ခြေချအလုပ်လုပ်ရာ အခင်းပျဉ်ချပ်များ (Toe Boards) ကို သင့်လျော်ကောင်းမွန်စွာ ထောက်မ ပေးနိုင်သည့် အောက်ခံပျဉ်ချပ် (သို့) ခြေကုပ်များ (Base Plate or Footing) ကို စနစ်တကျ တပ်ဆင်ထားခြင်း မရှိသည်ကို တွေ့မြင်ရပါသည်။ အကာအကွယ်ပြု လက်ရန်းများ (Guard Rails)နှင့် အခင်းပျဉ်ချပ်များ (Toe Boards) ကိုလည်း စနစ်ကျခိုင်မာစွာ တုပ်နှောင်တပ်ဆင်ထားခြင်း မရှိသည်ကို သတိပြုတွေ့မြင်ခဲ့ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့် အငယ်များတွင်မူ စနစ်တကျတုပ်နှောင်တပ်ဆင်ထားခြင်းမရှိသည့် ဝါးငြမ်းစင်များကို တွေ့မြင်ခဲ့ရပါသည်။ ငြမ်းစင်မှ ပြုတ်ကျလာနိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ကာကွယ်တားဆီးရေး ပိုက်ကွန်များ တပ်ဆင်ထားသော်လည်း အဆိုပါပိုက်ကွန်များကို စနစ်တကျခိုင်ခန့်စွာတုပ်နှောင်ထားခြင်း မရှိသည့်အပြင် ကြံ့ခိုင်မှု အားနည်းသည်ကိုလည်း သတိပြုတွေ့မြင်ခဲ့ပါသည်။ သံငြမ်းစင်များရှိ အလုပ်သမားများ ခြေချအလုပ်လုပ်ရာ အခင်းပျဉ်ချပ်များ ဆိုးရွားစွာ ပျက်စီးနေသည့်အတွက် အလုပ်သမားများ အမြင့်မှလိမ့်ကျနိုင်သည့်အန္တရာယ်ရှိနေပါသည်။ အမြင့်နေရာများတွင် အန္တရာယ်အကာအကွယ်ပြု ဖိနပ်များ (Safety Shoes) ဝတ်ဆင်ခြင်းမရှိ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအနေဖြင့် ခြေချော်ခြင်း၊ ခလုတ်တိုက်လဲပြိုခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများနှင့် တွေ့ကြုံနိုင်ချေ မြင့်မားလှပါသည်။

ပုံ (၃၈) ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင် အန္တရာယ်ဖြစ်နိုင်ခြေရှိသော ငြမ်းစင်တစ်ခု တပ်ဆင်နေပုံ





အမြင့်နေရာလုပ်ငန်းလုပ်ကွက်များပါဝင်သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်စားများတွင်မူ မှန်ကန်သည့်ငြမ်းစည်တပ်ဆင်ရေး နည်းစနစ်များ အသုံးပြုခြင်းမရှိသည်ကို သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ငြမ်းစင်အဆက်နေရာများတွင် မှန်ကန်သည့်ချိတ်ဆက်များ (Couplers) အသုံးပြုရမည့်အစား ကြိုးများဖြင့်သာ အသုံးပြု ချည်နှောင်ထားခြင်း၊ အလုပ်လုပ်ရာ ငြမ်းစင်အထပ်များတွင်အခင်းကြမ်းပြင်များကို (လက်ရန်း အကာအကွယ်) အစုံအလင်နှင့်တကွ အပြည့်အဝ တပ်ဆင်ထားမှု မရှိခြင်း ၊ အခင်းကြမ်းပြင်ပျဉ်ချပ်များနှင့် အောက်ခြေပျဉ်ချပ်များ လစ်လပ်နေခြင်း စသည့် ငြမ်းစင်ဆိုင်ရာ ချို့ယွင်းချက်များကို တွေ့မြင်ခဲ့ရပါသည်။ အမြင့်နေရာများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများအတွက် “အမြင့်မှလိမ့်ကျမှု တစ်ကိုယ်ရည် ကာကွယ်ရေးစနစ်” စနစ်တကျ တပ်ဆင်ထားခြင်းမရှိသည်ကိုလည်း သတိပြုမိခဲ့ပါသည်။ လေ့လာကြည့်ရှုခဲ့သော လုပ်ငန်းခွင်တစ်ခုတွင် ဖော်ထုတ်တွေ့ရှိသည့် အမြင့်မှပြုတ်ကျနိုင်ခြေမြင့်မားသည့် နမူနာတစ်ရပ်ကို ပုံအမှတ် (၃၈) တွင် တွေ့မြင်နိုင်ပါသည်။

ပုံ (၃၉) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်များအတွင်း အမြင့်တွင် ဘေးကင်းလုံခြုံမှု မရှိသောပုံစံဖြင့် အလုပ်လုပ်ကိုင်နေပုံ (၁) လှေကားပေါ်တွင် အလုပ်လုပ်ကိုင်နေပုံ (အလယ်နှင့် ယာပုံ)



သွားရောက်ကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ် (၂) ခုအနက် (၁) ခုတွင်မူ မြေပြင်မှ အမြင့် ၁၀ပေအကျော်တွင် PPE နှင့် “အမြင့်မှလိမ့်ကျမှု တစ်ကိုယ်ရည်ကာကွယ်ရေးစနစ်” (ခါးပတ်၊ ခန္ဓာကိုယ် သိုင်းကြိုး၊ ခရာကြိုး စသည်) အသုံးပြု ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို တွေ့မြင်ခဲ့ရပါသည်။ အခြားဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်တွင်မူ အထိန်း (Locks) များပါဝင်ခြင်းမရှိသည့် ခေါက်လှေကားများ၊ ခိုင်ခန့်စွာတုပ်နှောင်ထားခြင်းမရှိသည့် သစ်သားလှေကားများကို တွေ့မြင်ခဲ့ရပြီး အမြင့်မှလိမ့်ကျနိုင်သည့် အန္တရာယ်ကိုလည်း သတိပြုဖော်ထုတ်နိုင်ခဲ့ပါသည်။ လှေကားများ၏ တည်ငြိမ် ခိုင်ခန့်မှုကို လျော့ပါးစေသည့် “ယာယီလှေကား အဆက်များ” ကလည်း အလုပ်သမားများအပေါ် အန္တရာယ်ကျရောက်နိုင်ခြေကို အလွန်မြင့်မားစေပါသည်။

၄.၃.၆ ယာဉ်များအသုံးပြု အလုပ်လုပ်ကိုင်ခြင်း

ရွှေ့လျားမောင်းနှင်နေသောယာဉ်များကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိအလုပ်သမားများ မကြာခဏထိခိုက်ဒဏ်ရာရရှိလေ့ရှိပါသည်။ ရွှေ့လျားမောင်းနှင်နေသည့်ယာဉ်များတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများကို လာရောက်ပို့ဆောင်သည့် ယာဉ်များ၊ မြေသယ်ကားများ၊ မြေပြင်လုပ်ငန်းများတွင် အသုံးပြုသည့် မြေတူးစက်များ၊ အလုပ်သမားများ သယ်ယူပို့ဆောင်သည့် ယာဉ်များ စသည်တို့ ပါဝင်ပါသည်။ ယာဉ်များကြောင့် ဖြစ်ပေါ်သည့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် အလုပ်သမားများ ယာဉ်တိုက်ခံရခြင်း (အထူးသဖြင့် ယာဉ်များနောက်သို့ ဆုတ်ချိန်)၊ အလုပ်သမားများ ယာဉ်ပေါ်မှ လိမ့်ကျခြင်း (သို့) ယာဉ်တိမ်းမှောက်ရာမှ (သို့) ယာဉ်ပေါ်မှ ပြုတ်ကျလာသည့် ပစ္စည်းများနှင့်ထိခိုက်မိခြင်း စသည်တို့ အများဆုံး ပါဝင်ပါသည်။

၄.၃.၆.၁ ခြေလျင်သွားလာသူနှင့် ယာဉ်များ သွားလာရာလမ်းကြောင်းများ

ခြေလျင်သွားလာသူများနှင့် ယာဉ်များသွားလာရန်အတွက် သီးသန့်သတ်မှတ်စီစဉ်ထားသည့် လမ်းကြောင်းများကို ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးများတွင် တွေ့မြင်ရပါသည်။ လုပ်ငန်းခွင်နေရာများနှင့် လမ်းမကြီးများအကြား ယာဉ်အသွားအလာအတွက် ယာယီစီစဉ်ပြုလုပ်ထားသည့် လမ်းလွှဲများကိုလည်း တွေ့မြင်ရပါသည်။ မြို့လည်ရှိနေရာတစ်ခုတွင်တည်ရှိသည့် တံတားဆောက်လုပ်ရေးခွင်တွင်မူ အများပြည် သူသွားလာရာလမ်းမနှင့် လုပ်ငန်းခွင်သို့ သွားရာလမ်းတို့ဆုံတွေ့ရာ လမ်းဆုံတွင် သတိပေးဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲပြသထားသည်ကို တွေ့မြင်ရပါသည်။

ပုံ (၄၀) တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်အတွင်းရှိ ခြေလျင်သွားသူများနှင့် မော်တော်ယာဉ်သွားရာ လမ်းကြောင်းများ





မြို့လည်ရှိ ယာဉ်အသွားအလာ ထူထပ်ရာနေရာရှိ အထပ်မြင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်နှင့် တံတားဆောက်လုပ်ရေး လုပ်ငန်းခွင်တို့တွင် ခြေလျင်သွားလာရာလမ်းကြောင်းနှင့် ယာဉ်များသွားလာရာလမ်းကြောင်းတို့အကြားရှိ ဘေးအန္တရာယ်သက်သာရေး ကြားခံနယ် (Safety Margin) နယ်နမိတ်သည် ကျဉ်းမြောင်းလှသည်ကို သုတေသနအဖွဲ့မှ သတိပြုမိခဲ့ပါသည်။ ဖြတ်သန်းသွားလာသည့် ခြေလျင်သမားများ၊ ယာဉ်များသည် ဆောက်လုပ်ရေးလုပ်ငန်းခွင် အကာအရံ၊ အတားအဆီးများနှင့် တိုးတိုက်မိ၍ ဒဏ်ရာရရှိနိုင်ချေ များစွာရှိနေပါသည်။ လမ်းမပေါ်သွားလာနေသည့် ယာဉ်များကြောင့်လည်း လုပ်ငန်းခွင်ခြံစည်းရိုး အကာအရံများ ထိခိုက်ပျက်စီးနိုင်သကဲ့သို့ ခြံစည်းရိုးအပြင်တွင် ခြေလျင်သွားလာနေသူများ ခြံစည်းရိုးအတွင်းရှိ အလုပ်သမားများကိုလည်း ထိခိုက်ဒဏ်ရာ ရရှိစေနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးတစ်ခုတွင်မူ ယာဉ်များသွားလာရာလမ်းကြောင်းတွင် ထရပ်ကားများ၊ ယာဉ်များဖြင့် ပိတ်ဆို့လျက်ရှိသည့်အပြင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ အတင်အချပြုလုပ်နေချိန်တွင် ခြေလျင်သွားလာသူများ၊ ယာဉ်များနှင့် ပစ္စည်းကိရိယာများအကြားရှိ အန္တရာယ်လုံခြုံရေး ကြားခံနယ်သည် အလွန်ကျဉ်းမြောင်းလှသည့်အတွက် အလုပ်သမားများ ထိခိုက်ဒဏ်ရာ ရရှိနိုင်ခြေကို မြင့်တက်စေပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များနှင့် အလတ်များတွင်မူ ယာဉ်အသွားအလာနှင့် ယာဉ်များဖြင့်လုပ်ကိုင်ရသည့်လုပ်ငန်းလုပ်ကွက်များစွာတွေ့မြင်ခဲ့ခြင်း မရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအချို့ကို လုပ်ငန်းခွင်ဧရိယာပြင်ပနေရာများတွင် ခေတ္တစုပုံထားခြင်းကြောင့် လမ်းသွားလမ်းလာများ ခလုတ်တိုက်လဲပြိုမည့် အန္တရာယ်ကြုံတွေ့ရဖွယ် ရှိနေပါသည်။

၄.၃.၆.၂ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းလာရောက်ပို့ဆောင်သည့် ထရပ်ကားများ လက်ခံရယူရာနေရာ

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် လာရောက်ပို့ဆောင်သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လက်ခံရယူရာနေရာကို အတိအကျသတ်မှတ်ထားရှိသော်လည်း အဆိုပါနေရာသည် စက်ယန္တရားကြီးများ မောင်းနှင်လုပ်ကိုင်ရာလမ်းမနှင့် အလွန်နီးကပ်စွာတည်ရှိသည့်အတွက် အလွန်ကျဉ်းကြပ်လှသည့် ကြားနေရာလွတ်ကြောင့် ထရပ်ကားများ၊ စက်ယန္တရားကြီးများနှင့် ထိခိုက်နိုင်ခြေကို မြင့်တက်စေပါသည်။ ယာဉ်များ အသွားအလာအတွက် ပြုလုပ်ထားသည့် လုပ်ငန်းခွင်ဝင်ပေါက်၊ ထွက်ပေါက်များကလည်း အလွန်ကျဉ်းမြောင်းလှပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ လက်ခံရယူရာနေရာသည် ကျဉ်းမြောင်းလှသည့်အတွက် လုပ်ငန်းခွင်ဝင်ပေါက်ထွက်ပေါက်များ၊ ပစ္စည်းလက်ခံရယူသည့်နေရာများတွင် ပစ္စည်းပို့ဆောင်သည့် ထရပ်ကားများဖြင့် ပိတ်ဆို့နေလေ့ရှိကြောင်း သုတေသနအဖွဲ့မှ တွေ့မြင်ခဲ့ရပါသည်။

၄.၃.၆.၃ ယာဉ်အသွားအလာထိန်းချုပ်မှုနှင့် အမြန်နှုန်း ကန့်သတ်မှု

သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးများအနက် လုပ်ငန်းခွင် (၇၅) ရာခိုင်နှုန်းခန့်တွင် ယာယီ လူသွားစင်္ကြန်၊ ခြံစည်းရိုး၊ အတားအဆီးများ၊ ယာဉ်သွားမှုထိန်းချုပ်သည့် ပစ္စည်းကိရိယာများစသည့် အင်ဂျင်နီယာပိုင်းဆိုင်ရာ ထိန်းချုပ်ရေး အစီအမံများနှင့်အတူ သတိပေးဆိုင်းဘုတ်များ၊ အချက်ပြများ စသည့် စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ထိန်းချုပ်ရေး အစီအမံများကို လုပ်ငန်းခွင်အဝင်အထွက် လမ်းကြောင်းများတစ်လျောက်တွင် စီစဉ်ထားသည်ကို တွေ့မြင်ရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများတွင် လေ့ကျင့်သင်ကြားရေးအစီအစဉ်များနှင့်အတူ ယာဉ်အသွားအလာ ထိန်းချုပ်ရေး စီမံချက်ကို သတ်မှတ်ပြုစုပြီး ဖြစ်သော်လည်း ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အခြားသက်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး လေ့ကျင့်သင်ကြားပေးရေးအစီအစဉ်များ၊သင်တန်းများဖွင့်လှစ်သင်ကြားပေးခြင်းရှိ၊မရှိနှင့် စပ်လျဉ်း၍ သုတေသနအဖွဲ့အနေဖြင့် စိစစ်အတည်ပြုနိုင်ခဲ့ခြင်း မရှိပါ။

ပုံ (၄၁) ရထားလမ်းဘေးရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် လူနှင့် ယာဉ် အသွားအလာစီမံထိန်းချုပ်ပုံ (ယာ) ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ရထားလမ်းဖြတ်ကူးရန် ယာယီပြုလုပ်ထားသည့် လမ်းလွှဲများ (ဝဲ)၊ တံတားဆောက်လုပ်ရေးတွင် လူနှင့် ယာဉ်အသွားအလာ စီမံထိန်းချုပ်ပုံ (အောက်ဖက်)







သွားရောက်ကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီး (၄) ခုအနက် (၂) ခုတွင် ယာဉ်အမြန်နှုန်း ကန့်သတ်သည့် သတိပေးအမှတ်အသား၊ ဆိုင်းဘုတ်များ စနစ်တကျပြင်ဆင်၊ နေရာချထားသည်ကို တွေ့မြင်ရပါသည်။ တတိယမြောက်ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးတွင် “ဖြည်းဖြည်းမောင်းပါ”သတိပေးဆိုင်းဘုတ်စိုက်ထူထားသော်လည်းမောင်းနှင်နိုင်သည့်အမြင့်ဆုံးအမြန်နှုန်းကိုမူ ညွှန်ပြထားခြင်း မရှိပါ။ စတုတ္ထမြောက် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတွင်မူ ယာဉ်မောင်းသူများလိုက်နာရမည့် ယာဉ်အသွားအလာထိန်းချုပ်မှုသတိပေး လမ်းညွှန်ချက်များ ပြသထားခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ရထားလမ်းဆောက်လုပ်ရေး လုပ်ငန်းခွင်တွင်လည်း “ရထားလမ်းများဆိုင်ရာအထွေထွေနည်းဥပဒေ”နှင့်ကိုက်ညီသည့် ရထားအမြန်နှုန်းကန့်သတ်ချက်သတိပေးဆိုင်းဘုတ်များ လမ်းညွှန်ပြသထားသည်ကို တွေ့မြင်ရခြင်း မရှိခဲ့ပါ။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များနှင့် အလတ်များတွင်လည်း ယာဉ်အသွားအလာထိန်းချုပ်မှုနှင့် အမြန်နှုန်းကန့်သတ်မှု ဆိုင်ရာ အစီအမံများ မြင်တွေ့ရခြင်း မရှိခဲ့ပါ။

၄.၃.၆.၄ ယာဉ်မောင်းသူများနှင့် ယာဉ်များ ဘေးကင်းစွာမောင်းနှင်စေရန် ကြိုးကြပ်ထိန်းချုပ်ခြင်း

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် လုံခြုံရေးအစောင့်တစ်ဦးခန့်အပ်၍ ယာဉ်မောင်းသူတို့၏ အပြုအမူဆောင်ရွက်မှုများ (ဥပမာအားဖြင့် “ယာဉ်အမြန်နှုန်း” နှင့် “ဝန်ပို” စသည်တို့ကို စစ်ဆေးရန်) ကို ကြီးကြပ်ထိန်းသိမ်းရန် တာဝန်ပေးအပ်ထားလေ့ရှိပါသည်။

အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းခွင် (၂)ခုနှင့်တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တို့တွင် ယာဉ် “အမြန်နှုန်း” နှင့် “ဝန်ပို” တို့ကိုစစ်ဆေးကြီးကြပ်ရန်အတွက် လုံခြုံရေးအစောင့်များ ခန့်အပ်တာဝန်ပေးထားသည်ကိုသုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် ရထားလမ်းကူးနေရာတွင် လုပ်ငန်းခွင်နေရာမှလမ်းမရှိရာသို့ ယာဉ်များ ဖြတ်သန်းသွားလာရန် ယာယီလမ်းခွဲများပြုလုပ်ထားသည်ကို သုတေသနအဖွဲ့မှ တွေ့ရှိခဲ့ပါသည်။ ထို့အပြင် ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင် လမ်းဘေးတစ်လျှောက် ခြေလျင်သွားလာသူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် စီစဉ်ပြုလုပ်ထားသည့် ယာယီလူသွားစင်္ကြံန်တစ်ခုနှင့် အကာအရံများကိုလည်း လေ့လာတွေ့မြင်ခဲ့ပါသည်။ အပြင်လမ်း၌ ရထားဖြတ်သန်းသွားနေချိန်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ လုပ်ကိုင်နိုင်ရန်အတွက် အတွင်းလမ်းကို အကာအရံများဖြင့် တားဆီးပိတ်ဆို့ထားပါသည်။ လုပ်ငန်းခွင် စီစဉ်ကြီးကြပ်သူများက မီးရထားဘူတာ ရုံပိုင်နှင့်အတူ ရထားခရီးစဉ်အချိန်ကို ကြည့်ရှုစစ်ဆေးပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့အပြင် လုံခြုံရေးဝန်ထမ်း (၂) ဦးကို ရထားလမ်း တစ်ဘက်တစ်ချက်တွင် နေရာချထား၍ ရထားဝင်ချိန်ထွက်ချိန်တွင် သတိပေးနှိုးဆော်ရန် တာဝန်ပေးအပ်ထားပါသည်။ ရထားအဝင်အထွက်ပြုလုပ်ချိန်တွင် လုပ်ငန်းခွင်အလုပ်များ ရပ်တန့်ထားရကြောင်း သုတေသနအဖွဲ့ကို ရှင်းလင်းပြောပြခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်နှင့်အလတ်များတွင်မူ ထိန်းချုပ်ရေးအစီအမံများကို မြင်တွေ့ရခြင်းမရှိခဲ့ပါ။

၄.၃.၇ မြေတူးလုပ်ငန်းများ

အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းတွင်မြေတူးနေစဉ်အလုပ်သမားများအဓိကကြုံတွေ့ရသည့်လုပ်ငန်းခွင်ဘေးအန္တရာယ်များမှာ မြေအောက်ဆားဗစ်စနစ်များ (လျှပ်စစ်ကေဘယ်ကြိုးများ၊ ဓာတ်ငွေ့နှင့် ရေပိုက်လိုင်းများ စသည်) နှင့် ထိတွေ့မိခြင်း၊ မြေသားပြိုကျခြင်း၊ အလုပ်သမားများနှင့်ယာဉ်များ မြေကျင်းထဲသို့ လိမ့်ကျခြင်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ မြေကျင်းထဲရှိ အလုပ်သမားများအပေါ်သို့ ပြုတ်ကျခြင်း စသည်တို့ ဖြစ်ကြပါသည်။ မြေကျင်းထဲဝင်ရောက်လာသည့် ရေများနှင့်ဓာတ်ငွေ့များကြောင့် ရေနစ်ခြင်း၊ အောက်ဆီဂျင်ပြတ်လပ်မွန်းကြပ်ခြင်း စသည်တို့သည်လည်း မြေတူးနေစဉ်ကြုံတွေ့ရနိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များတွင် ပါဝင်ပါသည်။

ပုံ (၄၂) ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင် (ဝဲ) နှင့် တံတားဆောက်လုပ်ရေး လုပ်ငန်းခွင် (အလယ်နှင့် ယာ) အတွင်းရှိ မြေတူးလုပ်ငန်းများ







သွားရောက်ကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး (၄) ခုအနက် (၂) ခုတွင် မြေတူးလုပ်ငန်းများ လုပ်ကိုင်နေသည်ကို တွေ့ရှိခဲ့ရပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်များ ရှာဖွေဖော်ထုတ်ထားသည့်နည်းတူ ဘေးအန္တရာယ် ဖြစ်ပေါ်နိုင်ချေများကိုလည်း အတိုင်းအတာတစ်ခုထိ ထိန်းချုပ်စီမံထားနိုင်သည်ကို သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ လုပ်ငန်းခွင်လေ့လာရေးအဖွဲ့အနေဖြင့် မြေတူးသည့်လုပ်ငန်းစဉ်ဆိုင်ရာ ဖြစ်နိုင်ချေဘေးအန္တရာယ်များကို အောက်ဖော်ပြပါအတိုင်း လေ့လာတွေ့ရှိခဲ့ပါသည်။

- မြေကျင်းဘောင်ပြိုကျခြင်း
- မြေကျင်းထဲတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများ အပေါ်သို့ ဆောက်လုပ်ရေးပစ္စည်းများ ပြုတ်ကျခြင်း
- ယာဉ်များနှင့် အလုပ်သမားများ မြေကျင်းထဲသို့ လိမ့်ကျခြင်း
- အမှုန်အမွှားများ
- မြေအောက် ဆားဗစ်စနစ်များနှင့် ထိတွေ့မိခြင်း

လေထုအရည်အသွေးတိုင်းတာခြင်းများကိုလည်း ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

Crawler အမျိုးအစား မြေတူးစက်အသုံးပြု၍ ရေနူတ်မြောင်းလမ်းကြောင်းလွှဲရန်အတွက် မြေတူးဖော်သည့်လုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာခဲ့ပါသည်။ ဤလုပ်ငန်းစဉ်တစ်လျောက် ပါဝင်သည့် မြေတူးမြောင်းတူးခြင်းလုပ်ငန်း၊ မြေသားနံရံပြိုကျမှုကို ကာကွယ်တားဆီးရန်ပြုလုပ်သည့် မြေစုခြင်း၊ မြေပိုင်းခြင်း၊ ကျားထောက်ခြင်း၊ လျှောစောက်ပြုလုပ်ခြင်း လုပ်ငန်း၊ မြေသားအခြေအနေ၊ မြေအောက်ဆားဗစ်စနစ်များ၊ အနီးရှိအဆောက်အအုံအဆိတ်အပိုင်းများကို လုပ်ငန်းခွင်ကြီးကြပ်သူမှစောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းနှင့် အမှုန်အမွှားများ ပေါ်ထွက်လာခြင်းကို လျှော့ချကာကွယ်ရန် ရေဖြန်းခြင်းလုပ်ငန်း စသည့်လုပ်ငန်းများတွင် ဝင်ပေါက်ထွက်ပေါက်များကို အင်ဂျင်နီယာဆိုင်ရာ ဘေးအန္တရာယ်အဓိကထိန်းချုပ်စီမံမှုများအဖြစ် စနစ်တကျစီမံထိန်းသိမ်းထားရှိသည်ကို သုတေသနအဖွဲ့မှ လေ့လာတွေ့မြင်ခဲ့ရပါသည်။ မြေတူးစက်များကို မြေတူးထားသည့်နေရာအစပ်နှင့် နီးကပ်စွာ ထားရှိသည့်အတွက် မြေတူးစက်များ မြေကျင်းထဲသို့ လိမ့်ကျနိုင်သည့် အန္တရာယ်အလားအလာရှိသည်ကို လုပ်ငန်းခွင်သွားရောက်လေ့လာနေစဉ်အတွင်း တွေ့ရှိခဲ့ရပါသည်။

ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် (၃) တန် အလေးချိန်ရှိသည့် မြေတူးစက် (Back-Hoe) အသုံးပြု၍ ရထားလမ်းဘေးမြေတူးလုပ်ငန်း လုပ်ဆောင်နေသည်ကို တွေ့မြင်ခဲ့ရပါသည်။ Back-Hoe မောင်းနှင်သူ၏ တရားဝင်လက်မှတ်စက်ကို စစ်ဆေးကြည့်ရှုရမည့်အချက်အလက်စာရင်း (Checklist) တို့ကိုစက်၏အထက်တွင်ကောင်းစွာပြသထားသော်လည်းလုပ်ငန်းဆောင်ရွက်ရာနေရာကို အကာအရံပြုလုပ်ထားခြင်း၊ သတိပေးဆိုင်းဘုတ် ပြသထားခြင်း (သို့) လုံခြုံရေးအစောင့်ထားရှိခြင်း စသည့် ဘေးအန္တရာယ်ကင်းရှင်းရေးစီမံချက်များကိုမူ တွေ့မြင်ရခြင်း မရှိခဲ့ပါ။ ရထားလမ်းကြောင်းများနှင့် ရထားအသွားအလာများရှိသည့်အတွက် လုံခြုံရေးအစောင့် ထားရှိ၍ ရထားဝင်ရောက်လာစဉ်တွင် လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ထားရန် မဖြစ်မနေလိုအပ်ပါသည်။

ပုံ (၄၃) ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုရှိ မြေတူးလုပ်ငန်းများ







သွားရောက်ကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များအနက်တစ်ခုတွင် မြေတူးလုပ်ငန်း လုပ်ဆောင်နေသည်ကို တွေ့ရှိခဲ့ရပြီး အဆိုပါလုပ်ငန်းခွင်တွင် မြေအောက်ဆားဗစ်စနစ်များ (လျှပ်စစ်ကေဘယ်ကြိုးများ၊ ပိုက်လိုင်းများ) ထိခိုက်ပျက်စီးမှုမရှိစေရန် ကာကွယ်သည့်စနစ်စီမံထားခြင်း မရှိသည်ကို လေ့လာတွေ့မြင်ခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်

တစ်ခုတွင်မူ သယ်ယူနိုင်သော ကွန်ကရစ်ဖျော်စက်တစ်ခုကို မြေတူးထားရာနေရာနှင့် ကပ်လျက်ထားရှိသည့်အတွက် မြေကျင်းထဲရှိအလုပ်သမား များအပေါ်သို့လိမ့်ကျနိုင်သည့် အန္တရာယ်ကို လေ့လာတွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် အလုပ်သမားများ ခလုတ်တိုက်၊ ခြေချော်နိုင်သည့် အန္တရာယ်များလည်း ရှိနေပါသည်။ ဤလုပ်ငန်းခွင်သည် ပုဂ္ဂလိကအိမ်ရာဆောက်လုပ်ရေး လုပ်ငန်းခွင် ဖြစ်ပါသည်။

၄.၃.၈ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အရာဝတ္ထုများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ရွှေ့ပြောင်းသယ်ယူခြင်း

၄.၃.၈.၁ ဝန်ချီစက်များ (ပင့်ချီသည့် စက်ယန္တရားများ၊ ဝန်ချီဝါယာကြိုးများနှင့် ဘီးခွေများ၊ အများဆုံး သယ်ဆောင်နိုင်သည့်ဝန် အချက်ပြများ)

သွားရောက်လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင် ရွှေ့လျားတာဝါကရိန်း (ဝန်ချီစက်) အသုံးပြု၍ ဆောက်လုပ်ရေးပစ္စည်းများ ပင့်မြှောက်မချီနေသည့် လုပ်ငန်းများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပါသည်။ “လုပ်ငန်းနေရာ လွတ်အကန့်အသတ်များကြောင့် ပင့်ချီသည့် လုပ်ငန်းစဉ်အတွင်း ပင့်မြှောက်ထားသည့် အရာဝတ္ထုများ အများပြည်သူ ဖြတ်သန်း သွားလာရာလမ်းပေါ်သို့လွှဲယမ်းနိုင်သည့်အန္တရာယ်ကိုလည်းတွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် ဝန်ချီစက်မောင်းနှင်သူနှင့် လုပ်ငန်းခွင် ဆောင်ရွက်မှုအားလုံး စီစဉ်ညွှန်ကြားနေသူ ကြီးကြပ်ရေးမှူးတို့ ကိုင်ဆောင်ထားသည့် “လမ်းလျှောက်ဆက်သွယ်ရေးစကား ပြောစက်” များမှာလည်း သင့်လျော်ကောင်းမွန်ခြင်း မရှိလှသည်ကို တွေ့မြင်ခဲ့ရပါသည်။ မြေပြင်ရှိ ကြီးကြပ်ရေးမှူးနှင့် ကရိန်းမောင်းနှင်သူတို့အကြား ပြောဆိုဆက်သွယ်နိုင်မှု ပျက်ပြားသည့်အခါ ရာသီဥတုအခြေအနေများ ရုတ်ချည်းပြောင်းလဲမှု (ဥပမာ–လေတိုက်နှုန်း)၊ အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းအရာများ စသည်တို့ကို ကရိန်းမောင်းနှင်သူထံ သတိပေးပြောကြားနိုင်ခြင်း မရှိသည့်အတွက် ပင့်မြှောက်မချီထားသည့် ပစ္စည်းများမှ အန္တရာယ်များ ပေါ်ပေါက်လာစေနိုင်သည့်အပြင် ထိုသို့သော ထိခိုက်နိုင်ချေများကို ကြိုတင်ကာကွယ်တားဆီးသည့် ထိန်းချုပ်ရေးအစီအမံများလည်း ကင်းမဲ့နေကြောင်း သုတေသနအဖွဲ့မှ လေ့လာတွေ့မြင်ခဲ့ပါသည်။ကရိန်းလုပ်ငန်းလုပ်ဆောင်နေစဉ်အတွင်းလေတိုက်နှုန်းစောင့်ကြည့်နေရန်နှင့်သတ်မှတ်လေတိုက်နှုန်းထက်ကျော်လွန်ပါက လုပ်ငန်းချက်ခြင်းရပ်တန့်ရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်း ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲရေး မန်နေဂျာဖြစ်သူက သုတေသနအဖွဲ့ကို ပြောကြားခဲ့ပါသည်။ သို့ရာတွင်လုပ်ငန်းရပ်တန့်ရန်ညွှန်ကြားချက်ကို ကရိန်းမောင်းနှင်သူထံ သတင်းပို့ဆက်သွယ်ရမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ အဆိုပါမန်နေဂျာဖြစ်သူမှ ရှင်းလင်းပြောပြခဲ့ခြင်း မရှိပါ။ (ကရိန်း) ဝန်ချီကြိုးကိရိယာများ (Hoisting Devices) စစ်ဆေးသည့် လုပ်ငန်းကို လစဉ်ပုံမှန် ဆောင်ရွက်လေ့ရှိကြောင်းကိုလည်း လုပ်ငန်းခွင် စီမံအုပ်ချုပ်မှုအဖွဲ့မှ ပြောကြားခဲ့ပါသည်။

၄.၃.၈.၂ ဝန်တင်စက်များ (ပင့်တင်သည့် စက်ယန္တရားများ၊ ဝန်တင်ဝါယာကြိုးများနှင့် ဘီးခွေများ၊ အများဆုံးသယ်ဆောင်နိုင်သည့်ဝန် အချက်ပြများ)

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုသို့ သွားရောက်ကြည့်ရှုစဉ် ဝန် (၁) တန် သယ်ဆောင်နိုင်သည့် ဝန်တင်စက် (Winch) အသုံးပြုလုပ်ဆောင်နေသည်ကိုတွေ့မြင်ခဲ့ရပါသည်။အဆိုပါဝန်တင်စက်ကို ဘိလပ်မြေအိတ်များ၊သစ်များနှင့်ကောဘယ်ကြိုးများ စသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ မတင်ရန်အတွက် အသုံးပြုနေကြခြင်း ဖြစ်ပါသည်။ ဆောက်လုပ်ရေးပစ္စည်းများ ပင့်မြှောက်မတင်ခြင်းမပြုမီ သယ်ဆောင်မည့်ဝန်၊ ဝါယာကြိုးများ၊ တုတ်နှောင်ထားသည့်အရာများကို စနစ်တကျစစ်ဆေးလေ့ရှိကြောင်း လုပ်ငန်းခွင်စီမံအုပ်ချုပ်မှုအဖွဲ့က ပြောကြားခဲ့သော်လည်း သုတေသနအဖွဲ့အနေဖြင့် အဆိုပါကြည့်ရှုစစ်ဆေးပုံများကို တိုက်ရိုက်မြင်တွေ့ခဲ့ရခြင်း မရှိပါ။ ဆောက်လုပ်ရေးပစ္စည်းများ ပင့်မြှောက်မတင်ရာနေရာကို စနစ်တကျ ခွဲခြားကာရံထား၍ ပစ္စည်းများပြုတ်ကျလာနိုင်သည့်အန္တရာယ်အတွက်လည်းထိရောက်သည့်ကြိုတင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင်မူ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပင့်မြှောက်မတင်ရန် အသုံးပြုထားသည့် ဝန်တင်စက်နှင့် ပိုက်ကွန်ခြင်းတောင်းတို့သည် ခိုင်ခန့်ကောင်းမွန်ခြင်းမရှိလှသည့်အတွက် ပင့်မြှောက်မချီနေစဉ်အတွင်း ပစ္စည်းများ ပြုတ်ကျလာမည့် အန္တရာယ်ကျရောက်နိုင်ချေ ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။

၄.၃.၈.၃ လူအားဖြင့် ပင့်မြှောက်သယ်ယူခြင်း

ပုံ (၄၄) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်တစ်ခုတွင် မှန်ချပ်များ သယ်ယူနေသည့် အလုပ်သမားများ (၀)နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးစားတစ်ခုတွင် လူအားသုံး သယ်ယူနေသည့် အလုပ်သမားများ (ယာ)





သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင် လူအားဖြင့် သယ်ဆောင်နေသည့်လုပ်ငန်းများ မြင်တွေ့ခဲ့ရသော်လည်း အဆိုပါဆောက်လုပ်ရေးပစ္စည်းများသည် အလွန်အမင်းလေးလံလှခြင်း (၂၀ ကီလိုဂရမ်ထက် ကျော်လွန်ခြင်း မရှိပါ) မရှိကြောင်း သိရှိရပါသည်။ သို့ရာတွင် အမျိုးသမီးများအပါအဝင် အလုပ်သမားများသည် ထိုသို့ လူအားသုံးသယ်ဆောင်ခြင်းများကို အချိန်ကြာမြင့်စွာ လုပ်ကိုင်ကြရလေ့ရှိပါသည်။ လူအားဖြင့် ပစ္စည်းများ သယ်ဆောင်ခြင်းများကို ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့် အငယ်များတွင်လည်း မြင်တွေ့ခဲ့ရပါသည်။ လက်အိတ်များ အသုံးပြုဝတ်ဆင်ခြင်းမရှိဘဲ ဖန်ထည် မှန်ထည်များ သယ်ဆောင်နေသည့်အလုပ်သမားများကို တွေ့မြင်ခဲ့ရပြီး ၎င်းအလုပ်သမားများ၏ ခြေလက်ခန္ဓာကိုယ်တို့တွင် (ပြတ်ရှ၊ ပွန်းပဲ့၊ ထိခိုက်ကျိုးပဲ့ စသည့်) ဒဏ်ရာများ ကြုံတွေ့ရနိုင်ဖွယ်ရှိပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ် တစ်ခုတွင်မူ အလုပ်သမားများသည် (၆) လွှာ အဆောက်အဦးတစ်ခု၏ မြေညီထပ်မှ အပေါ်ထပ်များသို့ လက်ရန်းအကာအရံများတပ်ဆင်ထားခြင်းမရှိသည့် လှေကားထစ်များနှင့် စကြံ်နံလမ်းများတစ်လျောက် ဆောက်လုပ်ရေးပစ္စည်းများ လူအားဖြင့် သယ်ဆောင်လာကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ အလုပ်သမားများအနေဖြင့် အမြင့်မှလိမ့်ကျနိုင်သည့် အန္တရာယ်များအပြင် အခြားပြင်းထန်သည့် ဒဏ်ရာများ၊ သက်တောင့်သက်သာမရှိသော အလုပ်ခွင်အပြင်အဆင်ဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ချေရှိသောအချက်များ (Ergonomic Risk Factors) ကိုပါ သုတေသနအဖွဲ့မှ သတိပြုတွေ့ရှိခဲ့ပါသည်။ အလုပ်သမားများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ အရာဝတ္ထုများ ပင့်မြှောက်သယ်ဆောင်ရေး လုပ်ထုံးလုပ်နည်းများ (Safe Manual Lifting Procedures) နှင့်စပ်လျဉ်း၍ သိရှိခြင်းမရှိသည့်အပြင် အကူစက်ကိရိယာများလည်း တွေ့မြင်ခဲ့ရခြင်းမရှိပါ။

၄.၃.၉ လျှပ်စစ်အန္တရာယ်

လျှပ်စစ်ဓာတ်အားသည်ဆောက်လုပ်ရေးလုပ်ငန်းခွင်အားလုံးလိုလိုအတွက်မရှိမဖြစ်လိုအပ်သည့်အတွက် အလုပ်သမားများအား လျှပ်စစ်အန္တရာယ်မှ ကောင်းစွာကာကွယ်နိုင်မည့် ထိန်းချုပ်မှုအစီအမံအမျိုးမျိုးလိုအပ်ပါသည်။ ကောင်းကင်လျှပ်စစ်ဓာတ်အားပေးကြိုး (Overhead Electrical Service) များနှင့် ထိခိုက်မိခြင်းကြောင့် အလုပ်သမားများ ထိခိုက်သေဆုံးနိုင်ချေများ ဖြစ်ပွားလာနိုင်ပါသည်။အလားတူပင် အလုပ်သမားများအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးသည့်ပစ္စည်းများ၊ လျှပ်စစ်ဓာတ်အားသုံးကိရိယာများ ကိုင်တွယ်အသုံးပြုခြင်း မှတစ်ဆင့်လည်း ဆိုးရွားပြင်းထန်သည့် ထိခိုက်ဒဏ်ရာများ (သို့) အသက်သေဆုံးမှုများကြုံတွေ့ရနိုင်ပါသည်။

၄.၃.၉.၁ ကောင်းကင်လျှပ်စစ်ဓာတ်အားပေးကြိုးများနှင့် ထိတွေ့မိခြင်း

သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး (၄) ခုအနက် (၃) ခုတွင် ယာယီလျှပ်စစ်ဓာတ်အားပေးလိုင်းခွဲများကို လျှပ်ကာပစ္စည်းများဖြင့် သေချာစွာဖုံးအုပ်ကာကွယ် (Insulated) လျက် အနည်းဆုံး အမြင့် (၁၀) အထက်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျသွယ်တန်းထားသည်ကို တွေ့မြင်ရပါသည်။ သို့ရာတွင် ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ ယာယီလျှပ်စစ်ဓာတ်အားပေးစနစ် သပ်ရပ်မှုရှိစွာ သွယ်တန်းတပ်ဆင်မှုမရှိခြင်းများက အလုပ်သမားများ လျှပ်စစ်ကေဘယ်ကြိုးများနှင့်ထိတွေ့နိုင်မှုကိုဦးတည်စေပြီး လျှပ်စစ်ဓာတ်လိုက်မှု၊သေဆုံးမှုနှင့်အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိနိုင်ချေများကိုမြင့်တက်စေပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များနှင့်အလတ်များတွင်လည်း ယာယီလျှပ်စစ်ဓာတ်အားပေးလိုင်းခွဲများကိုအနည်းဆုံး (၁၀) ပေအမြင့်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာရှိနေစေရန် စနစ်တကျစိုက်ထူထားခြင်းမရှိသည့်အတွက် လျှပ်စစ်ဓာတ်လိုက်သေဆုံးမှုနှင့် အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိနိုင်ချေများကို မြင့်တက်စေပါသည်။

၄.၃.၉.၂ စုပေါင်းထိန်းချုပ်ရေးအစီအမံများ

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများရှိ လျှပ်စစ်ဖြန့်ဖြူးရေးခလုတ်ခုံများ (Electrical Distribution Board) တွင် လျှပ်စီးပတ်လမ်းဖြတ်ကိရိယာ (Molded Case Circuit Breaker) နှင့် ယိုစိမ့်လျှပ်စီး ပတ်လမ်းဖြတ်ကိရိယာ (Residual Current Circuit Breaker) များတပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ လျှပ်စစ်ဓာတ်လိုက်ခြင်းမှ ကာကွယ်တားဆီးရန်အတွက် မြေစိုက်ကြိုးယိုစိမ့်လျှပ်စီးပတ်လမ်းဖြတ်ကိရိယာများ (Ground-Fault Circuit Interrupter) (သို့) လျှပ်ကာနှစ်ထပ်ပါ လျှပ်စစ်ကိရိယာများ (Double-Insulated Power Tools) နှင့် မြေစိုက်ကြိုးစနစ်များ (Earth System) တပ်ဆင်အသုံးပြုနေသည်ကိုလည်း မြင်တွေ့ခဲ့ရပါသည်။ အခြားစီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာ ထိန်းချုပ်ရေးအစီအစဉ်များဖြစ်သည့် လျှပ်စစ်ပစ္စည်းများကို သော့ခတ်၊ကပ်ပြား ချိတ်ဆွဲသောစနစ် (Lock-out၊ Tag-out System) နှင့် စစ်ဆေးနေဆဲ လျှပ်စစ်ပစ္စည်းများကို ကပ်ပြားချိတ်ဆွဲစနစ်များ (Inspection Tag-out System) ကိုလည်း လုပ်ငန်းခွင်များအတွင်း လိုက်နာကျင့်သုံးနေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ ပင်မလျှပ်စစ်ခုံ (Main Electrical Panel) နှင့် လျှပ်စစ်ဖြန့်ဖြူးရေးခလုတ်ခုံများ(Electrical Distribution Boards) ကိုလည်း သော့ခလောက်ခတ်ထား၍ အရေးပေါ်လျှပ်စစ်ဓာတ်အားရယူရန်အတွက် ဆက်သွယ်ရမည့် တာဝန်ရှိပုဂ္ဂိုလ်၏ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်ကို ညွှန်ပြထားပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လျှပ်စစ်ဆိုင်ရာ ကြည့်ရှုစစ်ဆေးမှုများပြုလုပ်နေသည့် အင်ဂျင်နီယာများသည် PPE ကို အပြည့်အစုံဝတ်ဆင်ထား၍ သင့်လျော်မှန်ကန်သည့် ကိရိယာတန်ဆာပလာများ အသုံးပြုလုပ်ကိုင်နေကြသည်ကို မြင်တွေ့ခဲ့ရပါသည်။


ပုံ (၄၅) ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားယာယီဖြန့်ဖြူးရာ အရင်းမြစ်၊ ပင်မလျှပ်စစ်ခလုတ်ခုံ၊ လျှပ်စစ်ဖြန့်ဝေရာ ခလုတ်ခုံနှင့် မီးစက်




(ဆေးရုံ) ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင်မူ လျှပ်စစ်ဓာတ်အားကို တစ်ဆင့်ခံလျှပ်စစ်ဓာတ်အားပေးကွန်ရက် (Sub-grid)မှပင်မလျှပ်စစ်ခလုတ်ခုံ(MainFeed)ကိုဖြတ်သန်းရယူထား၍(၁၀၀)အမ်ပီယာ လျှပ်စီးပတ်လမ်းဖြတ်ကိရိယာ (100A Circuit Breaker) တပ်ဆင်ကာကွယ်ထားသော်လည်း ယာယီလျှပ်စစ်ထိန်းချုပ်ခုံ (Temporary Control Panel) သည် သော့ခတ်ခြင်း မပြုနိုင်သည့်အပြင် ယာယီလျှပ်စစ်ခလုတ်ခုံ (Temporary Switchboard) များကိုလည်း ပျဉ်ချပ်တစ်ခုပေါ်တွင်တပ်ဆင်ထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဤသို့သောအနေအထားများကြောင့် လျှပ်စစ်ဓာတ်လိုက် သေဆုံးနိုင်ချေနှင့် ထိခိုက်ဒဏ်ရာ ရရှိနိုင်ချေများကို လေ့လာတွေ့ရှိခဲ့ပါသည်။အလုပ်သမားများ လျှပ်စစ်အန္တရာယ်များနှင့် ထိတွေ့မှုကို ကာကွယ်တားဆီးသည့် သတိပေးတားမြစ်ချက် ဆိုင်းဘုတ်များ၊ အချက်ပြများ စီစဉ်ထားရှိသည်ကိုမူ တွေ့မြင်ရခြင်း မရှိခဲ့ပါ။

ပုံ (၄၆) ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်နှင့် အငယ်များအတွင်း ယာယီလျှပ်စစ်ဓာတ်အားလိုင်း စိုက်ထူခြင်းနှင့် လျှပ်စစ်အန္တရာယ်စီမံထိန်းချုပ်ရေး အစီအစဉ်များ



ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့်အငယ်များတွင်လည်း လျှပ်စစ်ဓာတ်အားကို တစ်ဆင့်ခံ လျှပ်စစ်ဓာတ်အားပေးကွန်ရက်(Sub-grid)မှပင်မလျှပ်စစ်ခလုတ်ခုံ(MainFeed)ကိုဖြတ်သန်းရယူထားပါသည်။ပင်မလျှပ်စစ်ခုံ(MainElectricalPanel) သည် အစဉ်သဖြင့် သော့ခတ်ထားခြင်းမရှိသည့်အပြင် တားဆီးကာကွယ်ပေးမည့် လျှပ်စီးပတ်လမ်းဖြတ် (Circuit Breaker) များ တပ်ဆင်ထား လေ့မရှိသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ထို့အပြင် တပ်ဆင်ထားသည့် လျှပ်စီးပတ်လမ်းဖြတ် (Circuit Breaker) များကိုလည်း စနစ်တကျလုံခြုံစွာ ကာရံထားခြင်း မရှိသည့်အတွက် လျှပ်စစ်ဓာတ်လိုက်နိုင်သည့် ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရနိုင်ချေ ရှိနေပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင်မူ ဘေးအန္တရာယ်ကင်းရှင်းစွာ တပ်ဆင်ထားခြင်းမရှိသည့် လျှပ်စစ်ကေဘယ်ကြိုးများက အဓိကကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များအဖြစ် ရှိနေပါသည်။ လုပ်ငန်းခွင်ငယ်တစ်ခုတွင်မူ လေ့ကားထစ်များတစ်လျောက် လျှောတိလျှောရဲကျနေသော လျှပ်စစ်ဓာတ်အားပေးကြိုးများကြောင့် အလုပ်သမားများ လျှပ်စစ်ဓာတ်လိုက်သေဆုံးဒဏ်ရာရခလုတ်တိုက်လဲပြိုနိုင်ချေများ ရှိနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်အချို့တွင်မူ လျှပ်စစ်ပစ္စည်းအားသွင်းကြိုးများကို လျှပ်စီးပတ်လမ်းနှင့် တိုက်ရိုက်ချိတ်ဆက်အသုံးပြုထား၍ မြေစိုက်ကြိုးယိုစိမ့်လျှပ်စီးပတ်လမ်းဖြတ်ကိရိယာများ (Ground-Fault Circuit Interrupter) နှင့် မြေစိုက်ကြိုးစနစ်များ (Earth System) စသည့် လျှပ်စစ်အန္တရာယ်ကာကွယ်ရေးလုပ်ဆောင်ချက်တစ်စုံတစ်ရာ မတွေ့ရှိရပါ။ လုပ်ငန်းခွင်တစ်ခုတွင်မူ လေ့ကားထစ်များ တစ်လျောက်နှင့် ရေစိုစွတ်ရာနေရာအနီးရှိ ပျက်စီးပေါက်ပြဲနေသည့် လျှပ်စစ်ဝါယာကြိုးများက လျှပ်စစ်ဓာတ်လိုက်နိုင်ချေ၊ ထိခိုက်သေဆုံးနိုင်ချေ၊ အရေပြားလောင်ကျွမ်းနိုင်ချေ၊ ခလုတ်တိုက်လဲပြိုနိုင်ချေတို့ အထူးမြင့်တက်စေနိုင်သည်ကို လေ့လာတွေ့မြင်ခဲ့ရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင် အရည်အသွေးပြည့် လျှပ်စစ်ပညာရှင်များဖြင့် စနစ်တကျတာဝန်ယူတပ်ဆင်မှု ကင်းမဲ့သော လျှပ်စစ်ကေဘယ်ကြိုးများနှင့် လျှပ်စစ်ဓာတ်အားပေးစနစ်များက အလုပ်သမားများအပေါ် အဓိက လုပ်ငန်းခွင်ဘေးအန္တရာယ်များ ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ချေများဖြစ်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်။

၄.၃.၁၀ မီးဘေးအန္တရာယ်

ပုံ (၄၇) ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများရှိ မီးဘေးအန္တရာယ်ထိန်းချုပ်ရေး အစီအမံများ





မီးလောင်လွယ်သောပစ္စည်းများကို သိုလှောင်ထားရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် မီးဘေးအန္တရာယ်ကို အဓိကလုပ်ငန်းခွင်အန္တရာယ်တစ်ရပ်အဖြစ် သတ်မှတ်ထားကြပါသည်။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များနှင့် နှိုင်းယှဉ်ပါက ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် ပိုမိုကောင်းမွန်သည့် လုပ်ငန်းခွင်သန့်ရှင်းရေးစနစ်များကြောင့် မီးလောင်လွယ်မှုပမာဏ အတိုင်းအတာ သိသာစွာ နည်းပါးသည်ကို မှတ်သားသိရှိခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုရှိဆောက်လက်စအဆောက်အအုံကို မီးသတ်ရေပိုက်ခေါင်း (Fire Hydrant System) နှင့် မီးသတ်ရေပိုက်စနစ်များ (Fire Hose Reel System) ဖြင့် အကာအကွယ်ပြုထားသည်ကို တွေ့မြင်ခဲ့ရပါသည်။ မီးသတ်ရေပိုက်ဗီရိုများ (Hose Reel Cabinet) နှင့် မီးသတ်ရေလှောင်ကန်များကို အဆောက်အအုံအထပ်တိုင်းတွင် ထားရှိပါသည်။ ထို့အပြင် သယ်ဆောင်နိုင်သည့် မီးသတ်ဆေးဘူးများ(ခဘတုဗေဒ အမှုန့်ခြောက် ၃ ကီလို၊ ၅ ကီလို စသည့်)ကို စစ်ဆေးပြီးကတ်ပြားများနှင့်တကွ အဆောက်အအုံအထပ်တိုင်းတွင် စီစဉ်ထားရှိပါသည်။ မီးငြိမ်းသတ်မှုဆိုင်ရာ လေ့ကျင့်ရေးသင်တန်းများ၊ လေ့ကျင့်ခန်းများကို အလုပ်သမားများအတွက် စီစဉ်ပြုလုပ်ပေးကြောင်း လုပ်ငန်းခွင် စီမံအုပ်ချုပ်မှုအဖွဲ့က ရှင်းလင်းပြောပြခဲ့ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်များနှင့် အငယ်များတွင်မူ မီးငြိမ်းသတ်သည့်စနစ်များ၊ ပစ္စည်းကိရိယာများဖြင့် အကာအကွယ်ပြုထားသည်ကို တွေ့မြင်ရခြင်း မရှိခဲ့ပါ။ သို့ရာတွင် လုပ်ငန်းခွင်တစ်ခုတွင်မူ စစ်ဆေးထားပြီးကပ်ပြား (Inspection Tag) ချိတ်ဆွဲထားခြင်းမရှိသည့် မီးသတ်ဆေးဘူးတစ်ခု နှင့် ရေလှောင်ကန်တစ်ကန်သာ တွေ့မြင်ခဲ့ရပါသည်။ အခြားဆောက်လုပ်ရေးလုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင်မူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးစနစ်များ၊ ပစ္စည်းကိရိယာများတွေ့

မြင်ခဲ့ရခြင်းမရှိသည့်အပြင် လျှပ်စစ်မီးကြောင့် မီးလောင်မှုဖြစ်ပွားရာတွင် ငြိမ်းသတ်သည့် မီးသတ်ဆေးဘူးများ စီစဉ်ထားရှိခြင်း လည်းမရှိပါ။ ပစ္စည်းသိုလှောင်ရာနေရာများ (အသုံးမပြုရသေးသော ပစ္စည်းများနှင့် အသုံးမဝင်တော့သောပစ္စည်းများထားရှိရာ) ရှိ မီးလောင်လွယ်မှုပမာဏအတိုင်းအတာသည် လုပ်ငန်းခွင်တစ်ခုလုံးအပေါ် လွှမ်းခြုံသက်ရောက်ထားသည့် မီးဘေးအန္တရာယ် ဖြစ်နိုင်ချေကဲ့သို့ပင် မြင့်မားပါသည်။

၄.၃.၁၁ အခြားစက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ

သုတေသနအဖွဲ့အနေဖြင့် မူလလေ့လာမှုပုံစံဇယားပုံစံတွင် ပါဝင်ခြင်းမရှိသည့် လုပ်ငန်းစဉ်အချို့နှင့် ၎င်းလုပ်ငန်းစဉ်များတွင် အသုံးပြုသည့် စက်ယန္တရားများနှင့် ပစ္စည်းကိရိယာများ၊ ၎င်းတို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို စုဆောင်း ရရှိခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် ဂဟေဆက်ခြင်းနှင့် ဖြတ်တောက်ခြင်းလုပ်ငန်းများကို ဘေးအန္တရာယ် မကင်းသည့် နည်းလမ်းပုံစံများဖြင့် ဆောင်ရွက်နေကြပါသည်။ ဥပမာအားဖြင့် စက်ပစ္စည်းများတွင် အကာအရံများ ထားရှိခြင်း (machine guards)၊ ပစ္စည်းကိရိယာများနှင့် PPE များ ပုံမှန်စစ်ဆေးခြင်း စသည့် ဘေးအန္တရာယ်ကင်းရှင်းရေး အစီအမံများနှင့် စပ်လျဉ်း၍ သတင်းပို့အစီရင်ခံခြင်း၊ မြင်တွေ့ခဲ့ရခြင်းများ မရှိပါ။ စက်ပစ္စည်းကိရိယာများ အသုံးပြုရာတွင် လုံလောက်ထိရောက်သည့်ဘေးအန္တရာယ်ထိန်းချုပ်ရေးအစီအမံများကင်းမဲ့ခြင်း အလုပ်သမားများအပေါ် ပြတ်ရှုမှုများ၊ ထိခိုက်ကျိုးပဲ့မှုများ၊ ခြေလက်ပြတ်တောက်မှုများ၊ မီးလောင်မှုနှင့် ပေါက်ကွဲမှုများ၊ လောင်ကျွမ်းမှုများ၊ လျှပ်စစ်ဓာတ်လိုက်မှုများ၊ ဆူညံသံများ၊ ဖြာထွက်ရောင်ခြည်များ၊ ခဲအခိုးအငွေ့များ၊ ဓာတ်ငွေ့များ စသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်များ ကျရောက်နိုင်စေပါသည်။ ထို့အပြင် ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်တစ်ခုတွင် ထိုသို့သော စက်ပစ္စည်းများကိုအသုံးမပြုသည့်အချိန်များတွင်လည်းအလုပ်သမား များအနားယူရာနေရာများတွင် သေချာစွာမထားရှိဘဲ အကာအရံမရှိ ထားရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

၄.၃.၁၂ ခြေချော်ခြင်းများနှင့် ခလုတ်တိုက်လဲပြိုခြင်းများ

ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့်အငယ်များတွင် လူသွားစင်္ကြံလမ်းများတစ်လျောက် ချွန်မြွှ အစွန်းထွက်နေသော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများက အလုပ်သမားများအပေါ် ဘေးအန္တရာယ် ကျရောက်နိုင်ချေရှိသည့်အနေအထာကို လေ့လာတွေ့ရှိခဲ့ရပါသည်။ စိုစွတ်သောကြမ်းပြင်များကြောင့်လည်း အလုပ်သမားများ ခြေချော်နိုင်သည့်အန္တရာယ်၊ ထိခိုက် လဲပြိုနိုင်သည့် အန္တရာယ်များ ကျရောက်နိုင်သည်ကိုလည်း တွေ့ရှိခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင်မူ လုပ်ငန်းခွင်ဇရိယာအစိတ်အပိုင်းအများအပြားတွင် အပျက်အစီးအစအနများဖြင့် ဖုံးလွှမ်းနေပြီး မြေမျက်နှာပြင်အနှံ့တွင်လည်း အကျိုးအပဲ့များဖြင့် ရှုပ်ပွလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါသည်။ မြေသားနှင့် ကျောက်စရစ်များ စနစ်တကျသိမ်းဆည်းထားမှု မရှိခြင်းနှင့် စွန့်ပစ်ပစ္စည်းများ သင့်လျော်ကောင်းမွန်စွာ သတ်မှတ်စွန့်ပစ်မှုမရှိခြင်းတို့က အလုပ်သမားများ ထိခိုက်လဲပြိုနိုင်ချေ၊ ဒဏ်ရာရနိုင်ချေတို့ကို မြင့်တက်စေပါသည်။ အဆိုပါလုပ်ငန်းခွင်များရှိ အလုပ်သမားများ အန္တရာယ်အကာအကွယ်ပြုဖိနပ် ဝတ်ဆင်မှုမရှိခြင်းကလည်း ထိခိုက်ဒဏ်ရာရရှိနိုင်ချေများကို ထပ်လောင်းဖြည့်စွက်ပေးလျက် ရှိနေပါသည်။

၄.၃.၁၃ လုပ်ငန်းခွင်ပတ်ဝန်းကျင်

၄.၃.၁၃.၁ အမှုန်အမွှားများနှင့် လေမှသယ်ဆောင်လာသော အမှုန်များ

ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် လေထုညစ်ညမ်းစေသည့် အရာများ (အထူးသဖြင့် အမှုန်အမွှားများ) ထုတ်လွှတ်ပေးသော လုပ်ငန်းအချို့ ချေမွခြင်း၊ ကျောက်စက်စားခြင်း၊ ဖြတ်တောက်ခြင်း၊ သဲကော်ပတ်စားခြင်း၊ လွှတိုက်ခြင်း စသည်တို့ လည်ပတ် ဆောင်ရွက်နေသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ လုပ်ငန်းဆောင်ရွက်နေကြသည့် အလုပ်သမားများတွင် အမှုန်အမွှား အကာအကွယ်ပြု နှာခေါင်းစည်း (Dust Mask) များ တပ်ဆင်ထားခြင်းမရှိသည်ကိုလည်း သတိပြုမြင်တွေ့ခဲ့ရပါသည်။

သုတေသနအဖွဲ့အနေဖြင့် လေထုအတွင်းပါဝင်သည့် အမှုန်အမွှားပမာဏကို တိုင်းတာစစ်ဆေးခြင်းများ ပြုလုပ်နိုင်ခဲ့ခြင်း မရှိပါ။ သို့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီး၊ အလတ်၊ အငယ်များတွင် ဘိလပ်မြေနှင့် ကွန်ကရစ်ပစ္စည်းများမှ ပေါ်ထွက်လာသည့် အမှုန်အမွှားများ လေထုအတွင်းပါဝင်မှုကြောင့် အဆိုပါအမှုန်အမွှားများနှင့် အချိန်ကြာမြင့်စွာ (သို့) အကြိမ်ကြိမ်ထိတွေ့ လုပ်ကိုင်နေရသည့် (အထူးသဖြင့် မြေအောက်ခန်းများ၌) အလုပ်သမားများအပေါ် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများနှင့် ရောဂါဖြစ်နိုင်ခြေ အလားအလာများ ဆောင်ကြဉ်းလာစေပါသည်။ ဤသို့သော ဆောက်လုပ်ရေးလုပ်ငန်းခွင်များအနေဖြင့် လေထုအတွင်းအမှုန်အမွှား ပါဝင်မှုပမာဏကို တိုင်းတာစစ်ဆေး၍ လိုအပ်သလို ဆက်လက်ဖြေရှင်းကိုင်တွယ်ရန် အကြံပြုလိုပါသည်။

မြေအောက်ထပ်လုပ်ငန်းများလုပ်ဆောင်လျက်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ လေထုတ်ပန်ကာ (Exhaust Fan) နှစ်ခု တပ်ဆင်အသုံးပြုထားသော်လည်း လေများတရစပ်ဝင်ရောက် နေရာအခန်းတွင်းရှိ အမှုန်အမွှားများ၊ ဖုန်မှုန့်များကို ထိရောက်စွာ ဖယ်ရှားနိုင်ခြင်းမရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ အဆောက်အအုံမျက်နှာစာတွင်မူ အင်္ဂတေနံရံကို ကော်ပတ်ဖြင့် တိုက်ချွတ်၊ သန့်ရှင်းနေသည့် အလုပ်သမားများကို တွေ့မြင်ခဲ့ရပါသည်။ အဆိုပါ အလုပ်သမားများအနေဖြင့် သဲအမှုန် အမွှားများ၊ အင်္ဂတေမှုန့်လေးများ အသက်ရှူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်နိုင်သည့် အန္တရာယ်အလားအလာများ ရှိနေပါသည်။

ပုံ (၄၈) ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခုအတွင်းရှိ လေထုအတွင်းသို့ အခိုးအငွေ့များ စွန့်ထုတ်သည့်အဆင့်

No.	Parameter	Maximum Concentration	Observed Values	Unit	Average Period	Source
1.	Nitrogen dioxide	200	150.49	$\mu g/m^3$	1 hour	NEQG
2.	Particulate matter PM_{10}	50	75.58	$\mu g/m^3$	24 hour	NEQG
3.	Particulate matter $PM_{2.5}$	25	40.23	$\mu g/m^3$	24 hour	NEQG
4.	Sulphur dioxide	20	9.87	$\mu g/m^3$	24 hour	NEQG
5.	Carbon dioxide	5000	258.2	ppm	8 hour	ACGIH
6.	Carbon monoxide	35	0.0047	ppm	1 hour	NAAQS

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင်မူ လေထုအတွင်းပါဝင်သည့် ညစ်ညမ်းသည့် အမှုန်အမွှား၊ ဓာတ်ငွေ့များ (ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ အခြားလေထုညစ်ညမ်းစေသည့် အမှုန်အမွှားများ) ကို “အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ” (The National Environmental Emission Quality Guidelines) နှင့်အညီ သတ်မှတ်ပြုစုထားသည့် “ပတ်ဝန်းကျင်စီမံထိန်းချုပ်ရေးအစီအစဉ်” အတိုင်း ပုံမှန်စောင့်ကြည့်၊ စစ်ဆေးထားသည်ကို တွေ့ရှိရပါသည်။ လေ့လာတွေ့ရှိသည့် တန်ဖိုးများအရ အထူးသဖြင့် ရထားလမ်းတစ်လျောက်ပြုလုပ်နေသည့် အောက်ခံကျောက်ပိုင်ဆိုတိုင်အုတ်မြစ်ချခြင်းလုပ်ငန်းစဉ်တွင်လေထုအတွင်းပါဝင်သည့်ညစ်ညမ်းအမှုန်အမွှားများနှင့်ပမာဏသည် “အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ”တွင်သတ်မှတ်ထားသည့်ပမာဏထက်ပိုလွန်နေကြောင်းကို သိရှိနိုင်ပါသည်။

၄.၃.၁၃.၂ ဓာတုပစ္စည်းများနှင့် အခြားဘေးအန္တရာယ်ရှိသောပစ္စည်းများ

ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီး၊ အလတ်နှင့် အငယ်များတွင် ဘေးအန္တရာယ်ရှိသောပစ္စည်းများ (Hazardous Substances) ကိုစနစ်တကျသိုလှောင်ထားရှိခြင်း (သို့) အမှတ်တံဆိပ်ကပ်ထားခြင်းနှင့် တစ်နေ့တာအလုပ်ပြီးစီးချိန်တွင် အသေအချာသော့ခတ်သိမ်းဆည်းခြင်းများကို ပုံမှန်သေချာစွာ ပြုလုပ်ခြင်း မရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ထို့အပြင် အန္တရာယ်ရှိသောပစ္စည်းများသိုလှောင်ထားရှိရာနေရာများရှိ ဝင်ပေါက်ထွက်ပေါက်များကိုလည်း တင်းကြပ်စွာထိန်းချုပ်ထားလေ့ မရှိသည်ကိုလည်း တွေ့ရှိခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်တစ်ခုတွင်လည်း လောင်စာဆီများကို (သီးသန့်နေရာတစ်ခု သတ်မှတ်ထားရှိရမည့်အစား) ရေနူတ်မြောင်းနားကပ်လျက်ရှိ ရေလှောင်ကန်တစ်ခု၏ဘေးတွင် အတူပူးတွဲထားရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး (၄) ခုအနက် (၂) ခုတွင် ဘေးအန္တရာယ်ရှိသော ပစ္စည်းများ သိုလှောင်ထားရှိရန် သီးသန့်နေရာသတ်မှတ်ထားသော်လည်း (အရက်ပြန်၊ အင်္ဂတေတွဲဆက်ဖွဲ့နှောင်ပစ္စည်းများ၊ အင်္ဂတေဖျော်စပ်ရာ ဖြည့်စွက်ပစ္စည်းများ၊ ရေလုံဆေး) ကဲ့သို့သော ဘေးအန္တရာယ်ရှိပစ္စည်းများကို အတူပူးတွဲထားရှိသည့်အပြင် သက်ဆိုင်ရာအမှတ်တံဆိပ်များ စနစ်တကျကပ်ထားခြင်းမရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ ဘေးအန္တရာယ်ရှိသောပစ္စည်းများ တွေ့မြင်ရခြင်း မရှိခဲ့ပါ။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတစ်ခုတွင်မူ ခဲမျက်နှာပြင်တင်ခြင်းနှင့် အပေါ်ယံလွှာဆေးသုတ်ခြင်း၊ မျက်နှာပြင် သံချေးချွတ်ခြင်းစသည့် လုပ်ငန်းတို့လုပ်ကိုင်နေသည့် အလုပ်သမားအချို့တွင် သင့်လျော်မှန်ကန်သည့် အသက်ရှူအထောက်အကူပြုနှင့် လက်အကာအကွယ်ပြု PPE များဝတ်ဆင်ထားခြင်းမရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် စီမံအုပ်ချုပ်မှုအဖွဲ့က

မှု မီးလောင်လွယ်သော၊ မီးလောင်တတ်သော၊ တိုက်စားတတ်သော၊ အဆိပ်အတောက်ဖြစ်စေတတ်သော ပစ္စည်းများကို လုပ်ငန်းလုပ်ဆောင်ရာ နေရာများတွင် ထားလေ့မရှိကြောင်း ပြောပြခဲ့ပါသည်။ စက်ယန္တရားကြီးများအတွက်အသုံးပြုသည့် ဒီဇယ်ဆီများနှင့် မြေဖယောင်း/ဘင်တိုနိုက် (Bentonite) များကို တစ်ဆင့်ခံခွက် (Secondary Container) များပါဝင်သည့် ရွှေ့ပြောင်းနိုင်သော လှောင်ကန် (Skid– Tank) များဖြင့် စနစ်တကျသိုလှောင်ထားသည်ကို တွေ့ရှိရပါသည်။ ဆီသိုလှောင်ထားရှိရာနေရာများတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ရန်အတွက် “ဆီခံခွက်” (Spill Response Tray) များ စီစဉ်ထားရှိပါသည်။ အလုပ်သမားများမှ ဒီဇယ်ဆီကိုင်တွယ်ထိန်းသိမ်းဆောင်ရွက်ပုံများကိုမူ တွေ့မြင်ခဲ့ရခြင်းမရှိပါ။

သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်အများစုတွင်မူ အန္တရာယ်ဖြစ်စေနိုင်သော ပစ္စည်းများသိုလှောင်ထားခြင်း (သို့) အသုံးပြုခြင်းတို့ကို မြင်တွေ့ခဲ့ရခြင်း မရှိပါ။

၄.၃.၁၃.၃ ဆူညံသံများ

သွားရောက်လေ့လာခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် လျှပ်စစ်အားသုံးနှင့် စက်မှုအားသုံးပစ္စည်းကိရိယာများ အသုံးပြုရာမှ ပေါ်ထွက်လာသည့် အသံများသည် ဆူညံမှုပမာဏ မြင့်မားသော်လည်း အလုပ်သမားများတွင် အကြားအာရုံအကာအကွယ်ပြုကိရိယာများ (Hearing Protection) တပ်ဆင်ထားသည်ကို တွေ့မြင်ရခြင်း မရှိခဲ့ပါ။ အဖွဲ့အနေဖြင့် ဆူညံမှု ပမာဏကို စစ်ဆေးတိုင်းတာနိုင်ခြင်း မရှိခဲ့သောကြောင့် အကြားအာရုံအကာအကွယ်ပြု ပစ္စည်းကိရိယာလိုအပ်ချက်ကို စိစစ်အတည်ပြုနိုင်ရန်အတွက် ဆူညံမှုပမာဏကို တိုင်းတာရန် အကြံပြုလိုပါသည်။ အလုပ်ရှင်ဖြစ်သူမှ အလုပ်သမားများအတွက် အကြားအားရုံအကာအကွယ်ပြု ကိရိယာများ စီစဉ်ပံ့ပိုးပေးခြင်း ရှိ၊ မရှိ (သို့) ထိုသို့ပံ့ပိုးပေးသည့်တိုင် အလုပ်သမားကိုယ်၌က ဝတ်ဆင်ခြင်းပြု၊ မပြု စသည်တို့နှင့် စပ်လျဉ်း၍မူ ရှင်းလင်းခြင်းမရှိလှပါ။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင်မူ အလုပ်သမားများသည် လမ်းကြိတ်စက်၊ ကျောက်ချောစက်၊ ကျောက်ဖြတ်စက်နှင့် အခြားစက်မှုအားသုံး လက်ကိုင်ကိရိယာများစသည့် အသံဆူညံမှုမြင့်မားသော ကိရိယာများ အသုံးပြုလုပ်ကိုင်နေကြသော်လည်း “ဆူညံသံကြောင့်ဖြစ်ပေါ်သော အကြားအာရုံ ချွတ်ယွင်းပျက်စီးမှု” ကို ကြိုတင်ကာကွယ်နိုင်မည့် အကာအကွယ်များ ဝတ်ဆင်ထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

၄.၃.၁၃.၄ အပူချိန်

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများရှိ လုပ်ငန်းစဉ်များတွင် “ခရမ်းလွန်နေရောင်ခြည်” အောက်၌ လုပ်ကိုင်ရသည့် လုပ်ငန်းလုပ်ကွက်များလည်း အများအပြား ပါဝင်ပါသည်။ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ချိန် ကြာမြင့်ခြင်းကြောင့် ကာလတို/ကာလရှည် အရေပြားထိခိုက်ပျက်စီးမှုများ၊ အပူလျှပ်ခြင်းများ၊ ရေဓာတ်ကုန်ခမ်းခြင်းများ၊ အင်ပျဉ်ထခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ နေရောင်ခြည်အောက်၌ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများသည် နေရောင်ခြည်ဒဏ်ကာကွယ်မည့် ဦးထုပ်အမာ (Helmet) များနှင့် အင်္ကျီလက်ရှည်များကို ဝတ်ဆင်ထားကြသည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။ အလုပ်သမားများအနေဖြင့် ရသောက် အပေါ့အပါးသွားရန် ခေတ္တအလုပ်ရပ်နားခြင်းကိုလည်း အဟန့်အတားမရှိ ပုံမှန်လုပ်ဆောင်နိုင်ပါသည်။

၄.၃.၁၃.၅ အလုံပိတ်ထားသောနေရာများ

ဆေးရုံဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုံပိတ်ထားသော နေရာများ (Confined Spaces) ကို ဖော်ထုတ်တွေ့ရှိခဲ့သော်လည်း အဖွဲ့အနေဖြင့် အဆိုပါနေရာများတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို ကြည့်ရှုလေ့လာရန် အခွင့်မသာဖြစ်ခဲ့ရပါသည်။ “အလုံပိတ်ထားသည့်နေရာများတွင် အလုပ်လုပ်ကိုင်ရန် သင့်တော်ကြောင်း စစ်ဆေးခွင့်ပြုချက်ပေးသည့်စနစ်” (The permit to work system for confined spaces) စီစဉ် အကောင်အထည်ဖော်ထားသော်လည်း အဆိုပါနေရာများတွင် အမှန်တကယ် အလုပ်လုပ်ကိုင်နေကြပုံများကိုမူ လေ့လာအတည်ပြုရန် အခွင့်မသာခဲ့ပါ။

၄.၃.၁၄ စီမံအုပ်ချုပ်မှုပိုင်းမှ သတ်မှတ်ထားချက်များ

၄.၃.၁၄.၁ စီမံကိန်းဆိုင်ရာ အမှတ်အသား ဆိုင်းဘုတ်များ

ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီးများနှင့် အလတ်များ၏ရှေ့တွင် စီမံကိန်းလုပ်ငန်း အဓိကတာဝန်ယူ တည်ဆောက်သည့် ကန်ထရိုက်တာအမည်၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ် (ပုံမှန်အလုပ်ချိန်နောက်ပိုင်း ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ အပါအဝင်) နှင့် စီမံကိန်းကာလအပိုင်းအခြားစသည်တို့ကို ဖော်ပြထားသည့် စီမံကိန်းအမှတ်အသားဆိုင်းဘုတ်များကို တွေ့မြင်ခဲ့ရပါသည်။ စီမံကိန်းလုပ်ငန်းအချို့၏ လုပ်ငန်းခွင် ရုံးခန်းရှေ့ရှိ အမှတ်အသားဆိုင်းဘုတ်များတွင် စီမံကိန်းလုပ်ငန်းဆိုင်ရာ ရှင်းလင်း ဖော်ပြချက်များ၊ စီမံကိန်းပြီးစီးမည့် ခန့်မှန်းနေ့ရက်၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များနှင့် ကုမ္ပဏီဝက်ဆိုက် သတင်းအချက်အလက်များကို ဖော်ပြထားတတ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင်မူ စီမံကိန်းလုပ်ငန်း အမှတ်အသား ဆိုင်းဘုတ်များကို စနစ်တကျ ပြင်ဆင်ဖော်ပြထားခြင်းမရှိသည်ကို တွေ့မြင်ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်တစ်ခုတွင်ပြသထားသည့် စီမံကိန်းအမှတ်အသား (အချက်အလက်ပြ) ဆိုင်းဘုတ်တွင် "ဆောက်လုပ်ရေးလုပ်ငန်းခွင့်ပြုမိန့်" (The Construction Permit) သက်တမ်းကုန်ဆုံးနေပြီးဖြစ်သည်ကိုလည်း တွေ့မြင်ခဲ့ရပါသည်။

၄.၃.၁၄.၂ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ပညာပေးနှင့် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ

ပုံ (၄၉) တံတားဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင်တွေ့ရသည့် လစဉ် OSH ဆု အသိပေးကြေညာချက်နှင့် OSH ပိုစတာများ





ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးရှိ မန်နေဂျာများ၏ ပြောကြားမှုများနှင့် လေ့လာတွေ့ရှိမှုများအရ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ထုံးလုပ်နည်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကို အကောင်အထည်ဖော်ပြုလုပ်ခဲ့ပြီး ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာသတင်းအချက်အလက်များကိုလည်း လုပ်ငန်းခွင်များထဲတွင်ပြသထားကြောင်း သိရှိနိုင်ပါသည်။ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများအရ အလုပ်သမားသစ်များအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းလုပ်ကွက်များတွင် နေရာချထားခြင်းမခံရမီ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းများ၊ သဘောတရားများနှင့် ရင်းနှီးကျွမ်းဝင်စေရန် မိတ်ဆက်ပေးသည့် သင်တန်းကို မဖြစ်မနေတက်ရောက်ရန် လိုအပ်ပါသည်။ လုပ်ငန်းခွင်မန်နေဂျာမှ ဦးဆောင်၍ သက်ဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများ ဆွေးနွေးသည့် (၁၅) မိနစ် (Safety Toolbox Meeting) ကို နေ့စဉ်လုပ်ငန်းမစတင်မီ စီစဉ်ပြုလုပ်လေ့ရှိသည်ဟု သတင်းပို့အစီရင်ခံထားပါသည်။ တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်တွင်မူ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအလေ့အထများ အားပေးမြှင့်တင်ရန်ရည်ရွယ်၍ စီမံအုပ်ချုပ်ရေးအဖွဲ့မှ စီစဉ်ဖော်ဆောင်လျက်ရှိသည့် "လစဉ်ဘေးအန္တရာယ်ကင်းရှင်းရေးဆု (Safety Award)" ကို ချီးမြှင့်သည့် စိတ်ဝင်စားဖွယ် ဆွဲဆောင်မှုအစီအစဉ်တစ်ခုကို လေ့လာတွေ့ရှိခဲ့ရပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့်အငယ်များတွင် အလုပ်သမားများအတွက်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်းဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ စီစဉ်ပြုလုပ်ကြောင်း မရှိသည့်အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှု ဆိုင်ရာ သတင်းအချက်အလက်များကို ပြသထားထားသည်များကိုလည်း တွေ့မြင်ခဲ့ရခြင်းမရှိပါ။

၄.၃.၁၄.၃ အရေးပေါ်တုန့်ပြန်မှုအစီအစဉ်

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး (၄) ခုလုံးတွင် စုရုပ်နေရာများ၊ လုံခြုံရေးတံခါးပေါက်များ၊ ဘေးကင်းရာထွက်ခွာရေးလမ်းကြောင်းများ၊ ဆက်သွယ်ရမည့် တာဝန်ရှိသူများစာရင်းတို့ပါဝင်သည့် အရေးပေါ်ထွက်ပေါက်လမ်းကြောင်းပြ အဆောက်အအုံဖွဲ့စည်းပုံကို တွေ့ရှိရသော်လည်း လုပ်ငန်းခွင်ကြီး (၂) ခုတွင်မူ အရေးပေါ်တုန့်ပြန်ဆောင်ရွက်မှု လေ့ကျင့်ခန်းများ (Emergency Drills) ပြုလုပ်ထားသည့် မှတ်တမ်းများကို တွေ့မြင်ခဲ့ရခြင်းမရှိပါ။ အခြားလုပ်ငန်းခွင်ကြီးတစ်ခုတွင် အရေးပေါ်ထွက်ပေါက်လမ်းကြောင်းများကိုညွှန်ပြသည့် သတိပေးလမ်းညွှန်ဆိုင်းဘုတ်များနှင့် မီးဘေးအန္တရာယ်ထွက်ပေါက်သတိပေးလမ်းညွှန် ဆိုင်းဘုတ်များကို တွေ့မြင်ခဲ့ရပါသည်။ ရထားလမ်းဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကျန်းမာရေး မိတ်ဆက်သင်တန်းလက်စွဲစာအုပ်တစ်အုပ်နှင့် ထိုသင်တန်းကို တက်ရောက်ခဲ့သည့် အလုပ်သမားများစာရင်းကို အဖွဲ့မှတွေ့ရှိခဲ့ရပါသည်။

လုပ်ငန်းခွင်အလတ်များနှင့် အငယ်များတွင် အရေးပေါ်စုရုပ်နေရာများကို လုံး၀ (သို့)စနစ်တကျ စီစဉ်သတ်မှတ်ထားခြင်းမရှိသည့်အပြင် အရေးပေါ်တုန့်ပြန်ဆောင်ရွက်ရေးအစီအမံများ၊ လုပ်ထုံးလုပ်နည်းများကိုလည်း တွေ့မြင်ခဲ့ရခြင်းမရှိပါ။ လုပ်ငန်းလုပ်ဆောင်ရာနေရာများနှင့် အရေးပေါ်စုရုပ်များအကြားရှိ ဆောက်လုပ်ရေးပစ္စည်းများ၊ အစွန်းထွက်နေသည့် အရာဝတ္ထုများကြောင့် အလုပ်သမားများထိခိုက်ဒဏ်ရာ ရရှိနိုင်ချေကိုလည်း တွေ့မြင်ခဲ့ရပါသည်။

၄.၄ လုပ်ငန်းခွင်ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ချေ စီမံခန့်ခွဲမှုစနစ်၏ အကဲဖြတ်သတ်မှတ်ချက်များနှင့် လုပ်ငန်းခွင်လေ့လာစောင့်ကြည့်မှု ကောက်ချက်များ

လေ့လာဆန်းစစ်မှုဆောင်ရွက်ပုံ နည်းလမ်း၏အဆင့် ၃ အရလုပ်ငန်းနယ်ပယ်တိုင်းတာသတ်မှတ်ခြင်းအဆင့်တွင် ဖော်ထုတ်ခဲ့ပြီးဖြစ်သော ဆောက်လုပ်ရေးလုပ်ငန်းစဉ် အဆင့်အသီးသီးကို အခြေခံ၍ လုပ်ငန်းခွင် အကြီး၊ အလတ်၊ အငယ်တို့တွင် လေ့လာတွေ့ရှိခဲ့သည့် သက်ဆိုင်ရာလုပ်ငန်းစဉ်အဆင့်များအလိုက် ထိခိုက်ဆုံးရှုံးမှုဖြစ်နိုင်ချေ ထိန်းချုပ်စီမံမှုဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များကို (ဇယား ၁၃) တွင် ဖော်ပြထားပါသည်။ လေ့လာဆန်းစစ်မှုဆောင်ရွက်ပုံ နည်းလမ်းအရ အောက်ဖော်ပြပါ အဆင့်အတန်း သတ်မှတ်ချက်များကို အသုံးပြုထားပါသည်။

- ရမှတ် (သက်ဆိုင်မှုမရှိ) : လုပ်ငန်းနှင့် သက်ဆိုင်မှုမရှိ
- ရမှတ် (၀) မှတ် : ဘေးအန္တရာယ်ဖြစ်နိုင်ချေ ရှာဖွေဖော်ထုတ်ခြင်း၊ ထိန်းချုပ်စီမံခြင်းမရှိ (အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်းမြင့်)
- ရမှတ် (၁) မှတ် : ဘေးအန္တရာယ်ဖြစ်နိုင်ချေ ရှာဖွေဖော်ထုတ်သော်လည်း သင့်လျော်လုံလောက်စွာ ထိန်းချုပ်စီမံခြင်းမရှိ (အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်းမြင့်)
- ရမှတ် (၂) မှတ် : ဘေးအန္တရာယ်ဖြစ်နိုင်ချေ ရှာဖွေဖော်ထုတ်၍ အတော်အသင့် ထိန်းချုပ်စီမံနိုင်(အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်း အလယ်အလတ်)
- ရမှတ် (၃) မှတ် : ဘေးအန္တရာယ်ဖြစ်နိုင်ချေ ရှာဖွေဖော်ထုတ်၍ သင့်လျော်လုံလောက်စွာ ထိန်းချုပ်စီမံနိုင်(အန္တရာယ်ပြင်းထန်မှုနှင့် ဖြစ်တန်စွမ်းနိမ့်)[၁၃၆]

[၁၃၆] ILO (၂၀၁၈) ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်အတွင်း (OSH) လုပ်ငန်းစဉ်များ အစပြုဖော်ဆောင်ရာ နည်းစနစ်အစု ၊ ဖော်ဆောင်သူများဆိုင်ရာ လမ်းညွှန်ချက်၊ ဂျီနီဗာ

သုတေသနအဖွဲ့အနေဖြင့် ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ဖြစ်ချေနှင့် အန္တရာယ်သက်ရောက်မှု ပြင်းထန်နိုင်မှု (သက်ရောက်နိုင်ချေ)၊ အန္တရာယ်ထိန်းချုပ်ရေး အစီအမံများ လုံလောက်သင့်လျော်စွာထားရှိမှု (ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ကျရောက်နိုင်ချေ စီမံထိန်းချုပ်မှု) တို့အပေါ် အခြေပြု၍ အကဲဖြတ်အမှတ်ပေးထားပါသည်။ ဥပမာအားဖြင့် သင့်လျော်ကောင်းမွန်သည့် အန္တရာယ်ထိန်းချုပ်ရေးအစီအမံများကင်းမဲ့သည့် လုပ်ငန်းခွင်များတွင် အမြင့်မှလိမ့်ကျပါက အသက်ဆုံးရှုံးခြင်းအပါအဝင် ပြင်းထန်သည့်ဆိုးကျိုးများ သက်ရောက်နိုင်သော်လည်း လုပ်ငန်းခွင်ကြီးအချို့ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ချေ စီမံထိန်းချုပ်ရေးစနစ်များသည် လုပ်ငန်းခွင်ငယ်များထက် ပိုမိုသာလွန်ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အငယ်များ၏ "အမြင့်တွင် အလုပ်လုပ်ခြင်း" အတွက် ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ဖြစ်နိုင်ချေ စီမံထိန်းချုပ်မှုရမှတ်သည် အမြင့်ဆုံးရမှတ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ [၁၃၇]

ဧယား (၁၃) ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်များကို စီမံကိန်းအမျိုးအစား နှင့် လုပ်ငန်းခွင်အရွယ်အစား (အကြီး၊ အလတ်၊ အငယ်) အလိုက် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်တန်စွမ်းနှင့် ဘေးအန္တရာယ်သက်ရောက်ပြင်းထန်နိုင်စွမ်းတို့ကို အကဲဖြတ်တွက်ချက်ခြင်း

#	လုပ်ငန်းကဏ္ဍ	အခြေခံအဆောက်အအုံ		အဆောက်အအုံ		
	ဘေးအန္တရာယ် အမျိုးအစားနှင့် ဘေးအန္တရာယ် ထိန်းချုပ်မှု အစီအမံများ	တံတား (လုပ်ငန်းခွင်အကြီး)	ရထားလမ်း (လုပ်ငန်းခွင်အကြီး)	အထပ်ပြင့် အဆောက်အအုံ (လုပ်ငန်းခွင် အကြီး)	အထပ်ပြင့် အဆောက်အအုံ (လုပ်ငန်းခွင် အလတ်)	အထပ်နိမ့် အဆောက်အအုံ (လုပ်ငန်းခွင် အငယ်)
၁.	လုပ်ငန်းခွင် နယ်နမိတ်များ	၃	၃	၂.၅	၁	၀
၂.	အလုပ်သမား ဘေးကင်းကျန်းမာလုံခြုံမှုရှိစေရန် ထားရှိပေးမှုများ	၃	၂	၂.၆	၀.၅	၀
၃.	လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ ထားရှိမှု	၃	၂	၂.၄	၀	၀
၄.	ခန္ဓာကိုယ်အကာအကွယ်ပြု ပစ္စည်းကိရိယာများ	၃	၂	၂	၀	၀
၅.	စီမံအုပ်ချုပ်မှုပိုင်းမှ သတ်မှတ်ထားချက်များ	၃	၃	၂.၅	၁.၅	၁
၆.	အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း	၁	သက်ဆိုင်ခြင်းမရှိ	၁.၂၅	၀	၀
၇.	ယာဉ်များဖြင့် အလုပ်လုပ်ကိုင်ခြင်း	၁	၂	၂.၅	၁.၅	၂
၈.	မြေတူးလုပ်ငန်းများ	၁	၂	၃	၃	၀
၉.	ပစ္စည်းများ/အရာဝတ္ထုများကို ဘေးအန္တရာယ် ကင်းရှင်းစွာ ရွှေ့ပြောင်း ၊ သယ်ယူခြင်း	၂	၂	၂.၇၅	၀	၀
၁၀.	လျှပ်စစ်အန္တရာယ်	၃	၃	၂	၀.၅	၀
၁၁.	မီးဘေးအန္တရာယ်	၃	၃	၂.၅	၀.၅	၀
၁၂.	ခြေချော်ခြင်းနှင့် ခလုတ်တိုက် လဲပြိုခြင်းများ	၃	၂	၂.၅	၀	၀
၁၃.	အလုံပိတ်ထားသောနေရာများ	သက်ဆိုင်ခြင်းမရှိ	သက်ဆိုင်ခြင်းမရှိ	၂.၅	သက်ဆိုင်ခြင်းမရှိ	သက်ဆိုင်ခြင်းမရှိ
၁၄.	အလုပ်ခွင်ပတ်ဝန်းကျင်	၃	၂	၂.၄	၁.၅	၀

အကဲဖြတ်အမှတ်ပေးရေးနည်းစနစ်မှ သတ်မှတ်ထားသည့် လုပ်ငန်းလုပ်ကွက်အမျိုးအစား (၁၂) မျိုးတွင် ကန်ထရိုက်တာများ၊ အလုပ်သမားများ၏လုပ်ငန်းခွင်ဘေးအန္တရာယ်ရှာဖွေဖော်ထုတ်မှုနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေထိန်းချုပ်စီမံဆောင်ရွက်မှုအရည်အသွေး၊ လုပ်ဆောင်ချက်များအပေါ် ပဏာမကြိုတင်စိစစ်သုံးသပ် အကဲဖြတ်ချက်တစ်ရပ် ပေါ်ထွန်းလာစေရန် ဤလုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်အမှတ်ပေးမှု လုပ်ငန်းစဉ်က ရည်ရွယ်ပါသည်။ သို့ရာတွင်လုပ်ငန်းစဉ်အတွင်း (ဆူညံမှု

[၁၃၇] ILO ၏ ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်အမှတ်ပေးမှု များ (၂၀၁၃) တွင် အကျယ်ကို ကြည့်ပါ။ လုပ်ငန်းအငယ်များနှင့် အလတ်များဆိုင်ရာလုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုနှင့် စီမံထိန်းချုပ်မှု လေ့ကျင့်သင်ကြားရေး အစီအစဉ် ၊ ဂျီနီဗာ

အတိုင်းအတာများ၊ အမှုန်အမွှားပါဝင်မှုပမာဏ စသည်) တို့နှင့် အလုပ်သမားများ ထိတွေ့မှုကို အတိအကျ တိုင်းတာနိုင်ရန် အခွင့်မသာခဲ့ခြင်း၊ သွားရောက်လေ့လာခဲ့သည့် လုပ်ငန်းခွင် (နမူနာ) များသည် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ တစ်ရပ်လုံးကို ကိုယ်စားပြုမှု မရှိခြင်း စသည့်အခြေအနေများကြောင့် ဤသုံးသပ်အကဲဖြတ်မှုသည် တိကျပြည့်စုံသည့် ဆန်းစစ်လေ့လာမှုတစ်ခုဟု မဆိုသာပါ။ သို့ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေ စီမံထိန်းချုပ်ရေး အသိအမြင်နှင့်အစီအစဉ်၊ ဆောင်ရွက်မှုများ သိသာထင်ရှားစွာကင်းမဲ့နေသော လုပ်ငန်းစဉ်၊ လုပ်ငန်းလုပ်ကွက်များနှင့်စပ်လျဉ်း၍ ဤဆန်းစစ်လေ့လာမှုက မီးမောင်းထိုးပြထားပါသည်။ ထို့အပြင် လုပ်ငန်းခွင် စောင့်ကြည့်လေ့လာမှုမှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍရှိ ထိခိုက်ပျက်စီးလွယ်မှု အကြောင်းအရာများကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည့်အပြင် ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများကိုလည်း ဆွေးနွေးတင်ပြနိုင်ခဲ့ပါသည်။

အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင် အငယ်များနှင့် အလတ်များရှိ အလုပ်သမားများသည် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်များရှိ အလုပ်သမားများနှင့် နှိုင်းယှဉ်ပါက လုပ်ငန်းခွင်ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ဖြစ်နိုင်ခြေများနှင့် ပိုမိုရင်ဆိုင်နေရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင် ပိုမိုများပြားသည့် ထိခိုက်ဆုံးရှုံးမှုအန္တရာယ်ဖြစ်နိုင်ခြေ အချက်အလက်များကို မြင်တွေ့ခဲ့ရသည့်အပြင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ထိန်းချုပ်မှုအစီအမံများ အားနည်းညံ့ဖျင်းသည်ကိုလည်း တွေ့ရှိခဲ့ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များတွင်မူ ဘေးအန္တရာယ် ဖြစ်နိုင်ခြေရှိသည့် လုပ်ငန်းလုပ်ကွက် အများအပြား တွေ့ရှိခဲ့ရသော်လည်း လုပ်ငန်းခွင် အငယ်များနှင့် နှိုင်းယှဉ်ပါက ပိုမိုကောင်းမွန်ပြည့်စုံသည့် ဘေးအန္တရာယ်ရှာဖွေဖော်ထုတ်ရေးနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ထိန်းချုပ်ရေးအစီအမံများ စီစဉ်ထားရှိပါသည်။ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးများနှင့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် ပိုမိုကောင်းမွန်ပြည့်စုံသည့်ဘေးအန္တရာယ် ရှာဖွေဖော်ထုတ်ရေးနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ထိန်းချုပ်ရေး အစီအမံများ စီစဉ်ထားရှိ၊ လုပ်ဆောင်နေသော်လည်း မြေတူးသည့်လုပ်ငန်း၊ ယာဉ်ယန္တရားများနှင့်လုပ်ကိုင်သည့်လုပ်ငန်း၊ အမြင့်နေရာများတွင် လုပ်ကိုင်သည့် လုပ်ငန်းစသည်တို့နှင့် ပတ်သက်၍မူ လိုအပ်ချက်များ ဆက်လက်တိုးတက်စေရန် လုပ်ဆောင်ရမည့် အရာများ ကျန်ရှိနေပါသေးသည်။

အဆောက်အအုံဆောက်လုပ်ရေး လုပ်ငန်းခွင်အလတ်များနှင့်အငယ်များတွင် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိမှုကင်းမဲ့ခြင်းက ဘေးအန္တရာယ်ဖြစ်နိုင်ခြေများ၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်ပါသည်။ အဆောက်အအုံမြေနေရာလုပ်ငန်းအဆင့်၊ အုတ်မြစ်နှင့် အထက်ပိုင်းအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အဆင့်များတွင် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိမှု ကင်းမဲ့ခြင်းသည် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို ပေါ်ပေါက်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း လုပ်ငန်းခွင်လေ့လာတွေ့ရှိမှုများကို အခြေပြုသည့် အရည်အသွေးပိုင်းဆိုင်ရာ အကဲဖြတ်ဆန်းစစ်မှုများက ဖော်ပြနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများရှိ လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်စွာ စီမံထားရှိမှု အစီအစဉ်များသည် အများအားဖြင့် ကောင်းမွန်သင့်လျော်သည်ကို တွေ့မြင်ခဲ့ရသော်လည်း ဆောက်လုပ်ရေး လုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင်မူအစွန်းထွက်နေသည့် အရာဝတ္ထုများ၊ ချော်သော မြေမျက်နှာပြင်များ၊ သန့်ရှင်းသပ်ရပ်မှုကင်းမဲ့သည့် ဆောက်လုပ်ရေးပစ္စည်း လက်ခံရယူရာနှင့် သိုလှောင်သိမ်းဆည်းရာနေရာများ၊ ညံ့ဖျင်းအားနည်းသော စွန့်ပစ်ပစ္စည်းစီမံထိန်းချုပ်မှုစနစ်များကိုအဓိက လေ့လာတွေ့ရှိခဲ့ပါသည်။ PPE သည် ဘေးအန္တရာယ်ထိန်းချုပ်ရေး အစီအမံများအရ အဓိကဦးစားပေးအခန်းကဏ္ဍတွင် ပါဝင်ခြင်းမရှိသည့်တိုင် ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့် အငယ်များရှိ PPE ဝတ်ဆင်ထားခြင်းမရှိ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများက ဘေးအန္တရာယ်ဖြစ်နိုင်ခြေများကို မြင့်တက်စေပါသည်။

လေ့လာကြည့်ရှုခဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အားလုံးတွင် အမြင့်နေရာများ၌ အလုပ်လုပ်ကိုင်ခြင်းသည် အလုပ်သမားများအပေါ် ထိခိုက်ဒဏ်ရာရရှိနိုင်ခြေ၊ သေဆုံးနိုင်ခြေများ ဆောင်ကြဉ်းလာသည့် အဓိကအချက် တစ်ရပ်ဖြစ်သည်ကို သတိပြုတွေ့မြင်ခဲ့ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများအပါအဝင် လုပ်ငန်းခွင်များရှိ ဆောက်လုပ်ရေးလုပ်ငန်းစဉ်အဆင့် (၅) ဆင့်တွင် အလုပ်သမားများ အမြင့်နေရာများ၌ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရပြီး အမြင့်မှလိမ့်ကျနိုင်ခြေများရှိနေသည်ကို သတိပြုဖော်ထုတ်နိုင်ခဲ့ပါသည်။ အမြင့်မှ လိမ့်ကျသည့် အန္တရာယ်ဖြစ်နိုင်ခြေကို ဆောက်လုပ်ရေးလုပ်ငန်းခွင်အားလုံးတွင် တွေ့ရှိခဲ့ရသော်လည်း အထပ်မြင့်အဆောက်အအုံ ဆောက်လုပ်ရေးနှင့် တံတားဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင်မူ အန္တရာယ်ပြင်းထန်မှု ပိုမိုမြင့်မားသည်ကို တွေ့မြင်ရပါသည်။ လေ့လာကြည့်ရှုခဲ့သည့် အန္တရာယ်အကာအကွယ်ပြု ပိုက်ကွန်အများစုသည်ပြုတ်ကျလာသည့် အရာဝတ္ထုများကို တားယူဖမ်းဆီးနိုင်မည်ဖြစ်သော်လည်း အလုပ်သမားများအား အကာအကွယ်ပြုသည့်အန္တရာယ်ကင်းပိုက်ကွန်များ မဟုတ်သည်ကို တွေ့မြင်ရပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီး၊ အလတ်နှင့် အငယ်များတွင် သက်ဆိုင်ရာ PPE များ ဝတ်ဆင်ခြင်းမရှိဘဲ အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများကို တွေ့မြင်ရပါသည်။လုပ်ငန်းခွင်အချို့တွင်မူ ခိုင်ခန့်စွာတုပ်နှောင်ထားခြင်းမရှိသည့်အပြင် အန္တရာယ်ကင်းပိုက်ကွန်များလည်း ပါဝင်ခြင်းမရှိသည့်မြေပြင်မှ (၁၀) ပေအထက် ငြမ်းစင်များတွင် အလုပ်သမားများ PPE ဝတ်စုံများဝတ်ဆင်ခြင်းမရှိ အလုပ်လုပ်ကိုင်နေကြသည်ကို တွေ့မြင်ခဲ့ရပါသည်။ ခိုင်ခန့် စနစ်ကျစွာ တပ်ဆင်စိုက်ထူထားခြင်းမရှိသည့် ဝါးငြမ်းစင်များထက် လုပ်ငန်းဆောင်ရွက်နေကြသည့် အလုပ်သမားများကိုလည်း တွေ့မြင်ခဲ့ရပါသည်။ ငြမ်းစင်အတွက် ဝါးများကို အသုံးပြုခြင်းသည် ပြဿနာတစ်ရပ် မဟုတ်သည့်အပြင် လုပ်ငန်းခွင်ငယ်များအတွက် ကုန်ကျစရိတ်သက်သာသည့် နည်းလမ်းဖြစ်သော်လည်း ဝါးငြမ်းစဉ်များကို စနစ်တကျ

ခိုင်ခန့်သေချာစွာ တပ်ဆင်စိုက်ထူရန် အထူးအရေးကြီးပါသည်။[၁၃၈] အမြင့်တွင် လုပ်ငန်းလုပ်ကိုင်ခြင်းများအတွက် သင့်လျော်လုံလောက်သည့် တစ်ကိုယ်ရည်နှင့် စုပေါင်း အကာအကွယ်ပြုမှု အစီအမံများ အထူးလိုအပ်ပါသည်။ ကြိုးတံတားဆောက် လုပ်ရေး လုပ်ငန်း ကျွမ်းကျင်သူများ (ဝန်ဆောင်မှုပေးသူများ) က အမြင့်တွင် လုပ်ငန်းဆောင်ရွက်နေရာသည့်အလုပ်သမားများအတွက် (လုပ်ငန်းချက်ချင်းရပ်တန့်ရန် အမိန့်များ၊ တုန့်ပြန်မှုများ၊ ပြင်ဆင်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ် အပါအဝင်) နေ့စဉ်လုပ်ငန်းခွင် Safety ဆိုင်ရာ ညွှန်ကြားချက်များ၊ တင်းကျပ်သည့် အန္တရာယ်ထိန်းချုပ်ရေးအစီအမံများ၏ အထူးအရေးပါပုံကို အစဉ် မီးမောင်းထိုး ပြောဆိုလျက်ရှိပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းများတွင် မြေတူးလုပ်ငန်းများသည် အရေးပါသည့် ဘေးအန္တရာယ်ဖြစ်နိုင်ချေများတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များတွင် ပြိုလဲနိုင်သောမြေကျင်းများတွင် Shoring မရှိသည့် မြေကျင်းများအတွင်း အလုပ်လုပ်ခြင်းနှင့် မြေကျင်းများအတွင်း အလုပ်လုပ်ကိုင်နေသည့်အလုပ်သမားအပေါ်သို့ပစ္စည်းများပြုတ်ကျခြင်း စသည်တို့ပါဝင်ပါသည်။အလုပ်လုပ်ကိုင်နေသည့်အလုပ်သမားများအနေဖြင့် စက်ယန္တရားကြီးများနှင့် ထိခိုက်နိုင်ချေရှိသည့်အတွက် စက်ယန္တရားကြီးများသည်လည်း အဓိကလုပ်ငန်းခွင် ဘေးအန္တရာယ်များတွင် ပါဝင်ပါသည်။ အလုပ်သမားများ နှာခေါင်းစည်း (Dust Mask) တပ်ဆင် အလုပ်လုပ်ကိုင်လေ့မရှိသည့် (အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့်အငယ်များတွင်လည်း) အမှုန်အမွှားထွက်ရှိရာလုပ်ငန်းများသည် လုပ်ငန်းခွင်ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။ဆောက်လုပ်ရေး လုပ်ငန်းခွင် အငယ်များနှင့် အလတ်များတွင် မြေကျင်းနံရံပြိုကျမှုကြောင့် အလုပ်သမားများ မြေပိ အသက်ဆုံးရှုံးခံရမည့်အန္တရာယ်၊ မြေတူးလုပ်ငန်းလုပ်ဆောင်နေစဉ် မြေအောက်ဆားဗစ်စနစ်များနှင့်ထိခိုက်ဒဏ်ရာရရှိမည့် အန္တရာယ်ဖြစ်နိုင်ချေများ မြင့်မားသည်ကို သုတေသနအဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ မြေတူးလုပ်ငန်းစဉ်အတွင်း တွေ့ကြုံနိုင်ချေရှိသည့် ဘေးအန္တရာယ်များတွင် မြေသားနံရံပြိုကျခြင်း၊ မြေအောက်ဆားဗစ်စနစ်များနှင့် ထိတွေ့မိခြင်း၊ အနီးရှိ အဆောက်အအုံအစိတ်အပိုင်းများလဲပြိုခြင်း၊ ဆောက်လုပ်ရေးပစ္စည်းများ၊ ယာဉ်များနှင့် အရာဝတ္ထုများ မြေကျင်းအတွင်းသို့ လိမ့်ကျခြင်း၊ အနိုးအငွေ့များ၊ ဓာတ်ငွေ့များနှင့် ရေများ ရုတ်တရက်ဝင် ရောက်လာခြင်း စသည်တို့ကြောင့် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များ ပါဝင်ပါသည်။

ပေါက်ကွဲစေတတ်သောပစ္စည်းများ အသုံးပြုလုပ်ကိုင်သည့် ဆောက်လုပ်ရေးလုပ်ငန်းများကို ရန်ကုန် နယ်မြေဒေသတွင် တွေ့မြင်ရခြင်း မရှိခဲ့သော်လည်း ဝေးလံသည့်ကျေးလက်ဒေသများရှိ ရေကာတာဆောက်လုပ်ရေး၊ ရေအားလျှပ်စစ်ဆောက်လုပ်ရေး စီမံကိန်းများတွင်မူ ပေါက်ကွဲစေတတ်သောပစ္စည်းများသည် ဆောက်လုပ်ရေး လုပ်ငန်းကန်ထရိုက်တာများ အဓိကကြုံတွေ့ရနိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေတစ်ခု ဖြစ်ပါသည်။ ပေါက်ကွဲစေတတ်သောပစ္စည်းများ အသုံးပြုလုပ်ဆောင်ရသော မြေတူးလုပ်ငန်းစဉ်များကြောင့် အလုပ်သမားများအနေဖြင့် မြေပြိုအသက်ဆုံးရှုံးမည့်အန္တရာယ်၊ ထိခိုက်ဒဏ်ရာရရှိမည့်အန္တရာယ် ဖြစ်နိုင်ချေများ ရှိနေပါသည်။ လုပ်ငန်းခွင်ရှိ အလုပ်သမားများတွင် ပေါက်ကွဲစေတတ်သောပစ္စည်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များနှင့် စပ်လျဉ်း၍ တူညီသည့် အသိအမြင်ဗဟုသုတ မရှိနိုင်ခြင်းကြောင့် ဤသို့သောစီမံကိန်းလုပ်ငန်းများတွင် အမျိုးမျိုးသော ကန်ထရိုက်တာများ (ဖက်စပ်လုပ်ငန်းအဖွဲ့များမှ အလုပ်သမားများ)၊ တစ်ဆင့်ခံကန်ထရိုက်တာများ ပါဝင် လုပ်ကိုင်နေကြသည့် လုပ်ငန်းသဘောသဘာဝက လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ချေကို မြင့်တက်စေပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင် အကြီး၊ အလတ်နှင့် အငယ်များရှိ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ရွှေ့လျားမောင်းနှင်နေသည့် ယာဉ်များနှင့် စက်ပစ္စည်းများနှင့် ထိခိုက်နင်းခြေခံရမည့် အန္တရာယ်ဖြစ်နိုင်ချေများလည်း ရှိနေပါသည်။ အဓိကကြုံတွေ့နိုင်သည့် အန္တရာယ်များတွင် ဒေါင်လိုက်နှင့် အလျားလိုက် ရွှေ့လျားသယ်ယူနေရသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပုဂ္ဂလိကယာဉ်များ၊ စက်ပစ္စည်းကိရိယာများနှင့် အလုပ်သမားများ ထိခိုက်တိုးတိုက်မိခြင်း၊ အလုပ်သမားများယာဉ်ပေါ်မှလိမ့်ကျခြင်း (သို့) ယာဉ်ပေါ်မှပစ္စည်းများ အလုပ်သမားများအပေါ် ပြုတ်ကျခြင်း (သို့) ယာဉ်များတိမ်းမှောက်၍အလုပ်သမားများအပေါ် ပိမိခြင်း စသည်တို့ပါဝင်ပါသည်။ အောက်ဖော်ပြပါဖြစ်ရပ်များတွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ ပိုမိုမြင့်မားလေ့ ရှိပါသည်။

- ယာဉ်များထိန်းသိမ်းမောင်းနှင်ရန် နေရာအကန့်အသတ်ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း လက်ခံ၊ ရယူ၊ သိမ်းဆည်း၊ သိုလှောင်ရာ နေရာများ
- သန့်ရှင်းသပ်ရပ်မှု (သို့) စနစ်တကျစီစဉ်ထားရှိမှု ကင်းမဲ့သည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း လက်ခံ၊ ရယူ၊ သိမ်းဆည်း၊ သိုလှောင်ရာ နေရာများ
- စွန့်ပစ်ပစ္စည်း စုဆောင်းသိမ်းဆည်းရန်အတွက် သီးသန့်နေရာ စီစဉ်သတ်မှတ်ထားခြင်းမရှိသည့် လုပ်ငန်းခွင်များ

[၁၃၈] ဟောင်ကောင်တွင် မိုးမျှော်အဆောက်အဦများတည်ဆောက်ရာ၌ ဝါးငြမ်းများကို အဓိက နည်းလမ်းအဖြစ် အသုံးပြုကြပါသည်။ “ဝါးငြမ်းတည်ဆောက်မှု ဆိုင်ရာ သဘောတူညီမှုများ” (၂၀၁၆) ” 2 March. https://www.theloophk.com/hong-kong-history-culture-guide-whats-the-deal-with-bamboo-scaffolding/

- ခြေလျင်သွားလာသူများ အသုံးပြုရာလမ်းကြောင်းနှင့် ယာဉ်သွားလာရာလမ်းကြောင်းအကြား ခွဲခြားသတ်မှတ်ထားမှုမရှိသည့် လုပ်ငန်းခွင်များ
- အများပြည်သူသွားလာရာလမ်းများနှင့် နယ်နမိတ်ချင်း အလွန်နီးကပ်စွာ ထိစပ်တည်ရှိနေသည့် လုပ်ငန်းခွင်များ
- လုပ်ငန်းခွင်နယ်နမိတ် အကာအရံများစနစ်တကျ ခိုင်မြဲစွာ ကာရံစိုက်ထူထားခြင်းမရှိသည့် လုပ်ငန်းခွင်များ

ခြေချော်ခလုတ်တိုက်လဲပြိုမှု အန္တရာယ်ဖြစ်နိုင်ချေများသည် အထူးသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်များနှင့် အငယ်များတွင် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ သွားရောက်ကြည့်ရှုခဲ့သည့် လုပ်ငန်းခွင်များတွင် အစွန်းထွက်နေသည့် အရာဝတ္ထုများ၊ စွန့်ပစ်အပျက်အစီးအစအနများ၊ သံမှိုများ၊ ဖိတ်လျှံကျသည့် အရည်များ စသည့် ဘေးအန္တရာယ်အများအပြားကို မြေနေရာရွေးချယ်ချထားသည့်လုပ်ငန်းစဉ်၊အုတ်မြစ်လုပ်ငန်းစဉ်၊အထက်ပိုင်းအဆောက်အအုံနှင့်မျက်နှာစာလုပ်ငန်းစဉ်အဆင့်များတွင် လုပ်ကိုင်နေကြသည့် အလုပ်သမားများအတွက် ခြေချော်ထိခိုက်လဲပြိုနိုင်ချေများကို မြင့်တက်စေသည်ကို လေ့လာတွေ့ရှိခဲ့ပါသည်။ အဆိုပါလုပ်ငန်းစဉ်အဆင့်များသည် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် စက်ကိရိယာများ (ဥပမာ– ကွန်ကရစ်) ပမာဏအမြောက်အများ လာရောက်ပို့ဆောင် သိုလှောင်အသုံးပြုချိန်များနှင့် ထပ်တူကျသည့်အတွက်ထိုအဆင့်များတွင် လုပ်ငန်းခွင် သန့်ရှင်းသပ်ရပ်မှုရှိစေရန် အထူးလိုအပ်ပါသည်။ ထို့အပြင် အဆိုပါလုပ်ငန်းစဉ် အဆင့်များအတွင်းတွင် စွန့်ပစ်ပစ္စည်းထုတ်လုပ်မှုပမာဏ များပြားသည့်အတွက် အဆိုပါစွန့်ပစ်ပစ္စည်းများကို စနစ်တကျ အချိန်နှင့်တစ်ပြေးညီ ဖယ်ရှားစွန့်ပစ်ခြင်းမပြုပါက အလုပ်သမားများ ခြေချော်ထိခိုက်လဲပြိုနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေများ အထူးမြင့်မားပါသည်။ အလုပ်သမားများ ခြေချော်နိုင်သည့် အန္တရာယ်၊ ထိခိုက်လဲပြိုနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေများသည် အဆောက်အအုံအတွင်းပိုင်း ဆောက်လုပ်သည့်အဆင့် တွင်လည်း ရှိနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့် အငယ်များတွင် အလုပ်သမားများ ခြေချော်ထိခိုက်လဲပြိုနိုင်သည့် အန္တရာယ်ဖြစ်နိုင်ချေများ ပိုမိုမြင့်မားသော်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင်မူ အဆိုပါအန္တရာယ်ဖြစ်နိုင်ချေများကို လုံးဝနီးပါး စီမံထိန်းချုပ်ထားနိုင်သည်ကို တွေ့မြင်ခဲ့ရပါသည်။

လုပ်ငန်းခွင်လေ့လာတွေ့ရှိမှုများနှင့် ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သူများ၏ ဖြေကြားချက်များအရ လုပ်ငန်းခွင် လျှပ်စစ်ဘေးအန္တရာယ်များသည် စိုးရိမ်ဖွယ်ရာအခြေတွင် ရှိနေပါသည်။ ဆွေးနွေးမေးမြန်းရာတွင်ပါဝင်သည့် လုပ်ငန်းခွင်မန်နေဂျာများ၏ ပြောကြားချက်များနှင့် (အခြားလုပ်ငန်းခွင်များမှ အလုပ်သမားများ၏) အတည်ပြုချက်များအရ လုပ်ငန်းခွင်အချို့တွင် (လျှပ်စစ်ဘေးအန္တရာယ်) မတော်တဆဖြစ်မှုဆိုင်ရာ သတင်းပို့အစီရင်ခံမှုများ ရှိကြောင်း သိရှိရပါသည်။ စိုစွတ်သည့်ကြမ်းပြင်များအပေါ်သို့ လျှောကျနေသည့် လျှပ်စစ်ကေဘယ်ကြိုးများ သေချာစွာ တပ်ဆင်ထားခြင်းမရှိသည့် လျှပ်စစ်ဓာတ်အားပေးကြိုးများနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ချိတ်ဆက်ထားခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းများချိတ်ဆက်အသုံးပြုရန် (Extension) ကြိုးများကြောင့် လျှပ်စစ်ဓာတ်လိုက် သေဆုံးနိုင်ချေ မြင့်တက်စေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

သုတေသနအဖွဲ့အနေဖြင့် ဘေးအန္တရာယ်ရှိသောပစ္စည်းများ၊ အခြားသော ဘေးအန္တရာယ်များ (ဥပမာ – ဆူညံသံနှင့် အမှုန်အမွှားများ) နှင့် အလုပ်သမားများ ထိတွေ့မှု အတိုင်းအတာပမာဏကို စိစစ်အတည်ပြုရန် အခွင့်မသာခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်နှင့် အငယ်များ၊ ရထားလမ်းဆောက်လုပ်ရေးကဲ့သို့သော အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းများရှိ အလုပ်သမားများသည် ၎င်းတို့၏ ကျန်းမာရေးကိုထိခိုက်စေသည့် အထက်ဖော်ပြပါ လုပ်ငန်းခွင်ဘေးအန္တရာယ်အမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံနေရဖွယ် ရှိနေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်များနှင့်အကြီးများရှိ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင် သတ်မှတ်ပြင်ဆင်သည့်အဆင့်နှင့် အဆောက်အအုံအတွင်းပိုင်း ဆောက်လုပ်သည့်အဆင့်များတွင် အမှုန်အမွှားများရှူသွင်းနေရသည့် အခြေအနေများကိုလည်း လေ့လာတွေ့ရှိခဲ့ပါသည်။ လေဆိုးထုတ်ပန်ကာများစီစဉ်ထားရှိပေးသည့်တိုင် အမှုန်အမွှားများဝေ့ဝဲနေသည့်အတွက် နှာခေါင်းစည်းတပ်ဆင်ထားခြင်းမရှိသည့် အဆောက်အအုံအတွင်းပိုင်း ဆောက်လုပ်ရေးလုပ်ငန်းစဉ်အတွင်းရှိ အလုပ်သမားများ မလွဲမရှောင်သာ ရှူရှိုက်မိကြပါသည်။

အဆိုပါ လုပ်ငန်းခွင်များတွင် ကျန်းမာရေးထိခိုက်နိုင်ချေများ မြင့်မားနိုင်သည့်အပြင် ကျောက်မှုန်ကျောက်မွှားများ ထွက်ရှိသည့် လုပ်ငန်း၊ လုပ်ကွက်များကိုလည်း သတိပြုတွေ့မြင်ခဲ့ရသည့်အလျောက် အဆိုပါ ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များတွင် ကျောက်မှုန်ကျောက်မွှားများ (ဆီလီကာ) (Silica) ရှူသွင်းမိသည့် အန္တရာယ်များလည်း ပါဝင်သည့်အတွက် လုပ်ငန်းခွင် ပတ်ဝန်းကျင်ဆိုင်ရာနှင့် ဘေးအန္တရာယ်ရှိသည့်အရာများနှင့် ထိတွေ့သည့်အတိုင်းအတာဆိုင်ရာ တိကျသေချာသည့် လေ့လာစောင့်ကြည့်အကဲဖြတ်သုံးသပ်မှုများ စနစ်တကျပြုလုပ်ရန် လိုအပ်နေပါသေးသည်။ အဆိုပါ ဘေးအန္တရာယ်များသည် အလုံပိတ်ထားသောနေရာများ (Confined Space) တွင် အမှုန်အမွှား ထွက်ရှိသည့် လုပ်ငန်းများ လုပ်ကိုင်နေရသော အလုပ်သမားများအတွက် အထူးစိုးရိမ်ဖွယ် အခြေအနေတွင် ရှိနေပါသည်။ အမှုန်အမွှားထိန်းချုပ်သည့် အစီအမံများ တွေ့ရှိခဲ့ရသော်လည်း လေထုအတွင်း အမှုန်အမွှားများ ရှိနေဆဲဖြစ်သောကြောင့် လေဆိုးထုတ်စနစ်များ လုံလောက်ပြည့်စုံခြင်း မရှိသည်ကို သိမြင်နိုင်ပါသည်။

▶ ကောက်နုတ်ချက်-(၄) ဆောက်လုပ်ရေးအလုပ်သမားများအပေါ် သက်ရောက်နိုင်ချေရှိသည့် အဆုတ်ကြွက်သားတစ်ရှူးများ တင်းမာသည့်ရောဂါ (silicosis)

အဆုတ်ကြွက်သားတစ်ရှူးများ တင်းမာသည့်ရောဂါ (silicosis) သည် ထုံးကျောက်အမှုန်အမွှားများ ရှူသွင်းရာမှ တစ်ဆင့် အဆုတ်ကို ရောင်ရမ်းစေပြီး ဒဏ်ရာဒဏ်ချက်များ ဖြစ်ပေါ်လာစေ၍ ချောင်းဆိုးအသက်ရှူကျပ်မှုများအထိ ဦးတည်လာစေကာ ကုသ၍မရနိုင်သည့်အပြင် နဂိုမူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန် မဖြစ်နိုင်တော့သည့် ရောဂါတစ်မျိုး ဖြစ်ပါသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ အဆိုပါရောဂါသည် အသက်အန္တရာယ်ဖြစ်နိုင်သည့်အဆင့်အထိ ရောက်ရှိလာကာ နောက်ဆုံးတွင် အသက်ဆုံးရှုံးနိုင်ပါသည်။ ဘိလပ်မြေအမှုန်အမွှားများ၊ ထုံးကျောက်အမှုန်အမွှားများ (ဆီလီကာ) (Silica) နှင့် ထိတွေ့ပြီးနောက်များမကြာမီ (သို့) နှစ်အတန်ကြာပြီးနောက်တွင် ရောဂါလက္ခဏာများ ပေါ်ပေါက်လာနိုင်ပါသည်။ ရောဂါလက္ခဏာ ပြင်းထန်နိုင်မှုတို့သည် ထုံးကျောက်အမှုန်အမွှား အမျိုးအစားပမာဏ၊ ထိတွေ့မှု အချိန်အတိုင်းအတာ အပေါ်တွင်မူတည်နေပါသည်။

ကွန်ကရစ်နှင့် ပန်းရံလုပ်ငန်းသုံးပစ္စည်းများတွင် ထုံးကျောက် အမှုန်အမွှား(ဆီလီကာ) များပါဝင်ပါသည်။ အဆိုပါပစ္စည်းများသည် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကပါဝင်သည့်ပစ္စည်းများ ဖြစ်ခြင်းကြောင့် ဆောက်လုပ်ရေးအလုပ်သမားများအနေဖြင့် အသက်ရှူလမ်းကြောင်းအတွင်း အလွယ်တကူဝင်ရောက်နိုင်သည့် ဆီလီကာ အမှုန်အမွှားများနှင့် ထိတွေ့နိုင်ချေ အထူးမြင့်မားပါသည်။ ဆီလီကာအမှုန်အမွှားများကို ကြုံတင်ကာကွယ်ရေးအစီအမံများသည် အောက်ပါအခြေအနေများကြောင့် ထိရောက်မှုအားနည်းနိုင်ပါသည်။

- ဆီလီကာအမှုန်အမွှားများနှင့် ထိတွေ့နိုင်သည့် အရင်းမြစ်များ၊ အကြောင်းရင်းများနှင့် အဆုတ်ကြွက်သားတစ်ရှူးများ တင်းမာသည့်ရောဂါ (silicosis) ရောဂါ သဘာဝများနှင့် စပ်လျဉ်း၍ အသိအမြင်ဗဟုသုတ ကင်းမဲ့ခြင်း
- (သဲမှုတ်စက်ဖြင့်) သဲကော်ပတ်စားသည့် ပစ္စည်းများတွင်ပါဝင်သည့် ဆီလီကာနေရာတွင် အဆိပ်အတောက်ဖြစ်မှု ပိုမိုနည်းပါးသည့် အခြားဖြေနှောများဖြင့် အစားထိုးနိုင်မှုမရှိခြင်း
- အင်ဂျင်နီယာပိုင်းဆိုင်ရာ ထိန်းချုပ်မှုများနှင့် လုပ်ငန်းအလေ့အထများ သင့်လျော်လုံလောက်မှု မရှိခြင်း
- အလုပ်သမားများအတွက် အသက်ရှူလမ်းကြောင်း အကာအကွယ်ပြု အစီအမံများ သင့်လျော်လုံလောက်မှု မရှိခြင်း
- အလုပ်သမားများ ဆီလီကာအမှုန်များနှင့် ထိတွေ့မှုကို စုံစမ်းစစ်ဆေးမှုများ၊ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများကို သင့်လျော်လုံလောက်စွာ တာဝန်ယူဆောင်ရွက်မှုမရှိခြင်း

အရင်းအမြစ် : NIOSH "ဆောက်လုပ်ရေးအလုပ်သမားများတွင် အဆုတ်ကြွက်သား တစ်ရှူးများ တင်းမာသည့်ရောဂါနှင့် သေဆုံးခြင်းကို ကာကွယ်ခြင်း".
www.cdc.gov/niosh/docs/96-112/

ဆောက်လုပ်ရေးလုပ်ငန်းခွင်အလတ်များတွင်ဓာတုပစ္စည်းများနှင့်ဘေးအန္တရာယ်ရှိသောပစ္စည်းများ(ဥပမာ-ဘင်တိုနိုက်၊မက်သနော၊ ဒီဇယ် စသည်) ကို စနစ်ကျသင့်လျော်စွာ တံဆိပ်ကပ် သိမ်းဆည်းသိုလှောင်ထားခြင်းမရှိသည့်အတွက် သိုလှောင်ထားသည့် ပစ္စည်းများကို အမြင်အားဖြင့် ခွဲခြားရွေးထုတ်၍ အဆိုပါပစ္စည်းများ၏ အဆိပ်အတောက်ဖြစ်နိုင်စွမ်းကို နားလည်သဘောပေါက်နိုင်စွမ်းမရှိသည့် အလုပ်သမားများအပေါ် အန္တရာယ်သက်ရောက်နိုင်ချေရှိသည်ကို အဖွဲ့မှ လေ့လာတွေ့ရှိခဲ့ပါသည်။ အလုပ်သမားများအနေဖြင့် အဆိုပါပစ္စည်းများ ထည့်သွင်းထားသည့် ဗူးအဖုံးကိုဖွင့်၍ အနံ့ခံ ဖော်ထုတ်သည့်နည်းလမ်းကို ရွေးချယ်နိုင်သည့်အတွက် အဆိပ်အတောက်ရှိသောအရာများ အသက်ရှူလမ်းကြောင်းအတွင်းသို့ ရှူသွင်းမှုများထံ ဦးတည်စေပါလိမ့်မည်။

၄.၅ ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများ (Vulnerability profiles)

ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ခြင်းဖြင့် ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများကို ဦးစားပေးသတ်မှတ်ရေး လုပ်ငန်းစဉ်နှင့် အဆိုပါပုံစံများကို အလုပ်သမားများ ၏လိုအပ်ချက်နှင့်အညီ အံဝင်ခွင်ကျဖြစ်စေရေန်အတွက် စီစဉ်ဆောင်ရွက်ရေးလုပ်ငန်းစဉ်တို့ကို ပံ့ပိုးကူညီနိုင်ပါလိမ့်မည်။ ထိခိုက်ပျက်စီးလွယ်မှုအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ခြင်းကို လုပ်ငန်းခွင်ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်သက်ရောက်နိုင်ချေများနှင့် ထိတွေ့နေရသည့်အပြင် အဆိုပါထိတွေ့မှု အကျိုးဆက်များကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်မည့် စွမ်းရည်မရှိခြင်းကြောင့် ထိခိုက်ပျက်စီးလွယ်သည့်အခြေအနေများထံသို့ ဦးတည်သွားသည့် အလုပ်သမားအစုအဖွဲ့များ၏ သီးခြားဝိသေသလက္ခဏာများကို ဖော်ထုတ်တင်ပြသည့် လုပ်ငန်းစဉ်ဟု သတ်မှတ်ဖွင့်ဆိုထားပါသည်။[၁၃၉] အဆိုပါအလုပ်သမားအစုအဖွဲ့များ၏ ထိခိုက်ပျက်စီးလွယ်သည့်အနေအထားသည် လုပ်ငန်းကဏ္ဍနှင့် အမျိုးအစား၊ လုပ်ငန်းစဉ်အမျိုးအစား၊ လုပ်ငန်းအခြေအနေ အဆင့်အတန်း၊ ဝန်ဆောင်မှုအစီအမံများနှင့် စနစ်များ (ဥပမာ– လုပ်ငန်းခွင်စစ်ဆေးရေး၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် လူမှုဖူလုံရေးစနစ်များ) ထံ ချဉ်းကပ်ရယူနိုင်မှု အခြေအနေများကြောင့် ပိုမိုဆိုးရွားသွားနိုင်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းစဉ်များတွင် လုပ်ငန်းအဆင့်၊ အမျိုးအစား၊ အရွယ်အစားတို့နှင့်အတူ အလုပ်သမားများ (မြေပေါ်နှင့် မြေအောက်လုပ်ငန်းများတွင်) အသုံးပြုသည့် ဆောက်လုပ်ရေးပစ္စည်းများ၊ ကိရိယာစက်ပစ္စည်းများအစရှိသည့် အချက်အလက်၊ အကြောင်းအရာမျိုးစုံအပေါ်မူတည်၍လုပ်ငန်းလုပ်ကွက်/တာဝန်အများအပြားပါဝင်ပါသည်။အဆိုပါလုပ်ငန်းလုပ်ကွက်/တာဝန်များသည်လည်း လုပ်ငန်းခွင်ပတ်ဝန်းကျင်၊ ရာသီဥတု၊ ဆောက်လုပ်ရေးစီမံကိန်း ဆောင်ရွက်ရာ တည်နေရာအနေအထားများအပေါ်တွင် တည်မှီနေပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကျရောက်နိုင်ချေ အဆင့်များကို သတ်မှတ်ဆုံးဖြတ်ရာတွင် လုပ်ငန်းခွင်အတွင်းရှိ အလုပ်သမားများ၏ တည်နေရာသည် အရေးပါသည့်အချက်တစ်ရပ်အဖြစ် ပါဝင်နေပါသည်။ ဥပမာ – နွေရာသီကာလ ရေတစ်ဝက်ခန်းခြောက်နေသည့် မြစ်တစ်စင်းကို ကျော်ဖြတ်လျက် (၂၀) မီတာအလျားရှိ တံတားဆောက်လုပ်ရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နေသည့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကြုံတွေ့နိုင်ချေ အတိုင်းအတာနှင့် မုတ်သုန်ရာသီကာလ မြစ်ကြီးတစ်စင်းကို ဖြတ်သန်းလျက် (၃၀၀) မီတာအလျားရှိ ကြိုးတံတားဆောက်လုပ်ရေးစီမံကိန်းတွင် လုပ်ကိုင်နေသည့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ် တွေ့ကြုံနိုင်ချေ အတိုင်းအတာတို့သည် လွန်စွာကွဲပြားခြားနားမည် ဖြစ်ပါသည်။

အဆောက်အအုံဆောက်လုပ်ရေးနှင့် အခြေခံအဆောက်အအုံဆောက်လုပ်ရေး စီမံကိန်းအမျိုးအစား အားလုံးတွင် ပါဝင်သည့် လုပ်ငန်းစဉ်အဆင့်တစ်ခုချင်းစီရှိအလုပ်သမားများလုပ်ကိုင်ဆောင်ရွက်ရသည့်လုပ်ငန်းလုပ်ကွက်/တာဝန်အပြည့်အစုံကိုဤလေ့လာသုံးသပ်မှုအစီရင်ခံစာတွင်စာရင်း သတ်မှတ်ပြုစုရန် ခဲယဉ်းလှသော်လည်း အဓိကလုပ်ငန်း လုပ်ကွက်/တာဝန်များကို ထည့်သွင်းသတ်မှတ်ထားသည့် ဆောက်လုပ်ရေးလုပ်ငန်းစဉ်အဆင့် (၅) ဆင့်တွင် အဆင့်တစ်ခုချင်းစီ၌ ပါဝင်ဆောင်ရွက်နေကြသည့် အလုပ်သမားများအပေါ် သက်ရောက်နိုင်သည့် အဓိကအန္တရာယ် ဖြစ်နိုင်ချေ၊ ဖြစ်တန်စွမ်း၊ သက်ရောက်နိုင်ချေ ပြင်းထန်မှုနှင့် အတိုင်းအတာတို့ကိုမူ ဖော်ထုတ်သတ်မှတ်နိုင်ပါလိမ့်မည်။

လုပ်ငန်းခွင်လေ့လာတွေ့ရှိမှုများ၊ သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်မေးမြန်းမှုများကို အခြေပြု၍ လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ၊ ဖြစ်တန်စွမ်း၊ ပြင်းထန်မှုတို့ကို ယေဘုယျခန့်မှန်းတွက်ချက်ထားသည့် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကွက်တာဝန်များအလိုက် ဘေးအန္တရာယ်ဖြစ်နိုင်ချေအတိုင်းအတာများကို ဇယားအမှတ် (၁၄) တွင် ဖော်ပြထားပါသည်။ ကောင်းစွာလေ့ကျင့်သင်ကြားထားသည့် စစ်ဆေးအကဲဖြတ်သူက လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေများကို စီမံကိန်းအမျိုးအစား၊ တည်နေရာ၊ အချိန်ကာလအလိုက် သက်ဆိုင်ရာ သီးသန့်သတ်မှတ်ချက်များဖြင့် ပုံမှန်စစ်ဆေးရန် လိုအပ်ပါသည်။ သို့ရာတွင် လုပ်ငန်းခွင် စောင့်ကြည့်လေ့လာမှုများအတွင်း တွေ့ရှိခဲ့ရသည့် ဘေးအန္တရာယ်ပိုမိုသက်ရောက်နိုင်ချေရှိသည့် လုပ်ငန်းလုပ်ကွက်များကိုသာ အခြေပြုဖော်ပြထားခြင်း ဖြစ်သည့်အတွက် စီမံကိန်းဖော်ဆောင်သူများမှ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေများအကဲဖြတ်ဆန်းစစ်ရာနှင့် စီမံထိန်းချုပ်မှု မဟာဗျူဟာများ ဖော်ထုတ်သတ်မှတ်ရာတွင် အံဝင်ခွင်ကျဖြစ်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများဖြင့် အသိမြွင့်တင် ပံ့ပိုးကူညီနိုင်ပါက ပိုမိုထိရောက်အကျိုးရှိပါလိမ့်မည်။

---

[၁၃၉] ILO (၂၀၁၈) "ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက် အဖြစ်ခိုတ်ဆက်လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် မြန်မာနိုင်ငံ ချင်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍ (OSH) စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တွန်းအားများနှင့် အကန့်အသတ်များ"

ဇယား (၁၄) လေ့လာကြည့်ရှုခဲ့သည့် လုပ်ငန်းခွင်များအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် သက်ရောက်နိုင်ချေရှိသည့်အဆင့်များကို ခန့်မှန်းတွက်ချက်ခြင်း

လုပ်ငန်းစဉ် အဆင့်	လုပ်ငန်း လုပ်ကွက်/တာဝန်	ပေါ်ထွက်လာဖွယ်ရှိသော ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးရလာဒ်များ	အန္တရာယ် ဖြစ်တန်စွမ်း	ထိခိုက်မှု ပြင်းထန်မှု	အန္တရာယ်ဖြစ် နိုင်ချေအဆင့်
လုပ်ငန်းခွင် ပြုပြင်သည့် လုပ်ငန်း	Earthwork	ရွှေ့လျားနေသောယာဉ်များ၊ စက်ပစ္စည်းများ ကြောင့် အလုပ်သမားများ ထိခိုက်၊ နင်းချေခံခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
		ပေါက်ကွဲစေတတ်သောပစ္စည်းများကြောင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း၊ မြေပိခံရခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	မြေတူး လုပ်ငန်း	မြေကျင်းနံရံပြိုကျခြင်းကြောင့် အလုပ်သမားများ မြေပိခံရခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
		အလုပ်သမားများ မြေအောက်ဆားဗစ်စနစ်များ နှင့် ထိတွေ့မိ၍ ထိခိုက်ဒဏ်ရာ ရရှိခြင်း	ဖြစ်ဖွယ်	ပြင်းထန်/ များပြား	မြင့်
		အလုပ်သမားများ အမြင့်နေရာမှ မြေကျင်း အတွင်းသို့ လိမ့်ကျခြင်းကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်း	ဖြစ်ဖွယ်	အတော် အသင့်/ များပြား	အလယ် အလတ်
	မြေသားပြန်လည် ဖြည့်တင်းသည့် လုပ်ငန်း	ရွှေ့လျားနေသောယာဉ်များ ၊ စက်ပစ္စည်းများ ကြောင့် အလုပ်သမားများ ထိခိုက်နင်းချေခံခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	အုတ်စီ လုပ်ငန်း	အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
	ဥယျာဉ်ခြံမြေ ပြင်ဆင်သည့် လုပ်ငန်း	ရွှေ့လျားနေသောယာဉ်များ၊ စက်ပစ္စည်းများ ကြောင့် အလုပ်သမားများ ထိခိုက်နင်းချေခံရခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	ရေလိုင်း၊မီးလိုင်း တပ်ဆင်သည့် လုပ်ငန်း	လျှပ်စစ်ဓာတ်လိုက်ခြင်းကြောင့်ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဓာတ်လိုက်သေဆုံးခြင်း	ဖြစ်ဖွယ်	ပြင်းထန်	အလယ် အလတ်
	တမံတုတ် လုပ်ငန်း	အလုပ်သမားများ အမြင့်နေရာမှ လိမ့်ကျခြင်း ကြောင့် ထိခိုက် ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
အုတ်မြစ် လုပ်ငန်း	Pilling	စက်ယန္တရားကြီးများကြောင့် အလုပ်သမားများ ထိခိုက်နင်းချေခံရခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	ကွန်ကရစ် လုပ်ငန်း	အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	မြင့်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်

အထက်ပိုင်း အဆောက် အအုံ	ခင်းပြား၊ တိုင်နှင့် ယက်မလုပ်ငန်း	အဆုတ်ရောဂါများ	ဖြစ်ဖွယ်	အတော် အသင့်	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အလုပ်သမားများ အမြင့်နေရာမှ လိမ့်ကျခြင်း ကြောင့် ထိခိုက် ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
		အမြင့်နေရာမှအရာဝတ္ထုများပြုတ်ကျခြင်း ကြောင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
	ယာယီထောက်မ လုပ်ငန်း	ကွန်ကရစ်တုံးများပြိုကျမှုကြောင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်ခဲ	ပြင်းထန်	အလယ် အလတ်
	ခေါင်မိုး ခင်းပြားလုပ်ငန်း	အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အလုပ်သမားများ အမြင့်နေရာမှ လိမ့်ကျခြင်း ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	ရေဆေး လုပ်ငန်း	အသက်ရှူအင်္ဂါစနစ် ထိခိုက်ပျက်စီးခြင်း	ဖြစ်ခဲ	အသေးအမွှား	နိမ့်
မျက်နှာစာ	အင်္ဂတေလုပ်ငန်း	အလုပ်သမားများ အမြင့်နေရာမှ လိမ့်ကျခြင်း ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	ပြင်းထန်	မြင့်
		အမြင့်နေရာမှအရာဝတ္ထုများပြုတ်ကျခြင်း ကြောင့် အလုပ်သမားများ ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
	ဆေး သုတ် လုပ်ငန်း	အသက်ရှူအင်္ဂါစနစ် ထိခိုက်ပျက်စီးခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		မျက်စိရောဂါများနှင့် အမြင်အာရုံဆိုင်ရာ ပြဿနာ	ဖြစ်ဖွယ်	အတော် အသင့်	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်ဖွယ်	အသေးအမွှား	နိမ့်
		အဆိပ်သင့်ခြင်း (ခဲဆိပ်မဟုတ်)	ဖြစ်ခဲ	အတော် အသင့်	အလယ် အလတ်
		ခဲဆိပ်သင့်ခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်

အတွင်းပိုင်း လုပ်ငန်း	မီးလိုင်းလုပ်ငန်း	လျှပ်စစ်ဓာတ်လိုက်ခြင်းကြောင့်ထိခိုက်ဒဏ်ရာရရှိခြင်း/ဓာတ်လိုက်သေဆုံးခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်
	သရွတ် လုပ်ငန်း	ငြမ်းစင်ပြိုကျခြင်း/အမြင့်နေရာမှ လိမ့်ကျခြင်းကြောင့် ဒဏ်ရာရရှိခြင်း	ဖြစ်ဖွယ်	ပြင်းထန်/ များပြား	မြင့်
		ခြေချော်မှုနှင့် ထိခိုက်လဲပြိုမှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အဆုတ်ရောဂါများ	ဖြစ်ဖွယ်	များပြား	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		လက်ကိုင်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးပြုခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အင်္ဂတေခြောက် အမှုန်များ ရှူသွင်းမိခြင်းကြောင့် ရောဂါများ ထပ်မံရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အန္တရာယ်ဖြစ်စေသော ပစ္စည်းများနှင့် ထိတွေ့မိခြင်းကြောင့် မျက်စိရောဂါများ ရရှိခြင်း	ဖြစ်ဖွယ်	အတော် အသင့်/ များပြား	အလယ် အလတ်
	ရေပိုက်လုပ်ငန်း	တိုက်ရိုက်ဂဟေမီးတောက်၊ ကြေးဂဟေနှင့် ဂဟေဆော်ပြီးစပိုက်များနှင့် ထိတွေ့လောင်ကျွမ်းမှုများ	ဖြစ်ဖွယ်	ဒဏ်ရာရနိုင်/ အသက် သေဆုံးနိုင်	အလယ် အလတ်
		အပျက်အစီး အစအနများ၊ ဆောက်လုပ်ရေးပစ္စည်းများ မီးရှို့ခြင်းကြောင့် လောင်ကျွမ်းဒဏ်ရာရရှိခြင်း	ဖြစ်ခဲ	များပြား	အလယ် အလတ်
		ခဲဂဟေနှင့် ကြေးဂဟေ အမှုန်အမွှား၊ အခိုးအငွေ့များကြောင့် အသက်ရှူအင်္ဂါစနစ် ရောဂါများ ထပ်မံရရှိခြင်း	ဖြစ်ဖွယ်	အတော် အသင့်/ များပြား	အလယ် အလတ်
		သန့်ရှင်းသပ်ရပ်မှုကင်းမဲ့သော လုပ်ငန်းခွင်၊ ပိုက်များနှင့် ကေဘယ်ကြိုးများကြောင့် ခလုတ်တိုက်လဲပြုခြေချော် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		ပိုက်ဖြတ်တောက်ရာ (သို့) အကာအရံမရှိသည့် စက်ကိရိယာများ/ဘလိတ်ပြားများ (သို့) ချွန်ထက်နေသော ကိရိယာများကြောင့် ထိခိုက်ပြတ်ရှခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		ကောင်းစွာ ပြုပြင်ထိန်းသိမ်းထားခြင်းမရှိသည့် လျှပ်စစ်အားသုံးကိရိယာများ၊ ချို့ယွင်းပျက်စီးနေသော လျှပ်စစ်ကြိုးများကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်

အတွင်းပိုင်း လုပ်ငန်း	ဆေးသုတ် လုပ်ငန်း	အလုပ်သမားများ အမြင့်နေရာမှ လိမ့်ကျခြင်း ကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	အသက် သေဆုံးနိုင်	မြင့်
		လက်ကိုင်ပစ္စည်းကိရိယာများ ကိုင်တွယ် အသုံးပြုခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		ခြေချော်မှုနှင့် ထိခိုက်လဲပြိုမှုများကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		အသက်ရှူအင်္ဂါစနစ် ထိခိုက်ပျက်စီးခြင်း	ဖြစ်လွယ်	အတော် အသင့်	အလယ် အလတ်
		မျက်စိရောဂါများနှင့် အမြင်အာရုံဆိုင်ရာ ပြဿနာများ	ဖြစ်ဖွယ်	အတော် အသင့်	အလယ် အလတ်
		အရေပြားရောဂါများ	ဖြစ်ဖွယ်	အနည်းငယ်	နိမ့်
		အဆိပ်သင့်ခြင်း (ခဲဆိပ်မဟုတ်)	ဖြစ်ခဲ	အတော် အသင့်	အလယ် အလတ်
		ခဲဆိပ်သင့်ခြင်း	ဖြစ်ဖွယ်	ပြင်းထန်	မြင့်

ခြွင်းချက် အနည်းအကျဉ်းမှအပ (ဥပမာ- အရေပြားရောဂါများ) အကဲဖြတ်လေ့လာခဲ့သည့် လုပ်ငန်းလုပ်ကွက်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေအများစုသည် အလယ်အလတ်နှင့် မြင့်မားသည့်အဆင့်တွင်ရှိနေသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍသည် လုပ်ငန်းခွင်ဘေးအန္တရာယ်မြင့်မားသည့် လုပ်ငန်းကဏ္ဍတစ်ရပ်ဖြစ်သည်ဟူသည့်အချက်ကို ထင်ရှားစေသည့်အပြင် လုပ်ငန်းခွင်တစ်ခုချင်းစီအတွက် အံဝင်ခွင်ကျ ဖြစ်စေမည့် ပါဝင်ဆောင်ရွက်မှုပုံစံအမျိုးမျိုး ဖော်ထုတ်သတ်မှတ်ရန် လိုအပ်သည်ဟူသည့် အချက်ကိုလည်း မီးမောင်းထိုးပြနေပါသည်။ လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် ဘေးအန္တရာယ်ဖြစ်နိုင်ချေများနှင့်စပ်လျဉ်း၍ အသိအမြင် မြှင့်တင်ပေးနိုင်မည့် ပါဝင်ဆောင်ရွက်မှုများလိုအပ်သည်ဆိုသော်လည်း အဆိုပါကြားဝင်ဆောင်ရွက်မှု နည်းလမ်းပုံစံများသည် လုပ်ငန်းလုပ်ကွက်တစ်ခုချင်း (ဥပမာ-အမြင့်နေရာများတွင် အလုပ်လုပ်ခြင်း) နှင့်သက်ဆိုင်သည့် အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ၊ စီမံအုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် PPE ဆိုင်ရာ ဘေးအန္တရာယ်ထိန်းချုပ်မှု အစီအမံများကို နေရာတကျ ခိုင်မာအားကောင်းစေရန် ရည်ရွယ်ဦးတည်သည့် နည်းလမ်းပုံစံများဖြစ်ရန် အထူးလိုအပ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးများတွင် လုပ်ငန်းလုပ်ကွက်၊ လုပ်ငန်းစဉ်အဆင့် အမျိုးမျိုးရှိ အလုပ်သမားအစုအဖွဲ့အသီးသီးအတွက် သီးသန့် အံဝင်ခွင်ကျဖြစ်စေမည့် ပါဝင်ဆောင်ရွက်မှုနည်းလမ်းပုံစံများ ဖော်ထုတ်သတ်မှတ်နိုင်မည်ဖြစ်သော်လည်း အလုပ်သမားများက လုပ်ငန်းစဉ်အဆင့်အားလုံးတွင် ဝင်ရောက်လုပ်ကိုင်ရလေ့ရှိသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင် အလတ်နှင့် အငယ်များအတွက် ပါဝင်ဆောင်ရွက်မှုနည်းလမ်းပုံစံများ ဖော်ထုတ်ရာတွင် လုပ်ငန်းလုပ်ကွက်အခြေပြု သတ်မှတ်ခြင်းထက် လုပ်ငန်းခွင်အခြေပြု သတ်မှတ်ရန် ပို၍လိုအပ်ပါလိမ့်မည်။

ဆောက်လုပ်ရေးလုပ်ငန်းစဉ်များနှင့် သက်ဆိုင်သည့် ဘေးအန္တရာယ်ဖြစ်နိုင်ချေများအပြင် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍအတွင်းရှိ အလုပ်သမားများအနေဖြင့် OSH ဆိုင်ရာ ဝန်ဆောင်မှုများ၊ စည်းမျဉ်းစည်းကမ်း၊ နည်းဥပဒေစည်းကြပ်ဆောင်ရွက်မှု မူဘောင်များနှင့် နီးစပ်ထိတွေ့နိုင်ခွင့် နည်းပါးနေပါသေးသည်။ FGLLID အနေဖြင့် ဆောက်လုပ်ရေးကဏ္ဍတွင် စစ်ဆေးစည်းကြပ်ရန် အခွင့်အာဏာမရှိသေးသည့် အနေအထားများကြောင့် (OSH ဥပဒေကို ထုတ်ပြန်ခြင်း မပြုရသေးပါ) ဆောက်လုပ်ရေးလုပ်ငန်းများကို စောင့်ကြည့်စစ်ဆေးမှုများ အားနည်းနေပါသေးသည်။ သို့ရာတွင် FGLLID အနေဖြင့် OSH ဆိုင်ရာ အကြံပေးဝန်ဆောင်နိုင်မှု အတိုင်းအတာသည် အကန့်အသတ်ဖြင့်သာရှိနေသေးသည့်တိုင် အလုပ်သမားရေးရာ စစ်ဆေးကြီးကြပ်မှုစနစ်မူဘောင် ပြင်ပတွင်ရှိနေရခြင်းက OSH စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရန်နှင့် အားပေးမြှင့်တင်ရန် အလုပ်ရှင်များ၏ စိတ်ပါဝင်စားမှုကို လျော့နည်းစေပါသည်။ OSH ဥပဒေ ထုတ်ပြန်ပြီးသည့်တိုင် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ၊ ဥပဒေ စစ်ဆေး စည်းကြပ်ရေးစနစ်များ လုံလောက်စွာ အားကောင်းအသက်ဝင် ပြောင်းလဲလာစေရန် (ဥပမာ - ထုတ်လုပ်ရေးကဏ္ဍအထူးသဖြင့်ကုန်ပစ္စည်းအမှတ်တံဆိပ်ပိုင်ရှင်ကုမ္ပဏီ (Brands)များကဝင်းတို့ထံပစ္စည်းတင်သွင်းရောင်းချသူများအား ၎င်းတို့၏ ကိုယ်ပိုင် OSH စီမံခန့်ခွဲမှုစနစ်များ လိုက်နာကျင့်သုံးပေးရန် တောင်းဆိုလေ့ရှိသည့် အထည်ချုပ်လုပ်ငန်းကဲ့သို့ လုပ်ငန်းကဏ္ဍများတွင် အဆိုပါ အလေ့အထလုပ်ငန်းစဉ်များ အသားကျခိုင်မာစေရန် လုပ်ဆောင်ခဲ့ရသကဲ့သို့) အချိန်ယူဆောင်ရွက်ရပါလိမ့်မည်။

လုပ်ငန်းဆိုင်ရာ ဆက်စပ်ပတ်သက်မှုအမျိုးအစားကလည်း မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍအတွင်းရှိ အလုပ်သမားများ၏ ထိခိုက်ပျက်စီးလွယ်မှု အဓိကအကြောင်းရင်းများတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ အစဉ်အလာအရ မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍတွင် သမားရိုးကျမဟုတ်သည့် အလုပ်သမားများ အများစုအဖြစ် ပါဝင်နေခြင်းကလည်း ၎င်းတို့၏ ထိခိုက်ပျက်စီးလွယ်မှုအပေါ် ထပ်လောင်းအားဖြည့်ပေးနေသည်။ အဆိုပါ သမားရိုးကျမဟုတ်သည့် အလုပ်သမားများအနေဖြင့် “လူမှုဖူလုံရေးအဖွဲ့” အစီအစဉ်များအောက်တွင် အကျုံးဝင်သက်ဆိုင်ခွင့်မရှိခြင်းကြောင့် ကြုံတင်ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများ၊ အလုပ်တွင်ထိခိုက်မှု အာမခံ (EII) ရယူခံစားပိုင်ခွင့်မရှိခြင်း စသည့် အနေအထားများက ၎င်းတို့၏ထိခိုက်ပျက်စီးလွယ်မှုကို ပေါ်ပေါက်ဖြစ်တည်လာစေပါသည်။ မတော်တဆဖြစ်ရပ်များနှင့် ထိခိုက်ဒဏ်ရာရရှိမှုများတွင် ၎င်းသမားရိုးကျမဟုတ်သည့် အလုပ်သမားများအတွက် ဥပဒေကြောင်းရာမူဘောင်၊ လမ်းညွှန်ချက်များအရ ၎င်းတို့၏ထိခိုက်နစ်နာမှု လျော်ကြေးခံစားပိုင်ခွင့်များ တောင်းဆိုဆောင်ရွက်ရာတွင် “အလုပ်သမားလျော်ကြေးအက်ဥပဒေ” (၁၉၂၃) ပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း သာတောင်းဆိုပိုင်ခွင့်ရှိသည့် အနေအထားများက အဆိုပါအလုပ်သမားများနှင့် ၎င်းတို့၏မိသားစုဝင်များ ကာလရှည်ကျန်းမာရေးထိခိုက်ခြင်း၊ ဝင်ငွေ ဆုံးရှုံးခြင်းစသည့် ဆိုးကျိုးသက်ရောက်မှုများထံ တွန်းပို့ပေးနေပါသည်။ လုပ်ငန်းဆိုင်ရာ ပတ်သက်ဆက်စပ်ရသည့်ကာလ တိုတောင်းခြင်းနှင့် လုပ်ငန်းသဘောတူ စာချုပ်စာတမ်းအထောက်အထားကင်းမဲ့ခြင်းကလည်း အလုပ်သမားများ မတော်တဆဖြစ်မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (သို့) နာမကျန်းဖြစ်မှုတို့အပေါ် အလုပ်ရှင်များ၏ ပံ့ပိုးကူညီရန် တာဝန်ရှိမှုကို လျော့ကျစေသည့်အပြင် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အလုပ်သမားများအနေဖြင့် “လူမှုဖူလုံရေးအဖွဲ့” အစီအစဉ်များအောက်တွင် အကျုံးဝင်သက်ဆိုင်ခွင့်မရှိခြင်းကလည်း ၎င်းတို့၏ ထိရှလွယ်မှုကို ထပ်လောင်း မြင့်တက်စေပါသည်။

တင်းကြပ်လှသည့်အလုပ်ချိန်အတွင်း လုပ်ငန်းအပြီးသတ်အပ်နှံချိန်နှင့်အမှီ လုပ်ကိုင်ကြရသည့် များပြားလှသောလုပ်ငန်းတာဝန်နှင့် ရှည်ကြာလှသော အလုပ်ချိန်နာရီများကြောင့်ပေါ်ပေါက်လာသည့် စိတ်ဖိစီးမှုများသည် ဆောက်လုပ်ရေးလုပ်ငန်းပိုင်ရှင်များ၊ အလုပ်သမားများက စီမံထိန်းချုပ်ရေး အစီအစဉ်များအသုံးပြု၍ အစပြုထိန်းချုပ် လျှော့ချရန် အားထုတ်နေကြသည့် လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ၊လုပ်ငန်းခွင်ဘေးအန္တရာယ်များနှင့် နှိုင်းယှဉ်ပါက ထင်သာမြင်သာဖြစ်မှုနှင့် အလေးထားစောင့်ကြည့် အသိအမှတ်ပြုခံရမှုအားနည်းနေပါသေးသည်။ဤသို့အားနည်းနေရခြင်းမှာ လုပ်ငန်းခွင်စိတ်ဖိစီးမှု၏ထင်သာမြင်သာရှိမှုနည်းပါးခြင်း (သို့) အချို့သောဖြစ်ရပ်များတွင် ၎င်းလုပ်ငန်းခွင် စိတ်ဖိစီးမှုများက ဆက်စပ်သယ်ဆောင်လာနိုင်သည့် လုပ်ငန်းခွင် ဘေးအန္တရာယ်များ၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေများနှင့်စပ်လျဉ်း၍ အသိအမြင်ဗဟုသုတ နည်းပါးခြင်းကြောင့် ဖြစ်နိုင်ဖွယ်ရှိပါသည်။[၁၄၀]

[၁၄၀] ILO (၂၀၁၇) “ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း”၊ အလုပ်သမားရေးရာ စစ်ဆေးမှုးများအတွက် လမ်းညွှန်ချက်၊ ဂျီနီဗာ

▶ ၅။ ဆောက်လုပ်ရေးကဏ္ဍ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး တိုးတက်လာစေရန်အတွက် ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှု ကနဦးအစီအစဉ်များ

ယခင်အခန်းများတွင် အထောက်အထားများဖြင့် တင်ပြခဲ့ပြီးဖြစ်သည့် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ OSH စီမံ ခန့်ခွဲမှုဆိုင်ရာ စနစ်များ၊ အလေ့အထများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ်ရှိ အဟန့်အတားများနှင့် ၎င်းအနေအထားများကိုလိုက်လျော ညီထွေစွာ အံဝင်ခွင်ကျ ပါဝင်ဆောင်ရွက်ပေးနိုင်မည့် ပုံစံများကို ဇယားအမှတ် (၁၅) တွင် အနှစ်ချုပ်ဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသည့် နိုင်ငံရေးနှင့် ကျန်းမာရေးဆိုင်ရာ အကျပ်အတည်းများအရ ဖြစ်နိုင်သည့်ပါဝင်ဆောင်ရွက်မှုပုံစံများကို ဦးစားပေးသတ်မှတ်နိုင်ပေးနိုင်မည့် တိုင်ပင်ဆွေးနွေးသော အလုပ်ရုံဆွေးနွေးပွဲ ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် Vision Zero Fund မြန်မာမှ ဆောက်လုပ်ရေးကဏ္ဍရှိ သက်ဆိုင်သူများနှင့် ယခင်ဆွေးနွေးတိုင်ပင်ထားပြီး အချက်အလက်များကို စနစ်တကျစိစစ်သုံးသပ်ပြီးနောက် အတည်ပြုထားသည့် ပါဝင်ဆောင်ရွက်မှုပုံစံများကို ဇယားအမှတ် (၁၅) တွင် တင်ပြထားပါသည်။ အဆိုပါနည်းလမ်းပုံစံများတွင် Vision Zero Fund မြန်မာမှ အခြားလုပ်ငန်းကဏ္ဍ တန်ဖိုးကွင်းဆက်များတွင်ယခင်ကအောင်မြင်စွာဖော်ဆောင်ခဲ့ပြီးယခုဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတွင်ဖော်ထုတ်တွေ့ရှိရသည့်အဟန့်အတားများကိုကိုင်တွယ်ရာတွင်လိုက်လျောညီထွေပြောင်းလဲအသုံးပြုနိုင်မည့် နည်းလမ်းပုံစံများလည်းပါဝင်ပါသည်။ပါဝင်ဆောင်ရွက်မှုပုံစံများအရ မဆိုင်းမတွ ကူညီဆောင်ရွက်မှုများပြုလုပ်ရာတွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ပိုမိုမြင့်မားစွာသက်ရောက်ခံနေရသူများနှင့် သက်ရောက်ခံရနိုင်ဖွယ်ရှိသူများအတွက်သာမက လက်ရှိကာလအကြပ်အတည်းအခြေအနေများတွင် မိတ်ဖက်အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး သဘောတူညီမှုရယူ၍ လက်တွေ့ကျမှုများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ဇယား (၁၅) မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ OSH စီမံခန့်ခွဲမှုဆိုင်ရာ စနစ်များ ၊ အလေ့အထများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ရှိ အဟန့်အတားများကို ကိုင်တွယ်နိုင်မည့် ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှုပုံစံများ

တန်ဖိုးအားကွင်းဆက် လုပ်ငန်းစဉ် အဆင့်နှင့် ပါဝင်သူများ	ထိခိုက်ပျက်စီးလွယ်မှုပုံစံ အပေါ်မျှော်မှန်းထိရောက်မှု	ဖြစ်နိုင်သည့် ပါဝင်ဆောင်ရွက်မှု ပုံစံများ	ပါဝင်ပတ်သက်နေသူများ/ အဖွဲ့အစည်းများ	ချိတ်ဆက်ဆောင်ရွက်မှု အမျိုးအစား
ထိန်းသိမ်းကြပ်မတ်မှု ဆိုင်ရာ အခန်းကဏ္ဍ – OSHL	ဥပဒေကြောင်းရာနှင့် အဖွဲ့အစည်း ပိုင်းဆိုင်ရာ မူဘောင်များ အစိတ်စိတ် အမြွှာမြွှာဖြစ်နေခြင်းကို လျှော့ချပေးရန်	ဆောက်လုပ်ရေးကဏ္ဍတွင် OSH ဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးနှင့် လက်တွေ့ ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် အမျိုးသားအဆင့် OSH ကောင်စီ ကဲ့သို့သော သုံးပွင့်ဆိုင် အဖွဲ့အစည်းများအား လိုအပ်သည့်နည်းပညာဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရန်	အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ ကာလရှည်(လက်ရှိ အကျပ်အတည်း အခြေအနေများအရ)

ထိန်းသိမ်းကြပ်မတ်မှု ဆိုင်ရာ မူဘောင်များ - ပတ်ဝန်းကျင်နှင့် လူမှုဘဝ ထိခိုက်မှုအကဲဖြတ်ဆန်းစစ်ချက်	အခြေခံအဆောက်အအုံ များ တည်ဆောက်ရာတွင် OSH အတွက် ဆွဲဆောင်မှုမက်လုံးများ နှင့် ငွေကြေးသတ်မှတ်ချထားပေးမှုမရှိသည်ကို ဖော်ပြရန်	ODA မှငွေကြေးထောက်ပံ့သည့် စီမံကိန်းများ၏ ပစ္စည်းဝယ်ယူရေးနှင့် စျေးပြိုင်တင်ဒါစနစ် လုပ်ငန်းစဉ်များတွင် ထည့်သွင်းထားသည့် OSH ဆိုင်ရာ သတ်မှတ်ချက်အမျိုးအစားများ၏ ထိရောက်မှု အနေအထားကို အကဲဖြတ်သုံးသပ်၍ အခြားသော ဆောက်လုပ်ရေးစီမံကိန်းများအတွက် ငွေကြေးသုံးစွဲမှု အစီအစဉ်များတွင် ထိုကဲ့သို့ OSH ဆိုင်ရာ သတ်မှတ်ချက်များကို အားပေးမြှင့်တင်ရန် နည်းလမ်းများ အကြံပြုပေးရန်	ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ဆောက်လုပ်ရေး ကုမ္ပဏီကြီးများ။ ဆွေးနွေးတိုင်ပင်မှု မပြုလုပ်ရသေးပါ။	ကာလလတ်အတွင်း အကောင်အထည်ဖော်ဆောင်ရေး ထည့်သွင်းစဉ်းစားရန် (ဥပဒေစည်းကြပ်ဆောင်ရွက်ရေး လုပ်ငန်းစဉ် ပါဝင်ခြင်းမရှိပါ)
ဆောက်လုပ်ရေး လုပ်ငန်း၏ အဆင့် အားလုံး – အငယ်စား နှင့် အလတ်စား လုပ်ငန်းခွင်များ	အငယ်စားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် OSH ဆိုင်ရာ အသိအမြင်များ အားကောင်းလာစေရန် မြှင့်တင်ဆောင်ရွက်ပေးရန်	OSH အသိအမြင် မြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ပေးရန်နှင့် ကုန်ကျစရိတ်သက်သာသည့် လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေ ထိန်းချုပ်ရေး စီမံချက်များ ရှာဖွေဖော်ထုတ်ရာတွင် ပံ့ပိုးကူညီပေးရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ MCEF၊ UNFCCC၊ CTUM၊ MICS၊ BWFM၊ MEAA၊ အလတ်စား ဆောက်လုပ်ရေး လုပ်ငန်းခွင်များ၏ အလုပ်ရှင်နှင့် အလုပ်သမားများ (အဆိုပါ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှုရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းကစိန်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ချက်ချင်းဆောင်ရွက်ရန်နှင့် ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန်
ဆောက်လုပ်ရေး လုပ်ငန်း၏ အဆင့် အားလုံး – OSH အရာရှိများ	ပြည်တွင်းရှိ OSH အရာရှိများ၏ စွမ်းရည်မြှင့်တင်ပေးရန်နှင့်အကြီးစားနှင့် အလတ်စားဆောက်လုပ်ရေး ကုမ္ပဏီများ၏ OSH စီမံခန့်ခွဲမှု အစီအစဉ်များ အားကောင်းခိုင်မာလာစေရေးအတွက် ဆောင်ရွက်ပေးရန်	ပြည်တွင်းပြည်ပ ကျွမ်းကျင်သူများ အကြား အသိပညာ၊ ဗဟုသုတ ဖလှယ်ခြင်းကို တိုးမြှင့်ပေးခြင်းဖြင့် ပြည်တွင်းရှိ OSH အရာရှိများ၏ စွမ်းရည် တိုးတက်ကောင်းမွန်လာစေရေး အတွက် ပံ့ပိုးကူညီပေးရန်	အကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေး ကုမ္ပဏီများ၏ OSH အရာရှိများနှင့်မန်နေဂျာများ။ (တိုင်ပင်ဆွေးနွေးမှု မပြုလုပ်ရသေးပါ။)	ကာလလတ်အတွင်း အကောင်အထည်ဖော်ဆောင်ရေး ထည့်သွင်းစဉ်းစားရန်
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	ဘေးအန္တရာယ်ရှိသည့် အရာဝတ္ထုများ၊ ပစ္စည်းကိရိယာများအား အလုပ်သမားများ ထိတွေ့နိုင်ခြေကို လျှော့ချပေးရန်	ဆောက်လုပ်ရေးပစ္စည်းနှင့် ကိရိယာ တင်သွင်းရောင်းချသူများအနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချပုံနည်းလမ်းများကို မှန်ကန်ထိရောက်စွာ ရှင်းလင်းပြသနိုင်ရေး အတွက် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးရန်	ဆောက်လုပ်ရေးလုပ်ငန်းသုံး ကုန်ပစ္စည်း တင်သွင်းရောင်းချသည့်ကုမ္ပဏီများ။ (ကုမ္ပဏီတစ်ခုနှင့်သာ တိုင်ပင်ဆွေးနွေးရပါသေးသည်။)	ချက်ချင်း ဆောင်ရွက်ရန်

ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – OSH ဆိုင်ရာ လေ့ကျင့်သင်ကြားသူများနှင့် ဝန်ဆောင်မှုပေးသူများ	စီမံကိန်းအမျိုးအစားအားလုံးနှင့် လုပ်ငန်းကဏ္ဍ လုပ်ကွက်အဆင့်တိုင်းတွင် OSH ဆိုင်ရာ အသိအမြင်များ မြှင့်တင်ဆောင်ရွက်ပေးရန်။ OSH စီမံခန့်ခွဲမှု လုပ်ငန်းတာဝန်များ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် ဘေးအန္တရာယ်ရှိသော အရာဝတ္ထုများ၊ ပစ္စည်းကိရိယာများမှ အလုပ်သမားများ ထိတွေ့နိုင်ခြေကို လျှော့ချနိုင်မည့် အသိပညာစွမ်းရည်များမြှင့်တင်ဆောင်ရွက်ပေးရန်	ဆောက်လုပ်ရေးကဏ္ဍတွင် OSH ဆိုင်ရာ အသိအမြင်များ မြှင့်တက်လာစေရန်အတွက် OSH စီမံခန့်ခွဲမှုလေ့ကျင့်သင်ကြားပေးသူများနှင့် အခြားပါဝင်ဆောင်ရွက်နေကြသူများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်၊ လေ့ကျင့်သင်ကြားရေးနှင့် အကြံပေးဝန်ဆောင်မှုများမှ တစ်ဆင့် အကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် OSH စီမံခန့်ခွဲမှု အလေ့အထကောင်းများ အားကောင်းခိုင်မာလာစေရေး ဆောင်ရွက်ပေးရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးအကြီးစားနှင့် အလတ်စား ဆောက်လုပ်ရေးလုပ်ငန်းခွင်များရှိ အလုပ်ရှင်နှင့် အလုပ်သမားများ။ OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီကြီးအချို့ စိတ်အားထက်သန်နေကြောင်း တွေ့ရှိရပါသည်။	ချက်ချင်း ဆောင်ရွက်ရန်
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	စီမံကိန်းအမျိုးအစားအားလုံးနှင့် လုပ်ငန်းကဏ္ဍ လုပ်ကွက်အဆင့်တိုင်းတွင် OSH ဆိုင်ရာနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဆိုင်ရာ အသိအမြင်များ မြှင့်တင်ပေးရန်နှင့် OSH ကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်	OSH ကော်မတီအဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးရေး အပါအဝင် OSH ဝန်ဆောင်မှု လုပ်ငန်းများပြုလုပ်နိုင်ရန်နှင့် စောင့်ကြည့်စစ်ဆေးနိုင်ရန် အတွက် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ စွမ်းရည်ကို မြှင့်တင်ပေးရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ MCEF၊ UNFCCC၊ CTUM၊ MICS၊ BWFM၊ MEAA၊ Fed.MES၊ MEA (အဆိုပါ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှုရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းက စိန်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန် (လက်ရှိကာလ အကျပ်အတည်းများ ရှိနေသည့်တိုင် ပါဝင်သူများ၏ စိတ်အားထက်သန်မှု မြင့်တက်လျက်ရှိပါသည်။)
ပံ့ပိုးကူညီပေးနေသည့် အခန်းကဏ္ဍ – အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ	ဆောက်လုပ်ရေးလုပ်သားများ စည်းမျဉ်းစည်းကမ်းများနှင့် အညီ လိုက်နာဆောင်ရွက်ရေးကို အားပေးမြှင့်တင်ပေးရန်	OSH ဆိုင်ရာ အသိအမြင်မြှင့် အစီအစဉ်များ ဖော်ဆောင်နိုင်ရန်နှင့် လူမှုဖူလုံရေး အကာအကွယ်များ ပံ့ပိုးပေးနိုင်ရန်အတွက် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအား နည်းပညာအကူအညီများ ပေးအပ်ရန်	OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများ၊ MCEF၊ UNFCCC၊ CTUM၊ MICS (အဆိုပါ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ပြီး၍ စိတ်အားထက်သန်မှုရှိကြသော်လည်း လက်ရှိကာလ အကျပ်အတည်းက စိန်ခေါ်မှုအခက်အခဲများကို ပေါ်ပေါက်စေလျက်ရှိပါသည်။)	ကာလလတ် ချိတ်ဆက်ဆောင်ရွက်ရန်

၅.၁ ချက်ချင်းဆောင်ရွက်ရန် ပုံစံများ

၁။ ဆောက်လုပ်ရေးလုပ်ငန်းအလတ်နှင့်အငယ်များတွင် OSH အသိအမြင် မြှင့်တင်ရေး အစီအစဉ်များ ပြုလုပ်ပေးရန်နှင့် ကုန်ကျစရိတ်သက်သာသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ခြေထိန်းချုပ်ရေး စီမံချက်များ ရှာဖွေဖော်ထုတ်ရာတွင် ပံ့ပိုးကူညီပေးရန်

အရွယ်စုံနှင့် စီမံကိန်းလုပ်ငန်းစုံ (အခြေခံအဆောက်အအုံနှင့် အဆောက်အအုံ) ဆောက်လုပ်ရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် OSH ဆိုင်ရာ အသိအမြင်မြှင့်တင်ပေးမှုများ၊ လေ့ကျင့်သင်ကြားပေးမှုများမှတစ်ဆင့် အကျိုးကျေးဇူး ရရှိနိုင်သည်မှန်သော်လည်း စီမံကိန်းအမျိုးအစား၊ လုပ်ငန်းခွင်အရွယ်အစားနှင့် အံဝင်ခွင်ကျဖြစ်စေမည့် မဟာဗျူဟာများ သတ်မှတ်ဆောင်ရွက်သင့်ပါသည်။ ဥပမာအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာထားရှိရေး ကိစ္စရပ်များနှင့်ပတ်သက်၍ သတ်မှတ်ထုတ်ပြန်မှုများ ပိုမိုလုပ်ဆောင်ရန်လိုအပ်ပါသည်။ အထူးလုပ်ငန်းလုပ်ကွက်၊ တာဝန်နည်းပါးသည့် ဆောက်လုပ်ရေး လုပ်ငန်းခွင်အငယ်နှင့် အလတ်များရှိ မန်နေဂျာများ၊ အလုပ်သမားများအား လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ ထားရှိရေးနှင့် ပတ်သက်၍ ဦးတည်ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်မှုပုံစံတစ်ခုကို အသုံးပြုသင့်ပါသည်။ ထိုပုံစံတွင် OSH ဆိုင်ရာအသိအမြင် မြှင့်တင်ပေးမှုများ၊ လေ့ကျင့်သင်ကြားပေးမှုများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဆိုင်ရာ သတင်းအချက်အလက် မျှဝေပေးခြင်း စသည်တို့ပါဝင်သင့်ပါသည်။

ဆောက်လုပ်ရေးလုပ်ငန်းခွင်အားလုံးရှိ OSH အသိအမြင်မြှင့်တင်ရေးအစီအစဉ်များတွင် “အမြင့်တွင်အလုပ်လုပ်ခြင်း” နှင့်ပတ်သက်သည့် OSH ဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုများသည် အဓိကအကြောင်းအရာအဖြစ် မဖြစ်မနေပါဝင်ရမည် ဖြစ်ပါသည်။ အင်ဂျင်နီယာပညာရပ်ပိုင်းဆိုင်ရာ အစီအမံများကို PPE များအသုံးပြုခြင်းထက်ပိုမိုဦးစားပေးရန်လိုအပ်သည့်အတွက် “အမြင့်တွင် ဘေးအန္တရာယ်ကင်းရှင်းစွာ အလုပ်လုပ်ခြင်း” ဆိုင်ရာ ဖြေရှင်းမှုများ ဖော်ထုတ်သတ်မှတ်ရန်၊ အကောင်အထည်ဖော်ဆောင်ရန်၊ လိုအပ်သည့် ငွေကြေးလျာထားသတ်မှတ်ပေးရန်တို့အတွက် စီမံအုပ်ချုပ်မှုပိုင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အခန်းကဏ္ဍသည် မရှိမဖြစ်လိုအပ်ပါသည်။ လက်ရန်းအကာအရံများအပါအဝင် ခိုင်ခန့်ဘေးအန္တရာယ်ကင်းရှင်းသည့် ငြမ်းစင်တည်ဆောက်ရေးစသည့် အင်ဂျင်နီယာပိုင်း ထိန်းချုပ်မှုအစီအမံများ အားပေးမြှင့်တင်ဆောင်ရွက်ရေးအပါအဝင် အခြားထိရောက်သည့် နည်းစနစ်ပိုင်းဆိုင်ရာ အစီအမံများ ရှာဖွေဖော်ထုတ်ခြင်းကိုလည်း ထပ်မံထည့်သွင်းစဉ်းစားသင့်ပါသည်။ အမြင့်တွင်အလုပ်လုပ်ခြင်းအတွက် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအမံများ ပြုလုပ်ရာတွင် လျာထားငွေပမာဏသည် အဟန့်အတားတစ်ခုဖြစ်ခဲ့လျှင် Vision Zero Fund မြန်မာမှ ရှမ်းပြည်နယ် ချင်းစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍတွင် လက်တွေ့ကျင့်သုံးခဲ့သည့် ကုန်ကျစရိတ်သက်သာစွာဖြင့် သက်တောင့်သက်သာမရှိသော အလုပ်ခွင်အပြင်အဆင်ဆိုင်ရာ ဘေးအန္တရာယ်များကို ကိုင်တွယ်ဖြေရှင်းကာ ကုန်ထုတ်လုပ်မှု တိုးမြှင့်စေသည့်ပုံစံ (prototypes) များကို ထောက်ရှု၍ အလားတူပုံစံမျိုးကို ငွေကြေးအင်အားနည်းပါးသည့် ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များအတွင်း အမြင့်တွင်အလုပ်လုပ်ခြင်းဆိုင်ရာဘေးအန္တရာယ်များကိုကိုင်တွယ်ဖြေရှင်းရာတွင် အသုံးပြုနိုင်ပါလိမ့်မည်။ အဆိုပါပုံစံနည်းစနစ်များကို ဆောက်လုပ်ရေးပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်သယ်ယူပို့ဆောင်ရေး ကိစ္စရပ်များတွင်လည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။

3R နှင့် 5S စနစ်များသည် ကုန်ကျစရိတ်စရိတ်သက်သာသည့် လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်ရေးအစီအမံ၊ အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးနိုင်ပါသည်။ လုပ်ငန်းခွင်အငယ်နှင့် အလတ်များတွင် အပျက်အစီးအစအနများကို တွေ့မြင်နေရလေ့ရှိပြီး အလုပ်လုပ်ရာနေရာအချို့တွင် အများအပြားရှိနေခြင်းက အလုပ်သမားများ ခြေချော်ထိခိုက်လဲပြိုမှုကို ပေါ်ပေါက်စေနိုင်ပါသည်။ လုပ်ငန်းခွင်ကြီးအချို့တွင် 5S လုပ်ငန်းခွင်အတွင်း စီမံခန့်ခွဲမှုစနစ် (အမျိုးအစားခွဲခြားခြင်း၊ အစီအစဉ်တကျထားရှိခြင်း၊ သန့်ရှင်းတောက်ပြောင်အောင်ပြုလုပ်ခြင်း၊ စံသတ်မှတ်ချက်ထားရှိခြင်း၊ စံနှင့်အညီထိန်းသိမ်းထားရှိခြင်း) နှင့် 3R စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ် (စွန့်ပစ်ပစ္စည်းပမာဏ လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ထပ်မံအသုံးပြုနိုင်စေရန် ဆောင်ရွက်ခြင်း) စနစ်များကို ကျင့်သုံးဆောင်ရွက်ကြပါသည်။ အဆိုပါ နည်းစနစ်များကို အသိအမြင် မြှင့်တင်ပေးရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သတင်းအချက်အလက် ဖြန့်ဖြူးမှု အစီအစဉ်များမှတစ်ဆင့် လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေစွာ အသုံးပြုနိုင်ပါသည်။ 5S နည်းစနစ်ကို လုပ်ငန်းခွင်အတွင်းရှိ ဆောက်လုပ်ရေးပစ္စည်းများ ခက်ခဲရယူသည့်နေရာ ၊ယာယီသိုလှောင်သိမ်းဆည်းသည့်နေရာ စသည်တို့တွင် အသုံးပြုရန် အထူးသင့်လျော်ပါသည်။ Vision Zero Fund မြန်မာအနေဖြင့် ရှမ်းပြည်နယ် ချင်းစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် ခြေချော်ခလုတ်တိုက်လဲပြိုမှု အန္တရာယ်များကို လျှော့ချရာနှင့် ထုတ်ကုန်တိုးမြှင့်ရာတို့တွင် 5S နည်းစနစ်ကို အောင်မြင်စွာအသုံးပြုနိုင်ခဲ့သည့်အတွက် အလားတူဆောင်ရွက်မှုပုံစံတစ်မျိုးကို ဆောက်လုပ်ရေးလုပ်ငန်းခွင်ငယ်များတွင် အသုံးပြုနိုင်ပါမည်။

မိတ်ဖက်အဖွဲ့အစည်းအချို့အနေဖြင့် Vision Zero Fund မြန်မာ၏ နည်းစနစ်ပိုင်းဆိုင်ရာ အကြံပြုမှုများမှ အကျိုးကျေးဇူး ရရှိနိုင်ပါလိမ့်မည်။ အဖွဲ့ဝင် (၁၄) ဖွဲ့ အပါအဝင် အဖွဲ့ဝင်ပေါင်း (၁၄၀) ပါဝင်သည့် "မြန်မာနိုင်ငံ ပတ်ဝန်းကျင်ဆန်းစစ်မှုအဖွဲ့" မှ တဆင့် OSH သင်တန်းများကို ပို့ချနိုင်ပါသည်။ MCEF၊ UMFCCI၊ FED.MES၊ BWFM နှင့် CTUM ကဲ့သို့သော အင်ဂျင်နီယာ အသင်းအဖွဲ့များ၊ အဖွဲ့ချုပ်များ၊ ပုဂ္ဂလိကသင်တန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ဆင့် OSH စီမံခန့်ခွဲမှုနှင့် အသိအမြင် မြှင့်တင်မှု အစီအစဉ်များ ပြုလုပ်နိုင်ပါသည်။ ပြည်တွင်းမိတ်ဖက်အဖွဲ့များအနေဖြင့် သီးသန့်လိုအပ်ချက်များကို လေ့ကျင့်ရေးသင်တန်းများတွင် ညှိနှိုင်းဆွေးနွေး၍ စရိတ်နည်း နည်းစနစ်ပုံစံ (prototypes) ရှာဖွေဖော်ထုတ်ခြင်းကို ပြုလုပ်ဆောင်ရွက်သင့်ပါသည်။

၂။ ဆောက်လုပ်ရေးပစ္စည်းနှင့် ကိရိယာများ တင်သွင်းရောင်းချသူများအနေဖြင့် ၎င်းတို့၏ ကုန်ပစ္စည်းကိရိယာများ ကိုင်တွယ်အသုံးချပုံနည်းလမ်းများကို မှန်ကန်ထိရောက်စွာ ရှင်းလင်းပြသနိုင်ရေးအတွက် ၎င်းတို့၏စွမ်းရည်ကို မြှင့်တင်ပေးရန်

ကျေးလက်နှင့် မြို့ပြဒေသများရှိ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်သုံးကိရိယာများ၊ စက်ပစ္စည်းကိရိယာ တင်သွင်းသူများအနေဖြင့် ပစ္စည်းများ၊ စက်ကိရိယာများ ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုပုံ၊ အသိအမြင်မြှင့်တင်ပေးမှုများကို OSH ဆိုင်ရာညီလာခံသဘောတူညီချက် (၁၉၈၁) အမှတ် (၁၅၅) နှင့်အညီ စီစဉ်ပြုလုပ်ပေးသင့်ပါသည်။

စိုက်ပျိုးရေးကဏ္ဍတွင် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး တင်သွင်းသူများအနေဖြင့် ၎င်းတို့၏ ဓာတုပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုပုံ၊ အသိပညာအတွေ့အကြုံများ လယ်ယာစိုက်ပျိုးသူများထံမျှဝေ၊ အသိအမြင်မြှင့်တင်ပေးရာတွင် Vision Zero Fund မြန်မာမှ ဝင်ရောက်ဆောင်ရွက်ပေးသကဲ့သို့ ဆောက်လုပ်ရေးပစ္စည်းများ၊ လျှပ်စစ်သုံးကိရိယာများ၊ စက်ပစ္စည်းကိရိယာ တင်သွင်းသူများမှ ၎င်းတို့၏ ပစ္စည်းကိရိယာများကို ဘေးအန္တရာယ်ကင်းရှင်းစွာ ကိုင်တွယ်အသုံးပြုပုံ၊ အသိပညာအတွေ့အကြုံများ မျှဝေကူညီပေးလာစေရန် ဦးတည်ဆောင်ရွက်သင့်ပါသည်။ စက်ပစ္စည်းကိရိယာ တင်သွင်းသူများကို ၎င်းတို့၏ စက်ပစ္စည်းကိရိယာများ နှင့် ပတ်သက်သည့် တုန့်ပြန်ဝေဖန်ချက်များ ပေးရာမှတစ်ဆင့် ၎င်းတို့အနေဖြင့် ပိုမို ကောင်းမွန်ပြည့်စုံသည့် ဒီဇိုင်းပုံစံအမှတ်တံဆိပ်၊ အချက်အလက်တို့ကို ရရှည်အတွက် မြှင့်တင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

တင်သွင်းရောင်းချသည့် ပစ္စည်းကိရိယာအမျိုးအစားပေါ်မူတည်၍ ဆောင်ရွက်ပုံအချို့ကို လိုက်နာဆောင်ရွက်သင့်ပါသည်။ ဆီလီကွန်အမှုန်အမွှားပါဝင်သည့် ဆောက်လုပ်ရေးပစ္စည်းများ (ဘိလပ်မြေ၊ အုတ် စသည်) ပေးသွင်းသူများသည် "အဆုတ်ကြွက်သားများမာကျောတောင့်တင်းသည့်ရောဂါ (Silicosis) နှင့် ပတ်သက်သည့် ဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအစီအမံများနှင့်ပတ်သက်သည့် အချက်အလက်များ၊ အသိအမြင်ဗဟုသုတများကို ကန်ထရိုက်တာများ၊ တစ်ဆင့်ခံကန်ထရိုက်တာများ၊ အလုပ်သမားများအား မျှဝေနိုင်ပါသည်။ ပစ္စည်းတင်သွင်းသူများအနေဖြင့် ၎င်းတို့၏ဓာတုပစ္စည်းများရှိ အမှတ်တံဆိပ်သင်္ကေတများကို အလုပ်သမားများ အလွယ်တကူနားလည်နိုင်သည့် ဘာသာစကားဖြင့် စီစဉ်အသုံးပြုဖော်ပြသင့်ပါသည်။ ထို့အပြင် "ဘေးအန္တရာယ်ရှိသောပစ္စည်း" တင်သွင်းရောင်းချသူများအနေဖြင့်လည်း၎င်းတို့ပေးသွင်းသည့်ပစ္စည်းများနှင့်ပတ်သက်သည့် အချက်အလက်များ၊ ကြုံတွေ့ရနိုင်သည့် ဘေးအန္တရာယ်များကို ကိုင်တွယ်အသုံးပြုပုံနှင့် ဘေးအန္တရာယ်ထိန်းချုပ်စီမံပုံ၊ သိလှောင်သိမ်းဆည်းပုံများကိုလည်း အလုပ်သမားများအား အသိအမြင် မျှဝေမြှင့်တင်ပေးသင့်ပါသည်။ "ကျောက်သားခွဲတူ" (Jack Hammer) နှင့် "ကျောက်ဖြတ်စက်" (Grinder) ကဲ့သို့သော ပစ္စည်းကိရိယာများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေး လေ့ကျင့်သင်ကြားပေးသည့်အစီအစဉ်များ ပြုလုပ်နိုင်ရေးအတွက် အလုပ်ရှင်များ လိုအပ်သည့် အကူအညီများကိုလည်း ရှာဖွေဖော်ထုတ်နိုင်ပါလိမ့်မည်။

မေးမြန်းရာတွင်ပါဝင်သည့် ပစ္စည်းတင်သွင်းရောင်းချသူအချို့၏ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အပြန်အလှန် တုန့်ပြန်ဆောင်ရွက်မှုများ၊ လေ့လာစစ်ဆေးမှု အစီအစဉ်များ (ဥပမာ – အသင့်ဖျော်ကွန်ကရစ် ရောင်းချသော ကုမ္ပဏီတစ်ခုတွင် မန်နေဂျာဖြစ်သူက သုံးစွဲသူများ၏ တုန့်ပြန်ချက်များကို လေ့လာစောင့်ကြည့်၍ ပိုမိုဘေးအန္တရာယ်ကင်းရှင်းသည့် အစီအမံများ ချမှတ်ခြင်း) သည် အတူယှဉ်ကျင့်သုံးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ OSH ဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုနှင့် အကြံပေး ဝန်ဆောင်မှုပေးခြင်းမှတစ်ဆင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်အကြီးများတွင် ပါဝင်ပက်သက်ဆောင်ရွက်နေသူများ၏ OSH ဆိုင်ရာ အသိအမြင် မြှင့်တင်မှုများနှင့် OSH စီမံခန့်ခွဲမှု အလေ့အထကောင်းများ တည်ဆောက်နိုင်မည့် စွမ်းရည် အားကောင်းခိုင်မာလာစေရန်

ဆောက်လုပ်ရေးကဏ္ဍတွင် Safety အရာရှိများ၊ OSH လေ့ကျင့်သင်ကြားရေးအစီအစဉ်များ၊ အချက်အလက်မှတ်တမ်းတင်သည့် စနစ်များနှင့် အချို့လုပ်ငန်းများတွင် Safety ကော်မတီများ စသည့် OSH စီမံခန့်ခွဲမှုစနစ်၏ အစိတ်အပိုင်းများ အကန့်အသတ်ဖြင့်သာ ရှိနေသော်လည်း လုပ်ငန်းခွင် OSH မူဝါဒများ၊ ဆက်သွယ်ဆောင်ရွက်မှုစနစ်၊ ဘေးအန္တရာယ်ဖြစ်နိုင်ချေ ထိန်းချုပ်

မှုအစီအမံများ၊ OSH အစီအမံများစသည့် အဓိက အစိတ်အပိုင်းများ မရှိနေကြောင်း တွေ့ဆုံဆွေးနွေးခဲ့သည့် စီပွားရေး လုပ်ငန်းစုများ၏ ပြောကြားမှုများအရ သိရှိရပါသည်။ လုပ်ငန်းခွင်မတော်တဆဖြစ်မှုများ၊ ဘေးအန္တရာယ်မှပွတ်ကာသီကာ လွဲချော်မှု (Near-Misses) များဖြစ်ပေါ်လာသည့်တိုင် မှားယွင်းလွဲချော်စေသည့် အကြောင်းအရာ၊ ကြိုတင်ရှောင်ရှားနိုင်မည့် နည်းလမ်း၊ အလားတူအဖြစ်အပျက်များ ထပ်မံပေါ်ပေါက်လာခြင်းမရှိစေရန် မြှင့်တင်ဆောင်ရွက်ရမည့် အစီအမံများ စသည်တို့ကို ဆွေးနွေးဖော်ထုတ်သည့် ပြန်လှန်သုံးသပ်မှုလုပ်ငန်းစဉ်များ ပြုလုပ်ဆောင်ရွက်လေ့မရှိကြောင်း လူတွေ့မေးမြန်းမှုများအရ သိရှိရပါသည်။ လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုများအရ အမြင့်တွင် အလုပ်လုပ်ခြင်း၊ အမှုန်အမွှား၊ ဆူညံသံတို့နှင့် ထိတွေ့နေရခြင်း၊ လုပ်ငန်းခွင်သန့်ရှင်းသပ်ရပ်စွာ ထားရှိခြင်းတို့နှင့် ပတ်သက်၍ ထပ်မံမြှင့်တင်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်း တွေ့ရှိရပါသည်။

စီမံကိန်းလုပ်ငန်းများတွင် OSH ဆိုင်ရာ အလေ့အထများသည် ကော်ပိုရိတ်လုပ်ငန်းစုတစ်ခုလုံး၏ အလေ့အထ ဖြစ်ရမည့် အစား စီမံကိန်းလုပ်ငန်းတစ်ခုတည်းနှင့်သာသက်ဆိုင်သည့် လုပ်ငန်းတာဝန်များအဖြစ် ရှိနေပါသေးသည်။ ဆောက်လုပ်ရေး လုပ်ငန်းခွင်ကြီးများတွင် တစ်ဆင့်ခံကန်ထရိုက်တာများရှိနေခြင်းကလည်း အဆိုပါလုပ်ငန်းခွင်အတွင်း ပါဝင်ဆောင်သူအမျိုးမျိုးတို့အကြား OSH စီမံခန့်ခွဲမှု ဟန်ချက်ညီညီချိတ် ဆက်ဆောင်ရွက်မှု ကင်းမဲ့စေပါသည်။ အပြန်အလှန်အားဖြင့် လျာထားသတ်မှတ်ငွေ/လုပ်ငန်းအပ်နှံသူ၏ လိုအပ်ချက် ကွဲပြားခြားနားမှုကြောင့် ကန်ထရိုက်တာတစ်ဦးတည်းကပင် စီမံကိန်းတစ်ခုနှင့်တစ်ခုအကြား မတူညီသည့် OSH စနစ် သတ်မှတ်ချက်များကို ကျင့်သုံးနိုင်ပါသည်။ တစ်ဆင့်ခံကန်ထရိုက်တာ၏ အလုပ်သမားများသည် ဆောက်လုပ်ရေးလုပ်ငန်းခွင် မန်နေဂျာထံ သတင်းပို့ အစီရင်ခံရမည့်အစား ၎င်းတို့အလုပ်ရှင်ထံသို့သာ လိုက်နာတင်ပြလေ့ရှိပါ သည်။

လုပ်ငန်းခွင်တွင် အတူတကွဆောင်ရွက်နေကြသည့် ကန်ထရိုက်တာအဖွဲ့များနှင့် တစ်ဆင့်ခံကန်ထရိုက်တာအဖွဲ့များ၏ OSH ဆိုင်ရာစွမ်းရည်ကို မြှင့်တင်နိုင်ရန်အတွက် လုပ်ငန်းခွင် OSH စီမံခန့်ခွဲမှုစနစ်ကို တစ်သားတည်း ကျင့်သုံးလာစေရန် သတ်မှတ်ဆောင်ရွက်ပေးခြင်းဖြင့် ဆောက်လုပ်ရေးကဏ္ဍ တစ်ရပ်လုံးရှိ OSH စနစ်များလည်း မြင့်တက်လာပါလိမ့်မည်။ ထိုသို့ဆောင်ရွက်ရာတွင် OSH ဆိုင်ရာ လေ့ကျင့်သင်ကြားပေးသူများနှင့် အကြံဉာဏ်ဝန်ဆောင်မှုပေးသူများသည် အဓိက အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ စီးပွားရေးလုပ်ငန်းစုကြီးများ၊ စီမံကိန်းအုပ်ချုပ်မှုအဖွဲ့များနှင့်အတူတကွ ပူးပေါင်းလုပ်ကိုင်နေကြသည့် ပြင်ပ OSH လေ့ကျင့်သင်ကြားပေးသူများ၊ အကြံဉာဏ်ပေးသူများသည် စီမံကိန်းတစ်ရပ်လုံး၏ OSH ဆိုင်ရာ လိုအပ်ချက်များကို ခြုံငုံသုံးသပ်လျက် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူအသီးသီး၏ တာဝန်ဝတ္တရားနှင့် အခန်းကဏ္ဍများကိုလည်း ဖော်ထုတ်သတ်မှတ်ပေးကြပါသည်။ စီမံကိန်းအခြေပြု OSH စီမံခန့်ခွဲမှုစနစ် ရေးဆွဲပြုစုလျက် တစ်ဆက်တည်းမှာပင် ကန်ထ ရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာအဖွဲ့များ၏ OSH ဆိုင်ရာ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြင့် စီမံကိန်း အလုပ်သမားများအတွက်သာမက နောင်လာမည့် စီမံကိန်းများအတွက်လည်း အကျိုးကျေးဇူးရှိနိုင်ပါလိမ့် မည်။

OSH စီမံခန့်ခွဲမှုစနစ် ရှေ့ဆောင်လမ်းပြကျင့်သုံးသည့် ကုမ္ပဏီကြီးများမှ နမူနာကောင်းများ ပြသနိုင်၍ အဆိုပါ ကုမ္ပဏီများသည် ရှေ့နောက်ညီညွတ်ရှင်းလင်းသည့် OSH စီမံခန့်ခွဲမှုစနစ်များ၊ အလေ့အထများကောင်းများကို ကန်ထရိုက်တာများ၊ အလုပ်သမားများအကြားတွင် နားလည်သဘောပေါက်စေရန် လက်တွေ့ကျင့်သုံးဖော်ဆောင်ပေးနေကြပါသည်။ မြန်မာနိုင်ငံ ဆောက်လုပ်ရေးကဏ္ဍတွင် တရုတ်နိုင်ငံမှ စီမံကိန်းဖော်ဆောင်သူများ၊ ဆောက်လုပ်ရေးကုမ္ပဏီများ၊ ရင်းနှီးမြှုပ်နှံသူများ ပျံ့နှံ့နေရာယူထားမှုများကြောင့် အဆိုပါ ကုမ္ပဏီများနှင့် OSH အားပေးမြှင့်တင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ရာတွင် သတိပြုရမည့် အရာများကို ထည့်သွင်းစဉ်းစားလုပ်ဆောင်သင့်ပါသည်။ ထို့အပြင် အထူးစီးပွားရေးဇုန်များတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံခြားကုမ္ပဏီများသည် ပုံမှန်အားဖြင့် မြန်မာကုမ္ပဏီအများစုထက် OSH စီမံခန့်ခွဲမှုစနစ်များ ပိုမိုအားကောင်းခိုင်မာသည့်အတွက် OSH ဆိုင်ရာနည်းပညာရပ်များ၊ အသိအမြင်များကို မျှဝေပေးနိုင်ပါသည်။ စီးပွားရေးပြန်လည်နလန်ထူလာမှုနှင့်အတူ ပြန်လည်ဝင်ရောက်လာမည့် အနောက်တိုင်းကုမ္ပဏီများကလည်း OSH ဆိုင်ရာ အလေ့အထကောင်းများ ရှေ့ဆောင်လမ်းပြ ဆောင်ရွက်မှုများကို ဆောင်ကြဉ်းလာနိုင်ပါသည်။

ဆောက်လုပ်ရေးကဏ္ဍတွင် ရှင်းလင်းတိကျသည့် OSH ဆိုင်ရာ ဥပဒေမူဘောင် မရှိသေးသည့်အတွက် ဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်ရှိ အဓိကဌာနအသီးသီး၊ ဆောက်လုပ်ရေးလုပ်ငန်းအကြီးနှင့် အလတ်များတွင် ထိရောက်၍ ဟန်ချက်ညီချိတ်ဆက်နိုင်မည့် OSH စီမံခန့်ခွဲမှုအလေ့အထအစုကို ကာလလတ်အတွက် ရည်ရွယ်သတ်မှတ် ကျင့်သုံးသင့်ပါသည်။ လက်တွေ့ကျင့်သုံးနိုင်မည့် OSH ဆိုင်ရာ လမ်းညွှန်ချက်များ၊ ဒေသသုံးဘာသာ စကားများဖြင့်ရေးသားထား၍ နောက်ခံဝန်းကျင်နှင့် ဆီလျော်သော လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်စံများ ကင်းမဲ့နေခြင်းကလည်း OSH ဆိုင်ရာ အသိအမြင်မြှင့်တင်ရေးနှင့် ရှေ့နောက်ညီညွတ်သော OSH အလေ့အထများ ထွန်းကားလာရေးအပေါ် အဟန့်အတားပြုနေပါသည်။

Vision Zero Fund မြန်မာအနေဖြင့် OSH လေ့ကျင့်သင်ကြားရေးနှင့်အကြံပေးများနှင့် အတူ လက်တွဲ၍

- ယခင်အခန်းများတွင်ဖော်ပြထားသည့် စီမံကိန်းအမျိုးအစားများနှင့် လုပ်ငန်းလုပ်ကွက်များ၊ ၎င်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေများ (ဇယားအမှတ် ၁၄ တွင်ကြည့်ပါ) အတွက် "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍဆိုင်ရာ (ILO) လုပ်ငန်းစံသတ်မှတ်ချက်"[၁၄၁]နှင့် အခြား ပြည်တွင်းဥပဒေများကို အခြေပြု၍ လက်တွေ့ကျသည့် OSH စီမံခန့်ခွဲမှုလမ်းညွှန်ချက်များ သတ်မှတ်ဖော်ထုတ်နိုင်ရန်
- OSH လေ့ကျင့်သင်ကြားသူများနှင့် အကြံပေးများမှ စီမံကိန်းမန်နေဂျာများအား OSH စီမံခန့်ခွဲမှုစနစ်များ လေ့ကျင့်သင်ကြားပေးရာနှင့် အကြံဉာဏ်ပေးရာတွင် အသုံးပြုနိုင်မည့် OSH သင်တန်းအစီအစဉ်၊ သင်တန်းဆရာ လက်စွဲ (Training Package) စသည်တို့ကို ရေးသားပြုစုနိုင်ရန်
- OSH လေ့ကျင့်သင်ကြားသူများ၊ အကြံပေးများမှ OSH ဆိုင်ရာ အကြံပြုဆွေးနွေးမှု ရှေ့ပြေးလုပ်ငန်းများ စမ်းသပ်ဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မိတ်ဖက်အဖွဲ့အစည်း စီမံကိန်းများကို ရှာဖွေဖော်ထုတ်ရာတွင် ကူညီပံ့ပိုးပေးရန်
- အခြေအနေပေးပါက OSH ကော်မတီများ (သို့) အလုပ်သမားများ ပူးပေါင်းပါဝင်လာနိုင်မည့် အခြားသောအဖွဲ့အစည်းများအတွက် OSH လေ့ကျင့်သင်ကြားရေးအစီအစဉ်များ (စီမံကိန်းလုပ်ငန်းသဘာဝအရယာယီပင်ဖြစ်ပါစေ) သတ်မှတ်လုပ်ဆောင်ရေးအတွက် လူမှုမိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန်
- ဖော်ထုတ်တွေ့ရှိသည့် လိုအပ်ချက်များအပေါ်မူတည်၍ ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန် ထရိုက်တာများအတွက် OSH ဆိုင်ရာ လမ်းညွှန်ချက်များကို အံဝင်ခွင်ကျဖြစ်စွာ ထပ်မံစမ်းသပ်ကျင့်သုံးသွားရန် စသည်တို့ကို ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

လုပ်ငန်းခွင်ရောဂါများကို ဖြစ်ပေါ်စေနိုင်သည့် ဘေးအန္တရာယ်များနှင့် ထိတွေ့မှုအနေအထားများကို လုပ်ငန်းခွင်စောင့်ကြည့်လေ့လာမှုများအတွင်း တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အထက်တွင်ဖော်ပြထားပြီးဖြစ်သည့် လုပ်ငန်းခွင် ကျန်းမာရေးဆိုင်ရာ နောက်ခံအခြေအနေများနှင့် OSH အကြံပေးများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကို တည်ဆောက်မြှင့်တင်လျက် လုပ်ငန်းခွင်ကျန်းမာရေး ထိခိုက်နိုင်ချေများအပေါ် အကဲဖြတ်သုံးသပ်မည့် နည်းပညာရပ်ဆိုင်ရာ ချဉ်းကပ်ဆောင်ရွက်မှုပုံစံတစ်ရပ် ဖော်ထုတ်သတ်မှတ်ခြင်းကိုလည်း ဤပါဝင်ဆောင်ရွက်မှုပုံစံ (လုပ်ငန်းစဉ်များ) အတွင်း ထပ်မံဖြည့်စွက်နိုင်ပါသည်။ အဆိုပါနည်းလမ်းများတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များအတွင်း လက်တွေ့အသုံးပြုနိုင်သည့်ပုံစံများ (ဥပမာ – Checklist) ပါဝင်ပါသည်။ အဆိုပါနည်းလမ်းပုံစံများသည် "အားလုံးအတွက် လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး" အဖွဲ့ (Safety and Health for All in Myanmar) ကဲ့သို့သော စီမံကိန်းများမှ ရရှိသည့် အကျိုးကျေးဇူးများ ဖြစ်ပါသည်။

မိတ်ဖက်အဖွဲ့များနှင့်အတူ ပါဝင်ဆောင်ရွက်မှုပုံစံများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တက္ကသိုလ်များ၊ သက်မွေးပညာရပ် လေ့ကျင့်သင်ကြားရေး ကျောင်းများတွင် OSH ဆိုင်ရာ ကြိုတင်ကာကွယ်ရေးအစီအမံများကို (ကာလလတ် (သို့) ကာလရှည် စီမံကိန်းဖြင့်) တစ်စိုက်မတ်မတ် လုပ်ဆောင်သင့်ပါသည်။ ဤနည်းအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် အင်ဂျင်နီယာဘွဲ့ရကျောင်းသားများနှင့် အခြားသက်မွေးနည်းပညာ ကျောင်းသားများအနေဖြင့် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ခေတ်နှင့်တစ်ပြေးညီ OSH အသိပညာ၊ အတတ်ပညာများဖြင့် ချဉ်းကပ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

[၁၄၁] ILO (၁၉၉၂) ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ ILO လုပ်ငန်းစံသတ်မှတ်ချက်၊ ဂျီနီဗာ

၅.၂ ကာလလတ် ပါဝင်ဆောင်ရွက်မှုပုံစံများ

၁။ ODA အစီအစဉ်များဖြင့် ငွေကြေးမတည်ပေးသည့် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေး စီမံကိန်းများအတွက် လုပ်ငန်းတင်ဒါခေါ်ယူမှုနှင့် ပစ္စည်းဝယ်ယူမှု လုပ်ငန်းစဉ်များတွင် သတ်မှတ်ထားသည့် OSH ဆိုင်ရာသတ်မှတ်ချက် အမျိုးအစားများနှင့် ထိရောက်မှုကို အကဲဖြတ်သုံးသပ်၍ အခြားဆောက်လုပ်ရေး စီမံကိန်းများ အတွက် ငွေကြေးစိုက်ထုပေးရာတွင် အဆိုပါသတ်မှတ်ချက်များကို ခေတ်နှင့်အညီ ထည့်သွင်းအသုံးပြုနိုင်မည့် မဟာဗျူဟာများ အကြံပြုတင်ပြခြင်း

ODA အစီအစဉ်များဖြင့် ဆောင်ရွက်သော ဆောက်လုပ်ရေးစီမံကိန်းများအတွက် “ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ဆန်းစစ်ချက်” (ESIA) များပြုလုပ်ရာတွင် OSH ဆိုင်ရာ သတ်မှတ်ချက်များပါဝင်၍ OSH စီမံခန့်ခွဲမှု စနစ်များ ဖော်ဆောင်ရန်အတွက် ငွေကြေးလျာထားသတ်မှတ်မှုများကို အားပေးမြှင့် တင်ဆောင်ရွက်လေ့ရှိကြောင်း ဆွေးနွေးမေးမြန်းရာတွင် ပါဝင်ခဲ့သူများ၏ ပြောကြားချက်အရ သိရှိရပါသည်။ စီမံကိန်းဖော်ဆောင်ရာတွင် ကန်ထရိုက်တာများအကြား OSH စီမံခန့်ခွဲမှုစနစ် လိုက်နာ ကျင့်သုံးရမည့် အတိုင်းအတာနှင့် သတ်မှတ်ချက်များ၊ လုပ်ငန်းခွင်မတော်တဆဖြစ်မှုများနှင့် နာမကျန်းဖြစ်မှုများကို ကြိုတင် ကာကွယ်ရာတွင် ထိရောက်မှု အနေအထားကို သိရှိနိုင်ခြင်း မရှိသည့်အပြင် စီမံကိန်းလုပ်ငန်း နှင့် ငွေကြေးစိုက်ထူသည့်အစီအစဉ် အမျိုးအစားအပေါ် မူတည်၍ ကွဲပြားခြားနားဖွယ် ရှိပါသည်။

စီမံကိန်းလုပ်ငန်းတင်ဒါခေါ်ယူမှုနှင့် ပစ္စည်းဝယ်ယူ လုပ်ငန်းစဉ်တွင် OSH သတ်မှတ်ချက်များကို ပါဝင်ထည့်သွင်းနိုင်ခြင်း နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတစ်ဝန်းလုံးတွင် လက်ရှိ ကျင့်သုံးလျက်ရှိသည့် အလေ့အထများကို ထပ်မံသိရှိ နားလည်ထားရန် လိုအပ်နေပါသေးသည်။ နိုင်ငံတကာမှ စံနမူနာများနှင့် မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေသည့် အလေ့အထ များကို သိရှိနားလည်ခြင်းဖြင့် စီမံကိန်းတင်ဒါခေါ်ယူရေးလုပ်ငန်းစဉ်တွင် OSH ဆိုင်ရာ ဆွဲဆောင်မှု မက်လုံး အစီအစဉ်များကို ထည့်သွင်းရေးဆွဲနိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးနိုင်ပါလိမ့်မည်။ ဥပမာအားဖြင့် စင်ကာပူနိုင်ငံ အစိုးရ တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ် တွင် ဝင်ရောက်ယှဉ်ပြိုင်သည့်ကုမ္ပဏီများအတွက် OSH သတ်မှတ်ချက်ဆိုင်ရာ “ရမှတ်” စနစ်တစ်ရပ် ထည့်သွင်းထား၍ ဆိုးရွား ညံ့ဖျင်းသည့် OSH စီမံခန့်ခွဲမှုစနစ်ကြောင့် ရမှတ်ဆုံးရှုံးသည့် ကုမ္ပဏီများ၏ တင်ဒါဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ကို အချိန်ကာလ အတိုင်းအတာတစ်ခုအထိ ပိတ်ပင်ထားလေ့ ရှိပါ သည်။[၁၄၂]

စီမံကိန်းပုံစံရေးဆွဲမှုများကို စနစ်ကျကောင်းမွန်စွာ လုပ်ဆောင်ပါမူ တင်ဒါခေါ်ယူမှုလုပ်ငန်းစဉ်နှင့် (ESIAs) ဆိုင်ရာ နည်းဥပဒေ များသည် တာဝန်ယူမှုတာဝန်ခံမှုနှင့် စောင့်ကြည့်စစ်ဆေးမှု အစီအစဉ်များကို စီမံကိန်းအစီအစဉ် ရေးဆွဲမှုနှင့် လျာထားငွေ သတ်မှတ်မှုတို့၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်၍ OSH စီမံခန့်ခွဲမှု အလေ့အထကောင်းများကို တင်ဒါ ခေါ်ယူမှုလုပ်ငန်းစဉ်၏ “ယှဉ်ပြိုင် အသာစီးရယူနိုင်စွမ်း” အဖြစ် ထိရောက်စွာ အသွင်ပြောင်းစေခြင်းဖြင့် လုပ်ငန်းခွင်အတွင်း ကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်များအကြား OSH စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ ဟန်ချက်ညီချိတ်ဆက်ဆောင်ရွက်မှု နှင့် ရှေ့နောက်ညီညွတ်မှုတို့ ကင်းမဲ့သည့် အခြေအနေများကို ကောင်းစွာကိုင်တွယ်ဖြေရှင်းနိုင်ပါလိမ့်မည်။ အကဲဖြတ်သုံးသပ် မှုများနှင့် လုပ်ဆောင်ရန် အလားအလာရှိသည့် ရှေ့ပြေးစီမံကိန်းမှ ရရှိသည့် အတွေ့အကြုံ၊ သင်ခန်းစာများကို အခြေပြု၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ” တွင် သတ်မှတ်ပြဋ္ဌာန်း၊ လမ်းညွှန်ထားသည့် OSH အလေ့အထများအပေါ် တုန့်ပြန်ဝေဖန်ချက်ပေးနိုင်ပါလိမ့်မည်။ အဆိုပါစီမံကိန်းများတွင် ကျင့်သုံးလျက်ရှိသည့် OSH ဆိုင်ရာ အလေ့အထများသည် နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများ၊ လုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်စံများနှင့် ကိုက်ညီမှု ရှိစေရန်လည်း လိုအပ်ပါသည်။ DFI အစီအစဉ်များဖြင့် ဖော်ဆောင်သည့် စီမံကိန်းများတွင် တာဝန်ယူလုပ်ကိုင်နေသည့် ကုမ္ပဏီ များကျင့်သုံးနေသည့် OSH ဆိုင်ရာအလေ့အထများသည် ကန်ထရိုက်တာများ အသုံးပြုရန်အတွက်သာမက အောက်အဆင့်ဆင့် ရှိ တစ်ဆင့်ခံကန်ထရိုက်တာများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းပေးသွင်းသူများ၊ ပုတ်ပြတ်အလုပ်သမားများနှင့်လည်း အကျုံးဝင်သက်ဆိုင်သည့် အတွက် ၎င်းတို့ကိုလည်း စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပါသည်။

အစိုးရနှင့် ပုဂ္ဂလိက ကုမ္ပဏီများနှင့် အကျိုးတူလုပ်ငန်းစု များမှအသုံးပြုသည့် ပစ္စည်းဝန်ဆောင်မှု ဝယ်ယူရေး နည်းလမ်းများတွင် OSH စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ချက်များကို အသေးစိတ် စစ်ဆေးသုံးသပ်၍ ဈေးပြိုင် (တင်ဒါ) စနစ် ခေါ်ယူမှုလုပ်ငန်းစဉ်များ တစ်လျောက် ထည့်သွင်းစဉ်းစားရမည့် OSH ဆိုင်ရာလိုအပ်ချက်များ သတ်မှတ်အမှတ်ပေးအကဲဖြတ်ခြင်း (နည်းစနစ်ဆိုင်ရာ

[၁၄၂] OSH Stakeholder Event(၂၀၁၉)

နှင့် ငွေကြေးဆိုင်ရာ)၊ OSH စီမံခန့်ခွဲမှုစနစ် နှင့် အလေ့အထများ ဖွံ့ဖြိုးတိုးတက်လာစေရန် အကြံပြုထောက်ပြခြင်းများ ပြုလုပ်နိုင်ပါသည်။ အစိုးရဦးစီးဌာနများနှင့် အဖွဲ့အစည်းများ အနေဖြင့် OSH စီမံခန့်ခွဲမှု အလေ့အထကောင်းများ မှတ်ကျောက်တင်စိုက်ထူရာနှင့် ဌာနအသီးသီးနှင့် အဖွဲ့အစည်းများအကြား ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်ရာတွင် ဤနည်းလမ်းသည် အထူးအသုံးဝင်နိုင်ပါလိမ့်မည်။

၂။ ပြည်တွင်းနှင့်ပြည်ပ OSH ကျွမ်းကျင်သူများအကြား အသိအမြင်ဖလှယ်မှုများ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်တွင်း OSH အရာရှိများ၏ စွမ်းရည်ကို အားကောင်းခိုင်မာလာစေရန်

FDI အချို့ နှင့် DFI ငွေကြေးမတည်မှု အစီအစဉ် စီမံကိန်းများမှ မျှော်လင့်သတ်မှတ်ထားသည့် OSH ဆိုင်ရာစံချိန်စံညွှန်းများကို ဖော်ဆောင်နိုင်သည့် အရည်အသွေးပြည့် Safety ဝန်ထမ်း များနှင့် မန်နေဂျာများအား မြန်မာနိုင်ငံတွင် အကန့်အသတ်ဖြင့်သာ ရရှိနိုင်သည့် အခြေအနေများကြောင့် ကုမ္ပဏီ အများအပြားအနေဖြင့် OSH အရာရှိများကို နိုင်ငံရပ်ခြားမှသာ အလျင်စလို ရှာဖွေခန့်ထားလေ့ရှိပါသည်။ နိုင်ငံခြား Safety အရာရှိများနှင့် ပြည်တွင်း Safety အရာရှိများအကြား OSH ဆိုင်ရာ အသိအမြင်၊ ကျွမ်းကျင်မှုကွာဟချက် မဆိုစလောက်သာရှိသည့်တိုင် နိုင်ငံတကာကျွမ်းကျင်သူများနှင့် အတူတကွ လုပ်ကိုင်ရခြင်းက ၎င်းတို့၏ အတတ်ပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကောင်းသောလက္ခဏာ ယူဆောင်လာကြောင်း ဆွေးနွေးမေးမြန်းရာတွင် ပါဝင်သည့် သက်ဆိုင်သူများက အသိအမှတ်ပြု ဆွေးနွေးဖြေကြားခဲ့ကြပါသည်။ ပြည်တွင်း OSH ဝန်ထမ်းများအား နိုင်ငံခြား ကျွမ်းကျင်ပညာရှင်များနှင့် ထိတွေ့လုပ်ကိုင်ခွင့်စနစ်များကို စီစဉ်ဖန်တီးပေးခြင်းဖြင့် ၎င်းတို့၏ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများအား ကြီးထွားမြင့်တက်လာစေပြီး အဆိုပါပြည်တွင်းကျွမ်းကျင်မှု ကွန်ယက်မှတစ်ဆင့် ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍအတွင်း OSH ယဉ်ကျေးမှု အလေ့အထများ တည်ဆောက်နိုင်ပါလိမ့်မည်။ ထို့ကြောင့် ခရီးသွားလာခွင့်ကန့်သတ်မှုများ ရုတ်သိမ်းသည့်အခါ နိုင်ငံခြားကျွမ်းကျင်သူများအပေါ် ဆက်လက် အမှီပြုနေခြင်းထက် ပြည်တွင်း OSH အရာရှိများ၏ အသိပညာကို မြှင့်တင်ပေး၍ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုတို့ကို ၎င်းတို့ထံစီးဆင်းစေရန် ပိုမိုအလေးထား လုပ်ဆောင်သင့်ပါသည်။

ဖော်ပြပါ ပါဝင်ဆောင်ရွက်မှုနည်းလမ်းပုံစံအရ လုပ်ငန်းစဉ်အချို့ကို ဆောင်ရွက်နိုင်ပါသည်။

- OSH ဆိုင်ရာအလေ့အထကောင်းများမျှဝေနိုင်သည့် ဦးဆောင် (ရှေ့ဆောင်လမ်းပြ/ချန်ပီယံ) ကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ရပါမည်။ OSH ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများကို အလုပ်ရုံဆွေးနွေးပွဲများ၊ လုပ်ငန်းခွင်လှည့်လည်မှုများ၊ လုပ်ငန်းကဏ္ဍအတွင်းရှိ အခြားသူများနှင့် အသိအမြင်ဖလှယ်သည့် အစီအစဉ်များတွင် မျှဝေနိုင်ပါသည်။ ကော်ပိုရိတ်လုပ်ငန်းစုယဉ်ကျေးမှု အလေ့အထများသည် ခေါင်းဆောင်မှု ပုံစံများအပေါ်တွင် တည်မှီနေပါသည်။ နိုင်ငံရပ်ခြား OSH အတွေ့အကြုံများရှိသည့် ဦးဆောင် ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လက်တွဲလုပ်ကိုင်ရခြင်းက မြန်မာကုမ္ပဏီများအတွက် OSH ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ အစပြုဆောင်ရွက်နိုင်မည့် စမှတ်တစ်ခု ဖြစ်လာပါလိမ့်မည်။
- မြန်မာနိုင်ငံတွင်းရှိကုမ္ပဏီ (သို့) စီမံကိန်းအချို့တွင် နိုင်ငံခြား OSH အရာရှိများနှင့် ပြည်တွင်း OSH ဝန်ထမ်းများ ပူးတွဲအလုပ်လုပ်ကိုင်နိုင်မည့် အလုပ်သင်အခွင့်အလမ်းများကို ရှာဖွေရပါမည်။ ထို့အပြင် နိုင်ငံရပ်ခြားအလုပ်သင်အစီအစဉ်ကဲ့သို့သော နိုင်ငံတကာ အတွေ့အကြုံရမည့် အခွင့်အလမ်းများကို နိုင်ငံတကာလုပ်ငန်းများထံမှ ရယူနိုင်ပါသည်။
- ဥပဒေကြောင်းရာမူဘောင်ချမှတ်ရေးလေ့ကျင့်သင်ကြားမှု စည်းမျဉ်းစည်းကမ်းများ ကင်းမဲ့နေသေးသည့် အခြေအနေတွင် OSH အကြံပေးများထံမှရရှိသည့် OSH နည်းစနစ်များ၊ အချက်အလက်များကို အသုံးပြု၍ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍအတွင်း OSH လေ့ကျင့်သင်ကြားရေးအစီအစဉ်များ ပေါ်ထွန်းလာစေရန် အားကောင်းမောင်းသန်ချဉ်းကပ်ဆောင်ရွက်မှုကို ပြည်တွင်း OSH လေ့ကျင့်သင်ကြား ပေးသူများနှင့် လေ့ကျင့်သင်ကြားရေး အဖွဲ့အစည်းများ မှတစ်ဆင့် အချိတ်အဆက်မိမိ ဖြန့်ဖြူးဆောင်ရွက်ရပါမည်။
- ကုန်ကျစရိတ်များပြားမှုကြောင့် ပြည်တွင်း OSH အရာရှိအနည်းငယ်မျှကိုသာ အကျိုးကျေးဇူး ဖြစ်ထွန်း စေသည့်တိုင် နိုင်ငံရပ်ခြား လေ့ကျင့်သင်ကြားရေးအစီအစဉ်များကို ရှာဖွေဖော်ထုတ်၍ စီစဉ်ပံ့ပိုးပေးရပါမည်။[၁၄၃, ၁၄၄, ၁၄၅]

---

[၁၄၃] ONEBOSH (n.d.) လွယ်ကူရှင်းလင်းစွာပြုလုပ်ထားသည့် (Safety) အစီအစဉ် https://www.nebosh.org.uk/qualifications/safety-simplified/

[၁၄၄] NBOSH (n.d.) "နိုင်ငံတကာ အသိအမှတ်ပြု အထွေထွေ OSH လက်မှတ်" https://www.nebosh.org.uk/qualifications/international-general-certificate/

[၁၄၅] IOSH (n.d.) OSH "လေ့ကျင့်ရေးသင်တန်းများ" က ရွေးချယ်ခွင့်နမူနာအချို့ကို ပြသနေပါသည်။ https://iosh.com/training-and-skills/iosh-training-courses/

- အလုပ်သမားရေးရာ ဥပဒေစည်းမျဉ်းစည်းကမ်းများ၊ အလုပ်အကိုင်နှင့် လေ့ကျင့်သင်ကြားရေး အခွင့်အလမ်းများ၊ တီထွင်ဆန်းသစ်မှုများနှင့် အခြားဆက်စပ်နေသည့် အကြောင်းအရာများ စသည်တို့နှင့် စပ်လျဉ်းသည့် နောက်ဆုံးရ သတင်းအချက်အလက်များကို ဖလှယ်နိုင်ရန်အတွက် အလုပ်ရှင်အဖွဲ့အစည်း များရှိ OSH အရာရှိများနှင့် ချိတ်ဆက် ဆောင်ရွက်မှု ကွန်ယက် တည်ဆောက်ရပါမည်။

၃။ OSH ကော်မတီအဖွဲ့ဝင် များအား လေ့ကျင့်သင်ကြားပေးမှုများအပါအဝင် အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ OSH ဆိုင်ရာဝန်ဆောင်မှုများ ပံ့ပိုး၊ စောင့်ကြည့်စစ်ဆေးပေးနိုင်မည့် စွမ်းရည် အားကောင်း ခိုင်မာလာစေရန်

ဆွေးနွေးမှုများပြုလုပ်ရာ၌ ပါဝင်ခဲ့သည့် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများ၏ ပြောကြားမှုများအရ ၎င်းတို့တွင် မြန်မာနိုင်ငံဆောက်လုပ်ရေးကဏ္ဍ OSH စီမံခန့်ခွဲမှုစနစ်များ၊ အလေ့အထများ တိုးတက်ဖြစ်ထွန်းလာရေးအတွက် ပါဝင် ဆောင်ရွက်ရန်နှင့် ပံ့ပိုးကူညီပေးရန် တိကျပြတ်သားသည့် ကတိကဝတ်များ၊ စိတ်အားထက်သန်မှုများ ရှိနေကြောင်း အထင်အရှား တွေ့မြင်ခဲ့ရပါသည်။ MCEF၊ BWFM နှင့် CTUM တို့အကြား ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာတွင် အဆိုပါအချက်ကို အထင်အရှားတွေ့ရပြီး Vision Zero Fund မြန်မာအနေဖြင့်လည်း အဆိုပါလုပ်ငန်းစဉ်ဖော်ဆောင် နိုင်ရန်အတွက် ပံ့ပိုးကူညီ ပေးမည် ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်နှင့် မိတ်ဖက်လူမှုအဖွဲ့အစည်းများမှ ဦးဆောင်ပြုလုပ်ဆောင်နေသည့် ကနဦးခြေလှမ်း အစီအစဉ်များသည်လည်း ၎င်းတို့၏အဖွဲ့ဝင်များကို ပံ့ပိုးကူညီနိုင်ရန်အတွက်သာမက အဆိုပါအဖွဲ့အစည်းများ၏ OSH ဆိုင်ရာ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးနိုင်မည့်၊ လုပ်ငန်းတိုးတက်မှုများအား စောင့်ကြည့်စစ်ဆေးပေးနိုင်မည့်၊ မကြာမီ ပေါ်ပေါက်လာမည့် အမျိုးသား OSH ကောင်စီတွင် အထောက်အထားအခြေပြု OSH မူဝါဒများ ဆုံးဖြတ်ချမှတ်ရာ၌ ထိရောက်စွာ ဦးဆောင် ဦးရွက်ပြုနိုင်မည့် စွမ်းရည်များ အားကောင်းခိုင်မာလာစေရန်အတွက်ပါ ရည်ရွယ်လုပ်ဆောင်သင့်ပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့များအနေဖြင့် ၎င်းတို့၏ အဖွဲ့ဝင်များ (အထူးသဖြင့် လက်ရှိ OSH ကော်မတီဝင်များနှင့် ကော်မတီဝင်ဖြစ်လာမည့်သူများ) အား လေ့ကျင့်သင်ကြားပေးနိုင်မည့် သက်ဆိုင်ရာ OSH အသိအမြင် မြှင့်တင်ပေးရေးနှင့် လေ့ကျင့်သင်ကြားပေးရေး အစီအစဉ်များ ပိုမိုလိုအပ်လာပါသည်။ Vision Zero Fund မြန်မာ အနေဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ အမျိုးသား OSH သင်တန်းကျောင်းနှင့် အခြားနေရာများတွင် OSH သင်တန်းအစီအစဉ်များ စီစဉ်ပို့ချနိုင်စေရန်အတွက် ပံ့ပိုးကူညီသွားမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့် အနာဂတ်လုပ်ငန်းစဉ်များအတွက်လည်း ရှင်းလင်း ပြတ်သားသည့် လမ်းကြောင်းတစ်ရပ် ပုံဖော် နိုင်ပါလိမ့်မည်။ ထို့အပြင် မြန်မာနိုင်ငံ နောက်ခံအခင်းအကျင်း၊ ဘာသာစကားတို့နှင့် အံဝင်ခွင်ကျဖြစ်မည့် သက်ဆိုင်ရာ OSH အချက်အလက်များ ပံ့ပိုးစီစဉ်ပေးခြင်းမှတစ်ဆင့် OSH ဆိုင်ရာ အသိအမြင်မြှင့်တင်ရေး လှုပ်ရှားမှုများ ပေါ်ပေါက်လာစေရန်အတွက်လည်း ကူညီပေးသွားမည် ဖြစ်ပါသည်။

အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများတွင် OSH လုပ်ငန်းစဉ်များ စောင့်ကြည့်စစ်ဆေးရေး နှင့် စိစစ်အကဲ ဖြတ်ရေးစနစ်များ အားကောင်းခိုင်မာလာစေရန် ဦးတည်ဆောင်ရွက်သင့်ပါသည်။ OSH ကော်မတီဝင်များအား လေ့ကျင့်သင်ကြားပေးမှု အစီအစဉ်များတွင် ကော်မတီဖွဲ့စည်းရေးကို ပံ့ပိုးကူညီပေးသည့်အချက်များ၊ ကော်မတီလုပ်ငန်းစဉ် တိုးတက်မှုအခြေအနေနှင့် ဖြစ်ထွန်းအောင်မြင်မှုများကို စောင့်ကြည့်စစ်ဆေးသည့် နည်းလမ်းများ၊ လုပ်ငန်းခွင် OSH အခြေအနေများ တိုးတက်လာ စေရေးအတွက် နည်းပညာရပ်နှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ ထပ်မံလိုအပ်ချက်များအပေါ် အကြံပြုတင်ပြသည့် စနစ်များ စသည်တို့လည်း ထည့်သွင်းပါဝင်သင့်ပါသည်။ ဆောက်လုပ်ရေးစီမံကိန်းများ၏ လုပ်ငန်းသဘောများနှင့် တစ်ဆင့်ခံ ကန်ထရိုက်တာများ ၄ားရမ်းလုပ်ကိုင်ရသည့် အလေ့အထများက OSH ကော်မတီများ၏ ထိရောက်စွာလုပ်ဆောင်နိုင်မှုအပေါ် အဟန့်အတားဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် OSH ကော်မတီ၏ လုပ်ငန်းဆောင်တာများတွင် အလုပ်သမားများ ပူးပေါင်းပါဝင် လာနိုင်စေမည့် ထိရောက်သည့် စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်များ ပေါ်ပေါက်ကျင့်သုံးရန် အထူးလိုအပ်ပါသည်။

၄။ အလုပ်ရှင်နှင့် အလုပ်သမား အဖွဲ့အစည်းများ၏ OSH ဆိုင်ရာ အသိအမြင် မြှင့်တင်ပေးနိုင်မည့် လူမှုဖူလုံရေးထံ ချိတ်ဆက်ရယူအကောင်အထည် ဖော်ဆောင်နိုင်မည့် စွမ်းရည်များ အားကောင်း ခိုင်မာ လာစေရေးအတွက် နည်းစနစ် အကူအညီများ ပံ့ပိုးပေးရန်

OSH ဆိုင်ရာ လုပ်ငန်းစဉ်များမှာကဲ့သို့ပင် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများအနေဖြင့် လူမှုဖူလုံရေးအစီအစဉ်များ (အထူးသဖြင့် အလုပ်တွင်ထိခိုက်မှု အာမခံ – EII) နှင့်စပ်လျဉ်း၍ အလုပ်သမားများ၏ အသိအမြင် မြှင့်တင်ပေးရန် လက်လှမ်းမှီရယူပိုင်ခွင့်ရှိစေရန် လုပ်ဆောင်ပေးရမည့် (အထူးအရေးပါသည့်) လုပ်ငန်းတာဝန်တစ်ရပ်လည်း ရှိနေပါသေးသည်။ နိုင်ငံအတွင်း ပေါ်ပေါက်နေသော အကျပ်အတည်း အခြေအနေများကြောင့် Vision Zero Fund မြန်မာမှ တာဝန်ယူဆောင်ရွက်နေသည့် (EII) အစီအစဉ် တိုးချဲ့မြှင့်တင်ရေးအတွက် ပံ့ပိုးကူညီပေးနေသည့် လုပ်ငန်းစဉ်များ ရပ်တန့်သွားခဲ့ရပါသည်။[၁၄၆] သို့သော်လည်း (EII) အစီအစဉ်များအောက်တွင်အလုပ်သမားများ ကျယ်ပြန့်ထိရောက်စွာ လွှမ်းခြုံပါဝင်လာနိုင်ရေးအတွက် လူမှုမိတ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အဓိကနေရာတွင် ရှိနေပါသည်။ အလုပ်သမားများအပေါ် ပိုမိုကျယ်ပြန့်ထိရောက်စွာ လွှမ်းခြုံဆောင်ရွက်ပေးနိုင်မည့် လူမှုဖူလုံရေးအစီအစဉ်များ အားပေးမြှင့်တင်ဆောင်ရွက်မှုများသည် အခွင့်သင့်သည်နှင့်တစ်ပြိုင်နက် ဦးစားပေးနေရာတွင် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

၅.၃ ကာလရှည် ပါဝင်ဆောင်ရွက်မှုပုံစံများ

အောက်ဖော်ပြပါ ပါဝင်ဆောင်ရွက်မှုနည်းလမ်းပုံစံများသည် အရေးပါသော်လည်း လတ်တလော မြန်မာနိုင်ငံအကျပ်အတည်းများကဂင်းတို့၏ဖော်ဆောင်နိုင်စွမ်းကို (ကာလတိုအတွင်း) ခြိမ်းခြောက်နိုင်သည့်အတွက် ထိပ်တန်းဦးစားပေးနေရာတွင် သတ်မှတ်ထားခြင်းမရှိပါ။[၁၄၇]

၁။ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ OSH ဥပဒေထုတ်ပြန်ရေးနှင့်အကောင်အထည်ဖော်ဆောင်ရေးတို့တွင် သုံးပွင့်ဆိုင်အဖွဲ့အစည်းများ(ဥပမာအားဖြင့် အမျိုးသား OSH ကောင်စီ) အား နည်းပညာအကူအညီများ ပံ့ပိုးပေးရန်

OSH ဥပဒေ အပြီးသတ်ထုတ်ပြန်မှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းနည်းဥပဒေ သတ်မှတ်ရေးဆွဲဖော်ဆောင်လာခြင်းက ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အတွင်းရှိ အစိုးရနှင့် ပုဂ္ဂလိကတို့၏ အခန်းကဏ္ဍများကို ရှင်းလင်းတိကျစွာ သိရှိလာစေမည့် အခွင့်အလမ်းအချို့ သယ်ဆောင်လာနိုင်ပါသည်။

- စီမံကိန်းဖော်ဆောင်သူ၊ လုပ်ငန်းသဘောတူစာချုပ် စီစဉ်ကြီးကြပ်သူ နှင့် စည်းမျဉ်းစည်းကမ်း ချမှတ်သူ စသည့် အခန်းကဏ္ဍများတွင် အစိုးရဌာနများ၊ ဦးစီးဌာနများ ပါဝင်နေခြင်းက OSH ဆိုင်ရာရလာဒ်များအပေါ် တာဝန်ခံယူမှုကို တိုက်ရိုက် သက်ရောက်စေပါသည်။ ထို့ကြောင့် OSH ဆိုင်ရာ အားပေးမြှင့်တင်ရေးတာဝန်များ ကို MOLIP အပြင် အခြား သက်ဆိုင်သူများဖြစ်သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အလုပ်ရှင် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကနှင့် အစိုးရ OSH လေ့ကျင့်သင်ကြားပေးသူများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များမှ ပါဝင်ဖော်ဆောင်ရမည် ဖြစ်သော်လည်း OSH ဥပဒေစည်းကြပ်ဆောင်ရွက်သူ အခန်းကဏ္ဍတာဝန်သည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတစ်ခုတည်း၏ လုပ်ပိုင်ခွင့် အောက်တွင်သာ ရှင်းလင်းစွာ သတ်မှတ်ထားရှိသင့်ပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်များကို ပုံဖော်ရာတွင် အမျိုးသား OSH ကောင်စီက ထပ်မံအကူအညီပေးနိုင်ပါလိမ့်မည်။

---

[၁၄၆] ILO (၂၀၁၉) မြန်မာနိုင်ငံ ၊ အလုပ်တွင်ထိခိုက်မှု အာမခံအစီအစဉ် အားကောင်းခိုင်မာစေရေးအတွက် ILO မှ လူမှုဖူလုံရေးအဖွဲ့ကို ကူညီပံ့ပိုးလျက်ရှိပါသည်။ (ဇွန် ၁၉) www.ilo.org/global/topics/safety-and-health-at-work/home/WCMS_711121/lang--en/index.htm

[၁၄၇] ဤအစီရင်ခံစာ ရေးသားနေချိန်တွင် သုံးပွင့်ဆိုင် ဆွေးနွေးပွဲများ ရပ်တန့်လျက်ရှိ၍ လူမှုမိတ်ဖက်အဖွဲ့များ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နိုင်စွမ်း သည်လည်း အကျပ်အတည်းမဖြစ်မီကာလထက် နိမ့်ကျနေသည့်အပြင် ကိုဗစ် (၁၉) ထိန်းချုပ်ရေးနှင့် ကြုံတင်ကာကွယ်ရေး ဦးစားပေးအစီအစဉ်များကလည်း ဆွေးနွေးတိုင်ပင်မှုများကို အဟန့်အတားဖြစ်စေကာ သုံးပွင့်ဆိုင်အဖွဲ့၏ OSH လုပ်ငန်းစဉ် များကိုလည်း ပိတ်ပင်တားဆီးထားပါသည်။

- အစိုးရအနေဖြင့် နမူနာကောင်းတစ်ရပ်ကို ရှေ့ဆောင်လမ်းပြ လုပ်ဆောင်ပြသင့်ပါသည်။ အစိုးရဌာနများ၏ ကိုယ်ပိုင်စီမံကိန်းများတွင် OSH စီမံခန့်ခွဲမှုစနစ်အတွက် အစီအစဉ်ချမှတ်ခြင်း (သို့) လျာထားငွေသတ်မှတ်ချထားမှု ကင်းမဲ့ခြင်းများက မြန်မာကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းစုများ၊ နိုင်ငံခြားကုမ္ပဏီများအား OSH လုပ်ငန်းစဉ်များတွင် ၎င်းတို့၏ ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုများ အတွက်သာမက အစိုးရအဖွဲ့အစည်းများနှင့် မိတ်ဖက် လုပ်ဆောင်မှုမှ ရရှိလာမည့် ၎င်းတို့၏ နာမည်ဂုဏ်သတင်း ပျက်ယွင်းနိုင်ချေများအတွက်ပါ သိသာထင်ရှားသည့် စိတ်ပျက်အားလျော့ဖွယ် အနေအထားတစ်ရပ် ဖြစ်နေပါသည်။ ထို့ကြောင့် ဆောက်လုပ်ရေးကဏ္ဍ စည်းမျဉ်းဥပဒေများတွင် အစိုးရနှင့် သက်ဆိုင်အကျုံးဝင်သည့် OSH ဆိုင်ရာ သတ်မှတ်ချက်များ၊ စစ်ဆေးကြီးကြပ်မှုများ၊ တာဝန်ဝတ္တရားများကို ရှင်းလင်းစွာ သတ်မှတ်ဖော်ပြထားသင့်ပါသည်။
- မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ၊ အခန်း (၇) တွင် ဆောက်လုပ်ရေး ကဏ္ဍနှင့် သက်ဆိုင်သည့် OSH စံချိန်စံညွှန်းသတ်မှတ်ချက်များ ဖော်ပြထားသော်လည်း လုံလောက်စွာ လွှမ်းခြုံနိုင်ခြင်းမရှိသေးသည်ကို တွေ့ရှိရပါသည်။ OSH ဥပဒေနှင့် MNBC တို့အကြား ဟန်ချက်ညီချိတ်ဆက်မှုနှင့် အပြန်အလှန်ဖြည့်စွက်မှုတို့ထပ်မံ လုပ်ဆောင်ရန် လိုအပ်နေပါသေးသည်။ အမျိုးသား OSH ကောင်စီသည် အဆိုပါချိတ်ဆက်မှုများကို ဦးဆောင်ပေးနိုင်သည့် နေရာတစ်ခု ဖြစ်လာနိုင်ပါသည်။
- OSH ဥပဒေနှင့်သက်ဆိုင် အကျုံးဝင်သည့် လုပ်ငန်းစဉ်သတ်မှတ်ချက်နှင့် ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြုစုရန် ဈေးကွက်ဖော်ဆောင်သူများနှင့် သက်ဆိုင်သူများက မေတ္တာရပ်ခံတောင်းဆိုထားပြီး ဖြစ်ပါသည်။
- စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်ပြည့်မီစေရေးမဟာဗျူဟာ အစီအစဉ်[၁၄၀] (Strategic Compliance Planning) သည် ဆောက်လုပ်ရေးကဏ္ဍ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်မှု မဟာဗျူဟာများ ချမှတ်ရန်အတွက် သုံးပွင့်ဆိုင်အဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုကို ရယူရာတွင် နည်းလမ်းတစ်ခုအဖြစ် အသုံးပြုနိုင်သည့်အပြင် OSH ဥပဒေကို လက်တွေ့ကျင့်သုံးဖော်ဆောင်ရာတွင်လည်း ထိရောက်ကောင်းမွန်သည့် စမှတ်တစ်ခုအဖြစ် ပံ့ပိုးပေးနိုင်ပါသည်။ ၂၀၂၀ ခုနှစ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနတို့နှင့် ပြုလုပ်ခဲ့သော ဆွေးနွေးမှုများမှ ပေါ်ထွက်လာသည့် အကြံဉာဏ်များကို အခြေခံ၍ လူမှုမိတ်ဖက်အဖွဲ့များနှင့် ထပ်မံဆွေးနွေးမှုများ ပြုလုပ်ရပါမည်ဖြစ်ပါသည်။

---

[၁၄၀] ILO (၂၀၂၀) မြန်မာနိုင်ငံ OSH စနစ် ၊ အလေ့အထများ တိုးတက်ဖွံ့ဖြိုးရန်အတွက် အစိုးရကြီးကြပ်စစ်ဆေးရေးမူများဆိုင်ရာ "စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက် ပြည့်မီစေရေး မဟာဗျူဟာ အစီအစဉ်" အလုပ်ရုံဆွေးနွေးပွဲကို Vision Zero Fund မြန်မာမှ ဦးဆောင်ပံ့ပိုးစီစဉ်ပေးပါသည်။ (ဖေဖော်ဝါရီ ၁၃) https://www.ilo.org/yangon/press/WCMS_736437/lang--en/index.htm

▶ ရည်ညွှန်းကိုးကားသည့် စာအုပ်စာတမ်းများ

- အာရှဖွံ့ဖြိုးရေးဘဏ် (၂၀၁၉)၊ “ရန်ကုန်တန်ဖိုးသင့်အိမ်ရာစီမံကိန်း ငွေကြေးမတည်မှု” အစီရင်ခံ
- ADB Data Library (၂၀၁၈) “ချေးငွေ၊ ထောက်ပံ့ငွေနှင့် နည်းပညာအကူအညီ ကတိကဝတ်များ” ဒီဇင်ဘာ https://data.adb.org/dataset/cumulative-lending-grant-and-technical-assistance-commitments
- Arnold, M၊ Kempel၊ ရဲသူအောင် နှင့် ကြည်ပြာချစ်စောတို့ရေးသားသည့် “မြန်မာနိုင်ငံ မြူနီစပယ်အုပ်ချုပ်မှု”၊ “စည်ပင်သာယာရေးအဖွဲ့ အစည်းများဆိုင်ရာ လွှမ်းခြုံဖော်ပြချက်” ၂၀၁၅၊ ဆွေးနွေးမှုစာတမ်းအမှတ် MDRI၊ CESD နှင့် အာရှဖောင်ဒေးရှင်း
- ASD အစီရင်ခံစာများ (၂၀၂၁) “မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ ၂၀၂၅ ဇွန်လ ၇ ထိတိုင် အဓိကလမ်းကြောင်းများနှင့် အခွင့်အလမ်းများ” https://www.asdreports.com/market-research-report-585698/construction-myanmar-key-trends-opportunities-h
- မြန်မာနိုင်ငံ ထိပ်တန်း စီမံကိန်းဖော်ဆောင်သည့် ကုမ္ပဏီကြီး ၉ ခု “လမ်းညွှန်ချက်အပြည့်အစုံ” ၂၀၁၈ ဇူလိုင် ၃၀ https://www.asiapropertyhq.com/myanmar-property-developers/
- “ပိုးလမ်းမ စီမံကိန်း”. https://www.beltroad-initiative.com/belt-and-road/
- ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း ၏ “မြန်မာနိုင်ငံဆိုင်ရာ လုပ်ခလစာ စစ်တမ်း” (၂၀၁၉)၊ ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း
- ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း ၏ “မြန်မာနိုင်ငံဆိုင်ရာ လုပ်ခလစာ စစ်တမ်း” (၂၀၂၀)၊ ပြင်သစ် – မြန်မာ ကုန်သည်ကြီးများအသင်း
- “မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့ (၂၀၁၈)၊ မြန်မာနိုင်ငံစာရင်းအင်း အနှစ်ချုပ်” https://seadelt.net/Asset/Source/Document_ID-453_No-01.pdf
- “ဝါးငြမ်းတည်ဆောက်မှုဆိုင်ရာ သဘောတူညီမှုများ” ၂၀၁၆ မတ်လ ၂. https://www.theloophk.com/hong-kong-history-culture-guide-whats-the-deal-with-bamboo-scaffolding/
- “ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဘဏ်” https://chid.com.mm/.
- “မြန်မာ-တရုတ်ရေနံနှင့်ဓါတ်ငွေ့ပိုက်လိုင်းများအကြောင်း”. https://www.cnpc.com.cn/en/myanmarcsr/201407/f115a1cc6cdb4700b55def91a0d11d03/files/dec09c5452ec4d2ba36ee33a8efd4314.pdfn.d.
  “ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဘဏ်” https://chid.com.mm/.
- “စီမံကိန်းစာရင်း၊ အထပ်မြင့်အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းများအတွက် အရည်အသွေး ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ” www.cqhp.org/project-list/page/2/
- “လူဦးရေ ရွှေ့လျားပြောင်းလဲမှုများ” – “မြန်မာနိုင်ငံအကြောင်း တစ်စေ့တစ်စောင်း” https://population.un.org/wup/Country-Profiles/
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန – “ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ (၂၀၁၂)” https://www.dica.gov.mm/en/roles-and-responsibilities
- “မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ မူကြမ်း (၂၀၁၆) (တရားဝင် ဘာသာပြန်ဆိုမှု မပြုလုပ်ရသေး)” https://www.dica.gov.mm/sites/dica.gov.mm/files/document-files/unofficial_translation_mil_20161019-e.pdf
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ “မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကုန်ကျစရိတ်” မြန်မာနိုင်ငံဆိုင်ရာ စစ်တမ်း အစီရင်ခံစာ (၂၀၁၈ ဇူလိုင်)
- ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ “ပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာ လုပ်ထုံးလုပ်နည်း” (မတ်လ) https://www.dica.gov.mm/en/environmental-regulation

- "အထူးစီးပွားရေးဇုန်များ" https://www.dica.gov.mm/en/special-economic-zones
- "လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ" http://doph.gov.mm/Main/content/post/occupation-and-environmnetal-health
- "အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု PPs ပုံစံများ" GS Articles, ဒီဇင်ဘာ https://edenias.com/blog/gs-articles/public-private-partnership-models-(ppp-models)-gs-articles
- Gelb, S., Calabrese, L. and Tang, X. (2017) "နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံ စီးပွားရေးအသွင်ကူးပြောင်းမှု" လန်ဒန် ODI.
- ICJ (၂၀၁၇) "မြန်မာနိုင်ငံရှိအထူးစီးပွားရေးဇုံများနှင့် လူ့အခွင့်အရေးအားအကာအကွယ်ပေးရန် နိုင်ငံတော်အစိုးရ၏ တာဝန်ဆိုင်ရာ အစီရင်ခံစာ"
- IFC (၂၀၁၈) ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက် ၊ ကုမ္ပဏီများအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့လျော့ချရေး နည်းစနစ် များကိုအသုံးပြု၍ ရာသီဥတုပြောင်းလဲမှုရိုက်ခတ်နိုင်ချေကို ကိုင်တွယ်ဖြေရှင်းရန်နှင့် အခွင့်အလမ်းအလမ်းသစ်များ ရှာဖွေတွေ့ရှိ ရန် ဆောင်ရွက်မှုနည်းလမ်းများ ၊ ဝါရှင်တန် ဒီစီ (၂၀၁၈)
- IFC (၂၀၁၉) "မြန်မာနိုင်ငံရေအားလျှပ်စစ်စီမံကိန်းများဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးအရထိခိုက်မှု ဆန်းစစ်ခြင်း လမ်းညွှန်ချက် များ" ဝါရှင်တန် ဒီစီ
- ILO (၁၉၉၂) "ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ (ILO) လုပ်ငန်းစဉ် သတ်မှတ်ချက်" ဂျီနီဗာ
- ILO (၂၀၀၁) "လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ လမ်းညွှန်ချက်များ" ILO-OSH ၂၀၀၁၊ ဂျီနီဗာ
- ILO (၂၀၁၃) "(ILO) ၏ ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်အမှတ်ပေးမှု များ (၂၀၁၃) တွင် အကျယ်ကို ကြည့်ပါ) လုပ်ငန်းအငယ်စားများနှင့် အလတ်စားများဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုနှင့် စီမံထိန်းချုပ်မှု လေ့ကျင့်သင်ကြားရေး အစီအစဉ်" ဂျီနီဗာ
- ILO (၂၀၁၄) "အလုပ်ရှင်များ ၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ လုပ်ငန်းခွင် ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုပြုလုပ်ဆောင်ရွက်ရာတွင် အသုံးပြုရမည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ် ILO ၏ အဆင့် ၅ ဆင့် လမ်းညွှန်
- ILO (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ အလုပ်သမားရေးရာစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်ခြင်း" ၂၀၁၇၊ အလုပ်သမားရေးရာ စစ်ဆေးရေးမှူးဆိုင်ရာ လမ်းညွှန်ချက်၊ ဂျီနီဗာ
- ILO (၂၀၁၇) "မြန်မာနိုင်ငံ အလုပ်သမားဥပဒေဆိုင်ရာ ILO လမ်းညွှန်ချက်များ" ရန်ကုန်
- ILO (၂၀၁၇) "ဘေးအန္တရာယ်ကင်းရှင်းကျန်းမာသည့် လုပ်ငန်းခွင်ဘဝကို ဖော်ဆောင်ပေးမည့် သင့်လျော်မှန်ကန်သည့် ပတ်ဝန်းကျင်"၊ "ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် မကွေးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးများရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ လူငယ်အလုပ်သမားများ၏ အသိအမြင်ဗဟုသုတ၊ စိတ်ထားခံယူချက်နှင့် အပြုအမူများ" အစီရင်ခံစာ
- ILO (၂၀၁၈) "ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက် အဖြစ်ချိတ်ဆက်လုပ်ကိုင်ရာတွင် တွေ့ကြုံရသည့် မြန်မာနိုင်ငံ ဂျင်းစိုက်ပျိုး ထုတ်လုပ်ရေး လုပ်ငန်းကဏ္ဍ OSH စီမံခန့်ခွဲမှုစနစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တွန်းအားများနှင့် အကန့်အသတ်များ"
- ILO (၂၀၁၈) ကမ္ဘာလုံးဆိုင်ရာ တန်ဖိုးအားကွင်းဆက်မြှင့်တင်ရေး အစပြုသည့် နည်းစနစ်အစု ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး နှင့် ကျန်းမာရေးဖော်ဆောင်သူများဆိုင်ရာ လမ်းညွှန်ချက်များ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်၊ ဂျီနီဗာ (၂၀၁၈)
- ILO (၂၀၁၉) "မြန်မာနိုင်ငံ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု အာမခံစနစ်အစီအစဉ် အားကောင်းခိုင်မာစေရေးအတွက် ILO မှ လူမှု ဖူလုံရေးအဖွဲ့ (SSB) ကို ကူညီပံ့ပိုးလျက်ရှိပါသည်။" ဇွန် ၁၉ www.ilo.org/global/topics/safety-and-health-at-work/home/WCMS_711121/lang--en/index.htm
- ILO (၂၀၁၉) "မြန်မာနိုင်ငံ အမျိုးသား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးမှတ်တမ်း (၂၀၁၈) အစီရင်ခံစာ"

- ILO (၂၀၂၀) “မြန်မာနိုင်ငံ OSH စနစ် ၊ အလေ့အထများ တိုးတက်ဖွံ့ဖြိုးရန်အတွက် အစိုးရကြီးကြပ်စစ်ဆေးရေးမှူများဆိုင်ရာ “စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက် ပြည့်မီစေရေး မဟာဗျူဟာ အစီအစဉ်“အလုပ်ရုံဆွေးနွေးပွဲကို Vision Zero Fund မြန်မာ အဖွဲ့မှ ဦးဆောင် ပံ့ပိုးစီစဉ်ပေးပါသည်။” ဖေဖော်ဝါရီ ၁၃ https://www.ilo.org/yangon/press/WCMS_736437/lang--en/index.htm
- ILO (၂၀၂၁) “ဆောက်လုပ်ရေးလုပ်ငန်းအငယ်များနှင့် အလတ်များဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ဖြစ်နိုင်ချေ အကဲဖြတ်ဆန်းစစ်မှုနှင့် စီမံထိန်းချုပ်မှု အသိအမြင်မြှင့်တင်ရေး အစီအစဉ်၊ ပါဝင်တက်ရောက်သူများအတွက် လက်စွဲစာအုပ်”
- မေ ၁၇ https://www.ilo.org/global/docs/WCMS_792038/lang--en/index.htm
- ILO (၂၀၂၁) “အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံ အလုပ်အကိုင်အခြေအနေအပေါ် ရုတ်ချည်းသက်ရောက်မှု ဆန်းစစ်ချက်”၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ချုပ်၊ ဂျီနီဗာ
- ILO (n.d.) “C167 – လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေးဆိုင်ရာ ညီလာခံသဘောတူညီချက်” (၁၉၈၈) ၁၆၇ အမှတ်
- IOM (၂၀၂၁) “မြန်မာရွှေ့ပြောင်းသွားလာမှုအား စောင့်ကြည့် ဆန်းစစ်ခြင်း ဌာနတွင်းပုံနှိပ်ထုတ်ဝေမှု”
- “IOSH လေ့ကျင့်သင်ကြားရေး သင်တန်းများ”.https://iosh.com/training-and-skills/iosh-training-courses/
- JICA (n.d.) “ODA ချေးငွေ စီမံကိန်းဆိုင်ရာ အချက်အလက်များ”. https://www2.jica.go.jp/en/yen_loan/index.php/module/search?anken_name=&area1=0&area2=0&area3=0&country1=91&country2=0&country3=0&section1=1&section2=2&section3=3&industry1=0&industry2=0&industry3=0&chotatsu_kubun=0&from_year=&to_year=&currency=jpy&submit
- JICA, PricewaterhouseCoopers Co., Ltd. ၂၀၁၃ (JICA) နှင့် (PricewaterhouseCoopers Co.) (၂၀၁၃) အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအခြေအနေများအပေါ် အချက်အလက်စစ်တမ်းကောက်ယူခြင်း Kawase, K. (၂၀၂၁) “Peninsula Hotels စီးပွားရေးလုပ်ငန်းစုမှ ရန်ကုန်ရှိ ကန်ဒေါ်လာသန်း (၁၃၀) တန် စီမံကိန်းကို ဆိုင်းငံ့ထားသည်မှာ (၁) နှစ် ရှိပြီဖြစ်ပါသည်။ (NIKKEI Asia)”. မေ ၂၁ https://asia.nikkei.com/Spotlight/Myanmar-Crisis/Peninsula-Hotels-suspends-130m-Yangon-project-for-a-year
- Khandelwal, A. and Teachout, M. (၂၀၁၆) အထူးစီးပွားရေးဇုန်များ မြန်မာနိုင်ငံဆိုင်ရာ (IGC) အစီရင်ခံစာ IGC Report.
- Koty, A.C. (၂၀၁၆) “မြန်မာနိုင်ငံနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကို ခွဲခြမ်းစိတ်ဖြာ ၊ လေ့လာခြင်း”. ASEAN Briefing, နိုဝင်ဘာ ၄
- ကိုရီးယား မြန်မာစက်မှုဇုံ (၂၀၁၈) “မြန်မာဆောက်လုပ်ရေးဝန်ကြီးဌာနသည် ရန်ကုန်နှင့်မန္တလေးခြံ အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းလေးခု တည်ဆောက်ရန် ရှိကြောင်းကြေငြာခဲ့သည်” Government announces 4 mega-development projects – KMIC Korea-Myanmar Industrial Complex (mykmic.com)
- Kyaw Ye Lynn and Kean, T. (၂၀၂၀) “မြန်မာဆိုလာတင်ဒါများကိုတရုတ်ကုမ္ပဏီများကလွှမ်းမိုးထားခြင်း”. China Dialogue, စက်တင်ဘာ ၂၂ https://chinadialogue.net/en/energy/chinese-companies-dominate-myanmar-solar-tender/
- Lwin, S.S. and Edwards, K.A. (၂၀၂၁) မြန်မာ့စီးပွားရေး စောင့်ကြည့်လေ့လာမှု အစီရင်ခံစာ (ဇူလိုင် ၂၀၂၁)၊ ခြိမ်းခြောက်မှုအောက်မှ တိုးတက်မှုအခြေအနေ၊ စမ်းသပ်ထားပြီး ကြံ့ကြံ့ခံနိုင်မှုစွမ်းရည်၊ ဝါရှင်တန်ဒီစီ၊ ကမ္ဘာ့ဘဏ် (၂၀၂၁)
- Market Research.com. (၂၀၂၀) “မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ (၂၀၂၄ နိုဝင်ဘာ) ထိတိုင် အဓိကလမ်းကြောင်းများနှင့် အခွင့်အလမ်းများ” https://www.marketresearch.com/GlobalData-v3648/Construction-Myanmar-Key-Trends-Opportunities-13854988/
- “မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း (MCEF)”. http://mcef.org.mm/en/
- MEC (၂၀၁၉) “ကုမ္ပဏီ အကဲဖြတ်မှု လက်စွဲ ၊ ပေါင်းစည်းထားသော မူဝါဒ ၊ လုပ်ထုံးလုပ်နည်း နှင့် လမ်းညွှန်ချက်များ (မေလ)”
- “မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၏ရည်မှန်းချက်များ”. https://www.mes.org.mm/objective-fedmes

- "မြန်မာသတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ် (၂၀၁၉) စက်မှုနှင့်အထူးစီးပွားရေးဇုံများ အောက်တိုဘာ" https://themimu.info/sites/themimu.info/files/documents/Sector_Map_Industrial_and_Special_Economic_Zones_MIMU1676v01_01Oct2019_A4.pdf
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန "ကိုဗစ် (၁၉) ကြိုတင်ကာကွယ်ရေးနှင့် လျော့ပါးသက်သာရေးအတွက် လုပ်ငန်းခွင် ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ လမ်းညွှန်ချက်များ" https://www.mohs.gov.mm/Main/content/publication/oeh-covid-19
- မြန်မာနိုင်ငံအလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာန ၂၀၁၇-၂၀၁၄၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်ရာစာရင်း ရလာဒ်ဖော်ပြချက်"(ဒီဇင်ဘာ) www.dop.gov.mm/sites/dop.gov.mm/files/publication_docs/overview_and_results_of_the_2014_census.pdf
- MLR Legal & Tax (n.d.) "Resources: ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)". http://www.mlr.ltd/resources/myanmar-construction-law/yangon-city-development-committee-ycdc/
- Mokhtariani, M., Sebt, M.H. and Davoudpour, H. (၂၀၁၇) "ဆောက်လုပ်ရေးလုပ်ငန်း စျေးကွက်ဖော်ဆောင်ခြင်း၊ ရည်ညွှန်းကိုးကားရန်မူဘောင် ဖော်ထုတ်ပြုစုခြင်း" (၂၀၁၇) မှ စာရေးသူများ၏ မှီငြမ်းချက် "မြို့ပြ/ဆောက်လုပ်ရေး အင်ဂျင်နီယာ ကဏ္ဍအတွင်းရှိ တိုးတက်ဖြစ်ထွန်းမှုများ သြဂုတ် ၂၃"
- "မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း သီလဝါ (MITT)" http://www.mpa.gov.mm/facts-figures/myanmar-international-terminal-thilawa-mitt
- Myanmar Centre for Responsible Business (2016) မြန်မာနိုင်ငံ တာဝန်ယူမှု ၊တာဝန်ခံမှုရှိသည့် လုပ်ငန်းဌာန - ၂၀၁၆ ၊ "ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ထုံးလုပ်နည်းများ" https://www.myanmar-responsiblebusiness.org/resources/environmental-impact-assessment-procedures.html
- မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၀၈) "ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ (၂၀၀၈) မေလ"
- မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၆) "ဆိုင်များနှင့် အလုပ်ဌာနများ အက်ဥပဒေ" (၂၀၁၆)
- မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၂) ၊ "လူမှုဖူလုံရေးဥပဒေ" (၂၀၁၂)
- မြန်မာနိုင်ငံ ဥပဒေကြောင်းရာ သတင်းအချက်အလက်စနစ် (၂၀၁၄) ၊ "လူမှုဖူလုံရေးဥပဒေ" (၂၀၁၄)
- Myanmar National Portal မြန်မာနိုင်ငံ ဆောက်လုပ်ရေးဝန်ကြီးဌာန https://myanmar.gov.mm/en/ministry-of-construction
- Myanmar National Portal "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)" https://myanmar.gov.mm/en/yangon-city-development-council
- Myanmar Water Portal (၂၀၁၉) "ရန်ကုန်နှင့် မန္တလေးတွင် ဖော်ဆောင်လျက်ရှိသည့် ဧရာမမြို့ပြစီမံကိန်းကြီး ၄ ခု" https://www.myanmarwaterportal.com/news/1304-four-mega-urban-projects-under-implementation-in-yangon-and-mandalay.html
- NEBOSH (n.d.) "လွယ်ကူရှင်းလင်းစွာပြုလုပ်ထားသည့် (Safety) အစီအစဉ်" https://www.nebosh.org.uk/qualifications/safety-simplified/
- NBOSH (n.d.) နိုင်ငံတကာ အသိအမှတ်ပြု အထွေထွေ OSH လက်မှတ် https://www.nebosh.org.uk/qualifications/international-general-certificate/
- Nikkei Asia (၂၀၂၁) "မြန်မာစစ်တပ်အာဏာသိမ်းမှုသည် ကုမ္ပဏီများ၏ ၁၃ရာခိုင်နှုန်း အား ရပ်ဆိုင်းသွားစေခဲ့သည်။ စစ်တမ်းရလဒ်များအရ နိုင်ငံရေး အပြောင်းအလဲနှစ်လသည် ကူးစက်ရောဂါဖြစ်ပွားသော တနှစ်ကာလထက် ပိုမိုထိခိုက်သွားခဲ့သည်" (မေ ၇) https://asia.nikkei.com/Spotlight/Myanmar-Crisis/Myanmar-coup-forces-13-of-companies-to-halt-business-poll

- NIOSH (n.d.) ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍရှိ အလုပ်သမားများ အဆုတ်ကြွက်သားမျှင်များ မာကျောတောင်းတင်းသည့် ရောဂါ – Silicosis ရရှိမှုနှင့် သေဆုံးမှုတို့ကို ကြိုတင်ကာကွယ်ပေးခြင်း www.cdc.gov/niosh/docs/96-112/
- Nwal, S.S. and Panuwatwanich, K. (၂၀၁၈) "မြန်မာနိုင်ငံရှိလူမှုအဆောက်အဦ ပြဿနာများနှင့်ရှေ့ဆက်ရန်နည်းလမ်းများ"
- ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (၂၀၁၉)၊ "မြန်မာစစ်အုပ်စု၏ စီးပွားရေးအကျိုးအမြတ်များ"၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် ရှာဖွေ ရေး သီးခြားလွတ်လပ်သည့် နိုင်ငံတကာ မစ်ရှင်
- One Planet Network (၂၀၂၀) ဆောက်လုပ်ရေးကဏ္ဍ တန်ဖိုးအားကွင်းဆက်ဆိုင်ရာ လုပ်ငန်းစဉ်များကို အကဲဖြတ်သုံးသပ်ခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်းကဏ္ဍ တန်ဖိုးအားကွင်းဆက်ကို သိရှိနားလည်ခြင်းနှင့် ပဋိပက္ခဖြစ်ပေါ်ရာနေရာများကိုရှာဖွေဖော်ထုတ်ခြင်း" https://www.oneplanetnetwork.org/sites/default/files/value_chain_analysis_construction_-_draft_201210_-_for_inputs.pdf
- Oxfored Business Group (၂၀၁၄) "မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ"
- Oxford Business Group (၂၀၁၆) မြန်မာ့လူဦးရေမြင့်မားလာခြင်းကြောင့် ဖြစ်ပေါ်လာသော အိုးအိမ်လိုအပ်ချက်များ
- မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ (၂၀၁၆) https://oxfordbusinessgroup.com/analysis/affordable-housing-yangon%E2%80%99s-rapidly-growing-population-driving-demand-low-cost-housing
- Oxford Business Group (၂၀၁၇) "မြန်မာနိုင်ငံတွင် အကြီးစားအခြေခံအဆောက်အအုံ စီမံကိန်းများ စတင်" https://oxfordbusinessgroup.com/overview/taking-big-steps-large-scale-projects-aim-address-infrastructure-gap.
- Oxford Business Group (၂၀၂၀) မြန်မာနိုင်ငံ၏ အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ ကြီးထွားလာစေရေးကို အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်မှုက ထောက်မပေးနေပါသည်။ ၂၀၂၀ မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ၊ ဆောက်လုပ်ရေးနှင့် အိမ်ရာလုပ်ငန်းကဏ္ဍ အကြောင်းအရာ https://oxfordbusinessgroup.com/overview/concrete-foundation-mega-projects-and-infrastructure-development-support-growth
- Oxford Economics (၂၀၁၅) "ကမ္ဘာလုံးဆိုင်ရာအခြေခံအဆောက်အအုံများ – မြန်မာနိုင်ငံအကြောင်း" https://cdn.gihub.org/outlook/live/countrypages/GIH_Outlook+Flyer_Myanmar.pdf
- Pelton, L.E., Strutton, D. and Lumpkin, J.R. (၂၀၀၁) "ဈေးကွက်လမ်းကြောင်းများ-ချိတ်ဆက်စီမံဆောင်ရွက်မှု နည်းလမ်း" Edinburgh: Edinburgh Business School, Heriot-Watt University.
- Scanteam (၂၀၂၀) https://www.government.nl/documents/reports/2020/11/30/end-term-evaluation-of-the-strate "အထည်ချုပ်လုပ်ငန်းကဏ္ဍ ထုတ်လုပ်ဖြန့်ဖြူးရေးကွင်းဆက် အသွင်ကူးပြောင်းမှု (၂၀၁၆-၂၀၂၀)၊ ဗျူဟာမြောက် မိတ်ဖက်မှု၊ အဆုံးသတ် အကဲဖြတ် သုံးသပ်ချက် (နိဝင်ဘာ ၁၁)" gic-partnership-sp-for-garment-supply-chain-transformation-2016-2020
- SCM Legal (၂၀၁၉) "မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ မူကြမ်း-၂၀၁၆" တရားဝင် ဘာသာပြန်ဆိုမှု မပြုလုပ်ရသေး မတ်လ ၁၅ https://www.ilo.org/dyn/natlex/docs/ELECTRONIC/108180/133583/F-114180113/MMR108180%20Eng.pdf
- Shwe Taung Development Co. Ltd. (၂၀၂၀) "မြန်မာစစ်အုပ်စု၏ စီးပွားရေး အကျိုးအမြတ်များ"၊ ရွှေတောင်ကုမ္ပဏီလိမိတက် - ၂၀၂၀၊ ရွှေတောင်ကုမ္ပဏီ၏ တုန့်ပြန်ပြောဆိုချက် - ဖေဖော်ဝါရီ ၄ https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/LetterfromShweTaungGroupfeb2020.pdf
- Tessier, L. (၂၀၁၅) "မြန်မာနိုင်ငံ အလုပ်သမားဥပဒေကြောင်းရာမူဘောင် ပြုပြင်ပြောင်းလဲမှုအတွင်းရှိ လူမှုရေးအကာအကွယ်များ"
- နောက်ခံသုတေသန အနှစ်ချုပ်၊ ရန်ကုန် ILO.
- ဧရာဝတီ (၂၀၂၁) မြန်မာစစ်အာဏာသိမ်းမှုသည် ဆောက်လုပ်ရေးအလုပ်သမား ငါးသိန်းကျော်အား အလုက်လက်မဲ့ ဖြစ်စေခဲ့သည်" www.irrawaddy.com/news/burma/myanmar-coup-leaves-more-than-500000-construction-workers-redundant.html

- "ဂျကာတာပို့စ် ၂၀၂၁ "အာရှဖွံ့ဖြိုးရေးဘဏ် အေဒီဘီ သည် စစ်အာဏာသိမ်းပြီးနောက် မြန်မာနိုင်ငံရှိ စီမံကိန်းများအား ရန်ပုံငွေ အကူအညီပေးခြင်းကို ဆိုင်းငံ့ထားသည်" (မတ်လ ၁၁) www.thejakartapost.com/seasia/2021/03/11/adb-suspends-funding-for-projects-in-myanmar-after-military-coup.html
- "မြန်မာဆောက်လုပ်ရေးသမားများအတွက်လမ်းညွှန်, ဖွံ့ဖြိုးရေးသမားများ၏ လက်ရှိအခြေအနေ၊စီမံကိန်းများနှင့် တင်ဒါများ" https://www.buildersguide.com.mm/article/projects
- သီဟ (အကြံပေး-မြန်မာ) (၂၀၁၆) သည် ရန်ကုန်ဆောက်လုပ်ရေးကဏ္ဍ၏ အဆိုးဝါးဆုံး နှစ်ဖြစ်ကြောင်း အကဲခတ်လေ့လာသူများမှပြောဆိုလိုက်သည်" https://www.consult-myanmar.com/2016/ 12/09/analysts-say-2016-is-the-worst-year-for-rangoon-construction-sector/
- Tobita, R. (၂၀၂၁) ဂျပန်သည် မြန်မာနိုင်ငံဆိုင်ရာ ဖွံ့ဖြိုးရေး အကူအညီများအားလုံးကို ရပ်ဆိုင်းရန် အသင့်ရှိနေသည်"။ မိုတာဂီ – တရားဝင်ဖွံ့ဖြိုးရေး အထောက်အကူပေးရေး အဖွဲ့အနေဖြင့် စစ်ဘက်နှင့်ဆွေးနွေးရန် နည်းလမ်းရှာဖွေလျက်ရှိသည် (NIKKEI Asia). မေ ၂၁ https://asia.nikkei.com/Editor-s-Picks/Interview/Japan-ready-to-freeze-all-Myanmar-development-aid-Motegi
- "UMFCCI – ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်" https://www.umfcci.com.mm/index.php
- Wallace, R. and Robinson, G. (၂၀၂၁) "ငြိမ်သက်နေသော တရုတ်ကုမ္ပဏီများသည် မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်ရပ်များ ကြီးထွားလာခြင်း၏ ဆိုးကျိုးသက်ရောက်မှုကို တွက်ဆလျက်ရှိသည်။ ပစ်မှက်ထား၍ တိုက်ခိုက်မှုများဖြစ်ပေါ်လာခြင်းသည် ထိပ်ပိုင်းရင်းနှီးမြှုပ်နှံသူများအား အနာဂတ်စီးပွားရေးလုပ်ငန်းများအပေါ် ရင်းနှီးမြှုပ်နှံမှုပြုလုပ်သင့်မသင့် ချင့်ချိန်ဆုံးဖြတ်မှု ဖြစ်စေခဲ့သည်" https://asia.nikkei.com/Spotlight/Myanmar-Crisis/Silent-Chinese-companies-weigh-costs-of-Myanmar-s-growing-chaos
- Wong, S. (၂၀၁၉) "ဆောက်လုပ်ရေးစျေးကွက် နောက်ဆုံးအခြေအနေ" (၂၀၁၉) မြန်မာနိုင်ငံဆိုင်ရာအစီရင်ခံစာ" Rider Levett Bucknall, ဇွန် https://www.rlb.com/asia/insight/rlb-myanmar-construction-market-update-june-2019/
- ကမ္ဘာ့ဘဏ် (၂၀၁၂) ဆွေးနွေးညှိနှိုင်းမှုများ အနှစ်ချုပ်၊ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံ ကြားကာလမဟာဗျူဟာဆိုင်ရာ မှတ်ချက်မူကြမ်း ပြုစုနေပါသည်။ ဆွေးနွေးညှိနှိုင်းမှုဆိုင်ရာ မူကြမ်း။ ၂၀၁၂ (FY13–14)" (၂၀၁၃ – ၂၀၁၄ ဘဏ္ဍာရေးနှစ်).
- ကမ္ဘာ့ဘဏ် (၂၀၁၉) "မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးတိုးတက်လာခြင်း အားလုံးအတွက်အခွင့်အလမ်းများဖန်တီးခြင်း" ဝါရှင်တန်ဒီစီ
- ကမ္ဘာ့ဘဏ် (၂၀၂၀) "စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရလွယ်ကူမှုဆိုင်ရာ အစီရင်ခံစာ" ၊ ဝါရှင်တန်ဒီစီ
- ကမ္ဘာ့ဘဏ် (၂၀၂၀) "အများပြည်သူဆိုင်ရာ အသုံးစရိတ်နှင့် ဘဏ္ဍာရေးတာဝန်ခံမှုအား ဆန်းစစ်ချက် မြန်မာနိုင်ငံဆိုင်ရာ အစီရင်ခံစာ" (၂၀၂၀) ဝါရှင်တန် ဒီစီ ကမ္ဘာ့ဘဏ်
- "ရန်ကုန်မြို့တော် အဆောက်အအုံဆောက်လုပ်ခွင့် လျောက်ထားသည့်စနစ် (YBPS)" https://ybps.ycdc.gov.mm/index.php
- "ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ (YCDC)" https://www.ycdc.gov.mm/
- "မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ" ၊ "မြစ်ဆုံဆည်ကို ကျော်လွှန်၍" https://thediplomat.com/2020/07/chinese-investment-in-myanmar-beyond-myitsone-dam/

VISION ZERO FUND

ILO Liaison Office in Myanmar
No.1 (A), Kanbae (Thitsar) Road, Yankin Township, Yangon
Tel: +95 1 233 6538
yangon@ilo.org

International Labour Organization
Labour Administration, Labour Inspection
and Occupational Safety and Health Branch
(LABADMIN/OSH)

Route des Morillons 4
CH-1211 Geneva 22
Switzerland

ilo.org/vzf
vzf@ilo.org

Current and Past Donors

Federal Ministry for Labour and Social Affairs
Federal Ministry for Economic Cooperation and Development
This project is funded by the European Union
Liberté • Égalité • Fraternité
RÉPUBLIQUE FRANÇAISE
Norad
SIEMENS
Ingenuity for life
Sweden
Sverige
UKaid
from the British people

International Labour Organization | SAFETY + HEALTH FOR ALL

Vision Zero Fund is part of Safety & Health for All, an ILO flagship programme building a culture of safe, healthy work.